www.burmeseclassic.com

ဇင်းမယ်ပဏ္ဍာသလာ သုဓနုကုမာရဇာတ်ကို ပျို့လင်္ကာဖြင့်

မြန်မာဘာသာ ပြန်ဆိုသီကုံးရန် ဟံသာဝတီရောက်မင်း

တိုက်တွန်းသဖြင့် စီရင် ဖွဲ့ဆိုအပ်သော

ဝန်ကြီးပဒေသရာဇာ

# သုဓနုပျို့

BURMESE CLASSIC .com

THE HANTHAWADDY PRESS

ဟံသာဝတီ

www.burmeseclassic.com

www.burmeseclassic.com

ဇင်းမယ်ပဏ္ဏာသလာ၏ သုဓနုကုမာရဇာတ်ကို မှီလျက်ဖြင့်
မြန်မာဘာသာ မြန်ဆိုသီကုံးရန် ဟံသာဝတီရောက်မင်း
တိုက်တွန်းသဖြင့် စီရင် ဖွဲ့ဆိုအပ်သော

ဝန်ကြီးပဒေသရာဇာ

# သူဓာပျို့

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၉၆၇

၁၃၃၀-ခု (သာသနာ-၂၅၁၂) ၁၉၆၈-ခု

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


သူဇာပျို့ ပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၃၀-ခု၊
ဒုတိယအကြိမ် ၁၉၆၁-ခု၊
တတိယအကြိမ် ၁၉၆၈-ခု၊ စက်တင်ဘာလ

Made and Printed in the Union of Burma by
the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်တွင် (မှတ်ပုံတင် အမှတ် ၀၀၀၃-
၀၀၀၄)ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်


# နိဒါန်း

ဇင်းမယ်ပဏ္ဏာသလာ သုဓနုဇာတ်တော်သည် အသော,အလွမ်း,အကြမ်း, အနု စုံလင်စွာဖြင့် စိတ်ဝင်စားဘွယ်ရာ ဖွဲ့ဆိုရေးသားထားသော ဇာတ်ဝတ္ထုဖြစ်လေသည်၊ ဇင်းမယ်ခေတ်သည် ပါဠိဘာသာကို ဦးစားပေးလျက် ရေးသားဖွဲ့နွဲ့သောခေတ်ဖြစ်၍ ဘုရားဟောဒေသနာများကိုနည်းယူကာ ကြည်ညိုသဒ္ဓါ တိုးပွါးစေရန်အတွက် ဒန္ဓာရီဝတ္ထုသဘွယ် ပါဠိဘာသာဖြင့် ရေးသား ဖွဲ့နွဲ့ခဲ့လေသည်။

ဇင်းမယ်ပဏ္ဏာသ ဆိုသည်မှာ အဆိုပါ ဇင်းမယ်ခေတ်တွင် ပါဠိဘာသာဖြင့် ရေးသားဖွဲ့နွဲ့ခဲ့သည့် ဝတ္ထုပုံပြင်နှင့်တကွ အကြောင်းအရာအမျိုးမျိုးမှ ကောင်းနိုးရာရာများကို စုပေါင်းပြဆိုထားသောကျမ်းစာတစောင်ဖြစ်လေသည်။

ဎင်း ဇင်းမယ်ပဏ္ဏာသလာ အဆိုပါ သုဓနုဇာတ်တော်သည် ခေတ်အဆက်ဆက်တွင်ပင်လူသားတိုင်းကစိတ်ဝင်စားလောက်အောင် ပြောင်းမြောက်လှသဖြင့် ခေတ်အားလျော်စွာ ဇာတ်လမ်းဇာတ်ကွက် မပြောင်းသော်လည်း အမည် အမျိုးမျိုးပြောင်း၍ ပါဠိဘာသာမှ မြန်မာနည်းမြန်မာဟန်ဖြင့် ပျို့ကဗျာအဖြစ်ဖြင့်၎င်း, ကဇာတ်လာ သီချင်းပဒေသာအဖြစ်ဖြင့်၎င်း ဖွဲ့နွဲ့သီကုံး ရေးသားစပ်ဆိုလာကြပေသည်။

တောင်ငူခေတ်တွင် စာဆိုတော်နဝဒေးကြီးက“ဓောဓိရတနာ”ဟုချီ၍ မနောဟာရီပျို့-ဟူ၍၎င်း,ညောင်ရမ်းခေတ်တွင် စာဆိုတော်ဝန်ကြီးပဒေသရာဇာက“အနုအယဉ်၊ စီလျှဉ်ပေါင်ရှုံး၊ ရွှေနန်းထုံးကို”အစချီ၍ဇာတ်လိုက် ဇာတ်ကောင်များကို အမည်သစ်တမျိုးပေးကာပျို့ကဗျာရေးသားလျက် သူဇာပျို့-ဟူ၍၎င်း, ထိုညောင်ရမ်းခေတ်တွင်ပင် စာဆိုတော် ရွှေတောင် နန္ဒသူက“မင်္ဂလာဥဒါန်း၊ သူများဆန်းကြသည်”အစချီ၍ ဇာတ်တော်လာမူလအမည်များကိုလှည်းလွှဲပြီးလျှင်ငွေတောင်ရကန်-ဟူ၍၎င်း, မင်းတုန်းခေတ်တွင် ဇာတ်ဆရာဦးဘိုးကွန်း မထွေးလေးတို့က ဒွေးမယ်နော်ဟူသောအမည်ဖြင့်၎င်း, ဦးဘိုးစိန်ကြီးက ကိုသောဏ-မယ်ရဋ္ဌဟူသောအမည်ဖြင့်၎င်း, ထိုမှတဆင့်တက်ကာ အေဝမ်းရုပ်ရှင်ကုမ္ပဏီက



www.burmeseclassic.com

www.burmeseclassic.com



ဝေဘာဂီ-ဟူသောအမည်ဖြင့်ဖှင်း ခေတ်ကာလအားလျော်စွာ ပျို့,ရကန်, ကဗျာတ်,ပြဇာတ်,ရှပ်ရှင်-ဟု မှတ်တမ်းတင်ရလောက်သည်အထိ ဇာတ်ကွက် ဇာတ်အိမ် ထိလှ မိလှပေသည်။

ထိုသို့ခေတ်ကာလ အားလျော်စွာ အမည်အမျိုးမျိုး အရေးအသား အသွယ်သွယ်ဖြင့် အသီးအသီးဂုဏ်ပြု၍ ရေးသားဖွဲ့နွဲ့ကြရာတွင် သူ့ခေတ်နှင့်သူ မကြိုက်သူဟူ၍မရှိ ဝတ္ထု၊ဇာတ်လမ်းအရ အကြိုက်ခြင်းညီကြပေသည်၊ သို့ရာတွင်ပျို့ကဗျာအနေအားဖြင့် နဝဒေးကြီးရေးသားသည့် မနောဟရီ-ပျို့ထက် ဝန်ကြီးပဒေသရာဇာ ရေးသားသည့် ဥသျှစ်ဇာပျို့သည်"အနုအယဉ်,စီချဉ်ပေါင်းရုံး"ဟု အစချီသည်နှင့်အညီ အစီအကုံး အဖွဲ့အနွဲ့တို့မှာ နုလည်းနုလှသည်၊ယဉ်လည်းယဉ်လှသည်၊ရွှေနန်းထုံးကို ယူကျုံးမှတ်သား-နှင့်အညီ မင်းခမ်းမင်းနားကို ပြရာတွင် နဝဒေးကြီးထက် အကျယ်ချဲ့၍ ဖွဲ့နွဲ့နိုင်ခဲ့သည်။

ထို့ပြင် စစ်တိုက်ခန်းတွင် "ဂွံစားခိုက်တိုး၊ သည်စစ်ဆိုးသည်၊ အကျိုးမရောက်"ဟူ၍ စစ်ဆိုသည်မှာ ကြောက်စရာဟု ဘယာဋ္ဌာယီဘာဝ-ဘယာနက ရသမြောက်အောင်ဖှင်း၊ ချစ်ခန်း ကြိုက်ခန်းတွင် လည်း "ကြည်ညိုသာရှင်၊ ပါးဝယ်ပင်လျှင်၊ ငုံချင်မတတ်၊ချစ်မြတ်လွန်ကြူး"ဟူ၍ ရတိဋ္ဌာယီဘာဝ-သိင်္ဂါရရသမြောက်အောင်ဖှင်း၊ လွမ်းခန်း ဆွေးခန်းတွင်လည်း "သိရိဝင်းဝါ၊ လမျက်နှာကို၊ ဗျာပါတိမ်ပုပ်၊ လွမ်းတည့်အုပ်၍၊ ဖြေချုပ်မတည်၊ ရှမ်းမျက်ရည်ကို၊ မဆည်နိုင်ခဲ့"ဟူ၍ သောကဋ္ဌာယီဘာဝ-ကရုဏာ ရသမြောက်အောင်ဖှင်း၊ဤသို့စသည်ဖြင့် ဂုဏ်ရသများ အသီးအသီးပါရှိစေကာ ဖွဲ့နွဲ့သီကုံးနိုင်သဖြင့် ဥသျှစ်ဇာပျို့သည် ကဗျာလက်ာ စာပေဝါသနာပါသူများအတွက် အဘက်ဘက်က အားကိုးအားထားပြုနိုင်လောက်အောင် ဂုဏ်မြောက်သောပျို့ဖြစ်ပေသည်။

ဥသျှစ်ဇာပျို့ကို ဖွဲ့နွဲ့သီကုံးခဲ့သူမှာ နန်းတွင်းစာဆိုတော်ကြီးဖြစ်သည့် ဝန်ကြီးပဒေသရာဇာပင် ဖြစ်ပါသည်၊ ဖှင်းစာဆိုတော်ကြီးမှာ ကောဇာသက္ကရာဇ် ၁၀၃၄-ခုနှစ်တွင်နန်းတက်သော အင်းဝဘုရင်လက်ထက်၌ အင်းဝမြို့တွင်ဘွားမြင်၍ ၁၀၆၀-ပြည့်နှစ်တွင်နန်းတက်သော စနေမင်းလက်ထက်၌ စုရေးစုကိုင်အဖြစ် အမှုတော်ထမ်း၍ ၁၀၇၆-ခုနှစ်တွင် မှန်နန်းရှင်လက်ထက် လက်ျာရွှေတောင်ဘွဲ့နှင့် မန်းကျည်းတုံရွာကိုစား

BURMESE CLASSIC .com



ရသည်၊ ရွာစားအဖြစ် အမှုတော်ထမ်းရွက်စဉ် ဖှင်းမင်း၏သားတော် စဉ့်ကူးမြို့စား အိမ်ရှေ့မင်းသားအား ပညာသင်ပေးရင်း စဉ့်ကူးမင်းသား၏ နားတော်သွင်းဇနီးချင်းကို သီကုံးဖွဲ့ဆိုခဲ့သည်၊

ထို့နောက် ၁၀၉၅-ခုနှစ်တွင် နန်းတက်သော ဟံသာဝတီရောက် မင်းတရားလက်ထက်တွင် ဆက်လက်အမှုတော်ထမ်းခဲ့ရာ ပုဂံမြို့ကိုစားရ၍ ဘယကျော်သူ, မင်းရဲကျော်ထင်, မင်းရဲမင်းလှ, မင်းကျော်ထင်-ဟူသော အဆင့်ဆင့်ဘွဲ့များရ၍ အသည်ဝန်, အတွင်းဝန်, လွှတ်တော်ဝန် ဟူသော ရာထူးများကို တိုးတက် ခံယူ ထမ်းဆောင်ရလေသည်၊ ထို့နောက် ဇရွှံမြို့စားအဖြစ် ချီးမြှောက်ခြင်းခံရ၍ လက်ဘက်အိုး သိရိမ္ဗန်ခား-စသော အဆောင်အယောင် များဖြင့်လည်း မြှောက်စားခြင်းခံရလေသည်။

အဆိုပါဘွဲ့ထူး,ဂုဏ်ထူး,ရာထူးများကို ခံယူပြီးနောက် ပဒေသရာဇာဘွဲ့, နတ်ရှင်နောင်ဘွဲ့, ဘုန်းတော်မြတ်ဘွဲ့တို့ကိုပါ ဆင့်ကာဆင့်ကာ ချီးမြှောက်ခြင်းကို ခံယူရရှိ၍ ထိုဘွဲ့တို့နှင့်လျော်သော မင်းသားကြီးတို့၏ အစီးအနင်း အဆောင်အယောင်ဖြစ်သော ဝေါလာ, ကျိုင်း, ရွှေချက်နှစ်စင်းတို့ကိုရရှိလေသည်၊ ထိုအခါမှစ၍ ဝန်ကြီးပဒေသရာဇာ ဟု ထင်ပေါ်ကျော်ကြားလာလေသည်။

"နိဂုံးပြီးလစ်၊ သက္ကရာဇ်မှာ၊ထောင်နှင့်ရာ သုံး၊သာဆုံးမာသ၊
လကားကဆုန်၊ တိန်မှုန်မှိုင်းလျက်၊ ရှစ်ရက်ဆန်း၍၊ နေ့ကား
စနေ၊ ထိန်ဝေတွန်းဝါ၊ နေတက်ခါဝယ်၊ လက်ာတန်ဆောင်၊
ပြီးစီးထောင်သည်၊ ကုန်အောင်ယဉ်နု ကဗျာတည်း"။

အထက်ပါ နိဂုံးလက်ာလာ ဥသျှစ်ဇာပျို့ ရေးသားစီကုံး ပြီးဆုံးသည့် သက္ကရာဇ်နေ့ရက်ကိုထောက်၍ အနိစ္စရောက်သည့် ကောဇာသက္ကရာဇ် ၁၁၁၃-နှစ်နှင့်နှိုင်းယှဉ်ကြည့်ပါက ဥသျှစ်ဇာပျို့သည် မနော်ပျို့သစ်,ကုမ္မာဘယပျို့, ဒန္တာသီရိပျို့, နုအုပျို့, ကြာနတ်ကေသာပျို့, မဟာပတိပျို့-ဟူသော ပျို့(၆)စောင်တို့ကိုရေးသားပြီးနောက် နံပါတ်စဉ်(၇)မြောက် နောက်ဆုံးပိတ် အိပ်နှင့်လွယ် ဆိုသကဲ့သို့ အိပ်သွန်ဖါမှောက် လက်စွမ်းကုန်ရေးသားခဲ့သော ပျို့ဖြစ်သည်မှာ ထင်ရှားလှသည်၊ ထို့ကြောင့်ပင် "သူဇာလည်းမပစ်နှင့်၊ စာနံလည်းမချစ်နှင့်"ဟူ၍ ပညာရှင်များ မှတ်တမ်းတင်လောက်အောင် ဂုဏ်မြောက်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကောဇာသက္ကရာဇ် ၁၁၁၃-ခုနှစ်ကား အင်းဝထီးနန်းကို ဟံသာဝတီကရိုက်ချိုးသော နှစ်ပင်ဖြစ်သည်၊ ဟံသာဝတီရောက် မင်းတရားကြီးနှင့်အတူ ဝန်ကြီးပဒေသရာဇာလည်း ဖမ်းဆီးခြင်းခံရ၍သံလျင်မြို့၌ထားရာ လူကြီးရောဂါဖြင့်အသက် ၈၁-တွင် အနိစ္စရောက်ရှာသည်၊ ၎င်းဝန်ကြီး ပဒေသရာဇာ၏ အလောင်းကို သံလျင်မြို့ ရှင်ပင်ကျိုက်ခေါက်စေတီတော်၏ ကုန်းမြင့်မြောက်ဘက်တွင် သဂြိုဟ်ဂူသွင်းထား လေသည်။

ဝန်ကြီးပဒေသရာဇာသည် အထက်ဖော်ပြပါ ပျို့ ၇-စောင်မှတပါး မဃဒေဝ်ပျို့,ကျေးဇူးတော်ပျို့,တောထွက်ခန်းပျို့,ယိုးဒယားသံရောက်ပျို့, နမောလက်ာပျို့, ဟိတကာရီပျို့, သမုဒ္ဒဃောသပျို့-များနှင့်တကွ မင်းထိပ်ဦးနေဧးချင်း, ဘုန်းတော်ဘွဲ့သီချင်းခံကြီး, လယ်ထွန်ဘွဲ့တျာချင်း, အင်းဝ နန်းတော်ဘွဲ့မော်ကွန်း, မဃဒေဝ် နန်းတွင်းဇာတ်, ၃၇-မင်းနတ်သံစသည်များကိုလည်း ရေးသားစပ်ဆိုတော်မူခဲ့ပေသည်။

၌သူဇာပျို့ကို ကျွန်ုပ်တို့ဟံသာဝတီပုံနှိပ်တိုက်မှ ၁၉၃၀-ပြည့်နှစ်က ပထမအကြိမ် စက်တင်ပုံနှိပ်ခဲ့ဘူးရာ ထိုစဉ်က တိုက်ဆိုင်ရန် စာမူကွဲမရှိဘဲဖြစ်ခဲ့၍ ဒုတိယအကြိမ်ရိုက်နှိပ်ရာ၌ ဟံသာဝတီဆရာကြီး ဦးဘရင်က ရန်ကုန်မြို့ ပြည်သူ့စာကြည့်တိုက်ရှိ ဘားနဒ်ပေမူနှင့် ကင်းဝန်မင်းကြီး ပေမူတို့ဖြင့် တိုက်ဆိုင်ကာ တည်းဖြတ်ပေးခဲ့၍ ယခု- တတိယ အကြိမ် ရိုက်နှိပ်ရာတွင်မူ သတ်ပုံ အဘိဓာန်ကျမ်းပြု ဆရာဦးအုန်းရွှေက ထပ်မံ တည်းဖြတ်ပေးသဖြင့် အဆိုပါ စာပေသန့် ဖြတ်နိုးသူ နှစ်ဦးအား ဟံသာဝတီကအသူးကျေးဇူးဥပကာရတင်ရှိကြောင်းဖော်ပြအပ်ပါသည်။

"ဟံသာဝတီ"

---



ဝန်ကြီးပဒေသရာဇာဆို

# သူဇာပျို့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အနုအယဉ်၊ စီလျဉ်ပေါင်းရုံး၊ရွှေနန်းထုံးကို၊ယူကျုံးမှတ်သား၊ နှလုံးထားသည်၊ မင်းများ-စိုးများ၊ ထင်ရှားစသည်၊ မျိုးမည်ထူးခြား၊ အပြားပြားလျှင်၊ ယောကျ်ားမိန်းမ၊ သိကြအစဉ်၊ လူနှင့်ရှင်တို့၊ပေါ်ထင်နှံ့လည်၊ ကျွန်ုပ်သည်လျှင်၊ သာကြည်ကုံးသီ၊ နာဒီနှစ်လို့၊ မနော်ပျို့က၊ ဘယကုမ္မာ၊ ဒန္တာသီရိ၊ တွင်ရှိမည်ဟူ၊ နုအူအူနှင့်၊ မြိုင်တူ ဘက်လွတ်၊ ကြာနတ်ကေသာ၊ မဟာပတိ၊ ခံရှိနားမှာ၊ သာသည် ကျူးအောင်၊ ပျိုခြောက်စောင်ကို၊ဉာဏ်ရောင်ဖြိုးမော်၊ဆိုပြီးနောက်သာ၊ များမကြာခင်၊ ဆက်ကာပင်တည့်၊ မြန်ဇွင်ထိပ်မိုး၊ ဆက်စဉ် စိုးသည်၊ နန်းမျိုးညာလှစ်၊ ဧကရာဇ်တီ၊စင်စစ်နေကျ၊ ပေးခဲလှသား၊ ကာလပုဆိုး၊ဖဲမျိုးသုံးထည်၊ ပန်းရည် ဆိုးစွတ်၊ နီတွတ်ထိုမျှ၊ ရေတွက်ကြသို့၊ ထွန်းပလျှံလန်း၊ ရွှေနန်းများရှင်၊ ဘုရင်များမှူး၊ ဘုန်းမြူးရောင်ဝှန်၊ ရွှေဉာဏ်တုလွတ်၊မြင်တိုင်းတတ်သည်၊ အထွတ်မှန်ကူ၊ ပေးတော်မူမှ၊ စဉ်စုဘန်ပြု၊ သည်ဝတ္ထုကို၊ ယဉ်နုချီးကျူး၊ ပျူစီဦးဟု၊ ကြိုင်မြူး သင်းပျ၊ ဗျာဒိတ်ဟလျက်၊ ရှင်ပျ သာယာ၊ ဝတ္ထုစာကို၊ စေတနာ ကြည်ဖြူ၊ ကမ်းတော်မူသော်၊ လှမ်းယူချင်မျှ၊ ရှိခိုးချ၍၊ ဒိဗ္ဗမာလာ၊ ဗျာဒိတ်ကြာကို၊ ထိပ်ချာယဉ်နု၊ ပန်ရ ရှုလျက်၊ ယခု သာကြည်၊ ဆိုအံ့သည်ကား၊ ထူးလှ၍



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်၊ အယဉ်အနှ၊ ကြီးမှုရင့်ရာ၊ သေချာမှတ်ဘို၊ သုဇာပျို့တည့်၊ နှစ်မြို ဝမ်းသာ၊ ရှင်လန်းစွာသည်။ ။နောင်လာနှစ်သိမ့်-မှတ်ရစ်စိမ့်။

၂။ **လွန်လေကျူးကျော်**၊ ရွှေးသရော်နိုက်၊ ထွန်းပေါ်စည်လှ၊ ဇေယျ ပူရ၊ နာမတွင်မည်၊ ပြည်ကြီးသည်ကား၊ တမည်မချို့၊ မြို့၏အင်္ဂါ၊ စုံစွာ ထူးပြား၊ တံခါးတရာ၊ သာသည်ခြောက်တန့်၊ နတ်ရပ်ဌာန်လည်း၊ မလွန် စင်စစ်၊ ရည်တူဖြစ်၍၊ သစ်သစ် ထပ်ပွါး၊ လူမျိုးပြားတို့၊ များသည် ဖျင်ပည်း၊ စုပေါင်း**စည်း**၏၊ သိမ်း**ဆည်း**တိုင်းခွင်၊ စိုးသည့်ရှင်ကား၊ ဆယ်အင်မပြတ်၊ မင်းကျင့်ဝတ်ကို၊ မချွတ်စိမ့်ငှါ၊ သက် ပမာ လျှင်၊ သေချာမခွ စောင့်မြီးလှလျက်၊ ဒီပသောင်းတွင်း၊အမင်းမင်းကို၊ နှိမ်နင်း ပိုင်သ၊ အစိုးရ၍၊ ရာဇိန္ဒရာဇာ၊ မည်သာသတင်း၊ ကျော်ဖေါက် ထွင်း၍၊ ထိုမင်းခြောက်သား၊ မိဖုရားကြီး၊ ထွန်းညီးအင်္ဂါ၊လက္ခဏာနှင့်၊ကျင့်အာ စာရ၊ ဂုဏလုံမြို့၊ မြတ်ပုံစုရာ၊ ရုံများချာကား၊ နရိန္ဒာဒေဝီ၊ ခေါ်တွင် ညီလျက်၊ ကျောက်စီပျောင်းပတ်၊ ပြာသာဒ်ရဝေ၊ နန်းမနေ၍၊ ပြစ်ကွေ့ လွတ်ရှား၊ မိဖုရားလတ်၊ ရွှေပေါင်းနတ်ကား၊ ထူးမြတ်နာမ၊ ရာဇဒေဝီ၊ ခေါ်ညီထင်ရှား၊ လွှံကျော်ကြား၍၊ မိဖုရားငယ်၊ ဆန်းကြွယ်လက္ခဏာ၊ လှမြတ် စွာကား၊ ဘဒ္ဒါဒေဝီ၊ ခေါ်ညီ မည်မှတ်၊ နိုင်းတု လွတ်လျက်၊ ပြာသာဒ်သိင်္ဂီ၊ တဆောင်စီနှင့်၊ တူပြိုမမျှ၊ စံနေရသည်။ ။**ထွန်းပ ထင် ရည်-မိုး၏တည်း။**

၃။ **နရိန္ဒဒေဝီ**၊ ခေါ်ညီထင်ရှား၊ မိမြတ်ဖျားနိုက်၊ ခစား ရသည်၊ မျိုးမည်မချို့၊ ကိုယ်လုပ်တို့ကား၊ လျောက်လျား တင့်တယ်၊ အလယ် ရဝေ၊ ကွန်းစင်နေသည်၊ ကြက်သရေထွန်းညီ၊ သီရိမဏိမာလာ၊ ဖြူပြာ ရောင်ညီ၊ သီရိစန္ဒမာလာ၊ ပြာပြာအိအိ၊ သီရိရမ္မမာလာ၊နိုင်းစရာမရှိ၊သီရိ ပေမမာလာ၊ ပြစ်ဆာမငြိ၊ သီရိနန္ဒမာလာ၊ ဆွယ်ကာ တထောက်၊ သည့်နောက်ရဝေ၊ တစဉ်နေမှ၊ ကေသာဝတီ၊ သိင်္ဂီတရှိ၊ သီရိသုဘဒ္ဒါ၊ ကြေညာကျော်သိ၊ သီရိကဥ္စနာ၊ သန့်စွာ ဇာတိ၊ သီရိသုရမ္မာ၊ မှုရာ ပျောင်းအိ၊ သီရိသုမဘာ၊ သိင်္ဂါရောင်ညီ၊သီရိသုမိတ္တာ၊ သာသည်ရိပ်မြင့်၊ ကွန်းစင့်လက်ပြင်၊ ထောင်တင်ရှေ့ခန်း၊ နေမှန်း စာရုစီ၊ဇုတိမာရီ၊ဤနှင့် ပြိုင်ရ၊ လက်ဝဲကမှာ၊ ဂန္ဓသာမာ၊ ဇာလာသောဘာ၊ အာသာတွင်မည်၊ တကျိပ်သည်ကား၊ ထူးလည်သာယာ၊ နှုတ်သာပျံ့ကြူ၊ မည်သသုတည့်၊ အတူမရှည်၊ သည်လက်ပြင်စဉ်၊ ယဉ်သည်မှုထား၊ မြို့စားတဆယ်၊နုနယ်



ကညာ၊ ရွာရ တကျိပ်၊ ပြည့်သိပ်စဉ်သင့်၊ ကြမ်းဆင့်အောက်ပြင်၊ စမြင် ပတ်လည်၊နေရသည်ကား၊အမည်မရ၊ရွာစားမျှလျှင်၊ များလှသွယ်သွယ်၊ ရေသော်ကျယ်၏။ ။**ငြိုးဘွယ်ရှိမည်-စိုး၏တည်း။**

၄။ **သည့်ပြင်တသီး**၊ မင်းသမီးနှင့်၊ ဖြင်ညီး များစည်၊ ရှမ်းပြည် ယွန်းရပ်၊ တပ်ပေါင်း မြို့စား၊ တို့ သည်းကြားလည်း၊ တခြားတတည်၊ ငယ်မည်ရွာစား၊ အလွန်များ၏၊ ထွက်ထားမြတ်ညာ၊ နှစ်ပါးမှာလည်း၊ ကျေးရွာမြို့ပြ၊ နေရာရကား၊ များလှ-မပည်း၊ စုံရာနည်း၏၊ ပေါင်းစည်း ပည်းဖြင်၊ ထိုသည့်ပြင်ကား၊ အင်ခွင်ကြီးစွာ၊ နေရာမက၊ မြတ်ရာရလျက်၊ သာလှဆောင်ခြား၊ ဆောင်သီးထားသည်၊ ထင်ရှားဌန်ဝါ၊ ကေသာ သီရိ၊ ထွန်းညီ ကိုယ်ဝါ၊ ဝဏ္ဏာသီရိ၊ အိအိပြာပြာ၊ ဒန္တာသီရိ၊ ချစ်မိ ဘွယ်သာ၊ ဇာလာသီရိ၊ မရှိနှိုင်းရာ၊ ရူဇာသီရိ၊ ကျော်သိန့်ပြား၊ သည်ငါးပါးကား၊ ကိုးပါးမျက်ချယ်၊ ကြီးကျယ်ဆောင်ရွက်၊ ယွန်းဆက် သိင်္ဂီ၊ တဆောင်စီနှင့်၊ ပည်းသီ ရုံခါ၊ စံနေရ၏၊ သီလ အာစာ၊ လွန်မြတ် စွာသည်၊ နရိန္ဒာဒေဝီ၊ မဟေသီ၏၊ ရှုအိ မညီး၊ တယောက်ထီးလျှင်၊ သားကြီးရတနာ၊ ဗောဓိလျာကား၊ ဘုန်းဝါလျှံတောက်၊ အရွယ်ရောက် သော်၊ ပြိုင်ထောက် မရ၊ ပရနိမ္မိတ၊ ဝသဝတ္တီ၊ စိုးညီပိုင်ယူ၊ နတ်ပင် ဟူလည်း၊ မတူဘွယ်လျှင်း၊တင့်ရောင်ဆင်းနှင့်၊ ဆင် မြင်း စီးနှင်၊ပစ်ငင် လေးမြား၊ ကာလွှားရေးရာ၊ အဋ္ဌာရသ၊ တတ်စုံလှ၍၊ နရထိပ်ပေါ်၊ ခမည်းတော်ကား၊ ရှုမြော် မရဲ၊ ချစ်ဆက်ကဲလျက်၊ ကျော်သဲ ကြေညာ၊ ဘသည်းချာကို၊ မြတ်ရာ မြှောက်တင့်၊ ထားပေသင့်ဟု၊ ချီးမြှင့်သံညင်း၊ ချိုပြုံးရှင်းသည်။ ။**လွန်ပြင်းချစ်မြတ်-နိုး၏တည်း။**

၅။ **မြတ်နိုးသာပျော်**၊ ဖြိုးတိုက်တော်သို့၊ နိုင်းလျော်နတ်ထူ၊ ထွက်တော် မူ၍၊ ဖြိုးလူများကြွယ်၊ မတ်များလယ်နိုက်၊ တင့်တယ်လွန်မင်း၊ အိမ်ရှေ့ နှင်းသော်၊ ပျံ့ရွှင်း ချိုသာ၊ ရေးတင်စာကို၊ သေနာပတိ၊ ဦးရှိ ရှိသေ၊ ဘတ်လျှောက်စေမှ၊ မရေတွက်သာ၊ လက်ဖွဲ့စာကို၊ ရေးရာမြင်သိ၊ ရည်ရှိ ဝန်ထောက်၊ ဘတ်စေ လျှောက်၍၊ ရွှေမှောက် ဘုန်းဖွန်၊ ဝန်က အစ၊ ခန့်သမျှကို၊ မိန့်ဟလေပြီး၊ သားကြီး ရတနာ၊ နှင့် မက္ခာလျှင်၊ မင်္ဂလာညွှန့်ရှည်၊ တင့်တယ်သည်ကို၊ ချစ်ကြည်နှစ်လို့၊ ဝန်တို့ရှုပါ၊ မိန့်သောခါဝယ်၊ သေနာပတိ၊ သုတိမင်္ဂလာ၊ သာသည်စကား၊ လျှောက် ထားပြီးသော်၊ ဝင်တော်မူမြောက်၊ ထို့နောက်ရက်တာ၊များမကြာလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



များစွာပည်းသီ၊ မင်းညီမင်းသား၊ မတ်များ ဒိုင်းဝင်း၊ ဆင်မြင်းဗိုလ်ပါ၊ ခြံရံကာလျက်၊ မင်္ဂလာရွှန်းမြေ၊ အိမ်ရှေ့အိမ်တော်၊ မျိုးကျော်ညွန့်လူ၊ တက်တော်မူ၍၊ ထီးဖြူဆောင်းမင်း၊ မကွင်းအစ၊ ဂါမစိုးသီး၊ သူကြီး တိုင်အောင်၊ လက်ဆောင်များစွာ၊ ရတနာတွေတွေ၊ ဆက်ကုန်စေ၍၊ စံနေနန်းခင်း၊အိမ်ရှေ့နှင်းသည်။ ။**သတင်းကျော်နှံ့-ဟိုး၏တည်း။**

**၆။ ကျော်နှံ့သတင်း၊** အိမ်ရှေ့နှင်းသော်၊ ဘက်ကင်းပြိုင်ရာ၊ နန်းပွင့်လျာကို၊ မဟာဥပရာဇာ၊ ဟူ၍သာလျှင်၊ ကြေညာလွှံ့ထင်၊ ကျော်စော တွင်၏၊ မြည့်ရှင် မင်းကျော်၊ လူ့ထိပ်ပေါ်နှင့်၊ သားတော် မဟာ၊ ဥပရာတို့၊ အချာစိုးကြပ်၊ ဆုံးမကွပ်၍၊ ရှစ်ရပ်မျက်နှာ၊ ပွင့်လင်းစွာ သည်၊ မည်သာဇေယျ၊ ပူရကျော်ချောက်၊ ရွှေပြည်မြောက်နိုက်၊အံ့လောက် သာယာ၊ နက်စွာရေထု၊ မဇ္ဈဇလ၊ ကန်ချမ်းမြဝယ်၊ ဒီပစိတ္တ၊ နာမမည် ရင်း၊ နဂါးမင်း၏၊ ထန်ပြင်းတေဇော်၊ အာနုဘော်ကြောင့်၊ ရပ်ကျော် တိုင်းစည်၊ ထိုပြည်တာသွန်၊ မိုးယံရေမှန်၍၊ အလွန်သာယာ၊ဝပြောစွာ၏၊ ထိုခါကာလ၊ သုရမ္မပူရ၊နာမတွင်မည်၊ပြည် တပြည်နိုက်၊ ဖြိုးစည်ပြောထု၊ ရှင်၊လူ၊ပုဏ္ဏား၊ တရား ချွတ်ယွင်း၊ ၊မစောင့်ခြင်းကြောင့်၊ ထန်ပြင်း လေဆောင်၊ မိုးယံရေခေါင်၍၊ ကုန်အောင် မကြွင်း၊ ပြည်တွင်းပြည်ပ၊ တော်မွတ်ကြသော်၊ သီဟသူရရာဇာ၊ မည်သာလွှံ့ထင်၊ ထိုပြည့်ရှင်သည်၊ ရွှေမြင်-နောက်သိ၊ ပညာရှိအား၊ မေးလတ်ငြားသော်၊ တခြား တိုင်း စည်၊ ဇေယျပြည်ဝယ်၊ ချမ်းကြည် ရေထု၊ ပြိုင်တု မန္တန်း၊ နဂါးဘုန်း ကြောင့်၊ ထစ်အုန်းချိန်တန်၊ အမှန်ရွှံ့မျှ၊ မိုးယံရွာရ၏၊ သုရမ္မမည်သာ၊ ထိုပြည်မှာကား၊ မရွာသွန်းစေ၊ ပိတ်ပင်လေဟု။ ။**လျှောက်ပေရှိပန်း-ဖြိုး ၏တည်း။**

**၇။ သီဟသူရ၊** ထွက်ဒေဝလည်း၊ ဒေါသဇောပြေး၊ သည်အရေးကို၊ စုဝေးကိုယ်တို့၊ အသို့ ကြံစည်၊ ပြုကြမည်ဟု၊ မိန့်သည်ရှိလျှင်၊ ဆောလျင် လူလူ၊ ထိုအမှုကို၊ ယခုသာကြည်၊ တတ်နိုင်မည်ကား၊ ရွှေပြည်ပူရ၊ သုရမ္မဝယ်၊ မလသီလ၊ နာမထင်ရှား၊ ပုဏ္ဏားသည်သာ၊ တတ်နိုင်ရာဟု၊ ကြောင်းခြာစုံစီ၊ လျှောက်လတ်ချီသော်၊ သင့်ပြီလျှင်တွေ၊ သွားလေစေ ဟု၊ ပရမေသီရီ၊ မိန့်ရှိသောအား၊ ထိုပုဏ္ဏားကို၊ သွားစေမိန့်တန်၊ မြန် ပြီးလျှင်လျှား၊ ပုဏ္ဏားသွားမြောက်၊ ရေကန်ရောက်သော်၊ ငုံ့ထောက်



မတင်း၊ ဂဠုန်မင်းတို့၊ ထန်ပြင်းတေဇော်၊ မန္တန်ကျော်ကို၊ ဖျော်ဖျော် ရွှရွှ၊ ရွတ်လေကလျှင်၊ ကန်ဝ အလုံး၊ နိုးလျှံဖုံး၍၊ ပူဆုံးကိုယ်တွင်း၊ နဂါးမင်းလည်း၊ စင်းစင်း ရေပြင်၊ ပေါ်သည်မြင်က၊ အရှင် အသေ၊ သို့ဖြစ်စေဟု၊ မိန့်တွေတော်သံ၊မခံခွဲမိ၊ တရေးရှိ၏၊ သိအောင်ရှေ့ရည်၊ လျှောက်ဦးမည်ဟု၊ ကြံစည်တဖန်၊ပြန်ပြန်ခဲ့မြောက်၊ ထိုနေ့နောက်ဝယ်၊ ပျော်လောက်စည်လှ၊ ဇေယျမည်သာ၊ ပြည်ကြီးစွာ၏၊ မြောက်မှာ တရုဏ၊ ရွာဂါမ၊ ကက္ကလိစ္ဆ၊ နာမတွင်မည်၊ မုဆိုးသည်လျှင်၊ တော လည်လှည့်ပတ်၊ ရှာစားလတ်သော်၊ ရေနတ်နေရာ၊ထိုကန်မှာသို့၊ ရောက် လာတော်ဆိုက်၊ခရီးကြိုက်သည်။ ။**ရွှေးနိုက်ကံဆော်-နိုး၏တည်း။**

**၈။ ထိုမုဆိုးအား၊** နဂါးနတ်ရှင်၊ မြင်လျှင် လူယောင်၊ ဆောင်၍ * စိတ်စေး၊ကြောင်းရာမေး၏၊မနေ့သာကြည်၊ဇေယျပြည်က၊ လာသည် ကြောင်းကို၊ မုဆိုးဆိုလျှင်၊ ထိုဇေယျမည်၊ ကိုယ်တို့ပြည်ဝယ်၊ ရွာသည် အနှံ့၊ မိုးယံမှန်စံ့ဟု၊ ပျုံ့ပျုံ့သာလေး၊ မေးလျှင်ဆောလျင်၊ ထိုကန်တွင် နိုက်၊ နတ်ရှင်နာဂ၊ ဘုန်းတေဇဖြင့်၊ သွန်းချချိန်တန်၊ မိုးယံမှန်သော ကြောင့်၊ မနှောင့်ဒေါသ၊ ဝပြောကြဟု၊ မြွက်ဟဆိုလျှင်၊ ထိုနတ်ရှင်ကို၊ အကြင်သသူ၊ သေကြောင်းမူအံ့၊ ထိုသူယုတ်အား၊ သတ်မည်လားဟု၊ နဂါးမေးက၊ ဆိုရငလခြင်း၊ အိုအချင်း….၊ နတ်မင်းသခင်၊ ကျေးဇူး ရှင်ကို၊ အကြင်သသူ၊ အပျက်မူအံ့၊ထိုသူယုတ်အား၊ အံစောင်ထား၍[၁]၊ ဝါးပါချင်စွ၊ ခုခဏတွင်၊ ဒေါသမျက်လို၊ မုဆိုးဆိုက၊ အို-မုဆိုးသား၊ နဂါးနတ်ရှင်၊ ငါပင်ကိုကား၊ တခြားပြည်က၊ ပါပမိတ္တာ၊ ပုဏ္ဏားလာ ၍၊ တေဇာကြီးထွတ်၊ မန္တန်ခြတ်ကို၊ ရွတ်ဘိသော့တွေ၊သေလှုချေ၏၊ အခွေငါ့ကို၊ ကယ်ပါဆို၍၊ နဂိုရ် ကန်ရေ၊ သက်နေလေ၏၊ ဆူဝေ ဖျက်စိတ်၊ ကက္ကလိစ်လည်း၊ တိတ်တိတ် ချုံကြား၊ ရှောင်ရှားအသင့်၊ မြော်နေလင့်၏၊ ယခင့် ပုဏ္ဏား၊ တပြည်သားလည်း၊ လျင်လျား မကြာ၊ ပေါ်ပြန်လာသည်၊ ။**ကိုယ်မှာဂုဏ်ယုံ-ကိုး၏တည်း။**

**၉။ ဂုဏ်ယုံပုဏ္ဏား၊** ကန်ကမ်းဖျားထက်၊ ရွှင်အားဝမ်းသာ၊ ရပ်မိ ကာနိုက်၊ မည်သာ ကက္က၊ လိစ္ဆ တွင်ပြီး၊ မုဆိုးကြီးလည်း၊ ကျော်ချီး လွှတ်တု၊ သတ္တုရှဇေယျ၊ ရသည်မည်သာ၊ လေးကြီးစွာနှင့်၊ မကြာ ရွှတ်ရွှတ်[၂]၊ ပစ်သတ်တည့်လေ၊ ပုဏ္ဏားသေသော်၊ ဘိုရွှေ သခင်၊ရေနတ်

၁။ အာစောင်ထား၍။ ၂။ လျင်စွာရွှတ်ရွှတ်။ (ပေမူ)

www.burmeseclassic.com

www.burmeseclassic.com



ရှင်လည်း၊ သာရှင်စိတ်ဝမ်း၊ လွန်ငြိမ်းချမ်း၍၊ ချစ်ကျွမ်းမြတ်နိုး၊ ဆွေ
မူဆိုးအား၊ နဂါးပြည်ရွာ၊ ဆောင်လေပါ၍၊ ဒိဗ္ဗာဟာရ၊ ပါဝါရက၊
စသည်ကုန်အောင်၊ နတ်သုံးဆောင်ဖြင့်၊ဝန်းမြှောင်ဖြေဖျော်၊ လုပ်ကျွေး
သော်လည်း၊မပျော်လှည့်လို၊ သွားမည်ဆိုသော်၊ မြွေးသိုထုပ်ပိုး၊ အတိုး
ထိုက်စွာ၊ ရတနာတိ၊ များစွာရွှေငွေ၊ ပေးလိုက်ပေပြီး၊ မူကြီးကိစ္စ၊
ခဲအင်လှသော်၊ အဘငါ့မှာ၊ ဆိုလှည့်ပါဟု၊ သာယာသံချို၊ မှာပေ
ပြီးမှ၊ ပို့လိုက်ကြ၏၊ ကက္ကလိ၌၊ နေသာဒလည်း၊ ရှင်ပျနေနား၊သား
မယားနှင့်၊ ပျော်ပါးပြီးလျှင်၊ လေးမြွားပြင်လျက်၊ တောခွင်လည်၍၊
သက်မွေးလှေ့ခြင့်၊ ပျော်မွေ့သားငါး၊ ရှာလေသွားသော်၊ စုံပြားမြိုင်
သာ၊ ဟိမဝါဝယ်၊ သုဒ္ဓါစာရ၊ တွင်မည်ရသည်၊ သီလချမ်းမြေ့၊ ရသေ့
သင်ဒမ်း၊ ကျောင်းသာဝှမ်းကို၊ ကြောင်းလမ်းသင့်ယွေ့၊ ရောက်ကြိုက်
လေ၏၊ တွေ့ချေသို့လျှင်၊ ကျောင်းသို့ဝင်၍၊ ပန်းပင်ဖြေဖြေ၊ တန့်နား
နေသည်။ ။**သောက်ရေမြိန်ရှက်-နိုး၏တည်း။**

၁၀။ **ရသေ့မြတ်စွာ**၊ ကျင့်ရာရှောင်ကြောင်း၊ ကောင်းသည့်တရား၊
ဟောပါခြွေးလည်း၊ နား မတွင်လျှင်း၊ လျှင်ပြင်းမကြာ၊ ထခဲ့လာသော်၊
သီတာချမ်းကြည်၊ ငါးမည်ကြာမျိုး၊ ရေပေါ်မိုးလျက်၊ ရှိုးရှိုးရှိမ်းလန်း၊
ကန့်ကိုဝန်းသည်၊ ပန်းလည်း စုံစီ၊ လှိုင်ညီ ပျံ့လွင့်၊ ပင်တိုင်း ပွင့်၏၊
မတင့်စတောင်း၊ ငှက်အပေါင်းလည်း၊ သောင်းသောင်းတွန်ထူး၊ ဘော်
ပြိုင်မြူးလျက်၊ ပျံ့ပျူး နှစ်လို၊ နတ်တို့ပျော်ရာ၊ သာသည်လွတ်တု၊ပျော်
ဘွယ်စုသည်၊ သီတုဒက၊ မည်ရခေါ်မှတ်၊ ရေကန်မြတ်သို့၊ လှည့်ပတ်
သင့်တွေ့၊ရောက်ပြန်လေ၍၊ သောက်ရေချိုးသုံး၊ ရင့်ဆုံးကြာသီး၊ ဆွတ်
စားပြီးမှ၊ လေးကြီးတင်ကာ၊ ချုံလုံရာက၊ လာလာ သားမျိုး၊ မြော်မိုး
ငံ့တွေ့၊ စောင့်နေလေ၏၊ တည့်နေယိမ်းကာ၊ ထိုအခါဝယ်၊ဟေမာဂီရိ၊
အမည်ရှိသည်၊ ထွန်ညီပြောင်ပြောင်၊ ရွှေစင်တောင်ကို၊ ထွတ်ခေါင်
ပိုင်စိုး၊ ချုပ်ကိုင်မိုး၍၊တန်းခိုးရောင်ထိန်၊ထန်ပြင်းရှိန်သည်၊ ဒေဝိန္ဒရာဇ်၊
နတ်မင်းစစ်နှင့်၊ လွန်ချစ်သက်မျှ၊ အတုလဒေဝတာ၊ မည်သာထင်ရှား၊
မိဖုရား၏၊ သည်းကြားဆင့်ကာ၊ ကလျာကောင်းညီ၊ ယဉ်ကုံးသီသည်
ဟာရီ,စိတ္တာ၊ ရာမာ,ကည၊ ရမ္မ,ပိယာ၊ သူဇာ-မည်ခေါ်၊ တူဘော်
ပေါက်ဘွား၊ ခုနစ်ပါးတို့၊ကစားရေမှာ၊ ပျော်မည်လာသည်၊ ။**အံ့ရာ
အထူး-အဆန်းတည်း။**



၁၁။ **ထိုနတ်သမီး**၊ထွန်းညီးလျှံတောက်၊ ခုနစ်ယောက်တို့၊မိုမောက်
လွန်ကဲ၊ အမြဲးသာပျော်၊ စံသည်သော်ကား၊ မြတ်ကျော် ပြောင်ပတ်၊
စီချယ်ခတ်သည်၊ပြာသာဒ်လျှံပြောင်၊ ခုနစ်ဆောင်ထက်၊ရန့်အောင်ပည်း
သီ၊ ငါးရာစီနှင့်၊ စုံညီအင်္ဂါ၊ တူရိယာသံညင်း၊ သီကခြင်းလည်း၊ မကင်း
နေကျ၊ စံစားကြ၏၊ မှိုင်းပျ မင်းလွင်၊ အုံ့ဆင် တိမ်သား၊ သွားလား
ချင်ဘွယ်၊ တနေ့ဝယ်နှိုက်၊ တင့်တယ်တွေ့ဆန်း၊ ဆွတ်ဖျန်း ရေကြည်၊
ကစားမည်ကို၊ ဘုန်းခြည်ထွန်းပ၊ ဒေဝိန္ဒအား၊ ညွှတ်ခ ပြန်ခေါက်၊
သုံးကြိမ်လျှောက်မှ၊ သွားခွင့်ရသော်၊ ကျူးလှကျော်အောင်၊ သုံးထောင်
ငါးရာ၊ ရံများစွာတို့၊ မသာရဂလ်၊ဝေဠုန်ရောင်ညီ၊လောဟိတက်၊ မနော
မြနှင့်၊ ယိုကျလုလု၊ ဝေဠုရိယ၊ စိမ်းမြမျက်ကျော်၊ ဝိရော်စန၊ မုတ္တ
သန္တာ၊ ဝဇီရာတိ၊ထိန်ဖြာရွှန်းရှင်၊ တန်ဆာဆင်လျက်၊ စံတင်ထွတ်ထား၊
ခုနစ်ပါးတို့၊ ထူးပြားကျူးကျော်၊ ဆင်သည်သော်ကား၊ မူးမော်အုံချီး၊
မပြီးနိုင်ရာ၊ တန်ဆာစွဲအင်၊ ကိုယ်လုံးဆင်၍၊ စီရင်ကျူးလွန်၊ အင်း
မန္တန်ဖြင့်၊တတ်ပွန်ဥပဒေ၊ စန္ဒီသေသည်၊ ထိန်ဝေပြိုးပြက်၊ ဘယက်ရှိုးရဲ၊
ကိုယ်စီဆွဲလျက်၊ ကျူးနွဲ့တူရိယာ၊ သာသည်သံညင်း၊ သီကခြင်းနှင့်၊
ဝင်းဝင်းတောက်ပ၊ ပျံလှာကြသည်။ ။**မရပ်ပိုင်ဘော်-တုကျွန်းတည်း။**

၁၂။ **တုကျွန်းစံတည်**၊ နေရောင်ခြည်ကို၊ လွင့်ဖည်နှိပ်စက်၊ ပယ်ဘိ
ဖျက်သို့၊ ပြိုးပြက်ထိန်ပြောင်၊ တန်ဆာရောင်နှင့်၊ ကိုယ်ရောင် ဝင်းဝါ၊
လင်းလင်းဖြာလျက်၊ တာရာပထ၊ ပျံခဲ့ကြသော်၊ ကာမတလွှား၊ ပြည်ပြည်
သားတို့၊ လာသွားကြိမ်တွေ့၊ မြင်သရွေ့ပင်၊ ခွေ့ခွေ့မောရှိုက်၊မှိုင်းမိုက်
မူးဝေ၊ ရှိကြချေ၏၊ ကြက်သရေယဉ်နု၊ နတ်တစုတို့၊ သီတုဒက၊ သို့ရောက်
ကြ၍၊ ဖျဖျသာရွှင်၊ရေစင်ဆွတ်ဖျန်း၊ ပန်းလည်းထိပ်မြင်၊ ရွေးယူဆင်
လျက်၊ သဘင်စံညီး၊ရောင့်ရဲပြီးသော်၊ထံနီးညွှတ်ခ၊ ချီထိန်းယတို့၊ ကာလ
ချိန်သင့်၊ လျှောက်သဖြင့်လျှင်၊ ထက်မြင့်ကောင်းကင်၊ ပျံလေကျင်သော်၊
ရှုမြင်လေခြွေး၊မုဆိုးသားကား၊ ချုံကြားမှာက၊ ပြင်းရာဂဖြင့်၊ မရသတိ၊
မျက်စိ ဆောက်၍၊ သွားပါး စေ့မျှ၊ ခွေ့ခွေ့ မြော်ရှာ၊ မနည်းကြာမှ၊
သက်သာရစ၊ အနိုင်ထ၍၊ သီလပျံလျှောင်း၊ ရသေ့ကျောင်းသို့၊ လျင်
ကြောင်းရည်ထင်၊ သွားလေဝင်မှ၊ ဦးတင်ရှိရည်၊ လျှောက်စ သည်ကား၊
ငါ့ထိပ်ထား....၊ မြတ်ဖျားနေပျော်၊ သည်ကျောင်းတော်မှ၊ ယမ်းယော်

www.burmeseclassic.com

www.burmeseclassic.com



တာဆန့်၊ ငါးရာခန့်တွင်၊ ကြည်သန့် သီတာ၊ ရေကန်မှာသို့၊ ကြမ္မာကံ ပျော်ကျွန်ရောက်သည်။ ။**သေပျောက်ချေလု-ဘနန်းတည်း။**

**၁၃။ သေပျောက်စရာ၊** ထိုကန်မှာနိုက်၊ ပျော်လှာကစား၊ နတ်အများတွင်၊ ထွတ်ထားစံမြောက်၊ ခုနစ်ယောက်လျှင်၊ မိုမောက်အရှင်၊ သူကြီးထင်၏၊ ထိုတွင်ကိုလည်း၊ မျက်မည်းအရွယ်၊ တွေးနှောင်းငယ်သည်၊ ဘယ့်နှယ်ပင်ကို၊ မဆိုနိုင်ဘူး၊ ကြူးသည် အလှ၊ သည်မိန်းမကို၊ မရချေသော်၊ ကျွန်တော်သေမည်၊ ရက် မရှည်ခဲ့၊ ကြံစည်ရခွင့်၊ သို့သော် သင့်ဟု၊ ဘုန်းမြင့်မြတ်စွာ၊ မိန့်လိုက်ပါမှ၊ ကိုးရာရသည်၊ ဖြစ်တော့မည်ဟု၊ ညည်းမည် မချိ၊ ပျောက်သည့်ရှိသော်၊ ဇာသီမည်ခေါ်၊ ရသေ့ကျော်လည်း၊ ပြော်ကီလေသာ၊ ဖြစ်တတ်စွဟု၊ စိတ်ကမှတ်ယူ၊ ကြံတော်မူမှ၊ လျစ်လျူစေတနာ၊ မိန့်သည်မှာကား၊ တောသာလှည့်လား၊ မူဆိုးသား····၊ ထင်ရှားကြီးဂုဏ်၊ ယမှာ ယုန်ကို၊ ဆူမှုန်သည်းချာ၊ တောင့်တရှာသို့၊ မိုက်ပါတို့စွ၊ ငါကြောင့်ကြ၏၊ တကာ့နှလုံး၊ စွဲးသုံးမလွတ်၊ ဒေါမနသ်နှင့်၊ လတ်လတ်သေ၍၊ ပူတွေ့ပြင်းဘိ၊ ငီစိထုတ်ချောက်၊ ရောက်လေတော့မည်၊ ကြံစည်တွေးဆ၊ သည်မိန်းမကို၊ ရမည့်အရာ၊ အရေးမှာကား၊ တေဇာကြီးမြတ်၊ နဂါးပတ်ကို၊ ရတတ်သော်ကား၊ တတ်နိုင်အားဟု၊ စိတ်ထားလျစ်လျူ၊ မိန့်တော်မူသော်၊ ကြည်ဖြူနှစ်သိမ့်၊ ရပါစိမ့်ဟု၊ ဦးနှိမ့်ညွတ်ခ၊ သုံးကြိမ်ချ၍၊ ထတည့်လာခဲ့၊ မိတ်ဘွဲ့ချစ်မှန်၊ နဂါးကန်သို့၊ လျင်ထန် ထုတ်ချောက်၊ သွားလေရောက်သည်။ ။**ဝမ်းမြောက်မပင်-မပန်းတည်း။**

**၁၄။ ရေကန်ဒွါရ၊** စောင့်နာဂလည်း၊ ဆီးဆ ကြိုဆို၊ လက်ကိုကိုင်ဖြီး၊ မိမိသခင်၊ ရေနတ်ရှင်သို့၊ ရောက်အောင်ပို့၏၊ နှစ်လိုသာရှင်၊ ရေနတ်ရှင်လည်း၊ ဆောလျင်ကြောင်းလမ်း၊ မေးစုံစမ်း၏၊ ကြိုးပမ်းဆောက်တည်၊ ခုလာသည်ကား၊ သွယ်ရှည်ကြီးလှ၊ နတ်-ပါသကို၊ တောင့်တအာသာ၊ ရှိ၍လာ၏၊ ရေးရာရှိကြိုက်၊ အခိုက်အတန့်၊ မတွန့်မညှာ၊ ပေးနှင်းပါဟု၊ သာသာပျောင်းပျော့၊ တောင်းပန်ချော့သော်၊ ယူတော့အဘ၊ ကိစ္စမူရာ၊ ပြီးသောခါကား၊ လွှတ်ပါလိုက်မင်း၊ ကြာမတင်းဟု၊ ညင်းညင်းချီး၊ ဆို၍ပေးက၊ မခနေးလျှင်စွာ၊ ယူခဲ့လာ၍၊ သာယာလှမော၊ ကြာမျိုးပြောသည်၊ သီတောဒက၊ ချမ်းမြအလွန်၊



ကန်၏လက်ယာ၊ လတာရမ္မ၊ မည်ရချုံနွယ်၊ အောင်ခြိုးဝယ်နိုက်၊ မြော်ရှယ်ငံ့တွေ၊ စောင့်နေလေ၏၊ ရွှေမြေသခင်၊ နတ်ရှင်သည်းချာ၊ သူဇာတကွ၊ အစ်မခြောက်ပါး၊ စံထားယဉ်နု၊ မင်းတစုလည်း၊ ပျော်မူချိန်သင့်၊ တန်သည်နှင့်လျှင်၊ ချီးမြှင့်နှိုးဆော်၊ ကိုယ်လုပ်တော်တို့၊ ထိပ်ပေါ်လက်**ထား**၊ ပျောက်သောအားဖြင့်၊ ထွတ်**ထား**မှန်ကင်း၊ ဘနတ်မင်းကို၊ ဝပ်စင်းညွတ်ခေါက်၊ ကြိမ်ကြိမ်ပျောက်သည်။ ။**ရှိမြှောက်ကြာမှုံ-ပွင့်လန်းတည်း။**

**၁၅။ ခြောက်ပါးပေါက်ဘော်၊** သွားလိုသော်လည်း၊ ရှုမြော်ကြင်နာ၊ ဘသည်းချာသည်၊ သူဇာမင်းငယ်၊ နေရစ်မယ်ဟု၊ ဘုန်းကြွယ်ဒေဝ၊ မိန့်တော်ဟသော်၊ ကျွန်ုပ်မလည်းရှင်၊ လိုက်ချင်စိတ်က၊ ရှိပါလှဟု၊ ညွတ်ခတောင်းပန်၊ ထပ်ပျောက်ပြန်၍၊ အလွန်ငါးရာ၊ သုံးထောင်ပါသည်၊ ရံကာဝန်းပတ်၊ လှမြတ်စံထား၊ ခုနစ်ပါးတို့၊ ထူးပြားတန်ဆာ၊ ရတနာတိ၊ ရှေးခါကထက်၊ လွန်ကဲတက်၍၊ ဖြိုးပြက်ရောင်ထင်၊ တန်ဆာဆင်လျက်၊ သဘင်ယဉ်နု၊ သီတုဒက၊ လွန်လှသာယာ၊ ကန်မြတ်မှာသို့၊ သက်လှာပည်းဖြင်၊ ရှင်ခြိုးရှင်၍၊ ဆင်ယင်ပန်းမန်၊ ချိန်သင့်တန်သော်၊ ဘုန်းဗျန်ထွတ်တင်၊ ဘခင်နတ်ကျော်၊ မယ်တော်နတ်ထက်၊ မျက်တော်ထွက်၍၊ ဖြူညက်နုနု၊ တစုထိပ်ခေါင်၊ ရွှေတောင်ရွှေရှု၊ မြန်တော်မူဟု၊ ကြည်ဖြူညွတ်တုပ်၊ ကိုယ်လုပ်တော်များ၊ ပျောက်သောအားဖြင့်၊ များသည်ရွှေဘော်၊ စုရုံးဆော်၍၊ တိမ်ပေါ်မြင့်ဖြူး၊ ပျံယူးယူးဝယ်၊ ဘီလူးအလား၊ မူဆိုးသားလျှင်၊ ချုံကြားကသာ၊ ထွက်တည့်လာ၍၊ တေဇာကြီးလှ၊ ဒိဗ္ဗပါသ၊ မည်ရတွင်ခြင်း၊ နတ်ကြောကွင်းနှင့်၊ လျှင်ပြင်းတည့်တည့်၊ ပစ်လွှတ်ထည့်သော်၊ ရွှေမည့်ဆင်းဝါ၊ မင်းသူဇာ၏၊ လက်ယာလက်**လှ**၊ ဖြူရှုရှုကို၊ **လှ**မြိုးအနေ၊ ပတ်မိလေသည်။ ။**မပြေခတ်သော့-မယွန်းတည်း။**

**၁၆။ ရှတ်ခြည်းစီစီ၊** ကြော့ကွင်းမိသော်၊ မချိနာကျင်၊ မမြင်မျက်စိ၊ မသိမည်မှန်း၊ ပင်ပန်းမူလည်း၊ မျက်ရည်စီးဖြာ၊ ယူပါအလို၊ ဟန်ဆို၍သာ၊ ရန်းရင်းရှာ၏၊ ရံကာပည်းသီ၊ ဟာရီကစ၊ အစ်မတော်များ၊ မင်းခြောက်ပါးလည်း၊ လန့်ကြားပျံတက်၊ ကောင်းကင်ထက်က၊ ဖြူညက်နုနဲ့တို့သက်စုသည်၊ ရွှေဥရွှေရည်၊ ဘယ်ဖြစ်သည်ဟု၊ သံကျည်ဟစ်ဆိုရင်ကိုတီးလျက်၊ ဆင်းကြသက်၍၊ ပိုက်ဘက် ကိုယ်ပူး၊ချီးယူးယူးဝယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထူးရှပ်ဝါ၊ မှုဆိုးလာသော်၊ လိပ်ပြာအသက်၊ စဉ်လှူထွက်မျှ၊ ကြောက်ချက်ကြီးစွာ၊ ဖိမ့်ဖိမ့်**ပါ**လျက်၊ ယူ**ပါ**ယူပါ၊ ဟစ်ကြော်ရှာ၍၊ ကိုယ်ဝါရောင်မြူး၊မင်းခြောက်ဦးနှင့်၊ချစ်ကျူးလွန်တောင်း၊ ခြွေရံပေါင်းလည်း၊ သောင်းသောင်းလန့်ပြို၊ အို-အို-ထိပ်တင်၊ မင်းရှင်တို့မိ၊ သိရိရောင်မြူး၊ တို့ထိပ်ဦးကို၊ ဘီလူးဇရော၊ မသာမ**ကြည်**၊ စားတော့မည်ဟု၊ **ကျည်ကျည်**ဟစ်လျက်၊ ကောင်းကင်ထက်က၊ ရှိလက်စုံပူး၊ တင်ထိပ်ဦး၍၊ ဘီလူးမင်းတော်၊ ပြိုင်ဘော်အကျ်ရှား၊ တို့ထိပ်ထားကို၊ စားပါတည့်နှင့်၊ ထိပ်တင့်ကိုယ်စား၊တို့များတကာ၊ စားခံပါမည်၊ ဥစ္စာပုံယင်၊ လိုချင်လျှင်လည်း၊ မျက်ရှင်ပတ္တမြား၊ ပြယား ဆယ်လေး၊ ပေးပါရတော့၊ လွှတ်ပါတော့ဟု၊ ချော့မော့ချီသာ၊ တောင်းပန်ထွာသည်။ ။ **သံဝါပဲ့တင်-ရိုက်မွန်းတည်း။**

၁၇။ **ထိုသို့သောခါ**၊ ရှပ်ဝါဆိုးရွား၊ မုဆိုးသားလျှင်၊ လေးမြားရည်ကာ၊ ကမ္ဘာပျက်မီး၊ ပူညီးညီးသို့၊ သံကြီးဟစ်ဝေါက်၊ မြိမ်းပြန့်ချောက်သော်၊ ထိတ်ကြောက်ပြင်းကာ၊ သည်းစွာအုတ်ကျက်၊ တပြိုင်နက်လျှင်၊ ရင်လက်ခတ်ထု၊ မြောသေလူမျှ၊ ရှေ့ဥရှေ့သား၊ ထိပ်ထားမင်းလျာ၊ ဖြစ်ရလေခြင်း၊ လွန်မင်းတွေလာ၊ တို့ကြမ္မာဟု၊ ညီညာစုရုံး၊ နတ်အလုံးတို့၊ ညှိုးချုံးပူဆာ၊ ပြန်ကြည့်ကာပင်၊ ကြံရာမရ၊ သွားလေကြ၏၊ ကဏ္ဍလိစ္ဆ၊ နေသာဒလည်း၊ ဒိဗ္ဗပါသ၊ ကြော့ကွင်းစကို၊ မြဲးလှလက်စွဲး၊ကိုင်လှာဆွဲး၏၊ အကျ်ရှုံးပြိုင်တု၊ ယဉ်ပျောင်းနုသည်၊ ရွှေဥရတနာ၊မင်းသုဇာကား၊မှန်စွာမချွတ်၊ဘီလူးမှတ်လျက်၊ရွှတ်ရွှတ်အလျှင်၊ စားမည်ထင်၍၊ ကြောက်ငြင် လွန်ကျူး၊ ဖိမ့်ဖိမ့်မူးမျှ၊ ဘီလူးမင်းရှင်၊ ပူပင်ပြင်းပြ၊ ကျွန်တော်မကို၊ ကိုယ်က စားပါ၊ ညှာတာထောက်ချင့်၊ စားပါနှင့်ဟု၊ မပွင့်သံချီ၊ ကြောက်စွာဆိုသော်၊ သန်ကိုယ် စွမ်းအား၊ မုဆိုးသားလည်း၊ လျောက်ထား သာကြည်၊ ကျွန်တော် သည်ကား၊ စွယ်ရှည်မြူးထူး၊ဘီလူးမဟုတ်၊ ကျင့်ယုတ်မိဿ၊ တောသာလှည့်လျှီး၊ မုဆိုးချီးဟု၊ခြုတ်နီးကြည်လင်၊ လျောက်ဦးတင်သည်။ ။**ဝမ်းရွှင်ပီတိ-သာလွန်းတည်း။**

၁၈။ **သို့လျှောက်သောခါ**၊မင်းသုဇာမှာ၊ သက်သာစိတ်က၊စိုးစဉ်းရ၍၊ ပွက်ဟသံချီ၊ ဆိုသည့်ရှုံစိုး၊မောင်မုဆိုး····၊ ကျင့်ရိုးတံထွာ၊မောင်တို့မှာကား၊ ရောင်းရာစားအို၊ နှစ်လိုစုံမက်၊ သားငှက်ကိုသာ၊ ဘွေရှာ



ကြမြဲး၊မလွဲးစင်စစ်၊သဘောဖြစ်လျက်၊ မနှစ်သက်ရာ၊ ဘွေရှာ ဆန်းပြား၊ တို့သွေးသားကို၊ စားလည်း မကောင်း၊ ရောင်းလည်း မစွံ၊ဝေးလံပါးနီး၊ ယှဉ်မှီးမကွာ၊ စေပါ မရ၊ ဘယ်မှ အကျိုး၊ ရှိနိုးမဲ့လစ်၊ တို့အဖြစ်က၊မချစ်ကြည်လင့်၊ လူနှင့်တကွ၊ ပေါင်းနေရသော်၊ ကာလ မရှည်၊ သေတော့မည်ကို၊ ကြံစည်ဆင်ခြင်၊ ဘယ်ကျိုးမြင်၍၊ သို့စင် လုံ့လ၊ ဘမ်းချင်ရဟု၊ ကြိုင်ပျပန်းတူ၊ မိန့်တော်မူသော်၊ ကြည်ဖြူ ထဲးသံ၊ မုဆိုးကြံ၍၊ လွှတ်စံတင့်ထွတ်၊ သည်နတ်မြတ်ကို၊ ချစ်မှတ်အိမ်နေ၊ ငါပြုချေသော်၊ မရေရာပင်၊ သည်နတ်ရှင်လည်း၊ ရက်ဖြင် မကြာ၊ သေပေရာ၏၊ ငါလည်းခြေကျိုး၊ နှုမျိုး ထူးလည်၊ နှုရည် စက်စက်၊ နှုမျိုး ထွက်၍၊ နေ့ရက်မကြာ၊ သေရရာဟု၊ လိမ္မာတွေးဆ၊ ယူမိကလျှင်၊ ရာဂတပ်ငြိ၊ မရှိသေ့တွေ၊ ပျောက်ကင်းလေ၏၊ ရိုသေ မေတ္တာ၊ စေတနာသည်။ ။**ကြင်နာဖြစ်တွေ-တဆန်းတည်း။**

၁၉။ **သို့မှတတည်**၊ ကြံပြန်သည်ကား၊ ရှေ့ရည်ဆင်းမြင်၊ သည်နတ်ရှင်ကို၊ သို့စင် လုံ့လ၊ ဖြုံ၍ရမှ၊ လက်က ငါသည်၊ လွှတ်ပြန်မည်ကား၊ ကြံစည်အားကြိုး၊ လုံ့လ **ကျိုး**သည်၊ ရှိနိုးမဲ့လစ်၊ ချည်းနှီးဖြစ်အံ့၊ ဘုန်းသစ်တက်ပွါး၊ တို့ရှင်သားကို၊ ညွှတ်တွားကော်ရော်၊ ဆက်ရသော်ကား၊ အကျော်လည်းငြား၊ နှစ်ပါးသင့်သည်၊ ဖြစ်တော့မည်ဟု၊ ကြံစည်ရရ၊ အဟုတ်ကျ၍၊ညွှတ်ခသာကြည်၊လျှောက်စသည်ကား၊ထက်ပြည်က လာ၊ နတ်တကာတွင်၊ကိုယ်ဝါရောင်ဖြိုး၊ လွန်၍မိုးသည်၊ ယဉ်မျိုးထွတ်တင်၊ မင်းလှရှင်····၊ ခဲးအင် သမူ၊ လုံ့လပြု၍၊ ယခုကျွန်တော်၊ ဘမ်းကြောင်းသော်ကား၊ ရည်ရော်ဝမ်းက၊ အတ္တဟိတ၊ ကိုယ့်ကိစ္စကြောင့်၊ လုံ့လ ဘွေရှာ၊ မပြုပါဘူး၊ ကျွန်းချာ ဒီပ၊ သောင်းဌာနတွင်၊ တရာ့ တစင်း၊ ထီးဆောင်းမင်းတို့၊ ဦးကင်းထိပ်ဗွေ၊ အခေါင်နေသား၊ ပရမေဒိဗ္ဗ၊ ရာဇိန္ဒြရာဇာ၊ သာသည်ပါဠိ၊ မည်တော်ရှိသည်၊ လောကီ့သခင်ဘုရင်များထွတ်၊ ကျွန်းလုံးနတ်လျှင်၊ သုဒဿန၊ အယုဇ္ဈသို့၊ ဇေယျမည်သာ၊ ပြည်ကြီးစွာ၌၊ ဒေဝါများထွတ်၊ သိကြားနတ်သို့၊ ကြီးမြတ်ထူးထွေ၊ မရေတွက်ရာ၊ ချမ်းသာတိုင်းမဲ့၊ မန္တဲမသိမ်၊ မင့်းစည်းစိမ်ကို၊ ရိပ်ငြိမ်ကြည်ဖြူ၊ စံတော်မူသည်။ ။**ပြိုင်တူဘက်ကင်း-မိုး၍နှင်း။**

၂၀။ **ထိုကေရာင်**၊ မင်းစစ်ပီစွာ၊ လူ့ထိပ်ချာကား၊ မဟာဥပရာဇာ၊ သာသည်မည်တော်၊ ကြားကျော်ဝေးနီး၊လွှံ့ဝှံ့ချီးသည်၊ သားကြီးရတနာ၊

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လောင်းလျှာကို၊ ရိုက်ရာရွှေရည်၊ စိုးစိမ့်သည်ဟု၊ ချစ်ကြည်ဆပွါး၊ အိမ်ရှေ့ထား၍၊ မွန်ကြားထွတ်တိုင်၊ ဘုန်းနှံ့ကြိုင်သည်၊ လှိုင်သည့်ထိပ်ချာ၊ ဥပရာကား၊ အံ့ရာထူးပြား၊ အပါးပါးပင်၊ ယောကျ်ားမိန်းမ၊ ဟူသမျှတို့၊ များလှပေါင်းရုံး၊ စိတ်နှလုံးကို၊ ယုကျုံးဖျော်ဖြည့်၊ ဆောင်ဘိ၏သို့၊ ကြည့်၍ မျက်တောင်၊ မညောင်းညောင်သည်၊ ထွန်းရောင်အဆင်း၊ တင့်တယ်ခြင်းနှင့်၊ ပုံရှင်းလှိုင်ကျော်၊ အသံတော်လည်း၊ နာပျော်ဘွယ်သာ၊ သာယာပြေပြစ်၊ ကျစ်လျစ်ခြင်းက၊ စသည်ကျေးဇူး၊ အထူးဂုဏ်အင်၊ မြော်မြင်ပညာ၊ ဘုန်းအာဏာနှင့်၊ ပြစ်ဆာမြူရစ်၊ကင်းသည်ဖြစ်၍၊ မှောင်လှစ်ပယ်ထွန်း၊ နေလ**ဝန်း**သို့၊ ထက်**ဝန်း**နှံ့မျှ၊ ကျော်ပေါက်ပြန့်၏၊ ကာလမီး မိုး၊ ယဉ်မျိုးစစ်သူ၊ စိတ်တော်မူကား၊ ရိပ်ဖြူဆောင်းချင်း၊ အမင်းမင်း၏၊ ရင်တွင်းသည်းချာ၊ များလှစွာပင်၊ ကညာနုရွ၊ လှသည်ယဉ်ပျောင်း၊ မိုပေတောင်းကို၊ မကောင်းသည်သာ၊ ဘုန်းဝါပွင့်လူ၊ ထင်တော်မူ၍၊ ဖြိုင်တူမဲ့နိုး၊ မိုးထက်မိုးရာ၊ နတ်ကိုသာလျှင်၊ ဘွေရှာရစေ၊ နင်ကြိုးလေဟု၊ ဘုန်းနေထွန်းညီ၊ ဗျာဒိတ်ရှိ၍၊ သိရိထွန်းပ၊ မင်းရှင်လှကို၊ လုံ့လကြီးစွာ၊ ဘမ်းဝံ့ပါသည်။ ။**ကိုယ်တာကိုယ်ခင်း-မဟုတ်လျှင်း။**

**၂၁။ ယင်းသို့သံချို**၊ မှုဆိုးဆိုသည်၊ရွှန်းပျိုပွင့်လျှာ၊ မဟာဥပရာဇာ၊ သာသည်မည်ခေါ်၊ နာမတော်ကို၊ ရွှေလျှော်ဆင်းပြင်၊ မင်းရှင်ဖြူအိ၊ ကြားသည်ရှိသော်၊ ဇာတိရှည်စွာ၊ သံသရာက၊ မြတ်ပါရမီ၊ "ဆယ်" "**သုံး**"လီကို၊ တူပြိုင်စုံမက်၊ ဖြည့်ကြဘက်လျှင်၊ ဆက်ဆက်မှန်စွာ၊ ဝါသနာထုံငွေ၊ လှိုင်ပျံ့၍တည့်၊ အိမ်ရှေ့မဟာ၊ ဥပရာသို့၊မေတ္တာလွန်ပြင်း၊ ကြင်နာခြင်းသည်၊ ရိုးတွင်းဝယ်သာ၊ ခြင်ဆီမှာ၌၊ သေချာစွဲနေ၊ တည်လျှင်းလေ၏၊ မပြေမြဲးပင်၊ သို့ဖြစ်လျှင်တည့်၊ သခင်မျက်နှာ၊ ပွင့်ရွှေကြာကို၊ လျှင်စွာခုပ၊ မြင်ချင်လှ၏၊ ငှက်ကြ အာဘော်၊ သို့ဖြစ်သော်လည်း၊ မလော်လည်ကြ၊ မင်းမိန်းမတို့၊ တည်ပ သိပ်သည်း၊ ချုပ်တည်းသေချာ၊ စောင့်စရာကို၊ ညှာ၍တကြောင်း၊ မွဲးယောင်းရုပ်ပြင်၊ မုဆိုးသွင်ကို၊ မြင်တိုင်းပင်သာ၊ ကြောက်စွာလှ၍၊ ယဉ်မြွေသာချီ၊ ဆိုသည်ပုံကြွယ်၊ ဘကြီးငယ်....၊ သည့်နှယ်ဘာခင်၊ ပြောဆိုလျှင်မူ၊ မစင်ကြယ်လွန်း၊ ပြောက်စွန်းသမ်းညို၊ ထိုဇာတ်ကိုလည်း၊ ဇူက်သိုဘဲသာ၊ပြောပါတော့မည်၊ တို့သည်မှန်စွာ၊ အာကာသဇိုင်း၊ နတ်မျိုးမြတ်ထွတ်၊မဟုတ်



တတ်ချေ၊ ရွှေမြေထွန်းပ၊ ပဒ္ဒတဝယ်၊ ဖြူဟမ္မည်သာ၊ ကိန္နရာသာ၊မှန်စွာမသွေ၊ ဖြစ်ပချေသည်။ ။**မြိုးနေပြောင့်စင်း-တို့ကြောင်းရင်း။**

**၂၂။ သို့ဖြစ်၍ဆို**၊ ငါ့ကိုအလျင်၊ ဘ သခင်သို့၊ ခေါ်ငင်သာပျော်၊ ပို့ဆက်သော်လည်း၊ စိတ်တော်မချိုက်၊ မကြိုက်ချေဘူး၊ စူးစူးမှန်၏၊ သို့ဖြစ်သည့်ကြောင့်၊ ဖျော်ဖြည့်မေတ္တာ၊ကြင်နာလေးမြတ်၊ငါ့ကိုလွှတ်၍၊ အထွတ်မြင့်မှာ၊ မြတ်ရာရာကို၊ဘွေရှာအရ၊ရှာလုံ့လ၍၊ ညွတ်ပျပျောင်းပျော့၊ ဆက်ပါတော့ဟု၊ ချော့မော့သံချို၊ မိန့်ဟဆိုသော်၊သန်ကိုယ်စွမ်းဟုန်၊ ဂဠုန်နဂါး၊ ခြင်္သေ့ကျားကို၊ လေးစားမမူ၊ ခွေးသာ ယူသည်၊ ကြီးထူဗလ၊ မုဆိုးကလည်း၊ မင်းလှအရှင်၊ သို့စင်ကဲ့မိုး၊ ဘုန်းတန်ခိုးနှင့်၊ တူရိုးမထင်၊ ဖြစ်လျက်ပင်ကို၊ ထွတ်တင်မြင့်ညာ၊ အာကာသဇိုင်း၊ မြတ်မျိုးဘုန်းထူး၊ မှတ်ချေဘူးဟု၊ ညွှန်းနုံးပုံကြူ၊ မိန့်တော်မူသော်၊ လွယ်ကူချမ်းသာ၊ ဘယ်ကြောင်းခြာဖြင့်၊ အာကာမိုးဝ၊ ပုံနိုင်ရဟု၊ ညွတ်သောလျှောက်၊ မုဆိုးလျှောက်၏၊ လျှံတောက်ဝင်းဝါ၊ ရွှေတောင်သာဝယ်၊ ကိန္နရာမျိုး၊ စဉ်ရိုးနွယ်မြစ်၊ တို့အဖြစ်ကား၊ စင်စစ် မချွတ်၊ အတတ်ပညာ၊ ကျေးဇူးပါသည်၊ တန်ဆာရောင်ချက်၊ သည်ဘယက်ကြောင့်၊ အထက်အာကာ၊ ပုံနိုင်ပါရှင့်၊ တန်ဆာရောင်ထင်၊ သည်-မဆင်က၊ ကောင်းကင်မြင့်ဖြူး၊ ပုံနိုင်ဘူးဟု၊ စူးစူးပင်ကို၊ ဟုတ်တိုင်းဆိုသည်၊ ။**သံချိုပုံညင်း-တော်ပြောင့်စင်း။**

**၂၃။ ယင်းသို့ဆိုလျှင်**၊ ကြည်လင်ညွတ်ရှိ၊ မုဆိုးဆို၏၊ မြတ်ကိုယ်တော်လုံး၊ ယဉ်မျိုးကျုံးသည်၊ ယဉ်ဆုံး စံတင်၊ မင်းလှရှင်....၊ မြေပြင်ကျွန်းပေါ်၊ ပတ်ယှဉ်ကျော်သည်၊ ကျွန်တော်တို့ရှင်၊ ဘုန်းအင်ကြီးလွှ၊ အိမ်ရှေ့ထွတ်ထား၊ ဘုရားဖွေငေါ်၊ ဗျာဒိတ်တော်မှာ၊ လှကျော်ဆင်းဝါ၊ နတ်ကိုသာလျှင်၊ ဘွေရှာရစေ၊ မိန့်ရှိပေ၏၊ ထိပ်ဗွေမိုးထွတ်၊ အာကာနတ်မှ၊ အမြတ်စံတည်၊ ငါမှတ်မည်ဟု၊ ဆောက်တည်မြဲးချက်၊ ဟမြွက်မိန့်လေ၊ သို့ဖြစ်ဗွေကြောင့်၊ ဖြူရွှေဝင်းရွှ၊ မင်းရှင်လှလည်း၊ စိတ်ချလွယ်ကူ၊ လိုက်တော်မူတော့၊ ကြည်ဖြူသာပျော်၊ လိုက်ရောက်သော်လည်း၊ တွေးခေါ်ဝမ်းက၊ သံမြိမ်းမျှလျှင်၊ ကြောင့်ကြစရာ၊ မရှိပါဘူး၊ ရတနာစိတ်၊ ပြာသာဒ်လျှံပြောင်၊ နန်းဆောင်ဆောင်ထက်၊ ဝန်းပြောင်ရံပြီး၊ မင်းသမီးတည့်၊ ဖြင်းညီးပည်းသိပ်၊ ရှစ်သောင်းထိပ်ထိုး

www.burmeseclassic.com

www.burmeseclassic.com



နင်းနှိပ်ထွတ်တည်၊ စံမည်ကိုသာ၊ အောက်မေ့ပါတော့၊ ဟေမာမည့်မှတ်၊ ဂိရိထွတ်သို့၊ ဖြူမွတ်ဝင်းကြည်၊ ပြန်ဦးမည်ကို၊ အခြည်မြွက်မျှ၊ မိန့်ဟသာချို၊ မဆိုပါနှင့်၊ ချမ်းသာသင့်၏၊ မြနှင့်-စံရွှေ၊ လနှင့်-နေသို့၊ မကွေတူကွ၊ ဥက္ကံသဝယ်၊ တင့်လှရှန်းပျို၊ စံမည်ကိုလည်း၊ ကျွန်အိုဒုလျှင်၊ မသေခင်က၊ သာရှင်ဝမ်းသာ၊ မြင်ချင်ပါသည်။ ။**သေချာမြောင့်စင်း-ငြိတွယ်ကင်း။**

၂၄။ **သို့လျှောက်သောအခါ၊** သူဇာမင်းလှ၊မိန့်ဟသာကြည်၊ဆိုပြန်သည်ကား၊ တောလည် ရှာလျှိုး၊ ဘမူဆိုး....၊ မြတ်နိုးကြည်လင်၊ သာရှင်သာဖြား၊ ဘ စကားသည်၊ မမှားမသွေ၊ မှန်ပေနိုင်မျှ၊ ကောင်းပေလှ၏၊ ဒေါသမထင်၊ သို့ပင်သော်လည်း၊ ရှုမြော်နှောင်လာ၊ သံသရာကို၊ ထောက်ညှာသမှု၊ အကြောင်းပြု၍၊ ယခုငါ့ကို၊ ကြည်ညိုထဲ့ပိုက်၊ လွှတ်ပါလိုက်တော့၊ နှစ်မြိုက် သာဖြည်း၊ လွှတ်ကတည်းကို၊ ကျော်သည်းပတ်ဝေ့၊ အိမ်ရှေ့မင်းနား၊ ကြားပေလားဟု၊ ပျံ့ရှားလှိုင်ချို၊ မိန့်ပြန်ဆိုသော်၊ ကြည်ညိုမြတ်နိုး၊ မဆိုးလိမ္မာ၊ လက်ခါလျှာထုတ်၊ ပွက်နှုတ်ကျေပွန်၊ ဆိုစဟန်ကား၊ ငါးကြွန်စုံအင်၊ မင်းလှရှင်....၊ သို့စင်ထွေပြား၊ သည်စကားကို၊ ရွှေသားနှုဝါ၊ မမိန့်ပါနှင့်၊ သမ္ဘာရဲ့ရင့်၊ ဆင့်ဆင့်မြင့်သည်၊ တို့ရှင်ဘုန်းတော်၊ အာနုဘော်ကား၊ ကျူးကျော်လွန်စွာ၊ မကြားရာလည်း၊ ဘွေ့ရှာစေ့ရေ၊ ကြာတတ်ချေ၏၊ တောခြေလှည့်ရစ်၊ သည်မှာဖြစ်၍၊ စင်စစ်နားတော်၊ မကြားသော်လည်း၊ ထွန်းပေါ်ဘုန်းတောက်၊ သစ္စာချောက်၍၊ ညှိုးခြောက်ခန္ဓာ၊ ရက်တာမရှည်၊ သေတော့မည်ရှင့်၊ မြီးပင့်စွဲကိုင်၊ အပြီးတိုင်ပင်၊ ဘက်မြှင်မရှည့်၊ မင်းရွှေမှည့်ကို၊ လွှတ်မည့်အရာ၊ မထံ့ပါသည်။ ။**ရေးရာကြံခင်း-ခဲလွန်မင်း။**

၂၅။ **သို့ကိုလက်မှာ၊** ကြိုးကိုသာလျှင်၊ လွှတ်ပါအလျင်၊ နာကျင်ပြင်းပြ၊ စပ်ကျိန်းလှဟု၊ ဝင်းရွှဖြူအူ၊ မိန့်တော်မူသော်၊ လွယ်ကူလျင်ပြင်း၊ သည်ကြော့ကွင်းကို၊ မြော်တင်းမထင်၊ လွှတ်တည့်လျှင်သော်၊ မင်းရှင်ယဉ်မြွေ၊ ပျံ၍မသွား၊ ခဲ့ပြီလားဟု၊ မြသားရောင်မြူး၊ ဘယက်ကြူးကို၊ စူးစူးဆောက်တည်၊ ချွတ်တော့မည်ဟု၊ ရှေ့ရည်ချဉ်းက၊ မင်းအူရှမှာ၊ ကြောက်လှ၍ရှာ၊ စက်ဆုပ်စွာကို၊ ဆုတ်ပါဆုတ်ပါ၊ ထိုမှာကနေ၊ လိုလိုဖြေ၍၊ ဖြည်ထွေသာကြည်၊ ပေးပါမည်ဟု၊ ရောင်ခြည်



လက်လက်၊ မြဘယက်ကို၊ ရွှေလက်မွတ်မွေး၊ ချွတ်၍ပေးမှ၊ မနှေးလျင်လျား၊ မူဆိုးသားလည်း၊ ရှင်အားရယ်ပြုံး၊ လှမ်းယူဆုံးမှ၊ ရစ်ထုံးသေသတ်၊ နဂါးပတ်ကို၊ ကိုင်းညွတ်ရှိသေ၊ အသာဖြေ၍၊ မြေချင်လျင်ပြင်း၊ နတ်ကြော့ကွင်းလည်း၊ ရပ်တင်းမနေ၊ နဂါးမြေသို့။ သွားလေထုတ်ချောက်၊တိုင်လေရောက်၏၊ ထိုနောက်ခဏ၊မင်းလှမဥ္စူ၊ ကြွတော်မူ၍၊ ဖြူအူ နုထွား၊ မြေဝယ်သွားသော်။ တိမ်းပါး ယိမ်းနွဲ့၊မချိခဲ့၍၊ ကျိုးမဲ့မရှည်၊ သေတော့မည်ဟု၊ ငိုမြည်မိန့်ဟ၊ ထွေထွေတသော်၊ရှေးကဖြည့်ညီ၊ ပါရမီကြောင့်၊ ရှုအိမ်မငြိုး၊ ခရီးလမ်းပါး၊ နှစ်ဘက်နားမှ၊ ထူးပြားလှတင့်၊ အပွင့်ချပ်ရုံ၊ ပန်းဝတ်ဆံတို့၊ သာစံ စီရင်၊ လမ်းအပြင်ကို၊ ဇးရှင်ပေါက်ပြ၊ ခက်လှာကျသည်။ ။**ပုညတော်ရင်း-ကျူးလွန်သင်း။**

၂၆။ **ရှေးဘုန်းသမ္ဘာ၊**ထင်ရှားစွာလျက်၊အရာထူးထွေ၊သွားရလေက၊ စွဲ့ရေရှုတ၊ နှုတ်တော်ဟ၍၊ မင်းလှသူဇာ၊ ငိုခြင်းမှာကား၊ ဟေမာဂီရိ၊ တွင်မည်ရှိသည်၊ ထွန်းညီထိန်ပြောင်၊ရွှေသားတောင်ကို၊ ထွတ်ခေါင်ပိုင်သ၊ အစိုးရသည်၊ မွေးဘာဘုရား၊ ငါ့ထိပ်ထားနှင့်၊ ညာဖျားတောင်တင်၊ မကြီးရှင်သည်၊ လျင်လျင်ရှုကြည့်၊ မြင်ပါလှည့်လော့၊ ရွှေမှည့်နှိုင်းပြီ၊ မင်းဟာရီက၊ သိဂီဆင်းဝါ၊ မင်းစိတ္တာနှင့်၊ ရာမာခေါ်တွင်၊ မင်းရှင်ကညာ၊ ရမ္မာမင်းလှ၊ မရနွှန်းရာ၊ မင်းပိယာတို့၊ မေတ္တာလွန်ကဲ၊ ရှုမရဲသည်၊ ကြင်မြိုး ဖျော်ဖြည့်၊ ကြင်ပါလှည့်လော့၊ ရောင်ခြည့်စတေ၊ ဘုန်းဝေလျှံလန်း၊ ပြာသာဒ်နန်းဝယ်၊ ရွှေဝန်းများဖြင်၊ ရှိဦးတင်လျက်၊ ကြမ်းတွင်ခြေမျှ၊ ကျစေရဘဲ၊ ကျူးကဲရောင်စိုင်၊မြဖထိုင်ထက်၊ ဇးလှိုင်ပျံ့စွာ၊ မြမွေ့ရာကို၊ ညိဝါလျှံလည်၊ မြချည်ချောညက်၊ မြထည်ကြက်၍၊ အထက်မျက်နှာ၊ကြက်သည်မှာလည်း၊ ခါသာမြထည်၊ ထူးမွတ်သည်ကို၊ ပတ်လည်သုံးထပ်၊ ဆင့်ကြာယပ်နှင့်၊ လျှပ်လျှပ်ရောင်ဖြာ၊ တန်ဆာရှန်းမြွေ၊ တနေ့ဆယ်လ၊ မကဘဲးနှင့်၊ လွန်ကဲထူးလည်၊ စံရသည်ကို၊ အတည်မမြဲး၊ဘဝလှဲ့သို့၊ခက်ခဲးကြံရာ၊ မယ့်ကြမ္မာသည်။ ။ **ပူဆာလွန်မင်း-ဖြစ်ရခြင်း။**

၂၇။ **မဖြစ်တောင်းပင်၊** သို့ဖြစ်အင်ကို၊ အရှင်ထိပ်ထား၊ မဘုရားတို့၊ မျက်ဝါးရွှေရှု၊ မြင်တော်မူသော်၊ ဆာပူဒွေ့ဒွေ့၊ မော၍လှိုက်ပွက်၊ ဝိညာဉ်သက်ပင်၊ ထွက်တော့မည်ပ၊ခုကိုမျှလည်း၊ မင်းလှခြေအာ

www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ ထံတော်ရောက်၍၊ နှောင်းအောက်မယ်သာ၊ မပါကျန်ရစ်၊ ဖြစ်သည့်ကြောင်းလျား၊ ခြင်းရာများကို၊ ကြားသည်ရှိက၊ မချိဝမ်းဝယ်၊ ပူမျိုးကြွယ်၏၊ ဘယ့်နှယ်တူးလည်၊ ဖြစ်လိမ့်မည်မျှ၊ ဆောက်တည်ပြီးတိုင်၊ သိနိုင်ပြီဘူး၊ ထိပ်ဦးသည်တင်၊ ဘ–ရှင်ပင်နှင့်၊ မ–ရှင်ဘုရား၊ ထွတ်ထိပ်ထားကို၊ ဖန်များစေ့ရေ၊ အထွေထွေပျှင်၊ ရှာဖွေကြောင့်ကြ၊ လွမ်းလှပါ၏၊ သက်မျှကြင်လေး၊ မ-ရှင်မွေးသည်၊ ရင်သွေးတူပေါက်၊ ခုနစ်ယောက်တွင်၊ နှောင်းအောက်မြင့်လှ၊ မယ့်ကိုသာလျှင်၊ မေတ္တာကြီးအင်၊ ကျူးပြန်ကျင်၍၊ မမြင်ရကာ၊ ခဏာကွာက၊ ဖျာဖျာတက်စေ၊ နန်းလုံးဝေမျှ၊ ရှာဖွေဖျဖျ၊ ဒေါ်နေကျကို၊ ရှေးကကြမ္မာ၊ ဝိပါက်ပါ၍၊ တသာဆိုးလှ၊ ကွေကွင်းရသော်၊ ရူတာဖျော်ဖြေ၊ ပြေနိုင်မည်လား၊ စုံပြားမြိုင်သာ၊ ဟေမဝါဝယ်၊ တေဇာကြီးထွတ်၊ တောဆိုးနတ်တို့၊ လေးမြတ်မေတ္တာ၊ ကယ်မပါလော့၊ ဝမ်းမှာလှိုက်လှ၊ သေလှမျှပင်၊ ကျွန်မ,မတည်၊ လွမ်းမူးလည်သည်။ ။ဖြေဆည်ဖြည့်တင်း-မတံ့လျှင်း။

၂၈။ **ယင်းသို့စဉ်ရှည်၊** ငိုမြည်များစွာ၊ သာသည်သီညင်း၊ ဖွဲ့နွဲ့ခြင်းနှင့်၊ ခင်းသည် လမ်းခွင်၊ ပန်းအပြင်ထက်၊ မရှင်မပျော်၊ နင်းကြွသော်တည့်၊ ခြေတော်နုရွ၊ နူးညံ့လှ၍၊ တမျှတူပြိ၊ ရွှေသိင်္ဂီဝယ်၊ ကျောက်နီလောဟိ၊ စီချယ်ဘိသို့၊ မချိသွေးဥ၊ နှိရီစုမျှ၊ တိမ်းလှုယိမ်းယိုင်၊ အနိုင်ထုထ၊ ပင်ပန်းလှ၍၊ လျှလျှညိုးငယ်၊ ပျော့နွမ်းနယ်သည်၊ တသွယ်ရင်ဖြိုး၊ နုပြန်မိုး၍၊ ပြိုင်မျိုး မဆွယ်၊ သနားဘွယ်လျှင်၊ ကြွနှယ် ညွတ်ခွေ၊ သွားရလေသော်၊ ရပ်မြေဝေးစွာ၊ ရောက်သောခါဝယ်၊ မလ္လိကာရမ္မ၊ အမည်ရသည်၊ ကြိုင်ပျံမွှေးထုံ၊ စံပယ်ချုံကို၊ ငါးစုံအင်္ဂါ၊ ကလျာထွန်းညီ၊ မြင်သည်ရှိသော်၊ မွေးမိမြတ်ဖွား၊ ဘဘုရားနှင့်၊ ဆွေဝါးပေါင်းရုံး၊ အားလုံးတကွ၊ လိုက်လှာကြလျှင်၊ တင်ပြမသွေ၊ မြင်ပါစေဟု၊ သံခြေမှုံရှုန်း၊ မိဌာန်မှန်းလျက်၊ ပွင့်လန်းစံသယ်၊ ချုံခြုံးနွယ်ထက်၊ ရောင်သွယ်ဖြာစီ၊ ဝဇီရဝလယ၊ မည်ရတူးပြား၊ ပတ္တမြားလျှံတောက်၊ လက်ကောက်နှစ်ကွင်း၊ လျှပ်လျှပ်ဝင်းကို၊ မြစ်ကင်းလွတ်ကျွေ၊ တင်ခဲ့ပေ၏၊ မပြေဝှန်ဆူသည်းအူလှပ်လှပ်၊ တန့်ရပ်မတည်၊ မျက်ရည်မစဲ၊ တရွှဲရွှဲနှင့်၊ ဩော်လဲးရှိုက်ရင့်၊ ငိုသည်နှင့်ပင် ရှည်မြင့်ဝေးမြေ၊ သွားရလေသည်။ ။မူးဝေချည့်ချည့်-ပါးပါးတည်း။



၂၉။ **ချည့်ချည့်ပျော့င်းပျ၊** သွားရှာရ၍၊ အသောကဝန၊ သဏ္ဍာတွင်မည်၊ မြိုင်စည်သာမော၊ သာနိုးတောတို့၊ နွဲ့ချောပြင်လျော၊ လွန်ကဲ့လာသော်၊ အုံရာတူးပြား၊ ပတ္တမြားပန်းရည်၊ ဝင်းခြည်ကျူးကျော်၊ သင်တိုင်းတော်ဝယ်၊ သင့်လျော်ပန်းကြီး၊ မကင်းစွဲးသည်၊ တပ်ရွှဲးရောင်တောက်၊ မြကျောက်ရတနာ၊ ရောင်ပြားလှာကို၊ အသာလွယ်ကူ၊ ဥါတော်မူမှ၊ သက်တူတမျှ၊ ချစ်ကျူးလှသည်၊ မွေးဘထိပ်တင်၊ မ-ရှင်တကွ၊ မင်းလှခြောက်ဦး၊ သည်ကကျူး၍၊ မူးမူးမှုံလွင့်၊ လိုက်ပါနှင့်ဟု၊ အိုးချင့်မရ၊ အနဂ္ဃရတနာ၊ ထိန်ဖြာလျှံတောက်၊ စိန်ကျောက်လက်စွပ်၊ လျှပ်လျှပ်ဝင်းဝါ၊ သက်တင်ပါနှင့်၊ အကွရာသေးကျေး၊ လက်တော်ရေး၍၊ ကြိုင်မွှေးပျံ့စွာ၊ နာဂရုက္ခ၊ မည်ရခေါ်တွင်၊ ကံ့ကော်ပင်ဝယ်၊ မြော်မြင်ထင်ရှား၊ ကပ်ခဲ့ထား၏၊ တန့်နားဖျော်ဖြေ၊ မနေသာလှ၊ သွားပြန်ရသော်၊ ဧယျခေါ်မည်၊ ပုရပြည်၏၊ ရံလည်ဝန်းရစ်၊ ကျေးစွန်ဖြစ်သည်၊ အသစ်တည်စ၊ တရုဏာဟု၊ ဂါမမည်သာ၊ ငယ်သည့်ရွာသို့၊ ချမ်းသာသဖြင့်၊ မမြင့်နေ့ရေ၊ ဝင်ရောက်လေ၏၊ အုပ်တွေဖြိုးထု၊ ကြည့်ကြသူသည်။ ။ရှင်လူဝန်းဝန်း-လျှားလျှားတည်း။

၃၀။ **ရွှေတောင့်သခင်၊** နတ်ရှင်သမီး၊ လျှံညီးထွန်းပ၊ ဟာရီစသည်၊ အစ်မခြောက်ပါး၊ သုံးခြားရံကာ၊ ရွှေများမှာလည်း၊ မခွါတည့်ရက်၊ ကမ္ဘာဖျက်သို့၊ အုတ်ကျက်ကျုံကျုံ၊ ငိုသံမတိတ်၊ သောင်းသောင်းထိပ်မျှ၊ ရင်ဆိတ်လက်ထု၊ မြောသေလုလျက်၊ ငဲ့ရှုနောက်ပြန်၊ မျက်စိလွန်သော်၊ ဝေဖှန်ဝင်းဝါ၊ ဟေမာမည်မှတ်၊ ဂီရိထွတ်သို့၊ မတ်မတ်မြောင့်သား၊ ရွှေရှုသွား၍၊ လျှင်လျှားထုတ်ချောက်၊ ရွှေဘုံရောက်သော်၊ ခြောက်ယောက်ရွှေ့မြင်၊ လ-သွင်နှိုင်းဖြိ၊ မင်းဟာရီကား၊ မပီရွှေနွန်း၊ ဟိုက်ရှုပန်းလျက်၊ ဆုမွန်းဗျာပါ၊ ကြောက်စွာပင်ကို၊ ငိုသည်နှင့်ကွ၊ မိနှင့်ဘကား၊ သက်မျှလွန်ကြင်၊ ဘ-ရှင်ပင်နှင့်၊ မ-ရှင်သည်းချာ၊ မင်းသူဇာကို၊ မိစ္ဆာလူမျိုး၊ မူဆိုးတယောက်၊ ကြောက်စချင့်ဘွယ်၊ ချို့ကကွယ်၍၊ ရှည်သွယ်ကြော့ကွင်း၊ ကြိုးတစင်းနှင့်၊ လျင်မြန်းကြော့ပစ်၊ မိလေရစ်ဟု၊ ကြွေးဟစ်သံချို၊ လျှောက်တည့်ဆိုသော်၊ နဂိုရိထွတ်တင်၊ ရွှေတောင့်ရှင်နှင့်၊ လွန်ကြင်မေတ္တာ၊ မိခြတ်စွာကား၊ ဟာ-ဆိုသည်နှင့်၊ မြေသိပ်သင့်သို့၊ ကဲးမြင့်ဖြစ်သုံး၊ ကိုယ်လုံးဖွန်ဆူ၊ ပူ၍ရုတ်ခြည်း၊ ကြမ်းဝယ်လည်းလျက်၊ အူသည်း ရှိုက်ဝေ၊ မိန်းမောလေ၏၊ အုပ်ရွေ



www.burmeseclassic.com

www.burmeseclassic.com



ဖျံ့ဖျူ၊ ချိုမပိုက်လျက်၊ ဆေးဝါးဆက်မှ၊ သတိရသည်။ ။**ထူထဆည့်ဆည်-တားတားတည်း။**

၃၁။ **ဆည်တားထူထ၊** သတိရသော်၊ ဒေဝဓီတာ၊ ထွတ်တောင်ညာကား၊ သည်းစွာဟစ်ပို၊ ဆံကို နတ်ငင်၊ ရင်ကို ခုခု၊ ခတ်ထုနာကျင်၊ ကြမ်းတွင်လူး၍၊ မောမောဋွေ့၏၊ နောက်ရှေ့တွင်းမြင်၊ ရှေ့စင်တောင်လုံး၊ ပတ်ကုံးမှောက်လှန်၊ ကမ္ဘာပြန်သို့၊ သည်းထန်ပြင်းပြ၊ ကြေကွဲးကြမှ၊ မင်းလှသူဇာ၊ကျန်ရစ်ရာသို့၊ ဟေမာဂီရိ၊ ဓိပတိက၊ မွေးမိတကွ၊ အစ်မခြောက်ပါး၊ နတ်များခြွေရွေ၊ ကုန်လေဘနန်း၊ ဘုံးပန်းကြီးစွာ၊ ခြေငင်ကာချည်း၊ ဖြင်ပည်းညိတ်ညိတ်၊ ကောင်းကင်ပိတ်မျှ၊ လိုက်လေကြ၍၊ ချမ်းမြသာကျယ်၊ ရေကန်ဝယ်နိုက်၊ နုနယ်ဆင်းဝါ၊ မင်းသူဇာ၏၊ မွေးရာမည်မျှ၊ မမြင်ရသော်၊ များလှသချာ၊ နတ်တကာတို့၊ မြေမှာတည့်ချည်း၊ လူးကြလည်း၍၊ သည်းမျှင်ယို၊ ထိန့်ထိန့်ပြ၏၊ ရင်ကိုတီးလျက်၊ တို့ထိပ်ရွက်သည်၊ တို့သက်ပမာ၊ တို့ထိပ်ချာကို၊ မိစ္ဆာမှုထား၊ မူဆိုးသားသည်၊ ယူသွားချေပြီ၊ သည်ခါသွားသည်၊ ဖြစ်တော့မည်ဟု၊ မဆည်မတား၊ ကျင်တလျားလျှင်၊ ထက်ဖျားကောင်းကင်၊ မြေပြင်နှံ့မျှ၊ လိုက်လေကြသော်၊ အတုလဒေဝီ၊ မဟေသီကား၊ ဘယ်ဆီညာတိမ်း ယိုင်တယိမ်းလျှပ်၊ မသိမ်းဆံခွေ၊ ဖါးရားဝေနှင့်၊ စေ့ရေသံညင်း၊ ဘွဲ့ငိုချင်းသည်။ ။**လွှမ်းတင်းထွေထွေ-ပြားပြားတည်း။**

၃၂။ **မ-ရှင်ထိပ်မှာ၊** တင်စရာသည်၊ သည်းချာရွှေဥ၊ မယ်ပုလုဝယ်၊ ဘယ်ပြူသို့စင်၊ မ-ကြီးရှင်ကို၊ မကြင်သာလွေ၊ သွားရလေသည်၊ ထင်ရည်ပျော်ပါး၊ ရင်ခွင်ထား၍၊ ညှို့တွားပန်းနွယ်၊ ပါးနုနယ်ကို၊ ညာဘယ်ယုယ၊ မနမ်းရသည်၊ ကြာလှပြီရှင်၊ လွမ်းအင်ကြီးစွာ၊ ထိန်ဝါလောင်နှီး၊ ဝိစိမီးသို့၊ ညီးညီးရုံးခဲ၊ မိဝမ်းထဲမှာ၊ တောက်စွဲးမွှေနှည်၊ လောင်ခဲ့သည်ကို၊ ရွှေရည်ရွှေဥ၊ ရွှေဆင်းတုနွယ်၊ မယ်ပုသည်းချာ၊ ခုကြွလာ၍၊ ချမ်းသာဖျော်ဖြည့်၊ ပေးပါလှည့်လော့၊ ရွှေမှည့်ရတနာ၊ မိအသည်းချာကို၊ သိဂ်ါမြေခင်ရှုန်း၊ ကျောက်စီနန်းမှာ၊ ရံဝန်းအုပ်တွေ၊ များခြွေရွေနှင့်၊ သွားလေရာရာ၊ ကြမ်းမှာလွှမ်းဖုံး၊ လဲးလုံးသိဂီ၊ ဗုဒ္ဓန်ဆီတည့်၊ ထပ်စီရောင်လင်း၊ အပြည့်ဝင်းသော်၊ ဖြူဝင်းနုရွ၊ ခြေတော်လှကို၊ ရှုခဲ့နှီးနှီး၊မိမင်းစိုး၍၊ ပန်းအိုးနှိုတျာ၊ နတ်ဂွမ်းဝါကို၊ ကြိမ်ခါများ



လွှန့်၊ပြန်ပြန်ဆွဲနှစ်[၁]၊ဖန့်ဖန်ဖျစ်၍၊သစ်သစ်ရွှေကာ၊ခင်းစေရန်၏၊ယုယပန်းနွယ်၊ ပျံ့ကြွယ်မွှေးကြည်၊ ငါမွေးသည်ကို၊ ထူးမည်ဖြစ်လား၊ မြေဝယ်သွား၍၊ ဘဝါးနုနယ်၊ ဘယ့်နွယ်ခြင်းရာ၊ ဖြစ်ပါလိမ့်နည်း၊ ပေါင်းစည်းလို့ခြိ၊ ချစ်မျိုးပုံသည်၊ ချစ်ကုံထူးဆန်း၊မိထိပ်ပန်းကို၊သိန့်း,သန့်း,သချော၊ တွက်ရေမရ၊ မက ကောင်းကင်၊ မ-ရှင်လွှမ်းမျိုး၊ မောက်မိုးလျှံ၍၊ ခွေ့ခွေ့မိန့်းမော၊ ခြောက်ချက်ဇောသည်။ ။**လတ်လောသေလူ-ပြီကိုကား။**

၃၃။ **စားလည်းလျှာမှာ၊**တင်ကာ ခဏ၊ကြေညက်မွသည်၊ လွှန်လှရသာ၊ နတ်သုဒ္ဓါကို၊ ကောင်းရာရွေးမှ၊ မရနိုးထင်၊ သီးနှင်ခဲ့နိုး၊ စိုးမိသည်ကြောင့်၊ မ-ရှင်စောင့်လျက်၊ စုံမက်ယုယ၊ ကျွေးနေ့ကြကို၊ ကြမ်းလှယုတ်မာ၊ လူစားရာကို၊ သည်းချာရင်သွေး၊ ငါသာမွေးသည်၊ မယ်တွေးနုထွား၊ ဘယ့်နွယ်ဝါး၍၊ စားပါလိမ့်နည်း၊ စက်လည်းယဉ်နုဝေဋ္ဌရိယ၊ ဖလိုင်မြထက်၊ လိုင်ပျမာလား၊ စက်မွေ့ရာမှ၊ ညှံ့စွာကျူးကျော်၊ ယင်နားသော်လည်း၊ မာချော်မခံ့၊ ကြွံကြွံမတည်၊ ဒီသည်ကိုမျှ၊ မယ်လှနာမည်၊ စိုးရိမ်သည်ကြောင့်၊ သာကြည်စုံမက်၊ မိရင်ထက်ဝယ်၊ နှစ်သက်ပွံ့ပျူး၊ စက်စေဘူးရှင့်၊ လွှန်ကျူးခဲးလှော်၊ ခုသည်သော်ကား၊ ကြမ်းချော်မာဘာ၊ လူ့အိမ်ရာကို၊ ရတနာပုလဲ့း၊ မိလည်ရှဲးသည်၊ ရွှေခဲးဘယ်သို့၊ နှစ်ခြိုစက်ခေါ်၊ ပျော်ပါလိမ့်မည်း၊ ဖြင်ပည်းလောက၊အနန္တကို၊ နေကျရှုကြည့်၊ ချမ်းသာဖြည့်သည်၊ ဘုန်းပြည့်မဟာ၊ ဗြဟ္မာလာ၍၊ ချမ်းသာငြိမ်းဆေး၊ ဟိုကိုပေးလော့၊ ရှိန်ငြေးမီးတောက်၊ မောက်မောက်မြင်ခေါင်၊ အလွှမ်းတောင်တို၊ ထိန့်အောင်လိမ့်လည်၊ ကြိတ်ဘိသည်ကို၊ ရွှေရည်သည်းကြား၊ မိထိပ်ထားသည်၊ ရွှေသားရွှေမှည့်၊ မြင်ပါလှည့်လော့၊ မြည့်မြည့်ပရမာ၊ဖြူနွယ်သာလျှင်၊ သည်းချာပေါင်းရုံး၊ တကိုယ်လုံးပင်။ ။**ညက်ဆုံးကျေလူ-ပြီကိုကား။**

၃၄။ **သည်ကားအစ၊** များလှတွေတွေ၊ စွေရေသံချို၊ ဘွဲ့နွဲ့ငိုလျက်၊ မျို,အို သောင်းသောင်း၊ နတ်ပေါင်းညီညာ၊ လိုက်ကြရာတွင်၊ မွေးစွာသင်းထုံ၊စံပယ်ချုံဝယ်၊ငါးစုံညီအင်၊ မင်းရှင်ရွှေသား၊ တင်ခဲ့ထားသည်၊ ပတ္တမြားရောင်ပြူး၊ လက်ကောက်ကျူးကို၊ မြာဖြူးလျံ့ဝေ မြင်ကြလေ

၁။ ပြန်ပြန်ဆွဲနှစ်။ (ပေမူ)

www.burmeseclassic.com

www.burmeseclassic.com



သော် အေ အေ သည်မှာ၊ ထိပ်ချာထိပ်ရွက်၊ တို့သက်သခင်၊ ထားခဲ့တင်၏၊ လျှပ်သွင်တွန်းပေါ်၊ လက်ကောက်တော်ဟု၊ ဟစ်ကြော်များလာ၊ စီကျာ အုတ်ကျက်၊ယူကြဆက်သော်၊ စုံမက်ပြင်းလှ၊ ဒေဝမီတာ၊ ထွတ်တောင်ညာကား၊ ထိပ်မှာရွက်တင်၊ မမြင်မြောက်တောင်၊ မှူးမှောင်မှိုင်းမိုက်၊ ခုခုရိုက်၏၊ ကျိုက်ကျိုက်သောင်းသောင်း၊ အပေါင်းများစွာ၊ နတ်တကာလည်း၊ ခုသာ သွားသည်၊ ဖြစ်မည် ထင်၏၊ ရှာကြည့်ညီညာ၊ လိုက်ပါကြလား၊ နတ်မင်းများဟု၊ မြောက်စားသံချို၊ ချီးပင့်ဆိုလျက်၊ ထိုထိုကောင်းကင်၊ မြေပြင်မလပ်၊ ဆင့်ထပ်ခြေရာ။ ပြန်ကာကာလျှင်၊ ထိပ်ချာထိပ်ချာ၊ မြူဝါနဝင်း၊ ထိပ်နှင်း ထိပ်နှင်း၊ ရောင်ဆင်းနရှုန်း၊ ထိပ်ပန်း ထိပ်ပန်း၊ စံကျွန်းဘက်ရှား၊ ထိပ်ထား ထိပ်ထား၊ ဘိုဘုရားဟု၊ ဖန်များ ပေါ်ဆို၊ ငိုသည်အသံ၊ ကျုံကျုံအုတ်ကျက်၊ ထပ်ရှက်ပွဲတင်၊ ကောင်းကင်မိုးမြေ၊ ဆူဝေပတ်ချုပ်၊ ထိန့်ထိန့်လှုပ်မျှ၊ သိုက်လေကြသည်။ ။ဒေသစ္စန့်ရှည် မြေဝေးတည်း။

၃၅။ **ဒေဝိန္ဒရာဇာ**၊ ရွှေတောင်ချာက၊ အခါဒေသ၊ ခန့်တွက်ဆ၍၊ အတုလဒေဝီ၊ မဟေသီအား၊ ဖျော်ဖြားသံချို၊ ဖြည့်တင်းဆို၏၊ ယွင်းယိုမဲ့ထွေ၊ ကြုပ်လေလေလျှင်၊ မပြေနိုင်အောင်၊ ချစ်ထုံးနှောင်သည်၊ ရွှေတောင်ညာနှင်း၊ ခင်မမင်း ....၊ မြော်တင်း ထို ထို၊ ကိုယ်တော်ကိုလည်း၊ တွေးဆိုညာတာ၊ မ,စ ပါလော့၊ ချမ်းသာအလွန်၊ စင်စစ်မှန်သည်၊ နိဗ္ဗာန်ရပ်ခိုင်၊ မတိုင်သမျှ အနန္တတည့် မရသချာ၊ သတ္တဝါကား၊ ချမ်းသာဟူက၊ စိုးစဉ်းမျှသာ၊ ဒုက္ခမြီးမှတ်၊ ဖြစ်ပျက်တတ်၏၊ လေးမြတ်ကဲးဆင့်၊ ချစ်သူနှင့်လည်း၊ တဖျင့်တကွဲ၊ ဘွေကွာမြဲတည့်၊ ချွတ်လွဲဒုက္ခ၊ ကွေကွဲမှုလည်း၊ တကွညီညွတ်၊ ပေါင်းရတတ်၏၊ အမှတ်နေကျ၊ သို့တွေးဆ၍၊ ခင်မ မင်းရှင်၊ ဖြေတင်းဖြည့်ဖျော်၊ စံနန်းတော်သို့၊ ပြန်တော်မူလျှင်၊ သင့်မည်ထင်ဟု၊ ဆွတ်ကြင်ဖမ်းက၊ မိန့်တော်တသော်၊ တောင်ညှာသခင်၊ လျှောက်ဦးတင်၏၊ ရှင်ပင်ဘုရား၊ တို့ထိပ်ထား ....၊ ရွှေသား ကျိုဝင်း၊ ခြေတော်ရင်းတွင်၊ ဖပ်စင်းညွတ်ခ၊ မြဲးနေရ၏၊ ကြင်ဆမြတ်လေး၊ ရင်သွေးတူပေါက်၊ ခုနစ်ယောက်သာ၊ မြင်ပါတော့သည်၊ နှစ်ရည်များမြင်၊ ဘယ်သည်တွင်ပင်၊ လိုချင်သမျှ၊ တခုမည်မျှ၊ ဘုရားကျွန်မ၊ ပွက်ဟထွေထူး၊ မလျှောက်ဘူးသည်။ ။ ကြောက်မူး ရှိသေ-မြတ်လေးတည်း။



၃၆။ **အရာအခွင့်၊ ကြီးမြင့်ဆောင်ယောင်**၊ ကုန်အောင် ကြီးဝယ်၊ လှူဝယ်များစွာ၊ လိုအပ်ရာကို၊ ထိပ်ချာဘုရား၊ သနားသည်မျှ၊ ထိပ်စတင်ကာ၊ ချမ်းသာသဖြင့်၊ စိတ်တော်နှင့်ကို၊ အသင့်ချော်စွာ၊ ညီအောင်သာလျှင်၊ လိုရာဖြစ်စေ၊ ထားတိုင်းနေရှင့်၊ တထွေ တလာ၊ သည်တခါတွင်၊ ဆိတ်စာလွှဲးချော်[၁]၊ သနားတော်ကို၊ ထိပ်ပေါ်တုံ့တုံ့၊ ခံပါဖို့ဟု၊ ချစ်နှံ့လှိုင်ဆေး၊ ပန်းနှယ်မွှေးသည်၊ ရင်သွေးသူဇာ၊ မျက်ရှုရာကို၊ တွေ့ပါလိမ့်မည်၊ ထင်ပါသည်ကြောင့်၊ သာသည်လိုက်ကြွ၊ ပါစေရဦး၊ ကျေးဇူးသခင်၊ ထိပ်တင်ဘုရား၊ ထိပ်ခေါင်ထားဟု၊ သနားစရာ၊ ငိုတိုင်းသာလျှင်၊ ခြေမှာဦးချ၊ လျှောက်လကမူ၊ ဒေဝထိပ်နင်း၊ ရွှေတောင်မင်းကား၊ ဆန့်ငြင်းမသာ၊ ချစ်အာဏာသို့၊ ပါရသဖြင့်၊ နွှဲးဖင့်မနေ၊ လိုက်ပြန်လေ၍၊ ဝေးမြေမကွာ၊ နှစ်ဂါဝုတ်လောက်၊ တိုင်လေရောက်သော်၊ ခြောက်ယောက်နှောင်းမြင်၊ မ-ရှင် သူဇာ၊ ထားခဲ့ရှာသည်၊ အကွရာရေးသား၊ မြရောင်ပြားကို၊ ပွဲရှားဆေးရှင်၊ ကုံကော်ပင်ဝယ်၊ လျှပ်သွင် တောက်ပ၊ မြင်ကုန်ကြ၍၊ ခဏလျင်လျား၊ နတ်အများတို့၊ ကားကားသည်မှာ၊ ထိပ်ချာသီရိ၊ တို့မိယဉ်နွဲ့၊ ထားခဲ့တော်မူ၊ ရောင်လူဝင်းဝါ၊ မြပြားလွှာကို၊ လွယ်ကာလှမ်းမီ၊ တွေ့ပြန်ပြီဟု၊ စီစီသောင်းသောင်း၊ နတ်အပေါင်းသည်။ ။**ထပ်လောင်း ငိုယို-ဟစ်ကြွေးတည်း။**

၃၇။ **သို့မှလျှင်စွာ**၊ မြပြားလွှာကို၊ အသာယူပြီး၊ ယှဉ်မှီးမခြား၊ မင်းနှစ်ပါးအား၊ ညွတ်တွားရိုသေ၊ ဆက်ကြလေ၍၊ မကွေစုံဖူး၊ နှစ်ဦးနတ်ရှင်၊ စာကိုမြင်သော်၊ ညာတင်နန်းမ၊ အတုလကား၊ ဝဇီရဝလယ၊ နာမမည်ထူး၊ လက်ကောက်ကျူးနှင့်၊ ရောင်မြူးမြလွှာ၊ ရတနာကို၊ ထိပ်မှာသာပင်၊ အမြဲးတင်လျက်၊ မ-ရှင်လည်နွဲး၊ လည်မှာဆွဲးသည်၊ ရွှေခဲးရွှေခဲး၊ ပုလဲးနန္ဒ၊ မိသက်စုသည်၊ ရွှေဥရွှေဥ၊ မယ်ပုလှုဟု၊ ခုခုတမ်းဆို၊ ဖပ်ဖပ်ဝိုမျှ၊ စီးယိုရှိမ်းနှူး၊ ဖပ်ဖပ်မူးသော်၊ ဘုန်းမြူးရောင်ထင်၊ ရွှေတောင့်ရှင်လျှင်၊ ဖြေတင်ချိုသာ၊ မိန့်သည်မှာကား၊ တညာနမျစ်ယ်က ချစ်၍၊ ခုနစ်ပါးစင်၊ သည်းကြားမြင်လည်း၊ ဘယ်တွင်စွန်းငြိ၊ ပြစ် မရှိတည့်၊ သိရိ ရောင်ဝင်း၊ ခင်မမင်း....၊ ချစ်ခြင်းမငြိး၊ သမီးသားက၊ မိဘလင်သား၊ ချစ်မောင်ဘွားနှင့်၊ တိမ်းပါးချွတ်ယွင်း၊ ကွေကွဲးခြင်းကား၊ ရောင်ဆင်းနဝင်း၊ ခင်မ

၁။ ဆိတ်စာလွှဲးကျော်။ (ပေမူ)

www.burmeseclassic.com

www.burmeseclassic.com



မင်းနှင့်၊ လွန်မြင်းချစ်ဖို့၊ ကျွန်ုပ်တို့သာ၊ မဟုတ်ပါတည့်၊ စကြာဝဠာလောက၊ အနန္တတွင်၊ များလှ စွာစွာ၊ သတ္တဝါပင်၊ ကင်းကွာ ကွေကွဲး၊ ကြရမြဲး သည်။ ။**မလွဲမှ-တာရေးတည်း။**

**၃၈။ ထိုသို့ဓမ္မတာ၊** မြစ်မြေးရာတွင်၊ ကြမ္မာစွန်းညို့၊ ကျွန်ုပ်တို့မှာ၊ နောင်ဘို့ပူရေး၊ ရှိပါသေး၏၊ မြော်တွေးနောက်နောက်၊ သည်ကိုထောက်၍၊ သာလျောက်ပြေဖျော်၊ တရားတော်ကို၊ တွေးပေါ်ကြံယူ၊ မြန်တော်မူသော်၊ ခုမူ ခရီး၊ လှူ့ရပ်နီးပြီ၊ ပုံဖြီးများစည်၊ လူဟူသည်ကား၊ ကြီစည်လွန်ကဲ၊ စဉ်းလဲးစဉ်းစာ၊ မာယာပရိယာယ်၊ ကွေ့ဆန်းကြယ်၏၊ များကြွယ်အထု၊ ယခုအလျင်၊ ခြေငင်ကာသာ၊ နောက်တော်ပါသည်၊ သုံးဖြာယုတ်,လတ်၊ အမြတ်မှည်သော်၊ ကျွန်တော်မျိုးများ၊ စိတ်ထားသမ်းပြီ၊ ရှိမည်ကိုလည်း၊ ငွေ့တွေးဆိုဝမ်းက၊ တကြောင်းဆရှ့်၊ ခင်မ-မင်းရှင်၊ ထောက်စေချင်၏၊ ဖြေတင်ဖြည်းဖျာ၊ ဗျာဒိတ်ဟ၍၊ ငိုကြရာမှာ၊ ဗောမာတောင်လုံး၊ ပတ်ကုံးတစ္စန်၊ တိရစ္ဆာန်ငှက်၊ ပြေးထွက်ဝေးလံ၊ ဖြန်းဖြန်းပျံမျှ၊ အသံအုတ်အုတ်၊ သောင်းသောင်းရှုတ်လျက်၊ စုံမက်လွန်းကြင်၊ နတ်ရှင်နှစ်ပါး၊ သည်းကြားခြောက်မည်၊ ဖြိုးစည်အားလုံး၊ ခြေရုံရုံး၍၊ မြင့်ဆုံးပေါမာ၊ ဂီရိသာသို့၊ သည်းချာဆူဝေ၊ မြန်ကြလေ၏၊ ရွှေမြေဘုံကျော်၊ ရောက်လေသော်လည်း၊ ရှင်ပျော်မမေ့၊ တနေ့တည၊ တခဏမျှ၊ ရှုတမကင်း၊ လွမ်းတင်းထပ်ပုံ၊ အာရုံမြော်မြော်၊ စိုက်ပေါ်စုံမက်၊ တသက်သက်သည်။ ။**ဟမြွက်တဆို–နွေးနွေးတည်း။**

**၃၉။ အရင့်သခေ်ျ၊** တွက်ရေမနိုင်၊ ဖြိုးလှိုင်အထု၊ အနုသချ်ာ၊ ရေးရာမသိး၊ ဖြင်ညီးခပ်မျှ၊ ကြွယ်ကုံသေည်၊ မင်းလှသူဇာ၊ အူရှုမှာလည်း၊ သာသည် ဂါမ၊ တရုဏာသို့၊ ပန်းချူးဝေ၊ ရောက်ဘုံလေသော်၊ ရွာနေရှင်လှ၊ သွားသူလာသား၊ ယောက်ျားမိန်းမ၊ လူကြဘန်နန်း၊ ပတ်ပတ်ဝန်း၍၊ ပင်ပန်းလျက်ပင်၊ ညိုးရုပ်သွင်ကို၊ မြင်မြင်သသူ၊ သည်းအူပြတ်မျှ၊ သနားလှ၍၊ ပေါ်ကြဗိုက်စက်၊ စုံမက်တချို့၊ နှစ်လို့ရှင်ပျ၊ ရှုကြတသွယ်၊ သည်မင်းငယ်သည်၊ နွမ်းနယ်ပူပင်၊ သိုကိုစင်လျက်၊ ရှင်ရှင်လှမျိုး၊ မိုးထက်မိုး၏၊ တင့်နိုးပြုပြင်၊ ထုံးမြိတ်လျှင်ကား၊ ၎န်းရှင်လှချက်၊ မိုးထက်မိုးထက်၊ ဆင့်ဆင့်တက်၍၊ သိပ်နှက်များလှ၊ မြင်သမျှပင်၊ ရာဂပြင်းထန်၊ ဇောဝါးတန်သို့၊ ကေန်မသွေ၊ ရောက်ရာလေဟု၊ စိတ်



နေရှိလျောက်၊ ဆိုရှီးမြွက်လျက်၊ နောက်ရောက်အထပ်၊ ကိုယ်ချင်းကြပ်မျှ၊ ကြည့်ကုန်ကြသော်၊ တရုဏာရွာစိုး၊ ကြီးရိုးစဉ်လာ၊ ဂါမဏိမည်၊ တွင်သူသည်လျှင်၊ မဆည်မကြာ၊ ယျင်ဆောလာ၍၊ ထပ်ကာဝပ်လျှား၊ လူအများကို၊ ပယ်ရှားရွတ်ရွတ်၊ ရှိက်ခတ်ခြိမ်းက၊ နှင်ဖြိုခွာမှ၊ သူဇာမည်ထင်၊ မင်းလှရှင်ကို၊ ခေါ်ငင်လျှောက်ထား၊ ရှိညွှတ်သွားသည်၊ **သာဖြားပျပ်ပျပ်-ခတည်း။**

**၄၀။ သူဇာရွှေဥ၊** မင်းယဉ်နုကို၊ စဟုမုခ၊ သာလာဒွတ်တွင်မည်၊ သာသည်ရိပ်ကျယ်၊ စရပ်လယ်ထက်၊ ငြိမ်သက်ပန်းဖြေ၊ နားနေစေပြီး၊ ပန်းကြီးမှုဝန်၊ ကျေးစွန်ရွာသား၊ တို့လျောက်လျှားဖြင့်၊ ခန့်ထားစီရင်၊ ထမ်းစင် ပေါင်းကုပ်၊ ဖူးအုပ် အလှယ်၊ ရွှေငွေချယ်နှင့်၊ ထိုဝယ်နေသည်၊ အသည်သမီး၊ ဖြင်ညီးခြွေရှေ၊ ရုံလိုက်စေလျက်၊ နေနေနားနား၊ ရွာစဉ်အားဖြင့်၊ သွားသည်ရှိသော်၊ ထင်ပေါ်နီးဝေး၊ သေဌေးများစွာ၊ နေရာမှန်ဘိ၊ သေဋ္ဌိနဂရ၊ စည်လှပျော်လောက်၊ မြို့သို့ရောက်၍၊ ကျော်ချောက်ထင်ရှား၊ ထိုမြို့စားသည်၊ စိတ်ထားရင်လှ၊ သုစိတ္တဟု၊ နာမမည်ရင်း၊ ရှိသည်မင်းလျှင်၊ လျှင်မြန်းစီရင်၊ ကြွလမ်းခွင်ကို၊ သုတ်သင်လှည်းခတ်၊ ရာဇမှတ်လည်း၊ မပြတ်စဉ်ဆက်၊ ကာစေလျက်လျှင်၊ ကြိငှက်ပျောလျှော်၊ စီစဉ်စိုက်ထား၊ ရမျှားဆွဲးလွှင့်၊ စင်နှင့်ရေကြည်၊ အိုးပြည့်တည်၍၊ သာသည်စုံအင်၊ တန်ဆာဆင်မှ၊ မင်းရှင်သူဇာ၊ နုအာဝါကို၊ ရထာနာမျက်ရှင်၊ စီစင်တပ်ခတ်၊ ဝေါတုလွတ်ထက်၊ တင့်မြတ်ယဉ်နေ၊ စံပယ်စေ၍၊ အုပ်တွေဖြင်ညီး၊ မတ်သမီးတည့်၊ ထံနီးရှံ၍၊ လိုက်စေရ၏၊ သုစိတ္တရာဇာ၊ ကိုယ်ကြပ်ပါလျက်၊ မင်္ဂလာအောင်မြို့၊ ဇေယျာမြို့သို့၊ ညွတ်ကြို့ရှိသေ၊ ဆောင်သွားလေသည်၊ ။**နားနေစခန်း–ချချတည်း။**

**၄၁။ ဇေယျပူရ၊** ပြည်မမင်းနေ၊ သို့ရောက်လေ၍၊ အောင်မြေမှန်တည်၊ နတ်ပြည်ဆိုလောက်၊ ရွှေမြို့ခြောက်ဝယ်၊ လျှံတောက်ထွန်းပ၊ ဝေါတော်ချ၍၊ ပတ်မျှဒိုင်းလွှား၊ ရံထားစောင့်နေ၊ တချေသတင်၊ ငါးအင်္ဂါရိယာ၊ သိ,က-တထွေ၊ မင်းနေတဲးတော်၊ ဖျော်ဖျော်ဖျံမျှ၊ သုစိတ္တရာဇာ၊ ရေးရာမြော်တင်း၊ စီရင်တွင်းတွင်၊ လျှင်မြန်း မဆည်၊ မှုဆိုသည်ကား၊ တုန်းခြည်ဝင်းဝါ၊ ထိန်လင်းဖြာသည်၊ မဟာဥပရာဇာ၊ မည်သာပျို့ရှင်း၊ အိမ်ရှေ့မင်းသို့၊ ကြောင်းခြင်းလျှောက်ချင်၊ မြို့သို့ဝင်

www.burmeseclassic.com

www.burmeseclassic.com



သော်၊ ထိပ်တင်နန်းလျာ၊ ဥပရာကား၊ သံဝါကျွတ်၍၊ သီတင်းနေ့ဝယ်၊ ဘုန်းတော့မြတ်ကျော်၊ ခမည်းတော်အား၊ ပူဇော်နှစ်သက်၊ ကန်တော့တက်မှ၊ အထွက်ညနေ၊ နှင့်ကြိမ်လေသော်၊ ဝံ့နေမကြာ၊ လကျာတော်က၊ မြောက်လမ်းဝဝယ်၊ တုပ်ချပုဆစ်၊ လျောက်လစ်ဝံ့စား၊ ထွတ်ဘုရား····၊ထိပ်ထား ရွှေမှောက်၊ ဘုန်းတော် တောက်၍၊ မြိုးမောက်မြင့်ခေါင်၊ ရွှေတောင်ဘုံထွတ်၊ နန်းပြာသာဒ်ဝယ်၊ ကြီးမြတ်ဘုန်းရှိန်၊ ဒေဝိန္ဒရာဇ်၊ နတ်မင်းစစ်၏၊ ရင်နှစ်သည်းကြား၊ ခုနစ်ပါးတို့၊ ကစားသာရှင်၊ သဘင်ရေမှာ၊ စံကြရာတွင်၊ ဘွေ့ရှာစုတာတ်၊ကြော့ကွင်းမြတ်နှင့်၊ လက်လွတ်ကျွန်တော်၊ ပစ်ကြော့သော်တည့်၊ လှကျော်စံလွတ်၊ ထွေးနှောင်းနတ်ကို၊ ရစ်ပတ်မြဲလှ၊ ကြော့မိရသည်။ ။**စိတ်ကရည်တိုင်း—ကျကျတည်း။**

၄၂။ ရည်တိုင်းကျကျ၊ ကြော့မိရ၍၊ တီးတွမညှာ၊ ယူခဲ့ပါပြီ၊ သာသည်အံ့လောက်၊ ရွှေမြို့မြောက်ဝယ်၊ စောင့်ရှောက်သေချာ၊ ရှိရစ်ပါဟု၊ ရှိကြာလက်မြှောက်၊ ဝံ့ရဲလျှောက်သော်၊ ဝမ်းမြောက်မြင်းစွာ၊ နန်းပွင့်လျာကား၊ ရတနာပြုံးမြက်၊ ဝေါတော်ထက်က၊ ဆင်းသက်အလျင်၊ ပြေးချင်ယှူးမူး၊ ရှင်ပျူး၍၊ ဝေါမှူးဝေါတော်၊ ကျိုင်းတော်လှည့်စေ၊ သံခြေနှုတ်တော်၊ ဖျော်ဖျော်ဖျာမျှ၊ မိန့်ဟလည်းဆို၊ မူဆိုးကိုလည်း၊ ကြည်ညိုသာခြွေ၊ ချဦး၍လိုက်လှည့်၊ ပြောတည့်သိအောင်၊ ရွှေတောင်စံနတ်၊ လှမြတ်ယဉ်နု၊ ခု ဘယ်မှာလည်း၊ ပြုံးဖြည်းသာချို၊ ထပ်ထပ်ဆိုသော်၊ နဂိုရ်အောင်မြို့၊ ရွှေမြို့မြောက်မှာ၊ မင်္ဂလာအာပဏ၊ ဈေးမ ရှေ့တွင်၊ သဘင်တခု၊ ရုံးစုများဘိ၊ ယခုရှိ၍၊ သေဋ္ဌိနဂိုရ်၊ မြို့ကိုစားရ၊ သုစိတ္တနှင့်၊ တရုဏရွှာစိုး၊ သူကြီးရိုးလည်း၊ မြတ်နိုးလွန်စွာ၊ လိုက်ပို့လှာ၍၊ နေရာထဲးနန်း၊ လုံးပန်းစီရင်၊ မြေးပင်စောင့်နေ၊ ကြရစ်လေဟု၊ သံခြေပျင်းများ၊ ခလျှောက်လေငြားသော်၊ စိတ်အားကြီးလှ၊ ကြွကြွကျိုးကျိုး၊ ပီတိဖြိုးလျက်၊ မူဆိုးခေါ်ကျွန်၊ လူလွန်လူကျူး၊ အထူးအပြား၊ အသနားတော်၊ ထင်ပေါ် ထူးလည်း၊ ခံရမည်ဟု၊ မိန့်သည်ဖြော်ဖြော်၊ တိုးတိုးဆော်လျက်၊ မူးမော်အားရ၊ သွားလေကြ၍၊ ခဏမနေ၊ တိုင်ရောက်လေသည်။ ။**စိတ်နေရှင်ရှင်-ရှရှတည်း။**

၄၃။ **သုစိတ္တရာဇာ၊** မည်သာတွင်ပြီး၊ မင်းသားကြီးလည်း၊ ဘုန်းမီးလျှံမြှာ၊ နန်းပွင့်လျာကို၊ ကြွလာဆောလျင်၊ ဝေးကမြင်သော်၊ ခဲအင်



ရေးကတ်၊ ရာဇဝတ်ကို၊ ဖျပ်ညွတ်ချုံကြောက်၊ ထောက်သောအားဖြင့်၊ ဘဝါးပွင့်ဝါ၊ ရွှေစကြာကို၊ ထိပ်မှာတင်ခြ၊ ဘုရားကျွန်တော်၊ ထွေဝေါ်ခြင်းရာ လျှောက်ဝံ့ပါသည်၊ ဝင်းဝါပြောင်ပတ်၊ ရွှေတောင်ထွတ်ဝယ်၊ စံနတ်ကညာ၊ ရတနာကို၊ ညီညာဝမ်းမြောက်၊ ဆောင်ခဲ့ရောက်၍၊ သာလျှောက်ထူးဆန်း၊ ထဲးနန်းသဘင်၊ စီရင်ဖြိုဖြို၊ သိုးဈေးတွင်၊ ကကွလိစ္ဆ၊ နာမတွင်မည်၊ မူဆိုးသည်လျှင်၊ မလည်မကျွေ့၊ အိမ်ရှေ့ဘုရား၊ သို့သွားတည့်ချေ၊ လျှောက်နှင့်လေ၍၊ ဘုန်းနေ့ထွန်းပ၊ ဘုရားသားတော်၊ ရှင်ပျော်သာယာ၊ ကြွလာချေသည်၊ ရောက်တော့မည်ဟု၊ ထွေလည်တွေးထောက်၊ စာနှင့်လျှောက်သော်၊ ရွှေမှောက်လူ့ဘ၊ ရာဇိန္ဒလည်း၊ ဒေါသမထင်၊ သာရှင်စိတ်ကြည်၊ မေတ္တာစည်လျက်၊ လျှောက်သည်ကြောင်းစ၊ သင့်လှလေပြီ၊ သိဂီနန်းဆောင်၊ မောင်အိမ်ရှေ့မင်း၊ လျှင်ပြင်းထိုမှာ၊ ရောက်သောခါကား၊ များစွာကြီးကျယ်၊ စီဘွယ်ရင်ခင်း၊ မကြွင်းလုံးခြုံ၊ ခပ်သိမ်းစုံကို၊ ကုံအောင် လျင်စွာ၊ စီရင်ပါဟု၊ ချီသာပုံ့မွန်း၊ မိန့်လိုက်မှန်းသည်။ ။**ရွှေခုန်းကြိုင်ကြိုင်-ပျပျတည်း။**

၄၄။ **လက်ရုံးအာဏာ၊**ပညာတုကျွန်း၊ ယဉ်ရွှန်းနုမြွေ၊ ဘုန်းလောက်လွေ့သည်၊ အိမ်ရှေ့သခင်၊ ထိပ်ထားရှင်လည်း၊ များဖြင် အထူ၊ ယဉ်မျိုးစုသည်၊ ရွှေဥရတနာ၊ သုဇာစံခန်း၊ ထဲးတော်နန်းသို့၊ ရှင်လန်းသာပျော်၊ ရောက်လေသော်တည့်၊ မူးမော်လွန်ပြင်း၊ တင်းထိမ်တွင်းသို့၊ ချက်ခြင်းအလျင်၊ ကြွတည့်ဝင်၍၊ မထင်ပုံထုံး၊ စိတ်နှလုံးကို၊ စုရုံးကြွင်းမဲ့၊ ယူဘိကဲ့သို့၊ ယဉ်နွဲ့မူရာ၊ မယ့်ဆင်းဝါကို၊ ပွင့်လျာဖောဓိ၊ မြင်သည်ရှိသော်၊ ပီတိဖရဏာ၊ ဟုန်သည်းစွာ၍၊ မေ့ကာသတိ၊ ရပ်ထိုင်းရှိမှ၊ ခဏကြာလျှင်၊ မင်းရှင်နေရာ၊ နှစ်တွာထုစွင့်၊ မွေ့ရာမြင့်သို့၊ ဘုန်းပွင့်လိုင်ဝေ၊ တက်နေလေသော်၊ ကြက်သရေဝင်းဝါ၊ မင်းသုဇာကား၊ ပျာပျာထိတ်မျှ၊ရှက်ကြောက်လှ၍၊ ဝမ်းကကိုက်ကာ၊မျက်နှာမရဲ၊ ရှုတ်ခြည်းလွဲ၍၊ နွဲ့နွဲ့လက်ရွှေ၊ ထောက်ချက်နေက၊ ရုံရွှေခစား၊ စေပါများလည်း၊ လိုက်လားသိထွေ၊ ရှောင်နေလေ၏၊ ဘုန်းနေကွန့်မြှာ၊နန်းပွင့်လျာလည်း၊ ကလျာငါးအင်၊ မင်းလှရှင်၏၊ ဖြူစင်နုရွှ၊ ခြေကစသည်၊ စိမ်းမြညိုရောင်၊ ဆံတိုင်အောင်လျှင်၊ ဝင်းပြောင်လျှံမြှ၊ နောက်ပြင်ကျူးကို၊ ရှုမူးမိန်းလှည့်၊ တက်သက်ကြည့်သော်၊ မြူရည့်ပြစ်ခြည်၊ မထင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်၊ ဆောက်တည်မရ၊ လက်ခြေရှသည်။ ။**ထိန့်မျှကိုယ်လုံး—ရိုက်၏.တည်း။**

၄၅။ **ကိုယ်လုံးထိန့်မျှ**၊ တုန်ရိုက်ကလျှင်၊ လက်လှသန္တာ၊ နဖြူဝါကို၊ ဆိတ်စာသာကြည်၊ ကိုင်တော့မည်ဟု၊ ဆောက်တည်မှတ်နေ၊ ကိုင်တည့်ချေသော်၊ ထူးထွေကျူး၍၊ နတ်အတွေ့ကြောင့်၊ ချမ်းမြေ့ကိုယ်လုံး၊ ပတ်ကုံးစိမ့်စိမ့်၊ ကြောခြင်ငြိမ့်မျှ၊ နှစ်သိမ့်မိန်းမော၊ စောလျက်မှိုင်ကာ၊ မနည်းကြာမှ၊ လွန်စွာပြင်းလှ၊ တပ်-ရာဂဖြင့်၊ ယုယစုံမက်၊ ပြေးတည့်ဘက်လျှင်၊ အဆက်များစွာ၊ သံသရာက၊ လှူဒါပုည၊ ကံဆုံကြ၍၊ ချစ်ရတော့မည်၊ မှန်ပြီးသည်ကို၊ ဖြူကြည်မွတ်စင်၊ နုရွှန်းရှင်သည်၊ မင်းရှင်မျက်တော်၊ ထွက်ရှိသော်လည်း၊ ထွေငေါ်ပြင်းပြ၊ မိန့်သမျှကို၊ ခံရတော့မည်၊ တည်ကြည်စောင့်ရှပ်၊ မချုပ်နိုင်ပါ၊ မေတ္တာမိုးမျှ၊ ခြေမကရ၍၊ ဖြစ်ရတော့မည်၊ မင်းရွှေရည်ဟု၊ ဖြေဆည်ဆီးကြို၊ ဆောလျှင်ဆို၍၊ မွေးချိုဘယ်ညာ၊ ပါးနုဝါကို၊ သက်ပါလှူယူး၊ ရှုပ်ရှုကျူး၍၊ မှုးမျှမှိုက်မိုက်၊ ပန်းဟော်ဟိုက်၏၊ ယဉ်မြိုက်နုရှင်၊ မင်းလှရှင်လည်း၊ မကျင်ကျွမ်းပါ၊ ပူဆာဝမ်းက၊ ရှက်ကြောက်လှ၍၊ စီးကျမျက်ရည်၊ ငိုလှူသည်နှင့်၊ ဆိုမည်နှုတ်က၊ ဟလည်းမထွက်၊ ရှုသက် မသာ၊ ရှန်းရင်းရှာလည်း၊ ဘုန်းဝါ တောက်လည်၊ နန်းပွင့်ရည်မှာ၊ မျက်ခြည် မထွက်၊ မလွှတ်ရက်၍၊ စွဲမက်လွန်ကဲ၊ တလဲးလဲးသည်။ ။**ဆုပ်ဆွဲဘက်ပြန်-မိုက်၏.တည်း။**

၄၆။ **ပိုက်ဘက်လျှင်ပင်**၊ ထွတ်တင် နန်းလျှာ၊ မိန့်သည့်မှာကား၊ မသာ-မကြည်၊ မျက်မှုနည်ပင်၊ ယဉ်သည့်တဆန်း၊ နုပြန်ရွှန်းသည်၊ ပွင့်လန်းပန်းနှယ်၊ မင်းရှင်ငယ်….၊ လည်ဝယ်အခြေ၊ ရစ်ခွေဆွဲး၍၊ ယှဉ်နွဲးစုံမက်[၁]၊ ရာကျော်သက်လျှင်၊ ချစ်ဘက်တူရှည်၊ ပျော်ရမည်ကြောင့်၊ သို့သည့်ရပ်မှာ၊ ဝေးကျူးရာက၊ ကြုံလှာထူးလည်၊ ကြိုက်ပေသည်ကို၊ မြိုးတည်ဇကန်၊ ကျွန်ုပ်ကျွန်သည်၊ အလွန်ကျူးလှ၊ သက်ပင်မျှလည်း၊ မရနှုန်းရာ၊ ချစ်ကြင်ပါသည်၊ အာကာတိမ်ထွတ်၊ ကောင်းကင်လတ်က၊ မာရ်နတ်သည်းချာ၊ ပင်ပေါ်လှာလည်း၊ ပမာမတောက်၊ မင်းလှအောက်သာ၊ ဖြစ်ပါစိမ့်မည်၊ မည်သည်ကိုမျှ၊ မင်းရှင်လှသည်၊ ကြောင့်ကြဆံလွှာ၊

၁။ ရည်နွဲ့စုံမက်။ (ပေမူ)



မစွန်းပါနှင့်၊ ဝင်းဝါပြောင်ရွှန်း၊ ရွှေတောင်နန်းဝယ်၊ ချစ်ပန်းလှိုင်ကျော်၊ ခမည်းတော်နှင့်၊ စံပျော်တကွ၊ မယ်တော်မျှလည်း၊ မကပိုက်ထုပ်၊ ကျွန်ုပ်တို့မှာ၊ မေတ္တာကျူးကျော်၊ ဘုန်းတော်ကြီးလှ၊ ဘုရားစသည်၊ နန်းမဘုရား၊ များသည့်ဆွေမျိုး၊ ပန်းနှယ်ပျိုး၍၊ မြတ်နိုးညီညာ၊ ချစ်ပါလိမ့်မည်၊ မြင့်သည်ယူဇနာ၊ စောက် နှစ်ရာသား၊ ဟေမာဂီရိ၊ မည်ရှိနာမ၊ ရွှေတောင်မျှကို၊ မင်းလှရွှေရည်၊ စိုးစံသည်လည်း၊ ကြံစည်ထောက်ချင့်၊ မလျော်သင့်ပါ၊ အောင်ချာပတ်ကုံး၊ ဇမ္ဗူလုံးကို။ ။**ယူကျုံးစိုးစံ-ထိုက်၏.တည်း။**

၄၇။ **တသိမ်းရှစ်သောင်း**၊ ထပ်လောင်း၊ ကိုးထောင်၊ မြို့ကုန်အောင်ကို၊ မောင်နှင့် အတူ၊ ကြည်ဖြူ မြတ်နိုး၊ သိမ်းရစိုးလျက်၊ ဆောင်းမိုးစကြာ၊ မင်းတကာတို့၊ သည်းချာများထက်၊ ထိပ်ဖွေချက်ကို၊ ရွှေစက်တင်ကာ၊ စံပယ်ပါတော့၊ တန်ဆာဝတ်စား၊ စသည် များလည်း၊ ရွှေသားဝင်းဝါ၊ ကိရိမာထက်၊ လွန်စွာကဲးကျူး၊ ထူးပါစိမ့်မည်၊ တဆံခြည်မျှ၊ ကြံစည်ကြောင့်ကြ၊ နိမ့်ကျစရာ၊ မရှိပါဘူး၊ ရှုံရှာပျောက်ကင်း၊ ဖြည့်တင်းဖြေဖျော်၊ ရှင်ပျော်ကျွမ်းဝင်၊ ပါတော့ရှင်ဟု၊ ထိပ်တင်ဘုန်းလှ၊ မိန့်တော်မူသော်၊ ရောင်ဖြူထွန်းပ၊ မင်းအုရွှမှာ၊ ရှက်လှ ကြောက်စွာ၊ မချိရှာ၍၊ လွှတ်ပါဦးရှင်၊ ထိပ်ထားတင်ဟု၊ လျှောက်ချင်စိတ်က၊ လျှောက်မည်မျှလည်း၊ မဟာနိုင်ရာ၊ ချွေးသာ လှိုင်ပျံ့၊ ကိုယ်လုံးနှံ့လျက်၊ ရှုသက်မသာ၊ မျက်နှာလွှဲးသွေ၊ ခပ်တိမ်းနေသော်၊ ဘုန်းဝေညွန့်စည်၊ မိန့်ပြန်သည်ကား၊ ဝင်းကြည်အုရွှ၊ မင်းရှင်လှကို၊ ပွက်ဟာသာကြည်၊ လျှောက်ပါသည်ကို၊ မည်မျှမဟ၊ စ န မမြွက်၊ နေသည့်ချက်သည်၊ ထဲးနက်ဇုက်သို့၊ မောင့်ကို မကြင်၊ မုန်းသည်ထင်၏၊ သို့လျှင် သို့ဟု၊ မင်းယဉ်နုသည်၊ ရွှေဥန္တပျောင်း၊ မိန့်ပါကောင်း၏၊ အကြောင်းထွေလည်၊ မဟာသည်ကြောင့်၊ ကြံစည်ခဲးလွန်၊ ကျွန်ုပ်ကျွန်သည်၊ ပူပန်ပြင်းပြ၊ ပင်ပန်းလှသည်။ ။**ဝမ်းကဇော့.သည်-လှိုက်၏.တည်း။**

၄၈။ **ယင်းသို့ထွေသာ**၊ မိန့်သောခါတည့်၊ သူဇာယဉ်နု၊ မင်းရွှေဥမှာ၊ သေလှုဝမ်းက၊ အားနာလှ၍၊ ညွတ်ခရှိရည်၊ လျှောက်ပါမည်ဟု၊ ဆောက်တည်အာဘော်၊ ကြံရှိသော်လည်း၊ ထွေငေါ်သံသာ၊ လည်ချောင်းမှာက၊ ဟကာပြီးတိုင်၊ မထွက်နိုင်၍၊ ဂလိုင် လှိုက်မွေ၊ တိတ်တိတ်နေသော်၊ ဘုန်းဝေကွန့်ဖြာ၊ ဥပရာကား၊ သိင်္ဂါရွှေဥ၊ မင်းယဉ်နုကို၊ ယခုလျှောက်၍၊

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့သာချို၊ မိန့်ဆိုကြိုင်ပျု၊ ခွင့်မရလျှင်၊ သည်ညကလွန်၊ နက်ဖြန်ရွှေဥန်၊ မိန့်ဟန့်သံချို၊ ဆိုဖိမ့်မည်ပ၊ မပျု-မရှင်၊ နက်ဖြန့်ပင်ကို၊ချစ်ခင်စုံမက်၊ မဟာမြွက်၍၊ သန်ဘက်,ဖိန်းနွဲ့၊ ဆင့်ကဲးကာကာ၊ နှစ်ရာ ကျူးကျော်၊ ပင်တိုင်သော်လည်း၊ သွေချော်မဆုတ်၊ အားထုတ်ပြင်းစွာ၊ လွန်ကျူးကာချွင်၊ မေတ္တာရစ်ချည်၊ မြဲမည် သသ၊ မင်းလှရွှေလျှော်၊ နေတော်မူဦး၊ သိမ့်ချူးဟု၊ ကြိုင်မြူးမွှေးပျု၊ မိန့်ပြီးမှလျှင်၊ မင်းလှသူဇာ၊ ဆင်းသိင်္ဂါကို၊ အသာညှိသက်၊ ရင်ခွင်ထက်က၊ ရွှေလက်ဖြေယူ၊ လွှတ်တော်မူမှ၊ လွယ်ကူရက်ရက်၊ ပြင်သို့ထွက်၍၊ စဉ်ဆက်မှန်လှ၊ မနနဟု၊ မည်ရသ့ဲပတ်၊ ရည်ရှိမတ်ကို၊နှုတ်လွှတ်သာပျော်၊ ခေါ်တော်မူပြီး၊ ဘမင်းကြီးအား၊ သည့်ကြောင်းပြောအားကို၊ လျှောက်ထားချေဟု၊ စေတော်မူသည်။ ။ကြည်ဖြူရှင်နှစ်-မြိုက်၏တည်း။

၄၉။ **မနနမည်ခေါ်**၊ အမတ် ကျော်လည်း၊ သံတော် ဦးတင်၍၊ အလျှင်ပင်၊ သွားဝင်ရောက်သော်၊ မြိုးတိုက်တော်ဝယ်၊ ထင်ပေါ်ဆောင်ယောင်၊ မှူးခေါင်မတ်ဖျား၊ တွင်းဝန်များကို၊ ပြန်ကြားဆင့်ဆောက်၊ တွင်းဝန်လျှောက်က၊ ရွှေမှောက်ထွတ်တင်၊ ဘဝရှင်ကား၊ သာရှုဲအားရ၊ ဝမ်းမြောက်လှ၍၊ နန်းမဘုရား၊ ရှစ်သောင်းဖျားကို၊ ကြိုင်ရှားချူကြူ၊ မိန့်တော်မူ၏၊ သက်တူတမျှ၊ ချစ်ညီကြသည်၊ နန်းမရာနှင်း၊ ခင်မ မင်းသည်၊ လျှင်ပြင်းလာတည့်၊ မြင်ပါလှည့်လော့၊တူရှည့်ချစ်ချင်း၊ ခင်မ မင်း၏၊ ရင်တွင်းသည်းချာ၊သားနန်းလျာကား၊ စကြာရွှေတည်၊ လေးကျွန်းလည်၍၊ စိုးမည်ကောန်၊ ပွင့်လောင်းမှန်၏၊ ဝင်းဖွန်ဖြောင့်မတ်၊ ရွှေအောင်ထွတ်ဝယ်၊ စံနတ်ကညာ၊ ရတနာကို၊ ဆက်လှာနတ်များ၊ သဘောအားဖြင့်၊ မခြား တာထောက်[၁]၊ ရွှေမြို့မြောက်ဝယ်၊ ကျော်ချောက်ပြီးစည်၊ မှုရှိသည်ကို၊ ချစ်ကြည်သက်နှင်း၊ ခင်မ မင်းမှာ၊ သတင်းလေသံ၊ မကျုပ်ပါလား၊ ခုပင်သွား၍၊ ထိမ်းမြားမင်္ဂလာ၊ ဆောင်မည့်ရာကို၊ မကြာ အလျှင်၊ စီရင်ပါတော့၊ မပေါ့လျော့ဟု၊ သာချော့ဖြည်းဖြ မိန့်ပြီးမှလျှင်၊ လောက်လှဂုဏ်ဉာဏ်၊ အတွင်းဝန်အား၊ ထံပါးတော်သျှက်၊ ငါခု တွက်၍၊နန်းဆက်ခန့်ရွယ်၊ မောင်နှင့်မယ်ကို၊ ကြီးကျယ်လှစွာ မင်္ဂလာ ထိမ်းမြား၊ စုလျားပတ်မည်၊ မိန့်နှုတ်ရည်သည်။ ။မရှည်မလျား-လွယ်ကာတည်း။

၁။ မများ-တာထောက်။ (ပေမူ)



၅၀။ **တွင်းဝန်ဂုဏ်လွှေ့**၊ မတ်ယဉ် မြေလျှင်၊ အရှေ့ အနောက်၊ ပတ်လျှောက် မကျန်၊ မိန့်တော်ပြန်သော်၊ စောင့်ဖန် ဗိုင်းဝင်း၊ ဆင်ခြင်း,ရထား၊ မှူးမတ်များနှင့်၊ မယားကတော်၊ ရေသော်များလှ၊ပုဏ္ဏားစသည်၊ တိုက်ကြတော်မှာ၊ ဘဏ္ဍာစုံစွေ၊ လောက်လွှေ့မည်းဖြင်၊ လိုလျှင်ခဏ၊ ချက်ခြင်းရအောင်၊ နေကျ မကျင်၊ တင်းလင်-တည်းလည်း၊ ရှုံးစည်းသောင်းသဲ၊ ရှိစမြဲဖြင့်၊ ထွတ်ကဲမောင်နှံ၊ တင့်စံနတ်တူ၊ ထွက်တော်မူသော်၊ လွယ်ကူကြိယာ၊ အစုံပါချက်၊ နာရဋ္ဌါရ၊ တံခါးမဖြင့်၊ ထွက်ကြွသာလျှောက်၊ ထံတော်ရောက်၍၊ ဘုန်းလောက်လွှေ့လုံ၊ နန်းပွင့်ပုံနှင့်၊ ငါးစုံလျှံလန်း၊ ယဉ်နရှန်းသည်၊ ဝင်းထွန်းဖြူဝါ၊ မင်းသူဇာကို၊ အခါသင့်ရန်၊ သကြိန်အလျှင်၊ ဒက်ဆင်-နားတွင်း၊ ပို့ရှင်းခံထုံး၊ ရစ်ကုံးစုလျား၊ ငါးပါးညွန့်ဖြာ၊ မင်္ဂလာကို၊ လျှင်စွာတန်ဆင်း၊ ထိုညဉ့်တွင်းဝယ်၊ ပြီးလျှင်းစေ၏၊ သို့သည့်မင်္ဂလာ၊ ကျယ်ဝန်းစွာကို၊ လွယ်ကာကျဉ်းချုံး၊ ရှုံးစခြင်းကား၊ ထိုမင်းမဟာ၊ ဥပရာနှင့်၊ သူဇာခေါ်တွင်၊ မင်းလှရှင်၏၊ ရင်ခွင်သည်းချာ၊ ရတနာစု၊ ယဉ်နုဆင်းဝါ၊ ရတနာထိပ်ပန်း၊ မည်မှန်းထင်ရှား၊ မင်းနှစ်ပါးကို၊ ထိမ်းမြားမင်္ဂလာ၊ ဆောင်သည့်ရာနှင့်၊ နန်းလျာခန့်၍၊ အိမ်ရှေ့ညွှန့်ရှည်၊ ဆောက်နှင်းသည်ကို၊ ထူးလည် စေ့ရှာ၊ ချဲ့စရာသည်။ ။**များစွာရှိ၍-ညွှာသတည်း။**

၅၁။ **မင်္ဂလာဆောင်ပြီး**၊ ထွန်းညီးရောင်ထင်၊ နေထွက်လျှင်တည့်၊ နတ်ရှင်မင်းကျော်၊ ခမည်းတော်နှင့်၊ ရှုဖျော် လေးမြတ်၊ ရှစ်သောင်းနတ်ကား၊ ရံပတ်များစွာ၊ နောက်တော်ပါလျက်၊သိင်္ဂါဘုံကျော်၊ ရွှေနန်းတော်သို့၊ တင့်လျော်မကွေ၊ ဝင်ကြလေ၏၊ ဘုန်းနေရောင်လင်းအိမ်ရှေ့မင်းနှင့်၊ဖြူဝင်းနုဝါ၊ မင်းသူဇာလည်း၊ ရတနာစီးတံ၊ ဝေါတုလွှတ်နှင့်၊ သာထွတ်စံရာ၊ အိမ်တော်သာသို့၊ မကွာတကွ၊ ဝင်လေကြ၏၊ ရာဇ်နွှရာဇာ၊ အချာစိုးရ၊ ပြည်သူဘလည်း၊ သုစိတ္တရာဇာ၊ ဂါမဏိရွာစိုး၊ မှူးဆိုးတို့အား၊ လျှောက်လျှားသမှု၊ပေးဘွယ်ဆုကို၊ စွေ့ဝုစီမံ၊ ကိုယ်တော်ရံပြီး၊ ဘုန်းလျှံရှိန်ပြင်း၊ အိမ်ရှေ့မင်းမှာ၊ နာမမည်မှတ်၊ရည်ရှိမတ်ကို၊ ပြာသာဒ်ဘုံကျော်၊ ပြီးတိုက်တော်သို့၊ ခေါ်စေရောက်ပြီး၊ မတ်ကြီးတွင်းဝန်၊ မိန့်တော်ပြန်သော်၊ ကျေပွန် လျှောက်ပတ်၊ အိမ်ရှေ့မတ်လည်း၊ ရှိသွတ်ထိပ်ပြင်၊ သံတော်တင်၍၊ အလျှင်ထွက်ပြီး၊ မိမိသခင်၊ အိမ်ရှေ့ရှင်အား၊

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လေကြား၏၊ ထွတ်ထားပွင့်လျှာ၊ ဥပရာလည်း၊ မေတ္တာချမ်းမြ၊ သုစိတ္တအား၊ သိင်္ဂီရောင်ချော၊ ရွှေဝေါသျှံတောက်၊ အထောက်ကြီးဆစ်၊ ဖြူစစ်ညီးညီး၊ ထီးလည်း နှစ်ဆူ၊ သလူ မိုးရွက်၊ ကျိုင်းလေးချက်နှင့်၊ ဝင်ထွက်သွားတိုင်း၊ တင့်နှိုင်းလှတောင်း၊ ထီးဆောင်းစိမ့်မည်၊ စည်-ခုနစ်လုံး၊ ဘိုးကျုံးများစွာ၊ ရွှေပါ ဝတ်စား၊ ပေးသနားသည်။ ။ **ဆပ္ပါးမြတ်လေး-ကြည်စွာတည်း။**

**၅၂။ ချစ်ကြည် ဆပ္ပါး၊** မူဆိုးအားလည်း၊ ထူးပြား နာမ၊ ကက္ကလိစ္တ၊ ဝနရာဇာ၊ သိင်္ဂါရောင်လျှပ်၊ ရွှေဘွဲ့တပ်၍၊ ဆင့်ထပ်လေလေ၊ ရွှေ,ငွေ,ပုဆိုး၊ အုပ်မျိုးတသွန်၊ ကျေး,ကျွန်,မြင်း,ဆင်၊ များဖြင်ခွန်ထွက်၊ မြို့လက်တတည်၊ ခုနစ်မည်မျိုးဆက်၊ မပျက်ရှည်စွာ၊ ချမ်းသာစိမ့်ရေး၊ ဘေးမဲ့ပေး၍၊ မြတ်လေးလွန်စွာ၊ မူဆိုးရွာ၏၊ ဂါမဏိဓေါ်ဆို၊ ရွာစိုးကိုလည်း၊ ကြည်ညိုဗိဗိ၊ ဂါမဏိမတ္တနာ၊ မည်သာတွင်စေ၊ သံခြေပျံမွေး၊ စာချွန်ပေး၍၊ ထောင့်ကွေးအချိုး၊ မိုးကြိုးချယ်ကွပ်၊ ဆောင်ကြပ်ယွန်းထိုး၊ ယက်ဘက်အိုးမူ၊ မိုးကြိုးလားလား၊ ခေါ်အိမ်လယ်လွတ်၊ ငါးပတ်ခံတွင်း၊ အရင်းအဖျား၊ ရွာကားတရုဏ၊ ဂါမကိုပင်၊ သာရှင်ကြည်ဖြူ၊ ပေးတော်မူ၏၊ အတူမှုထမ်း၊ ကြိုးပမ်းကြံစည်၊ အသည်-ကပ္ပါး၊ အလာ-အားလည်း၊ စပါးကြေးငွေ၊ ထွေထွေဝတ်စုံ၊ အပုံအဖြိုး၊ သယ်ပိုးမနိုင်၊ ဖြိုးလိုင်ထပ်ထွေး၊ ဆုတော်ပေး၏၊ မနေ့းကိုယ်သို့၊ မြို့ရွာသို့လျှင်၊ နှစ်လို့ရွှင်ပျ၊ပြန်လေကြသည်။ ။**အားရရယ်မော-ဝမ်းသာတည်း။**

**၅၃။ ကက္ကလိစ္တ၊** ဝနရာဇာ၊ မည်သာကျော်ဟိုး၊ မတ်မူဆိုးကား၊ မိုယ်းသို့ရွာမျှ၊ဆုတောင်းရ၍၊ ပြောပမြေး,မြစ်၊ စံဖြစ်လျှင်းအောင်၊ နေ့ချင်းပြောင်သော်၊ဘုံဆောင်လျှံဝင်း၊ အိမ်တော်တွင်းသို့၊ ဝင်လျှင်းလေပြီး၊ ဘုန်းမီးတောက်ဝှန်၊ နန်းပွင့်ရန်ကို၊ အလွန်ညွှတ်ကြည်၊ လျှောက်သည်မှာကား၊ ထွတ်ဘုရား....၊ ထိပ်ထားမင်းရှင်၊ လည်မှာဆင်သည်၊ ရောင်ထင်မျက်ကျော်၊ ဘယက်တော်ကား၊ တိမ်ပေါ်အာကာ၊ လိုရာရောသို့၊ အာသာစိတ်မှတ်၊ ပျံနိုင်တတ်သည်၊ ကြီးမြတ်စွာဘိ၊ တန်ခိုးရှိ၏၊ သတိမတော်မြတ်၊ မလွတ်ပါနှင့်၊ မပွင့်ဗှက်ခွေ၊ သေသေချာချာ၊ ထားသင့်ပါဟု၊ ရှိကြာဦးမြှောက်၊ ထားတင်လျှောက်သော်၊ ဝမ်းမြောက်လျက်ပင်၊ ရယ်ရွှင်သာမျော်၊ အော်အော်ဟုတ်စံ့၊ ပျံ့ပျံ့ထွေငေါ်၊မိန့်ပြီး



သော်တည့်၊မျက်ကျော်ပြုံးပြက်၊မြဘယက်ကို၊ ပြိုင်ဘက်လွတ်ကင်း၊ မယ်တော်မင်းသို့၊ ဆက်သွင်းရှိသေ၊ ပို့ရလေ၏၊ ကြက်သရေရောင်ခြည်၊ ထွန်းလွှံလည်သည်၊ ဖြူကြည်ဝင်းဝါ၊ မင်းသူဇာကား၊ သာသည်ရိပ်မြ၊ တဲးနန်းကသည်၊ ပြောင်းကြွခဲ့၍၊ အိမ်ရွှေအိမ်တော်၊ တိုင်ရောက်သော်လည်း၊ ဘုန်းကျော်သည့်ရှင်၊ ထိပ်တင်မင်းလှ၊ ခဲယမ်းယမ်း၊ သာချမ်းယုယ၊ မိန့်သမျှကို၊ နှိမ့်ချရှုံ့ရှာ၊ အားနာလှလျက်၊ ဟာမြွက်သံချို၊ မဆိုနိုင်သေး၊ပူနွေးဝမ်းက၊ကြုံမရသည်။ ။**ရှက်လှခုန်ဆွေ့-ရင်မှာတည်း။**

**၅၄။ ကိုးမျက်ရောင်ဖြာ၊** ရတနာကို၊ဝင်းဝါသိင်္ဂီ၊ နန်းချည်သီမှ၊စုံစီရှက်ရှက်၊ စက်ကြမ်းခက်သည်၊ပြုံးပြက်ရောင်မှူး၊ ဖထိုင်ကြူးထက်၊စုံပူးမောင်နှံ၊ နှစ်ပါးစံသော်၊ ဘုန်းလျှံထွန်းဝါ၊ ဇကရာကား၊ သူဇာမင်းရှင်၊ မင်းရွှေစင်ကို၊ ရင်ခွင်တင်ထက်၊ ထားတင်ဘက်၍၊ ဖြူညက်ဝင်းရွှ၊ မင်းရှင်လှကို၊ ပွက်ဟာထွေလည်၊ လျှောက်ပါသည်ကို၊ မည်မျှရွှေခွန်း၊ ကြိုင်မွှန်းချိုသာ၊မဟာပါခဲ့၊ဩဇာပျံ့သင်း၊ မိန့်သံညင်းကို၊ လွန်ပြင်းဆန္ဒ၊ ကြားချင်လှ၏၊ မိန့်ဟာမရှင်၊ ရှုပ်သွင်ပန်းနှယ်၊ မင်းလှငယ်ဟု၊ နှုံးကြွယ်ပန်းတူ၊ မိန့်တော်မူသော်၊ ဖြူအုနုဝါ၊မင်းသူဇာကား၊ ရှုရာသက်ခင်၊ ပန်းလျက်ပင်တည့်၊ လျှောက်ချင်လွန်အား၊ ထုတ်ကြိုးစား၍၊ သနားဘွယ်သာ၊လျှောက်သည်မှာကား၊ စကြာပတ်ကုံး၊ လေးကျွန်းလုံးကို၊ ယူကြုံးမည်ရာ၊ ဘုန်းညွှန့်ဖြာသည်၊ ထိပ်ခြာထားတင်၊ ထိပ်ပန်းရှင်....၊ ပူပင်ငြင်ငြို၊ ကျွန်မကိုလေ၊ ဟိုမူဆိုးပ၊ ဘမ်းမိစက၊ ကျွန်မစိတ်မှာ၊ မကြာလျှင်တောင်း၊ ဘယ်အကြောင်းကြောင့်၊ ငံ့ညောင်း မဆည်၊သေရမည်ဟု၊ ကြံစည်စိတ်ထဲး၊ အမြဲးသေချာ၊ အောက်မေ့ရာတွင်၊ တောသာလည်လား၊မူဆိုးသားသည်၊ တိုင်းကားပြည်ရွာ၊ သာသည်ကစ၊ ယဉ်လှရှိန်းမြေ၊ အိမ်ရွှေသခင်၊ ထိပ်တင်နာမ၊ သည့်နှယ်ပဟု၊ ကျွန်မကိုလေ၊ အထွေထွေသည်၊ ။**သံခြေပွက်ဟ-စေရှာတည်း။**

**၅၅။ သို့လျှင်ကျွန်မ၊** မပျ မရှင်၊ သေတည့်ချင်သည်၊ အလျင်စိတ်များ၊ ဘယ်ကိုသွားဘိ၊ တခြားအသစ်၊ ဖြစ်ပြန်တော့ကို၊ ဟိုက စ၍၊ ခုနေ့ရောက်တိုင်၊ မြဲးကိုင်စွဲးကြိတ်၊ ကျွန်မစိတ်သည်၊အဆိတ်ကယ်မျှ၊ လျှင်းဆုပြီဘူး၊ ရှည်ကျူးနောက်နောင်၊ သက်ဆုံးအောင်လည်း၊ စိန်တောင်ကဲ့သို့၊ မနဲ့မယိုင်၊ ခိုင်တော့မည်ပ၊ ကျွန်မစိတ်လက်၊ သည်ဖြစ်ချက်ကို၊

www.burmeseclassic.com

www.burmeseclassic.com



ဖေါ်မြွက်စေ့ငု၊ ခုလျှောက်ဘူးရှင်၊ နှစ်ဖြင့်များလွေ့၊ သက်ရာစေ့၍၊
စုတေ့မည်စိတ်၊ နိမိတ်ထင်ထင်၊ မြင်သော်ဒါမှ၊ ယဉ်လှသည့်ရှင်၊ ထိပ်
တင်ခြေတော်၊ ရွှေလှော်ရွှေသား၊ ဘဝါးစေတီ၊မြတ်သိင်္ဂီကို၊ လှိုင်ညီ
ကေသာ၊ ဆံပန်းကြာနှင့်၊ စေတနာမြတ်လှ၊ ပူဇော်ရမှ၊ ကျွန်မသာ
ကြည်၊ လျှောက်ပါမည်ဟု၊ပျံ့ကြည်သာချို၊ မိန့်လျှောက်ဆို၏၊ ထိုစကား
ဝယ်၊ အဓိပ္ပါယ်ကား၊ ပန်းနှယ်လှိုင်ကျော်၊ နာမံတော်ကို၊ ချီငေါ်အစ၊
ကြားသည်ကာပင်၊ ချစ်လှပါပြီ၊ ပည်းသီချစ်ထု၊ ခုလည်းသည်းထဲ၊ ချစ်
စွဲးမြဲးနှောင်၊ နှောင်လည်းသက်ဆုံး၊ ချစ်ထုံးရစ်ခွေ၊ မြဲးနေမယွင်း၊ခြေ
တော်ရင်းတွင်၊ ဝပ်စင်းညွတ်ကြည်၊ ခေါင်းချမည်ဟု၊ မိန့်ရည်သာ
လျှောက်၊ စကားရောက်၏၊ ဘုန်းတောက်လျှံထင်၊ အိမ်ရှေ့ရှင်လည်း၊
ဟချင်ခဏ၊ နားလည်လှ၍၊ ရွှင်ပျမြတ်နိုး၊ မေတ္တာမိုးသည်။ ။
**ဖြိုးဖြိုးသည်းလှ-စွေရွာတည်း။**

၁၆။ အိမ်ရှေ့သခင်၊ ထိပ်ထားတင်မှာ၊ မင်းရှင်မိန့်ရည်၊ရွှေခွန်း
သည်လျှင်၊ မွေ့နှည်ပေါင်းရုံး၊ စိတ်နှလုံးကို၊ ကျုံး၍ကြွင်းမဲ့၊ယူဘိကဲ့သို့၊
မဟဲ့ပြစ်ခြည်၊ မြဲးတည်မှတ်နေ၊ ထင်သောထွေကြောင့်၊ သည်လေမိန့်
ဟ၊ ဆိုပြီးမှလျှင်၊ အရခဲ့ခက်၊ ကိုယ့်အသက်ကို၊ ဆက်ဆက်ဆယ်ခါ၊
မညှာမတွန့်၊ ကြိမ်ကြိမ်စွန့်၍၊ ပွားပြန့်မေတ္တာ၊ ချစ်စရာလျှင်၊ ပေါ်လှာ
တော့သည်၊ ဝင်းကြည်နုနယ်၊ မင်းလှငယ်ဟု၊ ပျံ့ကြွယ်သာချို၊ ဖျော်ဖြား
ဆို၍၊ ကြည်ညိုသာရွှင်၊ ပါးဝယ်ပင်လျှင်၊ ငုံချင်မတတ်၊ ချစ်မြှတ်လွန်
ကျူး၊ရွှေသို့ဦးမျှ၊ပျံ့ပျူးတွေတွေ၊နေလည်း မခြား၊စားလည်း တလျက်၊
စက်လည်းတူအုံး၊ နှလုံးမခြား၊ သွားလည်းတူစုံ၊ ရိပ်မြုံကသိုဏ်း၊ မှတ်
ကြံနိုင်း၏၊ နေ့တိုင်းပျော်မှု၊ ရတုစောင်းဖြင်း၊ သီချင်းကျူးရင့်၊ အနှစ့်
လုံးထား၊ လူးပြားတွေတွေ၊ ကချေနှင့်ပတ်၊ နတ်လည်းခုနိကာ၊ နှန်းမ
စပ်ယှဉ်၊ ဉယျာဉ်ရေကန်၊ သာလွန်နန်းမြင့်၊ တိုက်ဆင့်ရိပ်ချမ်း၊ ဆင်
ဘမ်းရေကြောင်း၊ရွှေလောင်း ရွှေလှေ၊ နေ့ရေမချန်၊ ရံဖန်တင့်ရည်း
မင်းစည်းသဘင်၊ စီရွှင်ရာချာ၊မည်သည်မှာမျှ၊ မကွာစဘူး၊ ချစ်မျိုးကြူး
၍၊ ကြိုင်မြူးချစ်နှံ့၊ နေ့တိုင်းပျံ့ကျက်၊ ပံ့ကာဖြိုးလှိုင်၊ချစ်စွဲးခိုင်သည်။ ။
**ယိမ်းယိုင်မရှိ-သေချာတည်း။**

၁၇။ ဤသို့လူးချွန်၊ချစ်ကြီးလွန်၍၊ခြောက်တန်နတ်မှာ၊ပဒေသာသို့၊
လိုရာမဟ၊ကာလမီးမိုး၊အဘိုး နဂ္ဂ၊နဝရောင်ညီး၊ ကျောက်ဖြင့်ပြီးသား၊



အုံ့ရှိုးစရာ၊ တန်ဆာစုံအင်၊ လဲးလှယ်ဆင်လျက်၊ ပူပင်ဒုက္ခ၊ ကြောင့်ကြ
မဆံ၊ ချမ်းသာစံသော်၊ တရံရောခါ၊မင်းသူဇာ၏၊ ရတနာဂဗ္ဘ၊ဝမ်းတော်
လျှဝယ်၊ မြတ်လှသန္ဓေ၊ တည်လျှင်းလေ၏၊ နေ့ရေလည်းမြင့်၊ ချိန်ခါ
သင့်သော်၊ ဘုန်းရင့်သမ္မာ၊ အင်္ဂါညီညွတ်၊ ယောကျ်ားမြတ်ကို၊ ညှာ
လွတ်ချပ်ပြေ၊ နတ်ပန်းကြွေသို့၊ ကြက်သရေတိုက်ဖွမ်း၊ မယ်တော်
ဝမ်းမှ၊ သာချမ်းသန့်စင်၊ မျက်နှာမြင်၏၊ မထင်ပြစ်ဆာ၊ထိုဘွားခါဝယ်၊
ရတနာဖြိုးဖြက်၊ မြကွန်ရက်နှင့်၊ ခင်းကြက်သာကြည်၊ ခံရသည်ကို၊
ရည်၍တကြောင်း၊ တပ်ပေါင်းမြို့စား၊ တလွှားရပ်စည်၊ ရှမ်းပြည်
ယွန်းပြည်၊ စရိုသည်ဝယ်၊ ထီး,စည်,ဝေါ၊ ဒေသမြို့ပြား၊ မင်းမင်း
များက၊ ပဏ္ဏာမြားစသည်၊ ထူးလည်မြားစွာ၊ ရတနာတိ၊ ရှိကြာဦးတည်၊
ဆက်ရောက်သည်ကို၊ ရည်၍လည်းကောင်း၊ ကျော်သောင်း လွှံကြား၊
ထိုမင်းသားကို၊ ထူးပြားသာယာ၊ ရတနာပုဥ္ဇ၊ မည်မှည့်ကြ၏၊ မာဂဓ
အလို၊ ထိုကိုမြန်မာ၊ ပြန်သောခါမူ၊ ရတနာစု၊ နှသည်နာမ၊ ခေါ်ဆို
ရသည်။ ။**ဒိဗ္ဗမာလုပမာတည်း။**

၁၈။ **ရတနာစု** ၊နုနုနယ်နယ်၊ ပန်းဝတ်နှယ်သို့၊ စိုးလယ်ထိပ်ပေါ်၊
ဘိုးမင်းကျော်နှင့်၊ ဘွားတော်ဘုရား၊ ထွတ်ထားမယ်တော်၊ ရှုပျော်
ချစ်စည်း၊ ခမည်းတော်မင်း၊ ဆွေရင်းမျိုးဘော်၊ အိမ်တော်နန်းလုံး၊
ချစ်ကုံးသီကြ၊ ချီ-မတေည္ဘ၊ ဒေါသရှောင်ပြစ်၊ ဆယ့်ရှစ်နှစ်သာ၊ ရွယ်သစ်
မကြီး၊ မတ်သမီးချည်း၊ နို့လည်းမြိန်ချို၊ ကိုယ်လည်းမလျှ၊ လှသည်ဖြင်
လျှာ၊ ငါးရာကောက်ရွေး၊ နို့ထိန်းပေးသော်၊ ရင်သွေးငါးရာ၊ ဘွား
ဘက်ပါ၏၊ ရတနာပုခက်၊ တင်မည့်ရက်ဝယ်၊ ဖြိုးဖြက်ရောင်လူး၊ စိန်မြူး
မြထိတ်၊ ဖိတ်ဖိတ် ရောင်တောက်၊ လက်ကောက် ခြေချင်း၊ ဝင်းဝင်း
ရောင်ချက်၊ ကျားလက်သည်းပါ၊ လည်မာ-လည်တွင်၊ တန်ဆာဆင်မှ၊
မျက်ရှင်စီချယ်၊ ပုခက်ဝယ်လည်း၊ ရောင်သွယ်ထွန်းဝေ၊ ကလပ်ခြေ
နှိုက်၊ မြဲးနေစောင့်ဟန်၊ ဂုမ္ဘာဏ်ဘီလူး၊ စွယ်ပြူးထူးနှင့်၊ မာန်ရှူးနဂါး၊
ခြသေ့ထား၍၊ ဘောက်ကြားကြိုးကြွ၊ အစငေါ်ရှက်၊ ပန်းလှထက်ဝယ်၊
သန်လျက်နတ်သား၊ ထမ်းဟန်ထား၏၊ ပြယား ရည်ရှင်၊ တုရင်
လေးထောင့်၊ သုံးမြှောင့်အိုးထား၊ တုရင်ဖျားဝယ်၊ မြပြားညီမြိုက်၊
မှန်တင်းစိုက်၏၊ မြင်းကိုက်အင်းကွက်၊ မျက်နှာကြက်လည်း၊ ဖြိုးဖြက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဖြာ၊ ကြမ်းမှာခင်းပေ၊ ခြသေ့ရေတွက်၊ ဆယ်ထွေ-ဆယ်ရည်၊ မွေးရှည်ညှံ့စွာ၊ ကတ္တီပါတည့်၊ အုံ့ရာဘိုးကြီး၊ ဆယ်ထပ်နှီးသည်။ ။ **မငြီးစက်မွေ့ပျော်ရာတည်း။**

**၅၉။ လက်ဖွဲ့ချည်မျှင်၊** စီရင်ထူးဆန်း၊ လင်ပန်းချိုးအင်၊ ရည်ရှင်မြမှုတ်၊ ခွက်ကြုတ်ဖလား၊ ပတ္တမြားရှိုးရဲ၊ ရွှေ-ငွေလျက်၊ အမျက်ရတနာ၊ မျှားစွာအနှု၊ အယ-အချီ၊ ပည်းသိ ထပ်လောင်း၊ သိန်း, သောင်းဒွန်ရ၊ မြို့ပြ, ဆင်, မြင်း၊ သင်းပင်းလူစု၊ ကစား မှုလည်း၊ စေဥ္စရိယ၊ ကျောက်ပေါင်း စသည်၊ ပီသ ရုပ်သွင်၊ ဘန်စီရင်လျက်၊ နန်းပြင်-နန်းတွင်း၊ ဆက်သွင်းလက်ဖွဲ့၊ ထားရာမဲ့မျှ၊ မပဲ့ကြည့်ရာ၊ ပတ်သာကချေ၊ ထွေထွေပွဲလမ်း၊ ပည်းဖြင်မွန်းတီ၊ မင်းခမ်းမင်းမှုမင်းရတုဖြင့်၊ ယဉ်နုစီရင်၊ ပုခက်တင်မှ၊ ရုပ်သွင်နုမျစ်၊ ရင်သိမ်းသစ်ချည်း၊ တရွယ်တည်းလျှင်၊ ဆံစည်းထောင်ထောင်၊ ညိုရောင်ညိုညို၊ နောက်ဆံအိနှင့်၊ ချစ်မိဘွယ်ရာ၊ စဉ်ကာတဖက်၊ နေစေလျက်တည့်၊ ဖြူညက်နုရွ၊ ရွယ်ကမျှပင်၊ ဒက်လှရင်ရစ် နားတွင်းသစ်ချည်း၊ နက်မည်းဆံထုံး၊ တင့်ဆုံးချီချီ၊ နှင်းဆီကြိုင်ကြိုင်၊ ရှက်ဆိုင်ရွရွ၊ အိနောက်စနှင့်၊ ဘယ်ကတရွေ၊ စဉ်နေစစလျက်၊ သံခြေပျောင်းငေါ်၊ သံကြော်ယဉ်ဆိုး၊ ဘွဲ့သိကုံး၍၊ နှုလုံးသည်းအူ၊ စိတ်ကိုယူသို့၊ သံတူမယွင်း၊ ကျူးသံညင်းသည်။ ။**နေချင်းဤသို့ကဗျာတည်း။**

**၆၀။ နန်းလုံးထိပ်မှာ၊** တင်စရာသည်၊ ထိပ်ချာစက်တော် မခေါ်တည့်လေ။ ။အချစ်မေတ္တာ၊ ထပ်လောင်းကာသည်၊ ရှုရာတို့မျက်ဖျော်တည့်လေ။ ရွှေဘုန်းသမ္မာ၊ညွှန့်လူးလာသည်၊ ရတနာတစု၊ မြဆင်းတုနှယ်၊ နုနုညိုညို၊ မစက်လိုလည်း၊ ငိုရဘူးရှင်၊ ရာဇဝင်ဖြင့်၊ သန့်စင်မြတ်ကျော်၊ အကြောင်းတော်ကို၊ ချီငေါ်ဟုတ်လျောက်၊ ရွှေနားလျှောက်မည်၊ မိုမောက်မေတ္တာ၊ ပုံစရာသည်။ ။ထိပ်ချာတည့်ထိပ်ပန်း ထိပ်ထက်တင်၊ပန်းသွင်သည့်ရည်သွေးနုမွေးမွေး။ ။**နေယာဉ်ချိုယဉ်ပျောင်းနုနေး။**

**၆၁။ မဒ္ဒတိုင်းစည်၊** စိုးစံတည်သည်၊ ခေါ်မည်အဂ္ဂသီတည့်လေ။ ။ထိုမင်းသည်းချာ၊ နတ္တညာသည်၊ ဘဒ္ဒါနုဝတီတည့်လေ။ ။ဘဒ္ဒါနုဝတီ၊ ဆင်းသိဂီနှင့်၊ ယှဉ်မှီသိကြား၊ စံပျော်ပါး၍၊ သည်းချားရင်ခွင်၊ မြင်သည်



ဇာနန္ဒ၊ ပုတ္တခေါ်မည်၊ စုံသည်အင်္ဂါ၊ တရာမချို့၊ ငါ့သားတို့ဟု၊ နန်းမြို့မကျန်၊ သိကြားဘန်၍၊ သာလွန်ဇေယျ၊ ပုရတွင်မည်၊ သည်ရွှေပြည်သည်။ ။[ထောင်တည်ဖြစ်စေ သမိုင်းလာ၊] စိုးချာတည့်ဦးရှေး၊ သိကြားသွေး၊ **နေယာဉ်ချိုယဉ်ပျောင်းနုနေး။**

**၆၂။ ဇာနန္ဒပုတ္တ၊** နရိန္ဒသည်၊ အစထွတ်ရာဇာတည့်လေ။ ။သည့်သားသည့်သား၊ မြတ်ဆက်ပွါးသည်၊ တခြားမဘောက်လှာတည့်လေ။ ။မြတ်ဆင့်ဆင့်ပွါး၊ အညအားဖြင့်၊ များသည့်မင်းပေါင်း၊ ခြောက်သောင်းမျှစင်၊ ဇာနန္ဒဝင်ဟု၊ ဥကင်စိုးမြန်း၊ စည်ပြီးထွန်း၏၊ ဘုန်းတန်းမချို့၊ ထိုမင်းတို့တွင်၊မျိုးမင်္ဂလာ၊ ညွှန့်ဖြာဘုန်းသစ်၊ အဆုံးဖြစ်သား၊ ဧကရာဇ်ထိပ်ပေါ်၊ ရှင့်ဘိုးတော်သည်။ ။မည်ခေါ်တည့်ရာဇိန္ဒရာဇာ၊ ဘုန်းဝါတည့်နီးဝေး၊ ရောင်လွှင့်ပြေး၊ **နေယာဉ်ချိုယဉ်ပျောင်းနုနေး။**

**၆၃။ ဇမ္ဗူကျွန်းလုံး၊** လက်နက်ကျုံးသည်၊ ထွတ်ဆုံးဘိုးရာဇာနှင့်လေ။ ။ဥကင်ထိပ်ပေါ်၊တုစုံပျော်သည်၊ ဘွားတော်ထွတ်မြတ်မျိုးမြင့်လေ။ ။ဇာနန္ဒဝင်စစ်၊ တဖြစ်တန္တယ်၊စင်ကြယ်လှစွာ၊ မည်တော်သာမူ၊ နရိန္ဒာဒေဝီ၊ကျော်ထင်ညီသည်၊သိင်္ဂီရွှေသား၊ ဘွားဘုရားကား၊ ငါးပါးဇာနြေ၊ ငါးထွေသီလ၊ တည်ကြည်လှ၍၊ ရူပလက္ခဏာ၊ ပညာဂုဏ်အင်၊ ဘက်မထင်သည်။ ။မြေပြင်တည့်မဆန့် ကျော်စောဇုန်၊ နတ်ဌာန့်တည့်ပျံ့မွေး၊ အုံ့ချီးကြွေး။ **နေယာဉ်ချိုယဉ်ပျောင်းနုနေး။**

**၆၄။ နန်းမသာခင်၊** ဘွားရှင်ပင်နှင့်၊ မြေပြင်စိုးရ၊ ရာဇိန္ဒလေ။ ။စုံပူးရွှေရင်၊ စုံရာတွင်နိုက်၊ ဘွားမြင်မြတ်လှ ဩရသလေ၊ ။ပုတ္တရတနာ၊ လက်ဦးစွာဟု၊ ဖြစ်လာငြားသင့်၊ ရွှေဘုန်းပွင့်သည်၊ ရှင့်ခမည်းတော်၊ မမြော်နိုင်းရာ၊ တို့ထိပ်ချာကား၊ အဌာရသ၊ ဟူသမျှကိုလွန်လှဆန်းထူး၊ သူ့ထက်ကျူး၏၊ မုန်ယူးဆင်ပြောင်၊ ကြမ်းခေါင်မြင်းကြီး၊ ကိုယ်တော်စီးက၊ အုံ့ချီးစရာ၊ လိုတိုင်းပါသည်။ ။[ရှုသာတည့်ထင်၊ လှကိုယ်ယဉ်။] ဘက်ယှဉ်တူရေး၊ မရှိဝေး၊ **နေယာဉ်ချိုယဉ်ပျောင်းနုနေး။**

၆၅၊ **တတ်ရာဖြင်ပည်း၊** တတ်သည်ချည်းတွင်၊ကျော်သည်းကျွန်းလုံးဝန်းမျှလေ။ ။လေးအတတ်သည်၊ ထူးထွေလည်သည်၊ စံတည်ကြူး၍

www.burmeseclassic.com

www.burmeseclassic.com



လွန်လှလေ။ ။လျှင်သည့်လျှပ်လျှပ်၊တပြက်လျှပ်ကို၊ ဆင့်ထပ်မြားဆက်၊ ခုနစ်ချက်စင်၊ ရွှေလက်ဝင်လွှတ်၊ ပစ်မိတတ်လျက်၊ နတ်အပြည်ပြည်၊ နှံ့လည်ဗိုက်ရှုတ်၊ သမုဒ္ဒရာ၊ ရေမှာမြေထဲ၊ ငရဲထုတ်ချောက်၊ စေတိုင်းရောက်၍၊ ပတ်လျှောက်ပြည်ထောင်၊ မင်းကုန်အောင်တို့၊ ထိပ်ခေါင်ရွက်ကျိုး၊ရှိပန်းကိုးသည်။ ။လက်ရုံးတည့်မဟာဝရဇိန်၊ လျှံထိန်တည့်နီးဝေး၊ ဖြာပြန့်ပြေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**

၆၆။ **လှသည့်မှာသော်၊** ကျူး၍ကျော်သည်၊ မမြော်ဘက်လွတ်ကွေတည့်လေ။ ။ယဉ်သည်မှာသော်၊ မိုးထိပ်ပေါ်သည်၊ ကျော်၍အဖျားနေချည့်လေ။ ။ယဉ်လည်းယဉ်နု၊ ပြိုင်တုမရ၊ လှလည်းလှတင့်၊ နှုတ်တွင့်သာချို၊ ဆိုလည်းကျစ်လျစ်၊ တင်ပြစ်မဲ့ပြီ၊ လုံးစုံညီ၍၊ ပည်းသီဖပေါင်းရုံး၊ လူ့နှလုံးကို၊ ကျူးသို့သိ၍၊ ရှန်းယဉ်မြွေ၏၊ ကြီးလေ့ပညာ၊ အရာရာကို၊ ခန္ဓာသက်လုံး၊ လျှောက်မဆုံးသည်။ ။ကျဉ်းရုံးသည်မျှ လျှောက်လွှယ်ကာ၊အရာတည့်ချီးရေး၊ များလှသေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**

၆၇။ **သို့လျှင်မြတ်နွယ်၊** ကြောင်းတမယ်ကို၊ မင်းဝယ်ရွှေနား ညွှတ်ပါလေ။ ။မယ်တော့မျိုးဝယ်၊ လွန်တင့်တယ်သည်၊ ဆန်းကြယ်ဇာတ်မျိုးမြတ်လှလေ။ ။အစရှေးခါ၊ တောင်စန္ဒာဝယ်၊ ဂဏာခေါ်ညီ၊ ကိန္နရီသည်၊ ထက်ဆီမိုးမှာ၊ နတ်ဗြဟ္မာကို၊ ဝမ်းသာစုံမက်၊ ကြည်နှစ်သက်အောင်၊ ကျင့်ခက်ရှည်တာ၊ လွန်မြတ်စွာ၍၊ ဗြဟ္မာမြတ်လေး၊ သားဆုပေး၏၊ ရင်သွေးရှုဖျော်၊ ဘွားမြင်သော်လည်း၊ တေဇော်ထွန်းဝင်း၊ ဗြဟ္မာမင်းသည်။ ။မကင်းတည့်စောင်မ ဘုန်းကြီးအောင်၊ ရည်ဆောင်တည့်မြတ်လေး၊ ဆရာပေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**

၆၈။ **သူရဿတီ၊** နတ်ဒေဝီသည်၊ စုံစီတတ်မျိုးသင်ရလေ။ ။မြေကိုလျှိုးဝင်၊ မိုးကောင်းကင်ကို၊ ငှက်သွင်ဟူးဟူးပျံကြွလေ။ ။ယင်းသည့်အစ၊ စုံသိပ္ပကို၊ ဗြဟ္မာ့သားတော်၊ တတ်ပြီးသော်တည့်၊ တောင်ကျော်ဟေမဝ၊ ဂိရိချာဝယ်၊ အင်္ဂါမချို့၊ ယင်းသည့်မြို့ကို၊ အောင်မှို့ထွန်းပ၊ တည်ထောင်စ၏၊ သည်ကဆင့်ပွား၊ သား, မြေးအားဖြင့်၊ များသည်ရွှေမှောက်၊ မင်းတို့နောက်ဝယ်၊ ဘုန်းတောက်ရှိန်ပြင်း၊ ဘိုးတော်မင်းသည်။ ။သံသင်းတည့်ဒေဝီနွှဲရာဇာ၊ မည်သာတည့်ပျံမွေး၊ ဘွဲ့တော်ရေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**



၆၉။ **ဒေဝီနွှဲရာဇာ၊** ဘိုးထွတ်ချာသည်၊တေဇာမြတ် တန်းခိုးတည့်လေ။ ။နတ်ကိုပင်သာ၊ စိုးချုပ်ချာသည်၊ အာဏာနတ်ထက် မိုးတည့်လေ။ ။ဒေဝီနွှဲရာဇ၊ ဘိုးတော်ချစ်နှင့်၊ တွင့်လှစ်ဥကင်၊ တူစုံရှင်သည်၊ သခင်ဘွားတော်၊ ပြိုင်ဘော်မရ၊ အတုလဒေဝီ၊ မဟေသီကား၊ စုံညီအင်္ဂါ၊ လက္ခဏာတောက်ပ၊ ယင်းမူလသည်၊ ဗြဟ္မာ့နွယ်မြစ်၊ မြတ်မျိုးဖြစ်၍၊ တင်ပြစ်လွတ်ကင်း၊ သန့်သန့်ရှင်းသည်။ ။သတင်းတည့်ဂုဏ်နှံ့နတ်ခြောက်တန်၊ ကျူးလွန်တည့်မြတ်လေး၊ လှိုင်လွင့်ပြေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**

၇၀။ **ဘွားတော်ရင်သွေး၊** ဆင့်ကာမွေးသည်၊ ဖြူမွေးခုနစ်ဦးတည့်လေ။ ။ယဉ်မျိုးလောက်ဖြင့်၊ ရှန်းမြို့က်ရှင်သည်၊ လသွင်ထွန်းရောင်မြှူးတည့်လေ။ ။ကျူးသည်စတော၊ ထိပ်ဗွေတင်ထား၊ ခုနစ်ပါးတွင်၊ နှောင်းဘွားမြင်မြော်၊ ရှင့်မယ်တော်ကား၊ အဟော်ဝတ၊ အလှပေါင်းစု၊ ယဉ်နုရာမှာ၊ ကျူးကာမက၊ ကျော်ပြန်လှလျက်၊ မိုးမှမြင့်မောက်၊ အထွတ်ရောက်၍၊ ထက်အောက်မိုးမြေ၊ဘုံနေနတ်လူ၊ မြင်ဘူးသူသည်။ ။လတူတည့်ထွန်းပ မျက်နှာတော်၊ မြင်မြော်တည့် ရေးရေး၊ ရှည်မြင့်ဝေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**

၇၁။ **အိမ်ရှေ့ဦးကိုင်၊** ယဉ်မျိုးပိုင်သည်၊ နိုင်သည့်ထိပ်ချာ ကိုပလေ။ ။ရှေးကဆရာ၊ ထားခဲ့မှာသည်၊ သိုက်စာတကယ်မှန်လှလေ။ ။ဂိရိရွှေတောင်၊ အုပ်စိုးဆောင်သည်၊ ဘုန်းခေါင်မဟာ၊ ဥပရာဟု၊ သိုက်စာမှား၊ မှန်သောအားဖြင့်၊ တင်ထားထိပ်ပေါ်၊ ခမည်းတော်နှင့်၊ လှကျော်ရောင်ဆင်း၊ မယ်တော်မင်းလျှင်၊ ဘုန်းချင်းဆိုင်ငင်၊ စိုကြချင်၍၊ သခင်သလေး၊နုကွေးလွေးကို၊ မွေးသည့်ပန်းသွင်၊ မျက်နှာမြင်သည်။ ။ဥကင်တည့်စိုး ညွန့်ပြူစကာ၊ ဆိတ်စာတည့်ကွေးလွေး၊ မင်းသလေး၊ **ဧးယာဉ်ချီယဉ်ပျောင်းနုဧး။**

၇၂။ **တကျူးကျော်ကျော်၊** စက်မွှေပျော်အောင်၊ ဖျော်ပါလျက်ကို။ ဘက်ဘယ်ပြုလေ။ ။စက်လိုဘဲးသာ၊ ကြာတောင်း ကြာသည်၊ ထိပ်ချာပုလီပုလုလေ။ ။နီနီတွေးတွေး၊ ခြေသလေးကို၊ ကွေးချေဆန့်ချေ၊ မနေမနား၊ ကန်သည်အားနှင့်၊ ညှံ့ထွားပန်းနှယ်၊ လက်နုနယ်ကို၊

၁–ကန်သည်သားနှင့်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာမနေ၊ လှုပ်တော့စေသာ၊ ထိပ်ချာပုလု၊ သည့်နှယ်ပြုလျှင်၊ သွေးစုနီတွေး၊ ပါးသလေးကို၊ စုဝေးစေ့ငေ၊ နမ်းရချည့်ကို၊ ငိုနှင့်သို့ကျစ်၊ တကာယ်ပင်သည်။ ။ဥကင်နောင်ဆက်စိုးမည့်သူ၊ ဘုန်းလူတည့်လှိုင်ဇး၊ ပျို့ပျို့မွေး၊ **ဧးယာဉ်ချိယဉ်ပျောင်းနုဇေး။**

၄၃။ **ယင်းသို့စသည်၊** ကျူးမြည်သံညင်း၊ ဘွဲ့ဇးချင်းနှင့်၊ မတင်းနေကျ၊ မွေးဘဘုန်းရှိ၊ မွေးမိဘုန်းကျော် အိမ်တော်သူလုံး၊ ချစ်ကုံးရစ်သီ၊ ချီလည်းမငေ၊ နမ်းမဝတည့်၊ ယုယတိုတို၊ ချစ်မျိုးပုံ၍၊ ချစ်ကုံပေါင်းစု၊ ကသိုဏ်းပြုလျက်၊ မျက်ရှုကာကာ၊ မြင့်ရှည်ကြာသော်၊ အခါတပါး၊ မင်းဖျားပဝရ၊ ရာဇိန္ဒဝယ်၊ တရား့အရာ၊ လိမ္မာနားဝင်၊ ကျွမ်းလှကျင်ဟု၊ စီရင်နေကြ၊ ဆုံးဖြတ်ရသည်၊ ရာဇိန္ဒရာဇဂုရု၊ ယဉ်နုဘွဲ့မည်၊ ပုဏ္ဏားသည်လျှင်၊ ပိတ်ဆည်ခါသာ၊ မာတရဘက်၊ ငွေရွက်စားများ၊ တန်ဆိုးစား၍၊ နိုင်သားရှိလျက်၊ နှိပ်စက်ရှုံးစေ၊ ဆင်ခြေမလှ၊ ရှုံးရမည်သူ၊ နိုင်စေဟူ၍၊ ကောက်ယူကတ်လတ်၊ ဓမ္မသတ်ကျမ်း၊ မိန့်တော်တမ်းလျက်၊ စဉ်လှမ်းစွဲသုံး၊ စီရင်ထုံးကို၊ နှလုံးမထား၊ လောဘအားဖြင့်၊ မှောက်မှားစီရင်၊ အလွဲဆင်သော်၊ တိုင်းခွင်ဝန်းလျား၊ ပြည်သူများတို့၊ မင်းနားရောက်တိုင်၊ မပေါက်နိုင်ရှာ၊ ကြံရာခဲအင်၊ ကြွေးတင်ကျွန်ဖြစ်၊ သားနှစ်-မြေးမွန်း၊ ကြေးပန်း-ငွေကုန်၊ ဆုမှုန်ဝမ်းမှာ၊ မသက်သာလျက်၊ မိစ္ဆာနှောင့်ရှက်၊ ပုဏ္ဏားဖျက်၍၊ အောင်ချက်ရွှေပြည်၊ ပျက်တော့မည်ဟု၊ တမြည်ညည်းညည်း၊ စိုးရိမ်သည်းသည်။ ။**မနည်းကာလ ရှည်၏တည်း။**

၄၄။ **ထိုသည့်အခါ၊** မဟာဥပရာဇ်၊ ဘုန်းသစ်လျှံပတ်၊ ရဲးတုလွတ်ကား၊ မြာသာဒ်ရောင်ညီး၊ ဝေါတော်စီး၍၊ ဘုန်းမီးတောက်ဖြိုး၊ ဘမင်းစိုးသို့၊ ရှိခိုးဝင်၍၊ ချမ်းမြေ့သာယာ၊ ထွက်ခဲ့လာသော်၊ ဥစ္စာမြေမိုး၊ ကြီးရိုးလူဆို၊ ငြင်ငြိုရှိရှား၊ မှုသည်များတို့၊ ဝန်းလျားတိုင်ပင်၊ သည်တွင်သက်စွန့်၊ လက်ညွှန့်ရှိရည်၊ လျောက်တော့မည်ဟု၊ ကြံစည်ပြီးမှ၊ လက်မလက်နား၊ ထင်ရှားပြနေ၊ စာခွေထိပ်ပြင်၊ ပန်းနှယ်ဆင်လျက်၊ မြေတွင်ဝပ်လျား၊ လျောက်ပွဲ့ငြားရ်၊ ဘုရားဘုန်းရောင်၊ ထိန်ထိန်ပြောင်သည်၊ အခေါင်ထိပ်ချီး၊ တို့ထိပ်မိုး။ ။ပုဆိုးဖြူလှပ်၊ စက်နားတပ်နှင့်၊ ရွှေကျပ်ပြောင်ပြောင်၊ မြင်းမိုရ်ဆောင်သည်၊ ဆန်းခေါင်



တိုင်ဘိ၊ ပုရောဟိတ်လျှင်၊ အကျိလောက်လား၊ လက်ဆောင်စား၍၊ တရားဖြောင့်လျော်၊ ကျွန်တော်တို့သာ၊ နိုင်ကောင်းပါလျက်၊ မသာအရေး၊ အရှုံးပေးခဲ့၊ ဘုန်းမွေးပျိုရှား၊ ဘုရားကယ်မ၊ ရှုပါမှသာ၊ ဘုရားကျွန်တော်၊ ရေသော်အများ၊ ဆင်းရဲသားတို့၊ ကြိုးစားသာပျော်၊ အမှုတော်ကို၊ နှစ်ကျော်ကျူးရှည်၊ ထမ်းနိုင်မည်ဟု၊ ရှိရည်ထိပ်ပေါ်၊ တင်လျှောက်သော်တည့်၊ လေးဘော်သစ္စာ၊ ပွင့်မည်လျာကား၊ ကိုးရာမဲ့ငြား၊ ဆင်းရဲသားကို၊ သနားကြည်ဖြူ၊ ချစ်တော်မူ၍၊ လွယ်ကူသာပျော်၊ ရွှေရုံးတော်သို့၊ ခေါ်ခဲ့လိုက်စေ၊ မိန့်ရှိပေသည်။ ။**သံခြေပျှမွေးကြည်၏တည်း။**

၄၅။ **သိုနှင့်သာပျော်၊** အိမ်တော်ရဝေ၊ ကြွရောက်လေသော်၊ ငံ့နေမနား၊ မှုသည်များကို၊ လျှင်လျားခေါ်မြောက်၊ အညီရောက်မှ၊ နှည်နှောက်စင်မော၊ စစ်ဆေးကြော၍၊ သဘောဖြောင့်မတ်၊ မျဉ်းခတ်သော့သွင်၊ ရွှေချိန်ခွင်သို့၊ စီရင်ကောက်ယူ၊ ဖြတ်တော်မူသော်၊ ပြည်သူလူက၊ အူအူစ၍၊ ရုက္ခဘုမ္မာ၊ အာကာငါးထပ်၊ ထက်ရပ်ထုတ်ချောက်၊ ဗြဟ္မာရောက်မှု၊ ချီးမြှောက်ကျုံကျုံ၊ အသံသောင်းသောင်း၊ ထိန့်ထိန့်ခြောင်း၏၊ မြတ်လောင်းကေရာဇ်၊ ထိုအဖြစ်ကို၊ စိစစ်မနှေး၊ လန့်ကြားမေးသော်၊ မိုက်မြေးရှက်ခြည်၊ ပုဏ္ဏားသည်လျှင်၊ ဖြီးစည်အများ၊ တန်ဆိုးစား၍၊ တရားမှောက်လှန်၊ ပြောင်းပြန်လိမ်ကွေ့၊ စီရင်၍လျှင်၊ အိမ်ရှေ့ဘုရား၊ မှုသည်များကို၊ သနားကြည်ဖြူ၊ ခေါ်တော်မူ၍၊ ချိန့်တူဖြောင့်မှန်၊ စီရင်ဟန်ကို၊ အလွန်ကြည်ညွတ်၊ လူနှင့်နတ်တို့၊ လေးမြတ်ကောင်းချီး၊ သီးသီးပတ်လည်၊ ဆိုကြသည်ဟု၊ မတ်ရည်ရှိများ၊ လျှောက်သည်ကြားသော်၊ မင်းဖျားရာဇာ၊ လူ့ထွတ်ချာကား၊ ဝမ်းသာစုံမက်၊ လွန်နှစ်သက်၍၊ ရွှေလက်ဆန့်ပြီး၊ လက်ဖျစ်တီးလျက်၊ ကောင်းချီးရွှေခွန်း၊ ကြိုင်ပျံ့မွှန်းသည်။ ။**ဥဒါန်း ဤသို့မည်၏တည်း။**

၄၆။ **ယခုအခါ၊** သောင်းဒီပါထက်၊ ငါနှင့်တူမျှ၊ စကြဝ္ဝဠာသနင်း၊ မင်းတို့နိုက်ဝယ်၊ ဂုဏ်ကြွယ်စည်ဖြိုး၊ သားကြီးမြတ်စွာ၊ ရတနာကို၊ ရေးရာမြင်မြော်၊ သားကြီးဘော်နှင့်၊ ငြားတော်လှခြင်း၊ သို့သည်မင်းလျှင်၊ မယှဉ်းပုံပြင်၊ အယ်မှာထင်လိမ့်၊ မင်းတွင်မင်းထွတ်၊ ငါ့သားမြတ်ဟု၊ နှုတ်လွတ်သံကြော်၊ ကြိမ်းပြီးသော်တည့်၊ ဘုန်းတော်တက်သစ်၊ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်သည်၊ ႁတလှစ်တိုင်းခြေ၊ နေသည်များလှ၊ လူ့ကိစ္စကြောင့်၊ အဘကြီးစည်၊ ပူရပြည်ကို၊ မြိုက်ရည်ထိပ်မှာ၊ သွန်းဘိလှာသို့၊ ချမ်းသာငြိမ်းဆေး၊ ဘကိုပေး၍၊ မြှော်တွေးစေရှာ၊ သည်ကိုစာသော်၊ မကြာလျှင်မြင်း၊ ႏသီးဖြူနှင်း၍၊ မင်းမင်းထိပ်ဆင့်၊ တင်ပေသင့်ဟု၊ မမြင့်ယင်းနေ့၊ မှစ၍လျှင်၊ နောက်ရှေ့ရုံးပြင်၊ စီရင်ကြတွေ့၊ စိတ်မပြေ၍၊ ရွှေနားတော်ကြား၊ သည်တရားကို၊ သည်းကြားမောင်မှာ၊ စီရင်ပါဟု၊ ထွေသာပုံချီ၊ မိန့်လိုက်ဆို၍၊ နကိုရ်စိုးချာ၊ မင်းတို့သာလျှင်၊ ဖတ်ရာစဉ်ရှိ၊ ရာမြင့်မိုး၏၊ ပုဆိုးလျှပ်သွင်၊ ဒုရင်လျှပ်ဝါ၊ ကျောက်စုံပါကို၊ မေတ္တာချမ်းမြ၊ ဆက်စေရ၏၊ မွေးပျလှိုင်ကျော်၊ သည်မိန့်တော်ကို၊ ထင်ပေါ်ကြားက၊ ပုဏ္ဏားဘုံအိမ်မှာ၊ ပဏ္ဏာတွေပြား၊ ရောက်မည်ထား၍၊ လာ,သွားသူမျှ၊ မချဉ်းကြသည်။ ။**ဝေးလှလှတ်ရှောင်ဖည်၏့တည်း။**

၇၇။ **ထိုခါသရော်**၊ ပုဏ္ဏားချော်ကား၊မလျော်ကျင့်ညစ်၊မိမိပြစ်ကို၊ မစစ်တွက်ပြီ၊ လှိုင်ညီဘုန်းပန်း၊ လူးလာလန်းသည်၊ ရွှေနန်းထွတ်ချာ၊ စိုးမည်လျှာကို၊ ပြင်းစွာမုန်းတား၊ ငြိုးထားစလျက်၊ နှိပ်စက်မည်ခွင့်၊ ကြံနေလင့်၏၊ သို့နှင့်တန်စွာ၊ များမကြာပင်၊ ကျယ်စွာဘိုင်းကားကြီးအင်အားနှင့်၊ ဆင်များစွာဘိ၊ တိုးမဲ့ရှိ၍၊ ဟတ္ထိပူရ၊ ခေါ်ကြတွင်မည်၊ တပါးပြည်ကို၊ စိုးသည်ကွပ်မှူး၊ မင်းတဦးလျှင်၊ မည်တူးဇေယျ၊ ပြည်ပူရ၏၊ မြို့ပြစွန်နား၊ ကင်းလမ်းများကို၊ ထိပါးရန်ရှာ၊ နိုက်တိုက်လာသော်၊ ဆိုင်ရာမြို့စား၊ စစ်ကဲများက၊ ကြောင်းလျှားဖြစ်လျောက်၊ စေလှာလျောက်၍၊ ရွှေမှောက်ဘုန်းတူ၊ ကြားတော်မူသော်၊ ဇွန်ဆူချက်ငေါက်၊ မာန်တော်ပေါက်၍၊ ဘုန်းလောက်လေ့လုံ၊ နန်းပွင့်ပုံကို၊ ရွှေဘုံနန်းခွင်၊ ခေါ်စေဝင်မှ၊ ဘုရင်မိပတိ၊ မိန့်တော်ရှိ၏၊ ဘကြီးရင်နှစ်၊ ရွှေဘုန်းသစ်သည်၊ ဥပရာဇ်မဟာ၊ နန်းပွင့်လျှာ။ ။ဝေးစွာလှတိ၊ ခြားနားရှိလျက်၊ ဟတ္ထိပူရ၊ မင်းမျှားရည်သည်၊ ခရှုပြည်တိုင်းကျော်၊ နိုင်ငံတော်ကို၊ ပြိုင်ဘော်ဘက်ရှာ၊ ဖျက်ဆီးလာ၍၊ မိစ္ဆာရန်မြေး၊ သည်အရေးကို၊ မနှေးလျှင်လှ၊ မောင် ချီမှပင်၊နှစ်,လမဖြင်၊ ကုံတွင်လွယ်မည်၊ သို့ဖြစ်သည်ကြောင့်၊ နန်းရည်ရာထား၊ ဘသည်းကြားကို။ ။**ချီသွားစိမ့်မည်ရည်၏့တည်း။**

၇၈။ **မောင်သွားချေ၍**၊ ကျင့်လေ့ညစ်ပေ၊ ထိုလူမွေကို၊ မျိုးဆွေမယား၊ သမီးသားနှင့်၊ ခန့်ထားကြဉ်းအောင်၊ လုံအောင်ယူ၍၊ ဖင့်နွဲ့း



မချို၊ ထိုမြို့ကိုလည်း၊ သိပ်သည်းမြော်မြင်၊ အစီရင်နှင့်၊ တိုင်ပင်စစ်ကဲမှန်းမြဲးတော်တည့်၊ နိုင်းရှည့်ရွေးသန့်၊ သင့်အောင်ခန့်၍၊ ရှောင်လန့်ပြေးသွား၊ မြို့နေများကို၊ သာဖြားဖျော်ဖြေ၊ ခေါ်သွင်းစေဟု၊ ပရမေဘုန်းဇုန့်၊မိန့်တော်ခန့်သော်၊ဝေးကွန့်ရေမြေ၊ တောခြေဘေးထု၊ ချမ်း,ပူမဆို၊ထိုထိုကျူးကျော်၊ အမှုတော်ကို၊ သွေချော်မဖည်၊ ထမ်းပါမည်ဟု၊ ရှိရည် လက်မြှောက်၊ လျှောက်ကား လျှောက်၏၊ မိုမောက် မေတ္တာ၊ မင်းသူဇာနှင့်၊ မြေတာဝေးရှည်၊ ကွာရမည်ကြောင့်၊ ဝေ့လည်ဝမ်းက၊ လိုက်ပွက်ထလျက်၊ ခဏကြာသျှင်၊ ထွက်ခဲ့ကျင်၍၊ ပူပင်ညှိုးခေါက်၊ အိမ်တော်ရောက်သော်၊ လျှံတောက်ပြိုးပြက်၊ ကျောက်စုံခက်သည်၊ ခြူးစက်ညောင်မှာ၊ နှစ်ထွာ ထု ကြွား၊ ယင်နား မခံ၊ မွှေရာညှံ့ထက်၊ ချစ်ပုံ့ရစ်ခွေ၊ နွဲ့းယှဉ်နေမှ၊ သရေထွန်းပ၊ မင်းရှင်လှယ်၊ ဝေးလှစစ်မြေ၊ ချီလေမိန့်ရည်၊ ရှိချေသည်ဟု၊ သာကြည်ချိချိ၊ မိန့်မြွက်ဆိုသော်၊ ယေပျိုဆင်းဝါ၊မင်းသူဇာမှာ၊ထွေသာပုံချီ၊အော်ဆိုသည်နှင့်၊ ပျံ့လွင့်အာသည်း၊ တပြိုင်တည်းသည်။ ။**ရှတ်ခြည်းမှိုင်ဝေလည်း၏့တည်း။**

၇၉။ **ပြည့်ဝန်းရောင်ဖြာ**၊ စန္ဒြာကို၊ တိမ်လွှာ ညစ်ကျို၊ လွှမ်းတည့်ဘိသို့၊ သိရိဝင်းဝါ၊ လမျက်နှာကို၊ ဗျာပါတိမ်ပုပ်၊ လွှမ်းတည့်အုပ်၍၊ ဖြေချုပ်မလည်၊ ရွှမ်းမျက်ရည်ကို၊ မဆည်နိုင်ခဲ့၊ ငိုသံနွဲ့နှင့်၊ လုပ်လဲ့မူနည်၊ လျှောက်သည်ဆိုကား၊ ကျွန်းစည်သောင်းတွင်း၊ အမင်းမင်း၏၊ ရင်တွင်းသည်းကြား၊ မင်းသားမင်းလျှာ၊ များတကာတို့၊ တတ်ရာသိပွ၊ ဂုဏ်ရှိမျှနှင့်၊ အလှယဉ်နှ၊ မြတ်ရာမှုကို၊ ပေါင်းစုအသည်းဆူ၊ အညွန့်ယူသည်၊ ဘုန်းလူသည့်ရှင်၊ မယ့်ထိပ်တင်။ ။မြေပြင်ပတ်ကုံး၊ စိုးယူကျုံးသည်၊ ထွတ်ဆုံးထိပ်ပေါ်၊ ခမည်းတော်ပင်၊ ကျူးကျော်စစ်မြေ၊ ချီသွားလေဟု၊ သံခြေပုံဖြည်း၊ မိန့်ကတည်းကို၊ ကျော်သည်းကြေညာ၊ မယ့်ထိပ်ချာသည်၊ ကြွပါလေနှင့်၊ နွဲ့းဖင့်စိတ်လျော့၊ နေပါတော့လော၊ ပျောင်းပျော့ပုသည်း၊ ကျွန်မချည်းသာ၊ ဗျာပါမူးလည်၊ ရှိတော့မည်ကို၊ ကြံစည်ဝမ်းဝယ်၊ မသိနှယ်ပင်၊ အလွယ်ရွေရည်၊ သွားတော့မည်ဟု၊ သာကြည်ဝမ်းမြှောက်၊ လျှောက်ခဲ့ပြီလား၊ တွေပြားတွက်ဆ၊ ကြံစည်ကမူ၊ ကျွန်မစိတ်တွင်၊ ခုကပင်လျှင်၊ ပူအင်ကြီးဘိ၊ မီးနှယ်ညီ၍၊ မချိနိုင်လျှင်း၊ ကိုယ်တွင်းပြောင်ပြောင်၊ လောင်ခဲ့ပြီကို၊ မှီခိုကိုးကွယ်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နှယ်ကျွန်မ၊ ပြုပါရမည်၊ ခဲလှကြီးရာ၊ မတာတ်သာသည်။ ။**နောင်ခါဆယ်ဆခက်ပြီတည်း။**

**၈၀။ ကာမဘုံမည်၊** ခုနစ်ပြည်တွင်၊ ဖြိုးစည်များလှ၊ မြတ်မိန်းမတို့၊ နှလှ ရွှန်းမြေ၊ ယဉ်ဥ သရွေ့ကို၊ လွေ့လွေ့ ပြောဟုံ၊ ထက်က ပုံလျက်၊ လောက်လုံအထု၊ ယဉ်မျိုးစုသည်၊ ရွှေဥ ရွှေစင်၊ မင်းလှရှင်။ ။ကြီးအင်အထူး၊ ကျေးဇူးလွန်လှ၊ မွေးမိဘကို၊ တွေးဆသင့်ရှယ်၊ နိုင်းပယ်သာကြည်၊ စေပါသည်ကို၊ ရွှေရည်လိုရာ၊ သွားမည်သာဟု၊ ရှောင်ခွါမလွဲ၊ မဆိုဘဲနှင့်၊ ဖင့်နွှဲ့ဘယ်မှာ၊ နေသာပါ့မည်၊ ခုသည်အရာ၊ အမှုမှာလည်း၊ ပြည်ရွာပျက်စီး၊ ရေးကြီးခွင့်ကျယ်၊ မကွယ်-မဝှက်၊ ပြက်ပြက်ပြို့ပြို့၊ ပင်ဖြစ်ခဲ့၏၊ နောက်ငဲ့မလျင်၊ မောင်သွားလျင်လည်း၊ မင်းရှင်လှမှာ၊ တော်ကွာလိုက်လှဲ့၊ ဝမ်းကွဲးဝမ်းနည်း၊ တယောက်တည်းသာ၊ သွယ်ဖြာမျက်ရည်၊ ရှိရစ်မည်ကို၊ ကြံစည်စိတ်က၊ သိပါလှ၏၊ နေကျဖြောင့်ဖြောင့်၊ သိသောကြောင့်လျင်၊ စိုးနှောင့်ဗျာပါ၊ မောင့်စိတ်မှာမူ၊ စစ်တာမြေခြား၊ မှာကိုထား၍၊ ခစားညွှတ်ကြို့၊ တွင်းတော်သို့မျှ၊ နေဘို့ကိုပင်၊မဝင်ချင်ပါ၊ မလွဲသာ၍၊ ရုံခါခေါ်တော်၊ ဝင်ရသော်လည်း၊ ကျူးကျော်ရက်ကြာ၊ မြေတာဝေးလှ၊ ကွေကွင်းရသို့၊ မင်းလှမျက်နှာ၊ တော်ကိုသာလျင်၊ ရွှေမှာခြိုးတည်၊ ထင်တော့သည်ကြောင့်၊ ရွှေပြည်ထိပ်ပေါ်၊ ဘုန်းတော်ကြီးလှ၊ ဘုရားရွှေဥန်း၊ မေးမြန်းသာရှင်၊ မရှင်သာဖြား၊ မိန့်စကားကို၊ မကြားတခါ၊ ကြားတခါပင်၊ မူရာထူးချွန်၊ ရှိသည်မှန်၏၊ လွမ်းဝှန်ဖြိုးလွှေ့၊ သို့ဖြစ်၍လျင်၊ အောက်မေ့ရည်ထင်၊ မောင့်စိတ်တွင်လေ၊ မင်းရှင်မျက်နှာ၊ လသော်တာကို၊ ဆိတ်စာမလှည့်၊ စိတ်စောကြည့်လျက်၊ သည့်သက်ခန္ဓာ၊ နှစ်တရာကို၊ သချာအပေါင်း၊ ထောင်သောင်းခန့်တွက် ဆက်၍မြဲးပင်၊ တည်နေချင်၏၊ ရွှေရင်ရွှေသား၊ ခွါကြခြား၍၊ ဘဝါးချီဆံနို့၊ တတောင်ခန့်မျှ၊ မကွာနို့သွားချင်၊ သည်ကိုပင်သည်။ ။**စိတ်တွင်တောင့်တမှန်ပါလှ။**

**၈၁။ စက်လက္ခဏာ၊** အင်္ဂါမြတ်ပုံ၊ ခြေတော်စုံကို၊ မွေးထုံလှိုင်ပျံ့မခွါသကို၊ ကျွန်မထိပ်စွန်၊ နေ့တိုင်းပန်သည်၊ ဘုန်းသန်သည့်ရှင်၊ ပယ့်သခင်သည်၊ စစ်ခွင်မြေခြား၊ မှာကိုထား၍၊ ဘဝါးချီဆန့်၊ တတောင်ခန့်မျှ ခွါကွန့်ရှုပျူး၊ သွားချင်ဘူးဟု၊ ညှိုးနွမ်းချစ်ရည် တူမျှသည့်ကြောင့်၊



မွေးကြည်ပန်းတူ၊ မိန့်တော်မူလျင်၊ ဘုန်းလူသည့်ရှင်၊ မယ့်ထိပ်တင်မှာ၊ တိုင်ပင်နှိုင်းရှည့်၊ မသိ၏သို့၊သွားမည့်အရာ၊ စစ်တန်ဆာကို၊ များစွာစိတ်ဖြာ၊ကြံ၍သာလျင်၊ နေပါတော့ရှင်၊အလျင်မကြာ၊ ကျွန်မသာလျင်၊ သိင်္ဂါဘုံကျော်၊ ရွှေနန်းတော်သို့၊ ကြံမြော်ရည်ထင်၊ တဘက်ဝင်၍၊ ဦးတင်ခညွှတ်၊ စစ်သွားလွတ်အောင်၊ အထွတ်ကျော်ချီး၊ ဘုန်းတော်ကြီးကို၊ ထံနီးတော်ပါး၊ ချဉ်းရှိတွား၍၊ သနားတော်မြတ်၊ ညွှတ်ညွှတ်ပျပ်ပျော့၊ ခံပါတော့မည်၊ မပေါ့မေတ္တာ၊ သေချာမြဲးသို့၊ ကျွန်မကိုလည်း၊ နဂိုရှိဦးကိုင်၊ စိုးပိုင်ဘုရား၊ သနားနေကျ၊ ချစ်နိုင်မျှကို၊ ခဏလွှယ်ကာ၊ လွှတ်ပါသော်ကား၊ သနားစရာ၊ အကြောင်းမှာလည်း၊ လွှင့်လာမျှော်ပါး၊ ရောက်သောအားဖြင့်၊ ဆွေဝါးမဲ့ဆုံး၊ ‘ဥ’တလုံးသာ၊ ပျော်ပိုက်ပါသည်၊ မိကွာ-ဘကွင်း၊ ဝမ်းစင်းတိမ်းလည်း၊ ကျွန်မချည်းကို၊ ပေါင်းစည်းချစ်ခင်၊ ဘရှင်ဘုရား၊ တို့သနားမှ၊ ရှည်လျားမြဲးတည်၊ လူဖြစ်မည်ကို၊ ကြံစည်ထောက်ချင့်၊ သိသဖြင့်လျင်၊ ကဲးမြင့်ထပ်လောင်း၊ ချစ်ပါကောင်း၏၊ ချစ်ကြောင်းချစ်ရာ၊ ရှိပါတော့လျောက်၊ ကျွန်မလျောက်က၊ ဝေးထောက်စစ်မြေ၊ သွားစေနှင့်တော့၊ နေလေ့သာရှင်၊ မိန့်ပါလျင်လည်း၊ သခင်ခြေတော်၊ မွေးကျော်ပွင့်ကြာ၊ ပဒုမာကို၊ ထိပ်မှာပုံလှိုင်း၊ နေ့တိုင်းကြိုင်ပျံ၊ ပန်ရပါစေ့၊ ခပ်လျော့မေတ္တာ၊ သည်အရာမှာ၊ လွှတ်သာဘူးဟု၊ ငဲ့ရှုမထင်၊ မိန့်ခဲ့လျင်လည်း၊ ပူပင်လိုမျှ၊ ကံသာပရှင်၊ ကျွန်မမှန်စွာ၊ သည်တခါတွင်၊ အာဏာစက်မီး၊ ဘုန်းတော်ကြီးကို၊ထံနီးတော်ရောက်၊ ချဉ်းကပ်လျှောက်မည်၊ မကြောက်ပြီဘူး၊ ရှိဦးတင်ကာ၊ စုတ်ပင် သာလျင်၊ တိုးပါတော့မည်၊ မဆုတ်လည်သည်။ ။**သေ့ဖည်မခွရဲ့နိုင်မျှ။** ။

၈၂။ **အချစ်မေတ္တာ၊** လောင်းစရာကို၊ ဘွေရှာလုံ့လ၊ သစ်သစ်ရသို့၊ ရှုပဆင်းရည်၊ လုံ့လည်ကြက်သရေ၊ တိုးလေလေပင်၊ တွေတွေ ထူးလည်၊တိုးတော့သည်ဟု၊ နေ့ရည်ရက်ဖြင့်၊ မောင့်စိတ်ထင်သည်၊ မင်းရှင်နှုနယ်၊ ရွှေဥငယ်။ ။မှတ်ရှယ်ဆက်ဆက်၊ သည်အချက်ကို၊ ဟာမြွက်ချီသာ၊ မိန့်သည်မှာမူ၊ မေတ္တာပုံပြီး၊ ချစ်အားကြီး၍၊ လျှိုသိုးနှုအာ၊ မိန့်တော်မူ၏၊ တွေးယူထောက်မြော်၊ အကြောင်းသော်ကား၊ မြေပေါ်မျက်နှာ၊ သောင်းဒီပါထက်၊ မင်းလျာမင်းလောင်း၊ ကျော်သောင်းဝှန်ရှူ၊ မင်းသားဟူက၊ ရန်သူဝန်းလည်၊ စစ်ဆိုသည်ကို၊ ရှောင်ဖည်

www.burmeseclassic.com

www.burmeseclassic.com



လက်ချ၊ မလွဲးရဘူး၊ ပြည်မထိပ်ခေါင်၊ စိုးမည့်နောင်ကို၊ ရည်စောင်မှတ်ချက်၊ စစ်မက်ချီသွား၊ မခန့်ညားလည်း၊ ထွတ်ဖျားခေါင်နှိမ်၊ မင်းစည်းစိမ်ကို၊ ရိပ်ငြိမ်သာမြှိုင်၊ နောင်စံပိုင်အောင်၊ စွဲးကိုင်အောက်မေ့၊ လျှောက်ထား၍ပင်၊ ချမ်းမြေ့မနေ၊ ထမ်းရွက်ချေ၏၊ လူ့မြေထင်ရှား၊ သို့ချက်များကြောင့်၊ ရွှေသားယဉ်နု၊ ယဉ်မျိုးစုသည်၊ ရွှေဥဒင်းစံ၊ သနားခံ၍၊ ဝေးလံမှုတော်၊ ထမ်းလွတ်သော်လည်း၊ ထင်ပေါ်နှံ့ပြား၊ မင်းသား-မင်းညီ၊ ပည်းသီ အများ၊ ဆင်းရဲသားက၊ စ၍ကုန်အောင်၊ စစ်ရှောင်စိတ်နှောင့်၊ မစောင့်လားလား၊ မင်းဖြစ်သားဟု၊ ထွေပြားရှုတ်ချ၊ ကဲ့ရဲ့ကြ၍၊ ထွန်းပညွန့်ဇေ၊ ဘုန်းသရေပင်၊ လျော့မြေသိမ်နွဲ့၊ ယုတ်ရာခဲ့၏၊ ကျိုးမဲ့ထင်ပေါ်၊ နောက်နောင် သော်လည်း၊ မလျော်သမှု၊ ဥဒါန်းပြု၍၊ မှားစုမှတ်သား၊ ထားချေတော့မည်၊ သည်ကိုစွေ့ရှု၊ တောက်ထားပါ၍၊ ရတနာပုလဲး၊ မောင့်လည်ရွဲးငယ်၊ ရွှေခဲး ခရွှေလှော်၊ ရွှေစိတ်တော်ကို၊ ဖြေဖျော်သာယာ၊ ဖြည့်ဖြိုးပါတော့၊ မြေတာကျူးကျော်၊ မောင်သွားသော်လည်း၊ ခဲးလှော်ရှက်ဖြာ၊ စစ်ရေးရာကြောင့်၊ မကြာမဘူး၊ ဝေးကျူးမနီး၊ ခရီးတွင်သာ၊ ကြာပါရမည်၊ သွားလာသည်နှင့်၊ ခွန့်ရှည်ဝေးတာ၊ ခရီးမှာလည်း၊ ရှည်ကြာစွာလှ၊ ငါးလမျှသာ၊ စိတ်ကပြတ်ပြတ်၊ အဆုံးမှတ်၍၊ လှမြတ်ရတနာ၊ သည်းခံပါတော့၊ ဗျာပါဆူဝေ၊ စစ်ရပ်မြေဝယ်၊ သည်းခြေနောက်နက်၊ လွမ်းသည့်ထက်ကို၊ အတက်မြင့်မို၊ လွမ်းလေဆိုသို့၊ သံချိုပွံ့ကြွယ်၊ သနားဘွယ်လျှင်၊ နွမ်းနယ်မှုနည်၊ မျက်ရည်သွယ်ဖြိုက်၊ တရှိုက်ရှိုက်သာ၊ ငိုပါနှင့်တော့၊ ပျောင်းပျော့မတည်၊ ကျွန်ုပ်သည်လျှင်၊ လူ့ပြည်တစစ်၊ လူဟုဖြစ်၍၊ ဆယ့်ရှစ်နှစ်စင်၊ ရေတွက်ဝင်ပြီ၊ ဘယ်တွင်ရှိမ်းယို၊ မငိုဘူးပါ၊ **ဟု**ဘ်ရာကျနိုင်၊ တရားကိုင်လျက်၊ စိတ်လက် ကြည်ကြည်၊ ပြုပါသည်ကို၊ ဖြေဆည်မသာ၊ သည်တခါတွင်၊ သွယ်ဖြာရှိမ်းနုး၊ ငိုရဘူးဟု၊ လွန့်ကျူးခဲးခက်၊ ခုကလျက်ပင်၊ လိုက်ပွက်ဝမ်းက၊ သို့ရှိရသော်၊ မင်းလှရတနာ၊ မယ်နှင့်ကွာ၍၊ စစ်တာကွန်းထောက်၊ ချရောက်သော့ခါ၊ ဗျာပါဝမ်းဝယ်၊ လွမ်းမျိုးကြွယ်၍၊ဘယ့်နှယ်တုးလည်၊ ဖြစ်ရမည်မျှ၊ ဆောက်တည်ပြီးတိုင်၊ မသိနိုင်ခဲ့၊ ဂလိုင်လှိုင်ပွက်၊ သို့အချက်ကြောင့်၊ ကြီခက်ခဲးလွန်၊ ကျွန်ုပ်ကျွန်ကို၊ ပြန်ကြည့်ထောက်ညာ၊ သနားပါ၍၊ ပူဆာဖျောက်ဖြေ၊ ပြေပျောက်ထွေဖြင့်၊ သရေမျက်နှာ၊ ပွင့်လန်းကြာသို့၊



မြင်ပါရစေ၊ လှိုင်ဝေပူဆုံး၊ မောင့်နှလုံးကို၊ သိမ်းကျုံးယူဆောင်၊ ချမ်းသာအောင်သည်။ **။ရည်စောင်မင်းလှ ကြံပါမှု။**

၈၃။ **သံသရာဘဝ**၊ ဆက်ဆက်ကပင်၊ ကျွန်မသခင်၊ အရှင်ဇကန်၊ ဖြစ်ဘူးမှန်၍၊ ကျူးလွန်ကျွန်မ၊ အဆဆပင်၊ ညွတ်ခလေလေ၊ ချစ်ရှိသေသည်၊ ထိပ်ဇွေထားတင်၊ ကိုယ်တော်ရှင်။ ။သို့စင် ဝေးရှည်၊ ပစ်သွားမည်ကို၊ ကျူးသည်မိုမြင့်၊ ဆိုပါနှင့်တော့၊ ဘုန်းပွင့်ဝေဆာ၊ မယ့်ထိပ်ချာသည်၊ သိင်္ဂါရောင်ညီး၊ နန်းတော်ကြီးသို့၊ ပုံဖြိုးရံရွှေ၊ကြွဝင်လေသည်၊ တည့်နေယိမ်းစ၊ မွန်းလွဲးကကို၊ နေ့ကြရေတွက်၊ သုံးချက်ခေါ်ဆို၊ ပဟိုရ်ကျော်ရုံ၊ ဘုန်းလှုံသည့်ရှင်၊ ထိပ်တင်မင်းပျို၊ ကြာသည်ကိုမျှ၊ မောက်မိုတင်းကျမ်း၊ ကျွန်မဝမ်းမှာ၊ အလွမ်းပြည့်လှ၊ လျှံဘိတ်ကျ၍၊ ဆောင်မ ကျယ်ဝင်း၊ တင်းထိမ်တွင်းမှာ၊ ဘော်ကင်းရှိမ်းယို၊ ငိုရကိုပင်၊ ထိပ်တင် မသိ၊ ၍ရှိသည်ရှင်၊ သို့စင်ရေးရာ၊ ယခုမှာမူ၊ ရှည်တာကာလ၊ငါးလမျှစင်၊ ချီကြွသွားလာ၊ကြာမည်ဆိုတိုင်း၊ ထုံ့ပိုင်းဇကန်၊မှန်ချေခဲ့က၊ ကျွန်တော်မသည်၊ သေရမည်လျှင်၊ အပြီးထင်ခဲ့၊ ထိပ်တင်ပွင့်လျာ၊သနားပါလျှင်၊ ခန္ဓာမပျက်၊ကျွန်မသက်ကို၊ စိတ်ထက်ယဉ်နု၊ ရှုသည်ပြု၍၊ များထုဆည်းဆူ၊ လုလည်းကျိုးမဲ့၊ ကဲ့ရဲ့ဘဲးနှင့်၊ ချီးမြင့်ကြည်ချစ်၊ စစ်လည်း ချီဘဲ၊ အမြဲး တကွ၊ ကျွန်မနှင့်ပေ၊ နေရအောင်ကို၊ ဘုန်းမိုမောက်ရွှန်း၊ မယ့်ထိပ်ပန်းနှယ်၊ ကျယ်ဝန်းလိမ္မာ၊ မြတ်ပညာနှင့်၊ကြံပါတော့ရှင်၊သို့မှပင်လျှင်၊ထိပ်တင်မင်းလှ၊ ကျွန်တော်မကို၊ဆယ်ဆထုးလည်၊ ချစ်ကြူးသည်ဟု၊ပွံ့ကြည်သာဖြား၊ မိန့်စကားကို၊ မှတ်သားတာရှည်၊ယုံတော့မည်သည်။ **။ဆောက်တည်နေကျတကယ်ပ။**

၈၄။ **ဆယ်ဆက်ဆယ်ခါ**၊ မညှာမတန့်၊ သက်ကိုစွန့်၍၊ ပွါးပြန့်မေတ္တာ၊ ချစ်စရာဟု၊စေတနာပြတ်ပြတ်၊ ကျွန်ုပ်မှတ်သည်၊ လှမြတ်မဋ္ဌု၊ မင်းနုအူ။ ။ရှင်လူကျူးမဲ့၊ မကဲ့ရဲ့စေ၊ စစ်မြေတပါး၊ မသွားရဘဲး၊ ယှဉ်နွဲးမြဲးနှောင်၊ ပျော်ဂအောင်ကို၊ ရည်ဆောင်လုံ့လ၊ ကြံပါမှဟု၊ ချစ်လှမေတ္တာ၊စေတနာနှင့်၊ ထွေသာပွံ့ကြွယ်၊ သနားဘွယ်သာ၊ မိန့်ရာမှာကား၊ စစ်ဟာရပ်မြေ၊ ချီလောန့်စ၊ အကျောင်ကပင်၊ နေ့ကျမြဲးမှတ်၊ စစ်ထမ်းလွတ်အောင်၊ ခွေညွှတ်ဆန်းကြယ်၊ ဥပါယ်တမျဉ်၊ ကြံစည်ယှဉ်သော်၊ နှယဉ်သာကြည်၊ လွတ်တော့မည်ဟု၊ ဆောက်တည်မိ၍၊

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့မိ၍၊ သံတိသံလျှိုင်း၊ အောက်မေ့တိုင်းကို၊ထို့ပိုင်းရည်ထင်၊
အားထုတ်လျှင်လည်း၊ သာရှင်ချမ်းသာ၊ပြီးတိုင်ရာ၏၊ လိမ္မာကြံဆန်း၊
ခွေဝန်းသွေးချော်၊တတ်အားသော်လည်း၊ ကျုးကျော်အထူး၊ ကျေးဇူး
လွန်လှ၊ မိဘတို့ကို၊ မဆိုနှင့်ဦး၊ တထူးသူ့အား၊ လှည့်စားချွတ်လွဲ၊
စဉ်းလဲစဉ်းစာ၊ မမှန်ကာဟူ၊ ပြုသသူကား၊ လူကစုတိ၊ သေသည်
ရှိသော်၊ ဂတိယုတ်လာ၊ ပါယ်လေးပါးသို့၊ **သွား**မည်ကြောင့်သာ၊
ထင်စွာဖြစ်၍၊ ဘုန်းဟော့မြတ်ဖျား၊ ဘုရားလူ့ဆွေ၊ ပစ္စေကဗုဒ္ဓါ၊
ရဟန္တာ၏၊ အလျာအလောင်း၊ သူတော်ကောင်းတို့၊ ကျင့်ဟောင်း
မဟုတ်၊ ကျင့်ယုတ်စင်စစ်၊ ဖြစ်ခဲ့သည်ရှင်၊ လူ့ပြည်တွင်နိုက်၊ များဖြင်
ရှိမ္မဲ့၊ လူကဲ့ရဲ့ကို၊ သွယ်န္တဲကွေ့လည်၊ ကြံစည်တတ်ကျော်၊ လွတ်ငြား
သော်လည်း၊ ထဲးပေါ်အစဉ်၊ နတ်တို့မြင်က၊ စိတ်တွင်စုံမက်၊ မနှစ်
သက်၍၊ စဉ်ဆက်နေကြ၊ မ,မစဘဲး၊ ထွန်းပဘုန်းတန်း၊ မလန်းမဖြိုး၊
အကျိုးပင်သာ၊နည်းပါးရာခဲ့၊ လိမ္မာထဲးသံ၊စံလွတ်ကြံမှ၊ မြဲးမြဲကြည်ဖြူ၊
ချစ်၏ဟူ၍၊ယူမည်မိန့်ချက်၊ယယ်စိတ်လက်ကို၊မပျက်မြဲးစွာ၊ မလွတ်ပါက၊
ကြံရာခဲးလွန်၊ကျွန်ုပ်ကျွန်မှာ၊ မတန့်လွန်းစွာ၊ ဝန်လေးရာတွင်၊ ထပ်ကာ
တခြင့်၊ သားငယ်ဆင့်ကို၊ မိုးပြင့်ချစ်မွမ်း၊ အချစ်လွမ်းတွင်၊ လျှမ်းလျှမ်း
ဖြိုးမောက်၊ ကြောက်လွန်လှောက်၍၊ ညှိုးခြောက်ခန္ဓာ၊ မကြာမတင်၊
သေမည်ထင်ခဲ့၊မင်းရှင်နှအူ၊ သည်အယူကို၊လွယ်ကူခဏ၊လွတ်ပါမှသာ၊
ချမ်းမြသက်သာ၊ မထောင်းတာလျက်၊ စစ်ရာမက်ရေး၊ နိုးဝေးကြီး
ကျယ်၊ အသွယ်သွယ်ကို၊ လျှင်လွယ်ပြီးတိုင်၊ စီရင်နိုင်၍၊ မပြိုင်ရန်
ထောက်၊ ပြန်ရောက်သာပျော်၊ မျက်နှာတော်ကို၊ ရှုမြော်သာရှင်၊ မြင်ပါ
ရမည်၊ ဖြစ်ပါသည်ရှင်၊ သို့မှတ်လျှင်သည်။ ။**ကြံအင်ကိစ္စခဲးလုံ့လ**။

၈၅။ **နီဗ္ဗာန်ပြည်ခိုင်**၊ မတိုင်မချင်း၊ သံသာတွင်းဝယ်၊ မကင်းဘဝ၊
ဖြစ်ဖြစ်မျှပင်၊ ကျွန်မသခင်၊ အရှင်စ**တေ**၊ ဖြစ်ပါစေဟု၊ မှတ်နေကြည်ဖြူ၊
တောင်းဆုယူလျက်၊ ပြိုင်တူမထင်၊ ကျွန်မကြင်သည်၊ ထိပ်တင်မိုးလယ်၊
ထိပ်ပန်းနွယ်။ ။သည့်နှယ်တွေတွေ၊ရှာဘွေပြီးတိုင်၊ မတတ်နိုင်အောင်၊
ကြံမှိုင်လက်ချ၊ ဖြစ်ခဲ့ရသော်၊ ကျွန်မသေစာ၊ အခါနီးသည်၊ ဖြစ်တော့
မည်ရှင်၊ ပေါ်ထင်တန်းခိုး၊ ကဲးမိုးအလွန်၊ ဘယ်နတ်ဘန်၍၊ ဖြိုဆန်
ပြိုင်ဆိုင်၊ ဘုန်းစ တိုင်များ၊ ဝံ့စားခိုက်တိုး၊ သည်စစ်ဆိုးသည်၊ အကျိုး
မရောက်၊ ပျောက်ပါလိမ့်မည်၊ ဘုန်းခြည်တောက်ဝါ၊ မယ့်ထိပ်ချာသည်၊

www.burmeseclassic.com



ထွေးခွါရှောင်ရှား၊ မတတ်အား၍၊ ရှည်လျားဝေးလှ၊ နှီလေရဇျှင်၊
ကျွန်မမှာလေ၊ရွှေမြေနေမြစ်၊ဝေးသည်ဖြစ်ကြောင့်၊ ကြင်ချစ်မိဘ၊ အစ်မ
မောင်ရင်း၊ သားချင်းမျိုးနွယ်၊လျဉ်းသွယ်စပ်မိ၊ မရှိတုံးတုံး၊ ယုတ်ဆုံး
တိုင်အောင်၊ တကောင်ကြွက်ကယ်၊ ဆိုသည့်နှယ်လျှင်၊ အငယ်ပုလှ၊
သားတခုနှင့်၊ရှင်မှုမလာန်း၊ ရှက်ကန်းရှက်ကိ၊ မော်မိမော်မန်း၊ မကျန်း
မတည်၊ရှိတော့မည်ကို၊ဘုန်းကြည်ရောင်ရွှန်း၊ ပြောင်ပြောင်ထွန်းသည်၊
ထိပ်ပန်းစေ့စေ့၊ ကြံအောက်မေ့၍၊ ရတ်နွေများလှ၊ ငါးလမျှစင်၊
ကျွန်မထိပ်ဗွေ၊ ကြာပါစေနှင့်၊မနေဘယ်မှ၊ လျှင်လှသည်ထက်၊ လျှပ်
ပြက်နှယ်ပ၊ လျှင်လှအောင်သာ၊ပြန်ခဲ့ပါရှင်၊အခါညွှန်နွေ၊ အိပ်၍မပျော်၊
စားတော်မဝင်၊ နေလျှင်မကောင်း၊ သမ်းပျောင်းညွတ်ခွေ၊ငိုရ်၍စေသာ၊
လွမ်းတာရှည်မြင့်၊ ပါစေနှင့်ရှင်၊သို့စင်ဘုန်းရွှန်း၊ မယ့်ထိပ်ပန်းသည်၊
စခန်း**တဲး**သာ၊ချတိုင်းမှာလည်း၊ သာယာရှင်ပျော်၊ကိုယ်တော်မပျောင်း၊
ကျန်းမာကြောင်းကို၊ ယုံကောင်းသည့်သူ၊ ခန့်တော်မူ၍၊ ပန်းကူ
လျှိုင်ကျော်၊ အမိန့်တော်နှင့်၊ ရည်ရော်စိုက်စိုက်၊စေလိုက်ပါရှင်၊ သာရှင်
ပျော်မွေ့၊ တနေ့မျှသာ၊ ပြတ်ပါစေနှင့်၊စေ့ရှာကျွန်မ၊ လျှောက်သမျှကို၊
ယဉ်လှသည်ရှင်၊ မယ့်ထိပ်တင်ဝယ်၊ နော်ရှင်ထိပ်ချာ၊ မေ့ပါစေနှင့်၊
ဘုန်းပွင့်ဝေဝေ၊ ထွတ်ထိပ်နေကို၊ ချမ်းရေကြည်မော၊ သီတောဒက၊
ကန်နားတပင်၊ စ၍့ကျွန်မ၊ ပြတ်မျှအသက်၊ ချစ်လေချက်ကို၊ ဟာမြွက်
ခြင်းရောပုံပမာမျှ၊ ဆိုသာပြီဘူး၊ကျော်၍့ကျူး၏၊ ညှိုးနူးသာဖြား၊ သည်
စကားသည်၊ ဆွေဝါးမနီး၊ဝေးရပ်**ကြီး**က။ ကိုယ်ထီးသည်မှာ၊ လွှင့်
ရောက်လှသည်၊ကိုးရာမဲ့၍၊ ချောမွေ့ပျုဟာ၊ လျှောက်သည်သာလျှင်၊
ဟုတ်ပါဘူးရှင်၊ သည့်တိုင်းပင်သာ၊ မှန်လှပါသည်။ ။**ဆံလှာခြမ်းမျှ
မယှဉ်းခူ**။ ။

၈၆။ **ဗောဓိဉာဏ်ခိုင်**၊ရောက်တိုင်မငြိ၊အဆုံးကိုမျှ၊ မဆိုတည့်ရက်၊
ဖြစ်ဆက်ဆက်ဝယ်၊ ပြိုးပြက်လည်မာ၊ မျက်နီလာသို့၊ လည်မှာစတော၊
ဆွဲးရစေဟု၊ သံခြေမိဌာန်၊ ကျွန်ုပ်ပန်လျက်၊ မြဲးမှန်အချစ်၊ ဆင့်ဆင့်
ရစ်သည်၊ နှမျစ်နွဲ့သွယ်၊မင်းလှငယ်။ ။ပျံ့ကြွယ်ထွေသာ၊ ငါးလကြာ၍၊
လွမ်းတာမမြင့်၊ ပါစေနှင့်ဟု၊ ထပ်ဆင့်လောင်းကာ၊ မိန့်ရာမှာရှင့်၊
ဖြူဝါနွဲ့၊ မင်းရှင်လှသာ၊ ရှုပမတည်၊ လွမ်းမည်မှတ်ပါ၊ မောင့်စိတ်
မှာလည်း၊ ကလျာငါးအင်၊ မြေရွှမ်းရှင်သည်၊ မင်းရှင်ဖြူညက်၊ လွှင့်

www.burmeseclassic.com

www.burmeseclassic.com



သည်ထက်ပင်၊ ဆတက်ထောင်ရာ၊ စစ်မြေတာဝယ်၊ အချချာပြတ်ကြွေ၊ သေလူမြေဘမျှ၊ မရှိလှအောင်၊ လွှမ်းရမည်လျှင်၊ ကေန်ပင်ကို၊ ကြာတင်မြင့်ခြီး၊ ဖင့်နွှဲးစရာ၊ ဘယ်အာဏာဖြင့်၊ လွှမ်းတာရှည်အောင်၊ ရည်ဆောင်ထဲးသံး၊ ကြံရက်ပါ့မည်၊ ငှံဆည်မရှောင်၊ လျှင်လှအောင်ကို၊ အန်ထောင်ကြီးထု၊ လုံ့လမြဲ၍၊ လွှမ်းမှုမကြာ၊ ပြန်ပါမည်ပ၊ ကြာစွဆုံးမှာ၊ ငါးလသာတု၊ ရေးရာညှာတာ၊ လျှောက်ရာ မှာလည်း၊ ဖြိုင်လှာရှုပ်ထွေး၊ စစ်မက်ရေးကို၊ မြော်တွေး ထွေလည်၊ စိုးရိမ်သည်ကြောင့်၊ ကြံစည် ခန့်ထောက်၊ မလျှောက်ဘူးရှင်၊ စစ်လေးအင်နှင့်၊ များဖြင်လုံးရင်း၊ ခြေခင်းလက်ရာ၊ မသာရောင်ကွန့်၊ ခရီးဝွန့်ကို၊ မခန့်နိုင်ပါ၊ ၍သာလျှောက်သည်၊ 'ဆောက်တည်နေကျ၊ ငါးလမျှစင်၊ မြင့်ကြာတင်မည်၊ မထင်ပါဘူး၊ စူးစူးသွားရောက်၊ တထောတ်ကွန်းသာ၊ ချတိုင်းမှာပင်၊ စေပါ နေ့ရေ၊ မပြတ်စေနှင့်၊ သံခြေပုံ့စွာ၊ မိန့်ရာမှာလည်း၊ ဗျာပါမိုးမွှန်၊ ကျွန်ုပ်ကျွန်သည်၊ ဝေးလွန်ရပ်ခွင်၊ စစ်မြေပြင်ဝယ်၊ မင်းရှင်ထွေဝေါ၊ ရွှေခွန်းတော်ကို၊ တွေဖေါ်ဓွေ့ငှ၊ ခုခုဏာ၊ ကြားရမှုပင်၊ ဆူမျှလိုက်ဝမ်း၊ အလွှမ်းဗျာပါ၊ မထောင်းတာ၍၊ သက်သာရမည်၊ ဖြစ်တော့သည်ကို၊ ကြံစည်တခြား၊ တပါးဓွေ့ငှ၊ ဘယ်အမှုဖြင့်၊ ဂရုပြုလျက်၊ မေ့ရက်ပါမည်၊ ရောင်ခြည်စိမ်းဝါ၊ မြပေစာနှင့်၊ ရေးရာလက်မှတ်၊ ယုံကျွန်မတ်တည့်၊ မပြတ်နေ့ဆက်၊ မပျက်မှန်ချို၊ တယောက်စီလျှင်၊ မြင်းနှင့်ပင်သာ၊ အလျှင်ထုတ်ချောက်၊ ခန့်တိုင်းရောက်အောင်၊ စေလျှောက်ပါမည်၊ ဆောက်တည်မယွင်း၊ သည်အခင်းမှာ၊ နေမင်းသော်တာ၊ သူရိယာသည်၊ ပုဝါစဲပျောက်၊ ချမ်းသာရောက်လျက်၊ အနောက်ခေါင်ထွတ်၊ လောကဓာတ်က၊ ပြောင်ပတ်ထွန်းပ၊ ပေါ်လေမှုပင်၊ တီးတွင်ချိတ်၊ မောင့်စိတ် ပေါ့လျော့၊ မေ့တော့မည်ပ၊ မည်သည်မှုပင်၊ မင်းလှသက်ာ။ မရှိပါနှင့်၊ ဖျားနာတည်တည်၊ ဗျာဓိမည်သာ၊ ပတ်လည်ဝန်းရစ်၊ သေမင်းစစ်ကို၊ ပယ်ပစ်ပျောက်ခွါ၊ နိုင်အောင်သာလျှင်၊ မေတ္တာသည်းနှ၊ ပြုပါတော့ရှင်၊ ခုကပင်လျှင်၊ ရွှေစင်ရတနာ၊ ဆင်းကိဝါမှာ၊ မျက်နှာလျှလျှ၊ လျော့နွမ်းလှ၍၊ လိုက်မျှပုပင်၊ မမြင်ဝံ့ပါ၊ ကြံကာဖွန်ဆူ၊ အပူအဆာ၊ လျှောက်ပါတော့ရှင်၊ စိတ်တော်ရွှင်မှ၊ မပင်မပန်း၊ ကိုယ်တော်ကျန်းမည်၊ ဖြစ်ချေသည်ရှင်၊ ကိုယ်တော်လျှင်လည်း၊ ပန်းသွင်ရွှရွှ၊ နုးညှံ့လှခဲ့၊



ပျောင်းပျမသာ၊ ဖျားနာလူးတွေ့၊ ရချေတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ဖြေဆည်သာပျော်၊ စိတ်ကိုဖျော်၍၊ စားတော်မြိန်ပင်၊ စက်လျှင်ပျော်ရေး၊ မှတ်တွေးရည်ရေ်၊ ကိုယ်တော်ကိုသာ၊ ဖြည့်တင်းပါတော့၊ မြေတာဝေးထောက်၊ ချီလေရောက်မှ၊ စံမြောက်လှကျော်၊ ဆင်းရွှေလျှော်သည်၊ ကိုယ်တော်မလန်း၊ မခံ့ကျန်းဟု၊ ထွေဆန်းမောင့်နား၊ ကြားဘိရက၊ ခဏာလျှင်ဆော၊ ငါးချက်ဇောကို၊ လတ်လောခြင်းပင်၊ သေမည်ထင်ခဲ့၊ ငါးအင်ယဉ်နု၊ မောင့်သက်စုသည်၊ ရွှေဥရတနာ၊ သည်ကိုညှာ၍၊ ဆင်းဝါရွှေလျှော်၊ ရွှေစိတ်တော်ကို၊ သာပျော်ဖြားယောင်း၊ ဖြေပါကောင်းသည်။ ။**အကြောင်းဟုတ်စွ ယူတွေးဆ။**

၈၇။ **သည့်နှယ်နှစ်ဦး၊** စုံပူးပိုက်နွှဲး၊ တလဲ့းလဲ့းပင်၊ သန်လွှဲးသန်ကျော်၊ မိုးသောက်သော်လည်း၊ ကိုယ်တော်မခြား၊ သည်စကားသာ၊ တပါးမလာ၊ မျက်နှာသမ်းညှို၊ ငိုယိုငိုယို၊ ဆိုကြအော်လဲး၊ နွှဲးကြကာကာ၊ ဖြစ်ခြင်းရာကို၊ များစွာမြင်သူ၊ သည်းအူပြတ်မျှ၊ ကြေကွဲးကြ၏၊ မွေးဘရာဇာ၊ ပြည်ကြီးချာလည်း၊ များစွာပုံယင်၊ စစ်လေးအင်ကို၊ စီရင်သီးသီး၊ ခန့်ရပြီးသော်၊ စစ်ကြီးမချို၊ ခင်မီကာလ၊ တနေ့ကပင်၊ တပ်မလက်ရင်း၊ ဆင်,မြင်း,ရထား၊ များပြားရဲမက်၊ လက်နက် ကိရိယာ၊ တန်ဆာထက်ကြပ်၊ မြင်းတပ်ရွှေဆုံး၊ တွက်ကျုံးစင်စစ်၊ ဆဲ့နှစ် ခေါ်ဘိကြီး၊ စုံညီအင်ကွပ်၊ အကြပ် စာရေး၊ ရည်ရွေး နာခံ၊ မြီးမြီ စွမ်းရဲး၊ စစ်ကဲးတပ်မှူး၊ ဆက်ကူးရှက်စပ်၊ အတပ်တပ်တိ၊ အထပ်ထိန့်ဆူ၊ ပလူစိုးရွ၊ ကျိုင်းကျသောဟန်၊ သုဝဏ်ဒွါရ၊ တံခါးပြင်က၊ စ၍စဉ်စီ၊ ပည်းသီ အုံလောက်၊ ထို ထို ရောက်၏၊ ရွှေနောက်ထားနေ၊ တပ်ခင်းစေသည်။ ။**ဝေးမြေစွန့် ရှည်လျှား၏တည်း။**

၈၈။ **သဗ္ဗညုဉာဏ်၊** ပွင့်ဆုပန်သည်၊ ဘုန်းဝှန်ဝေဖြာ၊ ဥပရာကား၊ မည်သာရပြီး၊ မြင်းကြီးမြင်းကောင်း၊ တကြောင်းတလူး၊ သင်းမှူးသင်းကြီး၊ စာရေးကြီးက၊ စုသီးဖြာဆွယ်၊ စာရေးငယ်တိ၊ သင့်ရွယ်စောင့်ဘန့်၊ နေထားရန်မှ၊ တွင်းဝန်နောက်ဝန်၊ ကျေပွန်ရည်ကျူး၊ ဝန်ဝင်းမှူးသို့၊ ကြိုင်မွှေးမိန့်တော်၊ ထုတ်ပြီးသော်တည့်၊ ရွှေလျှော်ဝင်းပြောင်၊ နောက်ဆက်ဆောင်သို့၊ ဘုန်းရောင်လျှံလူ၊ ဝင်တော်မူ၍၊ ဇမ္ဗူနန်းဆောင်၊ မြောက်ယောင်အကြီး၊ ခြားသီးရာတူး၊ အိမ်ဆောင်မှူးက၊ စ၍ပတ်ချပ်၊

www.burmeseclassic.com



ကိုယ်လုပ်ဖျိုတော်၊ ဆိုင်လျော်မှုထမ်း၊အကြမ်း အလတ်၊အမြွတ်ခြားကြ၊ ရှိသမျှကို၊ မင်းလှစိတ်တော်၊ နှင့်သာ လျော်အောင်၊ အာဘော်လိုက်သင့်၊ ရှိသောကျင့်ကြ၊ မသင့်ငါ့နား၊ ကြားရလျှင်မူ၊ ဆွေခင်မျိုးချစ်၊ အကုန်စစ်၍၊ ပြစ်ပြစ်လုံမြို့၊ မီးပုံရှေ့ရည်[၁]၊ ဝင်ရမည်ဟု၊ မျက်ခြည်ဖေါ်ပြေး၊ အာဏာပေးမှ၊ မဝေးဘုံကျော်၊ ဆောင်မတော်သို့၊ နှိုင်းလျော်နတ်သွင်၊ ကူးလေဝင်၍၊ မျက်ရှင်ရတနာ၊ ထိန်ထိန်ဖြာသည်၊ သီဟာသန၊ မည်ရတွင်ပေါ်၊ သလွန်တော်ထက်၊ နှစ်ဘော်မကွေ၊ ငှက်ရွှေလွှန်းကြိုး၊ လည်ချင်းတင်သို့၊ မရှင်မပျ၊ ယနေ့ပလျှင်၊ ချစ်ညည့်ဦလွန်၊ နက်ဖြန်ကာစ၊ ရူတ မတည်၊ လွမ်းရမည်ကို၊ ဖြေဆည်မဲ့ခြား၊ ဘက်၍ထားသား၊ နှစ်ခြားမရှည်၊ နေတော့မည်ဟု၊ ရွှေချည်နှစ်လွှန်း၊ တင်မယွှန်းသည်။ ။**ထွေဆန်းဖျော်ကြ ဖြား၏တည်း။**

၄၈။ **လွမ်းတင်းသံချို**၊ ဆိုကြအပြီး၊ ယိုစီမျက်ရည်၊ မဆည်နိုင်ကြ၊ သွယ်စီးကျ၍၊ နှစ်ပါးရင်ခြား၊ ကပ်သည်ကြားမှာ၊ လေးပါးမြစ်မ၊ ပေါင်းကြဆုံသည်၊ ဝဲနှယ်လည်၏၊ ဖြိုးစည်ဆင့်လောင်း၊ နို့ပေါင်းသချာ၊ ရေးရာမထင်၊ မျိုချင်မတတ်၊ သက်ပြတ်လှူနီး၊ သုံးချက်တီးက၊ စ၍စုံပူး၊ ချစ်မျိုးကြူးမျှ၊ ညဦးသန်းခေါင်၊ သောက်လင်း ဆောင်သည်၊ မျက်တောင်မရှက်၊ ပိုက်ဘက်လျက်လျှင်၊ ညဥ့်လုံးပင်ကို၊ ခုတွင်နေကြ၊ တခဏသို့၊ စိတ်ကပြတ်ပြတ်၊ ထင်ကြမှတ်၍၊ မလွှတ် ကြရက်၊ စုံမက်အွတ်ကြွင်၊ နေကိုပင်တည့်၊ တားချင်မတတ်၊ ရစ်ပတ် မကွာ၊ နွှဲးတိုင်းသာလျှင်၊ ရှိန်ဝါရောင်လွှင့်၊ နေမိုးမြင့်၏၊ ချိန်သင့်ခါတော်၊ ထွက်နီးလျော်၏။ အကျော်ဗေဒင်၊ မြော်မြင်တတ်သိ၊ ပညာဟိတို့၊ ဦးရှိလက်ထား၊ ဆင့်လျှောက်ကြားမှ၊ ထွတ်ထားနန်းလျာ၊ အနိုင်ခွါ၍၊ သိင်္ဂါရောင်ဘိတ်၊ ပရိတ်နာဆက်၊ ဆောင်သို့ထွက်၍၊ ကိုးမျက်ချယ်မြောင်၊ တထောင်ပြက်လှပ်၊ ရောင်ဖြာလျှပ်သို့၊ ရင်သပ်အံ့ရာ၊ စစ်တန်ဆာတီ၊ အာကာသမခတ်၊ ထွတ်ဆုံးနတ်သို့၊ သင့်မြတ်ကျူးကျော်၊ ထင်ပြီးသော်တည့်၊ သားတော်သည်းချာ၊ ရတနာကို၊ အသာလှမ်းယူ၊ ချီတော်မူ၍၊ မွေးကြူပန်းနွယ်၊ ပါးနုနယ်ကို၊ ညာဘယ်ဘက်ယမ်း၊ ထပ်ကာနမ်းသည်။ ။**ချစ်ဝမ်းဆူးချောက်ချား၏တည်း။**

၁။ မီးပုံရှေ့ရည်။



၄၉။ **သို့မှမကြာ**၊ မင်းသူဇာကို၊သွားပါတော့မည်၊ မင်းရွှေရည်ဟု၊ မိန့်သည်ရှိက၊ မင်းလှရှင်ကား၊ ဝမ်းတွင်လှိုက်ပူ၊ ပင်လယ်ဆူသို့၊ သည်းအူ ပြတ်မျှ၊ မချိလှ၍၊မဟာနိုင်ရှာ၊ ခြေတော်ကြာကို၊ ဦးသာချလျက်၊ ရှိုက်မက် ယိမ်းယဲ့၊ မိန်းမောခဲ့၏၊ ယဉ်နွဲ့ထိပ်တင်၊ အိမ်ရှေ့ရှင်လည်း၊ ဆောလျှင်ရွှေလက်၊မ,တည့် ဖက်၍၊လှိုက်ပွက်ဆူဝေ၊ မိန်းမောလေ၏၊ ခြွေရွှေဖျူဖျူ၊ လာကုန်ကြ၍၊ ပြဟ္မဝါဒီယ၊ စသည့်အကျော်၊ သမားတော်တို့၊သာဖျော်စုံမက်၊ ဆေးဝါးဆက်မှ၊ သတိရသော်၊ မင်းလှမဥ္ဇူ၊ ရွှဖြူအူကား၊ နေတူရောင်သွယ်၊ ကွက်ကျယ်ကျူးကဲ၊ ဖြစ်ခက်ခဲသည်၊ ဝတ်လဲတော်လွှန်၊ နှာမောင်းစွန်ကို၊ ပူပန်တုန်လှုပ်၊ မျက်နှာအုပ်၍၊ မချုပ်တည်းပါ၊ ပြင်းစွာရှိုက်မဲ့၊ ငိုပြန်ခဲ့သော်၊ ဘက်ရှဲ့လွှတ်ကွာ၊ နန်းပွင့်လျာမှာ၊ ဗျာပါကြီးလှ၊ ဟိန်း ဟဲး ချ၍၊ လက်ကျမှိုင်ကာ၊ ကြာတောင်းကြာမှ၊ နှိုင်းရာမရှည့်၊ယဉ်သည့်နဖူး၊ပြင်အံ့ကြူးကို၊ ဖြည့်ဖြူးယုယ၊ နမ်းပြီးမှလျှင်၊ မင်းလှရှင်ငယ်၊ ပန်းနွယ်ညိုးလျော်၊ နှလုံးတော်ကို၊ ဖြေဖျော်ချုပ်ထိမ်း၊ သိမ်းပါတော့ရှင်၊ ကြာတင်မြင့်ကျူး၊ နှစ်ကူးလာလည်၊ ရှိမည်မှတ်ပါ၊ သွားနှင့်လာသာ၊ ကြာပါလိမ့်မည်၊ မင်းရွှေရည်ဟု၊ နှုတ်ကြည်ပန်းသွင်၊ မိန့်ဖြေတင်သည်။ ။**ကြည်လင်ခညွတ်တွား၏တည်း။**

၅၀။ **ယင်းသို့ဆိုလျှင်**၊ ဟာ ရှင် ထိပ်ချာ၊ ညီလှပါသည်၊ မေတ္တာတူရှည်၊ မမျှသည့်ကြောင့်၊ ပေါ်ဖြည်သာဖြား၊ စစ်ကိုလားသား၊ သွားစပိုင်အောင်၊ လုပ်ဆောင်ပြုသ၊ မိန့်သမျှကို၊ ယုယသံချို၊ ဆိုပါနှင့်တော့၊ ပျောင်းပျော့နွမ်းလျှ၊ ကျွန်မတို့လျှောက်၊ သားတယောက်နှင့်၊ ညှိုးခြောက်ဆူဝေ၊သေသေရှင်ရှင်၊ ဖြစ်ချင်လိုရာ၊ ရှိပါစေရှင်၊တကယ်ပင်ဟု၊ မပြင်မပြု၊ သဘောမူဖြင့်၊ ငယ်နုဆင်းရောင်၊ မျက်မှောင်ကုပ်ကုပ်၊ ဦးလှုပ်လက်ခါ၊ ချစ်မျက်ပါနှင့်၊ မျက်နှာလွှဲသွေ၊ ငဲ့စောင်းနေသော်၊ ဘုန်းဝေညွန့်ဖြာ၊နန်းပွင့်လျာကား၊ ထပ်ကာပုသည်း၊ ဖိမ့်ဖိမ့်ကြည်းမျှ၊အူသည်းမချိ၊ ပြတ်လှူရှိလျက်၊ ဖြူအိဝင်းပ၊ မင်းရှင်လှငယ်၊ ချေပတို့ခေါက်၊ မလျှောက်နိုင်ပြီ၊ မှိုင်းရီပူပန်၊ ကျွန်ုပ်ကျွန်ကို၊ ပြန်၍တခါ၊ သနားပါတော့၊ ကြီးရာခဲးလွန်၊ သည့်တိုင်းမှန်လျှင်၊ သုဝဏ္ဏဂူရ၊ တံခါးမဖြင့်၊ မကြွမချီ၊ မရောက်မီပင်၊လွမ်းအင်မိုးမျှ၊ လွန်မကာ၍၊ သေရတော့မည်၊ ထင်ခဲ့သည်ဟု၊ ဖြေဆည်ယုယ၊ တ မ မ လျှင်၊ နှမ်ချ ဖန်များ၊ ယို့ယို့

www.burmeseclassic.com

www.burmeseclassic.com



တွားမျှ၊ ထွတ်ထားမြှောက်တင်၊ ရှိပင်ခိုးမြူး၊ ပျံ့ပျူးဖျော်ပြောင်း၊ စိတ်ပြေကြောင်းကို၊ ဖြားယောင်းသည်နှင့်၊ နေမြင့်ချိန်ရှော်၊ ခါကျူးကျော်သည်။ ။**စိတ်တော်ပန့်ရိုရှား၏ တည်း။**

၉၂။ **သို့မှကျူးလွန်**၊ လေးလှဝန်ကို၊ မသန်အားနွဲ့၊ ထမ်းသကဲ့သို့၊ တူရှဲ့နှိုင်းဆို၊ ကိုယ်ကိုချီမ၊ အနိုင်ကြွ၍၊ မလှမျက်နှာ၊ ထခဲ့လာသော်၊ သူဇာခေါ်တွင်၊ မင်းရှင်က စ၊ မောင်းမကိုယ်လုပ်၊ ရုံအုပ်ပျိုတော်၊ ရေသော်ပည်းဖြင်၊ နတ်သွင်မယွင်း၊ ဆင်းရရင်းတို့၊ ပြတင်းကြီးပြင်၊ မာရဘင်ကျူး၊ လျှောင်းတော်ဦးတိုင်၊ ရိုင်ရှိုင်သဲးမျှ၊ လိုက်ပို့ကြ၏၊ ဒီပ သောင်းမြင်၊ စိုးမည့်ရှင်လည်း၊ ပန်းသွင်ညိုးငယ်၊ သနားဘွယ်လျှင်၊ နွမ်းနယ်လှစွာ၊ မယ့်မျက်နှာကို၊ ပြန်ကာလည်လှည့်၊ တကြည့်ကြည့်နှင့်၊ ဖျော်ဖြည့်သံချို၊ ထွေထွေဆိုသော်၊ ရွယ်ပျိုနုထွား၊ မင်းနှစ်ပါးကို၊ များသည်ခယ၊ မြင်သမျှတို့၊ ခေါ်ကြစိုက်စက်၊ စုံမက်ဆပွါး၊ လွန်သနား၍၊ ရှုစား သာကြည်၊ မျက်ရည်မကျ၊ မရှိကြဘူး၊ လျှောင်းဦးလက်ယာ၊ ဆင်ယှဉ်မှာနှိုက်၊ လက္ခဏာမြတ်စု၊ သတ္တရူဘင်၊ မင်္ဂလဟု၊ မာဂဓဘာသာ၊ မည်သာခေါ်တွင်၊ စီးတော်ဆင်ကို၊ စုံအင်တန်ဆာ၊ ရတနာပြိုးပြက်၊ ကိုယ်လုံးခက်၍၊ ကိုးမျက်လျှံပတ်၊ စီချယ်လတ်သည်၊ စိတ္တဩရဏ၊ မည်ရ ခေါ်ညီ၊ သဋ္ဌာလီကို၊ သိဂီဝင်းဒွန်၊ ဖုဇွန်ဆီကြိုး၊ လျှံပြိုးရောင်ထင်၊ ကြာတိုင်တင်လျက်၊ ညင်သည်ယှဉ်ယှဉ်၊ ယှဉ်နှင့်ရာသို့၊ ပွင့်လျှာဘုန်းတူ၊ တက်တော်မူသည်၊ ။**ဆာပူညွတ်တိမ်းပါး၏ တည်း။**

၉၃။ **သတ္တရူဘင်**၊ မင်္ဂလကို၊ မြန်မာ့အလို၊ ဆိုသော်ထူးမြတ်၊ ရန်ဖြတ်မင်္ဂလာ၊ ဆင်တော်ခွါ၍၊ ရှုသာစဉ်စီ၊ ဆောင်တော်နီက၊ ကျောက်စီပြိုးပြက်၊ ကွမ်းခွက်ရွှေတည်၊ ခွန့်ရှည်ရောင်ဖြိုး၊ လက်ဘက် အိုးနှင့်၊ တင့်နိုးယှဉ်ဆုံး၊ လက်သုံးတော်ခား၊ ရွက်ပြားရောင်ဘိတ်၊ ရွှေအိတ်ရောင်လက်၊ ကျိုင်းချက်သိင်္ဂါ၊ ခြောက်စင်းကာလျက်၊ အရာ ယုတ်လွန်၊ ဝန်တွင်းဝန်က၊ စသည်သီးသီး၊ မှူးကြီးမတ်ပေါင်း၊ သိန်း သောင်းရုံပြီး၊ စည်တော်တီးသျှက်၊ ကြွလေထွက်သော်၊ ဖြူညက်နဝါ၊ မင်းသူဇာကား၊ သည်းချာစုရုံး၊ နှလုံးကြွင်းမဲ့၊ ထွက်လေကဲ့သို့၊ ရွှဲရွှဲ ပူဆာ၊ မချိရှာပြီး၊ ရှိကြာရွှေလက်၊ ဆယ်ချောင်းရှက်လျက်၊ မကွက် မျက်ခြည်၊ မျှော်လိုက်သည်နှင့်၊ မျက်ရည်စီးသွယ်၊ ဝင်းတော်ကွယ်က၊



ကြာ့နှယ်ယိမ်းနွဲ့၊ မိန်းမောခဲ့သော်၊ ကိုယ်လုပ်တော်တို့၊ ခေါ်ဝေါ်ယုယ၊ ချိပိုက်မ၍၊ ယူထဆောင်လျက်၊ ဆောင်မထက်ဝယ်၊ ကိုးမျက်စီ ပေါ်၊ သလွန်တော်ထက်၊ ပြေဖျော်သာဖြား၊ တင်ကြထား၍၊ ဆေး ဝါးယှဉ်ကာ၊ မနည်းကြာမှ၊ သက်သာသသာ၊ သတိရ၍၊ ဒီပလုံးယူ၊ စိုးမည့်သူလည်း၊ သည်းအူကြွင်းမဲ့၊ ရှိရစ်ကဲ့သို့၊ တင့်ငံ့ပင်၊ ကြွလေ ကျင်၍၊ မျက်ရှင်ရောင်သွန်း၊ ရွှေနန်းတော်ရွှေ၊ ချမ်းမြေ့သာယာ၊ ဆင် ယှဉ်မှာနှိုက်၊ ရုံကာစီစဉ်၊ ဆင်တော်ယှဉ်၍၊ နှယဉ်နတ်ထက်၊ ဆင် ကသက်သည်။ ။**ငဲ့ကွက်ကြည့်မြော်မှား၏ တည်း။** ။

၉၄။ **မြော်ကြည့်ယောင်လျက်**၊ ဆင်ကသက်၍၊ ပြိုင်ဘက်လွတ်ရှား၊ ရွှေတံခါးဖြင့်၊ ကြွသွားနတ်တူ၊ ဝင်တော်မူ၍၊ ဖြိုးလူစောင့်ကြပ်၊ သုံးထပ်တံခါး၊ လွန်ခဲ့ငြားမှ၊ ကိုးပါးမျက်ခတ်၊ ပြာသာဒ်ဘုံကျော်၊ မြတိုက်တော်သို့၊ သာပျော်တက်ပြီး၊ လျှံညီးရတနာ၊ စီမြှာကိုးပါး၊ ဆောင်တော်များကို၊ ထူးပြားရောင်ဝင်း၊ လက်တင်တွင်းဝယ်၊ ခင်း သည်သင့်လျော်၊ နေရာတော်ထက်၊ စဉ်လျက်ထားမှ၊ မနာပ-ကာ၊ စသည် တရွှေ၊ ကွမ်းရေကိုင်မတ်၊ လျောက်ပတ်မှုထား၊ လူမျိုးများကို၊ တောင် ပါးသာကျူး၊ ရွှေဆောင်ဦးဝယ်၊ ပျံ့ပျူးဖျော်ဖြေ၊ နေကြစေမှ၊ ရဝေသာ ကျယ်၊ ခဝယ်ဆောင်က၊ ဝင်လေကြွ၍၊ နန်းမတိုးစံ၊ မယ်တော် ထံသို့၊ ကျိုးနွံရှိသေ၊ တိုင်ရောက်လေသော်၊ စွေ့ရေမြင်းရာ၊ လျှောက်သည်မှာ ကား၊ အချာစိုးရ၊ ဘုန်းရောင်ပသည်၊ နန်းမဘုရား၊ တွတ်ထိပ်ထား။ ။ ထင်ရှားကျော်သောင်း၊ မှူတော်မကောင်း၍၊ တိမ်းစောင်း မခွ၊ ဘုရား ကျွန်တော်၊ ကျူးကျော်ဝေးမြေ၊ သွားရလေလျှင်၊ အိမ်နေဘုရား၊ ကျွန်တော်မမှာ၊ မိဘမောင်ဘား၊ ဆွေဝါးမဲ့ပါ၊ ကိုးကွယ်ရာသည်၊ အ ချာစိုးရ၊ အရှင်ပဟု၊ မည်မျှမည်မည်၊ မရှိသည်ကြောင့်၊ ဖျော်ဖြည်စေ ပါ၊ ကြင်နာလေးမြတ်၊ မပြတ်ခေါ်ဝေါ်၊ ထံတော်ချဉ်းကပ်၊ နီးစပ်နေ ထိုင်၊ လက်ကိုင်ပေးကမ်း၊ ဖုံးလွှမ်း မ စ၊ ပို့သစလှေ၊ ပြကတော့တွင်၊ ထူး၍ထပ်လျှောက်၊ ချီးမြှောက်မြင့်ပါ၊ မျက်နှာညှိုးငယ်၊ နွမ်းနယ်နိမ့် ကျ၊ မရှိရအောင်၊ မ-ပါဘုရား၊ နှစ်ပါးထွတ်တင်၊ အရှင်တို့သာ၊ ကိုးရာ ဖြစ်လျက်၊ ငဲ့ကွက်ပေါ့ဆ၊ ရှိချေကမူ၊ ပြင်ပမည်သူ၊ ကြည်ဖြူစိတ်ထား၊ မခစားပြီ၊ ရှောင်ရှားသွေဖည်၊ နေတော့မည်သည်၊ ။**မြဲးတည်နေကျ အမှန်တည်း။** ။

www.burmeseclassic.com

www.burmeseclassic.com



၃၅။ **အယုတ်-အလတ်၊** အမြတ်မှန်းထား၊ စေပါများကို၊ စော်ကားကြော့ကြမ်း၊ အဟမ်း မမ၊ လွှားပ ထောင်ထား၊ စကား မာမာ၊ မှန်ရာမသိ၊ ပြီးရိပ်ရှိလည်း၊ ဝိပိပျော့ညံ့၊ နောင်မဝံ့အောင်၊ အခေါင်ထိပ်နင်း၊ တင်းတင်းကြပ်ကြပ်၊ ပြားပြားဝပ်မျှ၊ ကွပ်ညှပ်မျက်ပါ၊ လိမ္မာနည်းလှ၊ ကျွန်တော်မမှာ၊ ပြင်ပသူကို၊ မဆိုနှင့်ဦး၊ အထူးရုံခါ၊ ဆိတ်စာဒေါသ၊ ရိပ်မြွက်ဟ၍၊ ဘုရားကျွန်တော်၊ ဆိုမိသော်မျှ၊ ထွေငေါ်ဖေါ်ထုတ်၊ နှုတ်လည်းလော်လဲ၊ မတုံ့ဘဲနှင့်၊ ယိုရွဲ့မျက်ရည်၊ဝိုတော့မည်ကို၊ ရှေ့တည်၍သာ၊ မျက်နှာပျက်လွယ်၊ ညှိုးငယ်ဆွတ်လွတ်၊ ဝမ်းနည်းတတ်ခဲ့၊ အထွတ်ထားတင်၊ အရှင်နှစ်ပါး၊ ထောက်သနား၍၊ ဖျော်ဖြားပျူဟာ၊ လိုလိုက်ပါမှ၊ မျက်နှာလန်း၍၊ သာချမ်းမြွေလျက်၊ ပျော်မွေ့ပါမည်၊ ရွှေရည်ရတနာ၊ မြေးတော်မှာလည်း၊ ဆိတ်စာသလေး၊ ငယ်လှသေးခဲ့၊ နာဆေးဖျားတာ၊ အရာကိစ္စ၊ ရှိသမျှကို၊ နန်းမဘုရား၊ တို့ထိပ်ထားသည်၊ ဆေးဝါးကစ၊ မလစ်ရအောင်၊ ထောက်မကုသပ်၊ ကြပ်ကြပ်တည်းတည်း၊ သိမ်းဆည်းပိုက်ထုပ်၊ အုပ်တော်မူပါ၊ မေတ္တာတော်ညွန့်၊ သစ်သစ်သန့်လျက်၊ ပွါးပြန့်ဆင့်လောင်း၊ ပါမည့်ကြောင်းကို၊ ဆယ်ချောင်းရှိကြာ၊ တင်လျှောက်ပါသည်။ ။**ပန်ထွာ ညွတ်ခလျှောက်ပန်တည်း။** ။

၃၆။ **ယင်းသို့လျှောက်သော်၊** မယ်တော်ဘုရား၊ မိန့်ပြောဆြား၍၊ကြိုင်ရှားပျံ့ကြွယ်၊ နတ်ပန်းနှယ်လျှင်၊ ထိပ်ဝယ်ဆင်တင့်၊ ရှုမျက်ပွင့်သည်၊ မရှင့်သည်းချာ၊ နန်းပွင့်လျာ။ ။ဘွေရှာတွေးဆ၊ ဘယ်ကိစ္စကြောင့်၊ ကြောင့်ကြလှည့်ကာ၊ မဆိုရာကို၊ ဆိုရှာသနည်း၊ မောင့် ခမည်းနှင့်၊ ကျော်သည်း မြေပေါ်၊ မောင့် မယ်တော်မှာ၊ ရှုပျော်မေတ္တာ၊ ပုံစရာသည်၊ သည်းချာသက်လှယ်၊ မောင်နှင့်မယ်သာ၊ ဖြစ်ပါသည်ကို၊ ရွယ်ပျိုနုထွား၊ မိသည်းကြားမှာ၊ တခြားတူရှဲ့၊ ရှိပြန်ကဲ့သို့၊ ထောက်ငဲ့တွေဆန်း၊ စိုးရိမ်လွန်းစွ၊ ထိပ်ပန်းမောင်ချည်း၊ တယောက်တည်းလျှင်၊ ဘော်နည်းနေကျ၊ ချစ်-မဝ၍၊ ဘယ်က ဘော်လှာ၊ ရပါမည်နည်း၊ ပေါင်းစည်းညီညာ၊ အောက်မေ့ရာတွင်၊ လှူဒါပုည၊ ကံဟောင်းမ၍၊ မယ်လှသည်းချာ၊ ဝေးရပ်ရွာက၊ ပေါ်လှာပေသည်၊ ရွှေရည်ရွှေခဲ၊ ပုလဲဖြူညက်၊ တို့အသက်ဟု၊ စုံမက်အင်ပြည့်၊ မှတ်ပါ၏ရှင့်၊ သို့သည့်သမီး၊ မငြိုးရှုပြော၊ စိတ်ဇော ပီတိ၊ မျက်စိ တန်ဆာ၊ အရသာကို၊



မိဋ္ဌာမှားယူ၊ ဘယ်သသူလျှင်၊ ကျင့်မူရှန့်ရှိင်း၊ မကိုင်းမညွှတ်၊ ကိုယ်လွှတ်ရှောင်ခွါ၊ ကွယ်ရာမျက်မှောက်၊ မောက်စောက် ဟုံးစုံး၊ နှလုံးဝမ်းမှာ၊ မသာယာအောင်၊ ရန်ရှာလွှားပ၊ စွံ့ရမည်နည်း၊ ပေါင်းစည်းလုံခြုံ၊ ချစ်ပုံစုရာ၊ မိသည်းချာသည်။ ။**ဘွေရှာကြောင့်ကြ ထုးချွန်တည်း။**

၃၇။ ရတနာစု၊ မြေးမောင်ပုကို၊ ပျိုလုမတတ်၊ အသက်ပြတ်မျှ၊ အထွတ်လုတွင်၊ မောင့်ဘခင်နှင့်၊ မ-ရှင်ကစ၊တကွရိပ်မြို၊ ရွှေဘုံနန်းလုံး၊ စုရုံးညီညာ၊ မေတ္တာကြီးအင်၊ ချစ်စဉ်ပင်ကို၊ ကြင်ကြင်နာနာ၊ အရာမည်မျှ၊ မလစ်ရအောင်၊ မ စ သိမ်းချုပ်၊ ပိုက်ထုတ်အုပ်ပါ၊ မှာရာမှာလည်း၊ ဘွေရှာကြောင့်ကြ၊ ဖြစ်လွန်းလှ၏၊ တွေးဆသက်ာ၊ သည့်နှယ်မှာကို၊ ဆံလွှာမြူမျှ၊မကြောင့်ကြနှင့်၊ တကွတူရှိ၊ မောင်ဟိသည်ထက်၊ ဖျော်ဖြည်သာဖြူး၊ သစ်သစ်ထူး၍၊ အကျူးလွန်စွာ၊ ချစ်မည်သာလျှင်၊ နန်းလျာရည်သွား၊ မိထိပ်ထားသည်၊ ရင်သားသည်းချာ၊ မောင်မှတ်ပါတော့၊ စစ်ရာမက်ရေး၊ ရှုပ်ထွေးလုံခြုံ၊ မှုမျိုးကုံသည်၊ ရွှေဘုံသိင်္ဂ၊ စံနန်းမက၊ အမှုအရှင်၊ မြော်လျက်ပင်လျှင်၊ မဝင်စားသောက်၊ အိပ်နေဘောက်မျှ၊ ညှိုးခေါက်မူလည်၊ ရွှမ်းမျက်ရည်နှင့်၊ မတည်ကြိုက်လွမ်း၊ လိုက်သည့်ဂမ်းကို၊ သာချမ်းရေ့နှယ်၊ ငြိမ်သက်လွယ်အောင်၊ မှတ်ရွယ်နေကြ၊ လုံ့လပြုပါ၊ မိသည်းချာသည်၊ ရေးရာကုန်စင်၊ ပြီးအောင်မြင်၍၊ ပြန်လျှင်သဖြင့်၊ ခါမြင့်ရှည်ကျော်၊ ဘုန်းတော်ကြီးအင်၊ ဘနတ်ရှင်ကို၊တိုင်းခွင်ကြေညာ၊ လူချမ်းသာနှင့်၊ ညွန့်ဖြာသားချစ်၊ မြေး,မြစ်နောက်နောင်၊ ဆက်ထွန်းအောင်ကို၊ ဆောင်နိုင်ပါစေ၊ **လှုံ့ဝေတောက်**ပြွန်း၊ မိသက်နွှန်းသည်။ ။**ရွှေဘုန်းတစညွန့်သန်တည်း။**

၃၈။ **ယင်းသို့းသာပျော်၊** မယ်တော်ဘုန်းထူ၊မိန့်တော်မူသော်၊ဇမ္ဗူ။ စွဲးရည်၊ လျှောက်ပြန်မည်ကား၊ ဖြိုးစည်ဂုဏ်အင်၊ ကျေးဇူးတင်သည်၊ ဆွတ်ကြည်မြတ်လေး၊ မိဘုန်းမွေး၊ စစ်ရေးမက်ရာ၊ စစ်မူမှာကို၊ ထွတ်ချာရွှေစိတ်၊ ဆံဆယ်စိတ်မျှ၊ လန့်ထိပ်နွံ့ရှာ၊ မစိုးပါနှင့်၊ သီတာပတ်ဝန်း၊ ဇမ္ဗူကျွန်းတွင်၊ ကြဲ့နှန်းထီးဆောင်း၊ မင်းအပေါင်းတို့၊ ဦးခေါင်းစုစ္ဆာ၊ မြတ်အင်္ဂါကို၊ မကြာမယူ၊ နေ့ချင်းယူ၍၊ လွယ်ကူသာပျော်၊ ဆက်မိန့်သော်လည်း၊ ဘုန်းတော်ရိပ်သာ၊ ထိပ်ထက်

www.burmeseclassic.com



ကာလျက်၊ မကြာရက်ရက်၊ ကျွန်တော်ဆက်မည်၊ နှောင့်ရှက်စွန်းငြီ၊ စိုးတစိမျှ၊ မရှိစေဘူး၊ အံ့ရာကျူးစိမ့်၊ ကိုယ်ထူးရှိလှာ၊ ကိုးရာမရ၊ ကျွန်တော်မနှင့်၊ နေကြမျက်ဖျော်၊ ရှုတိုင်းပျော်သည်၊ ကျွန်တော်ရတနာ၊ ငယ်ကိုသာချောင်၊ ထွတ်ချာဘုန်းမော်၊ မိန့်တော်မြတ်တိုင်း၊ ထုံးပိုင်းမသွေ၊ မြဲးနေသချာ၊ သနားပါဟု၊ ထပ်ကာဆင့်လျှောက်၊ ကျိုးနွံလျှောက်မှု၊ ရွှေမှောက်ဒိဗ္ဗ၊ ရာဇိန္ဒနှင့်၊ **နန်းမစိုးချာ၊ မိမြတ်စွာ**အား၊ ရတနာတေဇ၊ အနုဂ္ဂနှင့်၊ ဦးချကော်ရော်၊ ညွတ်ပူဇော်၍၊ သာပျော်စိတ်ကြည်၊ သွားခွင့်ရည်သော်၊ ဘုန်းစည်တောက်ပ၊ မွေးဘရန်နင်း၊ မိန့်သံညင်းသည်။ ။**ကြိုင်သင်းမဥ္ဇူအဟန်တည်း**။

၉၉။ **စကြဝတေး**၊ ရှေးမင်းတို့ဝယ်၊ ဂုဏ်ကြွယ်ခိုင်ဖြိုး၊ သားကြီးမြတ်စွာ၊ ရတနာသို့၊ သည်းချာစုရုံး၊ ဘန္ဓလုံးကို၊ ယူကျုံးသော့ထွေ၊ ချမ်းသာစေလျက်၊ ညွန့်ဝေသိရိ၊ ဘုန်းစရှိသည်၊ ဘကြီးရင်နှစ်၊ ဥပရာဇ်။ ။ကြင်ချစ်မပြား၊ မောင့်မြောက်သားနှင့်၊ သည်းကြားရတနာ၊ ပုဏ္ဏမာကို၊ အရောက်စွ၊ ရှိသမျှပင်၊ ကြောင့်ကြသမ်းညှိုး၊ မောင်မစိုးနှင့်၊ သူ့မိုးသူ့မြေ၊ သူ့တိုင်းခြေသို့၊ ရောက်လေသော့ခါ၊ ဖျားနာမထောင်း၊ ချမ်းသာကြောင်းကို၊ နန်းလောင်းမောင်ပု၊ သတိပြုလော့၊ များထုအရာ၊ စစ်ရေးမှာကား၊ ကြေညာပေါက်ပြ၊ မောင်ချီကာလျှင်၊ ထွန်းပမိုးသောက်၊ နေရောင်ကျောက်သော်၊ နှင်းပေါက်လွှင့်လေ၊ ခြောက်သွေ့မြေသို့၊ ဝိုက်ခွေထောက်ထောက်၊ ရန်မျိုးပျောက်၍၊ လွှင့်ချောက်ပြစ်ပြစ်၊ စင်မည်ဖြစ်ကို၊ စင်စစ်နေကျ။ ။ငါသိလှပြီ၊ သည်ကချီလျှင်၊ စစ်လမ်းတွင်မူ၊ ငြိုငြင်ရှားပါး၊ ဆင်းရဲသားတို့၊ ခမ်းနားဥစ္စာ၊ သုံးဆောင်ရာကို၊ ဘေ့ရှာနှိပ်စက်၊ ဟင်းရွက်တချပ်၊ စောင့်ကြပ်ကာသီး၊ သစ်သီးတလုံး၊ ဆောင်သုံးစွဲးရ၊ ဝါး တစမျှ၊ စိတ်က မကြည်၊ မပေးသည်ကို၊ ခေါင်းတည်ကြီးမ၊ တပ်မှူးစသည်၊ များလှတသွန်၊ မောင့်ကျွန်တော်မျိုး၊ လူဆိုးလူကောင်း၊ သိန်း,သောင်းဝမ်းလျား၊ ရဲမက်များတို့၊ လျှပ်စား-သောက်စား၊ ပိုင်ကားနိုင်ထက်၊ လုယက်သမှု၊ မပြုရအောင်၊ မောင်မြစ်တားပါ။ ။သည်အရာသည်။ ။**ကြီးစွာပြည်ရေးမှုဝန်တည်း**။

၁၀၀။ **ယင်းသို့သံချို**၊ မင်းဖျားဆိုသော်၊ ကြည်ညိုရှိညွတ်၊ မိန့်တော်မြတ်ကို၊ ထွတ်ထိပ်ဦးဆီ၊ တင်ပါပြီဟု၊ လက်ချီစုံမြောက်၊ ဝန်ခံလျှောက်မှု၊



ချိန်ရောက်သင့်လျော်၊ ခါတော်ချို့ကောင်း၊ ပြည့်စုံကြောင်းကို၊ သံညောင်းမွေးပျံ၊ တွင်းဝန်ကလည်း၊ ဇေယျဒူတ၊ သိပ္ပသရေ၊ မည်ထွေသာထူး၊ မိန်းမှူးတို့၊ သာကြူးလွတ်ကျွန်း၊ နန်းမတော်ရောက်၊ ဆက်လှာလျှောက်သော်၊ ရွှေမှောက်ဘုန်းခေါင်၊ မောက်ကြွတော့ဟု၊ မိန့်တော်မှု၍၊ ဇမ္ဗူကျွန်းစည်၊ စိုးလျှောက်တည်သည်၊ ဘုန်းခြည်တောက်ဝါ၊ နန်းပွင့်လျှာလည်း၊ သိင်္ဂါတုံကျော်၊ မြိုးတိုက်တော်က၊ သက်ကြွခဲ့သော်၊ ဘုန်းတော်ကြီးလှ၊ ဘုရားတွင်းဝန်၊ မကျန်မှူးမတ်၊ ဝန်းပတ်ရံကာ၊ စဉ်တိုင်းလာ၍၊ ရတနာမြတ်လှ၊ ပြောင်နာဂထက်၊ ထွန်းပရောင်ညီး၊ စံပယ်ဖြိုးလျက်၊ ထပ်ဖြိုးစဉ်လျား၊ လမ်းနားညီတ်ညီတ်၊ နှစ်ဖက်ပိတ်မျှ၊ ကြည့်ကြသသူ၊ ဆင်ဖြူလွှလွှ၊ သုမိတ္တနှင့်၊ မာဃနတ်ရှင်၊ စစ်မြေပြင်သို့၊ ရန်နှင်လွှင့်ဖြို၊ ထွက်သည်ဆိုလည်း၊ သည်ကိုထင်ရည်၊ မှီမည်ထားဦး၊ မတူဘူးဟု၊ ရှူးမူးစည်လျှဉ်၊ အံ့ချီးစဉ်ဝယ်၊ ရဲးယဉ်တင့်လှ၊ ချီလေကြသည်။ ။**ထိန်မျှသောင်းသဲ့သံဝှန်းတည်း**။ ။

၁၀၁။ **ဆဲ့နှစ်ခေါ်ဘိဏီ**၊ ပည်းသီစစ်ခြေ၊ တွက်ရေဖြင်ညီး၊ မြေကြီးနှိုန့်နှိုန့်၊ မြေမုန့်ကောင်းကင်၊ လောက်မျှပင်တည့်၊ စုံအင်လေးထွေ၊ ချီလေအုံလောက်၊ ကွန်းသုံးထောက်ကို၊ အရောက်လျှင်လှ၊ နေ့ချင်းချ၍၊ နေကြထုံ့ပိုင်း၊ စခန်းတိုင်းလည်း၊ မနိုင်းယှဉ်သာ၊ လွမ်းခြင်းရာကို၊ မိန့်မှာစွဲ့ရေ၊ စာရွှေပေနှင့်၊ ပြစ်ပြေလိမ္မာ၊ နှုတ်လျှာရွှရွှ၊ ကျေဖွန်လှသည်၊ ဇေယျမင်းရဲ၊ မည်သာကဲးသည်၊ မင်းရဲးဇေယျ၊ စသည်ပျိုငယ်၊ အရွယ်နုထွား၊ မင်းသားတို့အား၊ စေစားနေကြ၊ လျှောက်စေရ၍၊ ညွတ်ခဆက်လှာ၊ ထိုရွှေစာကို၊ သိင်္ဂါလျှံတောက်၊ အိမ်တော်ရောက်သော်၊ ငွဲ့ထောက်မဲ့ဘူး၊ အိမ်ဆောင်မှူးနှင့်၊ ရာထူးတသီး၊ အကြီးတို့က၊ ဆင့်ဆက်ရ၍၊ အုရွှရွှန်းရွှင်၊ မင်းရှင်ကလည်း၊ အုသည်းပြတ်မျှ၊ လွမ်းလှသည်ဖြစ်၊ ဘွေလှစ်လျှောက်လှာ၊ ရွှေပေစာကို၊ ရေးရာသိလှ၊ ဇေယျယဉ်နု၊ လူမှုကုံတွင်၊ နားဝင်ရှင်မှု၊ ယဉ်နုဇေယျ၊ စသည်မည်ဆို၊ မတ်ပျိုတို့အား၊ အကြီးများက၊ မှတ်သားမြဲးနေ၊ သင့်အပ်စေ၍၊ ရှိသေညွတ်ခ၊ ဆက်စေရ၏၊ ယဉ်လှသည့်ရှင်၊ ထိပ်တင်ကစေ၊ ဖြူရွှေဝင်းရွှ၊ မင်းလှကခန့်၊ ရည်သန့်မင်းသား၊ မှူးမတ်များက၊ လာသွားတုံ့ဖယ်၊ ယက်ကန်းရှယ်သို့၊ အံ့ဘွယ်တွေလာ၊ မြင်းခွါရာဘိ၊ ထပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆင့်လောင်း၊ တောလမ်းကြောင်းလည်း၊ ထောင်းထောင်း မှုန့်ညက်၊ ဖုံဖုံတက်သည်။ ။**စဉ်ဆက်တနေ့မချန်တည်း။** ။

**၁၀၂။ ယဉ်မျိုးထိပ်ဗွေ၊** မိုးနိမ့်နေသည်၊ သပြေစိုးရန့်၊ ရဲ့းတမ်းခွန်ကား၊ လွှမ်းဖွန်အူသည်း၊ ဖိမ့်ဖိမ့်ကြည်း၍၊ ဟိန်းဟည်းဖန်များ၊ ချသည့်သားနှင့်၊ ရပ်ခြားသူ့မြေ၊ တိုင်ရောက်လေသော် ငံ့နေမတင်း၊ ဆင်ခင်းမြင်းရော၊ မညာမဆာ၊ ဗျူဟာ့သုံးပါး၊ မှတ်သားမပြု၊ လျင်မှုဒဏ၊ တပ်မှူမတည်၊ ငံ့ဆည်မမြော်၊ တိုက်စည်ဆော်၍၊ ဩကြော်ထိန့်ဆူ၊ သောင်းသောင်းအူမျှ၊ သူ့သူစစ်ဆိုင်၊ ဖြိုင်ဖြိုင်သမျှ၊ ကြွင်းရမထင်၊ အစဉ်သတ်လိုက်၊ ခွံ့ခွံ့တိုက်၍၊ ရောက်ဆိုက်မိုင်ရှိုင်၊ မြို့ရင်းတိုင်သော်၊ ကြံ့ခိုင်လူကျော်၊ မြို့ပေါ်ခုန်လွှား၊ တံခါးကိုဆင်၊ ဖျက်ဘောက်ဝင်၍၊ မြင်းလျင်ဗိုလ်မြေ၊ တွတ်ရေမရှိ၊ နောက်ထပ်ဖိသော်၊ ဟတ္ထိပုရ၊ မင်းကစသည်၊ ပြည်မအလုံး၊ ပတ်ကုံးမကြွင်း၊ တပွဲးချင်းနှင့်၊ လျင်မြင်းဒဏ၊ အကုန်ရ၍၊ ပုရဟတ္ထိ၊ တွင်ရှိမည်မှည့်၊ မြို့၏အပါ၊ ကြေညာတလွှား၊ မြို့ပြများက၊ သားနှင့်သမီး၊ ဆင်ကြီးမြင်းကျော်၊ ပူဇော်ရှိလက်၊ ညွှတ်လှာဆက်သော်၊ နေ့ခင့်ရှက်မထင်၊ ရန်မျိုးစင်၏၊ သို့လျှင်မကြာ၊ နောင်လာအီးဆို့၊ မြို့အစီရင်၊ သိမြင်စစ်ကဲး၊ ယှဉ်တွဲးနာမံ၊ စီမံသီးသီး၊ ခန့်ထားပြီးလျှင်၊ သူ့ရှင်မင်းသား၊ မိဖုရားနှင့်၊ မြေး, သားမကြွင်း၊ ယူခဲ့လျှင်း၍၊ ရပ်တင်းမညာ၊ ပြန်ခဲ့လာသည်။ ။**မကြာမငံ့လျှင်ထန်တည်း။** ။

**၁၀၃။ ထိုမြို့ကခွါ၊** အကွာစခန်း၊ ချမှန်းတထောက်၊ ရောက်သည့်နေ့ဝယ်၊ ဘုန်းငွေတောက်ရှိန်၊ ထန်ပြင်းထိန်သည်၊ ရာဇိန္ဒရာဇာ၊ မည်သာတွင်ခေါ်၊ ခမည်းတော်လျှင်၊ စက်ပျော်သာယာ၊ မိုးသောက်ခါနိုက်၊ မင်္ဂလာမည်မှည့်၊ ထွန်းစည့်ရောင်ညီး၊ ရထားစီး၍၊ ကြွချီးစံတည်၊ ထက်နတ်ပြည်သို့၊ တက်သည်ကိုယ်ထင်၊ အိပ်မက်မြင်သော်၊ နိုးလျှင်စိတ်က၊ ရွံ့ထိတ်လှလျက်၊ နံနက်စောလျှ၊ ထတော်မူ၍၊ တံပူကိစ္စ၊ ပြီးပြီးမှလျှင်၊ ရာဇိန္ဒရာဇဂုရု၊ နုသည့်အမတ်၊ ကြမ်းသည်စိတ်လက်၊ ပုဏ္ဏားပျက်ကို၊ အိပ်မက်မြင်ဟန်၊ ခေါ်၍ပြန်၏၊ အလွန်ကြောက်ဆင်၊ မင်းရိပ်ထင်သော်၊ သည်တွင်လွယ်ကူ၊ ဝါရန်သူကို၊ ကလူနှိပ်စက်၊ နိုင်ထက်ထားသည် အောင်တော့မည်ဟု၊ ဘုန်းခြည်ဒေါက်ဝါ၊ နန်းပွင့်လျာကို မြိုးစွာကျိတ်ကျိတ်၊ မှတ်ရင်းစိတ်နှင့်၊



လန့်ထိတ်ပြန်ကြောင်း၊ လောင်းကာဆင့်လျက်၊ သည်အိပ်မက်ကို၊ ဘတ်မြွက်တုံ့တုံ့၊ မလျောက်ဝံ့ဟု၊ ပျော့ညှံ့ဖြည်းသာ၊ လျောက်သော့ခါဝယ်၊ ထွက်ချာရွှေမျှောက်၊ လွှန်ပြန်ကြောက်၍၊ တင်လျောက်ဆရာ၊ ဘတ်ပါတော့ဟူ၊ မိန့်တော်မူက၊ ဘုန်းတူဘုရား၊ များမကြာခင်၊ သည်လတွင်ပင်၊ အရှင်မင်းသည်၊ အစတည်၍၊ ရွှေပြည်ရပ်ကြီး၊ ပျက်စီးမည်ဆင်၊ ဥပဒ်မြင်ဟု၊ ကြောက်ငြင် ဘွယ်လောက်၊ လုပ်ကြံလျောက်သည်။ ။**အကောက်ကြံဆန်းအလွန်တည်း။** ။

၁၀၄။ **သို့လျှင်ဆရာ၊** ကွယ်ကာဆည်းဆို့၊ အသို့ဘွေနှည်း၊ ကြံပါမည်ဟု၊ မိန့်သည်ရှိသော်၊ ဘွေဖော်ကျမ်းလာ၊ ယတြာကြီးအင်၊ ယဇ်စီရင်မည်၊ နတ်ရှင်ဘုန်းခြည်၊ ဘုရားသည်ကား၊ မြိုင်စည်ရိပ်ကျော်၊ဥယျာဉ်တော်မှာ၊ ယတြာမည်မှန်း၊ တဲးနန်းဆောက်၍၊ ခုနစ်နေ့တွင်၊ မမြင်လူသူ၊ဆံမြူမနှောင့်၊ ဥပုသ်စောင့်လျက်၊ ငြိမ်သက်ကုပ်သေ၊နေတော်မူပါ၊ ရေးရာမြင်မြော်၊ ပုဏ္ဏားတော်ကို၊ မှာသော်မူကား၊ ထင်ရှားကျူးကျော်၊ ယဇ်ပူဇော်မည်၊ ဘုန်းတော်စည်ဖြိုး၊ ကြီးသည်ဘုရား၊ ရက်လည်ခြားမှ၊ နှုန်းထားပုံထု၊ ရာဟုလက်က၊ လွတ်သည့်လသို့၊ ထွက်ကြွခဲ့၍၊ ဘုန်းဟော့ကေရာဇ်၊ မင်းသစ်ဘွဲ့မည်၊ ခံသင့်သည်ဟု၊ ယုံကြည်ဘွယ်လောက်၊ လျောက်လတ်သော့ခါ ဆရာသင့်ငြိ၊ခန့်စီရင်ပါ၊ လျှင်မကြာဟု၊ထွေသာအလျှင်၊နတ်ရှင်ဘုန်းဟော့၊ယနေ့နေ့ပင်၊စုံစေ့ရုံးပေါင်း၊ ပြီးစေခကောင်း၏၊ ပွင့်လောင်းဘုန်းကျော်၊ ဥယျာဉ်တော်မှာ၊ နေသော်ခါလည်း၊ လုံစွာတံခါး၊ စောင့်ရှောက်ထားလော့၊ ပုဏ္ဏားတို့ဝယ်၊ ပူဇော်ဘွယ်လည်း၊ ကြီးငယ်ဝတ္ထု၊ ရုံးစုစေ့ငေ၊ များမြောင်လှ၏၊ ခုဏတုရား၊ မိန့်စေသားဟု၊ စီးပွါးလိုသောင်၊ လှည့်ပတ်ဆောင်၍၊ ယုံအောင်ချီသာ၊ နှုတ်ပျူဟာနှင့်၊ လိုရာချောင်းလျှောင်း၊ စကားတောင်းသည်။ ။**ပျော့ပျောင်းကွယ်ဝိုက်ကျေပွန်တည်း။** ။

၁၀၅။ **အနုပိယဘာဏီ၊** ခေါ်ညီစင်စစ်၊ ခင်ပွန်းဖြစ်သည်၊ကျင့်ညစ်ပုဏ္ဏား၊ ဆိုစကားကို၊ ယုံမှားချေ၍၊ စုံစေ့များစွာ လိုရာရာကို၊ ထွေရှာစိတ်အား၊ လျောက်လျားယူလေ၊ ရွှေမြေတိုင်းကျော်၊ နိုင်ငံတော်တွင်၊ မပေါ်မရှိ၊ မသိသည်သာ၊ ဆရာမယူ၊ လွတ်လေဟူ၍၊ လွယ်ကူသံချို၊ စုန်းကိုသားကင်၊ ထည့်မှားကျင်သို့၊ နတ်ရှင်ဘုန်းထွတ်၊ မိန့်တော်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်၍၊ ချမ်းမြတ်ရိပ်ဝှဲး၊ ဥယျာဉ်ထဲးသို့၊ ဘော်ရှုံးရှောင်နေ၊ ကြွဝင်လေ၏၊ ပေအောင်ငယ်က၊ ဆိုးလွန်းလှ၍၊ ပါပစာရီ၊ သညီငယ်မည်၊ တွင်သည်ကြားကျော်၊ ကြီးရင့်သော်ကား၊ မလျော်လေဘဲး၊ ကျူးကဲးမိုးလှ၊ ရာဇိန္ဒရာဇဂုရု၊ နုသည့်နာမ၊ ဘွဲ့မည်ရသည်၊ လောဘရမ္မက်၊ ပုဏ္ဏားပျက်ကား၊ သားဌက်ပုံယင်၊ မြင်းဆင်ကစ၊ များလှတိရစ္ဆာန်၊ သေဒဏ်မှတ်သား၊ နှောင်ထားသည့်လူ၊ ယူ၍ဖြင်ညီး၊ စုထားပြီးသော်၊ အံ့ချီးလူ့မြေ၊ ကိန္နရေကို၊ ရစေမင်းများ၊ ခုလျင်လျားဟု၊ ဆိုခြားသောခါ၊ ကိန္နရာကို၊ ဘယ်မှာတို့သည်၊ ရနိုင်မည်ဟု၊ မကြည်မချိ၊ မတ်များဆိုသော်၊ နဂိုရ်ရှေ့ပြည်၊ ပျက်စီးမည်ကို၊ တားဆည်သီးဆ၊ တယောက်မျှလျှင်၊ တီတွမဲ့ထွေ၊ မသေကောင်းလော၊ လျှင်ဆောခုသာ၊ မိသူဇာကို၊ ငါပင်ရှေ့တည်၊ သွားယူမည်ဟု၊ အရည်စိမ်းဆို၊ မြင်းမိုရ်ရှေ့ကြပ်၊ လျှပ်လျှပ်ပြောင်ပြောင်၊ နောက်ကဆောင်လျက်၊ ကြွေရောင်မညိုး၊ ပုဆိုးဖြူညက်၊ စက်နားဆက်နှင့်၊ နှစ်ဘက်ဟန်ပန်၊ ဝင့်ပြန်လွန်ကဲး၊ သုတ်သုတ်လွှဲးလျက်၊ သဲးသဲးများစွာ၊ ခြွေရံကာနှင့်၊ သည်သာဘုန်းကျော် အိမ်ရှေ့တော်သို့၊ ရည်ရော်ဖြောင့်သား၊ စိုက်စိုက်သွားသည်။ ။ **တရားမလျော်ပြောင်းပြန်တည်း။** ။

၁၀၆။ **အိမ်ဒရှမိဖုံရား၊** ထွတ်ထားစရာ၊ မိသူဇာကို၊ ယဇ်စာပို့ယူ၊ အပ်မည်ဟူ၍၊ လူသူများစွာ၊ ပုဏ္ဏားလာဟု၊ ရှိန်ဝါပြောင်ပြောင်၊ ရှားမီးလောင်သို့၊ ထိန်အောင်ထိတ်လှ၊ လန့်ဖျပ်ကြသော်၊ မြင်ကအတွင်း၊ ချက်ခြင်းခဏ၊ ကြားသိကြ၍၊ ခြောက်ပါးနှောင်းမြင်၊ မင်းလှရှင်မှာ၊ မရှင်ညွတ်ခွေ့၊ ယင်းသည့်နေ့တွင်၊ ဗိုက်ဇေ့ဝမ်းမှာ၊ အခါခါထက်၊ ထပ်ကာလောင်းဆင့်၊ အလွမ်းမြင့်၍၊ သခင့်ခြေရာ၊ ထိပ်ချာဇွေထက်၊ မျက်နှာကြက်ကို၊ ရှိလက်စုံကာ၊ ကြိမ်ခါများလှ၊ ဦးသာချ၍၊ ထိပ်စတင်တင်၊ သခင်ညစ်ခံ၊ ညိုလျှံလွဲ့ရှိမ်း၊ အစိမ်းဆယ်မည်၊ ရှေ့ခြည်ကပ်ကွက်၊ လက်ချိုရက်သည်၊ ချောညက်ကျူးကျော်၊ ဝတ်လဲးတော်ကို၊ ထိပ်ပေါ်တင်ကာ၊ မျက်နှာအုပ်လွှမ်း၊ ကြိမ်ကြိမ်နမ်း၍၊ အလွမ်းမပြေ၊ သည်းလေလေဖြင့်၊ ဘွေဘွေရှာရှာ၊ စက်မွေ့ရာကို၊ နမ်းပါသော်လည်း၊ လွမ်းပြန်သည်း၍၊ တင့်ရည်းသာရှင်၊ ထိပ်တင်မင်းလှ၊ တီးနေကြသည်၊ စိမ်းမြချယ်စီ၊ သိင်္ဂီမြူမှဲ့၊ ရှေ့ညို့ဘွဲ့လျက်၊ နိုင်းရဲ့မရ၊ ကရဝိက၊ ဃောသမည်မှတ်၊ စောင်းတုလွှတ်ကို၊ လေးမြတ်စုံမက်၊ ပိုက်ခါဘက်၍၊ ရှေ့



လက်ထိရော၊ သည့်ဆိမ့်မှာတု၊ ဘွေရှာယောင်ယမ်း၊ ကြိုကာနမ်းသည်၊ အလွမ်းထပ်ကျယ်၊ သနားဘွယ်သည်။ ။**ပြိုက်သွယ်မျက်ရည်နှင့်သာတည်း။**

၁၀၇။ **သို့နှင့်မနေ၊** ရှာဘွေကာကာ၊ မင်းသူဇာမှာ၊ ဇန်ပြာအိကျူး၊ ရောင်မြိုးပတ္တလား၊ ပန်းရောင်ဝါနှင့်၊ ပိတ်သားရှေ့ချည်၊ ထိုးသည့်သေသတ်၊ လက်ခတ်အမိုး၊ သန္တာရိုးကို၊ မြတ်နိုးကြည်လင်၊ ထိပ်မှာတင်၍၊ ရင်မှာချပ်ချက်၊ ပြိုက်စက်သွယ်ရွှမ်း၊ ခုခုနမ်းသည်၊ အလွမ်းတပ်ကာ၊ မပြေရှာသော်၊ စေဆာမူးမှောင်၊ မြူယောင်မြူမှား၊ တိုးများနှလ္လ၊ ပုကန်မြတွင်၊ ကြိုင်ပျံမွှေးပြည့်၊ နှင်းရည်ထည့်၍၊ ယင်းသည့်ထိပ်ထွတ်၊ တီးမြဲမှတ်သည်၊ လက်ခတ်သစ်ပေါ့၊ ပန်းရည်ဖြော့ကို၊ ပျောင်းပျော့မူဆာ၊ ထိပ်မှာလည်းတင်၊ ရင်မှာလည်းချပ်၊ ပါးမှာကပ်၍၊ ပွတ်သပ်ဖန်များ၊ နမ်းသည်သားနှင့်၊ လွမ်းအားကြီးအင်၊ နေစဉ်တွင်နှိုက်၊ ပည်းဖြင်တအုပ်၊ ကိုယ်လုပ်မောင်းမ၊ အကြီးစသည်၊ ဝိုကြလန့်ကြား၊ ဘုရားဘုရား၊ တို့ထိပ်ထားကို၊ ပုဏ္ဏားလူကျော်၊ ယဇ်ပူဇော်ရာ၊ ယဇ်စာထည့်မည်၊ ယူလာသည်ရှင့်၊ ခုပင်ထိပ်နင်း၊ ရှေ့နန်းတွင်းသို့၊ အမြင်းရှေးရှူ၊ ဝင်တော်မူမှ၊ ခေါ်ယူတဲ့းမ၊ ဝန်းရံကြလျက်၊ နဝရတနာ၊ စီမြွာကိုးမျက်၊ ရှေ့ယာဉ်ထက်သို့၊ ရှေ့လက်ဆွဲးငင်၊ အသော့တင်မှ၊ ဆောလျင်ပြင်းပြ၊ သွားလေကြ၍၊ နန်းမစိုးစံ၊ ဘုရားထံသို့၊ ရည်သံထုတ်ချောက်၊ ဝင်လေရောက်သော်၊ ရှေ့မှောက်ထိပ်ဇွေ၊ အေ-အေ မယ်မှ၊ ဘယ်ကိစ္စဟု၊ ထိတ်လှလန့်ကြား၊ မေးလတ်ပြားသည်။ ။**လျှင်လျားရုတ်ခြည်းပြေးလှာတည်း။** ။

၁၀၈။ **ထိုသို့သောခါ၊** မင်းသူဇာကား၊ လိပ်ပြာအသက်၊ စဉ်လှူထွက်မျှ၊ ကြောက်လွန်းလှ၍၊ မဟာနိုင်ရာ၊ မျက်နှာဖြူခြောက်၊ တဆုပ်လောက်နှင့်၊ ရှေ့မှောက်ထွတ်ချက်၊ ရှစ်သောင်းထက်၏၊ နှစ်ဘက်ခြေမှာ၊ ဖက်၍သာလျှင်၊ သည်းချာမပယ်၊ ဟိုက်လျှင်းဘိ၏၊ သို့ရှိခါသော်၊ ပျိုတော်တယောက်၊ ကြွင်းမဲ့ချောက်က၊ နန်းမထိပ်ပေါ်၊ မျက်တော်ပြင်းလှ၊ ဟူးဟူးထ၍၊ ပါပကျင့်ညစ်၊ ပုဏ္ဏားယစ်သည်၊ ဇကရာဇ်အလျာ၊ ငါ့သည်းချာကို၊ ပြင်းစွာမုန်းတား၊ အငြိုးထား၍၊ လှည့်စားပြုမြင်၊ သို့စင်ကွေ့လည်၊ ကြံစည်သည်ကို၊ မရှည်ကြာခင်၊ ပူပင်လတ်လတ်၊ သင့်ကိုသတ်ပါ၊ မြှိုင်သာရိပ်လန်း၊ ဥယျာဉ်နန်းဝယ်၊ ဘုန်းရှိန်းလျှံပ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်နေ၏၊ လျှောက်ချေအလျှင်၊ ယခုပင်ဟု၊ မရှင်ထဲးပိုက်၊စေလိုက်သော့အား၊ စေသူသွား၍၊ တံခါးသေချာ၊ ဥယျာဉ်မှာရှိက်၊ လွှား, ကာ,ခိုင်း, ဝင်း၊ လက်နက်ကျင်းလျက်၊ ထန်ပြင်းဆီးဆ၊ မဝင်ရဘဲး၊ ဖင့်နွဲ့းမကြာ၊ ပြန်ရောက်လာသော်၊ အချာနန်းမ၊ အစိုးရသည်၊ ကြင်ဆသက်တူ၊ မိဘုန်းထူကား၊ မင်းသူဇာကို၊ ဘက်၍ငိုမှ၊ ဆိုသည့်ပုံ့ကြွယ်၊ မင်းလှငယ်။ ။အံ့တွယ်ပုံဖြိုး၊ မြေကြီးမှောက်လှန်၊ ကမ္ဘာပြန်သို့၊ ဖြစ်ဟန်တူစွာ၊ သည်ရေးရာသည်၊ မျက်ပါငြိုးထား၊ သည်ပုဏ္ဏားနှင့်၊ မခြားတူပင်၊ သည်ရှင်ဘုရင်၊ တိုင်ပင်ညီကြ၊ တမျှစိတ်နေ၊ ဖြစ်ချေသည်ရှင်၊ လွန်ခဲးအင်သည်။ ။**မိခင်ကြံရေးခက်စွာတည်း။** ။

၁၀၉။ **အစိုးရသူ**၊ အမူမသင့်၊ ကျင့်ခဲ့သည်ကြောင့်၊စိုးနှောင့်ပူပင်၊ မရှင်ကြီမှိုင်၊ မကယ်နိုင်၍၊ ရွှေစိုင်-ရွှေခဲး၊ ပုလဲးဇောတ၊ မယ်လျှလျှကို၊ အစ်မ-အရှင်၊ မမြင်ဝံ့ပြီ၊ လှိုင်ညီပုံ့ကြူ၊ နတ်မဥ္စူကို၊ မှတ်ယူမပြား၊ ငါထိပ်ထားသည်၊ ငါ့သားလာတည့်၊ ရောက်ပါလှည့်လော့၊ ငါလှည့်-ငါလည်၊ ကြံစည်ဆန်းပြား၊ သည်ပုဏ္ဏားသည်၊ စိတ်ထားထဲးသံ၊ မနောကံမျှ၊ ကြံဝံ့မည်ထား၊ သည်းကြားဇာတိ၊ ခု-မရှိ၍၊ ဘေးတိတွေ့လည်၊ ကြံစည်သည်ကို၊ ရွှေရည်ရွှေဥ၊ တို့သက်စုသည်၊မယ်ပုသည်းချာ၊ ဟေမာဝိရိ၊ တွင်ရှိမည်မှန်း၊ ရွှေတောင်နန်းသို့၊ ဖြောင့်တန်းစူးစူး၊ သွားချေဦးတော့၊ ပြားဖြူးရောင်ထွေ၊ နတ်ရွှေမြေသို့၊ ရောက်လေလျှင်သာ၊စံကာပျော်မွေ့၊တို့ကိုမေ့၍၊ ရက်နေ့ရှည်ကြာ၊ မနေပါနှင့်၊ မေတ္တာကြီးအင်၊ မ-ရှင်ခွေရစ်၊ လွမ်းသည်ဖြစ်နှင့်၊ ရင်နှစ်ရတနာ၊ နန်းလျှာရည်သွား၊ ခင့်မြောက်သားကို၊ ချစ်အားတူရှဲ့၊ ထောက်ညှာငဲ့၍၊ ပြန်ခဲ့ပါဦး၊ စုံပူးယှဉ်ဘော်၊ခင့်မောင်တော်လည်း၊ထွန်းပေါ်တန်းခိုး၊ ရန်မျိုးပယ်ပျောက်၊ စစ်ကရောက်၍၊ လွေ့လောက်အထု၊ ချစ်မျိုးစုသည်၊ မယ်ပုငယ်ပျို၊ မရှိဆိုက၊ သက်ကိုမျှပင်၊ အရကြံစည်၊ ကြီးရမည်ကို၊ ရွှေရည်ရွှေခဲး၊ ပုလဲးစွေ့ရှာ၊ ထောက်ပါနေ်ရှင်၊ မိခင်မှာထား၊ သည်စကားကို။ ။
**သည်းကြားသတိပြုပါတည်း။** ။

၁၁၀။ **နန်းမဘုရား**၊ မြတ်ဖျားဘုန်းထု၊ မိန့်တော်မူသော်၊ဖြူအုဝင်းဝါ၊ မင်းသူဇာကား၊ ပွင့်အာကွဲးလျှ၊ ရွှေရင်နှုကို၊ ခုခုရွှေလက်၊ ဆိတ်ထုချက်လျက်၊ ရှိုက်မက်-မတည်၊ ရွှမ်းမျက်ရည်နှင့်၊ လျှောက်သည်



သံညင်း၊ ထွတ်ထိပ်နှင်း။ ။လွန်ပြင်းထောက်မ၊ သနားလှ၍၊ မိဘနေပြည်၊ရွှေရည်စူးစူး၊ သွားချေဦးတော့၊ ညှို့နူးထွေသာ၊ မိန့်သည်ရာကို၊ မေတ္တာအထူး၊ ကျေးဇူးတော်ဂုဏ်၊ မကုန်မိုးမျှ၊ ကြီးပေလှ၏၊ အံ့ရကျူးကျော်၊ သို့ဖြစ်သော်လည်း၊ ဘုန်းတော်ဝံ့လန်း၊ ပွင့်လှူရွှန်းသည်၊ ရွှေနန်းစိုးလျှာ၊ မယ့်ထိပ်ချာကို၊ မညှာ-မလေး၊ သွားမည့်ရေးသည်၊ မြော်တွေး၍မျှ၊ ကြံမရခဲ့၊ ကြမ္မစီရင်၊ ဖြစ်ချင်သမျှ၊ နှလုံးချ၍၊ ကျွန်မထိပ်တင်၊သခင်ရှိရာ၊ လိုက်ပါတော့မည်၊ဘုန်းခြည်တောက်ဝါ၊ ထိပ်ချာယဉ်နွဲ့၊အပ်ထားခဲ့သည်၊ လျှပ်ကဲ့ပမာ၊ ရောင်ဖြာပြိုးပြက်၊ မြဘယက်ကို၊ ထွတ်ချက်ခေါင်ချာ၊ သနားပါတော့၊ လိုရာမိုးမြေ၊ ပျံနိုင်စေသည်၊ လျှံဝေရောင်ခြည်၊ သည်ဘယက်မျှ၊ အနဂ္ဃကို၊ ရပါမှသာ၊ မကြာလျှင်လျား၊ ပျံချေသွား၍၊ ဘဝါးမာလာ၊ ပွင့်ရွှေကြာတွင်၊ ပါသည်မြှုသေး၊ ဝတ်ဆံမွှေးကို၊ မြတ်လေးကြည့်စွာ၊ မယ့်မျက်နှာတွင်၊ ချေပါရမည်၊ ဖြစ်ပါသည်ဟု၊ မျက်ရည်ဖြိုက်စက်၊ လျှောက်ဆိုမြွက်သည်။ ။
**လှိုက်ပွက်ဝမ်းကဆူကာတည်း။** ။

၁၁၁။ **မင်းလှသူဇာ**၊ တွေသာပျံ့ရှား၊ လျှောက်သည်ကြားသော်၊ သာဖြားနှုတ်ကြည်၊ မိန့်ပြန်သည်ကား၊ ဖြိုးစည်အထု၊ ချစ်မျိုးစုသည်၊ ရွှေဥရတနာ၊ တို့သည်းချာ။ ။မေတ္တာကြီးထူ၊ အစ်မမူကား၊လွယ်ကူလှစွာ၊ မောင်ရှိရာသို့၊ မကြာဖြောင့်တန်း၊ မစွန်းမငြိ၊ လိုက်လေဘိဟု၊ စိတ်ရှိဘိုင်းရည်၊ ဆိုရမည်လည်း၊ ကျူးရှည်ရပ်ခွင်၊ စစ်မြေပြင်ဝယ်၊ မြင်း,ဆင်,ခိုင်း, လွှား၊ လှံဓားပြက်ပြက်၊ သွေးစက်စက်နှင့်၊ ရန်ဘက်ရန်သူ၊ရုပ်တူဆီးဆ၊ မိန်းမတို့နှင့်၊ မလျော်သင့်၍၊ ထောက်ချင့်အာဏာ၊ နေလှည့်ရာကို၊ သည်းချာငယ်ပျို၊ လိုက်မည်ဆိုသော်၊ တို့ကိုချမ်းသာ၊ စီးပွါးရှာသည်၊ မှန်စွာစင်စစ်၊ သဘောဖြစ်၍၊ ကြင်ချစ်ဝမ်းက၊ အားရလှ၏၊ သည်းချာ့ရွှေသား၊ သွားလေသော်မူ၊ တူရူဓရှတည်၊ သည်ကိုရည်လျက်၊ဝေးသည်လမ်းဝယ်၊ဘေးသွယ်သွယ်ကို၊ညာဘယ်လည်လှည့်၊ ရွှေနောက်ကြည့်၍၊ တည့်တည့်ရွှေရည်၊ မောင်ရှိသည်သို့၊ ရွှေရည်ဆင်းဝါ၊ မင်းသူဇာငယ်၊သွားပါတော့ရှင်၊ငါ့မိခင်ဟု၊ ပန်းသွင်ကြိုင်မျှမိန့်ပြီးမှလျှင်၊ထိန်ဗျပြိုးပြက်၊ မြဘယက်ကို၊ လက်လက်ရောင်ညီး၊ မှန်တိပြီးသည်၊ အံ့ချီးစရာ၊ အံ့ဆင့်တာကာ၊ အသာလက်တော်၊ ထုတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း၊ ရွှေလျော်ဆင်းဝါ၊ မင်းသူဇာကား၊ ခြေမှာထိပ်၊ ဦးဖြင့်ချ၍၊ ညွှတ်ခကြည်ဖြူ၊ လှမ်းကာယူသည်။ ။**သည်းအူပြတ်လူ လောင်ဆာတည်း။** ။

၁၁၂။ **လှမ်းယူပြီးလျှင်၊** လည်မှာဆင်၍မင်းရှင်သူဇာ၊ လျှောက်သည်မှာကား၊ ရတနာပလ္လင်၊ မြတ်ညာတင်သည်၊ လသွင်ရောင်ဖြိုး၊ ထွတ်ထိပ်မိုး။ ။ကြောက်ရိုးရှိရှာ၊ ဘေးကိုညာ၍၊ ပစ်ခွါခဲ့ရ၊ ကျွန်တော်မသည်၊ သည်မှထိုရော်၊ သွားလေသော်မူ၊ ကျွန်တော်သလေး၊ ကွေးလေးဆိတ်စာ၊ ရတနာကို၊ ထွတ်ချာမြတ်ဖျား၊ ထံတော်ပါးမှာ၊ ယူထားမကွာ၊ ကျေးမွေးပါမှ၊ ဖျားနာကုမ၊ ဆေးကိစ္စနှင့်၊ ထိန်းယနို့ကျေး၊မဝေးစောင့်နေ၊ဖျော်ဖြေသံချို၊ မငိုစေရ၊ လုံ့လမြဲစွာ၊ ကျိုးနွံပါမည်၊ သို့ဖြစ်သည့်ကို၊ ရည်၍မကြာ၊ ခုပင်သာလျှင်၊ အချာထိပ်နင်း၊ ထံတော်ရင်းသို့၊ ယူသွင်းယုယ၊ မွေးပါမှသာ၊ ပျံကြွသွားရာ၊ လျင်နိုင်ပါမည်၊ ဖြစ်ပါသည်ဟု၊ ငိုမြည်လျက်သာ၊ လျှောက်ဆိုရှာသော်၊ အချာနန်းမ၊ ထွတ်ဘုန်းပလည်း၊ ဖူဖျခန့်ထား၊ လျင်လျားမနေ၊ ဆောင်ယူစေ၍၊ အုပ်တွေပြီးလျှောက်၊ ယူခဲ့ရောက်သော်၊ လျှံတောက် ဆင်းဝါ၊ မင်းသူဇာကား၊ ရတနာစု၊ မင်းယဉ်နုကို၊ မျိုလှုပိုက်ဘက်၊ ခေါ်စိုက်စက်နှင့်၊ စုံမက်ပြင်းစွာ၊ပါးဘယ်ညာကို၊ ထပ်ကာယုယ၊ နမ်းပြီးမှလျှင်၊ နန်းမစိုးချာ၊မိမြတ်စွာအား ခြေမှာကိုင်းညွတ်၊ဆံနှင့်ပွတ်၍၊ ဘုန်းထွတ်လူလူ၊ နန်းသူအားလုံး၊ ရှိကုံးဆင်ရှက်၊ စိုက်စက်ခေါ်ကာ၊ များစွာစီလျဉ်၊ ငိုကြွေးစဉ်ဝယ်၊ တိမ်ယာဉ်မိုးဝ၊ ပျံလေကြွသည်။ ။**တော်တွ နှောင့်နှေးတွယ်တာတည်း။** ။

၁၁၃။ **ပျံကြွမိုးမြင့်၊** ထန်းဆယ်ဆင့်မျှ၊ ရောက်ပြီးမှလျှင်၊မင်းလှရတနာ၊ သည်းချာလောင်လင်၊ငိုသံထင်၍၊ မရှင်ဆာပူ၊ သည်းအူချုံချုံ၊ သက်ပြန့်ခဲ့မှု၊ ပုတ်လွဲ့နုနယ်၊ သားသက်လှယ်ကို၊ ရင်ဝယ်ဘက်ယမ်း၊ ထပ်ထပ်နမ်းပြီး၊ ထွန်းညီးကိုယ်ဝါ၊ နန်းမချာကို၊ တခါညွတ်ခ၊ ရှိဦးချလျက်၊ရှုရှုနုနယ်၊ကျွန်တော်ငယ်သည်၊ သက်ဆိုးရှည်၍၊ ပွါးစည်ခန္ဓာ၊ ကြီးမြင့်ပါလျှင်၊ ရေးရာနောက်နှောင်း၊ မှူတော်ကောင်းသော်၊ ကျော်သောင်းကြော်ညာ၊ စေရပါမည်၊မေတ္တာနှင့်ကွ၊ ယုယမြတ်လေး မွေးပါဘုရား၊ ထွတ်ထိပ်ထားဟု၊ လျှောက်ကြားဆိုလျှင်၊ ရှစ်သောင်းရှင်လျှင်၊



မရှင်မူးလည်၊ မျက်ရည်ဖြိုက်စက်၊ လည်ကိုဘက်၍၊ စုံမက်ဝမ်းက၊ မချိလှလျက်၊ မယ်လျမယ်လျ၊ မည်သည်မျှကို၊ ကြောင့်ကြပူဆာ၊ မရှိပါနှင့်၊ ရတနာစု၊မြေးမောင်ပုကို၊ ယခုစုံမက်၊ အသက်ကဲ့သို့၊ထပ်ဖို့မေတ္တာ၊ ငါမွေးပါမည်၊ သားမှာချစ်ပေါ့၊ အလွမ်းလျော့၍၊ ကြွတော့မင်းငယ်၊ ကြွတော့မယ်ဟု၊ ပျံ့ကြွယ်ပန်းတူ၊ မိန့်တော်မူ၍၊ နန်းသူအပေါင်း၊ သောင်းသောင်းငိုယို၊ ရှမ်းစိုဖြိုက်စက်၊ ရှိလက်စုံကာ၊ မြော်လိုက်ခါဝယ်၊ သားမှာတာဘက်၊ ငှဲ့ကွက်ယုံ့ယွင်း၊ မင်းမှာတသွယ်၊ လျင်လွှယ်တွေချင်၊ ပူပင်လောင်ဆာ၊ ကြီးဗျာပါနှင့်၊ အာကာမိုးယံ၊ ကြွားကြွား ပျံ၍၊ ကုံထံမိုးလွှ၊ ယဉ်မျိုးကြွေ့သည်၊ အိမ်ရှေ့မင်းဆီ၊ မှိုင်းရီဝေဆာ၊ ယမ်းယော်စာလျက်၊ မျက်နှာရှေ့တည်၊ စူးစူးရှည်သည်။ ။

**မြေဆည်မတားနိုင်ရှာတည်း။** ။

၁၁၄။ **ဆည်တားမပြေ၊** ပြန်ကြွ လေသော်၊ ဆုဝေ လှိုက်ဝမ်း၊ ကောင်းကင်လမ်းဝယ်၊ ဖြိုက်ရှမ်းမျက်ရည်၊ ယိုစီးသည်နှင့်၊ မှုနည်းနွဲ့ပျို၊ ဘွဲ့နွဲ့ငို၍၊ အိုအိုထိပ်တင်၊ ငါ့သခင်ဝယ်၊ လျင်လျင်ဆီးတည့်၊ ကြိုပါလှည့်လော့၊ရွှေပြည့်သခင်၊ဘုန်းတန်းအင်နှင့်၊ မင်းစင်ကိုလျက်၊ ပုဏ္ဏားပျက်သည်၊ လွဲးလျက်မှုသား၊ ဆိုလှည့်စား၍၊ ဖြူးထားပြင်းထွေ၊ လူကိုသေအောင်၊ ရှာဘွေဆန်းပြား၊ ရှာသောအားဖြင့်၊ ထိပ်ထားရှိရာ၊ ကျွန်မလာသည်၊ ထိပ်ချာထိပ်ဆင့်၊ မယ့်မျက်ပွင့်ငယ်၊ ကြောက်နှင့်မိန့်တည့်၊ ဆိုပါလှည့်လော့၊ နှိုင်းရှည့်စာနာ၊ အကြောင်းမှာမူ၊ယုတ်မာမုထား၊ ပုဏ္ဏားသားသည်၊ တရားမဖြောင့်၊ ဆင်သည်ကြောင့်သာ၊ ကိုယ်တွင်ပါ၍၊ နန်းလျာရည်သွား၊ မယ့်ထိပ်ထားကို၊ တရားစီရင်၊ အ နတ်ရှင်က၊ သာရှင်စိတ်ကြည်၊ အံပါသည်ကို၊ ဘွေနှည်စိတ်ဆိုး၊ တိုက်ကိုဖြိုး၍၊ အကျိုးမဲ့ပင်၊ သို့စင်နှိပ်စက်၊ ကြီလေချက်ကို၊ အထက်မိုးဖျား၊ စိုးထင်ရှားသည်၊ သိကြားမြဟ္မာ၊ နတ်တကာတို့၊ စွေ့ရှာခြင်းတ၊ သိပါကြစေ၊ ရှိရလေခြင်း၊ လွန်ကျူးမင်းသည်။ ။**အခင်းစိတ်ဆူး-လောက်ပါဘူး။** ။

၁၁၅။ **အကျူးအကျော်၊** စိတ်ဆိုးသော်လည်း၊ ကျွန်တော်မမှာ၊စုံအင်္ဂါနှင့်၊ လူပါဘက်ကို၊ မဆိုတခြား၊ လည်လွတ်ထားဘိ၊ သားငါးကိုမျှ၊ ကိုယ်နှင့်ဆ၍၊ တီးတွညာတာ၊ ချစ်ကောင်းပါလျက်၊ ကြင်နာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ အလွဲးကျင့်ယုတ်၊ မီးမှာဖုတ်၍၊ ယဇ်ပူဇော်မည်၊ ပြုဘိသည်ကြောင့်၊ ကြီးစည်ဆန်းကြယ်၊ ကိုးကွယ်မရ၊ ကြီးသောကနှင့်၊ ကျွန်မခုသာ၊ လာခဲ့ပါသည်၊ မြဟွာ,သိကြား၊ နတ်အများတို့၊ ထိပ်ထားရှိရာ၊ မကြာလျင်လျား၊ အသော့သွား၍၊ ထံပါးတော်နီး၊ လျှောက်ချေပြီးသော်၊ ဘုန်းကြီးသည့်ရှင်၊ မယ့်သခင်သည်၊ ခုပင်မကြာ၊ ဆီးကြိုလာအောင်၊ ပန်ထွာညွှတ်ခ၊ ချီးပင့်ကြပါ၊ အရာအခွင့်၊ သို့နှင့်စိတ်တော်၊ မတူသော်မူ၊ တိမ်ပေါ်ပျံဝဲ၊ ရေထဲအသုံး၊ လေးကျွန်းလုံးကို၊ ပတ်ကုံးရစ်ခွေ၊ ရောက်နိုင်စေသည်၊ လျံဝေစကြာ၊ ရတနာကို၊ ဘွေရှာနတ်တို့၊ ဆက်ပို့ချေ၍၊ တွက်ရေဗိုလ်ပါ၊ ယူဇနာတည့်၊ ချတာစင်စစ်၊ တဆဲ့နှစ်နှင့်၊ ရောက်လစ်စကြာ၊ ရွှေတင်ကာယျက်၊ ကြိုလာဆီး၍၊ ရင်ဆိုင်တွေ့အောင်၊ဘုန်းလွှေ့သည့်ရှင်၊ မယ့်ထိပ်တင်သည်။ ။ရွှေရင်ပုံ့ပျူး-စုံလှည့်ဦး။ ။

၁၁၆။ **အကျူးငယ်က**၊ ဆိုးလွန်းလှ၍၊ ပါပစာရီ၊ ခေါ်ညီမည်ရ၊ တွင်သည့်ကကို၊ ကြီးမှဂုဏ်ထင်၊ ဗေဒင်မှုမှာ၊ မထောင်းတာပေ၊ ခွဲးဝေဆုံးဖြတ်၊ ဓမ္မသတ်ကို၊ မတတ်ပါဘူး၊ လှမ်းကူးဆီးဆ၊ လူရေးလှလျက်၊ ရွှရွှနတ်ရည်၊ ဆိုတတ်သည့်ကြောင့်၊ အမည်ရှေ့ကြပ်၊ ပေးထပ်ကျေးရွာ၊ နေရာတခြား၊ တရားစီရင်၊ ခန့်လေလျှင်ပင်၊ နိုလွှင်စက်နား၊ ဆန်းပြားကျူးမိုး၊ ပုဆိုးပိတ်ဖြူ၊ တလူလူနှင့်၊ ပြည်သူအများ၊ ဆင်းရဲသားကို၊ သနားမဲ့သီး၊ ညှဉ်းဆဲပြီးမှ၊ ငြိုးကြီးငြိုးသို၊ လူကိုပင်သာ၊ မီးမှာရှေ့ရည်၊ ထည့်တော့မည်ပင်၊ ထင်ထင်နိုပ်စက်၊ ကြိုလေချက်ကို၊ ထိပ်ထက်ထားတင်၊ ကိုယ်တော်ရှင်ကို၊ အလျင်ကျွန်မ၊ လျှောက်ချင်လှ၍၊ ဒီပကျွန်းချာ၊ စိုးမည့်လျာငယ်၊ ဆီးလာအသင့်၊ ကြိုပါနှင့်လော့၊ စက်ပွင့်ကြိုင်မွှန်း၊ ခြေတော်ပန်းကို၊ လန်းလန်းထိပ်စ၊ မပန်ရသည်၊ ကြာလှပြီရှင်၊ ပူပင်စိုးနှောင့်၊ သည်ချက်ကြောင့်လည်း၊ မအောင့်စောင့်နိုင်၊ ဂလိုင်ဝမ်းမှာ၊ လှိုက်ကာကာနှင့်၊ လျှင်စွာကျွန်မ၊ ဖူးချင်လှ၍၊ ရွှင်ပျရွှမ်းစို၊ မင်းပျိုပျိုငယ်၊ သည်ကိုသည်ကို၊ မိန့်သံချိုနှင့်၊ ခေါ်ဆိုသာပျော်၊ လက်တော်အသင့်၊ ရပ်ပါနှင့်လော့၊ပျံ့လွှင့်အချာ၊မယ့်ဗျာပါသည်။ ။**ဝမ်းမှာဝေဆူး-နှောက်ကျိမူး**။ ။

၁၁၇။ **မြင့်မြိုးအာကာ**၊ မိုးကသာလျှင်၊ ဗျာပါမိုးမျှ၊ ယမ်းယော်ဆ၍၊ ကျွန်မလိုက်လှာ၊ ခု ရှာပါသည်၊ သည်မှာတည့်တည့်၊ မောင်ရှိ



၏ဟု၊ ဖျော်ဖြည့်သံချို၊ မင်းပျိုပျိုငယ်၊ ဆီးကြိုအသင့်၊ မခေါ်နှင့်ပါ၊ ကျွန်မသာလျှင်၊ အချာပြတ်မျှ၊ ရာဇခုနစ်ကွက်၊ စက်လက္ခဏာ၊ အစုံပါသည်၊ အင်္ဂါတင်ရှား၊ ဘဝါးတော်က၊ ရေတွက်ဆ၍၊ ယဉ်လှတင့်ဆုံးသားလုံးပုဆစ်၊ ပြေပြစ်တင်ရင်၊ နှောက်ပြင်ရှေ့မှာ၊ မျက်နှာလှကျော်၊ ဗောင်းတော်ညွန့်ရှည်၊ ရစ်လည်ခွေခေါက်၊ ထက်ဖျားရောက်အောင်၊ ထက်အောက်ဘွေရှာ၊ ကြည့်လေရာပင်၊ မြူလွှာဆံလောက်၊ နိုင်းမျိုးပျောက်၍၊ မိုမောက်အထူ၊ ယဉ်မျိုးစုသည်၊ အနုစေသား၊ ပြိုင်ဘော်ရှား၏၊ သူများဗောင်းတတ်၊ သေသတ်ကျူးကျော်၊ ဗောင်းထုပ်တော်လည်း၊ အတော်မလွဲ၊ အမြဲးကျမှ၊ ယဉ်ကျေးကြ၏၊ ကျွန်မထိပ်ဗွေ၊ ဘုန်းညွန့်ဝေမှာ၊ သေသေသတ်သတ်၊ တတ်လည်းတတ်၏၊ အမှတ်မဲ့သာ၊ လွယ်ကာပင်လိုက်၊ ဖြစ်ကြိုက်ဖြစ်စေ၊ အနေမတော်၊ ရွှဲ့စောင်းသော်လည်း ၊ခေါင်းတော်ဗောင်းနှင့်၊ တင့်သည်ကျူးကျော်၊ မျက်နှာတော်မှာ၊ ပြိုင်ဘော်ရှိဘူး၊ ယဉ်မျိုးကြူး၏၊ ဘုန်းထူးသည့်ရှင်၊ မယ့်ထိပ်တင်ကို၊ဖူးချင်ပြင်းစွာ၊ လိုက်ရှာပါရှင့်၊ အခါဆည်းဆာ၊ နေဖန်ဝါသည်။ ။**ဝင်ပါနှင့်ဦး-ရောင်ဖြာမှူး**။ ။

၁၁၈။ **ရောင်မှူးရွှေလှော်**၊ နှောက်တွင်းတော်က၊ခေါ်တော်ရှိလျှင်၊ ကျွန်မဝင်သော်၊ သခင်ပလည်း၊ တင့်ရည်းသာဖျော်၊ ရှေ့တွင်းတော်က၊ မခေါ်ဘဲးသာ၊ ဝင်လိုက်လှာ၍၊ ညခါချမ်းမြ၊ ထွက်ခဲ့ကြလျှင်၊ ယဉ်လှသည့်ရှင်၊ ထိပ်တင်ဘုန်းမောက်၊ အလျှင်ရောက်သော်၊ အနှောက်ဝေါယှဉ်၊ ယဉ်နိုင်မျှက၊ ဆီးနေကြကို၊ ခုမှတွေ့လာ၊ သည်တခါတွင်၊ စစ်တာတဲ့ခန်း၊ သအင်နန်းမှာ၊ ရှိပန်းတင်ရွက်၊ ဘယ်ကဆက်သည်၊ နတ်ထက်ရောင်ဆင်း၊ ဘယ်မင်းသည်းချာ၊ ရတနာကို၊ ညီလာဝန်းရံ၊ ဘယ်ပွဲးခံ၍၊ ရှုပ်စုံပျော်မွေ့၊ မေ့လေသနည်း၊ အူသည်းကျွန်မ၊ ပြတ်လှမျှပင်၊ ဝမ်းကချီဘူး၊ လှိုက်ကာဆူးခဲ့၊ စူးစူးလွမ်းမြော်၊ ကြည့်ပါသော်လည်း၊ ကိုယ်တော်ကိုထား၊ရထား,မြင်း,ဆင်၊ အတင်တင်လျှင်၊ ပုံယင်များလှ၊ ရဲမက်မျှကို၊ အစအမွေ၊ ရှာတွေ့ချက်စီ၊ မမြင်ရှိခဲ့၊ မငြိမတွယ်၊ ကောင်းကင်လယ်မှာ၊ ဘယ့်နှယ်ကျွန်မ၊ မြူပါရမည်၊ ဒေဝထိပ်မိုး၊ အာကာစိုးသည်၊ တန်းခိုးကြီးစွာ၊ နတ်တကာကို၊ မယ့်ကိုစိုက်စိုက်၊ ပြုပါလိုက်လော့၊ ချစ်ထိုက်ကြမ္မာ၊ ဆုံလှာငြားသင့်၊ သားနှင့်လည်းကွာ၊ ထိပ်ချာမင်းပျို၊ သခင်ကိုလျှင်၊ ကြည်ညိုလွန်ကဲ၊ ဖူးရဘဲးကို၊ ဘော်ကွဲး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထီး၊ ကောင်းကင်ကြီးမှာ၊ သွယ်စီးမျက်ရည်၊ တကျည်ကျည်သည်။ ။**တလည်မူးမူး-ဝေးရပ်ကျူး။** ။

**၁၁၉။ ဤသို့စသည်၊** ငိုမြည်ရှိုက်မဲ့၊ ကုံးသီဖွဲ့လျက်၊ ယဉ့်နွဲ့မူရာ၊ လိုက်လေရှာသော်၊ မဟာဥပရာဇာ၊ နန်းပွင့်လျာနှင့်၊ သူဇာမည်ခေါ်၊ မင်းရွှေလှော်တို့၊ ရှေးသော်အခါ၊ မဟာရဋ္ဌ၊ မြို့ပူရနိုက်၊ နာမကျော်ညီ၊ မဟီပတိ၊ သိရိဝံသ၊ ထွတ်ရာဇနှင့်၊ စန္ဒမုခါ၊ ဝံသာဒေဝီ၊ သညီထင်ရှား၊ မိဖုရားဟု၊မြတ်ဖျားဇာတိ၊ ဖြစ်သည်ရှိသော်၊ပီတိကြည်စိတ်၊ ကရဝိတ်တို့၊ ကျူးထိတ်တွန်ထူး၊ ဗို့မပြူးလျက်၊ ပျံ့ပျူးပျော်ရာ၊ မ-ကိုဋ္ဌါ၍၊ ကင်းကွာဝေးကြ၊ မုဟုတ္တမျှ၊ မင်းလှနှစ်ဦး၊ ထားခဲ့ဘူးသား၊ အထူးပိပါက်၊ အကျိုးစက်သည်၊ အဆက်ဖန်များ၊ ပေးသောအားဖြင့်၊ စစ်သွားလေရာ၊ တော်ကာရည်ဆောင်၊ တောင်သို့ရွေ့တည်၊ ပြန်ပါသည်ကို၊ မှောက်လည်မျက်စိ၊ တုံ့မိပြန်မှား၊ မြောက်သို့သွား၍၊ တိုင်းကားပြည်ရွာ၊ ဘွေရှာမမြင်၊ ဖြစ်ခဲ့ကျင်သော်၊ သခင်သခင်၊ ခေါ် ပျက်ပင်တည့်၊ မူပင်လောင်ဆာ၊ကြီးဗျာပါနှင့်၊ ကိုးရာမဲ့လျှင်း၊ ဖြစ်စဉ်တွင်းဝယ်၊ နေမင်းကလည်း၊ ချုပ်မိုက်မည်း၍၊ သည်းမျှပူပြင်း၊ မြေသို့ဆင်းသော်၊ ပျံ့ရှင်းကြာမျိုး၊ မွှမ်းပြည့်ဖြိုး၍၊ မူဆိုးဘမ်းရာ၊ သီတာဒက၊ မည်ရထင်ရှား၊ ရေကန်ပါးဝယ်၊ ထူးပြားဆန်းကြယ်၊ ဘုန်းတသွယ်ဖြင့်၊ ပျံ့ကြွယ်မွှေးစွာ၊ ပန်းတကာတို့၊ လွင့်လှာပေါင်းစု၊ တတောင်ထုထက်၊ နနှရွှရွှ၊ အသာကျသည်။ ။**မှောင်ကမည်းမည်း-မိုက်မိုက်တည်း။** ။

**၁၂၀။ မည်းမျှမိုက်မှောင်၊**မြောက်,တောင်မသိ၊ ဖြစ်သည်ရှိသော်၊ မရှိဝမ်းမှာ၊ဗျာပါတွေဆန်း၊ ကြောက်လှလွန်း၍၊ကိုယ်မှန်းမသိ၊ သတိညွှတ်ကာ၊ ညဉ့်လုံးကြာသည်၊ သောက်ဝါလင်းမှ၊ သတိရ၍၊ လျလျပါးပါး၊ လျော့ရေသားနှင့်၊ ထသွားကြည့်လျှင်၊ ကန်ကိုမြင်သော်၊ ရှိုက်ငင်သံချို၊ ပြင်းစွာငို၍၊ အိုက်အိုက်၊ စိမ်ဘန်ဆင်း။ ဖြစ်လေခြင်းလေ၊ လွန်မင်းကျူးမျှ၊ ဖြစ်ထူးလှစွ၊ ကျွန်မထိပ်တင်၊ သခင်ရှိရာ၊ တပ်တော်သာသို့၊ စိတ်မှာဆောက်တည်၊ စူးစူးရည်၍၊ လိုက်သည်ကိုသာ၊ ဘယ်ကြမ္မာနှင့်၊ မိစ္ဆာမူထား၊ ဘယ်နတ်များတို့၊ ဖီတားကန့်ကွက်၊ ဘယ့်နှယ်ဖျက်၍၊ နှစ်သက်စရာ၊ မရှိပါသည်၊ သည်မှာတောရပ်၊ လူမစပ်သို့၊မအပ်မရာ၊ရောက်လှာရမိ၊ဖြစ်တတ်ဘိစွ၊ ဗောဓိတန်ဆောင်၊



ထွန်းရည်စောင်သည်၊ခင့်မောင်ရှိရာ၊တို့သည်မှာဟု၊အာကာထွတ်ထား၊ ထက်ခေါင်ဖျားက၊ နတ်များလာတည့်၊ ပြပါလည့်လော့၊ မလှည့်မပျက်၊ မရှိဂှက်ဘဲ၊ စုံမက်ချစ်ကျွမ်း၊ မေတ္တာဝမ်းနှင့်၊ ပြန်လမ်းတည့်တည့်၊ ချပါလှည့်လော့၊ ပြန်မည့်ကြောင်းလမ်း၊ ရှာစမ်းမရ၊ ပြပါမည့်သူ၊ လူလည်းမထင်၊ ပူပင်လောင်သည်း၊ မယ်လည်းသိဘဲ၊ ကြံခက်ခဲခဲ့၊တောထဲကြီးမှာ၊ မယ့်ချည်းသာလျှင်၊ ကြံရာမဲ့လျှင်း၊ စိုးရိမ်ခြင်းသည်။ ။**လွန်မင်းကဲဆင့်-လောင်းသည်နှင့်။** ။

၁၂၁။ **အကျင့်ဆိုးစွာ၊** ယုတ်မာချော်ခက်၊ ပုဏ္ဏားပျက်ကြောင့်၊ ရှုတ်ရက်ဆောမျှ၊ ပြေးရခဲ့လာ၊ တည့်ကြာမှ၊ ဆာလည်းဆာမွတ်၊ ဖတ်ဖတ်မောလှ၊ မရှိလှပြီ၊ ကျွန်မလဲးမြို၊ မူးလှကိုလေ၊ ရှုန်းပျို့ညွှန့်သန်၊ နန်းပွင့်ရန်ငယ်၊ မန္တန်ထက်မျှ၊ အနဿနှင့်၊ ဖွဖွလာတည့်၊ မန်းပါလှည့်လော့၊ ဖျော်ဖြည့်မရှင်၊ ကြီးလွမ်းအင်ကြောင့်၊ မမြင်မြောက်, တောင်၊ မူးမှောင်ဝေလည်။ မိုက်လှာသည်ကို၊ ဘုန်းခြည်တောက်ရှိန်း၊ မယ့်ထိပ်ပန်းနှယ်၊ တုကျွန်းဘက်ရှောင်၊ ဘုန်းတန်ဆောင်နှင့်၊ လင်းအောင်လာတည့်၊ ထွန်းပါလှည့်လော့၊ အပြည့်ကိုယ်လုံး၊ ပတ်ကုံးကုန်အောင်၊ လွမ်းမီးလောင်၍၊ ပြောင်ပြောင်ညီးလည်၊ ပူလှသည်ကို၊ ဘုန်းစည်တက်ဇ၊မင်းပျိုလှငယ်၊ ဒေဝဂန္ဓာ၊ နတ်နံ့သာနှင့်၊ ထိပ်ချာတိတိ၊ သွန်းပါလှည့်လော့၊ မည်သည့်ပူမျိုး၊ လူ့မြေမိုးတွင်၊ တူရှိုးမထင်၊ ကြီးလွမ်းအင်နှင့်၊ ရပ်ခွင်မနီး၊ တယောက်ထီးသာ၊ မြော်ရိုး-မြော်ယောင်၊ မြောက်, တောင်မသိ၊ အလွမ်းဖိ၍၊ ရှိရှိပါးမျှ၊ ကျွန်မ မတည်၊ သေတော့မည်ကို၊ ယဉ်သည့်နဂိုရ်၊ မင်းပျိုပျိုငယ်၊ မယ့်ကိုလာတည့်၊ မြင်ပါလှည့်လော့၊ မူးပြည့်-မုတ္တာ၊ ရတနာသို့၊ လည်မှာရစ်သွေး၊ ပိုက်ခါနှီး၍၊ ဆင်ခြေးဖျော်ဖြည့်၊ ဆင်ပါလှည့်လော့၊ ရှုကြည့်မညောင်း၊ သက်ချင်းပေါင်း၍၊ ဆင့်လောင်းလွန်ကဲ၊ မရောင့်ရဲသည်၊ ကြင်မြဲတူရှည့်၊ ကြင်ပါလှည့်လော့၊ ဖြေဖြည့်မသာ၊ မယ့်ဗျာပါသည်။ ။**နှိုင်းရာမိုးနှင့်-ခမြအချင့်။** ။

**၁၂၂။ သုံးဆင့်ဘုံသူ၊**နတ်နှင့်လူကို၊ ဆောင်ယူသာယာ၊ မဂ်စကြာနှင့်၊မဂ်လာအောင်မျိုး၊ နိဗ္ဗာန်မြို့သို့၊ ပို့မည့်စိတ်သန်၊ ဆုကြီးပန်သည်၊ ပွင့်ရန်ရည်ထင်၊ မယ့်ထိပ်တင်ကို၊ သခင် သခင်၊ ထိပ်ထားတင်ဟု၊

www.burmeseclassic.com

www.burmeseclassic.com



လျှာခင်ပြတ်မျှ၊ ခေါ်ပါလှပြီ၊ ကျွန်မသခင်၊ ထိပ်ထားတင်ငယ်၊ ရှင်ရှင်လာတည့်၊ ထူးပါလှည့်လော့၊ ပွင့်မည့်အလျှာ၊ နန်းငုံအာငယ်၊ သာယာဖျော်ဖြည့်၊ ပြုံပါလှည့်လော့၊ ရင့်မှည့်မာမာ၊ ဗောဓိလျှာငယ်၊ မျက်နှာဆီတည့်၊ ဖူးပါလှည့်လော့၊ ပတ်လှည့်ဇမ္ဗူ၊ စိုးမည့်သူရှင်၊ အလျင်များက၊ ကျွန်မဆိတ်စာ၊ မျက်ကွယ်ကွာက၊ ဖျာဖျာတက်မျှ၊ မရမက၊ ခေါ်နေကျကို၊ မင်းလှထိပ်ပန်း၊ ဘုန်းညွန့်လန်းငယ်၊ ရွှေခွန်းဟတည့်၊ ခေါ်ပါလှည့်လော့၊ ယဉ်သည့်ထိပ်ချာ၊ နန်းပွင့်လျှာငယ်၊ ပျူဟာဖြူးဖြည့်၊ ဖျော်ပါလှည့်လော့၊ ထွန်းစည့်လင်းဖြာ၊ ဘုန်းပွင့်ဝါငယ်၊ ရွှေမှာတည့်တည့်၊ ပေါ်ပါလှည့်လော့၊ ရွှေမည့်ပြောင်ပြောင်၊ ဂိရိတောင်သို့၊ ထက်ခေါင်အာကာ၊ သွားစရာကို၊ လမ်းသာထင်ပေါ်၊ မြင်ငြားသော်လည်း၊ ရှင်ပျော်ဝမ်းမှာ၊ တဆိတ်စာမျှ၊ သာယာပါဘူး၊ စိတ်သာဆူးရှင့်၊ တွေထူးဖြီးပုံ၊ ယဉ်မျိုးကုံသည်၊ လှုံသည့်ထိပ်ချာ၊ ရှိလေရာသို့၊ ရည်ကာစိတ်စွဲး၊ လိုက်ရဘဲလျှင်၊ ခွါရှဲးတပါး၊ ရပ်တခြားသို့၊ သွားရသည်ထက်၊ ဆက်ဆက်လျှင်တောင်း၊ သေသော်ကောင်း၏၊ လျှင်ကြောင်းမယ့်ကို၊ သေလိုဘဲးသာ၊ ထပ်လောင်းကာသည်။ ။

**ဗျာပါသာနှင့်-ကာလမြင့်။ ။**

၁၂၃။ **ချီးပင့်ပြီဘူး၊** ညှိုးနွမ်းစိတ်လျော့၊ သေပါတော့ဟု၊ ပျော့ပျော့ညွတ်ခွေ၊ သေအောင်နေလည်း၊ မသေမရှင်၊ ပူပင်ဆန်းသာ၊ ဝမ်းမှာပူကြီး၊ ဝိစိမီးသို့၊ ညီးညီးထိန်ဝေ၊ လောင်၍နေခဲ့၊ ဗိုက်ငွေလည်လျက်၊ လွမ်းလှိုက်ပွက်ကို၊ ဖျောက်ဖျက်ဆင်ခြင်၊ ဖြေပါလျှင်လည်း၊ ပုံယင်တွေတွေ၊ လွမ်းလေလေကို၊ ဖျော်ဖြေသည်ထက်၊ စုံမက်ဆွတ်လွတ်၊ စိတ်ကိုလွတ်၍၊ ရေရှုတ်စုံပေါင်း၊ လွမ်းသော်ကောင်း၏၊ သိမ်းပျောင်းမချို၊ မယ့်မျက်စိကို၊ ညှိုးရိပူပင်၊ မှိတ်လေလျှင်လည်း၊ ထိပ်တင်လှလှ၊ ယဉ်နိုင်မျှမှာ၊ စိတ်ကလေးမြတ်၊ ကြိုက်စမှတ်သည်၊ ကွက်ကပ်ညှိရွှဲး၊ ဝတ်လဲးရွှေဝါ၊ မှိုင်းပြာပြာနှင့်၊ ကုဟာတွန်းကျော်၊ ဗောင်းတော်ပါးလှပ်၊ ငွေချည်ကွပ်သည်၊ လျှပ်လျှပ်ထင်ပေါ်၊ ရောင်တော်ညွန့်ရွှန်း၊ ဗောင်းဝန်းခက်ဝေ၊ ညွန့်ဗိုက်ခွေနှင့်၊ တင့်နေယဉ်နွဲ့၊ မှတ်မဲ့ဆင်မှတ်၊ ဖြူဆွတ်နားဝယ်၊ ဆင်စွယ်က ထူး၊ ထန်းဖူးနုရွ၊ ပင်ထဲးရကို၊ ညီလှချောပြေ၊ မယ့်လက်ရွှေနှင့်၊ သပြေညွန့်လမ်း၊ ပရိတ်ပန်းလည်း၊ နီမြန်းပန်းရည်၊ မယ် စည်းသည်ကို၊ တင့်ရည်လွန်ကဲး၊ ပန်စမြဲးနှင့်၊ စိန်ရွဲးနှိုင်းလျော်၊



မျက်လုံးတော်ကို၊ပြိုင်ဘော်မရှည့်၊ ချာချာလှည့်၍၊ ကြည့်သည့်ရုပ်သွင်၊ အတိုင်းပင်လျှင်၊ ထင်၍ကျွန်မ၊ ရှုတ သိမ်းညှိုး၊ ပြေစနိုး၏၊ ပွင့်ရိုးနန်းလျှာ၊ ငုံရင့်မာသား၊ ထိပ်ချာထိပ်စွန်း၊ မယ့်ထိပ်ပန်းသည်။ ။

**ဘုန်းရှန်းဝေတင့်-ဖြာဖြာဆင့်။ ။**

၁၂၄။ **ယင်းသို့စသည်၊** ထူးလည်များစွာ၊ ကြောင်းခြာရှိမဲ့၊ဘွဲ့နွဲ့ချီးကောက်၊ ငိုပြီးနောက်မှ၊ တယောက်တည်းသာ၊ ငါသည်သည့်နှယ်၊ ပြိုက်သွယ်ရွှမ်းစို၊ ငိုသာငို၍၊ ကိုယ်ကိုမညှာ၊မတာနောင်ကြွင်း၊ ပစ်စွန့်ခြင်းသည်၊အလျှင်းမြူလောက်၊ ကျိုးမရောက်လှည့်၊ သို့ဖြစ်သည့်ကြောင့်၊ ဖြေဖြည့်ထူထောင်၊ နန်းရွှေတောင်သို့၊ ရောက်အောင်လျှင်လျှား၊ပုံချေသွား၍၊ မြင့်ဖျားပေါမာ၊ ရောက်သောခါမှ၊ အချာထွတ်တင်၊ဘ-နတ်ရှင်နှင့်၊ မ-ရှင်ဘုရား၊ မင်းနှစ်ပါးကို၊ သာဖြားကျိုးနွံ၊ သနားခံ၍၊ ခြွေရံအုပ်တွေ၊ မျိုးဆွေဝန်းရုံ၊ သားချင်းပုံနှင့်၊ နန်းငုံပွင့်ဆက်၊ မယ့်ထိပ်ရွက်သည်၊ မယ့်သက်သခင်၊ ထိပ်တင်ထိပ်ချာ၊ စံနေရာသို့၊ ရှည်ကြာမနှောင်း၊ လာသော်ကောင်း၏၊ အကြောင်းကောန်၊ သို့ကားမှန်ပြီ၊ ဘုန်းဂုန်သည့်ရှင်၊ မယ့်သခင်သည်၊ စစ်ခွင်ရပ်က၊ ပြန်ခဲ့ကြွ၍၊ ကျွန်မအလျှင်၊ ရောက်ဦးလျှင်မူ၊ သေရှင်မညှာ၊မယ့်ကိုသာလျှင်၊ လိုက်လာချိမ့်မည်၊ သို့ဖြစ်သည်ကို၊ ဆောက်တည်အောက်မေ့၊ ရှင်ရသေ့ကို၊ ဝင်၍စေ့ရေမှာသင့်ချေ၏၊ မှတ်နေဝမ်းက၊ကြိတ္တက်ဆ၍၊ ပပချပ်ချပ်၊ လှပ်လှပ်လွှာလွှာ၊ ဆာဆာလှိုက်လှိုက်၊ ရှိုက်ရှိုက်ယဲ့ယဲ့၊ လုတ်လဲ့လဲ့နှင့်၊ ကန္တ-ကနောင်း၊ ရသေ့ကျောင်းသို့၊ သိမ်းပျောင်းမူးဝေ၊ ကြွဝင်လေသည်။ ။**ညွတ်ခွေတိမ်းပါး-တိမ်းပိုတည်း။ ။**

၁၂၅။ **သုဒ္ဓါစာရ၊** တွင်မည်ရသည်၊ သီလချမ်းမြွေ၊ ရှင်ရသေ့လည်း၊ ဆီး၍လွယ်ကူ၊မေးတော်မူ၏၊ မူရှုဆင်းဝါ၊ထူးမြတ်စွာသည်၊ မျက်နှာနွမ်းလျှ၊ တကာမ။ ။တောင့်တပူဆာ၊ ဘယ်ရေးရာကြောင့်၊ များစွာတန့်တန့်၊ ဘေးရန်ထူထပ်၊ သည်တောရပ်သို့၊ မအပ်မရာ၊ ရောက်လှာသနည်း၊ တင့်ရည်းရောင်လှ၊ တကာမသည်၊ ဒေဝထိပ်နင်း၊ ဘယ်နတ်မင်း၏၊ ရင်တွင်းသည်းချာ၊ ဖြစ်ရှာသနည်း၊ သိမ်းဆည်းခြားမိုး၊ ခြောက်ဘုံစိုးသည်၊ တန်းခိုးထန့်ပြင်း၊ မာရ်နတ်မင်း၏၊ ရင်တွင်းသည်းကြား၊ ပေတိုလားဟု၊ ကြောင်းလျှားသိလို၊ မေးမြန်ဆိုသော်၊ ငယ်ပျိုဆင်းဝါ၊ လျှောက်သည် မှာကား၊ ကျင့်အာစာရ၊

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့လှသည်၊ သီလသန့်စင်၊ ခင်ကြီးရှင်။ ။ကြောင်းအင်မူလ၊ကျွန်တော်မသည်၊ တေဇထန်ပြင်း၊ မာရ်နတ်မင်း၏၊ ရင်တွင်းသမီး၊အနီးမျိုးဆွေ၊ မဟုတ်ပေဘူး၊ ရွှေမြေဇာတိ၊ ပြောင်ထွန်းညီသည်၊ ဂိရိဟေမာ၊တောင်ထိပ်ချာဝယ်၊အာဏာမီးရှိန်၊ ညီးညီးထိန်သည်၊ ဒေဝိန္ဒရာဇ်၊ နတ်မင်းစစ်၏၊ ခုနစ်ယောက်စင်၊ သမီးတွင်နှိုက်၊ နှောင်းမြင်ယပ်ပျို၊ သုဇာဆိုသည်၊မယ့်ကိုဖက်က၊ သိပါကြ၏၊ သာလှထူးထွေ၊ ထိုရေကန်တွင်၊ ပျော်ကြရှင်သော်၊ တောခွင်လှည့်လည်၊ မှုဆိုးသည်လျှင်၊ ဘုန်းစည်မနီး၊ ခင်ကြီးစကား၊ ကြားလျှင်လျှင်ပြင်း၊ နတ်ကြော့ကွင်းနှင့်၊ ကြော့လျှင်းမိတွေ၊ လှူ့မြေရှေးရှု၊ ဆောင်လေယူသည်။

**ဟိုလူကျွန်မ-ပင်ကိုတည်း။** ။

၁၂၆။ **သို့လျှင်ဇေယျ၊** ပြည်ပူရကို၊ စိုးရထွတ်ထား၊ မင်း-စစ်သားနှင့်၊ ထိမ်းမြားရာတွင်၊ သားလည်းမြင်၍၊ ကြာတင်မှသာ၊ ယုတ်မာပုဏ္ဏား၊ တရားမသင့်၊ ဆင်သဖြင့်လျှင်၊ ရာမင့်းထွတ်ထား၊ ဘ-မင်းဖျားက၊ တရားစီရင်၊ မယ့်သခင်ကို၊ သာရှင်ဝမ်းသာ၊ အပ်လှည့်ရာတွင်၊ ထိုမှာပုဏ္ဏား၊ ငြိုးထားဘိ၍၊ အိမ်ရွှေဘုရား၊ စစ်သွားသည်နောက်၊ ရွှေမှောက်အိပ်မက်၊ ပွါးတက်စည်ကြောင်း၊ ကောင်းပေတောင်းကို၊ မကောင်းဆို၍၊ လုကိုမချစ်၊ ယင်ပုဇော်ရာ၊ ပါစေတော့မည်၊ ယူလှာသည်ကြောင့်၊ လွဲဖည်ရှောင်ခွါ၊ ရှစ်သောင်းချာကို၊ မန်ထွာခဲ့၍၊အိမ်ရွှေသခင်၊ ထိပ်တင်ရှိရာ၊ လိုက်ချေပါသည်၊ မျက်စိလည်၍၊ နေခြည်ပျောက်စ၊ မနေ့ကပင်၊ ကြမ္မာအလျောက်၊ သည်သို့ရောက်၏၊ မိုးသောက်လင်းဝါ၊ယခုမှာကား၊ထိပ်ချာနေမှန်း၊ စစ်ရပ်ခန်းကို၊ မြည့်နှန်းမည့်သူ၊ ဘယ်သူဘယ်ဝါ၊မရှိပါခဲ့၊ ဟေမာဂိရိ၊ တောင်ဇာတိသို့၊ မျှင်းရိုနိုင်မျှ၊ သွားရတော့မည်၊ မိပြည်-ဘ ရွှာ၊ လွယ်ကာမငြိ၊ ရောက်မည်ကိုဟု၊ ကြည်ညိုဝမ်းက၊ ဆိတ်စာမျှပင်၊ အားရပါဘူး၊ စုးစုးဖြောင့်သား၊ သည်စကားသည်၊ မမှားဧကန်၊ မှန်ပါတော့သည်၊ သွေဖည် မလွဲ၊ မှန်ဘဲကျွန်မ၊ ဆိုချေကမူ၊ ခဏမနေ၊ ခုပင်သေ၍၊ ထွက်ရေ မသာ၊ ကမ္ဘာဘာတိ၊ အဝီစိမှာ၊ မချိပြင်းပြခံရစေသား၊ပြက်စကားကို။ ။

**လားလားကျွန်မ-မဆိုတည်း။** ။

၁၂၇။ **ကျွန်မသစ္စာ၊** မှန်ကန်ပါလျက်၊ မကျွာတူကွ၊ ထိပ်တင်လှနှင့်၊ ဖူးရစေသား၊ စိတ်ထားဝမ်းတွင်း၊ မယ့်ဖြစ်ခြင်းကို၊ ထိပ်နင့်



သည့်ရှင်၊ သခင်စေ့ရေ၊ မသိလေ၍၊ မိမြေ-ဘရွှာ၊ ရည်ကာရည်ကာ၊ ဝမ်းသာနှစ်သက်၊ သွားလေရက်ဟု၊ မှတ်မြွက်တွေးဆို၊ လိမ့်မည်ကိုလျှင်၊ သမ်းငြိုကြောင့်ကြ၊ စိုးရိမ်လှ၏၊ ကျွန်မထိပ်တင်၊ စစ်ရပ်ခွင်က၊ ဖူးချင်ပြင်းစွာ၊ ပြန်ခဲ့လှာ၍၊ အိမ်မှာရောက်က၊ ကျွန်မ မရှိကြောင်းကိုသိလျှင်၊ မငြိမကွက်၊ ကိုယ်နှင့်သက်ကို၊ ရေတွက်မညှာ၊ မယ့်ကိုသာလျှင်၊ လိုက်လှာမည်ပင်၊ ကျွန်မ ထင်၍၊ လိုက်လျှင်ကြောင်းလမ်း၊ စုံစမ်းနားထောက်၊ ကျောင်းသို့ရောက်သော်၊ ခွေခေါက်နွမ်းရစ်၊ ကျွန်မဖြစ်ကို၊ ရှင်ချစ်စေ့ရှာ၊ လျှောက်ပါဘိရှင်၊ သို့ငြီးလျှင်မူ၊ ရွှေစင်ဝင်းပြောင်၊ ဂိရိတောင်မှာ၊ ကြာအောင်နေဘူး၊ မကျူးရက်လ၊ ပြန်လာပမည်၊ တကာ့ကြင်ရာ၊ လျှောက်ခဲ့မှာ၏၊ ဟေမာတောထဲ၊ ခရီးခဲဝယ်၊ သားရဲယက္ခ၊ များလှဘေးရန်၊ ရှောင်ကျွန်မစိုး၊ အရဲကိုး၍၊ အားကြီးပြင်းထွေ၊ မလိုက်လေနှင့်၊ နေတော့မင်းပျို၊ သင့်ဘူးဆို၍၊ သံချိုသာဖွူး၊ တားနှင့်ဦးတော့၊ ပုံဖူးနန်းလျှာ၊ မယ့်ထိပ်ချာကို၊ တားပါလျက်ပင်၊ မနိုင်လျှင်ကား၊ ရှောင်ထင်ဝင်းဝါ၊ ထိန်လင်းဖြာသည်၊ စိန္တာမဏိ၊ အတိဝစရာ၊ မည်သာကျော်ချီး၊ သည်ပုတီးကို၊ ခင်ကြီးရှင်ပင်၊ အပ်စေချင်သည်။ ။

**ကြည်လင်ကြည်ညွတ်ကြည်ညိုတည်း။** ။

၁၂၈။ **ဒီဗ္ဗာသခ၊မည်ရတွင်ဆို၊** သည်ဆေးကိုလည်း၊ ကြည်ညိုသာပျော်၊ အပ်တော်မူပါ၊ ခရီးမှာကား၊ သီတာဇလ၊ သည်ကဖြောင့်သား၊ မြောက်သို့သွားသော်၊ ရှည်လျားယူဇနာ၊ ခြောက်ဆယ်မှာနှိုက်၊ တေဇာပြင်းထန်၊ ဝေသာဝဏ်ဟု၊ ကျော်ဂုဏ်နီးဝေး၊ နတ်မင်းပေးသည်၊ ကြိုင်မွှေးပျံ့ပျံ့၊ သာလပဏ္ဏိ၊ မည်ရှိတွင်ခြင်း၊ အင်ကြင်းပင်စည်၊ ရှည်သည်အလယ်၊ အုံ့ဘွယ်များစွာ၊ အဥ္စနာဂိရိ၊ မည်ရှိညိုရောင်၊ မျက်စဉ်းတောင်ကို၊ သိမ်းဆောင်ပိုင်သ၊ အစိုးရသည်၊ ကက္ခလယက္ခ၊ မည်ရစိတ်သွမ်း၊ ဘီလူးကြမ်းသည်၊ လမ်းကိုဖြတ်နေ၊ ဆီးနှင့်ချေ၏၊ ဘုန်းဝေသည့်ရှင်၊ သင့်ကိုမြင်လျှင်၊ ပျံ့ရှင်လှိုင်မွှေး၊ သည်နတ်ဆေးကို၊ ချိပ်သွေးနှိုင်းလျော်၊ ခြေတော်နှုတ်သွား၊ လက်တော်ဖျားမှာ၊ ကြိုင်ရှားပျံ့ငြိမ်း၊ ဆိတ်စာလိမ်းလျက်၊ ချောက်ခြိမ်းထန်ပြင်း၊ သင့်ကိုခွင်း၍၊ ဖြောင့်စင်းခြောက်ဆီ၊ ကြွခဲ့ချီဟု၊ ဝိဝိသသ၊ ပွက်ဟလျှောက်ပါ၊ သည်ကခွါ၍၊ ယူဇနာဝေးကျယ်၊ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်များပင်၊ ရောက်ပြန်လျှင်လည်း၊ ဆူးရှင်နီမောင်း၊ကြေးရေချောင်း မှာ၊ မိကျောင်းပြိတ္တာ၊ သင့်ကြမ္မာဖြင့်၊ ပူဇာရှိန်ငွေ၊ တနေ့တခါ၊ ပေါ်လှာမကင်း၊ တန့်တားခင်းသို့၊ စင်းစင်းလျှားရှည်၊ ခံရသည်ကို၊ ဘုန်းစည်ညွန့်လန်း၊ ဝေဆာရွှန်းသည်၊ ရွှေနန်းပွင့်လျှာ၊ တွေ့သော ခါဝယ်၊ ခြေမှာကြိုင်မြူး၊ နက်ဆေးလူး၍၊ ကူးတော့လျှောက်ပါ၊ သို့မှာသည်ချက်၊ မယ့်နှုတ်ထွက်ကို၊ ကျင့်ခက်သိမ်မွေ့၊ ရှင်ရသေ့သည်၊ **မမေ့ပါနှင့်မြူးသို့တည်း။** ။

၁၂၉။ **သည်ကတဖန်၊** ကြွသွားပြန်လျှင်၊ ဝေးဟန်ခွန့်တာ၊ ယူဇ နာခြောက်ဆယ်၊ ရွှေနယ်တမျှ၊ ရောက်လေကလျှင်၊ ဝေတ္တဝန၊ မည်ရ ထင်ရှား၊ ဆူးခစးသားသား၊ ဓားမျှ မက၊ ထက်လှလှပြော၊ ကြိမ် ပိုက်တောသည်၊ ကြောက်မောချင်ဘွယ်၊ မျက်နွယ်ထပ်ပြီး၊ လမ်းကို ဆီးချည့်၊ ပျစ်ကြီးထူထပ်၊ ထိုတောရပ်သို့၊ ချဉ်းကပ်အလျှင်၊ မရောက် ခင်ဝယ်၊ များဖြင်ကြာချီး၊ လှိုင်ဖြိုးတင့်ဆိုး၊ ရေပေါ်ဖုံးလျက်၊ ပတ်ကုံးဝန်းရံ၊ ငှက်ပျော်ကြီတိ၊ ကုံထံများဘိ၊ တိုင်းမသိသည်၊ မည်ရှိစုဥ၊ ဆဒ္ဒန္တဟု၊ သာလှပျော်ဘွယ်၊ ထိုအိုင်လယ်နှိုက်၊ တောင် နှယ်ကြီးတောင်း၊ အလောင်းအလျှာ၊ မြဲစွာကျင့်မှန်၊ ဆဒ္ဒန်မျိုးစစ်၊ ဖြစ်သည့်ဆင်မင်း၊ တစီးချင်းသာ၊ မကင်းမကွေ၊ ပျော်ပါးနေ၏၊ ရဲတွေတုလွတ်၊ ဆိုဆင်မြတ်ကို၊ တောင်ထွတ်ဟေမာ၊ ဂိရိချာသို့၊ ပို့ပါဆိုလျှင်၊ ကျောက်ထက်တင်၍၊ သာရှင်နှစ်လို့၊ ပို့ပါလိမ့်မည်၊ ယင်းသည်ကသာ၊ ထိပ်ချာန္တဲပျို၊ မယ့်ကိုဖူးခွင့်၊ မမြင့်မရှည်၊ လွယ်တော့ မည်ဟု၊ နားလည်သာလှ၊ အချက်ကျအောင်၊ သီလသခင်၊ လျှောက် ပါရှင်ဟု၊ ဦးတင်ပန်ထွာ၊ မှာထားရှာသော်၊ အရိယာဘုန်းဟော့၊ ရှင် ရသေ့သည်၊ ချမ်းမြေ့မေတ္တာ၊ စေတနာနှင့်၊ တကာတော်မ၊ မကြောင့် ကြနှင့်၊ တကာမ ကြင်ဘော်၊ မောင်တော်ဒါယကာ၊ လာရောက်ပါလျှင်၊ ဝါဝါညီးညီး၊ ပုတီးနှင့်ဆေး၊ ကိုလည်းပေး၍၊ ငြိမ့်လေးရောင်မြွေ၊ မှာသရွှေကို။ **။စေ့စေ့ပြောမည်သံချိုတည်း။** ။

၁၃၀။ **သဘောမြောင့်သား၊** တရားကိုသာ၊ ဒါယိကာမ၊ နေကျ မှတ်သား၊ နှလုံးထားလော့၊ တပါးတပို၊ ကွဲးပြိုတတ်သော၊ သဘော မည်သည်၊ အတည်မမြဲ၊ ပြိုကွဲသည်သာ၊ ဖြစ်တတ်စွာ၏၊ တွေလာ



ဘောက်ယွင်း၊ ကွေကွဲးခြင်းလည်း၊ ကွေကွင်းတတ်စွ၊ မြဲနေကြသည်၊ ဒုက္ခအဘို့၊ ဤသို့မလွဲး၊ ပြိုကွဲးကွေကွင်း၊ ကွာရှဲးခြင်းကား၊ စင်းလျှင်း မှန်လှ၊တကာမချည်း၊ တယောက်တည်းမှာ၊ မဟုတ်ပါတည့်၊ သချာ မဟဲ့၊တိုင်းမဲ့များစွာ၊ စက္ကဝါဠ်နှိုက်၊ရေရာမရ၊တည်ကုန်ကြသည်၊ မျှားလှ သတ္တဝါ၊ ခပ်သိမ်းမှာပင်၊ ကွေကွာပြိုကွဲး၊ကြရမြဲးတည့်၊ နက်နဲ့ပညာ၊ ဒါယိကာတော်မ၊ သတိရလော့၊ သဗ္ဗသတ္တာ၊ သတ္တဝါတို့၊ ဝေါဟာ တွင်မည်၊ ဤသို့သည်ကား၊ မကြည်ချစ်ရာ၊ ရှုံဘွယ်သာတည့်၊ ကေသာ ဆံကအမွေးစသည်၊ ဒေါသပြို့ပြို့၊ သုံးဆယ့်နှစ်ပါး၊ ခြင်းရာအားဖြင့်၊ ဖြစ်သားယုတ်မာ၊ တည်ရာသာတီ၊ ရှုံရှာတလ္လ၊ ကိုးဒွါရမှ၊ ကျသည် သွယ်သွယ်၊စက်ဆုပ်ဘွယ်သည်။ **။ပုပ်ကြွယ်နံ့လှောင်းထွက်ယိုတည်း။** ။

၁၃၁။ **ထို့ကြောင့်မှန်စွာ၊** ဒါယိကာမ၊လှရောင်မြိုက်၏၊ ကိုယ်နှိုက် လည်းကောင်း၊ နန်းလောင်းပွင့်လျှာ၊ ဒါယကာ၏၊ ခန္ဓာအမှိုက်၊ ကိုယ်နှိုက်လည်းကောင်း၊ နှစ်ထောင်းသာယာ၊ မတပ်ရာတည့်၊ ကြောင်းခြာဟုတ်လှ၊အနိစ္စသာ၊မှတ်ရှုရာ၏၊ မြဲးစွာနေကြ၊ နိစ္စကိုကား၊ မမှတ်သားလင့်၊မမှားမှန်လှ၊ ဒုက္ခသည်သာ၊မှတ်ရှုရာ၏၊ မြဲးစွာနေကြ၊ သုခကိုကား၊မမှတ်သားလင့်၊ မမှားမှန်လှ၊ အနတ္တသာ၊ မှတ်ရှုရာ၏၊ မြဲးစွာနေကြ၊ အတ္တကိုကား၊ မမှတ်သားလင့်၊ တရားဟုတ်ကြ၊ အသု ဘသာ၊မှတ်အပ်ရာ၏၊ ကောင်းစွာယူဆ၊သုဘဟူ၍၊ မအောက်မေ့လင့်၊ ချမ်းမြေ့သာကြည်၊ ကြာရှည်မြင့်ကျူး၊ မစွန့်ဘူးဟု၊ စူးစူးသေချာ၊ မှတ်ရှုရာ၏၊မြဲးစွာခိုင်ကျည်၊အရှည်စွမ်းမည်၊မမှတ်တည်လင့်၊ သွေးပြည် ရှုံဘွယ်၊ကိုယ်တွင်းဝယ်နှိုက်၊ အူသွယ်-အူမ၊ စသည်တို့လျှင်၊အပပြင်နှိုက်၊ အထင်အရှား၊ ဖြစ်ဘိငြားအံ့၊ ချီစားအံ့ငှါ၊လာသည်သောင်းသဲး၊ စွန်ရဲး ကစၢကျီး,လင်းတကို၊ ဆီးဆချောက်လင့်၊ လှံကန်ဖြင့်လည်း၊ ပြေးလွှင့် စိမ့်ငှါ၊မနိုင်ရာတိ၊ မှန်စွာစင်စစ်၊ ထိုသို့ဖြစ်၍၊ မနှစ်သက်ရာ၊ကိုယ်ခန္ဓာ ကို၊ ရှုံရှာထိတ်လှ၊ သံဝေရလော့၊ ဘဝများစွာ၊ အခါရှည်လျှား၊ ကျိုးစီးပွါးကို။ **။မှတ်သာဝမ်းဝယ်ပိုက်မျိုတည်း။** ။

၁၃၂။ **ဤသို့ဘုန်းဟော့၊** ရသေ့သူတော်၊ ဟောဝါသော်လည်း၊ ရွှေလျှော်ဆင်းဝါ၊ မင်းသူဇာမှာ၊အူချာလှိုက်လှဲး၊လွမ်းဆွတ်မြဲးဖြင့်၊ ငိုရှိုး မျက်ရည်၊လျှောက်သည်မှာကား၊ ရှင်ဘုရား။ ၊ဟောကြားမြွက်ဖော်

www.burmeseclassic.com

www.burmeseclassic.com



တရားတော်ကို၊ထင်ပေါ်သိသာ၊နားဝင်ပါ၏၊ ခြင်းရာတွေငေါ်၊ သို့သိသော်လည်း၊ ကျွန်တော်မမှာ။ လွမ်းစရာသည်၊ ထိပ်ချာထားတင်၊ သခင်-တဘက်၊ အသက်ပမာ၊ သားမှာ -တသွယ်၊ ဝမ်းဝယ်ရစ်ခွေ၊ ခဲ့တွေအပြည့်၊ ရှိခဲ့သည့်ကြောင့်၊ ဖြေဖြည့်ဖျော်ပြိုင်၊ မတတ်နိုင်ပါ၊ စေ့ရှာခြင်းတာ၊မှာသမျှကို၊ ကျွန်မသခင်၊ လာရောက်လျှင်သာ၊ မြတ်စွာဘုန်းပျော့၊မမေ့မလျော့၊ လျှောက်ပါတော့ဟု၊ ပျောင်းပျော့သာချို၊ မှာခဲ့ဆို၍၊ ရှိုက်ငိုယိုလျက်၊ ကျောင်းကထွက်၍၊ ချမ်းမြေ့ကြည်မော၊ သီတောဒက၊ရေကန်စသို့၊ ကြွတော်မူပြီး၊ ရောင်ညီးထွန်းပေါ်၊ သိုရင်းတော်ဝယ်၊ သင့်လျော်ဆန်းကြယ်၊ ကပ်ချယ်လှယ်သည်၊ ရောင်သွယ်ကျူးကျော်၊ ဝေရော်စန၊ မည်ရ-ရတနာ၊ ရောင်ပြားလွှာကို၊ ခွါတော်မူမှ၊ ကျွန်မလျှောက်သည်၊ ဘုန်းစည်ထိပ်ချာ၊ ကြွလိုက်လှာလျှင်၊ ကျောင်းမှာဝင်၍၊ စေ့စေ့ရှာရှာ၊ မယ့်ခြင်းရာကို၊ မေးပါမင်းငယ်၊ ထိပ်ပန်းနှယ်ဟု၊နှိုင်းဆွယ်မမှီ၊ ဝဇီရသာရ၊ နာမထင်ပေါ်၊ လက်စွပ်ကျော်နှင့်၊ လက်တော်နုအု၊ ရေးတော်မူ၍၊ မဒ္ဒူသက၊ ပင်ရူကန္ဒိုက်၊ မြပြထင်ရှား၊ တပ်ခဲ့ထားသည်။ ။**တိမ်းပါးယိမ်းနွဲ့လဲ့ပြုံးတည်း။** ။

၁၃၃။ **သို့မှုမကြာ၊** ဟေမာမည်မှန်း၊ ဂိရိနန်းသို့၊ ဖြောင့်တန်းရည်ရော်၊ စူးစူးမြော်၍၊ တိမ်ပေါ်မိုးဝ၊ ပုံလေကြွသော်၊ ရူတဆိုမြည်၊ ငှီချင်းသည်ကား၊ ဖြီးစည်ပြောထူ၊ ဆင်းရဲလူကို၊ ကြည်ဖြူသနား၊ စောင့်ပါငြားလည်း၊ သိကြား,မြဟ္မာ၊ နတ်တကာကို၊ တ ဆို စေ့ရေ၊ အူသည်းကြွေမျှ၊ မသေ-မရှင်၊ ပူပင်သည်သား၊ မယ့်ဖြစ်လားကို၊ ထိပ်ထားရှိရာ၊ လျှောက်ချေပါလော့၊ ဗျာပါခွေရစ်၊ ကျွန်မဖြစ်ကို၊ ဧကရာဇ်အလျာ၊ မယ့်ထိပ်ချာသည်၊ ဝမ်းမှာပြတ်ပြတ်၊ မသိတတ်၍၊ လှည့်ပတ်မာယာ၊ စစ်မြေတာသို့၊ လိုက်လှာယောင်နှင့်၊ ထွတ်မြင့်ဟေမာ၊ ဂိရိချာသို့၊လွယ်ကာရွှေရည်၊ သွားလေသည်ဟု၊ မှတ်တည်စိတ်ထဲ၊ ယူတော်စွဲ၍၊ ကျော်သဲကြေညာ၊ မယ့်ထိပ်ချာသည်၊ မယ့်မှာမကြည်၊ မုန်းခဲ့မည်ကို၊ ကြီစည်ကျွန်မ၊ စိုးရိမ်လှ၏၊ တက်စ နေ့နှယ်၊ ဘုန်းညွန့်သွယ်သည်၊ တကယ်မယ့်မှာ၊ အမုန်းပါ၍၊ အောင်ချာမည်ဟူ၊ ကျွန်းဇမ္ဗူ။ တွင်၊ ရိပ်ဖြူထီးဆောင်း၊ အပေါင်းများစွာ၊ မင်းတကာတို့၊ သည်းချာရင်တွင်း၊ လှရောင်ဆင်းနှင့်၊ မကင်းသာရှင်၊ သဘင်ညီလာ၊ ခံ၍သာလျှင်၊ မယ့်မှာချစ်နှံ့၊ မပျံ့ပန်းနှယ်၊ ပြယ်လိမ့်မည်သား၊ ပုံ့ရှားနံ့သာ၊



နတ်မာလာလည်း၊ နှိုင်းရာမမျှ၊ ဘက် မရသည်၊ မွှေးပျံ့ကြိုင်ဆိုး၊ မယ့်ပန်းကုံးကို၊ ပင်ရိုးဆံဖျား၊ ထိပ်ခေါင်ထား၍၊ သူများပုံ့ကြည်၊ ပန်လိမ့်မည်ကို၊ ကြီစည်စိတ်က၊ စိုးရိမ်လှသည်။ ။**ကျွန်မကိုယ်တွင်း-ပူလောင်ပြင်း။** ။

**၁၃၄။ ထွန်းဝင်းလျှံပြောင်၊** ဉာဏ် တန်ဆောင်ကို၊ သုံးဘောင်ရပ်ခန်း၊ လင်းအောင်ထွန်းမည်၊ လုံးပန်းရည်ချူ၊ ဆုကြီးယူသည်၊ ဘုန်းလူသည့်ရှင်၊ မယ့်သခင်ကို၊ မကြင်ထဲ့ပိုက်၊ မကြိုက်၍မျှ၊ မနေရအောင်၊ လို့လတွေထွေ၊ ရှာဘွေကောက်ကျစ်၊ မျက်ချစ်ဆေးဝါး၊ ပြုလှည့်ငြားလည်း၊ စီးပွားမထင်၊ ပန်းပင်ရိရှား၊ ထိုသူများကို၊ ထိပ်ထားပွင့်လျှာ၊ မယ့်ထိပ်ချာသည်၊ မေတ္တာဝေးလွန်၊ မုန်းသာဇုန်၍၊ မုန်းပြန်ပါစေ၊ ထိပ်ဗွေထားတင်၊ မယ့်သခင်ဟု၊ မြီးပင်ဆောက်တည်၊ မှတ်ပါသည်ကို၊ တွေလည်ယွင်းခွ၊ ဆိုးကြမ္မကြောင့်၊ သူများသခင်၊ သူ့အရှင်စစ်၊ ဖြစ်ခဲ့နိုး၍၊ သမ်းညှိုးလွန်ကဲ၊ မယ့်ဝမ်းထဲမှာ၊ ဝဲသို့လှိုက်ပွက်၊ ပူလေချက်မှာ၊ လက်လက်ပြောင်ညီး၊ ဝီစိမီးမျှ၊ ကမည်ထင်ဘူး၊ ပူမျိုးကျူးခဲ့၊ ငုံဖူးသစ္စာ၊ ပွင့်မည့်လျှာရှင့်၊ မယ့်မှာလွန်ကဲ၊ ချစ်စမြဲဖြင့်၊ စိတ်ကွဲမကြုံ၊ မြဲမြံသေချာ၊ ထပ်ကာတာလျှင်၊ မေတ္တာမြင်းမိုရ်၊ မယ့်ချည်းကိုသာ၊ ကြည်ညိုခွေရစ်၊ ရွှေချည်ကျစ်သို့၊ အချစ်အပေါင်း၊ စုမည့်ကြောင်းကို၊ တောကောင်းမြိုင်သာ၊ ဟိမဝါတွင်၊ တေဇာအမိုး၊ နဘော်ဖြိုးသည်၊ တန်းခိုးထင်ရှား၊ ရှင်နတ်များတို့၊ သွား၍သာဖျော်၊ နှလုံးတော်မှာ၊ မကွာဝင်နေ၊ စောင့်ပါချေတော့၊ မပြေမြဲချက်၊ ခဲ့စိတ်လက်ကို၊ ဖျောက်ဖျက်မနိုင်၊ အခဲ့စိုင်သည်။ ။**မြဲးခိုင်တင်းတင်း-မယ့်ဝမ်းတွင်း။** ။

**၁၃၅။ လွန်မင်းဖြစ်ဆက်၊** သည်တချက်မှာ၊ ရမ္မက်လောဘ၊ မျက်ဒေါသနှင့်၊ မောဟရောက်စေ၊ လိုကြီးချေ၏၊ တောခြေလှည့်လည်၊ မုဆိုးသည်လျှင်၊ လူ့မြည်ရှေ့ရှူ၊ မယ့်ကိုယူ၍၊ ဘုန်းလူရောင်ရွှန်း၊ မယ့်ထိပ်ပန်းနှင့်၊ရှင်လန်းစုံပူး၊ ဖူးစဦးက၊ ညှို့နူးချိုသာ၊ နှုတ်ဩဇာနှင့်၊ အာကာတိမ်ထွတ်၊ ကောင်းကင်လတ်က၊ မာရ်နတ်သည်းချာ၊ ပင်ပေါ်လှာလည်း၊ ပမာ မထောက်၊ မင်းလှအောက်သာ၊ ဖြစ်ပါစိမ့်မည်၊ မည်သည်ကိုမျှ၊ မင်းရှင်လှသည်၊ ကြောင့်ကြထောက်ချင့်၊ စိုးပါနှင့်တို့၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုင်လွှင့်ပျံ့ရှား၊ မိန့်စကားလည်း၊ ရေးသားကျောက်မှာ၊ အကွဲ့ရာသို့၊ သေချာလှတွေ့၊ ရှိပါလေ၏၊ သံခြေပုံ့ချီ၊ သည်ချက်ကိုလည်း၊ နဂိုရ် ထိပ်ချာ၊ စိုးမည့်လျာသည်၊ စိတ်မှာလျော့ပြေ၊ ပေါ့ပါစေနှင့်၊ စေ့ရေ ရှုံးပေါင်း၊ မှတ်မိကြောင်းကို၊ ကျော်သောင်းလွှံ့ပတ်၊ အာကာနတ်တို့၊ မပြတ်စောင့်နေ၊ လှုံ့ပါချေလော့၊ ဆုဝေသည်းချာ၊ ကျွန်မသာလျှင်၊ မေတ္တာကြိုင်မွှန်း၊ မိန့်သည့်ခွန်းကို၊ ထိပ်ပန်းဘုန်းမိုး၊ မေ့ခဲ့နိုး၍၊ သမ်းညိုးကြောင့်ကြ၊ မီး-မကအောင်၊ သောကလွန်မင်း၊ ပူလောင်ပြင်း စွ၊ ထိပ်နင်းသည့်ရှင်၊ မယ့်သခင်သည်၊ အလျင်ရှေးက၊ ကျွန်မမယ့်မှာ၊ မေတ္တာမိုးသည်၊ ချစ်ကြူးသည်ကြောင့်၊ ဖျော်ဖြည်လေးမြတ်၊ မျှိမတတ် ပင်၊ ရစ်ပတ်လည်တွင်၊ ဆွဲးချင်မူးမူး၊ အထူးအပြား၊ ပြုသည်များကို၊ ထောက်ထားတွေ့တွေ့၊ အောက်မေ့ချေသော်၊ မပြေနိုင်ဘူး၊ သွယ်ရှိန် နူးသည်။ ။**မိန်းမူးပူပြင်း-မချိလျှင်း။** ။

**၁၃၆။ မကင်း-မခွာ၊** နေလည်းတူပင်၊ စက်လျှင်-မခြား၊ စား လည်း-လိုရာ၊ မယ့်ကိုသာလျှင်၊ မေတ္တာဆပွား၊ ချီးမြှောက်စား၏၊ ရွှေသား ရောင်လက်၊ အိမ်တော် ထက်ဝယ်၊ ယှဉ်လျက် ပင်လျှဉ်၊ ဥယျာဉ်သာလွန်၊ ပန်းမန်ထူးပြား၊ ငါးပါးတူရိယာ၊ ပတ်သာ,စောင်း ငြင်း၊ သီချင်းအန်အဲ၊ ပျောင်းနွဲ့ရတု၊ ယဉ်နုသဘင်၊ သည့်ပြင်မှာ သော်၊ ရေကန်တော်ဝယ်၊ ရွှေလှော်ရောင်မောင်း၊ ရွှေလောင်းဆန်း ကြယ်၊ ရွှေဘောင်ငယ်နှင့်၊ တင့်တယ်စီစဉ်၊ ယဉ်သည်မူထား၊ ပျိုငယ် များကို၊ ဆန်းပြားသံညင်း၊ လှေဟစ်ချင်းနှင့်၊ ညခင်း-လသာ၊ သာ ယာရွှင်ပျ၊ စံသမျှလည်း၊ ကျွန်မကိုသာ၊ မေတ္တာကြီးအင်၊ ပျော်ရွှင်စေ မှု၊ အကြောင်းပြုရှင့်၊ ရှုံးစုများဖြင့်၊ အင်းပြင်မြစ်မှာ၊ ဇရာကြီးတောင်း၊ ရွှေလောင်းရွှေဘောင်၊ သောင်းထောင်မက၊ ဆင်ဘမ်းစသည်၊ များ လှပျော်ရာ၊ ကြည်းမှာတထူး၊ မင်းမှူး-မင်းမတ်၊ ဝန်းပတ်ပည်းသီ၊ မင်းညီမင်းသား၊ မယားကတော်၊ ရေသော်မပြီး၊ ထံနီးရွှေအုပ်၊ ကိုယ်လုပ်မိဿံ၊ ခရံဝန်းရံ၊ သဘင်စုံနှင့်၊ မျက်ပုံရောင်လွှမ်း၊ စီချယ် မွမ်းသည်၊ မင်းခမ်းမင်းဆောင်၊ ပြောင်ပြောင်ကျင်းပ၊ စံသမျှလည်း၊ ကျွန်မကိုသာ၊ မေတ္တာကျူးကျော်၊ ရွှင်ပျော်စိမ့်သား၊ နှလုံးထား ရှင့်၊ လက်ဝါးပေါ်တွင်၊ ထားတင် မတတ်၊ အသက်ပြတ်မျှ၊ မြတ်



မြတ်လေးလေး၊ ပိုးကိုမွေးသို့၊ ပွင့်မွေးမဥ္ဇူ၊ ပန်းအတူလျှင်၊ ကြည် ဖြူရှိသော၊ ကြမ်းဝယ်ခြေမျှ၊ ကျစေချင်ဘဲ၊ ချစ်မရဲသည်၊ **လွန်ကဲချစ်ချင်း-ပြိုင်ဘက်ကင်း။** ။

၁၃၇။ **ပုံခင်းတူနေ၊** လူမိုက်မြေတွင်၊ ရှာဖွေတမျှ၊ ဘက်မရ အောင်၊ ဆယ်ဆ-ဆယ်တက်၊ ချစ်ပေလျက်ကို၊ ပေါ့ပျက်လွယ်ကာ၊ ဘယ်ကြောင်းခြာဖြင့်၊ ဘယ်မှာဖြေပိုင်၊ တရားကိုင်၍၊ ဖြေနိုင်ပါ မည်၊ ယဉ်သည်အထု၊ နုသည်လွန်ကဲ၊ ရဲသည်ဇာနည်၊ ရပ်သည် စောင့်စောင့်၊ ဖြောင့်သည်သစ္စာ၊ မယ့်ထိပ်ချာသည်၊ သီတာပတ်ဝန်း၊ ဇမ္ဗူကျွန်းတွင်၊ ဘုန်းတန်းအာဏာ၊ ပညာမြတ်ဆုံး၊ လက်ရုံးအရည်၊ တူမျှမည်ဟု၊ မှတ်တည် မှောက်မှား၊ နှလုံးထားနှင့်၊ ပွဲစားပြိုင်လှာ၊ မင်းတကာတို့၊ မည်သာတွင်ရှိ၊ ပါဠိဘာသာ၊ မင်္ဂလာသိခရ၊ မြန်မာ့ အလို၊ ဆိုလျှင်သာယာ၊ မင်္ဂလာထွတ်ခေါင်၊ မိုးအောင်မောက်မို၊ ခေါ်မည်ဆိုသည်၊ မုန်ယိုအာစွတ်၊ ဆင်တော်မြတ်နှင့်၊ ရွှတ်ရွှတ်စီး ချင်း၊ ,သတ်ခဲ့ခွင်းမှ၊ လျင်ပြင်းမကြာ၊ မယ်သို့လာ၍၊ စကြာဘဝါး၊ မယ့်ထိပ်ဖျားမှာ၊ တင်ထားနင်းတည့်၊ ချပါလှည့်လော့၊ ပျောင်း ချည့်ပူဆာ၊ မယ့်ဗျာပါကို၊ ဖြေခွါပြီးတိုင်၊ ဖျောက်တတ်နိုင်၍၊ ဦးကိုင်စိုးလျာ၊ မယ့်ထိပ်ချာလျှင်၊ မယ့်မှာမဖူး၊ ရှည်ကျူးရက်,လ၊ ကြာချေကမူ၊ ကျွန်မကိုယ်သည်၊ အတည်မကျ၊ အနိစ္စသို့၊ ရောက်ရ မည်လျှင်၊ ကေန်ထင်သည်။ ။**ခဲ့အင်လွန်မင်း-မယ့်ကြံခင်း။** ။

၁၃၈။ **ဘက်ကင်းလူတွင်၊** ဂုဏ်အင်ပညာ၊ အာဏာတန်းခိုး၊ နယ်ဉ်မျိုးကို၊ စိုးသည့်ထိပ်ချာ၊ ကေရာဝယ်၊ မေတ္တာမြင်းမိုရ်၊ မယ့် ကိုခွေရစ်၊ ချစ်မြှးချစ်၍၊ ရောက်လစ်စကြာ၊ ရတနာလျှင်၊ ကြွလှာ ရောက်တည့်၊ ထင်ပါလှည့်လော့၊ ဖြေဖြည့်မသာ၊ လွမ်းယော်ကာနှင့်၊ ဟောမာရွှေမြေ၊ ဂိရိဇွေဘွယ်၊ မသေချင်ပါ၊ ထိပ်ချာမင်းလှ၊ ယဉ် နိုင်းမျှ၏၊ နုလှရွှေစက်၊ စုံနှစ်ဘက်ကို၊ အုံးလျက်ကျွန်မ၊ သေချင်လှ ၏၊ လောကခေါင်ချာ၊ စိုးမည့်လျာငယ်၊ ခုသာစုံမက်၊ ကျွန်မသက် ကို၊ တဆက်ဖျော်ဖြည့်၊ ကယ်ပါလှည့်လော့၊ မိုသည့်စေသာ၊ ရတနာ တိ၊ တန်ဆာရောင်ညီး၊ ,ဆင်ယင်ပြီးသော်၊ စစ်ကြီးမြေရှည်၊ ချီမည်ဆဲးဆဲး၊ လိုက်လဲးမူးလည်၊ သွားတော့မည်ဟု၊ မိန့်သည်ရှိလျှင်၊ ဟာရှင်မင်းမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သို့ပဟု၊ ကျွန်မမျက်ပါ၊လက်ခြေခါ၍၊ မြစ်ရှာမကြည်၊ ဈေးလျှောက်မိသည်ကို၊ ကြီးစည်နောင်တ၊ မရယူကျူး၊ နှလုံးဝမ်းမှာ၊ ရှိန်ဝါညီးညီး၊ ဝီစိမီးမျှ၊မနီးစပ်ရ၊ပူလောင်လှခဲ့၊ ဒေါသပြက်ပြက်၊ သည်အချက်ကြောင့်၊ ရင်လက်ခုခု၊ ခတ်ထုမနာ၊ မသက်သာပါ၊ စကြာရွှေလှော်၊ ဘဝါးတော်ကို၊ မွေးကျော်နံ့သာ၊ ကေသာဆံရွက်၊ မြတ်မြက်နှင့်၊ မြူညက်လှည်းကာ၊ ကန်တော့ပါ၏၊ ထိပ်ချာမင်းလှ၊ နှိမ့်ချဖြေတင်၊ ရှိပင်ခိုးလှူ၊ တယုယယ၊ မြူသမျှကို၊ ကျွန်မသာကြည်၊ ခံချေသည်လည်း၊ တူရည်မရ၊ ဝန်လေးလှ၏၊ ခုမှစေ့ရေ၊ အထွေထွေလျှင်၊ ရှာဘွေမိမိ၊ ပျောင်းပျောင်းအိသည်။ ။မချိပူပြင်း-မယ်ဖြစ်ခြင်း။ ။

၁၃၉။ **သို့စသည်ဖြင့်၊** ရှိုက်ရင့်သံချို၊ ဘွဲ့နွဲ့ဝိုလျက်၊ စီးယိုမျက်ရည်၊ မဆည်နိုင်ရှာ၊ ဝမ်းမှာပူအိုက်၊ တလှိုက်လှိုက်နှင့်၊ တိမ်တိုက်မိုးခြေ၊ ပျံ့သွားလေ၍၊ ရွှေမြေဂိရိ၊ တိုင်သည်ရှိသော်၊ မဏိရောင်ထွန်း၊နန်း မတော်နောက်၊ ပျော်လောက်ထူးပြား၊ တန်းလျားရွှေတွင်၊ နန်းကြမ်းပြင်ထက်၊ အသာသက်တော်၊ ကြွက်ကြွက်ဆူသည်း၊ခမည်း-မယ်တော်၊ ခြောက်ဘော်အစ်မ၊ များလှပည်းထု၊ နန်းသူအလုံး၊ ရှင်ပြုံးကြည်ဖြူ၊ အိပ်ပျော်သူလည်း၊ ဟောက်ရူရာက၊ ထကြွအပြင်း၊ ထမင်းစားခွက်၊ ပက်လက်ပစ်ခဲ့၊ ယဲ့ယဲ့နာကို၊ လူဆွံ့အိုလည်း၊ အလိုပြီးတိုင်၊ ထလာနိုင်၏၊ ရိုင်ရိုင်စုကြ၊ ဝေးကတချို့၊ နှစ်လို့စုံမက်၊ ရှိလက်စုံမိုး၊ ခိုးကြမြတ်လေး၊ မေးကြဆင့်ဆင့်၊ ချစ်ပွင့်လန်းကြ၊ မစားရဘဲ၊ ဝသည်ဝမ်းဝယ်၊ ပီတိကြွယ်၍၊ ရယ်ကြရွှင်ကြည်၊ တချို့သည်လည်း၊ မျက်ရည်ရွှမ်းကျ၊ ကြေကွဲးကြ၏၊ ဒေဝိန္ဒရာဇာ၊ ရွှေတောင်ချာလည်း၊ ကြင်နာလွန်ကဲး၊ ဆံကိုခွဲး၍၊ ယိုရွဲးပြိုက်သွယ်၊ ထိပ်လယ်ပုံ့ကြူ၊ နမ်းတော်မူသည်။ ။**ကြည်ဖြူပီတိ လန်း၏တည်း။** ။

၁၄၀။ **အတုလ ဒေဝဓီတာ၊** မိမြတ်စွာလည်း၊ မေတ္တာဖြိုးစည်၊မျက်ရည်ရွှမ်းစို၊ ငိုလည်းငို၍၊ တိုင်းဆိုမသိ၊ ဇောပီတိနှင့်၊ မ-ကြီးသခင်၊ နှောင်းမြင်ရှင်မ၊ အတွေးလှကို၊ ယုယရင်ခွင်၊ ထားတင်ပိုက်မ၊ မနမ်းရသည်၊ ကြာလှပြီရှင့်၊ နှစ်မြင့်ကျူး၍၊ ယနေ့မှသာ၊ နမ်းရပါ၏၊ ငါသာနမ်းမည်၊ ငါ့သွေးရည်ကို၊ ချစ်ကြည်ထပ်မွှမ်း၊ အုံ၍နမ်းသော်၊ ညိုးနွမ်းပုံကြည်၊ ပြယ်တော့မည်ဟု၊ ဆိုမြည်ဆီးကန့်၊ ဝေးကဟန့်လျက်၊



စုံမက်ကြိမ်ဖန်၊ နမ်းပြန်လေလေ၊ ဘက်၍နေ၏၊ နိုင်းထွေဆိုရာ၊ ဥပမာမူ၊မဟာသမုဒ္ဒ၊ မြစ်မဥ္ဇရေ၊ကုန်ချေတော့မည်၊ ငံ့ဆည်မြော်ခေါ်၊ တော်လျော်ရုံမျှ၊ သောက်ကုန်ကြဟု၊ မြစ်မထက်ဖျား၊ ဖြတ်လျက်သွားသည်၊ထူးပြားမိုက်ချက်၊တင်ကျိုးဌက်နှင့်၊ နိုင်းဘက်ပုံယူ၊ သဘောတူ၏၊ အမူမှားစွာ၊ သည်အရာသည်၊ မေတ္တာစိတ်က၊ အားကြီးလှ၍၊ မောဟတွေဝေ၊ ဖြစ်လေသတတ်၊ မျက်မြတ်ဇောတ၊ အနန္တကျူး၊ ငါ့ပန်းကုံးကို၊ တင့်ဆုံးထိပ်ဆီ၊ဆင်ရပြီဟု၊ ရှင်အီစိတ်စော၊ ရယ်မြောရယ်ဆို၊ လက်ကိုဖြန့်ကာ၊ လက်ရှစ်ပါမျှ၊ဖြူးရွှင်ပြသည်။ ။**အားရထွေထူးဆန်း၏တည်း။**

၁၄၁။ **အစ်မတော်များ၊** မင်းခြောက်ပါးလည်း၊ ရွှေသားယဉ်နုမင်းရွှေဥသည်၊ ယခုပျောက်ကွယ်၊ ပြေးမည့်နယ်ပင်၊ လည်ဝယ်အလျင်၊ ရစ်ဆွဲးဆင်၍၊နမ်းချင်နမ်းက၊ ရှိလကလျှင်၊ တိုးကြလုယက်၊ စီစီကျက်ပင်၊ မြူညက်ရွရွ၊လက်ဖျားမျှကို၊ ခဏခဏ၊ ဆွဲးကိုင်ကြ၏၊ သို့မှမကြာ၊ မင်းသူဇာကို၊ ညောင်းညာပွံ့ပျူး၊ ဖြေပါဦးဟု၊ ညှိနှုန်းမွှေရာ၊ ထု-နှစ်ထွာထက်၊ ဘယ်ညာယုယ၊ ချီမ ဖျော်ဖြေ၊ စက်လျှောင်းစေ၍၊ ကွမ်းရေလက်ဘက်၊ ဆက်ကြတသွယ်၊ ခြေနယ်လက်သပ်၊ ရွှေယပ်ခံကြ၊ ဖြားယုယလျက်၊ အစ်မခြောက်ပါး၊ မေးကြငြား၏၊ ရွှေသားညီမ၊ မင်းရှင်လှကို၊ မူလညစ်ခေါ်၊ မူဆိုးလေသည်၊ ရှာဘွေဆန်းကြယ်၊ သားငှက်နှယ်ပင်၊ ရောင်းဝယ်မည်လား၊ ယူဂလသွားသော်၊ ဆွေဝါးမနီး၊ ကိုယ်ထီးတော်ကွဲး၊ မျက်ရည်ရွဲးနှင့်၊ ဆင်းရဲးပူဆာ၊ရှိရှာတော့မည်၊ လူတို့ပြည်ဝယ်၊ မတည်ညီးငယ်၊ ဘယ့်နှယ်မင်းပု၊ ရွှေဥကြက်သရေ၊ ဖြစ်လေသည်ရှင်၊ မရှင်နိုင်လျှင်း၊ တို့လွမ်းခြင်းကား၊ ကိုယ်တွင်းမီးတူ၊ ပူ၍ချီချီ၊ ငြိတော့ကိုရှင်၊ များပြင်နှစ်လ၊ ကြာတင်မှုကို၊ လို့လသမှု၊ ဘယ်နှယ်ပြု၍၊ ရွှေဥရတနာ၊ လူ့လက်မှာက၊ လွတ်ပါခဲ့သည်၊ မျက်ရည်မကင်း၊ ရှိရခြင်းကား၊ မိကင်းဘကွာ၊ ဆင်းရဲးရာက၊ ငဲ့ညှာ၍ကို၊ လွတ်ပါလှရှင်၊ ပူပင်ရှိရှား၊ ဖြစ်ကြောင်းလျားကို၊ ကြားလည်းကြားချင်၊ ဆွတ်အင်အူသည်း၊ ကြားလည်းမငွံ့၊ ပျောင်းပျောင်းညှံ့သည်။ ။။**မခံလွန်ပင်ပန်း၏တည်း။** ။

၁၄၂။ **ရွှေခဲးရတနာ၊** မင်းသူဇာနှင့်၊ ကွင်းကွာကြရ၊ ထိုနေ့ကသည်၊ နေ့ကပည်းလှိုင်၊ ခုတိုင်တော့သည်၊ ဘယ်မည်နေ့ရက်၊ နံနက်



www.burmeseclassic.com

www.burmeseclassic.com



နေဝင်၊ဘယ်သည်တွင်မျှ၊ ပျော်ရွှင်သမှု၊ အစုတို့များ၊ မွေ့မည်ထား၍၊ထပ်ပွါးလေလေ၊ ထူးထွေထွေသာ၊ ပူဆာညှိုးသမ်း၊ လွမ်းတော့သည်ရှင်၊ ကြာတင်နှစ်လ၊ ယခုမှပင်၊ စိမ်းမြညိုပြာ၊ တို့ထိပ်ချာမှာ၊ အာကာသဖြစ်၊ ညွန့်လာထစ်သို့၊ စင်စစ်ချမ်းမြ၊ ငြိမ်းပေရဟု၊ ယုယမြတ်လေး၊ လျှောက်ကြမေးသော်၊ ဖြူမွေးနဝါ၊ မင်းသူဇာကား၊ပေါ်လှာရူပ၊ ဆောင်ရွက်မ၍၊ ဝမ်းကလိုက်နည်း၊ ဝဲနှယ်လည်ချက်၊ လျှောက်သည်မှာကား၊ ထိပ်တင်များကို၊ ကိံအားလျော်စွာ၊ လူရပ်ရွာသို့၊ ကွေကွာမိဘ၊ လွင့်ရောက်ရသည်၊ နိမ့်ကျမှုဆာ၊ ဘယ်သည်ငါမျှ၊ ပြစ်ဆာစွန်းငြိ၊ ရှိပေဘူးရှင်၊ ဘ-ရှင်ပင်နှင့်၊ မ-ရှင်ကစ၊ မင်းလှခြောက်ပါး၊ ထိပ်ချာများကို၊ ထပ်ပွါးလိုက်ပွက်၊ လွမ်းသည့်ချက်သာ၊ တပြက်လျှပ်ရွှေ၊ မလျှောက်မေ့၍၊ ဖြိုးလွှေ့ခွေရစ်၊ ဆင်းရဲဖြစ်၏၊ စင်စစ်သည့်ပြင်၊ ပူပင်ဒုက္ခ၊ ဘယ်မှာ့ညစ်ညူး၊ ရှိပေဘူးဟု၊ ညှို့နှုးဩဇာ၊ ဖြီးညှိ့စွာသည်။ ။**ထွေသာကြိုင်ပျံ့မွှန်း၏တည်း။** ။

၁၄၃။ **သို့လျှောက်ပြီးမှ၊** အစ်မခြောက်ဘော်၊ မယ်တော်တို့ကို၊ လွန်ရိုသေစွာ၊ ရှက်ရွံ့ရှာ၍၊ နရိန္ဒဒေဝီ၊ မဟေသီက၊ သိဂီထွန်းပြောင်၊ ဂိရိတောင်သို့၊ ရည်ဆောင်ရွှေရူ၊ သွားတော့ဟုလျက်၊ အယုဆို့မျို့၊ စစ်သို့ရွှေရည်၊ လိုက်သည်ကိုသာ၊ ချန်ညှာခဲ့၍၊စွေ့စွေ့စဉ်လျား၊ မူဆိုးသားလည်း၊ ယူသွားသည်က၊ စ၍ရွှေပြည်၊ ရောက်သည်ရှိလျှင်၊ အိမ်ရွှေရှင်နှင့်၊ တူပင်ထိမ်းမြား၊ သည်းကြားမြင်ဟန်၊ ဆိုးလွန်သွမ်းပျက်၊ ပုဏ္ဏားဖျက်၍၊ ဘယက်ဆင်ကာ၊ ဟေမာတို့ခေါက်၊ ပြန်ရောက်သည်တိုင်၊ ကံဆိုင်ကြမ္မာ၊ ဖြစ်ခြင်းရာကို၊ စေ့ရှာမကြွင်း၊မြန်လေလျှင်းသော်၊ ဝင်းသည်ရောင်တောက်၊ မင်းခြောက်ယောက်လည်း၊ ဝမ်းမြောက်ပျော်ရွှယ်၊ ယိုသွယ်ဖြိုက်ရွှဲ၊ ဝမ်းကွဲတချက်၊စိုက်စက်လည်းခေါ်၊ ဩော်ဩော်တို့မယ်၊ သည့်နှယ်ပင်လား၊ တိုသက်ထားဟု၊ သားဖြားရိပ်မြုံ၊ တစုံမက်မက်၊ ပိုက်ဘက်ယုယ၊ ဖျော်ဖြားကြသော်၊ မင်းလှသူဇာ၊ ဆင်းသိင်္ဂါကား၊ ဘုန်းဝါပွင့်လန်း၊ ဝေဖြာရွှန်းသည်၊ ရွှေနန်းခေါင်ချာ၊ စိုးမည့်လျာကို၊ ဝမ်းမှာခဲအိုင်၊ ဂလိုင်သည်းထိ၊ လွမ်းတည့်မိ၍၊ မရှိုပြင်းမြ၊ ငိုချင်လှသော်၊ အစ်မ-မယ်တော်၊ မျိုးဘော်တို့အား၊ ခံ့ညားရွံ့ရှာ၊ လွန်အားနာ၍၊ ကြီးရာမရ၊ ကြီးဒုက္ခဖြင့်၊ ဝမ်းကလိုက်ဆူ၊ မီးရှိန်ပူသည်။ ။**မဥ္ဇူကဲ့သို့မြန်း၏တည်း။** ။



၁၄၄။ **သို့နှင့်ခဏ၊** ကြာပြီးမှလျှင်၊ ကျွန်မမျက်စိ၊ နောက်ကျိမှုးလည်၊ ပါလှသည်ရှင်၊ ထိပ်တင်တို့များ၊ ထိုသို့သွား၍၊ ပျော်ပါးရွှင်မျှ၊ နေဦးကြပါ၊ ကျွန်မချည်းသာ၊ မထောင်းတာအောင်၊ ပူဆာဖြေဆည်၊ ပါဦးမည်ဟု၊ ရှိရည်မြှောက်ချီး၊ လျှောက်ဆိုပြီးသော်၊ လည်သီးစိန်ဖြူ၊ မြချူသွင်သွင်၊ တင်းထိမ်ငင်၍၊ ရောင်ထင်ဝင်းဝါ၊ ရွှေမွေ့ရာထက်၊ ပူဆာလှပ်လှပ်၊ အုံးဝယ်ဝပ်၍၊ ဖပ်ဖပ်မျက်ရည်၊ ရူတသည်ကား၊ ဘုန်းခြည်ဖြာဖြိုး၊ နေ့တိုင်းတိုးသည်၊ ယဉ်မိုးသည့်ရှင်၊ မယ့်သခင်ကို၊ နတ်ကွင်နတ်များ၊ နတ်သိကြားကား၊ နတ်သားဘုန်းရှိ၊ မာတလိအား၊ မှာထားကြည်ဖြူ၊ စေတော်မူ၍၊ စောက်ယူဇနာ၊ တရောငါးဆယ်၊ ဖြူသွယ်မြင့်ဖျား၊ ရထားစကြာ၊ ဝေဇယန္တာနှင့်၊ ယူဇနာပလ္လင်၊ မြတ်ထက်တင်၍၊ မျက်ရှင်ရောင်ထွန်း၊ သည်မယ့်နန်းကို၊ ချင်လွှန်းခုသာ၊ ဆောင်ခဲ့ပါလော့၊ နေရာရပ်ဟောင်း၊ မရောက်တောင်းပင်၊ ဆွေပေါင်းမျိုးစည်၊ မွေးသည်မိဘ၊ အစ်မမျက်နှာ၊ မြင်ရပါလည်း၊ ထိပ်ချာမင်းလှ၊ ယဉ်နိုင်မျှကို၊ ကျွန်မဝမ်းထဲ၊ အုံ့လွမ်းဝဲသည်။ ။**လှိုက်မြဲမကပါတကား။** ။

၁၄၅။ **ဘွေရှာဘွေရှာ၊** မယ့်စိတ်မှာလေ၊ ကြီကာဆင့်ပွါး၊ ဗျာပါများခဲ့၊ ထိပ်ထားပွင့်လျှာ၊ မယ့်ထိပ်ချာသည်၊ စစ်မှာလုံခြုံ၊ မှုမျိုးကုံ၍၊ ရွှေဘုံကုံ့ခေါက်၊ ပြန်လာရောက်သော်၊ ချီးမြှောက်မယ့်တူ၊ ဘယ်သူဆီးကြို၊ ကြည်ညိုမြတ်နိုး၊ ညွတ်ကျိုးဦးထိ၊ စိတ်တော်ရှိကို၊ သိ၍မြတ်လေး၊ လုပ်ကျွေးခစား၊ ထံပါးစေပါ၊ ခုပါလိမ့်မည်၊ ရွှေချည်ချယ်ပက်၊ လက်ချိုရက်သည်၊ ကပ်ကွက်ကျူးကျော်၊ ဝတ်လဲတော်ကို၊ ရွှင်ပျော်နှစ်သက်၊နံ့နက်ညယံ၊ ညစ်ခံမပြတ်၊ဝတ်စမှတ်သည်၊ လေးမြတ်မယ့်သာ၊ ဘွေရှာကြံစည်၊ ရွှေချည်ပိုးစုံ၊ ကွက်ပုံပေးအပ်၊ ဆုလပ်များစွာ၊ကျေးရွာရွှေငွေ၊ ကုန်လေမှတ်ဘူး၊ ကဲးကျူးကာလ၊ ပိုးမီလှကို၊ ကျွန်မမယ့်တူ၊ ဘယ်သူကြံရက်၊ ဆက်ပါလိမ့်မည်၊ ပင့်ကုချည်ကို၊ ချောသည်ကျူးကျော်၊ ဗောင်းတော်ဆံဇာ၊ ကုဟာသန္ဓရှင်း၊ ကြိုင်သင်းချက်ပျောင်း၊ ဖယောင်းပျံ့ကြွယ်၊ စံပယ်နှင်းဆီ၊ စုံစီထူးထွေ၊ မျက်နှာချေကျူး၊ ကြွတ်ဖူးလှစ်လျှင်၊ ဧးရွှင်ပျံ့လှိုင်၊ မွှေ့လုံးကြိုင်ကို၊ လက်ကိုင်သန့်စင်၊ ပြုပြင်မယ့်တူ၊ ဘယ်သူစုံမက်၊ ဆက်ပါလိမ့်မည်၊ နသည်ထန်းဖူး၊ အကျူးဖြူညက်၊ မယ့်လက်လှိုးရေ၊ သပြေကျွန်းဆိပ်၊ ပရိတ်ပန်းလည်

www.burmeseclassic.com

www.burmeseclassic.com



မယ့်လက်စည်း၍၊သာဖြည်းရှိသေ၊ ဆက်သောဗေ့သို့၊ မြဲနေကြည့်ဖြူ၊ ဘယ်သူညွှတ်ခ၊ ဆက်ပါကြလိမ့်၊ ကျွန်မကြံကာ၊ ဗျာပါအပေါင်း၊ ထပ်ကာလောင်းသည်။ ॥**သမ်းပျောင်းပူရလှာတကား॥** ॥

၁၄၆။ **ကြံကာကြံကာ**၊ မယ့်ဝမ်းမှာလေ၊ ထပ်ခါတွေဆန်း၊လိုက်ကာဝန်းခဲ့၊ ဘုန်းရှန်းသည့်ရှင်၊မယ့်သခင်သည်၊ ပုံယင်ဖြိုးစည်၊ ပွဲးတော်တည်က၊ ထူးလည်ရသာ၊ ကောင်းမြိန်ရာတွင်၊ ဟံသာဒ္ဒိဇ၊ ဆာဝအရသာ၊ နှစ်နီဗျာကို၊ ရွေးကာစားတော်၊ ခေါ်ကြိုက်၍ပ၊ သန့်လှစင်စွာ၊ ပါဏာတိပါတ်၊ လွတ်အောင်စိတ်ထား၊ သူများပြင်က၊ ဆက်လှာကြသည်၊ ကျွန်မကြိုက်ဘူး၊ အထူးရှာဘွေ၊ ရွှေဆယ်လေးသည်၊ ဈေးမှာဝယ်၍၊ သိမ်မွေ့အရသာ၊ နတ်သုဒ္ဓါသို့၊ များစွာခွက်ပေါင်း၊ ပျံ့လှောင်းမွေးကြွယ်၊ စင်ကြယ်သန့်သက်၊ ကျွန်မဆက်၏၊ ရွှေရွက်ကွမ်းရွ၊ ကွပ်နိုင်မျှနှင့်၊ နုလှကွမ်းသီး၊ မငြီးစားပျော်၊ ရည်စုတ်ကျော်ကို၊ ထိပ်ပေါ်ထိပ်ချက်၊ မယ့်ထိပ်ရွက်မှာ၊ မြိန်ရှက်အင်ပြည့်၊ ကြိုက်လှသည့်ကြောင့်၊ ပတ်လှည့်ကျော်ဟိုး၊ ကျွန်တော်မျိုးတို့၊ မြတ်နိုးညွှတ်ခ၊ ဆက်ကုန်ကြလျှင်၊ ကျွန်မတသွယ်၊ သင့်ရွှယ်ကျေးရွာ၊ ခါသာပုဆိုး၊ အုပ်မျိုးရွှေငွေ၊ ထွေထွေများမြောင်၊ ထိန်အောင်ပေးက၊ ကျွန်မမှာချည်း၊ ညွှတ်တိမ်းလည်း၍၊ ပည်းမျှကျွန်မ၊ ရသမျှကို၊ နေကြမကွာ၊ စက်ရာခေါင်ပါး၊ သိပ်သိပ်ထားမှ၊ ပတ္တမြားစီတပ်၊ လှပ်လှပ်ရောင်မောင်း၊ ခွက်အုပ်ဆောင်းနှင့်၊ ယဉ်တောင်းစီရင်၊ ကျွန်မပြင်၍၊သို့ပင်နေ့ညဆက်နေကျကို၊ ဆိုးလှကြမ္မာ၊ ဗျာပါကြီးထူ၊ ယခုမူကား၊ ဘယ်သူဘယ့်နှယ်၊ စင်ကြယ်သန့်သက်၊ ချစ်စိတ်လက်နှင့်၊ ဆက်ပါလိမ့်မည်၊ ကြံစည်ငင်ရှိုက်၊ ကျွန်မဟိုက်သည်၊ ॥**ခေါ်စိုက်မိတော့သာတကား॥** ॥

၁၄၇။ **လိုက်ဆာလိုက်ဆာ**၊ အူထဲမှာက၊ ကြံကာဝိုက်ဝေ့၊အလွမ်းဖွေ့ခဲ့၊ ဘုန်းလွေ့ဖြိုးဖြာ၊ နန်းပွင့်လျာကို၊ ကွမ်းဝါရွက်ငယ်၊ ရွှေနှယ်ဝင်းညီး၊ ကွမ်းသီးနုလှ၊ စသည်ထွေလည်၊ လေး,ငါးမည်နှင့်၊ ထူးသည်ဆန်းကြယ်၊ စံပယ်သာစေ၊ သုံးဗွေလက်ဘက်၊ ကောင်းမြိန်ရှက်ကို၊ မယ့်လက်ကိုင်ငင်၊ ပြုပြင်နေကြ၊ မဆက်ရသော်၊ ညွှတ်ခကြည်ဖြူ၊ မယ်နှင့်တူအောင်၊ ဘယ်သူဦးနှိမ့်၊ ဆက်ပါလိမ့်မည်၊ မြိမ့်မြိမ့်ပတ်ကုံး၊ ကျွန်းလုံးမြေပြင်၊ကျော်သည့်ရှင်ကို၊ တိုင်ပင်နှိမ့်ကြို့၊ လူးလည်းယို၍၊



နှစ်လိုတော်မူ၊ ရှင်ကြည်ဖြူ၍၊ မယ့်တူမပြား၊ ထံတော်ပါးတွင်၊စေစားခေါ်ငင်၊ ကွမ်းပြင်ပွဲးတော်၊ ဆက်ခန့်သော်လည်း၊ ကျူးကျော်ဆန်းလှ၊ ထိုမိန်းမသည်၊ လုံ့လဆန်းပြား၊ အပါးပါးနှင့်၊ ဆေးဝါးထွေထွေ၊ ခပ်လေလိမ့်လား၊ ခန့်ညား ကြောက်လို၊ သည်ချက်ကိုလည်း၊ တွေးဆိုအော်လဲး၊ မယ့်ဝမ်းထဲမှာ၊ ရဲးရဲးညီးညီး၊ ဝီဝီမီးတိ၊ အကျိစေသား၊ သွတ်၍ထားသို့၊ အုများကျွမ်းလှူ၊ ခုနုပြင်းပြ၊ မုပြန်လှခဲ့၊ သူရသတိ၊ မြတ်လက်ျာနှင့်၊ စန္ဒီနေတ္တရာ၊ မေခလာမဏီ၊ မည်ရှိတည်လှ၊ နတ်ခင်မတို့၊ နှိမ့်ချရှိတွား၊ ထံတော်ပါးမှာ၊ ခစားဝန်းရံ၊ စေစားခံ၍၊ မြဲမြဲစောင့်သုံး၊ တော်နှလုံးနှင့်၊ ဖြောင့်ဆုံးမဒွေ၊ စောင့်ပါချေလော့၊ မနေမသာ၊ မယ့်စိတ်မှာလည်း။ ॥**ကြံကာစိုးဗျာပါတကား॥** ॥

၁၄၈။ **ယင်းသို့သာလျှင်**၊ မင်းရှင်သူဇာ၊ ဆင်းသိင်္ဂါမှာ၊ များစွာရွှေဘော်၊ မယ်တော်-အစ်မ၊ ထိန်းယပ္ပုံပျူး၊ ထွေထူးဖြေဖျော်၊ ဖြားယောင်းသော်လည်း၊ မပျော်နိုင်ဘူး၊ စိတ်သာဆူး၍၊ ကိုယ်ထူးကိုသာ၊လွတ်ရာကွယ်၍၊ယိုသွယ်မျက်ရည်၊တီးတိုးမြည်လျက်၊ ဖြေဆည်မသာ၊ ရှိလှည့်ရာတွင်၊ ဟေမာဂီရိ၊ ဝိပတိကား၊ အကြို့မျက်ဖျော်၊ နှောင်းမြင်မြော်သည်၊ ကျူးကျော်မြေတာ၊ လူ့ရပ်ရွာဝယ်၊ ရှည်တာကာလ၊ နေလေရကြောင့်၊ ဒေဝကြက်သရေ၊ ပျောက်ကင်းလေ၍၊ တည်နေစိမ့်ပြန်၊မြတ်သကြြန်ဖြင့်၊ဝင်းဖန်သိရိ၊ လျှံညီရောင်ခြည်၊မျှို့သွင်းမည်ဟု၊ ရုပ်ရည်ဆင်းပြင်၊ ငါးအင်ညီစွာ၊ မည်ရည်သာသည်၊ သီတာ,ဇာလာ၊ နော်ဇာ,ဝဏ္ဏာ၊ ရူပါ,သဒ္ဒါ၊ ဂီဝါ-မည်မှတ်၊ နတ်မင်းသမီး၊ မကြီးရွယ်သစ်၊ တင်ပြစ်ကင်းပျောက်၊ ခုနစ်ယောက်ကို၊ လျှံတောက်ရောင်ထင်၊ တန်ဆာဆင်၍၊ ထမ်းစင်သိင်္ဂါ၊ ကျိုင်းကြီးကာလျက်၊ မြူတာရွှေသား၊ အနားကျောက်ကွပ်၊ လျှပ်လျှပ်ရောင်တွေ၊ ပိုက်ကိုန်စေ၍၊ ရံရွေမကွာ၊ တင့်တယ်စွာနှင့်၊ သီတာဇလ၊ မည်ရကျော်ဇွန်၊ နတ်ရေကန်နှိုက်၊ သကြြန်တော်ရေ၊ ခပ်ကြစေ၍၊ တွက်ရေခန့်တွက်၊ ခုနစ်ရက်လျှင်၊ နေ့ဆက်အမှန်၊ သကြြန်သန့်စင်၊ သန္တေးရင်သည်။ ॥ **သဘင်နှုဆေးလေး၏တည်း॥** ॥

၁၄၉။ **ဇေယျပူရ**၊ ပြည်မအောင်ချာ၊ တေဇာဘုန်းရှိန်၊ပြောင်ဝင်းထိန်သည်၊ ရာဇိန္ဒရာဇ၊ မင်းမြတ်စစ်လည်း၊ ခုနစ်ရက်ကြာ၊ယတာရာနန်း၊

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ခန်းက၊ ရှင်လန်းသာယာ၊ ထွက်ခဲ့လာ၍၊ ယုတ်မာကျင့်ညစ်၊ ပုဏ္ဏားဖြစ်ကို၊ စိစစ်မေးမြန်း၊ သိတော်မူသော်၊ မဖြုန့်လုံး၊ ညစ်ဆုံးနောက်ညစ်၊ မသာဖြစ်၍၊ အပြစ်ပေါ်ပြင်၊ ထင်ထင်ရှားရှား၊ ထိုပုဏ္ဏားကို၊ တိုင်းကားသာစည်၊ ထိုရွှေပြည်မှ၊ အရှည်မနေ၊ နှင်ထုတ်လေ၍၊ စံရွှေနန်းမ၊ စိုးရအချာ၊ မိမြတ်စွာလည်း၊ နန်းလျာခေါင်ထွတ်၊ သားတော်မြတ်က၊ မပြတ်စေမြဲ၊ မင်းရဲးယဉ်နှု၊ ခြောက်စုမှတ်ရာ၊ အင်္ဂါမချို့၊ တမန့်တို့တွင်၊ ပျို့သည့် တော်ရုံ၊ ပုံသည်-ယဉ်မျိုး၊ တူရိုးလွတ်တင့်၊ သင့်သည်-ကိုယ်ရောက်၊ မောက်သည်-ရွှေရင်၊ လသွင်မျက်နှာ၊ မင်းသူဇာသည်၊ စစ်တာမိုးမြေ၊ မရောက်ချေဟု၊ စွေ့ရေရွှေရှု၊ သိတော်မူသော်၊ အာပုဝမ်းမှာ၊ မသက်သာ၍၊ နန်းလျာထင်ပေါ်၊ ငါ့သားတော်အား၊ ကြောင်းလျားအသစ်၊ သည်အဖြစ်ကို၊ တွေလှစ်စွေ့ရေ၊ မသိစေနှင့်၊ ပြေအောင်လျောက်ကြ၊ မိန့်တော်ဟသော်၊ ဆံမျှရိပ်မြွက်၊ မထွက်ဝံ့ကြ၊ ဒေါသရှောင်လွှတ်၊ ရာဇဝတ်နှင့်၊ သင့်မြတ်အောင်သာ၊ လိမ္မာတတ်ဖျားကြီးလျောက်ထားသည်။ ။**စကားခွေညွှတ်ကွေး၏တည်း။** ။

၁၅၀။ **မဟာဥပရာဇာ၊** မည်တော်သာနှင့်၊ ကြောင်းသင့်ဝေးနီး၊ အံ့ဝှံ့ချီးသည်၊ ဘုန်းကြီးသည့်ရှင်၊ ထွတ်ထိပ်တင်ကား၊ စစ်ခွင်ရပ်ကား ပြန်ခဲ့ကြသော်၊ မင်းလှသူဇာ၊ ဆင်းသိင်္ဂါကို၊ လျင်စွာပြင်းပြ၊ ဖူးချင်လှ၍၊ ရွှေကတူရှု၊ သူ့သူမြင်း,ဆင်၊ ရပ်သည်မြင်သော်၊ ဌေ့ချင်ယူးမူး၊ ရှူးရှူးမာန်စောင်၊ ဦးနားထောင်လျက်၊ ဘောင်ဘောင်မြေနှိုက်၊ နှာမောင်းရိုက်၍၊ ဟည်းဟိုက်ကြိုးကြာ၊ မြည်သံသာနှင့်၊ မြေမှာဘိနပ်၊ ပရှပ်တိုက်ခြစ်၊ တွင်းကျင်းဖြစ်မှ၊ မုန်ယစ်မျက်ဆူ၊ ကြွားကြွားလူသား၊ မည်ဟူပါဠိ၊ ဝေရိမဒ္ဒန၊ ဖြန်မဒ္ဒဘာသာ၊ သဒ္ဒါကြပ်တင်း၊ ရန်ခေါင်နှင်းဟု၊ သန့်ရှင်းလက္ခဏာ၊ ဆင်မြတ်စွာကို၊ ပလာရောင်ထင်၊ တန်ဆာဆင်မှ၊ ထိပ်တင်ဘုန်းလူ၊ တက်တော်မူ၍၊ ဇမ္ဗူရောင်ဝင်း၊ ရွှေခြေနင်းသို့၊ ခြင်းခြင်းလျပ်လျှပ်၊ ခြေတော်စွပ်သော်၊ တချပ်လူမျှ၊ ယင်းကစ၍၊ ကြွလျက်မောက်အောင်၊ ဦးကိုထောင်၏၊ ထွတ်ခေါင်ဘုန်းမြင့်၊ ခြေဖျားဘွင့်၍၊ အသင့်ကြပ်ကြပ်၊ ပေါင်တော်ညှပ်သော်၊ ရပ်ထိုင်အံ့လောက်၊ နောက်သို့စုံပြိုင်၊ လဲးလူယိုင်မျှ၊ ထွတ်တိုင်ယဉ်နှု၊ ခြေတော်စု၍၊ လျင်လူရွှေရှု၊ တိုးတော်မူက၊ ဌက်တူကြွကြွ၊ ရွှရွှသွက်သွက်၊ ပေါ့ပါးလျက်



ကို၊ ထွတ်ချက်ခေါင်ချာ၊ နန်းပွင့်လျာမှာ၊ မသာစိတ်တွင်၊ နှေးလှထင်သည်။ ။**မြင်းလျင်စိတ်ကရွေးသတည်း။** ။

၁၅၁။ **ငှက်ထံသည့်နှယ်၊** ကြောက်ဘွယ်သည့်ဆင်၊ အကျူးပင်ကို၊ ထိပ်တင်ဘုန်းဝါ၊ နန်းပွင့်လျာကား၊ စိတ်မှာနှေးဖင့်၊ ထင်သဖြင့်လျှင်၊ ရည်ရှင့်မဏီ၊ တရှိတရှင်း၊ သန့်ရှင်းပြစ်စင်၊ မေယကုံရ၊ ဘင်္ဂဟူသည်၊ အမည်သာလှ၊ မာဂဓကို၊ မြန်မာ့အလို၊ ဆိုသော်သံညင်း၊ တိမ်ညွန့်နင်းဟု၊ ဘက်ကင်းပြိုင်သော်၊ မြင်းယာဉ်ကျော်ကို၊ ဘုန်းမော်ညွန့်လူ၊ စီးတော်မူက၊ တူနိုင်းမမျှ၊ ဥဒေါင်း ကသို့၊ ရင်ကစသည်၊ လည်ကိုမိုးအောင်၊ ထောင်၍ ရိုတ်ကွေး၊ မေးကိုကပ်လျက်၊ ပျပ်၍နောက်ခြေ၊ ရပ်မနေတည့်၊ မှတ်သည်ရှူးရှူး၊ ပြူးပြူးမျက်စိ၊ ထွက်လူရှိမျှ၊ မုန်သာ့စတော၊ တိမ်ခြေမိုးဝ၊ ပျံကြွဘွယ်ချင်၊ ရှင်သည်လူရွှ၊ ထွတ်နေကျကို၊ ကျွန်လှနိုင်နင်း၊ အိမ်ရှေ့မင်းမှာ၊ သန်ပြင်းတဖန်၊ ထပ်ပြန်မောင်း၍၊ ယနေ့ရွှေပြည်၊ ရောက်ချိမ့်မည်ကို၊ ဖြီးစည်အများ၊ မင်းသား,မှူးမတ်၊ ဝန်းပတ်ရံပေါင်း၊ မြင်းဆယ်သောင်းနှင့်၊ လျင်ကြောင်းမကြာ၊ ကြွခဲ့လာ၍၊ အောင်ချာပူရ၊ ဇေယျကျော်ချောက်၊ ရွှေပြည်ရောက်က၊ ထုံ့တောက်ဘုန်းကျော်၊ အိမ်တော်ကျယ်ဝင်း၊ ဝင်းတော်တွင်းသို့၊ လျင်ပြင်းခုံမင်၊ မြင်းနှင့်ဝင်၍၊ ရယ်ရှင်သာပျော်၊ ပျောင်းဦးတော်သို့၊ မြော်သည်ရှိလျှင်၊ မင်းရှင်တူကွ၊ ကြိုနေကြကို၊ ပျပျပျောင်းအိ၊ မျက်စိရှာကြည့်၊ မမြင်သည့်ကြောင့်၊ ချည့်ချည့်ဆာပူ၊ နှလုံးဆူသည်။ ။**မီးတူကိုယ်လုံးနွေး၏တည်း။**

၁၅၂။ **သို့မှုရက်ရက်၊** အိမ်တော်ထက်သို့၊ တက်တော်မူပြီး၊ မြတင်းကြီးမြောက်၊ တံခါးပေါက်ဖြင့်၊ ဘုန်းမောက်ဖြိုးလူ၊ ဝင်တော်မူ၍၊ မွေးကြူကြိုင်ပျ၊ မင်းလှ မင်းလှ၊ ဘယ်ကိုကြွဟု၊ မိန့်ဟဆောလျင်၊ ဒေါ်လျက်ပင်တည့်၊ ရောင်ထင်ပြူးပျက်၊ ဆောင်မ ထက်သို့၊ စုံမက်ဘွယ်တိ၊ ရောက်သည်ရှိက၊ မောင်းမ,ကိုယ်လုပ်၊ ရုံအုပ်လှကျော်၊ အိမ်တော်အကြီး၊ ပုံဖြိုးများစည်၊ မြင်သည်သမီး၊ ဖြင်ညီးများလှ၊ ရှိသမျှကို၊ လောကာသုံးခွင်၊ စိုးမည့်ရှင်သည်၊ မြင်လျှင်အူသည်း၊ ဖိမ့်ဖိမ့်ကြည်း၍၊ ချုပ်တည်းမနိုင်၊ သံအိုင်ပြင်းပြ၊ ငိုကြွေးကြသော်၊ ယဉ်လှသည့်ရှင်၊ ထွတ်ထိပ်တင်လည်း၊ မထင်ရေးရာ၊ လှန်စွာပူပြင်း၊ ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com



တွင်းဝယ်၊ ချက်ခြင်းမကြာ၊ ဘာသာပါဠိ၊ မဏိပုပ္ဖ၊ မြန်မာ့အမှု၊ ယဉ်နုကျူးရင့်၊ မြပွင့်မည်ငြား၊ ရွာကိုစားသည်၊ ထံပါးစေပါ၊ လိမ္မာရေးခွင့်၊ မြပွင့်ကတော်၊ ထွေငေါ်ဟုတ်သျှောက်၊ လျှောက်သောခါဝယ်၊ ဟယ် တခွန်းပ၊ မိန့်ဟာသံရင့်၊ မဆင့်တတ်နိုင်၊ ဂနိုင်လှိုက်ဆူ၊ ကိုယ်လုံးပူ၍၊ သည်းအူဗုန်ဝေ၊ မိန်းမေ့လေသော်၊ ရဝေဘုံလုံး၊ ပေါင်းရုံးညားညီ၊ စီစီဖြိုဖြို၊ လာကုန်ကြ၍၊ သုဒ္ဓဝါဒီယာ၊ မည်ရတွင်ခေါ်၊ သမားတော်တို့၊ မြော်ခေါ်သင့်ရေး၊ နှလုံးသွေးနှင့်၊ နှောင့်နှေးမရှိ၊ လျော်စွာဘိသည်၊ အတိသီလ၊ သာရဂန္ဓ၊ စသည်ဆေးဝါး၊ ယှဉ်ကြငြားမှ၊ မှတ်သားရူတ၊ သတိရသည်။ ။**မှိုင်းမျှဝေချေသေး၏တည်း။**

၁၅၃။ **မှိုင်းမျှမူးဝေ့**၊ သက်သာပြေသော်၊ ဘုံရွှေနန်းမ၊ စိုးရအချာ၊ မကယ်ပါဟု၊ နရိန္ဒာဒေဝီ၊ မဟေသီအား၊ မှာထားသ၍၊ အောက်မေ့ပေါင်းစည်း၊ ဝမ်းပန်းနည်း၍၊ ရှုတ်ခြည်းမကြာ၊ ထလာလျှင်ပြင်း၊ ရွှေနန်းတွင်းသို့၊ ဝင်လျှင်းပြီးသော်၊ မယ်တော်မြတ်ကို၊ လျှောက်လေဆို၏၊ နဂိုရ်နန်းမ၊ အစိုးရသည်၊ ထွန်းပထင်ရှား၊ မိခင်ဖျား ။ ရပ်ခြားကျူးကျော်၊ ကျွန်တော်စစ်ခွင်၊ မသွားခင်က၊ အရှင်တို့သာ၊ ကိုးကွယ်ရာဟု၊ မျက်နှာညှိုးလှ၊ ကျွန်တော်မနှင့်၊ ရွှရွှနနယ်၊ သားသူငယ်ကို၊ ဘုန်းကြွယ်ထွတ်ချာ၊ မ-စ-ပါဟု၊ လျှောက်မှာခဲ့လျှင်၊ အရှင်တို့က၊ မကြောင့်ကြနှင့်၊ မိန့်ဟသောအား၊ ဖြောင့်သားစိတ်ရည်၊ ကျွန်တော်သည်ကား၊ မလည်မချော်၊ အမှုတော်ကို၊ ကျူးကျော်လုံ့လ၊ ကုံတွင်လှအောင်၊ အားရအလုံး၊ ငြိုးဆုံးသေချာ၊ ထမ်းရွက်ပါ၍၊ မေတ္တာသမ်းညို၊ ကျွန်တော့ကိုကား၊ နဂိုရ်ထွတ်ဖျား၊ မသနား၍၊ ပုဏ္ဏားပါပ၊ စာရီမျှသည်၊ ဒုက္ခပူပင်၊ ပျက်စီးမြင်အောင်၊ သို့စင်ထူးထွေ၊ ကြံရလေရှင့်၊ မှတ်နေသို့ကို၊ ထောက်တွေးဆိုသော်၊ ထိုပုဏ္ဏားမှာ၊ စိတ်နာကြည်းခင်း၊ မရှိလျှင်းပြီ၊ မှန်ကင်း လူတွင်၊ အထွတ်တင်သည်၊ အရှင်မှာသာ၊ ကြောင်းရင်းစွာဟု၊ မသာမှတ်ကျိတ်၊ ကျွန်တော့်စိတ်သည်။ ။**လန့်ထိတ်ရှုံ့ကြောက်ဧး၏တည်း။**

၁၅၄။ **ယင်းသို့သာကြည်**၊ မျက်ရည်ရွှမ်းဖြာ၊ လျှောက်ဆိုရာသော်၊ အချာဘုန်းထွတ်၊ မယ်တော်မြတ်သည်၊ ဆွတ်လွတ်စုံမက်၊ လည်ကိုဘက်၍၊ ပြိုက်စက်မျက်ရည်၊ မိန့်ဆိုသည်ကား၊ သည်းကြားနှနယ်၊



အဘိုးငယ်။ ။သည့်နှယ်မောင်ပု၊ လွယ်မှုအလျင်၊ ချစ်မိခင်ကို၊ ပြစ်တင်လိုမို၊ ထဲးမျက်သိုနှင့်၊ မချိ-မသာ၊ မဆိုရှာနှင့်၊ တံတွာနေကျ၊ မိဘတို့သည်၊ ချစ်ကြည်သက်တူ၊ သား, မြေးဟူက၊ ကြီးထူဘေးဒဏ်၊ ရန်ကိုထားဘိ၊ ဏာမြူရှိမျှ၊ မငြိစေရက်၊ စုံမက်ဝမ်းက၊ ဆွတ်ကြင်ကြ၏၊ နေကျမှန်စွာ၊ သို့အရာတွင်၊ ငါမောင်ကိုမှ၊ မည်သူ-မတန်၊ ချစ်ကြူးလွန်အောင်၊ ထူးချွန်ထပ်လျှောင်း၊ ချစ်ပါကြောင်းကို၊ နန်းလောင်းပွင့်လျှာ၊ မိသည်းချာသည်၊ သိပါတော့သည်၊ ကြံစည်ဆန်းပြား၊ သည်ပုဏ္ဏားသည်၊ သံမျှားကောက်တူ၊ ရွယ်ချူထဲးသံ၊ တိတ်တိတ်ကြံ၍၊ တိုက်ဆိုးခိုက်၊ ကြိုက်၍ထွေလည်၊ ဖြစ်ရသည်ကို၊ ကြံစည်မသာ၊ သေလှရာတွင်၊ သည်းချာမောင်ပု၊ ဘယ်ပြုစိတ်ရှိ၊ ဆိုပါဘိသည်၊ မချိဝမ်းတွင်၊ ထပ်ကာပင်သည်။ ။**မရွှင်ညှိုးပူဆွေး၏တည်း။**

**၁၅၅။ သို့ဆိုလတ်သော်**၊ သားတော်တခါ၊ လျှောက်သည်မှာကား၊ ရတနာပလ္လင်၊ မြတ်ညာတင်သည်၊ သန့်စင်မြတ်မျိုး၊ ထွတ်ထိပ်စိုး။ ။ မြတ်နိုး-ကြည်လင်၊ အရှင်စင်စစ်၊ ချစ်ပါပြီကား၊ သည်ပုဏ္ဏားသည်၊ စိတ်ထားမဲ့လှ၊ ငြိုးတိုင်းကျအောင်၊ ကြံရမည်လား၊ ထွတ်ထိပ်ထားသည်၊ မသနားပါ၊ ၍သာသည့်နှယ်၊ အံ့ဘွယ်တစစ်၊ ဖြစ်ရသည်ပ၊ သင်းမျှပုဏ္ဏား၊ မွှားခန့်လောက်ကို၊ ရွှေမှောက်ထွတ်တိုင်၊ စိုးမပိုင်သည်၊ မနိုင်၍ထား၊ ထွတ်ဖျားမှန်ကူ၊ လျစ်လျူရှုကာ၊ နေ၍သာလျှင်၊ အောင်ချာထိပ်မိုး၊ ရွှေသို့စိုးသည်၊ တန်းခိုးထန်ပြင်း၊ အိမ်ရှေ့မင်းနှင့်၊ မကင်းရှည်စွေ၊ အိမ်ရှေ့ထွတ်ထား၊ မိဖုရားဟု၊ ကျော်ကြားဗုန်ဝှေ၊ မြင်းမိုရ်ဝေ့ဝယ်၊ နန်းဝေယန်ဖျား၊ တမ်းခွန်လွှားသို့၊ ထင်ရှားပါလျက်၊ ပုဏ္ဏားပျက်ကြောင့်၊ ခဲးခက်ရေးရာ၊ ကမ္ဘာပြောင်းပြန်၊ စောက်ထိုးလှန်သို့၊ ထူးချွန်အားတွေ့၊ ဖြစ်ရ၍လျှင်၊ အောက်မေ့ဂလိုင်၊ မပြေနိုင်၍၊ ထွတ်တိုင်စိုးချာ၊ မိမြတ်စွာကို၊ လျှောက်ပါတော့သည်၊ နှုတ်ရည်ပမာ၊ အောက်မေ့ရှာသော်၊ လုံပါစိမ့်မှု၊ စောင်ရန်းမြုလျက်၊ သီးနှမှည့်ငြား၊ စောင်ရန်းစားဟု၊ ထူးပြားဆန်းကြွယ်၊ ဆိုသည့်နှယ်ပင်၊ အံ့ဘွယ်တူရှည့်၊ ဖြစ်ခဲ့၏ဟု၊ ဖြေဖြည့်မပျော်၊ ထွတ်ဘုန်းကျော်ကို၊ ကျွန်တော်စိတ်ရှိ၊ ပြစ်မှားမိသည်။ ။**စွန်းငြိသက်ာမြွေး၏တည်း။**

**၁၅၆။ ထို့နောက်မယ်တော်**၊ ဧတွင်ငေါ်ပုံ့ကြူ၊ မိန့်တော်မူ၏၊ ညွန့်လူဘုန်းတန်း၊ တက်သစ်လန်းသည်၊ ရွှေနန်းစိုးလျှာ၊ မိသည်း



www.burmeseclassic.com

www.burmeseclassic.com



ချာ။ ။ခြင်းရာကြပ်ကြပ်၊ တပ်အပ်ကြောင်းရေး၊ မသိသေးသော်၊ ရင်သွေးသက်ဝေ၊ ဆိုသင့်ပေ၏၊ ငှံနေပုံ့ပျူး၊ နာပါဦးလော့၊ လွန်ကျူးကျင့်ညစ်၊ ပုဏ္ဏားယစ်သည်၊ မချစ်ကြင်နာ၊ ယစ်စာမြည့်မြည့်၊ ထည့်မည်ဟူ၍၊ ယဉ်မြွေမူထား၊ မောင့်မြောက်သားကို၊ အများအုတ်အာ၊ ယူမည်သာဟု၊ ပျာပျာလာလာ၊ ပြေးဝင်လှာသော်၊ ငါလည်းလျင်လျား၊ သည်ပုဏ္ဏားကို၊ သနားမရှိ၊ သတ်ပါဘိဟု၊ မြည်ကြိုးအရှင်၊ မောင့်ဘခင်ကို၊ ဆောလျင်လျှောက်ချေ၊ အပြင်းစေ၍၊ သွားလေသူများ၊ တံခါးပိတ်ခဲ့၊ ဝင်ရာမဲ့ဟု၊ နောက်ငဲ့မကြာ၊ ပြန်ခဲ့လာသော်၊ ပြည်ချာထိပ်နှင်း၊ မင်းနှင့်ပုဏ္ဏား၊ မပြားစိတ်ညီ၊ ဖြစ်ချေပြီဟု၊ ယဉ်သည်ခပ်လျော့၊ ပျော့ပျော့စိတ်ရှိ၊ နေရှာမိသည်၊ သတိယွင်းကွက်၊ သည်အချက်မှာ၊ ဆက်ဆက်စင်စစ်၊ မရှင်ဖြစ်ပင်၊ ဖြစ်ပချေ၏၊ နှိုင်းရှည့်ဆင်ခြင်၊ မရှင်တင်လျှောက်၊ မဘောက်မမှား၊ ပုဏ္ဏားနှင့်မင်း၊ စိတ်ချင်းတူမျှ၊ ညီချေကမူ၊ ခဲလှကြီးရေး၊ ဝေးသည်မှတ်လား၊ သည်းကြားရွှေစင်၊ မောင်ရောက်လျှင်လည်း၊ ဖြစ်တင်မကြည်၊ ခံရမည်ကို၊ ကြံစည်လျက်ပင်၊ မ-ရှင်စိတ်က၊ ကြောက်နှင့်လှ၏၊ အစ်မစိတ်မှာ၊ မသက်သာသည်။ ။ **ဗျာပါဒ်စုစည်းဝေး၏တည်း။**

**၁၅၇။ မင်းနှင့်ပုဏ္ဏား၊** နှစ်ပါးလိမ်လည်၊ ကြံသည်ဖြစ်မည်၊ ဆောက်တည်ဝမ်းက၊ အစ်မ အရှင်၊ ဆင်ခြင်မှတ်နှိုင်း၊ ယူသည့်တိုင်းလည်း၊ ထို့ပိုင်းမြဲပင်၊ မောင့်ဘခင်သည်၊ စိတ်တွင်အထူး၊ ကြံပေဘူးတည့်၊ အကျူးဆန်းပြား၊ သည်ပုဏ္ဏားသည်၊ မင်းဖျားရာဇာ၊ လူ့ထွတ်ချာကို၊ ဘွေရှာကွေ့လည်၊ လှည့်စားသည်ကို၊ ရိပ်ခြည်အစ၊ က-သိရမူ၊ ယုတ်လှလူမျိုး၊ သင်မျှဆိုးကို၊ အစိုးတပိုင်၊ မနိုင်ဟူလည်း၊ ဖြစ်တော့မည်လား၊ ရင်သားရွှေစင်၊ မောင့်ဘခင်နှင့်၊ မ-ရှင်တို့ကို၊ မျက်လိုဝမ်းမှာ၊ မသင့်စွာဟု၊ အနာတရ၊ မယူဆနှင့်၊ ဝေးလှရပ်မြေ၊ ခွါလေရှဲ၍၊ မောင်သွားနေ့မှ၊ အလွမ်းစ၍၊ နေ့လရှည်ကြာ၊ မည်သည်မှာမှ၊ ဗျာပါမကင်း၊ ရှိစဉ်တွင်းဝယ်၊ ဖြုဝင်းယဉ်နု၊ တို့သက်စုသည်၊ မောင်ပုတာဖန့်၊ ထပ်လှောက်ပြန်၍၊ လွမ်းဒုန်လိုက်ပွက်၊ ဆင်းရဲနက်မျှ၊ မသက်-မသာ၊ မီးစာ အလျှောက်၊ မီးလျှံတောက်တွင်၊ ထပ်လှောက်ရှိန်းရှိန်း၊ ထောပတ်ဆန်းသို့၊ ချစ်ဝမ်းပူလှ၊ လွမ်းလောင်ရ၏၊ ဒုက္ခကြီးစွာ၊ သည်အရာသည်၊ ကံသာ-ဥစ္စာ၊ ကံသာ-ဆွေမျိုး၊ ကွယ်ကိုး



စရာ၊ ကံသာ-နေကျ၊ ယင်းမူလဟု၊ သကျွထွတ်ထား၊ ဘုရားမြွတ်စွာ၊ ဟောသည်မှာတိုင်း၊ ထို့ပိုင်းမတည်၊ ဖြစ်ရသည်ကို၊ ဖြေဆည်မှတ်သား၊ နှလုံးထား၍၊ သည်းကြားရတနာ၊ စိတ်ဖြေပါဟု၊ မေတ္တာမြင်းမိုရ်၊ မယ်တော်ဆိုသည်၊ ။**သံချိုဝန်းသို့မွှေး၏တည်း။** ။

၁၅၈။ **ထို့နောက်သားတော်၊** လျှောက်ဟန်သော်ကား၊ ထွန်းပေါ်ခတာဇ၊ ဘုန်းရောင်ပသည်၊ နန်းမ သခင်၊ တို့မ-ရှင်။ ။ကောင်းကင်နှင့်မြေ၊ ဝေးသောထွေသို့၊ တူနေမမျှ၊ မဘက်ရလျှင်၊ ဒေါသစိတ်အား၊ ပုဏ္ဏားမျှသည်၊ ဘွေနှည်နှိပ်စက်၊ နိုင်ထက်ထူးထွေ၊ ပြုရလေဟု၊ မှတ်နေယူမိ၊ ရှိ၍တချက်၊ စဉ်ဆက်နှောင်းရှေး၊ နီးဝေးကာလ၊ မည်တွင်မျှလျှင်၊ ကြိမ်းရဘူးရှာ၊ မဟုတ်ပါလျက်၊ ဝေးစွာရွှေတောင်၊ ဂိရိခေါင်က၊ တိုင်အောင်သည်မှာ၊ ရောက်လှာတူပင်၊ စံရကြင်မှု၊ သို့စင်ယွင်းကွက်၊ ဖြစ်ရချက်ကြောင့်၊ လိုက်ပွက်ဝမ်းမှာ၊ မသက်သာ၍၊ အောင်ချာနန်းမ၊ ထွတ်ဘုန်းပကို၊ ဒေါသစွန်းငြိ၊ ရှိသည်စိတ်နှင့်၊ ဘွင့်၍မနေ၊ လျှောက်ပချေ၏၊ စိုးနေနန်းမ၊ ဘုရားရွှေနှုတ်၊ သို့မဟုတ်ဘူး၊ မယုတ်ဆံခြည်၊ သို့မှန်သည်ဟု၊ ပုံ့ကြည်ကြိုင်မွှန်း၊ မိန့်တော်ညွှန်းသော်၊ ပွင့်လန်းလတ်လတ်၊ ဗျာဒိတ်မြွတ်ကို၊ ထိပ်ထွတ်ဦးဆီ၊ တင်ပါပြီဟု၊ ချစ်ညီထွေငေါ်၊ တရားတော်နှင့်၊ ဖြေဖျော်ထောက်ချင့်၊ စိတ်ပြေသင့်ဟု၊ ကြိုင်လွှင့်ပုံ့ချို၊ မိန့်ခွန်းကိုကား၊ လွဲဆိုခပ်ခွါ၊ လျှောက်နေပါသည်၊ ကျမ်းလာဘွေဖေါ်၊ ဗျာဒိတ်တော်နှင့်၊ သင့်လျော်ညီစွာ၊ ကင်းကွာဒုက္ခ၊ ဟူသမျှပင်၊ နေကျမြဲပင်၊ ကံသာရင်၏၊ ပူပင်သည်မှာ၊ ချမ်းသာကားချို့၊ ဆင်းရဲဘို့ဟု၊ ကံသို့ကျွန်တော်၊ ထင်ပါသော်လည်း၊ ဖြေဖျော်မသာ၊ လွမ်းတာ တောင်ရှည့်၊ မောက်ခဲ့သည့်ကြောင့်၊ ချည့်ချည့်ပျောင်းပျ၊ ကျွန်တော်မသည်၊ ပုံကြွသွားရော၊ ဟောမာသာထွတ်၊ ဂိရိမြွတ်သို့၊ မြဲမှတ်ရည်တပ်၊ ယနေ့ပင်လျှင်၊ အလျင် မကြာ၊ လိုက်ပါတော့မည်၊ မသွေဖည်သည်၊ **ရွှေရည်စိတ်ဇောပြေး၏တည်း။**

၁၅၉။ **ယင်းသို့လှယ်ဖယ်၊** သားမယ်တော်မင်း၊ ကြောင်းခြင်းထွေပြား၊ ဆိုသည်ကြားသော်၊ မင်းဖျားရာဇိန္ဒ၊ ရာဇ-မှန်ကူ၊ မိန့်တော်မူသည်၊ ဇမ္ဗူဗိမာန်၊ စိုးဆက်ရန်သည်၊ ဘုန်းဗုန်တက်သစ်၊ ရှင်ချစ်သက်

www.burmeseclassic.com

www.burmeseclassic.com



မုနိန္ဒသည်၊ မိတ္တဒုဗ္ဘော၊ ဟိ-ပါပကော၊ ဟောသည်မြွက်ဖေါ်၊တရားတော်ကို၊ ထင်ပေါ်သိလျက်၊ သွမ်းပျက်ညစ်ကျူ၊ အနုပိယဘာဏီ၊ ဒုဿီလူမျိုး၊ ခင်ပွန်းဆိုးကို၊ အကျိုးလိုမည်၊ မှတ်တည်ချေမိ၊ ငါ့ဝန်ရှိ၏၊ သတိ စာနာ၊ တကြောင်းမှာလည်း၊ ဥဂ္ဂါ ပုံလျှစ်၊ အရပ်မျက်နှာ၊ တောက်ဝါလင်းထင်၊ လျှင်တော်ရိုက်၊ အခိုက်အခါ၊ လနှာ-နေကြတ်၊ နက္ခတ်ထိပါး၊ ထူးပြား အိပ်မက်၊ ပြက်ပြက်ထင်ခြင်း၊ ဤသပင်းနိုက်၊ ရှေးမင်းစဉ်လာ၊ ပါဏာတိပါတ်၊ သူ့သက်လွှတ်လျက်၊ အတတ်အလွဲ၊ ကု မ မြီးဖြင့်၊ မလွဲနေကျ၊ ကုမစိမ့်မည်၊ ခန့်ထားသည်ကို၊ ကွေ့လည်ထဲးသံ၊ သည့်နှယ်ကြံ၍၊ လူ့ထံရပ်ဝယ်၊ ဆန်းကြယ်ထူးလှ၊ သို့ဖြစ်ရသော်၊ ဒေါသငါ့မှာ၊ မလွတ်သာပြီ၊ ပြစ်ဆာမြေးရစ်၊ ငါ့အဖြစ်ကို၊ ဥပရာဇ်နန်းလျာ၊ သည်းခံပါတော့၊ ဟောမာတောင်မြတ်၊ ဂိရိထွတ်သို့၊ ရည်မှတ်ရှေးရှု၊ လိုက်မည်ဟူ၍၊ ငယ်မူ-ငယ်ထား၊ဆိုစကားကား၊လားလားပင်သာ၊ မသင့်စွာသည်။ ။ **ထောက်ညှာပါလေ့ဘွယ်ဘွယ်တည်း။** ။

၁၆၀။ **မောင့်မြောက်သားသည်၊** ထင် ရည်မှတ်သား၊ ဘယ်ကိုသွား၍၊ တိုင်းကားသာစည်၊ ဘယ်ပြည်-ဘယ်မြို့၊ ဘယ်သို့ရှေ့ရည်၊ ရောက်လိမ့်မည်မျှ၊ ကြံစည်ရေးရာ၊ မသိသာခဲ့၊ ဟေမာမည်မှတ်၊ ဂိရိထွတ်သို့၊ မတ်မတ်မသွေ၊ ရောက်လေပြီဟူ၊ မှတ်ယူမကွက်၊ မြီးချက်ထင်ပေါ်၊ သိရသော်လည်း၊ မြော်ခေါ်အရေး၊ မလွယ်သေးဘူး၊ လွန်ဝေးလှစွာ၊ ဟောဝန္တာကား၊ ငါးရာအစောက်၊ မောက်မောက်ဆောင်းဆောင်း၊ ရှစ်သောင်းလေးထောင်၊ အထွတ်ဆောင်လျက်၊ ကုန်အောင်ခဲးခက်၊ ချောက်ရှိုက်သက်နှင့်၊ သစ်ခက်ပေါင်းလည်း၊ အုပည်းပည်းတိ၊ မြက်မည်းတောကြီး၊ပိတ်ဖြိုးဝါးရုံ၊ စေးချုံအင်တိုင်း၊ ဖြိုင်ရှိုင်းလျှင်၊ သစ်ကျိုင်းမြိုင်နက်၊အရှက်ရှက်နှင့်၊ တက်သက်ခဲးအင်၊ ကျား,ဆင်,ခြင်္သေ့၊ တိုးခွေ့မအား၊ နဂါး,ယက္ခ၊ကန္ဒာရကို၊ လမ်းချသိမှန်၊ ဘယ်သူညွှန်၍၊ နန်းရန်ဘုန်းသစ်၊ ဘ-ရင်နှစ်သည်၊ ဆုတ်နစ်မယို့၊ဘယ်သို့မောင်လှ၊သွားပါရနည်း။ဖြင်ပည်းဘေးမျိုး၊ ရန်ကိုတိုး၍၊ အကျိုးမထင်၊ ပုပင်ထက်စွန်၊ မခန့် မညား၊ မောင်မသွားနှင့်၊ မမှားနေကျ၊ မောင့်နှမသည်၊မိဘနေတည်၊ ရပ်ဟောင်းပြည်သို့၊ ရောက်သည်



မှန်လျှင်၊ တို့ရပ်ခွင်သို့၊ နောက်ငင်တခါ၊ လာလှာလိမ့်မည်၊ မသွေဖည်သည်။ ။**ငံ့ဆည်ပါလေ့သွယ်သွယ်တည်း။** ။

၁၆၁။ **ထိုမှရှင်ပျော်၊** မလာသော်လည်း၊ မြေပေါ်ကျွန်းထိပ်၊ ဇမ္ဗူဒိပ်တွင်၊ ဖြူရိပ်ဆောင်းကာ၊ မင်းတကာတို့၊ သည်းချာရင်တွင်း၊ နတ်ရောင်ဆင်းသို့၊မယှွင်းပမာ၊ နုကညာတည့်၊ ဖြိုးရှာလှည့်၏၊ ရွှေမှည့်ဆင်းဝါ၊-မောင်ကြိုက်ရာကို၊ ဘွေရှာလှည့်ရွေး၊ ဘကြီးပေးမည်၊ ပူရေးမရှာ၊ ချမ်းသာသဖြင့်၊ ရွှေနန်းမြင့်ထက်၊ မင်းမင့်သည်းချာ၊ ရတနာမှတ်သား၊ ကိုယ်လုပ်များနှင့်၊ စိတ်အားဖျော်ကာ၊ စံနေပါတော့၊ ဘ-ရာထီးစည်၊ နန်းရွှေပြည်ကို၊ စိုးရည်ခန့်လျက်၊ တဘက်တည်းသာ၊ ရှုရာမျက်စိ၊ရှိသသူနှင့်၊ မှတ်ယူဆောက်တည်၊ ချစ်ပါသည်ကို၊ ကြံစည်ဘွေရှာ၊ ဗျာပါလောင်းဆင့်၊ မရှာနှင့်လေ့၊ ပျံလွှင့်ပေါ့လျှို၊ မောင့်အကြံကား၊ နိုင်ငံလုံးသူ၊လူတို့စီးပွါး၊ ဘုရားဖြစ်ဘို့၊ ဆွေမျိုးချမ်းသာ၊ စရိယာသုံးပါး၊ ကျင့်တရားတွင်၊ တပါးပါးမျှ၊ မဆိုရခဲ့၊ မောင်လှငယ်မူ၊ စိတ်မနုနှင့်၊ မြော်ရှုသင့်လျော်၊ ငါ့မိန့်တော်ကို၊ ရှင်ပျော်သာယာ၊ နားထောင်ပါဟု၊ ရာဇာမင်းဖျား၊ တောင်းပန်ငြားလည်း၊ ထွတ်ထားမင်းလျာ၊ ဥပရာမှာ၊ မနာလှည့်ချင်၊ နားမဝင်တည့်၊ မင်းရှင်သူဇာ၊ ဆင်းသိင်္ဂါသည်၊ ဟေမာမည်ရှိ၊ ဂိရိသို့သာ၊ ရောက်ရာမချွတ်၊ စူးစူးမှတ်လျက်၊ သက်ကိုစွန့်၍၊ မတွေ့ တွေ့အောင်၊ မကွေ့မလည်၊ လိုက်တော့မည်သည်။ ။**ကြံစည်အပြီးရှယ်ရှယ်တည်း။** ။

၁၆၂။ **အာဇာနည်စိတ်၊** မထိတ်မရွံ၊ ဤသို့ကြံလျက်၊မြီးမြီရည်ရော်၊ လျှောက်သည်သော်ကား၊ ဘုန်းတော်ဖြိုးစည်၊ ကြီးသည်ဘုရား၊လူ့ထွတ်ထား။ ။ကြိုးစားဆောက်တည်၊ ကျွန်တော်သည်လျှင်၊ မြေးလည်းတဏှာ၊ အနာသဝါ၊ မဟုတ်ပါဘူး၊ရာဂါဒေါသ၊ မောဟမိတိ၊ သိသည်ချက်ကို၊ ငြိမ်သက်စိမ့်မည်၊ ဖြေဆည်ပြီးတိုင်၊ မတတ်နိုင်ပါ၊ အကြောင်းမှာလည်း၊ မိန့်ဗျာဒိတ်တော်၊ ထွေငေါ်ပန်းသွင်၊ ဟတိုင်းပင်လျှင်၊ မရှင်မပျူ၊ ကျွန်တော်မသည်၊ ပုံကြွလေရာ၊ ဘယ်ရွာဘယ်မြို့၊ ဘယ်သို့ရှေ့ရည်၊ ရောက်လိမ့်မည်မျှ၊ မသိရ၍၊ စိတ်ချကျွန်တော်၊ ဖြေဖျော်တားဆည်၊ မနေတည်ခဲ့၊ နေပြည်တုမ္ဗိ၊ တောင်ဂိရိသို့၊ စွန်းငြိမထင်၊ ရောက်ပါလျှင်လည်း၊ သာရှင်မကွေ၊ ဖူးရစေတော့၊ ပျံလေသွားရာ၊ အာ

www.burmeseclassic.com

www.burmeseclassic.com



ကာလမ်းတွင်၊ သေပျောက်လျှင်လည်း၊ မြပြင်လိုရာ၊ ကြမ္မာယွင်းယို၊ သေကြောင်းကိုမျှ၊ သိရစင်စစ်၊ ဖြစ်ပါစေတော့၊ ပြေလျော့ဗျာပါ၊ သို့မှ သာချေ၊ သက်သာရမည်၊ ဖြစ်တော့သည်ဟု၊ ခွန့်ရှည်မြေဘာ၊ ဘေး များစွာဟု၊ မိန့်ဗျာဒိတ်မြွက်၊ ရှိသည့်ချက်မှာ၊ ငြိုင်ဘက်လွတ်ရှောင်၊ ဘုန်းတော်ဆောင်၍၊ တောင် အသဃကဏ္ဍ၊ စသည် ခုနစ်တန်၊ မကျန် ထင်ရှား၊ မြင်းမိုရ်ခြားလည်း၊ ရှောင်ရှားမဲ့လျှင်း၊ ဘေးကိုနင်းလျက်၊ ထန်ပြင်းပတ်ခြိမ့်၊ သွားပါလိမ့်သည်။ ။**ရောက်စိမ့်အသာ လွယ်လွယ် တည်း။** ။

၁၆၃။ **ဆောင်းထီးမြူဝါ၊** မင်းတကာတို့၊ သည်းချာ ရင်တွင်း၊ နတ်ရောင်ဆင်းကို၊ လျှင်ပြင်းကောက်ရွေး၊ များစွာပေးသည်၊ ပျို့မွေး တွေသာ၊ မိန့်ရာမှာလည်း၊ များစွာဖြိုးလှည့်၊ မည်သည့်မိန်းမ၊ ကိုမျှ ကျွန်တော်၊ ရှင်ပျော်စိတ်တွင်၊ မထင်မိပါ၊ မျောက်နှယ်သာလျှင်၊ရုပ်ဝါ ဆင်းမဲ့၊ ထင်မိခဲ့၍၊ တိုင်းရှဲ့သုံးဖြာ၊ စရိယာမည်၊ လွှဲးဖည်မကြိ၊ ကျင့်ပေါ်လျှိုဟု၊ တွေသံတော်ကို၊ လျှောက်ဆိုဝံ့မည်၊ အကြောင်းသည် ကား၊ ဆောက်တည်မရ၊ ကျွန်တော်မသည်၊ ပျို့ကြွလေသော်၊ ခဲးလှော် ရေးရော၊ ခရီးမှာနိုက်၊ ခန္ဓာပြတ်ကြွေ၊ သေလေမသိ၊ ဂိရိဟေမာ၊ ရွှေ တောင်ချာသို့၊ ရောက်ပါလေသည်၊ ဖြစ်မည်မသိ၊ သို့ရှိသဖြင့်၊ ချီးမြှင့် လို့လ၊ ဝီရိယကို၊ မကြွစေနိုင်၊ ကြံမှိုင်လက်ကျ၊ စိတ်ကိုချ၍၊ ပျောင်း ပျန္တမ်းရိ၊ မရှိသည်သာ၊ ပူဆာလိုလို၊ နေသည်ကိုလည်း၊ ခဲးငြိုငြင် စွာ၊ အဘယ်မှာလျှင်၊ စရိယာသုံးပါး၊ ကျင့်တရားကို၊ ကြိုးစား ဖြည့်သည်၊ ဖြစ်တော့မည်လည်း၊ ထင်ရည်ဖြောင့်ဖြောင့်၊ သို့သော ကြောင့်လျှင်၊ စိုးနှောင့်ဗျာပါ၊ ပြန်သွားရာတွင်၊ သေလျှင်သေသည်၊ မှတ်တည်နေကျ၊ သိရလျှင်းအောင်၊ ရွှေတောင်ရပ်ခွင်၊ သို့ရောက်လျှင် လည်း၊ အလျှင်မကြာ၊ ခေါ်ခဲ့လာ၍၊ သည်မှာသားငယ်၊ ထွားနှ နယ်နှင့်၊ ရွှင်ရယ်တကွ၊ ပေါင်းစေရမှ၊ ပုဏ္ဏဒါရသ၊ သဂ်ဟက၊ စ၍စရိယာ၊ သာသာသောင်သောင်၊ ဆောင်ရအောင်ကို၊ ဘောင် ဘောင်ပြောကျယ်၊ ပင်ပယ်လယ်ဝယ်၊ ငြိတွယ်မလည်၊ နစ်သည် ယောက်ကျား၊ ကျူးသည့်လားသို့၊ စွမ်းအားလို့လ။ ဝီရိယကို။ ။ **ချိကြွပါမည်လွယ်လွယ်တည်း။** ။



၁၆၄။ **ခမည်းတော်မင်း၊** သံညင်းပျို့ကြည်၊ ဆိုပြန်သည်ကား၊ လေး မည်သစ္စာ၊ ပွင့်ဆုရှာသည်၊ နန်းလျာရည်ခင်း၊ အိမ်ရွှေမင်း။ ။ကြိုင် ရှင်းပျို့ရှား၊ မောင့်စကားကား၊ ထက်ဖျားခွေခေါက်၊ လိုရာရောက် အောင်၊ ဖြစ်မြောက်ကြောင်းကို၊ ဝင်ထွက်ဆိုသည်၊ သံချိုကွန့်ရစ်၊ လွန် ပြေပြစ်စွ၊ ကြင်ချစ်သက်မျှ၊ မိနှင့်ဘတို့၊ ဆုံးမသာကြည်၊ မြစ်ထားသည် ကို၊ သွေဖည်ယို့ယွင်း၊ ဆန်ငြင်းသဖြင့်၊ မသင့်ဘူးမောင်၊ မှတ်နား ထောင်လော့၊ ယခေါင်ရှေးဝယ်၊ ကျေးသားငယ်သည်၊ သင့်ရွှယ်ဆုံးမ၊ မိဘစကား၊ မနာခြားဘဲ၊ ဖန်လဲးမနေ၊ ပျံ့သွားချေ၍၊ ကျယ်တွေ မြစ်မ၊ သာဂရထက်၊ ကျ၍အသက်၊ ဆုံးပျက်မရှည်၊ သေဘူးသည်ကို၊ ပွင့်မည်နန်းလျာ၊ မကြားပါလော့၊ တွေလာထူးလှ၊ သည်ကိစ္စတွင်၊ ဉာဏတန်ခြောင်၊ ထွန်းဝါပြောင်သည်၊ မောင်ဥပရာဇ်၊ ဘ-ရင်နှစ်ကို၊ ဟန့်မြစ်ဆုံးမ၊ ဆိုခက်လှ၍၊ အဘသည်းချာ၊ ပူလောင်ဆာစွ၊ ရေး ရာမြော်ကြည့်၊ မသင့်သည့်ကြောင့်၊ ချော်ဖြည့်ကြိမ်ဖန်၊ ငါတောင်းပန် ရှင့်၊နန်းရန်ရည်သွား၊ ဘ စကားကို၊ မှတ်သားဝမ်းမှာ၊ မှတ်ယူပါ က၊ အခါရှည်လျား၊အကျိုးများသည်။ ။**စီးပွါးတွင်တွင်ကျယ်ကျယ် တည်း။**

၁၆၅။ **သားတော်တဖန်၊** လျှောက်ပြန် သည်မှာ၊ ဘုန်းဝါလျှံ တောက်၊ ရန်မှောင်ပျောက်သည်၊ ရွှေမှောက်ဘုရား၊မင်းမင်းဖျား။ ။ မည်သားရှေးနှိုက်၊ ကျေးသားမိုက်နှင့်၊ တိုက်ရိုက်နှိုင်းချော်၊ မှုံမြ ဖေါ်သည်၊ တွေပေါ်သံချို၊ မိန့်တော်ကိုမှာ၊ လျှောက်ဆိုတုံ့လှန်၊ ပြန် ချေစရာ၊ မရသာပြီ၊ ဝေးစွာရှည်မြင့်၊ မသွားနှင့်ဟု၊ သွားခွင့်ဆီးဟက်၊ ဗျာဒိတ်ချက်ကို၊ ထိပ်ထက်တင်ကာ၊ မခွါမြဲလှ၊ နေချေကမူ၊ ဘုရား ကျွန်တော်၊ ခဲးလှော်ရေးရာ၊ လ-မကြာပြီ၊ ခန္ဓာလုံးလုံး၊ ဆုံးရတော့ မည်၊ မြဲးတည်တည့်တည့်၊ မှန်ခဲ့သည့်ကြောင့်၊ ရွှေပြည့်ထိပ်မိုး အစိုးတရ၊ ပိုင်သဗ္ဗီ၊ ကျော်ညီပေါက်ပြု၊ ဇိဝိတဒါန၊ မြတ်စာဂ ကို၊ ကြည်စွစိတ်ဖြူ၊ ပေးတော်မူလော့၊ ရှေးရှူမိရာ၊ ခသွားပါမည်၊ နရာထိပ်ပန်း၊ ရွှေဦးနန်းသာယာ၊ ခွင့်လွှတ်ပါတော့၊ ဝေးစွာခရီး၊ ဟန့်ဆီးတေးရန်၊ တန့်တန်ကြောက်ဘွယ်၊ ဆိုရာဝယ်ကား၊ ရည်ရွယ် မြှော်ထား၊ ကျွန်တော်သွားက၊ ထင်ရှားမွန်ကြား၊ ဘုန်းတော်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လွင့်ပါးရန်ထောက်၊ ပပျောက် လိမ့်မည်၊ မှန်သည်ကိုကား၊ ဘုရားသည်မှာ၊ မရိုးပါနှင့်၊ မြူလွှာဆံခန့်၊ မကြောက်လန့်သည်။ ။ **မတွန့်စင်စင်ကြယ်ကြယ်တည်း။**

၁၆၆။ **သို့လျှောက်ပြီးလျှင်၊** နတ်ရှင်မင်းဖျား၊ဘ-ဘုရားနှင့်၊ ထွတ်ထားညာနေ၊ မယ်တော့်ခြေကို၊ ရှိသေညွှတ်ပျပ်၊ ပန်းပျပ်နဖူး၊ ဖောင်းတော်ကျူးနှင့်၊ ကြည်နူးနှစ်ခြိုက်၊ညွှတ်ဝိုက်ခဲ့ကာ၊ ထတဲ့လာ၍၊ မကြာထုတ်ချောက်၊ အိမ်တော်ရောက်က၊ ကကွလိစ္ဆ၊ ဝနရာဇာ၊ မည်သာကျော်ဟိုး၊ မတ်မှူးဆိုးအား၊ လျင်လျားမနေ၊ ခေါ်လေစေမှ၊ ရဝေဘုံကျော်၊ ဆောင်မတော်မှာ၊ သီဟာသန၊ သလွန့်မြထက်၊ လျလျနွမ်းနယ်၊ သနားဘွယ်လျှင်၊ ဖြိုက်သွယ်ရွှမ်းစို၊ တကိုယ်တော်တည်း၊ လူးကာလည်း၍၊ ချုပ်တည်းမဟည်၊ ရှုတသည်ကား၊ စံရည်သိင်္ဂီ၊ မမှီနိုင်းဆ၊ ဝေပုမြလည်း၊ မမျှနှုန်းနှန်း၊ ကုန်ခန်းလွန်ကျူး၊ မရဘူးကို၊ အထူးတွေလည်၊ ရပေသည်ဟု၊ ဆောက်တည်လေးနက်၊ အသက်ဆယ်ဆ၊ လုံး မကပင်၊ နေကျစိတ်တွင်၊ ကျွန်ုပ်ထင်သည်၊မင်းရှင်ယဉ်နု၊ မင်းရွှေဥငယ်၊ သေလူတုန်လှုပ်၊ ပူပန်ရှုပ်နှင့်၊ ကျွန်ုပ်စစ်ခွင်၊မသေခင်က၊ အလျင်လိုလှ၊ ငါးလမျှစင်၊ ပျောင်းပျညွှတ်ခွေ၊ မကြာစေနှင့်၊ သံခြေပျုံ့ကြည်၊ မိန့်ဟသည်ကြောင့်၊ ဆောက်တည်မမေ့၊ သည်နေ့ပြင်းပြ၊ လို့လပန်းကြီး၊ မှုမျိုးပြီး၍၊ မနီးမြေတာ၊ ခုရောက်ပါသည်၊ ဝမ်းသာစုံမက်၊ ရွှေနှုတ်ဆက်၍၊ နှစ်သက်ပျော်ပါး၊ ရှိမည်ထားဘိ၊ ထူးခြားတွေလာ၊ မျက်နှာတော်မျှ၊ပြုံမပြ၍၊ဒုက္ခသည်းစွာ၊ ဝေဒနာသည်။ ။ **ဝမ်းမှာလှိုက်ခဲ့ပြီတကား။**

၁၆၇။ **ရှေးကာလမှာ၊** မောင်သွားရာက၊ ပြန်လှာရောက်မည်၊ ဆောက်တည်ထင့်ထင့်၊ မြော်လင့်အညီ၊ နာရီပဟိုရ်၊ နိုးပြီဆိုက၊ နွဲ့ပျို ပြင်လျာ၊ ပရိတ်နာဆက်၊ တိုင်အောင်ထွက်၍၊ လက်လက်ရောင်ဝင်း၊ ပြတင်းကြီးမြောက်၊ တံခါးပေါက်က၊ အရောက်ဆီးဆ၊ ကြိုနေကြကို၊ မင်းလှဖြူဖြူ၊ နုအူအူသည်၊ အယူစိတ်ထဲ၊ ဘယ့်နှယ်ကွဲ၍၊ ကြိုမြဲး မောင့်ကို၊ မကြိုလွဲးသွေ၊ နေလေသနည်း၊ ဖြင်ပည်းချစ်ကုံ၊ ထပ်ပုံစုရာ၊ နုဝင်းဝါငယ်၊ ဆီးလှာမောင့်ကို၊ကြိုမြဲးကြို၍၊ ကြည်ညိုဘွယ်သာ၊ အရာခပ်သိမ်း၊မယိမ်းမဖည်၊ ကြသည်စိုက်စိုက်၊ မောင့်စိတ်ကြိုက်ကို၊ လိုက်၍



ပျော်မြိုး၊ နွဲ့းကာဖြူးဖြည့်၊ ဖျော်ပါလှည့်လော့၊ နိုင်းရှည့်စရာ၊ ပမာမရ၊ ချောလှကွက်ညီ၊ မောင့်အင်္ဂါကို၊ ရှုအီရွှင်လမ်း၊ အလျင်လှမ်းမှ၊ သာချမ်းစုံမက်၊ လက်ချိတ်ယက်သည်၊ ကပ်ကွက်ဝတ်လဲး၊ ညစ်ခံမြဲးကို၊ လွန်ကဲးစုံမက်၊ ယူတည့်ဆက်မှ၊ ပြုံးပြုက်ရွှေနိုင်း၊ ရောင်ဆိုင်းလျှံပတ်၊ ဘွဲ့ဝတ်ပြောင်ပြီး၊ သည်ဝတ်လဲးကို၊ နွဲ့းကာနွဲ့လျ၊ သိမ်းနေကျကို၊ မင်းလှသာတည့်၊သိမ်းပါလှည့်လော့၊ ဖျော်ဖြည့်သံချို၊ မောင်ဖောင်းကိုလည်း၊ ကြည်ညိုမေတ္တာ၊ စေတနာနှင့်၊ အသာလှစ်ဘွင့်၊ မယ့်လက်ပင့်၍၊ ရောင်လွင့်လျှပ်ပြေး၊ ယပ်ရွှေရေးနှင့်၊ သားေညင်းပျ၊ ခတ်နေကျကို၊ မင်းလှလာတည့်၊ ခတ်ပါလှည့်လော့၊ မြော်ကြည့်ယောင်ကာ၊ မောင့်ချည်းသာသည်။ ။**မြော်ကာရှိုက်ခဲ့ပြီတကား။** ။

၁၆၈။ **ယင်းသို့စတေ၊** ကြက်သရေတွက်ကိန်း၊ အသိန်းမက၊ ခြေဖျားမှသည်၊ စ၍ဖမိုး၊ ဖြိုးဖြိုးလိုက်ဘက်၊ ဖမျက်သားလုံး၊ တင့်ဆုံးပုဆစ်၊ ပြေပြစ်ဆစ်မျက်၊သည့်ထက်တခို၊ဆိုရာပြစ်ရှား၊ ခပ်လျားခါးနှင့်၊ ရင်သားဖြိုးဖြိုး၊ ရင်ရိုးမပေါ်၊ လည်တော်မျက်နှာ၊ အင်္ဂါပေါင်းရုံး၊ မြတ်မျိုးကျုံး၍၊ မျက်လုံးလှန်ကြည့်၊ လှည့်လျှင်မြင်သူ၊သည်းအူ မြတ်ရူး၊ ချွဲချွဲမူး၏၊ ညှို့နူးဆံတော်၊ သုံးထောင်ကျော်လည်း၊ နှိုင်းလျော်မြတူ၊ လှိုင်ကြူမှုံဖြိုမ်း၊အိမလိမ်းဘဲး၊ ညိုရှိမ်းရောင်ထင်၊ရွှဲးရွှဲးရှင်လျက်၊ဖြန့်လျှင်ကျမ်းလိုက်၊ ဖျားညွှန့်ပိုက်၍၊ ဖြစ်ကြိုက်လိုရာ၊ ထွေးကာခွေခေါက်၊ အူပေါက်ပွပွ၊ ကျကျနန၊ အိပ်နိုးထနှင့်၊ မပျ-မရှင်၊ နာကျင်ကိုယ်တော်၊ မကျန်းသော်လည်း၊ ရွှေလျှော်ဝင်းညက်၊ မောင့်သက်မေတ္တာ၊ ပုံစရာမှာ၊ မြင်လျှာတထူး၊ လှပြန်ကျူး၏၊ ပုံ့ပျုံးစိတ်ကြည်၊ ညောက်ရှည် ပေါက်ကျယ်၊ တသွယ်ပုပု၊ တင့်မှုလုပ်ဆန်း၊ ပြောင်ထွန်းရိုးရဲး၊ မြနောက်တွဲးနှင့်၊မင်းပွဲးဆင်မှတ်၊ မြိတ်လွတ်ပတ္တမြား၊ အခြားခြားနှင့်၊ ပျော်ပါးရှင်စိတ်၊ ထုံးမြိတ်ရာရာ၊ မြင်လျှာယဉ်မြွေ၊ ရှုန်းစံလေ့၏၊ ကြည့်၍မျက်တောင်၊ မညောင်းအောင်ပင်၊ ဆင်းရောင်ယဉ်နု၊ ယဉ်မျိုးစုသည်၊ ရွှေဥရတနာ၊ ဖြူဝင်းဝါကို၊ ဘယ်ညာယောင်ယမ်း၊ ကျွန်ုပ်စမ်းသည်။ ။ **သွယ်ရှမ်းမှိုက်ခဲ့ပြီတကား။** ။

၁၆၉။ **တစုံစေ့စေ့၊** ကြီအောက်မေ့သော်၊ညှို့နွေးမြဲးပင်၊ သဘင်အခါ၊ ဝတ်စားမှာလည်း၊ သည့်သာမဟူ၊ အဖြူသန့်သန့်၊ ချယ်တန့်လွင်လွင်၊ ပျော်ရှင်မှုင်းမှိုင်း၊ ဝတ်တိုင်းနေကျ၊ တော်လှသည်သာ၊ ရွှေဝါ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နှင့်၊ တင့်သည်အလွန်၊ မဟာလွှတာ၊ ဝင်းဝါရောင်ညီး၊ တန်ဆာကြီးလို၊ ဘုန်းမီးလျှံဖြာ၊ ဘ-ရာဇာက၊ အံ့ရာကျူးကျော်၊ သနားသော်လည်း၊ မြော်ခေါ်နိမ့်ကျ၊ သူမျှားမယ်နှယ်၊ အလွယ်လျင်လျား၊ ရာဂအားဖြင့်၊ ပျော်ပါးကြည်ညို၊ မဆင်လို၍၊ သာချိုဒယ၊ စံမျှ-စံပါ၊ တခါစိတ်ကြည်၊ ဆင်ဘူးသည်လည်း၊ တင့်ရည်လွန်ကဲ၊ အံ့အဲမနိုင်၊ ထွတ်တိုင်မိုးနှင့်၊ ဆင်တိုင်းတင့်၏၊ နိမ့်,မြင့်,ကြို,ဆူ၊ မည်း,ဖြူ,နိမ့်မျှ၊ မိန်းမတကာ၊ များစွာမှာပင်၊ ဆင်ယင်စရာ၊ တော်လှစွာကို၊ ရှာ၍တွေ့ဖေါ်၊ ဆင်ယင်သော်လည်း၊ ရွှေလျော်ရွှေခဲ၊ မောင့်လည်ရှုံးမှာ၊ လွန်ကဲအောင်ပ၊ တော်ပြန်လှ၏၊ ကာလမီမိုး၊ လှမျိုးသင်္ချေ၊ မရေတွက်သာ၊ များလှစွာပင်၊ ရှာကာထပ်လောင်း၊ ယဉ်ပေါင်းသချာ၊ ရေးရာမရှိ၊ တိုင်းမသိပင်၊ အကျိုးသောင်းသွဲ့၊ မိုးဆင့်ကဲသည်၊ ရွှေခဲကြက်သရေ၊ မောင့်မျက်ဖြေသည်၊ တွေတွေလာလာ၊ မောင့်မှာပြစ်ခြည်၊ ဘယ်ရှိသည်ကြောင့်၊ မကြည်မုန်းထား၊ ဘယ်တခြားသို့၊ သွားလေသနည်း၊ အူသည်းပြတ်လှ၊ ခုခုမတည်၊ ရှိုက်ရသည်ကို၊ ရွှေရည်ဆင်းပြင်၊ မင်းလှရှင်ငယ်၊ နောက်ငင်တွယ်တာ၊ တခါလည်လှည့်၊ ကြွပါတည့်လော့၊ ချော်ဖြည့်မသာ၊ ထပ်ကာကာပင်၊ ဗျာပါသောင်း,ထောင်၊ မကအောင်သည်။ ။**မူးမှောင်မိုက်ခဲ့ပြီတကား။** ။

၁၇၀။ **ရှုတရှုတ**၊ အောက်မေ့ကမူ၊ စကြဝ္ဒသခင်၊နတ်ရှင်ကြင်မှတ်၊ နတ်တို့အံ့ဘွယ်၊ ဆိုသည့်နှယ်လျှင်၊ တကယ်ဧကန်၊ သဘောမှန်သား၊ သွေလှန်မဖည်၊ နေသည်ပြင်းထန်၊ ဂိမှာန်ကာလ၊ နွေမာသန္တိက်၊ ရိပ်ပြုရင်ရွှေ၊ ဒိုရပေက၊ ပူလေသမျှ၊ ဝေးပျောက်ပ၏၊ မိုယ်းလအခါ၊ ဝသန်မှာလည်း၊ ဝင်းဝါဖြိုးလွေ့၊ ရင်တော်ငွေ့မှာ၊ ချမ်းမြေ့အိုက်ပူ၊ မဟူစရေ၊ ဥတုမျှ၏၊ ဆောင်းလအခါ၊ ဖြယ်းသာလေညှင်း၊ မြောက်ကသွင်း၍၊ အိးနှင်းခဖျံ်ဖျော်၊ ကျလှည့်သော်လည်း၊ ရင်တော်အမွေး၊ ဖိပိုက်ထွေးက၊ ကင်းဝေးဗျာပါ၊ ချမ်းမျိုးကွာ၍၊ သက်သာနွေးလုံ၊ ညဉ့်ခြုံအလွန်၊ ဗုဇ္ဇန်ဆီကျူး၊ တွက်ရှိဘူးတည့်၊ ထွေထူးမှုရာ၊ ယခုမှာကား၊ တမ်းကာငင်ရှိုက်၊ အူကလှိုက်လျက်၊ အိုက်လည်းဘော်ကွင်း၊ ပူပြင်းလွန်သည်း၊ ချမ်းလည်းဘော်ကွာ၊ မောင့်ချည်းသာလျှင်၊ သီဟာသနှ၊ သလွန်မြထက်၊ ပျောင်းပျမိန်းမူး၊ လည်းကာလူး၍၊ ရူးလည်းရူးစေ၊ သေလည်းကံအား၊ သူ့ကျောက်လျားဟု၊ စိတ်ထားတော်မူ၊



ယူလေသည်ကား၊ ထပ်ပွါးကာဘာ၊ ပူဆာလွန်ကဲ၊ မောင့်ဝမ်းထဲဝယ်၊ ရဲရဲညီးညီး၊ အလွှမ်းမီးတိ၊ ချီးချီးထိန်အောင်၊ ပူလှလောင်သည်။ ။**သည်းခေါင်ဆိုက်ခဲ့ပြီတကား။** ။

၁၇၁။ **သို့သည်အရာ**၊ လွမ်းမီးဝါကို၊ မဟာလောကဓာတ်၊ တိုက်မြတ်ဘန်ဆင်း၊ပြည့်လင်း လျှံဖြာ၊ မိုယ်းကြီးစွာတိ၊ သွန်းကာဖျော်ဖျော်၊ စွေချေသော်လည်း၊ ခဲးလျော်ကိစ္စ၊ မချမ်းမြဘူး၊ မရနှုန်းရာ၊ နုဝင်းဝါသည်၊ သူဇာမေယံ၊ သွန်းပါမှပင်၊ ချမ်းမြမည်ရှင်၊ မမြင်မျက်စိ၊ မည်းနောက် ကျိုမျှ၊ မသိထူးထွေ၊ လွမ်းမှောင်ဝေကို၊ လ, နေ ထောင်သောင်း၊ ပေါင်း၍ ထွက်ပေါ်၊ ထွန်းပ သော်လည်း၊ မူးမော် ပျောက်ကင်း၊ မိုက်မလင်းဘူး၊ တင်ကင်းပြစ်ဆာ၊ ရှင်းလွတ်ကွာသည်၊ သူဇာ စန္ဒ၊ ထွန်းပ မှ ပင်၊ လင်းလှ မည်ရှင်၊ ကြောခြင်မိမ့်မျှ၊ ဝမ်းကလှိုက်ဆာ၊ လွမ်းရောဂါကို၊ မဟာမြုဟ္မ၊ ဒေဝထိပ်မှူး၊ မန္တန်ကျူးနှင့်၊ မှုံပျူးသာဖျော်၊ ရွတ်မိန့်သော်လည်း၊ ထဲးပေါ်ရှင်းရှင်း၊ မလွတ်ကင်းဘူး၊ အဆင်းသိင်္ဂါ၊ ဝင်းဝင်းဝါသည်၊ သူဇာမန္တ၊ မန်းပါမှပင်၊ ထဲးပရောဂါ၊ ငြိမ်းပါမည်ရှင်၊ ငါးအင်ကလျာ၊ ကောင်းညီစွာသည်၊ သူဇာ-မေယံ၊ စန္ဒမန္တန်၊ ရောင်ဝှန် ထွန်းပ၊ သွန်းချရွာဖျန်း၊ မှုတ်မန်းဖျော်ဖြည့်၊ ကယ်ပါလှည့်လော့၊ တိုင်းရှည့်မိုက်မှောင်၊ မဆက်အောင်ကို၊ ပြန့်ဆောင်လျှံလွှန်း၊ ကိုယ်ရောင်ထွန်းသည်၊ နွဲ့ရှုန်းပြင်လျာ၊ မင်းသူဇာနှင့်၊ ကြုံလာဖူးတွေ့၊ ဦးဦးနေ့က၊ ချမ်းမြေ့သံညင်း၊ ခြေတော်ရင်းမှာ၊ ဝပ်စင်းညွှတ်ကြည်၊ ခေါင်းချမည်ဟု၊ ရိပ်ခြည်တွေဆန်း၊ မိန့်ရွှေခွန်းကို၊ သွေယွန်းယွင်းရွှေ၊ မေ့လေသည်လား၊ ချောက်ချားရှိန်ဝါ၊ မီးလျှံပါသည်၊ ဇလဝါမုခ၊ လှိုက်ဝဲးမသို၊ ရှိုက်ရဖန်လဲး၊ မောင့်ဝမ်းထဲးမှာ၊ မစဲးပတ်ကျွေ့၊ ချာချာဓွေ့သည်၊ ။**ဝန်းရှဲ့ဝိုက်ခဲ့ပြီတကား။** ။

၁၇၂။ **ယင်းသို့ရှုတ**၊ စဉ်ခဏဝယ်၊ ကဏ္ဍလိဋ္ဌ၊ ဝနရာဇာ၊ ရောက်လာသောအား၊ ကြောင်းလျားညွှတ်ခ၊ ဆင့်လျှောက်ကြသော်၊ ကြွကြွမကြာ၊ ထွက်ခဲ့လာ၍၊ ဖြူဝါဝင်းရွှ၊ မင်းရှင်လှကို၊ ဘမ်းရမိရာ၊ ရေကန်သာသို့၊ ငါ ခုထွက်မည်၊ မင်း ရွှေတည်၍၊ မလည်-မရှောင်၊ လျှင်အောင်လမ်းချ၊ နီးရာပြုဟု၊ မိန့်ဟာထွေငေါ်၊ ရှိလတ်သော်တည့်၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးအင်၊ ထိပ်တင်ဘုရား၊ ထွတ်ထားစံတင်၊ မင်းလှရှင်ကို၊
တွေမြင်မိရာ၊ ရေကန်သာကား၊ မကြာသွားတောက်၊ ခရီးပေါက်၍၊
မြောက်မှာဟေမ၊ မင်းလှတို့နေ၊ တောင်ရွှေမြေကား၊ ဒဲးထွေကြောင်း
လမ်း၊ ဘေးဘျမ်းဘယ၊ ထူထပ်လှ၍၊ ဘုရား့ကျွန်တော်၊ ယမ်းယော်
စာနာ၊ မသိပါဟု၊ ရေးရာမြော်ထောက်၊ မှုဆိုးလျှောက်သည်၊
ဘုန်းမောက်ပွင့်ရန်၊ မင်း၏မာန်ဖြင့်၊ ရေကန်ကိုပြ၊ မိန့်တော်ဟ
လျှင်၊ ဦးချ၍သာ၊ ရှိရာရွှေတည်၊ ပြရမည်ကို၊ ရှည်ရှည်လျားလျား၊
ထွေပြားတွေးထောက်၊ လျှောက်သည့်ရာသည်၊ အရည်အခွင့်၊ နင်နှင့်
အရာ၊ အဘာမူ၍၊ နောက်ရွှေဆီးဆ၊ လျှောက်ရမည်လော၊ လျှင်
ဆောမကြာ၊ သည်သာဖြစ်၍၊ ဘေးတွေ့တည်းကြပ်၊ မကွပ်ညှပ်သည်၊
ဆင့်ထပ်သည့်နှယ်၊ ရည်ရွယ်ဝံ့စား၊ နောင်လျှောက်ထားလျှင်၊ မယား
သားက၊ စ၍မရှည်၊ ပျက်စီးမည်ဟု၊ မျက်ခြည်ပြင်းပြ၊ မိန့်တော်
ဟသော်၊ ထိပ်စလက်မိုး၊ မတ်မှုဆိုးကား၊ မိုးကြိုးထိပ်ပြင်၊ ကျသို့
ထင်သည်။ ။**သက်ပင်ထွက်လှုံ့ယူးယူးတည်း။** ။

၁၇၃။ **သို့မှမကြာ**၊ စိတ်မှာကြည်ဖြူ၊ ကြိုက်တော်မူသည်၊ လှူလှ
သည့်မြင်း၊ တိမ်ညွန့်နှင်းနှင့်၊ ဒိုင်း,ဝင်း,သေနတ်၊ မှူးမတ်ခြွေရွေ၊
လိုက်စေမဆော်၊ ကျွန်တော်မှုဆိုး၊ ရွှေရိုးပါလျက်၊ အပြင်းထွက်သော်၊
အုတ်ဂျက်ဖြုဖြု၊ ကြီးမယုတ်လတ်၊ မှူးမတ်အုန်းအင်း၊ သင်းပင်းရာ
ဆိုင်၊ မှီနိုင်သမျှ၊ လိုက်ကုန်ကြ၏၊ လောကထိပ်ပေါ်၊ ခမည်းတော်
လည်း၊ ဆော်လှော်လျှင်လျား၊ ခန့်ထားတပ်တာ၊ များစွာဖြုဖြု၊ လိုက်
စေရ၏၊ တည်းချလမ်းတွင်၊ မင်းရှင်မင်းရှင်၊ တ-လျက်ပင်လျှင်၊
မရွှင်လန်းလျက်၊ တည့်စက်မှ၊ နံနက်စောစွ၊ ထ၍ ကြွသော်၊ ခဏ
လျှင်ဆော၊ သီတောဒက၊ ကန်သို့ကျ၏၊ လွန်လှသာယာ၊ ထိုကန်
မှာနိုက်၊ ကြာလည်းငါးမည်၊ ရေကြည်သန့်သက်၊ သားငှက်သောင်း
သောင်း၊ ပန်းပေါင်းဖြိုးစည်၊ ထူးထွေလည်ကို၊ မတည်ရှိက်ရှု၊
မြင်တော်မူက၊ သည်းအူပြတ်မျှ၊ လွမ်းပြန်လှ၍၊ ကက္ကလိဠ၊ ဝနရာ
ဇာ၊ လာခဲ့ပါလော့၊ ဖြူဝါနုရွှင်၊ မင်းလှရှင်ကို၊ ဘယ်တွင်ရစ်ချည်၊
ဘမ်းမိသည်ဟု၊ နှုတ်ကြည်သာလေး၊ ညည်းညူမေးသော်၊ ဆေးလေးမှု
ရာ၊ မင်းဖြူဝါသည်၊ သည်မှာတင့်တယ်၊ ရှင်စံပယ်သော်၊ ချုံကွယ်
သည်က၊ ဘုရား့ကျွန်တော်၊ ကြေ့ကွင်းကျော်နှင့်၊ လှမ်းရော်ရွှေရည်၊



ကြော့ပါသည်ဟု၊ ထိပ်တည်လက်မြောက်၊ ပြ၍လျှောက်သော်၊ ဘုန်း
မောက်ဖြိုးမို၊ ထွတ်မင်းပျိုသည်။ ။**ရွှမ်းစိုပြိုက်ကျနူးနူးတည်း။** ။

၁၇၄။ **ရွှမ်းနူးသွယ်ဖြာ**၊ မင်းသူဇာသည်၊ ပေါ်လှာတည့်မည်၊
မှတ်တည်စိတ်ထား၊ ထင်ယောင်မှား၍၊ ဆည်တားမရှင်၊ မြောက်
ကောင်းကင်သို့၊ ရှိုက်ငင်မူးမော်၊ ဖြေ့ဖြေ့မြော်လျှင်၊ လည်တော်
ညောင်းမျှ၊ ဟိန်းဟဲးချ၍၊ ပြတ်ကျအူချာ၊ ကြွေလှုခါနိုက်၊ မွေးစွာပုံ့
ရှင်၊ မဥ္ဇူပင်ဝယ်၊ မင်းရှင်ရွှေသား၊ ကပ်ခဲ့ထားသည်၊ ရောင်ပြားနီလာ၊
မြမှာစာကို၊ မနာခေါ်တွင်၊ မတ်ကျော်မြင်၍၊ သာရှင်နှစ်သက်၊ ယူ၍
ဆက်သော်၊ ထွတ်ချက်ခေါင်ချာ၊ စိုးမည့်လျာကား၊ ဝမ်းသာရှင်ပျ၊
မနနအား၊ ပုဠဘေဒန၊ နာမမည်ခေါ်၊ ကြားကျော်နီးဝေး၊ မြို့ကို
ပေး၍၊ မနှေးလျှင်လှ၊ ငါ့လို့လသည်၊ နေ့လမရှည်၊ ကျိုးထင်သည်
ဟု၊ ရွှင်ကြည်အားရ၊ မိန့်ပြီးမှလျှင်၊ ကက္ကလိဠ၊ ဝနရာဇာ၊ သုဒ္ဓါ
စာရ၊ သီလချမ်းမြေ့၊ ရသေ့ကျောင်းသာ၊ ဘယ်မှာလည်းဟု၊ မေး
တော်မူသော်၊ ဘုန်းထူဘုရား၊ လေး,ငါးရာခန့်၊ မြေဆန့်ဘဝါး၊ ကြွ
သွားရမည်၊ တို့သည်ရွှေခွင်၊ မြောက်ယွန်းတွင်ဟု၊ မြော်လျှင်ဝေးက၊
လျှောက်လက်ပြ၍၊ ခဏမနေ၊ ကြွသွားလေသော်၊ ထွေထွေသီးပွင့်၊
နိမ့်မြင့်ပည်းပုံ၊ ပရိဝုဏ်နှင့်၊ ပြည့်စုံချမ်းမြေ့၊ ရသေ့သင်ခမ်း၊ သာရိပ်
ငှမ်းသို့၊ လှိုက်လွမ်းလျက်ပင်၊ ရောက်လေဝင်သည်။ ။**မရွှင်မိန်းမိန်း
မူးမူးတည်း။** ။

၁၇၅။ **ရျာနာဘိညာဏ်**၊ ဆဲ့သုံးတန်ကို၊ ရမှန်မကွာ၊ ပျော်လေ့လာ
သည်၊ သုဒ္ဓါစာရ၊ တာပသလည်း၊ ခဏလျှင်စွာ၊ ဒါယကာကား၊
ဗြဟ္မာ,သိကြား၊ နတ်သားနေ,လ၊ ဂန္ဓဗ္ဗလား၊ သို့မှုတ်ပြားက၊ နဂါး
ထိပ်နင်း၊ ဂဠုန်မင်းလော့၊ ကြောင်းခြင်းနေကျ၊ သိချင်စွဟု၊ မြွက်ဟ
သံလေး၊ မေးသည်ရှိသော်၊ တပည့်တော်ကား၊ ပြည်ကျော်ဇေယျ၊ ပူရ
သနင်း၊ ထန်ပြင်းဘုန်းရှိန်၊ ရာဇိန္ဒရာဇ၊ မင်းစစ်သည်းချာ၊ ဥပရာဟု၊
ခြင်းရာထွေငေါ်၊ မျိုးမည်ဖေါ်သော်၊ ဩော် ယမန်တွင်၊ ငါ့ကျောင်း
ခွင်သို့၊ ဝင်ရောက်လှာသည်၊ ဒါယိကာမ၊ သူဇာ့မြောက်သား၊ ပေတို့
လားဟု၊ ကြောင်းလျားတဖန်၊ မေးထပ်ပြန်သော်၊ မှန်ပါ၏ဟု၊ ယဉ်
သည့်မင်းပျို၊ ပြန်လျှောက်ဆို၏၊ ထိုနှင့်ဆက်ကာ၊ တကာတော်မ၊

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းစတွေပြား၊ စကားလျှောက်မှာ၊ ခုံပါ၏လား၊ လျှောက်ပြန်ငြားသော်၊ မြတ်ဖျားရသွေ့၊ စွေစွေရေရေ၊ ပြောဆိုပေ၏၊ ဘုန်းဝေရောင်ဝင်း၊ တရားမင်း။ ။သည်းရင်းကြင်ဘော်၊ မြောက်သားတော်လျင်၊ ညိုးလျော်မတည်၊ မှာခဲ့သည်ကား၊ ကွေ့လည်ဆန်းပြား၊ ပုဏ္ဏားလုညစ်၊ ယစ်ပူဇော်မည်၊ ကြံစည်သည်ကြောင့်၊ ကွယ်ထောင့်လွှဲချော်၊ နန်းမတော်မှာ၊ လည်သာညွှတ်ခ၊ တောင်းချေရသည်။ ။
**ဝမ်းကလှိုက်ဝေဆူးဆူးတည်း။** ။

၁၇၆။ **ဘယက်ရမှု**၊ ဒါယကာ့ထံ၊ လိုက်ပုံပါမည်၊ မျက်စိလည်၍၊ သည့်သို့ရောက်လှာ၊ တည့်ကြာမှ၊ ပူဆာမရှင်၊ ငါ့ဆီဝင်၍၊ စစ်ခွင်မြေတာ၊ ခုသာခဏ၊ လိုက်ချင်လှလျက်၊ လမ်းပြမည့်သူ၊ မေးမြူဘွေ့ရှာ၊ မရှိပါခဲ့၊ ပေမာမည်မှတ်၊ ဂိရိထွတ်သို့၊ မတတ်သာလှ၊ သွားရတော့မည်၊ မိပြည်-ဘရှာ၊ ရောက်မည့်ရာကို၊ စိတ်မှာပို့ပျူး၊ မရှင်ဘူးဟု၊ စူးစူးသံရည်း၊ ကျိန်လည်းကျိန်သည်၊ မရှည်-မကြာ၊ ပြန်လာမည်လည်း၊ ပို့ဖြည်းသာချို၊ ဆို၏သေချာ၊ တကာမင်းသည်၊ လိုက်မည်ဆိုလျှင်၊ လမ်းတွင်တွေ့ပြား၊ ဘေးများခဲ့သည်၊ ဖြေဆည်သာယာ၊ တားမြစ်ပါဟု၊ ငိုရှာလျက်ပင်၊ ဦးတင်ပန်ထွာ၊ မှာခဲ့ရှာ၏၊ ဒါယကာဘုန်းဇုန်၊ ပေါမိဉာဏ်ကို၊ ဘေးရန်သင့်မည်၊ စိုးလှသည်ဟု၊ ဘုန်းစည်တာပသ၊ပြောပေကလျှင်၊လောကသုံးခွင်၊ စိုးမည့်ရှင်ကား၊ လောင်လင်အူသည်း၊ ဖိန့်ဖိန့်ကြည်းလျက်၊ တိမ်းလည်းလူမျှ၊ ဆွတ်လွတ်လှ၏၊ စမ်းကျသည့်တူ၊ မျက်ရည်ချူနှင့်၊ ရှိုက်ရှုမသာ၊ လျှောက်ဆိုရှာ၏၊ မျက်နှာမလှ၊ ညိုးပျောင်းပျသည်။ ။**လျှလျှကြုံကြုံထူးထူးတည်း။** ။

၁၇၇။ **လျှောက်သည်မှာကား**၊ခေါင်းပါးတဏှာ၊ကျင့်မြတ်စွာသည်၊ ငြိမ်းရာရှာမှီး၊ဘုန်းတော်ကြီး။ ။ရောင်ညီးရတနာ၊မျက်ကျောက်မာသို့၊ လည်မှာဆွဲးရစ်၊ ကျွန်ုပ်ချစ်သည်၊ နွဲ့မျစ်ပြင်လျာ၊တကာတော်မ၊ မင်းအျှရှကား၊ ချက်ကျသေချာ၊ ကျွန်ုပ်မှာကို၊ မေတ္တာကြီးအင်၊ အကျုံးဝင်သည်၊ မြီးပင်ဇကာန်၊ စင်စစ်မှန်၏၊ ချစ်လွန်ပုံပြော၊ သို့သဘောဖြင့်၊ လျှင်ဆောမကြာ၊ လာဦးမည်ဟူ၊ မှတ်တော်မူ၏၊ စိတ်ဖြူရည်နှိုင်း၊ သို့မှာတိုင်းလည်း၊ ဆုတ်ဆိုင်းမညှာ၊ ကြွလှာတော့မည်၊ မသွေဖည်ပြီ၊ ချစ်ညီစင်စစ်၊ သို့ဖြစ်စေကာ၊ မင်းသူဇာသည်၊ မလာမိငြား၊ ရက်စပ်



ကြားတွင်၊ တွေ့ပြားထူးချွန်၊ လွမ်းမျိုးဗွန်၍၊ ပူပင်တုန်လှုပ်၊ ကျွန်ုပ်ကိုယ်သည်၊ သေမည်ကိုပင်၊ မမြင်နိုင်လှည့်၊ ဖြစ်ခဲ့သည့်ကြောင့်၊ တွေ့တည့်ရအောင်၊ ကြိုးအားထောင်၍၊ ရွှေတောင်ရပ်မြေ၊ ဂိရိဗွေ့သို့၊ လိုက်ချေမှသာ၊ ၂ရေးရာကြံစည်၊ သင့်တော့မည်ဟု၊ ရဲသည်ခေါင်တီ၊ လျှောက်သည်ရှိသော်၊ဇာသိအရိယာ၊ သူမြတ်စွာသည်၊ မေတ္တာရွှေသွား၊ သဘောထားဖြင့်၊ ဗိတားကြည်ဖြူ၊ မိန့်တော်မူသည်။ ။**စိတ်ယူတော်ဖြောင့်စူးစူးတည်း။** ။

၁၇၈။ **မိန့်သည်မှာသော်**၊ မြင်မြော်ရေးရာ၊ သိလိမ္မာသည်၊ ဒါယကာရန်ငူး၊ နန်းပွင့်ဖူး။ ။ရဲရှူးရဲစား၊ ခွန်အားကိုသာ၊ မကိုးပါနှင့်၊ချင့်တာသုံးထောင်၊ ပေါဝန်တောင်ကား၊ ဝေးခေါင်တက်သက်၊ ခရီးခက်စွ၊ ဆင်ပြောင်စသည်၊ သီဟတခြား၊ သစ်,ကျားများကို၊ မဆိုထားဦး၊ မြွေးမြွေးအစွယ်၊ ကြောက်ဘွယ်ပြိုးပြက်၊ လက်နက်စွဲကာ၊ ရုပ်ဝါထူးဆန်း၊ မြင့်သွန်းထန်းပင်၊ မျှအောင်စင်နှင့်၊ လမ်းခွင်တသွန်၊ အတန်တန်လျှင်၊ ကုမ္ဘဏ်ယက္ခ၊ ထူထပ်လှ၏၊ လောကထိပ်နင်း၊ စိုးမည့်မင်းသည်၊ မှတ်သွင်းခြိုက်ခြိုက်၊ နှလုံးပိုက်လော့၊ ပွဲထိုက်ဥစွာ၊ မရေရာကို၊ အခါလျှောက်လျှား၊ လိုသောအားဖြင့်၊ ဘိုးများဥစ္စာ၊ မွန်မြတ်စွာကို၊ မိတ္တာယွင်းသွေ့၊ ဖျက်ဆီးစေသို့၊ ဘိုးနေနည်းလှ၊မိန်းမမျှကို၊ ရာဂဖြိုးဖြိုး၊ ချစ်မြတ်နိုး၍၊ ဘိုးအနဿ၊ မြတ်လှထင်ရှား၊ ကိုယ်တော့်အားကို၊ ခန့်ညားမဲ့တွေ့၊ မပျက်စေနှင့်၊ သက်ဝေမကာ၊ ချစ်မဝသည်၊ တကာ့မြောက်သား၊ မိဖုရားသည်၊ ရွှေသွားလိမ်းကျံ၊ အပေါ်မံသည်၊ ညီနံ့ပုပ်သိုး၊ မစင်အိုးနှင့်၊ တူရှိုးပမာ၊ မျှသည်သာတည့်၊ ရွှေကာကျောက်စီ၊ တဘီ-တဘက်၊ ပြိုးပြိုးပျက်ကြောင့်၊ စုံမက်ဘွယ်ပေ၊ သရေပေါ်ယောင်၊အလှဆောင်သည်။ ။**နံ့ဟောင်ကိုယ်ထဲးပုပ်လှောင်းတည်း။** ။

၁၇၉။ **ဆံပင်,အမွေး**၊ နှပ်, ပြည့်, သွေးနှင့်၊ တံတွေး,အစည်း၊ ခြေသည်း, လက်သည်း၊ သွားလည်းတတွေ၊ ကြော, သည်းခြေကာ၊ အရေ,အစေး၊ အူ,ထဲးမြေးနှင့်၊ ချွေး,အစာသစ်၊ ပြစ်ပြစ်ဆီခဲ၊ ကိုယ်ထဲးခြင်ဆီ၊ စော်ညီဆီကြည်၊ မျက်ရည်,အညို့၊ အရိုး, အသား၊ တခြားအူမ၊အဆုပ်စသည်၊ရှည်လှအူသွယ်၊ ကျင်ငယ်တသီး၊ ကျင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်သိပ်၊ သလိပ်, အဖျဉ်း၊ အကျဉ်းပေါင်းရုံး၊ နှလုံး, ဦးနှောက်၊ ညှီစေါက်တလှူ၊ ဒွတ္တိံသဖြင့်၊ ယုတ်လှစင်စစ်၊ ကိုယ်အဖြစ်သည်၊ မနှစ်သက်ရာ၊ သို့ဖြစ်လှာလျက်၊ မြဲးစွာမတည်၊ နာသည်-အိုသည်၊ တွေလည်ချွတ်ယွင်း၊ ဘောက်ပြန်ခြင်းလျှင်၊ မကင်းရှက်နှောင့်၊ ထို့ကြောင့်ပက်ပ၊ အနိစ္စသာ၊ မြဲးစွာမကျ၊ ဒုက္ခမှန်စွာ၊ ချမ်းသာမရ၊ အနတ္တသာ၊ ငါဟုမှတ်ဆို၊ ကိုယ်မဟုတ်ပါ၊ လက္ခဏာတရား၊ သည်သုံးပါးကို၊ ဖန်များစိတ်ကျ၊ နေ့ည-မချ၊ ဒါယကာမင်း၊ နှလုံးသွင်းလော့၊ ရှောင်ဆင်းလှပျို၊ မိန်းမဆိုက၊ မြဲးသိုတော့မည်၊ မှတ်-မတည်နှင့်၊ လေသည်နှံ့လျှောင်း၊ ဆိုးကောင်းမဟူ၊ ဆောင်လေယူသို့၊ မြေးထူမောဟ၊ ရသတပ်ကြူး၊ သူမိုက်ရူးသည်၊ မူးတူးမင်ထင်၊ အလျှင်လိုမှု၊ သီးနှုသီးရှင့်၊ မချင့်နိုင်ငြား၊ တွေ့တိုင်းစားသို့၊ လားလားပိတ်ပင်၊ မျက်မမြင်သည်၊ ယင်နှင့်ဖြစ်သည်၊ ယင်မဲ့သည်ဟု၊ တားဆည်မရှိ၊ မသိနိုးနား၊ ထမင်းစားသို့၊ မူထားယုတ်လှ၊ မိန်းမသဘော၊ တူလျော့သည်။ ။ **မက်မောတွေ့ရာဆိုးကောင်းတည်း။ ။**

၁၈၀။ **ထိုမှတသွယ်**၊ ရောင်းဝယ်ရှိုင်ရိုင်၊ အရက်ဆိုင်နှင့်၊ ဖြိုင်သော်ပုံယူ၊ သဘောတူ၏၊ များလူမာယာ၊ လိမ္မာခွေညွှတ်၊ လှည့်ဖြားတတ်၏၊ ဥပဒ္ဒဝေါ၊ ဖြင်ပြောတွေ့တွေ့၊ ဖြစ်စေတတ်စွ၊ ထိုမှတပူ၊ ခိုးသူညဥ့်မွေ့၊ ဆိတ်ရာသေနှင့်၊ မြွေစလုတ်ချောက်၊ [ချီမြွောက်ကုန်သည်၊ ဖွေလည်ဝေဝုတ်၊ သမုဒ္ဒြာတွင်း၊ ယမမင်းမီး၊ မြစ်ကြီးဆိပ်ပင်၊ သမင်ချို့ရောင်၊] နေရုတောင်နှင့်၊ ကုန်အောင်စားကြူး၊ ဘီလူးပမာ၊ တူလှစွာ၍၊ အိမ်မှာရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ ရတနာ၏၊ ပျက်ရာအန္တရာယ်၊ အကယ်နေကျ၊ မှန်မောစွတိ၊ မိန်းမတို့ကို၊ ကြည်ညိုယုံကြို၊ စုပုံသက်ပြတ်၊ မှတ်သသူကား၊ အမူမိုက်မူး၊ လားလားရူးတည့်၊ အထူးထိုမှ၊ သာရအနှစ်၊ သဘောစစ်ကို၊ ကေရာဇ်အလျာ၊ ဒါယကာမင်းလှ၊ သတိရလော့၊ ပဋ္ဌကာမာ၊ ဆိုသည့်ရာကား၊ သာယာစခြင်း၊ **ဝေးစွာ**ကင်း၏၊ လွန်ပြင်းဆင်းရဲ၊ များဖြင်ပဲ၏၊ လွန်ကဲပင်ပန်း၊ **ရှိညိုး**မြန်း၏၊ ဖေါ်ညွှန်းမဋ္ဌ၊ ဤကာမနိုက်၊ ဒေါသအပြစ်၊ **များစွာဖြစ်၏**၊ စင်စစ်မှန်စွာ၊ ကာမဂုဏ်မည်၊ ငါးပါးသည်ကား၊ အရည်တူရိုး၊ အရိုးစုနည်း၊ မျက်စည်းမီးရှူး၊ မထူးမျက်လှည့်၊ တရှည့်တံလှပ်၊ တရပ်မြေ



ဆောင်၊ ပူပြောင်ရဲရဲ၊ မီးခဲစုရုံး၊ ငှက်ပျောတုံးနှင့်။ ။ **ပုံထုံးပမာတူတောင်းတည်း။ ။**

၁၈၁။ **သို့မှုမှန်စွာ**၊ ဒါယကာမင်းမြတ်၊ မှတ်မှတ်သိသိ၊ ရွှေနားချိလော့၊ ဇာတိဇရာ၊ ဗျာဓိ,မရဏ၊ ဟူသမျှလည်း၊ ဒုက္ခဖြင်ပဲ၊ လွန်ဆင်းရဲ၏၊ စိတ်ကွဲမဖြူ၊ မချစ်သူနှင့်၊ အတူမကင်း၊ နေရခြင်းလည်း၊ လွန်ပြင်းဒုက္ခ၊ ဆင်းရဲစွတည့်၊ ချစ်ကြသူနှင့်၊ တဖျင့်တပါး၊ ကွဲပြိုဖြားလည်း၊ ချောက်ချားဝမ်းတွင်း၊ ဆင်းရဲပြင်းစွ၊ လိုခင်းရှိရာ၊ မရပါလည်း၊ ဝမ်းမှာမီးတူ၊ ဆင်းရဲပူစွ၊ သို့ဟူသမျှ၊ ထိုကိစ္စကို၊ မြင်ပနုတ်လှူ၊ ဘယ်သူကိုးရာ၊ မရပါတည့်၊ မှန်စွာလှုတိ၊ မိမိကိုယ်သာ၊ ကိုးကွယ်ရာတည့်၊ ကောင်းစွာစိတ်ကို၊ လိုလိုယူဆ၊ ကြံဆုံးဆ၍၊ ရခဲလှစွာ၊ ကိုးကွယ်ရာကို၊ လိမ်မာရှာချောင်း၊ ရလေကောင်း၏၊ အပေါင်းဇာတိ၊ ရှိသည်များစွာ၊ သတ္တဝါကား၊ မနာ,မအို၊ မပြို,မကျေ၊ မသေမည်သည်၊ ဘယ်ပြည်-ဘယ်ရွာ၊ ဘယ်မှာစိုးစိ၊ စံရာရှိအံ့၊ ဇာတိ,ဇရာ၊ ဗျာဓိ,မရဏ၊ ဓမ္မသည်ကား၊ အမြဲးငြား၏၊ ဖြစ်လားတို့ကြောင့်၊ မနှောင့်-မရှက်၊ ငြိမ်သက်လှစွာ၊ ချမ်းသာအလွန်၊ နိဗ္ဗာန်ကိုသာ၊ ရှာမှီးရာလျက်၊ ကောင်းစွာဆွင်ငြိး၊ လမ်းခရီးကို၊ မမှိုး-ရီလျှောက်၊ လှမ်းတောက်တောမြင်း၊ ဆူးပေါ်နင်းသည်၊ အချင်းယောက်ကျား၊ သူမိုက်လားသို့၊ မင်းသားပျိုနှ၊ ဘယ်ပြုရှုံ့ကြမ်း၊ အဘယ်လမ်းကို၊ သေဘ့သွမ်းမှောက်မှား၊ လျှောက်သွားရှာမည်၊ မတည်ကြည်သည်။ ။ **ယိမ်းဖည်ကတိမ်းကစောင်းတည်း။ ။**

၁၈၂။ ယင်းသို့ဇုသိ၊ မုနိဘုန်းတောက်၊ မြသေ့ဟောက်သို့၊ ထိတ်ကြောက်ဘွယ်သား၊ ဟောပြောငြားလည်း၊ လွှတ်ထားကျတွင်၊ အိမ်ရှေ့ရှင်ကား၊ နားကွင်များများ၊ မကြားမိဘူး၊ ညှိုးနွမ်းသာချို၊ ဆိုသည်မှာကား၊ သူမြတ်ဖျား။ ။ဟောကြားမိန့်ဟာ၊ ဓမ္မကထာ၊ ဒေသနာကား၊ သိဝါချစ်ချစ်၊ မိုးကြိုးထစ်သို့၊ ဖြစ်ဖြစ်သမျှ၊ လန့်ထိတ်လှ၍၊ အဝသုံးပါး၊ မီးပွားစဝ်လျှောက်၊ ပြောင်ပြောင်တောက်သို့၊ ကြောက်ဘွယ်တစေ၊ ဖြစ်ပေတော့သည်၊ မှတ်တည်ဆက်ဆက်၊ သို့ကိုလျက်လည်း၊ ဖြစ်ခက်ဆန်းပြား၊ ကျွန်ုပ်နားမှာ၊ သံပြားရာဂ၊ ကာသီးဆ၍၊ ဆနပိုးဝါး၊ မကြားမိချေ၊ ကြားမိချေနှင့်၊ ခွေခွေလာလာ၊ အကာဝော်မပွက်ဟာဖြစ်ဇာ၊ နှုတ်ကိုသားချင်၊ နားမှာပို့ရှင်၊ ထင်ခဲ့သည်ကြောင့်၊



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ရှက်တန်တန်၊ ကုန္တက်ဘီလူး၊ ကိုယ်ဘားဦးတော့၊ မြင့်ဖြူးမတ်မတ်၊ ထက်ထိပ်ထွတ်က၊ မာရ်နတ်တထောင်၊ မြားဆောင်ဗိုလ်ပါ၊ ဟန်တားလှာလည်း၊ မညှာ-မထောက်၊ တိုးထွင်းဘောက်၍၊ အရောက်ဟောမာ၊ ဂိရိချာသို့၊ သွားပါတော့မည်၊ မသွေဖည်ဟု၊ ခိုင်ကျည်နှလုံး၊ ရဲးဆုံးသတ္တိ၊ ဆိုသည်ရှိသော်၊ မုန်မည်မှတ်၊ ရသေ့မြတ်လည်း၊ နန်းထွတ်တင့်လျာ၊ သည်တကာကား၊ လိမ္မာသသူ၊ ဆိပ်ဟူလျက်ကို၊ ဆိပ်ကိုမျိုသည်၊ ကစိုး-ကရွား၊ မိုက်ယောက်ကျားနှင့်၊ မပြားပုံညီ၊ တူခဲ့ပြီဟု၊ လျစ်လျူရှုလျက်၊ မင်းပုသူဇာ၊ အပ်ခဲ့ရှာသည့်၊ ထိန်ဖြာရောင်ပြေးပုတီး-ဆေးကို။ ။**ထုတ်ပေးဖေါ်ပြပေရှောင်းတည်း။** ။

**၁၈၃။ သို့မှမကြာ၊** မင်းရှင်မှာသည်၊ ကြီးစွာမာန်ရှူး၊ ဘီလူးဦးတည့်၊ ကြေးရည်ချောင်းပူ၊ ဆင်ဖြူကြိမ်ပိုက်၊ လမ်းနိုက်ရှိဟန်၊ အတန်တန်ကို၊ မကျန်မြွက်ဖေါ်၊ ပြောပေသော်တည့်၊ ဘုန်းကျော်သည့်ရှင်၊ ထွတ်ထိပ်တင်မှာ၊ သာရှင်မို့မျူး၊ ဝမ်းပန်းမြူး၍၊ ဦးဦးကသာ၊ သည်အရာကို၊ အရိယာမြတ်စော၊ မပြောတည့်ပါ၊ အသာအကြည်၊ နေတော့သည်ဟု၊ ရောင်ခြည်လျှံပြေး၊ ပုတီးဆေးကို၊ မနှေးလှမ်းယူ၊ လွယ်ကူရက်ရက်၊ ကျောင်းကထွက်၍၊ ဆုတ်ကျက်ဖြိုးမျှ၊ မှူးမတ်စသည်၊ ကကွာလိစ္ဆ၊ ဝနရာဇာ၊ သည်မှာမနေ၊ မြန်ကြလေတော့၊ စံရွှေရတနာ၊ မင်းသူဇာကို၊ ရှာ၍မရှည်၊ မြန်ပါမည်ဟု၊ ရွှေပြည်စိုးရ၊ မွေးချစ်ဘနှင့်၊ နန်းမစိုးချာ၊ မိမြတ်စွာကို၊ သိသာစေ့ရေ၊ လျှောက်ကြလေဟု၊ သံခြေမွေးပျံ၊ မှာပြီးမှလျှင်၊ အနန္တဂုဏ်လေး၊ ပုတီး-ဆေးကို၊ မြတ်လေးကြည်ဖြူ၊ ဆောင်တော်မူလျက်၊ လိုက်ရရောင်ထွန်း၊ မဏိနန်းမှ၊ ရှင်လန်းကြွကြွ၊ သီဟလီလာ၊ ယိမ်းကာတင့်တယ်၊ စံပယ်စလျက်၊ ကွန့်မြူးထွက်သည်၊ ရန်ဘက်လွတ်ကွာ၊ ကေသရာသို့၊ မျက်နှာရွှေတည်၊ မြောက်သို့ရည်၍၊ ဇာနည်စိတ်ထား၊ ကိုယ်ထီးသွားသည်။ ။**ဘက်ရှားပြိုင်တုဝေးသတည်း။** ။

**၁၈၄။ သုံးထောင်ယူဇနာ၊** ဟေဝန္တာနိုက်၊ များစွာဘုမ္မ၊ ရုက္ခစိုးမှတ်၊ ကုမ္ဘဏ်နတ်တို့၊ မြီးမှတ်စေ့စေ့၊ ရှု၍မျက်တောင်၊ မညောင်းအောင်လျှပ်၊ ရာ,ထောင်, သောင်း, သိန်း၊ တွက်ကိန်းမရ၊ များလှထွေထွေ၊ သရေအဆင်း၊ တင့်တယ်ခြင်းဖြင့်၊ ဘက်ကင်း ရန်သူ၊



ကြွတော်မူသော်၊ ဝေးယူဇနာ၊ သင်္ချာများဖြင့်၊ ခြောက်ဆယ်စင်ကို၊ ငှက်သွင်ပျံကြွ၊ နေ့ချင်းကျ၍၊ ကကွာလိယက္ခ၊ နာမတွင်ပြီး၊ ဘီလူးကြီးကို၊ မနိုး-မကြွ၊ တွေ့လျှင်းလေ၏၊ တွေ့လေခါနိုက်၊ မျက်အိုက်မာန်ရှူး၊ ထိုဘီလူးလျှင်၊ မြင့်ဖြူးသီခေါင်၊ ရပ်တောင်ခြောက်ဆယ်၊ ကျယ်သည့်မျက်ဆန်၊ ဖေါင်းကန်ရှိရှိ၊ ထွက်လိုလိုတည့်၊ နှီဘိခြင်းခြင်း၊ ကြောက်မင်းဘွယ်ပင်၊ ဆံမင်ကောက်ကျစ်၊ ဝါးမြစ်ချင်မျှ၊ ပဓာဏနှင့်၊ ထက်လှအစွယ်၊ ရှည်သွယ်လှဘိ၊ အတိဘိ သနက၊ မည်ရတွင်ခြင်း၊ ကိုယ်အဆင်းကို၊ မြစ်လျှင်းစေပြီ၊ ယက္ခိန္ဒိဟု၊ မိမိတန်းခိုး၊ လွန်ကဲးမိုးလျက်၊ ကိုက်ချီးဖွဲ့ကာ၊ စားမည်လာသော်၊ ပွင့်လျှာဗောဓိ၊ ရဲးခေါင်ထိမှာ၊ မြူရှိတမျှ၊ မထိလှပါ၊ လက်ယာလက်က၊ ကြွ၍ကျောက်မည်၊ ခြေတော်ရည်က၊ တူရှည်မရှိ၊ ရာဇိန္ဒြိကြောင့်၊ သိသိညက်ပျောင်း၊ ချင့်ဦးခေါင်းလျှင်၊ ထောင်းထောင်းနာကျင်၊ ကွဲးအံ့ထင်သည်။ ။**ကြောက်ငြင်ဖိမ့်ဖိမ့်ဧး သတည်း။** ။

၁၈၅။ **သို့လျှင်မာန်စောင်၊** မထောင်ထားဝံ့၊ ပျော့ပျော့ညွှတ်၍၊ ဘုန်းပျံ့နေရှင်၊ လိုင်သည့်ရှင်သို့၊ အလျင်မကြာ၊ ညွတ်ပျပ်လှာ၍၊ စကြာရောင်မြူး၊ ခြေတော်ဦးကို၊ နဖူးခိုက်ပြီး၊ ဘုန်းကြီးသည့်ရှင်၊ ထိပ်တင်ထွတ်ချက်၊ မိန့်တော်စက်ကို၊ စုံမက်သဒ္ဓါ၊ ကပ်လျှပါဟု၊ ပန်ထွာညွတ်ခေါက်၊ လျှောက်လျှင်ယနေ့၊ စရှေ့မှတ်ထား၊ သူ့အသားကို၊ မစားပြီလော၊ သဘောကြည်ဖြူ၊ မိန့်တော်မူ၏၊ ဘုန်းလူဘုရား၊ မစားပါပြီ၊ ထိပ်ဆီလက်မြှောက်၊ ဝန်ခံလျှောက်က၊ သီလမသွေ၊ တည်လျှင်းစေ၏၊ သွားလေတော့ဟု၊ ယဉ်နုသာပျော်၊ မိန့်တော်ရှိပြီး၊ ခရီးရွှေရှူ၊ ကြွတော်မူ၍၊ ကြေးပူလျှံတောက်၊ ချောင်းသို့ရောက်၏၊ မြော်ထောက်ရေးရာ၊ ထိုအခါဝယ်၊ သမ္မာတည်စွ၊ ကကွာလိယက္ခ၊ နာမတွင်မည်၊ ဘီလူးသည်လျှင်၊ ဤမည်ခေါ်တွင်၊ အိမ်ရွှေရှင်ဘား၊ ခဲးအင်ဖြစ်ခက်၊ ငါ့အသက်ကို၊ စုံမက်ကြည်ဆွတ်၊ သနားလွတ်မှ၊ အမြတ်သီလ၊ အာစရနိုက်၊ မခွမသွေ၊ တည်စေပေသည်၊ ဖြီးတွေလောက်ကျိုးကျေးဇူးရှိဟု၊ သတိတရား၊ ရသောအားဖြင့်၊ များသည်ရုံကာ၊ စီးနင်းရာနှင့်၊ ဟေမာထွတ်ခေါင်၊ ဂိရိတောင်သို့၊ ရောက်အောင်သာကြည်၊ ပို့လိုက်မည်ဟု၊ ကြံစည်လျှင်စွာ၊ လိုက်လာကြ၍၊ မီလေတွေ့သည်။ ။**ချစ်လွှ့မေတ္တာမွေး သတည်း။** ။

www.burmeseclassic.com

www.burmeseclassic.com



၁၈၆။ **မေတ္တာပြီးလေ့**၊ ဗီလေကျွေ့သော်၊ အိမ်ရှေ့မဟာ၊ဥပရာကို၊ ရတနာပါသာဒ၊ ထိန့်မျှပြောင်ပတ်၊ ဝေါပြာသာဒ်ထက်၊ လေးမြတ်ကြည်လင်၊ရှိသေတင်၍၊ ကောင်းကင်မြင့်ဖျား၊ ဆောင်လေသွားသော်၊ ရှည်ဖျားဝေးစွာ၊ ယူဇနာခန့်ထောက်၊ ခြောက်ဆယ်ရောက်၍၊ ပျော်လောက်သာလှ၊ ချမ်းနားပြဘယ်၊ ဖြူလွှင့်ငွေသွင်၊ ဆန်ဆင်နှင့်၊ ရှက်တင်လူပြော၊ ကြိမ်ဘောပျစ်ကြီး၊ ထပ်အဖြီးသို့၊ တိမ်နီးကောင်းကင်၊ မိုးကမြင်သော်၊မင်းရှင်ခုအခ၊ မှာဘော်မူသည်၊ပင်ဖြစ်ချည်ဟု၊ရှင်ကြည်စိတ်ဖြူ၊ မှတ်ဘော်ယူလျက်၊ ရွှေရှူပြောင်သား၊ ကြုံသွားသော်၊ များများမကြာ၊ ဟေမာထုတ်မျောက်၊ ဂိရိရောက်၍၊ ဝမ်းမြောက်ဝမ့်းသာ၊ သီတာဇလ၊ ချမ်းမြရေပြည့်၊ ကန်၏အနီး၊ ရပ်ကြီးသိရိ၊ ဇာတိဂန္ဓ၊ ပေါက်ပြုံ့နွန်၊ သရက္ခန်ပင်၊ ရိပ်အောက်တွင်နိုက်၊ ရောင်ထင်ထွန်းပ၊ ဝေါတော်ချ၍၊ ဝေါကဘုန်းလူ၊ သက်တော်မူမှ၊ ရောင်လူထွန်းညီ၊ မာဂိသီလာ၊ မြေကျောက်ဖျာထက်၊ တက်တော်မူပြီး၊ ဖြင်ညီးဝန်းလျား၊ ဘီလူးများတို၊ မြန်သွားတော့ဟု၊ မိန့်တော်မူသော်၊ ကြည်ဖြူခြင်း၊ တင်ညွှတ်နှုန်း၍၊ ဘီလူးအပေါင်း၊ နေဟောင်းရပ်မြေ၊ မြန်ကြလေသည်။ ။**ရှိသေချစ်မြတ်သေးသတည်း။** ။

၁၈၇။ **ယင်းသည့်နေ့တွင်**၊ မင်းရှင်သူဇာ၊ ဆင်းသိင်္ဂါတား၊ အခါနိစ္စ၊ လွှမ်းနေချသက်၊ ဆဆလွှမ်းရှိုး၊ လွှမ်းမြန်တိုး၍၊ ထိပ်မိုးသည့်ရှင်၊ ထိပ်တင်ရှိရာ၊ အောင်ချာဗေယျ၊ မြည်ပူရသို့၊ ကျွန်မဘယ်နည်းသွားရအံ့ဟု၊ အွတ်မှုံမှုံးလည်၊ ကြိစည်အောက်မေ့၊ တစေ့စေ့လျှင်၊ ငွေ့ငွေ့ညွှတ်ခွေ၊ မူးရိုက်ဝေ၍၊ ကြက်သရေပျူသွင်း၊ ထွန်းဝင်းရောင်ဝှန်၊ သကြန်မင်္ဂလာ၊ ဒေါ်ရာမှာလည်း၊ အခါရက်လည်၊ စေ့သည်နှင့်လျှင်၊ သည်တွင်ကြံ့ဓေ၊ မှာထားလေသို့၊ ဖြစ်ထွေတူးမြား၊ အသင်ငြားရ၍၊ နွဲ့သွားလှမြတ်၊ နတ်မင်းသမီး၊ လျှိုညီးရောင်တောက်၊ ခုနစ်ယောက်ဘို၊ တော်ပျော်ကျက်စီဆင်၊ ရွှေထမ်းစင်နှင့်၊ ဖျားဖြင်ရကာ၊ စဉ်ဘိုင်းထာ၍၊ မြတ်သိင်္ဂ၊ ကိုယ်စီရှိလျက်၊ ထမ်းစင်ထက်မှာ၊ သက်၍ဖြည်းညင်း၊ နေကုန်တွင်းသို့၊ ဆင်းသည်ရှိလျှင်၊ အိမ်ရှေ့ရှင်ကား၊ ဆောလျှင်မနေ၊ ချဉ်းသွားချေ၍၊ တရွေ့မပြား၊ အစ်မများတို့၊ ခမ်းနားစီရင်၊ ဘယ်မင်္ဂလာ၊ မူရေးရာကြောင့်၊ သီတာကြည်မြခ်ကုန်ကြဟု၊ မွေးပျပိုင်ကြ၊ မိန့်တော်မူသော်၊ ငယ်မူငယ်နည်း၊



နုရှုပ်ရည်နှင့်၊ ခေါင်တည်နော်ဇာ၊ လျှောက်သည်မှာကား၊ သိင်္ဂါပြောင်ပတ်၊ ရွှေတောင်မြတ်ကို၊ အထွတ်မိုးမြင့်၊ အုပ်စိုးတင့်သည်၊ တို့ရှင့်သည်းချာ၊ မင်းသူဇာလျှင်၊ မင်္ဂလာထွန်းညီ၊ သိရိသကြံန်၊ ခန့်ရန်မှတ်သား၊ ဒေါ်သောအားဖြင့်၊ ကြိုင်ရှားရေကြည်၊ ခပ်ရသည်ဟု၊ သွေဖည်မကောက်၊ဟုတ်တိုင်းလျှောက်သည်။ ။**နှုတ်ထောက်လျှင်မနှေးသတည်း။**

၁၈၈။ **မြတ်သည့်ထက်မြတ်**၊ အထွတ်တိုင်အောင်၊ သံရည်ဆောင်သည်၊ ဘုန်းရောင်တောက်ရှုပ်၊ အိမ်ရှေ့ရှင်သည်၊ သည်တွင်နေက၊ ငါလို့လကို၊ ချီကြွရမည်၊ ဖြစ်တော့သည်ဟု၊ ကြံစည်ပြီးမှ၊ မင်းရှင်လှကို၊ စ၍သွန်းမည်၊ ရေကြည်ပြည့်ဖြိုး၊ မြတ်အိုးလည်း၊ အားကြီးမြင်းပြ၊ ချီကြွလှည့်ရာ၊ မပါနိုင်ဘဲး၊ နွဲ့ကာယုယ၊ ငါ့လက်မှ၊ ကြွကြွပေါ့ပါး၊ ပါစေသားဟု၊ စိတ်ထားမြဲးစွာ၊ မေတ္တာပုဗ္ဗင်္ဂမ၊ ဒေါ်သမဲ့ကျင်း၊ မိဋ္ဌာန်ခြင်းဖြင့်၊ မယွင်း-မစွ၊ မိဋ္ဌာန်ကလျှင်၊ နော်ဇာ့မြတ်ာ၊ လေးစွာသောအား၊ အများအံ့မ၊ ချီပင့်ကြလည်း၊ မြူမျှဆံမွေ၊ မလှုပ်နေသော်၊ ဘုန်းဝေညွှန့်ဖြာ၊ နန်းပွင့်လျှာကို၊ ဆိတ်စာကြတည်၊ ပင့်ပါလှည့်ဟု၊ ရှက်သည့်မူရာ၊ မေတ္တာထဲးသို၊ ပျောင်းပျူဆို၍၊ ဘုန်းမိုမောက်သည်၊ နန်းပွင့်ရည်လည်း၊ ငံ့ဆည်မနေ၊ ချဉ်းသွားလေမှ၊ လျှံဝေရတနာ၊ ရွှေမြတ်ာကို၊ အသာချီမ၊ ပင့်လိုက်ကြ၍၊ ထွန်းပရောင်ဖြာ၊ စိန္တာမဏိ၊ အတိဝဇိရာ၊ မည်သာတွင်ဒေါ်၊ ပုတီးကျော်ကို၊ ရွှေပျော်ဆင်းဝါ၊ မင်းသူဇာ၏၊ လက်မှာမြဲးနေ၊ ပတ်မိစေဟု၊ မသွေမလွှန်၊ မိဋ္ဌာန်ပြန်၍၊ ဝေဝှန်လျှံဝင်း၊ မြတ်ာတွင်းသို့၊ သာညင်းယုယ၊ထည့်လိုက်ချသည်။ ။**ဖူးရလွယ်ကြောင်းတွေးသတည်း။** ။

၁၈၉။ **သို့မှမကြာ**၊ နော်ဇာကစ၊ တကျွညီညွှတ်၊ ရာထူးမြတ်သည်၊ မတ်နတ်သမီး၊ လျှံညီးဆင်းဝါ၊ နုကညာတို့၊ ပွင့်လျှာရည်ထင်၊ အိမ်ရှေ့ရှင်ကို၊ သန့်စင်မျိုးမည်၊ မင်းဖြစ်သည်ဟု၊ ရိုးခြည်ကြောင်းလမ်း၊ ရူးစမ်းသော်လည်း၊ မသိဘဲးလျက်၊ စိတ်ထဲးမှာက၊ တင်ရာဂကြောင့်၊ နှိမ့်ချညွှတ်တွား၊ချဉ်းသောအားဖြင့်၊ လက်ဝါးရှက်ဖွဲ့၊ ယဉ်နွဲ့ပျောင်းပျူ၊ သွားလေကြ၍၊ ကာလချိန်လျော်၊ သကြံန်ဒေါ်သော်၊ ရွှေပျော်ဆင်းဝါ၊ မင်းသူဇာသည်၊ ကောသာညံ့နုး၊ သိုးထောင်ကျူးကို၊ စုံပူးလျက်မင်၊ လက်ရွှေစင်ဖြင့်၊ သိမြင်အသာ၊ မစဉ်ဒါဝယ်၊ ရတနာတိုးကြိုး

www.burmeseclassic.com

www.burmeseclassic.com



ထိုပုတီးသည်၊ ညီးညီးရောင်လက်၊ အိုးကာထွက်၍၊ နှစ်ဘက်ရွှေလျှော်၊ ကျူးကျော်ဖြစ်တွေ၊ ဆင်မိလေ၏၊ ပရမေဘုန်းထွတ်၊ ဇောဓိသတ်တို့၊ မြိုးမှတ်စိတ်သန်၊ အဓိဋ္ဌာန်ကား၊ အမှန်မလွဲ၊ ပြီးစီးမြဲတည်၊ လွန်ကဲလှစွာ၊ ထိုအရာကို၊ ညီညာပေါ်ထင်၊ နတ်များမြင်သော်၊ လက်ရင်သပ်တီး၊ အံ့ချီးတွေလည်၊ ကြံစည်မနိုင်၊ ရှိုင်ကျိုင်စုရုံး၊ နန်းလုံးဆူမျှ၊ ဖြစ်ကုန်ကြ၏၊ မင်းလှသူဇာ၊ ဆင်းဝိဝါလည်း၊ ရေးရာမသိ၊ ထိတ်ခြည်းရှိ၍၊ သတိနောက်မှ၊ ရတော်မူလျှင်၊ မစင်တစင်၊ ဆံကေသျှင်ကို၊ ဆောလျှင်ညှစ်ကာ၊ ထွေးရစ်ခါနှင့်၊ ထလှာခဏ၊ သလွန်မြထက်၊ ဇောခြောက်ချက်သည်။ ။**မျှော့လျက် ခွေကောက်ကွေး၏တည်း။** ။

၁၉၀။ **သို့မှုကြိမ်ခါ**၊ ထောင်,ရာမထ၊ ရှိဦးချ၍၊ ယဉ်လှသည့်ရှင့်၊ ငြိုသခင်သည်၊ ကြီးအင်မေတ္တာ၊ မယ့်ကိုသာလျှင်၊ ကြင်နာသနား၊ ချစ်သောအားဖြင့်၊ လူများတကာ၊ ရောက်ရာနိုင်မြီး၊ မဟုတ်ဘဲးကို၊ ဖြစ်ခဲးဖြစ်ခက်၊ ကိုယ့်အသက်ကို၊ ရေတွက်ပြီဘူး၊ ရူးစူးရည်စောင်၊ သည်ရွှေတောင်သို့၊ မရှောင်မညှာ၊ ကြွရောက်လှာသည်၊ ခုသာနေကျ၊ မှန်လှပြီကို၊ ဘုန်းမိုမောက်ရွှန်း၊ ပွင့်လှူလန်းသည်၊ လေးကျွန်းရပ်ခွင်၊ စိုးမည့်ရှင်ကို၊ အလျှင်ကျွန်မ၊ တွေ့တည့်ရလျှင်၊ နလှရွှေသား၊ ရွှေအဝါးကို၊ ဆံသားနှင့်စေ၊ မနေမနား၊ ဖန်များကိုင်ညွတ်၊ ကြိမ်ကြိမ်ပွတ်၍၊ ဖတ်ဖတ်မောဋ္ဌေ့၊ နမ်း၍သာစေ၊ နေပေတော့မည်၊ ဘုန်းခြည်ဖြာဖြူး၊ နေ့နှယ်မြူးသည်၊ ကျေးဇူးသခင်၊ ထိပ်တင်လှငယ်၊ ထိပ်ပန်းနှယ်ဟု၊ ပျံ့ကြွယ်သံချို၊ တိုးတိုးဆိုမှ၊ ညွှံပျိုမြင်လျှာ၊ စက်မွေရာကာ၊ အသာထ၍၊ နာမမည်သာ၊ နော်ဇာဟူသည်၊ ရွှေတည်ရေသွန်း၊ ဝင်းထွန်းရောင်ညီး၊ နတ်သမီးကို၊ ထံနီးခေါ်တော်၊ လှာရောက်သော်လည်း၊ သာဖော်နှစ်လို့၊ ခင်တို့တစု၊ ယဉ်နုမင်္ဂလာ၊ ရေခပ်ရာမှာ၊ တွေလာဝတ်စား၊ ထူးခြားမှုရှ၊ ဘယ့်နှယ်သူကို၊ အတူတကွ၊ တွေ့ခဲ့ရဟု၊ မြွက်ဟသံလေး၊ နှုတ်တော်မေးသည်။ ။**လျှင်ရေးကြားချင်ခဏတည်း။** ။

၁၉၁။ **နော်ဇာလျှောက်သည်**၊ ရောင်ခြည်ရွှင်ရွှင်၊ ဝင်းကြည်စင်သည်၊ အရှင်ဘုရား၊ တို့ထိပ်ထား။ ။ကြိုင်ရှားသီတာ၊ ရေခပ်ရာမှာ၊ ရုပ်ဝါထူးတွေ၊ ရွှေရွှေပုံဆိုး၊ ဖြိုးဖြိုးပြောင်ပြောင်၊ ငွေရောင်လျှပ်လျှပ်၊ ထိန်ဖျပ်ဖျပ်နှင့်၊ ပါးလျှပ်ဇောင်းလုပ်၊ တွန့်တုပ်နီရွှန်း၊ ဇောင်းဝန်းဝေဝေ၊ ညွန့်ခွေခွေနှင့်၊ ပြစ်ပြေစီဆင်၊ လည်တွင်လျှောက်ခါ၊ အင်္ကျီမှာလည်း၊ နီတျာတွတ်တွတ်၊ ရိုးတွတ်ရောင်ခြည်၊ ဖန်ရည်ခွက်ဝယ်၊ ခုဆယ်သည်ပင်၊ ကိုယ်မြင်ကိုရောက်၊ ထက်အောက်ညီညွတ်၊ ရင်ဘတ်မှာသိ၊ မှည့်လည်းရှိ၏၊ မျက်စိမျက်လုံး၊ လှဆုံးကျူးအောင်၊ မျက်တောင်မှာကား၊ မင်သားသည့်နှယ်၊ စင်ကြယ်ရေသား၊ ဖြူထွားလျှံတောက်၊ နတ်တယောက်ကို၊ ညိုးခြောက်ပူဆာ၊ ဖျာပါရှိစင်၊ တွေ့မြင်ခဲ့၏၊ ရေစင်ကြည်မြ၊ ကျွန်တော်မတို့၊ ခပ်ကြကိုလည်း၊ သိလိုစိတ်စေး၊ ချဉ်းလှာမေး၏၊ မနှေးသံချို၊ ဟုတ်တိုင်းကိုလည်း၊ ကြည်ညိုစိတ်က၊ ကျွန်တော်မတို့၊ ပြောကြပြီးမှ၊ ကျွန်တော်မမှာ၊ မြတ်ဘွဲ့လေးလှ၊ ချီကြ-မပါ၊ ရှိသောခါတွင်၊ ပင့်ပါဆိုလျှင်၊ အယျင်မနေ၊ ပင့်တည့်ပေဟု၊ စေ့ရေသံချို၊ ဟုတ်တိုင်းဆိုသော်၊ အိုငေါ့ရှင့်သား၊ ငါ့ထိပ်ထားဟု၊ ကြိုင်ရှားပျံ့ချို၊ ရှုတဆိုသည်။ ။**စီးယိုမျက်ရည်မြိုက်ကျတည်း။** ။



၁၉၂။ **သို့မှုသာပျော်**၊ ဆင်တော်အကြီး၊ ဆိုသီးလိမ္မာ၊ ရေးရာမြင်သိ၊ မဏိဟံသာ၊ မည်သာတွင်ဆို၊ မိန်းမပျိုကို၊ သံချိုပုံကြွ၊ ခေါ်တော်မူ၍၊ ကြည်ဖြူဝမ်းမြောက်၊ လာရောက်သောခါ၊ မ ဟံသာကို၊ ငါစေပါ့မည်၊ ကောင်းသည်ရောင်ဆင်း၊ မယွင်းတည်ညီ၊ အင်္ကျီဝတ်စေ၊ တရွေတုဖြိုင်၊ ဖွဲ့ကိုင်ရွေးကောက်၊ သုံးကျိပ်လောက်နှင့်၊ သင့်လျှောက် မြူမြင်၊ ဝတ်စားဆင်၍၊ အလျှင်မကြာ၊ လာခဲ့ပါဟု၊ တွေသာမြွက်ဟ၊ မိန့်ပြီးမှလျှင်၊ ဖြူဖြူဘွေ့ရှာ၊ ကျောက်ပါကင်းထိမ်၊ မွေ့သိမ်ညှို့စွာ၊ ရွှေနေရာက၊ များစွာချိုင်း၊ စမဲးတွေထွေ၊ ဆဒ္ဒန်ရေနှင့်၊ စံရွှေသောက်မှုတ်၊ လျှော်ခုတ်ပြောင်ပတ်၊ လက်သတ်ပရုပ်၊ လက်သုတ်ပုဝါ၊ ရတနာနန္ဒ၊ ကွမ်းရွှဝါညီး၊ ကွမ်းသီးသုံးမည်၊ ပုံ့ကြည်ကြိုင်မွှေး၊ ထုံးရှားစေးနှင့်၊ စားဆေးတွေလည်၊ သုံးလေးမည့်စီ၊ စားဒီနှစ်သက်၊ လက်ဘက်ဆန်းကြွယ်၊ တဆယ်ကိုးပါး၊ များသည်တန်ဆာ၊ စုံလှစွာကို၊ ရတနာနှင်နှင်၊ မျက်ရှင်စီတပ်၊ အုပ်ကာလပ်က၊ လျှပ်လျှပ်ပြောင်ပြောင်၊ ဒေါင်းပေါင်အလွန်၊ ပုံကန်ကြုတ်ခွက်၊ စည်လျက်စီကာ၊ ပုဝါအုပ်ဆောင်း၊ အကောင်းအမိုး၊ အဘိုးဆိုက၊ အနန္တစတေ၊ ငွေခွေတုးတူး၊ အကျူးဘက်ကင်း၊ စားတွင်းလည်းကောင်း၊ နှံ့လျှောင်းနံးရွှင်၊ အမြင်လည်းလှ၊ ခဏလျှင်ထန်၊ ကိုယ်တော်ဘန်သည်။ ။**မကျန်စုံစေ့ပြီးသတည်း။** ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃။ **ပွဲမြင်ပြီး၍**၊ ယဉ်မြေပြင်လျှာ၊ ဟံသာလာသော်၊ တွေ့သာဖြည်းမျှ၊ နတ်တော်ဖြစ်၍၊ အစ်မဟံသာ၊ သွားပါအလျှင်၊ ထိပ်ထားရှင်သည်၊ ကြည့်စင်ပျို့ရှား၊ ဇရကမ်းပါးမှာ၊ ပျော့ပါးဆာပူ၊ ရှိတော်မူ၍၊ ထွယ်ကျူလျှင်လျှား၊ အစ်မသွား၍၊ ရောက်လေတွေ့လျှင်၊ ယဉ်မြေနှုန်း၊ လန်းမြန်းရှုပ်ဝါ၊ လက္ခဏာကို၊ သိသာလိမ့်မည်၊ ဖြိုးစည်များလု၊ အခြားလူနှင့်၊ မတူဘူးဟု၊ အကျူးထွတ်တိုင်၊ လှနိုင်မျှဝင်၊ မယ့်ထိပ်တင်သည်၊ ခဲအောင်ရေးရာ၊ ကြွရောက်လာသည်၊ ဝမ်းမှာပူလောင်၊ ထိန်အောင်ဆွတ်လွတ်၊ သေမတတ်ပင်၊ မိန်းမြတ်ပျောင်းပျ၊ ကျွန်မစိတ်မှာ၊ အားနာပါ၍၊ မိရွာဘမြေ၊ မျိုးဆွေပေါင်းစည်း၊ ရောက်ကတည်းကို၊ တင့်ရည်းဖျော်လျက်၊ ရှင်စိတ်စက်သည်၊ တပြိုက်လျှပ်မျှ၊ ခဏရှိခါ၊ မရှိပါဘူး၊ ဝမ်းမှာလှိုက်ပူ၊ မီးတူရှိန်ငွေ့၊ လွမ်းသဘွေ့ကို၊ သိမ်မွေ့ညှို့နုး၊ မယ့်နဖူးမှာ၊ ဆန်းထူးထင်ပေါ်၊ ခြေတော်တံဆိပ်၊ ခံနှိပ်ယူယ၊ တင်ရမှပင်၊ ကျွန်မစွေ့ရှာ၊ ပျောက်နိုင်ပါမည်၊ ဝမ်းမှာသွယ်သွယ်၊ ပျောက်ရေးကျယ်သည်၊ မြေနှယ်မိုးရှည့်၊ ပင်ရှိတည့်ကြောင့်၊ ဖျော်ဖြည့်သာရှင်၊ အရှင်ဘုရား၊ ထွတ်ထိပ်ထားကို၊ ခြောက်ပါးတကွ၊ မျိုးအစ်မနှင့်၊ နှိမ့်ချပန်ထွာ၊ ပျောက်ပါတော့မည်၊ချကြိုစည်သည်။ ။**မရှည်နေ့ရက်ကာလတည်း။** ။

၁၉၄။ **ဘုန်းတော်ကြီးက**၊ မိန့်ဟတွေ့ငေါ်၊ ခေါ်တော်သာရှင်၊ မရောက်ခင်ကို၊ ထိပ်တင်ပွင့်လျှာ၊ မယ့်ထိပ်ချာသည်၊ နှံ့သာပင်ရင်း၊ ခင်းသည့်မဂ်လာ၊ မြကျောက်ဖျာတွင်၊ ပုဆာပန်းဖြေ၊ နေပါနှင့်ရှင်၊ ထိတ်အောင်ပင်လျှင်၊ စိတ်တွင်ကျွန်မ၊ အားနာလှလျက်၊ စိုးရအာဏာ၊ ညာတာမြော်တွေး၊ မင်းရေးဖြစ်၍၊ ဘုန်းလွှေ့ဖြိုးဖြာ၊ မယ့်ထိပ်ချာကို၊ ပျောက်ပါဂ္ဂံသည်၊ သေမည်ရှင်မည်၊ အရည်မာန်၊ သက်ကိုစွန့်၍၊ ဝေးခွန့်ခရီး၊ ပန်းကြီးခဲခက်၊ ရောက်ပါပျက်ကို၊ ငဲ့ကွက်တီတွာ၊ ငါမြန်ရဟု၊ ကျွန်မထိပ်တွင်၊ ဘခင်မျက်တော်၊ အာဘော်မကြည်၊ ရှိမည်ကိုလည်း၊ အသည်းငြိမ်မျှ၊ ကျွန်မမတည်၊ ကြောက်ပါသည်ဟု၊ ရှိရည်စုံဖူး၊ ခြေတော်ဦးကို၊ ညွတ်နူးပျပ်ခ၊ ခိုက်ထိကြ၍၊ အစ်မဟံသာ၊ ပျောက်ပါခဲ့ကော်၊ နော်-မဟံသာ၊ ပြန်သောခါလည်း၊ ယာနာ,စန္ဒီ၊ ရာသီ,ဒါယာ၊ မိတ္တာ-တို့ကို၊ ရှုန်းပျိုထိပ်ထား၊ စေစားရာ၊ ထားပါခဲ့ဟု၊ ယဉ်နွဲ့ပြင်လျှာ၊ ငိုသံပါနှင့်၊ ဖြိဇာပျံ့၍၊ မှာပျောက်သို့သော်၊



ဖွံ့ပျိုအိအိ၊ မထိဟံသာ၊ ဆင်းပြာပြာလည်း၊ ထိပ်မှာလက်တင်၊ ထင်ဖြိုရှင်ဟု၊ ကြည်လင်ကျိုးနွံ၊ဝန့်ခံပြီးသော်၊ ပွဲတော်ပုံယင်၊ ရှေ့ကတင်၍၊ အလျှင်မနေ၊ သွားကြလေ၏၊ ဘုန်းနေ့ကွန့်ဖြာ၊ ဥပရာလည်း၊ သူဇာခေါ်တွင်၊ မင်းလှရှင်က၊ ခေါ်ငင်စေပါ၊ ရောက်လှာနိုးနိုး၊ တညိုးငယ်ငယ်၊ ကျောက်ဖျာလယ်က၊ ကြွနှယ်ညွတ်ခွေ၊ မြော်လျက်နေသည်။ ။ **လှိုက်ဝေဆာပူပျောင်းပျတည်း။** ။

၁၉၅။ **ပျောင်းပျမသာ**၊ မြော်နှင့်ကာဝယ်၊ ကျောက်ဖျာမှန်ကပ်၊ ကလပ်အုပ်ကျူး၊ ဆန်းထူးဒေါင်းပေါင်၊ ပြောင်ပြောင်လင်းဖြာ၊ ပုဝါရောင်ဆိုင်၊ ပွဲကိုင်ပည်းသီ၊ အင်္ကျီဝတ်ချည်း၊ ဆံစည်းမောက်မောက်၊ ငေါက်ရရောက်နှင့်၊သည့်နောက်ဟံသာ၊ဇရာဆံထုံး၊လုံးလုံးပွပွ၊အိနောက်စနှင့်၊ ကာလမိုးမီ၊ ဇုဇ္ဇန့်ဆီတည့်၊ လျှားရှည်တိုင်းရှဲ့၊ တဆယ့်ခြောက်တောင်၊ပြောင်ပြောင်ဝင်းဝါ၊ နှံငါးထွာကို၊ ခေါင်းမှာ မတင်၊ လည်တွင်ပတ်ခါ၊မူရာယဉ်သီ၊ရင်ကိုချီ၍၊ ဘယ်ဆီညာတိမ်း၊နွဲ့ယိမ်းပြုမြင်၊လာသည်မြင်သော်၊ဆင်းအင်ထူးပြား၊ သည်သူများကား၊ရွှေသားရောင်ပြက်၊ဝင်းအူညက်သည်၊မောင့်သက် မေတ္တာ၊ပုံစရာက၊ သာယာကြည်ဖြူ၊ စေတော်မူသည်၊ မြိုးယူနေကြ၊ ဇကန္တဟု၊ စိတ်ချသေချာ၊ ရှင်ဝမ်းသာနှင့်၊ မျက်နှာလွှဲသွေ၊ မှတ်မဲ့နေ၏၊ ပြစ်ပြေလိမ္မာ၊ ဟံသာမည်ဟု၊ တွင်းတော်သူလည်း၊ ဖြိုင်တူမဆွယ်၊ ကျောက်ဖျာလယ်ဝယ်၊ ရောင်သွယ်တောက်ပ၊ နေဝန်းကျသို့၊ တင့်လှရှပ်သွင်၊ အိမ်ရှေ့ရှင်ကို၊ အလျှင်အစ၊ မြင်သည်ကပင်၊ မြတ်လှလက္ခဏာ၊ အရာလေးမျိုး၊ မိုးသည်မောက်မို၊ သည်မင်းပျိုကား၊ သက်ကိုပိုင်သ၊ တို့များသခင်၊ အရှင်ဇကန်၊ မှန်တော့သည်ဟု၊ ဆောက်တည် မှတ်သားနှလုံး ထား၍၊ထံပါးတော်ရောက်၊ညွတ်ခေါက်မကွေ၊ ချဉ်းကြလေသည်။ ။**ရှိသေဦးခိုက် ချကြတည်း။** ။

၁၉၆။ **ညီသို့လျှင်လျှား**၊ ပွဲတော်များကို၊ စဉ်ထားတည်ကျက်၊ ခင်းကျင်းဆက်၍၊ ဖြည်းညက်နုရှု၊မှာသမျှကို၊ ကြွင်းရမထင်၊ပျောက်ဦးတင်သော်၊ မြေပြင်ကျွန်းချာ၊ စိုးမည့်လျှာကား၊ နိုင်းရာမရ၊ စိတ်တော်ကသာ၊ ရှင်ပျလွန်မင်း၊ မြူးတူးခြင်းနှင့်၊ သံညင်းတွေသာ၊ တို့မိန့်မှာ၏၊ ဖြူဝါနုရှင်၊ မင်းလှ ရှင်သည်၊ ချစ်ခင်ပေ၍၊ ရသေ့ ကျောင်းမှာ၊ ကြောင်းရာထူးလည်၊ မှာခဲ့သည်နှင့်၊ အရည်ထန်စွာ၊ သချာထောင်, သောင်း၊ ဘေးရန်ပေါင်းကို၊ တိမ်းစောင်းမညှာ၊ နှုရှာမဲ့နိုး၊ သက်စွန့်



www.burmeseclassic.com

www.burmeseclassic.com



စိုး၍၊ အားကြီးပြင်းစွာ၊ ရှုံခါမလျှော့၊မပေါ့စိတ်ထား၊ အိပ်စားရာမှာ၊ ယုတ်မာခဲ့ခက်၊ သားငှက်နှယ်ပင်၊ သက်ရှင်ရုံမျှ၊ဖြစ်ရလွန်မင်း၊ ဆင်းရဲခြင်းနှင့်၊ စိတ်ရင်းကြီးစွာ၊ လှ၍သာလျှင်၊ ရောက်ပါ တော့သည်၊ နှုန်းရည်စံမျှ၊ တူမရအောင်၊ ဒုက္ခသို့စင်၊ ပူပင်လောင်ဆူ၊ ဆင်းရဲမှုလည်း၊ ပျံ့ကြူကြိုင်မွှန်း၊ မိန့်မှာခွန်းကို၊ သာလွန်းရှင်ပျ၊ ကြားပေရသော်၊ ပြင်းပြလွန်ကဲ၊ ထိုဆင်းရဲကို၊ မှတ်စွဲသေချာ၊ ချမ်းသာရာဟု၊ စိတ်မှာယူငင်၊ ထင်မြင်တော့သည်၊ ဆောက်တည်အားဘော်၊ သည့်ထက်သော်ကား၊ နှိုင်းလျော်သက်ထင်၊ ခန့်လျက်ပင်လျှင်၊ လည်တွင်ရစ်ဆွဲ၊ ချစ်ထိုက်မြဲကို၊ ပိုက်နွဲ့ရစ်ချည်၊ ဖြစ်ရမည်လျှင်၊ ခန့်ရည်နေကျ၊ မှန်ပါကမူ၊တူမျှဥပမာ၊ မရရာသည်။ ။**ချမ်းသာနတ်ထက် ဆယ်ဆတည်း။** ။

၁၉၇။ **သို့ဖြစ်၍လျှင်၊** ရှေးကသွင်ကို၊ တူပင်တကွ၊ ရှင်ပျော်ရမည်၊ များလှထွေထွေ၊ သချေသချာ၊ ဘေးကြီးစွာကို၊ တခါလွန်ကျူး၊ ထိုလေးဦးဟု၊ အထူးမိန့်တော်၊ မူပြန်သော်လည်း၊ ထွေငေါ်မဆန်၊ တိုင်းထက်လွန်၍၊ တိုးပြန်လေဇလ၊ ထူးထွေထွေသာ၊ ကြိုးစားပါသည်၊ စိတ်မှာသို့စင်၊ မြိုးပင်ဆောက်တည်၊ စွဲးပါသည်ကို၊ ဘုန်းစည်လွှံပေါ်၊ ခမည်းတော်နှင့်၊ ရှုပျော်သက်နှင်း၊မယ်တော်မင်းက၊ ချစ်ချင်းမငြီး၊ တို့သမီးကို၊ ယှဉ်မှီးမကွာ၊ မချစ်သာဟု၊ မေတ္တာမမျှ၊ သောကပြင်းစွာ၊ ကိုးရာမဲ့ဘူး၊ ချာချာမူးအောင်၊ရူး၍ပြီးမှ၊ အနိစ္စသို့၊ ရောက်ရမည်သာ၊ မှန်စွာစင်စစ်၊ ဇကန်ဖြစ်ခဲ့၊ ပြန်နစ်ရှေ့နောက်၊ သည်ကိုထောက်၍၊ နှစ်ယောင်စုံပေါင်း၊ ရလွယ်ကြောင်းကို၊ ပြောင်းယှဉ်နှုံလုံ့လပြု၍၊ ယခုနေ့ည၊ ဖူးပါရမှ၊ မည်မျှမခန့်၊ ဘေးအငှန့်ကို၊ သက်စွန့်ရောက်ကျိုး၊ ရှိပါနိုးမည်၊ ကျော်ဟိုးဌန်ဌါ၊ သို့သောခါမှ၊ ဝင်းဝါအုရွှ၊ ထွားပွပွသည်၊ မင်းလှရှေ့ရည်၊ လွှမ်းသည်မက၊ ဂဏာသချေ၊ တွက်ရေမနိုင်၊ မြိုးလှိုင်မောက်လျှမ်း၊ ကျွန်ုပ်ဝမ်းမှာ၊ အလွမ်းလည်းဇွေ့၊ စွေ့စွေ့ဖေါ်နုတ်၊ အစဉ်ထုတ်၍၊ မှန်ဟုတ်သည့်ရာ၊ လျှောက်ပါရမည်၊ဖြစ်ပါသည်ဟု၊ ဖြေဆိုသာယာ၊ လျှောက်ပါ ရှင်မ၊သို့မှတခါ၊ မကြာနောက်ငဲ့၊ ပြန်ပါခဲ့ဟု၊ချွဲချွဲပူဆာ၊မိန့်လိုက်မှာသည်။ ။**ဩဇာပန်းတူလှိုင်ပျံ့တည်း။**

၁၉၈။ **ယင်းသို့မိန့်မှာ၊** နှုတ်တော်သာကို၊ နော်ဇာ-ကစ၊ တကွပည်းသီ၊ အင်္ဂါတ်များ၊ ညီညွှတ်ကြားသော်၊ သနားဆွတ်ဆွတ်၊



အုသည်းပြတ်မျှ၊ ရှမ်းစွတ်မျက်ရည်၊ မဆည်နိုင်ကြ၊ တင့်လှရှမ်းပျို၊ ရုပ်ဝါကိုလည်း၊ ထဲးသိုငမ်းက၊ တပ်ရာဂနှင့်၊ ရှုကြမငြီး၊မှာထားပြီးမှ၊ ယနာစသည်၊ မိန်းမငါးယောက်၊ စက်အောက် မကွေ၊ နေရစ်သည့်ပြင်၊ ရှင် ဟံသာက၊ စ၍ရေသော်၊နှစ်ကျိပ်ကျော်တို့၊ မြေတော်ထိက၊ ရှိခိုးချ၍၊ ဘလာခဲ့လျှင်၊ နန်းသို့ဝင်၏၊ တိုင်းပင်မသိ၊ယဉ်မျိုးချိသည်၊ သီရိဝင်းဝါ၊ မင်းသူဇာလည်း၊ ဒေဝါဘုန်းထွတ်၊ ဘခင်မြတ်မှာ၊ ညွှတ်ရှိရည်၊ လျှောက်ပါမည်ကို၊ စိတည် ထွတ်ထား၊ မင်းခြောက်ပါးသို့၊ သွား၍နှိမ်ချ၊ လျှောက်ဆို၏၊ အစ်မတော်ရင်း၊ ခြောက်ပါးမင်းသည်၊ အခင်းရှေ့နောက် ထွေထွေ ထောက်၍၊ မလျှောက်ဝံ့ကြ၊ တည်းတွဆင်ခြင်၊ တိုင်ပင်သည်နှင့်၊ ကာလမြင့်၍၊ မြှုပ်ဖွင့်ရတနာ၊ မင်းသူဇာလည်း၊ ထပ်ကာအော်လဲ့၊ မျက်ရည်ရွှဲနှင့်၊ နွဲ့ကာသံချို၊ ဆိုသည်ခိုက်သာ၊ နော်ဇာတို့ခေါက်၊ ပြန်လှာရောက်၍၊ မှာလျှောက်သမျှ၊ မကျန်ရအောင်၊ အစအဆုံး၊ ကျုံး၍သံချို၊ ပြန်လျှောက်ဆိုသော်၊အိုအိုထိပ်ထက်၊ ငါ့ထိပ်ရွက်သည်၊ ခဲ့ဘက်လွန်ကဲး၊ ငါ့ကိုစွဲ၍၊ ဆင်းရဲဝတီ၊ ကာသီလင်တ၊ ရှိပေမှုပင်၊ ရှုတတမ်းဆိုမယ့်ကိုယှဉ်နွဲ့၊ ဖူးရခဲ့လျှင်၊မလွဲတည့်တည့်၊ သေရမည့်ဟု၊ ချည့်ချည့်တိမ်းပါး၊ မိန့်စကားကို၊ မယ့်နားတုံ့တုံ့၊ ထောင်ပွံ့ပါကား၊ ထိပ်ထားဘုန်းဝေ၊ တခါသေလျှင်၊ ဆုဝေဖျာပါ၊ ကျွန်မမှာလေ၊ သချာသချေ၊ သေကောင်းပေစွ၊ ကျွန်မထိပ်လယ်၊ ထိပ်ပန်းနှယ်ဟု၊ ဖြိုက်သွယ်ရှမ်းစို၊ တ-ရှုဆိုသည်။ ။**ရင်ကိုသပ်ကာထု၍တည်း။** ။

၁၉၉။ **သို့မှလျှင်လျှား၊** ခြောက်ပါး တကွ၊ အစ်မတို့ကို၊ဆိုသည်ညွှတ်၊ ထိပ်တင်လှကို၊ ကျွန်မသနား၊ ရှိတွားသာကြည်၊ ခံပါသည်ကို၊ ကြီစည်ရေးရာ၊ ထောက်၍သာလျှင်၊ ကြင်နာဝမ်းထဲ၊ သနားတဲးနှင့်၊ ဖင့်နွဲ့းနေကြ၊ မှ-မရသော်၊ ကျွန်မကြံရာ၊ ခဲ့စွာသည်ကြောင့်၊ စိုးနှောင့်ဆာပူ၊ သေစွဲးမူ၍၊ အယူဖြောင့်ဘဲ၊ ငရဲထုတ်ချောက်၊ ရောက်ရ တော့မည်၊ ဖြစ်တော့ သည်ဟု၊ ငိုမြည်ပြင်းစွာ၊ လက်ခါမြေခတ်၊ရင်ဘတ်ဆိတ်ထု၊ မရှု-မသာ၊ လျှောက်ဆိုရှာသော်၊ကိုယ်ဝါလျှံတောက်၊ မင်းခြောက်ယောက်လည်း၊ ရှုံ့ကြောက်ညှာတာ၊ မနေသာပြီ၊ လွဲးကာနေလျှင်၊ သည်မင်းရှင်သည်၊ သက်ပင်သော်လည်း၊ ရက်ပည်းမရှည်၊ ဆုံးတော့မည်ကို၊ ဖြစ်လိုရာရာ၊ စုတ်ထိုးကာလျက်၊

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သာလျှောက်ရ၊ တော်မည်ပဟု၊ မွေးဘမင်းကျော်၊ မြတ်မယ်တော်ကို၊ ရှင်မျော်သာယာ၊ တူနေရာဝယ်၊ ရှိကြာညွှတ်ပျပ်၊ ချဉ်းနေကပ်၍၊ တုန်ဆပ်လှယ်ပယ်၊ ငင်တွယ်သွယ်ဝိုက်၊ အလိုက်သင့်စွာ၊ တော်သောခါမှ၊လိမ္မ ခွေခေါက်၊ လျှောက်စ ခြင်းသည်။ ။သံညှင်းချိုယဉ်နု၏တည်း။ ။

၂၀၀။ **ဂိရိရွှေတောင်**၊ အုပ်စိုး ဆောင်သည်၊ အခေါ်ထိပ်နင်း၊ ဘနတ်မင်း။ ။စုနှင်းမေတ္တာ၊မင်းသူဇာ၏၊ ကြင်ရာမြှောက်သား၊ လူမင်းသားလည်း၊ ကြိုးစားဘွေရှာ၊ ခုအခါဝယ်၊ စကြာတော်အောက်၊ လာဏှာရောက်လျှင်၊ ရွှေမှောက်ထွတ်ချာ၊ အရာအခွင့်၊ နှီးမြှင့်နှစ်လို၊ ဘယ်သို့ထူးလည်၊ ပြုပါမည်ဟု၊ စိတ်ကြည်နူးကြမ်း၊ လျှောက်စူးစမ်းသော်၊ ဘုန်းလျှမ်းထွတ်ချာ၊ ဒေဝရာကား၊ ရှိန်ဝါရဲရဲ၊ သံတွေခဲကို၊ ပွံ့ရဲလူပေါင်း၊ မကိုင်ကောင်းသို့၊ ထောင်းထောင်းဖွန်တက်၊ မျက်တော်ထွက်၍၊ ရန်ဘက်ငါ့မှာ၊ သင်းရောက်လာလျှင်၊ ပရမာဏူမြူ၊ သေးစွာဟူသည်၊ မတူညက်ကျေ၊ လွင့်ပျောက်စေအံ့၊ ဆံမွေးညှိ့နူး၊ ဘယ်ကျေးဇူးကြောင့်၊ အထူးကြည်ညို၊ သင့်ကိုချစ်ကြည်၊ မိန့်ရည်ငေါက်ပြင်း၊ ထွက်လာလျှင်းသော်၊ဖြူဝင်းရောင်ညီး၊ သမီးတော်မြတ်၊ခြောက်ပါးနတ်တို့၊ ဆတ်ဆတ်တုန်မျှ၊ကြောက်လန့်ကြ၍၊ ကုန်းကွရှိတွား၊ ရှောင်ရှားကွယ်ပျောက်၊ တယောက်တသီး၊ ပြေးကြပြီးသော်၊ ဖြူညီးဝင်းဝါ၊ မင်းသူဇာ၏၊ ရတနာရမ္မ၊ မည်ရခေါ်မှတ်၊ မြပြာသာဒ်သို့၊ ညီညွတ်တကွ၊စုလာကြ၍၊ မွေးဘမြတ်လောင်း၊ မျက်သည့်ကြောင်းကို၊ စုံပေါင်းညီမျှ၊ ပြောကုန်ကြသော်၊ ခြောက်ပါးနှောင်းမွေး၊ မြူမွေးမွတ်ထွား၊ မင်းရွှေသားကား၊ ပုဏ္ဏားမီးမှာ၊ ယဇ်စာထည့်မည်၊ ယူလာသည်ဟု၊ သံကျည်ထန်သည်း၊ ရုတ်ခြည်းပြောလှာ၊ ကြားသောခါထက်၊ဗျာပါဆယ်ဆ၊ မကတွေထူး၊ ကဲမိုးကျူး၏၊ တိမ်းမူးမိန်းမော၊ ခြောက်ချက်ဇောသည်။ ။**လတ်လေသက်ထွက်လူ၏တကား။** ။

၂၀၁။ **အစ်မတော်များ**၊ ဝန်းလျှားအုံညီ၊ စီစီဖြဖြ၊ ချီမကြသော်၊ ဒေဝထိပ်ပေါ်၊ ခမည်းတော်ရင်း၊ မယ်တော်မင်းလည်း၊ လျင်မြင်းခဏ၊ လာလှာကြ၍၊ ယုယပိုက်ဖြား၊ ဆေးဝါးတွေတွေ၊ ယှဉ်မစေမှ၊ သတိရသော်၊ မင်းလှသူဇာ၊ ဆင်းသိင်္ဂါကား၊ တေဇာလွှံကျော်၊



ခမည်းတော်၏၊ ထင်ပေါ်လက္ခဏာ၊ခြေမှာဦးတိုက်၊ဝပ်ကာရှိက်ကျက်၊ သွယ်ဖြိုက်မျက်ရည်၊လျှောက်သည်မှာကား၊ဘ-ဘုရား။ ။ညွှတ်တွားခယ၊ ကျွန်တော်မသည်၊ ရှင်ပျမူရေး၊ ကလေးကလား၊ ဆန်းပြားထူးတွေ၊ ရှာဘွေချေ၍၊ လူ့မြေဝေးလွင့်၊ ထိုသူနှင့်ကို၊ အသင့်ကြီစည်၊ ငြားသည်မှတ်ပါ၊ တောသာလည်လား၊ မူဆိုးသားသည်၊ ဘမ်းငြားမိတွေ၊ ဆောင်ယူလေသော်၊ ချစ်နေမြိုးစွာ၊ ထိုသူသာလျှင်၊ ဟေမာဂိရိ၊ ဘုမိအထွတ်၊ နန်းပြာသာဒ်မှာ၊ ခညွှတ်ရုံလည်၊ နေရသည်မျှ၊ မကထူးတွေ၊ မြှောက်စားပေ၍၊ ရွှေမြေသည်မှာ၊ တခါရောက်ပြန်၊ ဘုန်းဖွန်ထိပ်ထား၊ ဘ-ဘုရားတို့၊ ဘဝါးမြူတေ၊ စကြာရွှေကို၊ ထိပ်ဖွေညွှတ်ခ၊ တင်ပေရသည်၊ မျိုးမည်မြင့်မြတ်၊ အထွတ်ထိပ်နေ၊ ဖြစ်ပလေသည်၊ ရစ်ခွေမြိုးသို့၊ ကျွန်မကိုလည်း၊ ကြည်ညိုရှိသေ၊ ချစ်လှပေသည်၊ ရင်ရွှေမခြား၊ သားလည်းမြင်သည်၊ ကြီစည်စဉ်ဆက်၊ သည်ချက်ချက်ကြောင့်၊ ရှိလက်ထိပ်ထား၊ သနားတော်မြတ်၊ ခညွှတ်သာကြည်၊ ခံပါသည်ကို၊ ဘုန်းစည်ထွတ်ထား၊ ဘ-ဘုရားသည်၊ သနားမဲ့သာ၊ ပစ်ခါမျက်တော်၊ ရှိခဲ့သော်မူ၊ ခဲလျော်ခက်လှ၊ ကျွန်တော်မသည်၊ ဟေမဝန္တခေါင်ချာ၊ ထံတော်မှာသို့၊ ရောက်ပါသည်ကို့၊ ရှိနို့းမထင်၊ သေမည်မြင်သည်။ ။**မရှင်စိတ်ညစ်ညူး၏တည်း။** ။

၂၀၂။ **ခမည်းတော်ရင်း**၊ ရွှေတောင်မင်းကား၊ရင်တွင်းမျက်ဖျော်၊ သမီးတော်၏၊ ညှိုးရော်မတည်၊ ဆင်းရုပ်ရည်ကို၊ မြင်သည်ရှိလျှင်၊ မီးသွင်ပူရှိမ်း၊ မျက်တော်ငြိမ်း၍၊ တိမ်းလျက်ခဏ၊ နေပြီးမှလျှင်၊ မယ်လှမောင်တော်၊ ကျူးကျော်မြေတာ၊ သည်ရပ်မှာသို့၊ ရောက်လာသလော၊ တွေးတောစွန်းငြိ၊ ငါမသိဟု၊ ပီတိကြည်မျှ၊ မိန့်ပေးကလျှင်၊ ဘုရာ့ကျွန်တော်၊ ကျူးကျော်မြေတာ၊ ရောက်မလာသည်၊ သီတာဇလ၊ ချမ်းမြကြိုင်ရှား၊ ရေကန်ပါးမှာ၊ နေနားဖျော်ဖြည့်၊ ရှိပါ၏ဟု၊ တည့်တည့်အလျှင်၊ လျှောက်တည့်ကျင်သော်၊ မျှားဖြင်တွက်ကိန်း၊ အသိန်းမက၊ ဘေးနန္တကို၊ မရနိုင်းတန်၊ ကျူးခဲ့လွန်၍၊ ဝေဖွန်ရောင်လက်၊ သည်တောင်ထက်သို့၊ ခဲခက်ထူးလည်၊ ရောက်လှာသည်ကား၊ မည်မည်မဟူ၊ လူမတ္တကာ၊ မဟုတ်ရာတည့်၊ ပုရိသာရာဇည၊ ပုရိသကေသရာ၊ ပုရိသဇာနည်၊ ယဉ်သည်လောင်းလျှာ၊ တေဇာတောက်ထွန်း၊ ဘုန်းတန်းအကျူး၊ အထူးအထွေ၊ ဖြစ်ရမျိ

www.burmeseclassic.com



၏၊ မထေလေးစား၊ ငါပြုငြားအုံ၊ ငါ့အားအမူ၊ တနုခုပင်၊ လှူလှူ မကြာ၊ ဖြစ်ချေရာဟု၊ ဘွေရှာစိတ်က၊ ကြံခဏနှိုက်၊ ထိတ်လလန့်ကြီး၊ ကြက်သီးမွေးညင်း၊ ထခြင်းဖြစ်သည်။ ။**စင်စစ်ကိုယ်လုံးချုပ်၏တည်း။**

၂၀၃။ **ထိုရော်ခဏ**၊ အတုလဒေဝီ၊ ထိပ်ဆီလက်တင်၊ လျှောက်ပေချင်၏၊ ရှင်ပင်ဘုရား၊ ထွတ်ထိပ်ထားသည်၊ သည်းကြားသက်မျှ၊ ကျွန်တော်မ၏၊ ကြင်ဆမြတ်လေး၊ သမီးထွေးသည်၊ မြေဝေးလူ့ရွာ၊ လွင့်ပါးရာဝယ်၊ မေတ္တာနှင်းစု၊ သူယယု၍၊ ယခုမျိုးဆွေ၊ ခြွေရွေများလှ၊ ကျွန်တော်ခကို၊ တူကွမကွေ၊ ဖူးရပေသည်၊ ဖြစ်ထွေသွန်ကျူး၊ သည်ကျေးဇူးနက်၊ တချက်နှင့်ပင်၊ **ကြီး**အင်ဆပ္ပါး၊ သနားစရာ၊ များစွာဖြိုးစည်၊ ဖြစ်ပေသည်ကို၊ ဖြေဆည်တော်မူ၊ အလွယ်ယူ၍၊ ဘုန်းတူဘုရား၊ သနားတော်မူ၊ ကြည်ဖြူပါသင့်၊ လျှော်ပါတင့်ဟု၊ ထပ်ဆင့်လောင်းကာ၊ လျှောက်သောခါဝယ်၊ ဟောမာဂီရိ၊ ဘုမိထွတ်ဦး၊ စိတ်ညွှန်းနူး၏၊ ပွဲမျူးသာပျော်၊ ခေါ်ဝေါ်ထံပါး၊ သားနှင့်အတူ၊ ကြည်ဖြူဝမ်းမြောက်၊ ချီးမြှောက်ကျကျ၊ ထားချင်လှ၍၊ ရာဇပျူဟာ၊ မာယာခွေညွတ်၊ ရာဇဝတ်နှိုက်၊ ကင်းလွတ်စံမွှံငှါ၊ လိမ္မာသောအား၊ ထိုမင်းသားကို၊ လျှင်လျှားမနေ၊ ခုခေါ်စေ၍၊ ထွေထွေလည်လည်၊ အရည်အတူး၊ ဂုဏ်ကျေးဇူးကို၊ စမ်းဦးမည်ဟု၊ မိန့်တော်မူသော်၊ လတူဆင်းဝါ၊ မင်းသူဇာကား၊ မျက်နှာလန်းလန်း၊ ပွင့်သည့်ပန်းသို့၊ ဆွတ်ဖျန်းမေဃ၊ ကြီးဖျန်းချသို့၊ ရှင်ပျစ္စာဘိ၊ တိုင်းမသိသည်၊ ။**ပီတိကိုယ်လုံးရွှမ်း၏တည်း။** ။

၂၀၄။ **သို့မှအလျှင်**၊ မင်းရွှေစင်မှာ၊ရှင်ရှင်ပျပျ၊ဖြိုဖြိုဒီမန်၊ ဗုဇ္ဇန်ဆီအိတ်၊ ရောင်ဖိတ်သွတ်ကာ၊ ရွှေဗုံးမှာနှိုက်၊ သိဂ်ါပြောင်းပြြး၊ ဝတ်လဲးဗောင်းဖျင်၊ ပန်းအိုးတွင်လည်း၊ နေရှင်ပျံလှောင်း၊ ဖယောင်းနှင့်ဆီ၊ စုံစီထူးထွေ၊ မျက်နှာချေလွန်၊ **သရက်ခန်ဘီး**၊ ညီးညီးရောင်လျှပ်၊ ဆံချပ်ဗောင်းနှိပ်၊ ခက်စိပ်မြပင်၊ မှန်အင်ဆန်းကြယ်၊ မှန်ငယ်မှန်ကြီး၊ တသီးထို့ပြင်၊ ရောင်ထင်လျှပ်လျှပ်၊ ရွှေယပ်ခြေနင်း၊ မကြွင်းဆောလျှင်၊ ဘန်စီရင်မှ၊ ထိပ်တင်လှလှ၊ ယဉ်နိုင်မျှကို၊ ခဏနေလျှင်၊ ဘ-ရှင်ပင်က၊ ပုံယင်အများ၊ မင်းသားမှူးကျော်၊ မတ်ပေါင်းဆော်၍၊ ခေါ်တော်ရွှေရည်၊ လာတော့မည်ရှင့်၊ သည်သည်ဝတ်စား၊ တန်ဆာများကို၊ ထိပ်ထားပွင့်လျှာ၊ ဆင်ခဲ့ပါဟု၊ ရတနာမြစ်၊ ကွန့်ရစ်ရောင်လွင့်၊ အစိမ်း



ရင့်တွင်၊ ချယ်သင့်ထူးလည်၊ မြနုရည်နှင့်၊ နုသည်ဖြူမွှေး၊ လက်စုံရေး၍၊ မြတ်လေးရှိသေ၊ ဆက်လေစေ၏၊ သပြေစိုးရန်၊ တက်ရှိန်သန်သည်၊ ဘုန်းဖုန်သည့်ရှင်၊ ထွတ်ထိပ်တင်လည်း၊ ရာဇင်သက်နှင့်၊ ချိန်နှိုင်းချင့်သည်၊ မင်းရှင့်မယ်တော်၊ ခမည်းတော်က၊ စေခေါ်လာလှာ၊ ရောက်ပါမည်လား၊ မရောက်လားဟု၊ နှစ်ပါးစွန်းငြိ၊ အကြံရှိလျက်၊ ပျောင်းအိမသာ၊ ညိုးဖျာပါနှင့်၊ မြော်ကာခွေ့ခွေ့၊ လွမ်းဝိုက်ဖွေ့သည်။ ။**နေတွေပန်းသို့နွမ်း၏တည်း။** ။

၂၀၅။ **ရုံဖန်မှာလည်**၊ ငါသို့သည်သူ၊ ဇမ္ဗူဒိပ်တွင်၊ သောင်းမြေပြင်ဝယ်၊ တူပင်မရှိ၊ ဇာတိကာယ၊ ဉာဏစသည်၊ ဗလမြတ်အင်၊ စုံလျက်ပင်ကို၊ မထင်ကြောင်းရင်း၊ ဘယ်နတ်မင်းသည်၊ ချွတ်ယွင်းသွေဖည်၊ မကြည်မညို၊ မရိုမသေ၊ ဆူဝေဒေါသ၊ ရနိုင်မည်နည်း၊ တင့်ရည်းလိုရာ၊ ရောက်မည်သာဟု၊ သက္ကာယမာန်၊ အလွန်တက်ပွါး၊ ယစ်သောအားဖြင့်၊ တံ့စားခိုင်တန်း၊ စိတ်တော်လန်း၏၊ မမြန်းပုဆာ၊ ထိုစဉ်ခါဝယ်၊ ဟံသာတို့များ၊ ထူးပြားလွန်မြတ်၊ မင်းဝတ်တန်ဆာ၊ စာလည်းပါလျက်၊ လာလှာရောက်၍၊ စုံစေ့ဆက်လျှင်၊ စာကိုမြင်သော်၊ ညွှန့်ရှင်သမ္ဘာ၊ နန်းပွင့်လျှာမှာ၊ ဇရာပထ၊ နာမမည်တူး၊ နဂါးမြူးသို့၊ အကျူးစိတ်က၊ ရှင်ပျပျော်ပါး၊ မြူးကစားလျက်၊ များများထွေရာ၊ မမှာပါပြီ၊ မကြာမတင်၊ အလျှင်သာပျော်၊ ခေါ်တော်မူပါ၊ အောင်ကိုသာလျှင်၊ ဖြူဝါထွန်းပ၊ မင်းရှင်လှသည်၊ လုံ့လထပ်ယောင်း၊ ပြုမည်ကြောင်းကို၊ သာပျောင်းညွတ်ပြော့၊ လျှောက်ပါတော့ဟု၊ မပေါ့မေတ္တာ၊ ထပ်ကာပုံဖြိုး၊ မှာထားပြီးသော်၊ ရောင်ညီးရိုးရဲ၊ ဝတ်လဲးဗောင်းဖျင်၊ တန်ဆာဆင်လျက်၊ ရည်ထင်ငုံ့ထွေ၊ မြော်လင့်နေသည်။ ။**ဘုန်းဝေရောင်ခြည်လျှမ်း၏တည်း။** ။

၂၀၆။ **ဒေဝိန္ဒရာဇာ**၊ ဂ္ဂန်ဝါသတင်း၊ရွှေတောင်မင်းလည်း၊ကျင်ပြင်းမကြာ၊ မဟာဒေဝ၊ ဖြဟ္မမည်သာ၊ မဟာဇေယျ၊ ဖြဟ္မဟူသည်၊ အမည်ခံတန်၊ တွင်းဝန်နှစ်ယောက်၊ မတ်ဂုဏ်လောက်ကို၊ ရွှေမှောက်ဘုန်းလူ၊ ခေါ်တော်မူ၍၊ မည်ဟူဇေယျ၊ ပူရပြည့်ရှင်၊ လွှံ့ထင်ကျော်ရှိန်၊ ရာဇိန္ဒရာဇ်၊ မင်းစစ်သည်းချာ၊ ဥပရာသည်၊ လာလှာရောက်၍၊ ချမ်းမြေ့သာလွန်၊ ရေကန်တော်တွင်၊ ခိုဝင်ရိပ်နေ၊ ခုရှိလေ၏၊ သရေထွန်းဝင်း၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းတို့၊ စီးနင်းဆောင်ယောင်၊ များမြောင်ခြွေရွေ၊ နှင့်ယှဉ်စေ၍၊ ဘုန်းဝေရောင်မြူး၊ မြီးတိုက်ဦးမှာ၊ သင့်ရာနေစေ၊ ခနေညွတ်ကြို့၊ ဝန်တို့လည်းဝင်၊ ခုပင်ပြန်ဘို့၊ ထုံးစံရှိရာ၊ ကိုယ်တို့မှာလည်း၊ ဆိုင်ရာစီရင်၊ အလျင်မကြာ၊ ငါထွက်လှာမည်၊ ဘုန်းစည်သိရို၊ မိန့်သည်ရှိသော်၊ လောက်ကျိုဂုဏ်ထူး၊ မတ်နှစ်ဦးလည်း၊ ကြည်နူးညွတ်ခ၊ ရှိဦးချ၍၊ ခဏမကြာ၊ ထွက်လှာပြီးသော်၊ နားခံခေါ်၍၊ မိန့်တော်ပြန့်ပြီး၊ စောင့်သီးမြီးမြို၊ နားခံထွက်လျှင်၊ တွင်းပြင်ဖြိုဖြို၊ စီရင်ကြ၍၊ များလှမှူးမတ်၊ ရံပတ်ဒိုင်း,ဝင်း၊ ဆင်,မြင်း,ဆောင်ယောင်၊ ပြောင်ပြောင်လျှံပတ်၊ ဝေါ ပြာသာဒ်နှင့်၊ အထွတ်ပွင့်လျှာ၊ ဥပရာကို၊ များစွာအုပ်တွေ၊ ခေါ် လျှောက်စေသည်။ ။**ရှိသေညွတ်ခယမ်း၏တည်း။** ။

၂၀၇။ **ပေါခိုင့်သန်း**၊ ပွင့်ရန်အထွတ်၊ ရဲဘုန်းလွှတ်ကား၊ ပြာသာဒ်ရောင်ညီး၊ ရွှေဝေါ်စီးလျက်၊ အံ့ချီးနတ်လူ၊ ဝင်တော်မူ၍၊ ဇမ္ဗူပြောင်ရှန်း၊ မြေနန်းတော်ရွှေ၊ ချမ်းမြေ့ရောင်တောက်၊ လွတ်မြောက်တံခါး၊ နှစ်ထပ်ကြားက၊ ဝေါ်တော်ချ၍၊ ထွန်းပပြောင်လက်၊ မင်းဆောင်ရွက်နှင့်၊ ငြိမ်သက်တင့်ကျူး၊ မြီးတိုက်ဦးသို့၊ ပျံ့ပျူးသာရှင်၊ ရောက်လေဝင်၍၊ လက်တင်တွင်းမှာ၊ တောင်ညာမြောက်ယွန်း၊ ထူးဆန်းတွေလာ၊ မင်းနေရာထက်၊ ကွမ်းခွက်ရောင်ဝင်း၊ ရွှေတော်ကျင်းလျက်၊ ဘက်ကင်းလွတ်ကွာ၊ နေသောခါမှ၊ နေရာခြားသီး၊ ဝန်ကြီးဝန်ထောက်၊ လေးယောက်ဝင်းမှူး၊ ရာထူးသင့်ရန်၊ မြင်းဝန်,ဆင်ဝန်၊ မြို့ဝန်,နားခံ၊ မြိုးမြိုရည်နှင့်၊ သံဆင့်တခြား၊ သံခံများတို့၊ မှတ်သားမလွဲ၊ နေမြဲနေကြ၊ ဝန်းကျင်ကလည်း၊ မည်ရပည်းဖြိုင်၊ မာရအင်တွင်း၊ သင်းမှူးများလှ၊ တကွရုံးပေါင်း၊ ငြိမ်သက်ကြောင်းကို၊ ညွတ်ပျောင်းသံတော်၊ ဦးတင်သော်လည်း၊ ဒေဝေါ်ဒိဗ္ဗ၊ ဒေဝိန္ဒမူ၊ ထွန်းပမျက်ရှင်၊ တန်ဆာဆင်လျက်၊ ရောင်ထင်နေ့တူ၊ ထွက်တော်မူ၍၊ ဇမ္ဗူရောင်ချက်၊ ကိုးမျက်စီပေါ်၊ သလွန်တော်ထက်၊ တက်တော်မူမှ၊ မိန့်ဟသံညင်း၊ အိမ်ရှေ့မင်း။ ။ ပွင့်လင်းဓဇယျ၊ ပြည်ပူရက၊ ပေါမလျှင်ထောက်၊ ရွှေစက်အောက်သို့၊ အရောက်နေကျ၊ ထိုမျှရက်ကြာ၊ လာရသည်လည်း၊ ပုံဖြိုးလှိုင်ကြူ၊ မေးတော်မူသည်။ ။**ကြည်ဖြူပီတိမွမ်း၏တည်း။** ။

၂၀၈။ **ဇေယျပူရ**၊ ရွှေပြည်ကသည်၊ ပေါမလျှံတောက်၊ အရောက်လျှို့လျှို့၊ နှစ်ညဉ့်သုံးရက်၊ ငြိမ်သက်ချမ်းသာ၊ လာခဲ့ပါဟု၊ ရှိကြာ



တင်မြောက်၊ ရှိသေလျှောက်သော်၊ ဘုန်းတောက်ရောင်ရှိန်၊ ရာဇိန္ဒရာဇ၊ မင်းစစ်ဇာတိ၊ မြတ်မိဖုရား၊ နှစ်ပါးခန့်ကျန်း၊ သာလန်း၏လော၊ သဘောပြောင့်မှန်၊ မိန့်ပေးပြန်သော်၊ ဘုန်းဝှန်တောက်ထိန်၊ ရာဇိန္ဒရာဇ၊ မင်းစစ်ဇာတိ၊ မြတ်မိဖုရား၊ နှစ်ပါးသာကျန်း၊ လန်း၏ဘုရား၊ လျှောက်ထားပြီးမှ၊ ခဏမကြာ၊ ဝလာဟက၊ မည်ရထင်ပေါ်၊ မြင်းတော်ကိုခေါ်၊ မိန့်တော်ရှိလျှင်၊ ဇောင်းတော်တွင်နှိုက်၊ စွမ်းအင်အားကို၊ လူမျိုးမနိုင်၊ ကြီးခိုင်လွန်မင်း၊ အာကမြင်းကို၊ အလျင်းသာပင်၊ မဆင်တန်ဆာ၊ ယူခဲ့လှာ၍၊ မကြာချက်ခြင်း၊ အိမ်ရှေ့မင်းကို၊ သံညင်းပုံ့ကြူ၊ မိန့်တော်မူသော်၊ ဖြိုင်တူမထင်၊ အိမ်ရှေ့ရှင်ကား၊ ကြည်လင်ညွတ်ခ၊ ရှိဦးချပြီး၊ ထ၍ထွက်လျှင်၊ အလျင်မကြာ၊ မြင်းရှိရာသို့၊ ဘုန်းဝါပွင့်လူ၊ သွားတော်မူ၍၊ လွှယ်ကူရက်ရက်၊ အမ်းတည့်တက်၍၊ ရှေ့လက်နှစ်ဘက်၊ မြေထက်နင်းချ၊ မကျစေဘဲ၊ ကျူးကဲထူးထွေ၊ နောက်ခြေဖြင့်သာ၊ မြေမှာအနေ၊ နင်းချစေလျက်၊ ဂိုက်ခွေဘယ်ညာ၊ လွှယ်ကာအစ၊ ဆင်တူမျှကို၊ မရဖြိုင်တူ၊ စီးတော်မူသည်။ ။**မြင်သူအံ့ကြ-မူး၏တည်း။** ။

၂၀၉။ **မင်းပွဲသဘင်**၊ ဆင်ပြိုင်ခစား၊ မှူးမတ်များနှင့်၊ အကြားအကြီး၊ ကွယ်ကိုးရှပ်ဖျောက်၊ နန်းတော်အောက်က၊ အပေါက်အဝ၊ ရှိသမျှနိုက်၊ ကြည့်ကြသူများ၊ ပျော်ပါးထူးချွန်၊ ဝမ်းမြောက်လွန်၍၊ ပြင်းထန်လှစွာ၊ မင်းအာဏာကို၊ ရှုံ့ရှာမထောက်၊ မကြောက်နိုင်ပြီ၊ စီစီပြောစည်၊ ပေးသည်အသံ၊ ကျုံကျုံကျိုက်ပွက်၊ အုတ်အုတ်ကျက်သော်၊ ဘုန်းစက်ထွန်းပ၊ ဒေဝိန္ဒလည်း၊ အားရဝမ်းသာ၊ မေတ္တာရစ်ခွေ၊ မြတ်နိုးထွေဖြင့်၊ နေစေတော့ဟု၊ မိန့်တော်မူ၏၊ ဇမ္ဗူနတ်ဆက်၊ မြင်းကသက်၍၊ တုဘက်လွတ်ကွေ၊ နေမြဲနေ၏၊ ထွတ်ဒေဝရာဇာ၊ တွေသာသံချို၊ ဆိုသည်ယဉ်နု၊ ယခုထူးလည်၊ မြင်းစီးသည်ကို၊ မှတ်တည်အသို၊ ဝန်တို့စိတ်တွင်၊ ထင်ကြသနည်း၊ ပုံ့ဖြိုးတွေသာ၊ မိန့်သောခါဝယ်၊ မဟာဒိဗ္ဗ၊ သုရမည်သာ၊ သေနာပတိ၊ ရည်ရှိဝန်ကြီး၊ အံ့ချီးလျှောက်သည်၊ ခုစီးရည်ကို၊ မြင်မည်စိတ်ထား၊ ရှည်လျားရှေးလွန်၊ ကျမ်းဂန်ပုံပြင်၊ ရာဇဝင်တွင်၊ မျှပင်သော်လည်း၊ သည်နည်းစကား၊ မကြားဘူးပါ၊ သည်သာလွန်ကျူး၊ အထူးအမြတ်၊ အထွတ်စံတည်၊ ဖြစ်ပေသည်ဟု၊ ရှိရည်ဦးမြောက်၊ ချီးဝှဲလျှောက်သည်။ ။**ဝမ်းမြောက်ပီတိ ထူး၏တည်း။**



www.burmeseclassic.com

www.burmeseclassic.com



**၂၁၀။ သည့်နောက်ထပ်ကာ၊** ကောသရာနာဂ၊ မည်ရထင်ပေါ်၊ ဆင်တော်ကိုခေါ်၊ မိန့်တော်ရှိလျှင်၊ အလျင် ခေါ်မြောက်၊ ဆင်တော်ရောက်သော်၊ ငုံ့ထောက်မနေ၊ မောင်စီးချေသို့၊ နှုတ်ရွှေခွန်းတော်၊ ဟသော်ခဏ၊ ရှိဦးချမှ၊ ထ၍မကြာ၊ ဆင်ရှိရာသို့၊ နန်းလျာဘုန်းတောက်၊ ကြွရောက်ခသာ၊ နာဂဘက်၊ မည်ရဆင်နိုင်၊ နောက်တော်ထိုင်လျှင်၊ သံအိုင်ခြိမ်းမောင်း၊ အန္တိမ်တောင်းသော်၊ ပွင့်လောင်းရည်ထင်၊ မန္တိမ်ခင်ပင်၊ အလျင်ရက်ရက်၊ ခုန်တက်ပြီးသော်၊ ခြေတော်ချိပ်ဆင်း၊ ပိုးချည်နင်းနှင့်၊ မသွင်းဘဲသာ၊ ဆရာလူကျော်၊ ချွန်းဆက်သော်လည်း၊ လှမ်းတော်မမူ၊ ရှေ့ရှုလျှင်စွာ၊ အကုန်ခွါ၍၊ ဆရာတိုးဟု၊ ယဉ်နုသာဖြား၊ မိန့်တော်အားဖြင့်၊ ကြိုးစားလွှန်မြင်း၊ ထိုစဉ်တွင်းဝယ်၊ ထိပ်နှင်းပွင့်လျာ၊ ခြေဖြင့်သာလျှင်၊ မြင့်စွာ ညွှပ်ဘိ၊ ချုပ်သည် ရှိသော်၊ ကြီးဘိ တောင်ယောက်၊ ထိုဆင် ပေါက်သည်၊ နောက်သို့ ထိုင်အိ၊ ခွေယိုင် ရှိ၍၊ ကျော်ဘိဆင်နိုင်၊ နောက်တော်ထိုင်လည်း၊ မနိုင်ထူထ၊ ပက်လက်ကျ၍၊ မြောမျှမရှိ၊ မြေမှာရှိ၍၊ သိရိရည်ရွှန်း၊ ရဲတုကျွန်းမှ၊ ထိပ်ပန်းကုံးထက်၊ အသာတက်၍၊ ထွတ်ချက်နတ်ချာ၊ ဒေဝရာသို့၊ ရည်ကာ ညွှတ်ခ၊ ရှိဦးချသို့၊ ချီကြွ ထန်ပြင်း၊ ဘုန်းအင်း သံဝါ၊ တော်ပင်ပါ၍၊ နာဂဘက်၊ စဉ်ကျရာမှာ၊ မြင်သော့ခါလည်း၊ ပြင်းစွာရယ်မော၊ ဝမ်းကြော ဝမ်းခြင်၊ ပြတ်လှု ထင်သည်။ **။သာရှင်လန်းကြ-မြူး၏တည်း။ ။**

**၂၁၁။ ယဉ်မျိုးအလုံး၊** ပေါင်းယှုကျုံးသည်၊ ထွတ်ဆုံး တင့်ရာ၊ မင်းသူဇာနှင့်၊ ကိုယ်ဝါရောင်မြူး၊ မင်းခြောက် ဦးလည်း၊ သွယ်ဖြူး မိုးရောက်၊ အနောက်နန်းမြင့်၊ ထက်ဘုံဆင့်က၊ လှစ်ဘွင့်လေသာ၊ ကြည့်ကြရာဝယ်၊ နန်းလျာရည်ထင်၊ ကိမ်ရှေ့ရှင်ကို၊ ၇၊ သင်လှုပ်၍၊ ရှင်မွေရွှေရင်၊ ကုပင်ပုံ့ပျူး၊ မြူးထူးကြဟန်၊ မြန်မြန်တွေပြား၊ စိတ်ကစားလျက်၊ တိမ်းပါးမူးမိုက်၊ မောဒိုက်ဝယ်ပင်၊ ထိုဆင်ရုပ်ခြည်း၊ ခွေထိုင်လည်းသော်၊ ကျော်သည်းမြေပြင်၊ သူသည့်ရှင်သည်၊ အလျင် ချက်ခြင်း၊ ဦးကင်းကိုကျော်၊ ပန်းကုံးပေါ်သို့၊ မြိုင်ဘော် လျပ်ခြည်၊ တက်တည့်သည်ကို၊ ယိမ်းဖည်လက်လွှတ်၊ ကျမည်မှတ်၍၊ လှမြတ်စံထား၊ ခုနစ်ပါးတွင်၊ ရှေ့ဘွားအကြီး၊ ထွန်းညီးအင်ညို၊ မင်းဟာရီကာ၊ ထိပ်ဆီထားတင်၊ အိုင်ပြုလင်ဟု၊ ဆောလျင်နှုတ်လွှတ်၊ ဆိုမိ



ချွတ်၏၊ လျှံပတ်ရောင်မြူး၊ မင်းငါးဦးလည်း၊ ထူးထူးပြားပြား၊ စကားထဲနက်၊ လျှို့ဖွက်သင့်စွာ၊ မဆိုရာလျက်၊ ကြီးစွာစိတ်ထား၊ ရာဂအားဖြင့်၊ လန့်ကြားထိတ်လ၊ ဆိုယောင်ကြ၏၊ သို့မှသတိ၊ ရသည်ရှိသော်၊ သိရိဝင်းဝါ၊ မင်းသူဇာကို၊ ရှက်ရှာလှ၍၊ ယဉ်မြေမျက်နှာ၊ မသာညှိုးငယ်၊ သနားဘွယ်သည်။ **။ပန်းနွယ်ညှိုးညစ်-ညှုး၏တည်း။ ။**

၂၁၂။ **ရွှေတောင်စိုးရ၊** ဒေဝိန္ဒလည်း၊ မြင်ကအံ့အဲ၊ ဘွယ်သရဲဟု၊ ချီးဖွဲ့သာဖျော်၊ မိန့်ပြီးသော်တည့်၊ ခေါ်တော်မူလျှင်၊ သောင်းခွင်ဒီပါ၊ စိုးမည့်လျာကား၊ အသာဆင်က၊ သက်ခဲ့ကြ၍၊ ညွှတ်ခရှိသေ၊ နေမြဲနေသော်၊ တထွေ တလာ၊ ဆင်စီးရာမှာ၊ အံ့ရာဖြင်ပည်း၊ အသို့နည်းဟု၊ သာဖြည်းသံခြေ၊ ထွတ်ဒေဝိန္ဒ၊ ဗျာဒိတ်ဟသော်၊ မရပ္ပိုင်ခိုင်း၊ ဂုဏ်ရှိတိုင်းကို၊ ချီးလှိုင်းပြီးတိုင်၊ မအံ့နိုင်အောင်၊ အခေါင်ထွတ်ထွေ၊ မင်းဖြစ်ချေသည်၊ ဆုပေရိုက်ချုန်း၊ ဘုန်းတော်ကြောင့်သာ၊ မြင်ရပါဟု၊ သေနာပတိ၊ ဦးရှိလက်မြှောက်၊ ရှိသေလျှောက်၏၊ ထို့နောက်ခဏ၊ သဟဿဗလ၊ မည်ရခေါ်ဆို၊ လေးကိုယူစေ၊ နှုတ်ရွှေသာအိန္ဒ၊ မိန့်လျှင်ဖြဖြ၊ အာဝုဓကျော်၊ ခေါ်ညီမည်သာ၊ တိုက်တော်မှာက၊ သန့်မာဖြောင့်သား၊ လေးနှင့်မြားကို၊ လျင်လျားခဏ၊ ယူခဲ့ကြသော်၊ ယောက်ကျားအစွမ်း၊ မောင်ပစ်စမ်းဟု၊ ထပ်မွှမ်း ကြည်ညို၊ မိန့်ဟာဆိုသော်၊ မင်းပျိုနမှာ၊ ဦးချကာလျှင်၊ များစွာပုံယင်၊ တိုင်းပင်မသိ၊ လူမျက်စိဝယ်၊ မငြိပြစ်ဆာ၊ ရှုသာလေလေ၊ ချမ်းငြိမ်းစေလျက်၊ ပြစ်ပြေမှုထား၊ ယိမ်းကာသွား၍၊ မြားနှင့် ထက်ကြပ်၊ လေးရှိရပ်ဝယ်၊ တုပ်ပျပ်နေထိုင်၊ ယဉ်နိုင်သမျှ၊ အံ့ရအလွှန်၊ ဦးချပြန်သည်။ **။ကြာဟန်ရှိုင့်-ဖူး၏တည်း။**

၂၁၃။ **ဗလ တထောင်၊** အားတိ ဆောင်သည်၊ မာခေါင် သန်လှ၊ အံ့ရထင်ပေါ်၊ ထိုလေးကျော်ကို၊ ရှုမြော်ကျစ်လျစ်၊ ပုဆစ်နှစ်ဘက်၊ တုပ်လျက်တိုင်းသာ၊ ရှယ်ကာခဏ၊ တင်ပြီးမှလျှင်၊ ပြင်းပြအဟုန်၊ အကုန်အစင်၊ ညို့ကိုတင်သော်၊ ပေါ်ထင်ကျော်ချီး၊ ထိုလေးကြီးသည်၊ ချည်းနှိုးပစ်စု၊ မြစ်နုပမာ၊ ဘောင်ဘောင်ပါမျှ၊ အံ့ရာကျူးထွေ၊ ကျူးလျှင်းလေ၏၊ ဘက်ကွေလွှတ်ကွာ၊ ထိုရောခါဝယ်၊ ကြော်ငြာကျုံကျုံ၊ အံ့ချီးသံတိ၊ မိုးလျှံအုတ်ကျက်၊ တပြိုင်နက်လျှင်၊ ကျိုက်ပွက်သည်းစွာ၊ မြဟ္မာထုတ်ချောက်၊ တိုင်လေရောက်၏၊ ဘုန်းတောက်

www.burmeseclassic.com

www.burmeseclassic.com



ဒိဗ္ဗ၊ ဒေဝိန္ဒလည်း၊ ရှင်ပျစိတ်ဇော၊ ရယ်မောတော်မူ၊ ကြည်ဖြူလှစွာ၊ ထပ်ကာကာလျှင်၊ မေတ္တာမလျှော့၊ နေစေတော့ဟူ၊ မိန့်တော်မူမှ၊ သည်သူထူးလည်၊ ရောက်လှာသည်ကို၊ ကြိစည်ကိုယ်တို့၊ ဘယ်သို့ယာခု၊ ပြုစုသင့်မည်၊ ထင်ကြသည်ဟု၊ ပူကြည်ချီသာ၊ မိန့်သောခါဝယ်၊ မဟာဒိဗ္ဗ၊ သုရမည်သာ၊ သေနာပတိ၊ ခွင့်သိလိမ်မာ၊ လျှောက်သည်မှာကား၊ ရှည်တာဝေးလှ၊ ရှေးရှေးကပင်၊ မည်မျှလွန်ကျူး၊ မရောက်ဘူးကို၊ အထူးထွေလည်၊ ရောက်လှာသည်လည်း၊ ကြိစည်ချီးလို့၊ မအုံနိုင်အောင်၊ ဘက်လွှတ်ရှောင်သည်။ ။**အခေါင်တင်ထိုက်-အကျူးတည်း။**

၂၁၄။ **အစီးအနင်း၊** ဆင်,မြင်း,လေးကိုင်၊ တူပြိုင်ပမာ၊ မရရာဗြိ၊ ရုပ်ဝါရောင်ဆင်း၊ ထွန်းဝင်းသိရိ၊ ဇာတိကောင်းမြတ်၊ မလွှတ်စွေ့စွေ့၊ ကြံအောက်မေ့သော်၊ အိမ်ရှေ့အရာ၊ မြတ်စွာကျူးကျော်၊ ကိုပင်သော်လည်း၊ ထိုက်လျော်မသွေ၊ သင့်အိပေမည်၊ ထင်ပါသည်ဟု၊ ထိပ်တည်လက်မြှောက်၊ လိုက်သိလျှောက်သော်၊ ဝမ်းမြှောက်ကြည်ညို၊ မောင့်ကိုသာဖျော်၊ မျက်ကျော်စီးက်၊ မြီးတိုက်ထက်သို့၊ တက်၍ဖျော်ဖြေ၊ နေနှင့်စေဟု၊ သံခြေသာအိန္ဒ၊ မိန့်ခဲ့ပြီးမှ၊ ထ၍ဝင်တော်၊ မူပြီးသော်တည့်၊ ထင်ပေါ်ဗုန်ဝါ၊ မဟာဒေဝ၊ ဗြဟ္မမည်သာ၊ မဟာဇေယျ၊ ဗြဟ္မခေါ်မည်၊ သာသည်ချီနွဲ၊ ရှေ့ဘွဲ့ခံတန်၊ တွင်းဝန်တို့အား၊ ထံပါးကြည်ဖြူ၊ ခေါ်တော်မူ၍၊ ညွှန့်လူမင်္ဂလာ၊ အောင်မည့်ရာ၍၊ စဉ်လာလောက၊ သင်္ကေတကို၊ တီတွင်ဆင်ခြင်၊ မိန့်တိုင်းပင်သာ၊ မြော်မြင်ရေးရာ၊ လျှောက်သည်မှာကား၊ မိန့်ဗျာဒိတ်တော်၊ တွေ့ငေါ်ရှိတိုင်း၊ ထုံးပိုင်းမှန်စွာ၊ လှူ့မြည်မှာကား၊ မင်္ဂလာခမ်းနား၊ ထိမ်းမြားပီပီ၊ စုံအင်ညီအောင်၊ ဆောင်ပြီဖြစ်၍၊ အသင့်ထပ်ဆင့်၊ မဆောင်သင့်ပြီ၊ စုံညီနှစ်ပါး၊ အတူထားမှ၊ သာဖြားဖျော်ဖြည့်၊ ငါနှင်း၏ဟု၊ တည့်တည့်ထင်ထင်၊ အမြင်အသိ၊ မိန့်တော်ရှိလျှင်၊ သိရိညွှန့်ရှည်၊ မြတ်သည်မင်္ဂလာ၊ ဖြစ်ပါတော့မည်၊ ထင်ပါသည်ဟု၊ ရှိရည်စုံခိုး၊ လက်စုံမိုးသည်။ ။**မင်းကျိုးရည်ပြောင့် စူးရူးတည်း။** ။

၂၁၅။ **တွင်းဝန်ယင်းသို့၊** နှိမ့်ကြို့ ဝပ်တွား၊ လျှောက်သည်ကြားသော်၊ နတ်ဖျားဘုန်းစည်၊ စိတ်တော်ကြည်လျက်၊ လျှောက်သည်သင့်ပြီ၊ ပည်းသီများစွာ၊ မင်းမာတို့ဝယ်၊ ကြီးငယ်အလတ်၊ မူးမတ်လုပျို၊ တို့ကိုအစေ့၊ ဝင်စေ၍လျှင်၊ အိမ်ရှေ့မင်းမှာ၊ မက္ခာမြီးနေ၊ ခစား



စေဟု၊ ပရမေခေါင်ထိ၊ မိန့်တော်ရှိသော်၊ ကပိစံမြှောက်၊ မတ်နှစ်ယောက်လည်း၊ ငုံထောက်မကြာ၊ ထွက်ခဲ့လှာ၍၊ မိန့်ဗျာဒိတ်တိုင်း၊ ထုံးပိုင်းမသွေ၊ စီမံလေ၍၊ ဘုန်းဝေညွှန့်ဖြာ၊ နန်းပွင့်လျှာသည်၊ ရတနာမြူးပြက်၊ မြီးတိုက်ထက်သို့၊ ခုတက်တော်မူ၊ ရပြီဟူ၍၊ ဖြူအုနုရွှ၊ မင်းရှင်လှမှာ၊ ဇေယျသညာ၊ မည်သာကျော်ဟိုး၊ မိန်းမစိုးသည်၊ လက်မိုးစုံမြှောက်၊ လာတည့်လျှောက်သော်၊ ဝမ်းမြှောက်လွန်စွာ၊ မင်းသူဇာကား၊ ရတနာဟောမ၊ ကွမ်းဝါစသည်၊ မည်မျှမကျန်၊ ပွဲလွန်ပွဲကျူး၊ အထူးအပြား၊ အများအလျှင်၊ ဖြိုဖြိုပြင်၍၊ ရွှေစင်ဝင်းပြောင်၊ ဒါးဝယ်ဆောင်က၊ ထုတ်ဆက်ရသည်၊ ခဏထပ်ကာ၊ ထားရာမဲ့လှည့်၊ မြီးတိုက်ပြည့်၏၊ ချစ်သည့်တွေသာ၊ လျှောက်သည်မှာလည်း၊ ထိပ်ချာမင်းငှ၊ ဘယ်သို့မျှကို၊ စိတ်ကညွှာတာ၊ အားနာပါနှင့်၊ ညောင်းညာ ပြေကြောင်း၊ လည်းလျှောင်းသာရှင်၊ နေပါရှင်ဟု၊ ထိပ်ပြင်ရှိကြ၊ တင်လျှောက်မှာသည်။ ။**ထပ်ကာခုတွင်ခုလျှင်တည်း။**

၂၁၆။ **ဒေဝိန္ဒရာဇာ၊** တခါအသစ်၊ ကြံတော်ဖြစ်၍၊ လွန်ချစ်မငြီး၊ ငါ့သမီးကို၊ ယှဉ်မှီးမကင်း၊ အိမ်ရှေ့မင်းအား၊ ငါနှင်းငြားမူ၊ လျှင်လျှားလွယ်တာ၊ အသာပေါ့ပျက်၊ နှင်းသည်ထက်လျှင်၊ လျှို့ဝှက်သမူ၊ ခဲအောင်ပြု၍၊ ထိုသူ့သညာ၊ ဘုန်းသဒ္ဓါကို၊ ဗုန်ဝါဆုဝေ၊ ထင်စေသဖြင့်၊ နှင်းသော်သင့်၏၊ ကြီးမြင့်ထူးလည်၊ ထိုသူသည်လည်း၊ ဖြီးစည်အုံရာ၊ ဘုန်းတေဇာနှင့်၊ လွန်စွာကဲးကျူး၊ အထူးဖြစ်သည်၊ ဘွေနှည်ဆင်ခြင်၊ အမြင်ခဲးစွာ၊ မသိရာကို၊ ပညာဘုန်းဖြင့်၊ အသင့်မြီးတည်၊ သိလိမ့်မည်ဟု၊ ကြံစည်အာဘော်၊ ပိုက်ပြီးသော်တည့်၊ နန်းတော်ဆောင်ဆောင်၊ ကုန်အောင်တင့်အင်၊ တန်ဆာဆင်မှ၊ ထွတ်တင်ညာထား၊ ရှစ်သောင်းဖျားက၊ မျိုးမည်ရကို၊ မချနေရာ၊ လျော်စွာတထွေ၊ နေရာနေနှင့်၊ စံရွှေသိင်္ဂီ၊ ကျောက်စီပြူးပြက်၊ ကွမ်းခွက်ပြောင်ပြောင်၊ ဆောင်ယောင်ရပြီး၊ မင်းသမီးက၊ စသည်တအုပ်၊ ကိုယ်လုပ်မျိုးတော်၊ လှကျော်ယဉ်ပျောင်း၊ ယဉ်ဟောင်းယဉ်သစ်၊ နွဲ့မြစ်အိအှ၊ ညို,ဖြူ,ပြာတွား၊ အခြားခြားကို၊ ဝတ်စားအင်တန်၊ ရွှေမှန်ကျောက်စီ၊ သင်တိုင်းသီနှင့်၊ ထတီတဘက်၊ ဖြိုးပြက်သိုရင်း၊ ဝင်းဝင်းလျှပ်လျှပ်၊ ရွှေချပ်သွယ်ကုံး၊ တင့်ဆုံးထူးထွေ၊ ဆင်ယင်စေသည်။ ။**ဖြစ်မြေယှဉ်မြေ့-နုရှင်တည်း။** ။

www.burmeseclassic.com

www.burmeseclassic.com



၂၁၇။ **အရှေ့အနေ့ာက်**၊တောင်မြောက်ဝန်းကျင်၊သအင်ကန္တာ၊ထူးပြားပည်းဖြင့်၊စီရင်မလွတ်၊ မှူးမတ်မယား၊ ကတော်များလည်း၊ ဝတ်စားတုပ၊ ခေါ်ဝင်ရ၏၊ များလှအုန်းအင်း၊ ကြမ်းခင်းနိမ့်မြင့်၊ လိုက်သင့်စဉ့်နေ၊ခစားစေ၏၊ မြူတေဝင်းညီး၊ ရွယ်မကြီးသည်၊ သမီးတော်များ၊ ခုနစ်ပါးကို၊ ထူးပြားရတနာ၊ ဆင်တန်ဆာနှင့်၊ သော်တာပြည့်ရှန်း၊ ခုနစ်ဝန်းသို့၊ လျံထွန်းအသရေ၊ စဉ်နေစေမှ၊ လွှေတွေ့ရှုပ်သွင်၊ မျက်ရှင်ချယ်သံ၊ တင်းထိမ်ရံ၍၊ မြူးဆံရွက်လိမ်၊ ထိုတင်းထိမ်နှိုက်၊ မွေ့ယိမ်သွယ်ရှည်၊ နုသည်လက်ညှိုး၊ စိုက်ထိုးလိုက်ကာ၊ မှူရာယဉ်ကျေး၊ မပေးမနိုး၊ နေစေပြီးသော်၊ ကျော်ချီးမြေပြင်၊ အိမ်ရှေ့ရှင်ကို၊ သာရှင်ကြည်ဖြူ၊ ခေါ်တော်မူ၍၊ လွယ်ကူမကြာ၊ ယက္ခာဇေယျ၊ နာမကျော်ဟိုး၊ မိန်းမစိုးမတ်၊ထိပ်ထွတ်ရှိမြောက်၊ ခေါ်ဝင်ရောက်သော်၊ချီးမြောက်နေရာ၊သာယာမိန့်ခေါ်၊ စားတော်ရောင်လျှပ်၊ကွမ်းကာလပ်နှင့်၊ တုပ်ဖျပ်ရှိသေ၊ ကွမ်းဆက်စေမှ၊ သံခြေပုံကြည်၊ မိန့်ရှိသည်ကား၊ ယဉ်သည်လျံဝင်း၊ တင်းထိမ်တွင်းနှိုက်၊ ရောင်ဆင်းထွန်းညီး၊ ငါ့သမီးတော်၊ ရှုမြော်ချစ်လောက်၊ ခုနစ်ယောက်တွင်၊ နှောင်းအောက်ငယ်ရွ၊ မောင့်နှမကို၊ နှစ်ခွမထင်၊ မောင်သိလျှင်မူ၊ ခုပင်ယနေ့၊ စိတ်မဓွေ့လျှင်း၊ ငါနှင်း၏ဟု၊ တည့်တည့်ဖြောင့်စင်း၊မိန့်သံညင်းသည်။ ။**သည်းတွင်းဝမ်းက-ဆွတ်ကြင်တည်း။** ။

၂၁၈။ **ယင်းသို့သာအိန့်**၊ ရွှေနှုတ်မိန့်သော်၊ ကျော်ထိန့်ကြေညာ၊ နန်းပွင့်လျှာကား၊စာနာနှိုင်းရှည့်၊ ခက်ချေ၏ဟု၊ မြော်ကြည့်ရွှေနောက်၊ တောင်မြောက် ဘယ်ညာ၊ ရေးရာကြောင်းလမ်း၊ စူးစမ်းထိုးထိတ်၊ စိတ်အလိုလို၊ တွန့်တိုမသာ၊ ရှိသောခါဝယ်၊ နေရာညှိနှ၊ ပဏ္ဍုကမ္ဗလာ၊ ပုခြင်းရာကို၊ သိသာထင်ရှား၊ ပြသောအားဖြင့်၊ သိကြားသိလျှင်၊ ရှုဆင်ခြင်သော်၊ လေးအင်သစ္စာ၊ ပွင့်လောင်းလျှာ၏၊ စိတ်မှာခက်ညစ်၊ ရှိသည့်ဖြစ်ကို၊ နတ်စစ်ဂန္ဓာ၊ မြင်သောခါဝယ်၊ မကြာခဏ၊ ကိုယ်တိုင်ကြွ၍၊ ဘဒြမဏ္ဍိ၊ မည့်ရှိထင်ရှား၊ ပတ္တမြားလိပ်ပြာ၊ ပီစွာသဏ္ဌာန်၊ ကိုယ်ကိုဖန်မှ၊ နန်းရန်ပွင့်လျှာ၊ ဥပရာ၏၊ အင်္ဂါမြတ်ဆုံး၊ ညာပခုံးထက်၊ ဖြည်းသက်ရွရွ၊ နားပြီးမှလျှင်၊ ခဏမြော်ကြည့်၊ ရှုတည့်မင်းပျို၊ ရှုတည့်ဆို၍၊ မယ့်ကိုမှတ်သား၊ ပျံလေသွားမှ၊ ထွတ်ထားထင်ရာ၊ မင်းသူဇာ၏၊ လွတ်ကွာမြှိုင်မျိုး၊ လက်ညှိုးထိုးရာ၊ တင်းထိမ်မှာနှိုက်၊ အာ



သာနားမှ၊ ခဏမနေ၊ ပျောက်ကွယ်လေ၏၊ ဘုန်းဝေညွန့်စည်၊ နန်းပွင့်ရည်လည်း၊ သည်သည်လိပ်ပြာ၊ နိတျာတျာက၊ ဗုဒ္ဓါသဏ္ဍ၊ ဝါသဝပင်၊ ငါ့ကိုယ်သိစိမ့်၊နှစ်သိမ့်ချစ်ကြည်၊ပြပေသည်ဟု၊ဆောက်တည်အမြဲ၊ ယူတော်စွဲသည်။ ။**မလွဲမှုချ-ရည်ထင်တည်း။** ။

၂၁၉။ **သို့မှဆောလျင်**၊ရွှေတောင့်ရှင်ကို၊ကြည်လင်ညွတ်ခ၊ရှိဦးချ၍၊ ရှင်ပျမျက်နှာ၊ ထလာချက်ခြင်း၊ တင်းထိမ်ရင်းသို့၊ ကြည်ရွှင်းသာရှင်၊ ချဉ်းပြီးကျင်သော်၊ သည်လျှင်မှန်စွာ၊ မင်းသူဇာဟု၊ ဆင်းဝါရွှေလှော်၊ လက်ညှိုးတော်ကို၊ မျက်ကျော်ရောင်ထင်၊ တင်းထိမ်ပြင်က၊ သာရှင်ယုယ၊ ဆွဲး၍ပြသော်၊ ဟောမစိုးလယ်၊ နတ်ဘုန်းကြွယ်လည်း၊ အံ့ဘွယ်သရဲ၊ လွန်ကျူးကဲဟု၊ စိတ်ထဲခမတ္တာ၊ စေတနာနှင့်၊ ဝမ်းသာအားရ၊ ချီးမွမ်းဟ၏၊ အတုလဒေဝီ၊ မဟေသီနှင့်၊ သိင်္ဂီရောင်ဆင်း၊ မြောက်ပါးမင်းက၊ နန်းတွင်းရိပ်ခို၊ ပျို့အိုခြားခြား၊ မယား,ကတော်၊ ကျူးကျော်လွန်မင်း၊ ဖြစ်လေခြင်းဟု၊ သံညင်းဖြည်းစွာ၊ တိုးတိုးသာလျှင်၊ မေတ္တာမိုမောက်၊ တယောက်တခွန်း၊ ကြိုင်မွှန်းသာဖြား၊ ဆိုစကားသည်၊ ချောက်ချားသံပြိုင်၊ နန်းလုံးအိုင်၏၊ ရောင်ဆိုင်ဖြိုးဖြက်၊ ထီးချက်စောင့်ထီး၊ နတ်သမီးကား၊ ဘုန်းကြီးသည့်ရှင်၊ ထွတ်ထိပ်တင်ကို၊ ချစ်ခင်စုံမက်၊ လွန်နှစ်သက်၍၊ မဇ္ဈက်ကိုယ်ထင်၊ ပြလျက်ပင်တည့်၊ လူတွင်နှန်းထွင်း၊ အိမ်ရှေ့မင်းသည်၊ ဖြိုင်ကင်းမဆွယ်၊ သည်ဖြစ်ဝယ်နှိုက်၊ လေးသွယ်ဒီပ၊ အစိုးရသည်၊ စကြာ့သခင်၊ ဖြစ်မည်လျှင်ထိမ့်၊ စုံအင်ပါရမီ၊ ဖြည့်ညီဆယ်ဘော်၊ နောင်တုံသော်လည်း၊ ညာဏ်ကျော်ထွန်းသစ်၊ ဘုရားဖြစ်မည်။ ။**စင်စစ်မှန်၏-မြိုးပင်တည်း။** ။

၂၂၀။ **ထီးချက်နတ်ရှင်**၊ ချီးတင်မြောက်စား၊ ဆိုသံကြားသော်၊ ဆင့်ပွါးရက္ခ၊ ဘုမ္မ,အာကာ၊ ဖြိုဟ္မာတိုင်ရောက်၊ ဘဝဂ်ချောက်မျှ၊ ဝမ်းမြောက်လှုလှု၊ သာဓုသာဓု၊ ယဉ်နုသီးသီး၊ ဆိုကြချီး၏၊ ပွဲးကြီးသဘင်၊ စည်ပင်ဆန်းကြွယ်၊ အံ့ဘွယ်မြတ်မြင့်၊ သို့နှင့်ချုပ်နေ၊ ဝင်မိုက်လေသော်၊ ထွတ်ဒေဝရာ၊ မေတ္တာဖြိုးလွှေ့၊ နတ်ဘုန်းဟော့သည်၊ အိမ်ရှေ့စိုးစံ၊ မင်းမောင်နှံကို၊ မျက်ပွဲရောင်ထွန်း၊ စံရာနန်းသို့၊ ရှင်လန်းမကျေ၊ ကြွစေတော့ဟု၊ မိန့်တော်မူ၏၊ ဇမ္ဗူကွန်းချာ၊ စိုးမည်လျှာနှင့်၊ သူဇာယဉ်နု၊ မင်းရွှေဥလည်း၊ ရုံးစုညီညာ၊ များရံကာနှင့်၊ ရတနာ...မှ၊

www.burmeseclassic.com

www.burmeseclassic.com



ပါသာဒသို့၊ နေ့လ သဘွယ်၊ တင့်တယ်စုံအင်၊ ကြွလေဝင်သော်၊ မင်းရှင်သူဇာ၊ နဝါဝါမှာ၊ ပွင့်လျာနန်းရန်၊ ဘုန်းတော်ဇွန်ကို၊ ထိပ်စွန်တင်မြှောက်၊ ဘုရားလောက်စင်၊ ထင်အောက်မေ့၍၊ ရှိသေလေ့ဖြင့်၊ စုံစေ့လက္ခဏာ၊ ခြေတော်ကြာကို၊ မွေးစွာပျံ့သည်၊ နတ်နှင်းရည်ဖြင့်၊ သာကြည်ဖြဖြ၊ ဆေးယုယ၍၊ စိမ်းမြကေသာ၊ သိုးတောင်ထွာနှင့်၊ အသာကိုင်းညွှတ်၊ ရှိသေပွတ်မှ၊ ထိပ်ထွတ်တင်ရာ၊ ထိပ်ချာထိပ်ချက်၊ မယ့်ထိပ်ရွက်မှာ၊ လေးချက်တီးပေါ်၊ မနည်းကျော်လျှင်၊ ပွဲတော်အမှန်၊ တည်ချိန်တန်ဟု၊ ခန့်ရန်စီရင်၊ ဖြဖြပြင်သည်။ ။**သာ ရှင်အဆော-တလျှင်ထည်း။** ။

၂၂၁။ **ကောင်းမြိန်စားတွင်း၊** နှံ့ရှင်းသန့်စင်၊ အမြင်လှပ၊ ယဉ်ကျေးမှုပင်၊ ယဉ်လှသည့်ရှင်၊ မယ့်သခင်မှာ၊ စိတ်တွင်ကြိုက်ကြည်၊ ဝင်တတ်သည်ဟု၊ မှတ်တည်သိလျောက်၊ လိုလိုရောက်သည်၊ နတ်ကောက်လက်ရွေး၊ ရေဆေးဖြူစင်၊ လျှာတွင်မရပ်၊ ချောသပ်သပ်က၊ စသည်အရသာ၊ များစွာထွေထူး၊ အကျူးအကောင်း၊ ပွဲပေါင်းဖြိုးစည်၊ ရွှေတော်တည်လည်း၊ ဘုန်းခြည်တောက်ဇွန်၊ နန်းပွင့်ရန်မှာ၊ အယွန်ပီတိ၊ တိုင်းမသိဖြင့်၊ အချိုရင်ရှည့်၊ ဝမ်းပန်းပြည့်၍၊ ရှုကြည့်ထွေပြား၊ မစားချင်ပါ၊ စစ်တာဝေးရှည်၊ ချီမည်ခန့်လျက်၊ ဝင်းကထွက်၍၊ ရှိုက်မက်မူးမော်၊ ဝင်းတော်လိုလှ၊ ကွယ်သည်ကပင်၊ အစတည်၍၊ လွမ်းသရွေ့ကို၊ ယနေ့ငါသည်၊ ဖြေတော့မည်ဟု၊ ကြံစည်စိတ်နှောင့်၊ တကြောင့်ကြောင့်လျှင်၊ မဖြောင့်နေ့တိုင်း၊ ရောင်ဆိုင်းပင်းဖွန်၊ မြသလွန်နှင့်၊ မျက်မှန်သိင်္ဂါ၊ စက်မွေ့ရာကို၊ မျက်နှာစောင်းလှည့်၊ ထဲးကြည့်ကြည့်လျှင်၊ ရွှေမှည့်ကျောက်ချယ်၊ ဆန်းကြယ်လုပ်ဆောင်၊ ဒေါင်းပေါင်များစွာ၊ အရသာကို၊ အားနာသမှု၊ စားကျွန်ပြုမှ၊ လျှင်လှုမူးမော်၊ နှုတ်တော်ရေမွှေး၊ လက်တော်ဆေး၍၊ မနေ့ခဏ၊ သလွန်မြထက်၊ အသာတက်၍၊ နှစ်သက်ရွှင်ပျော်၊ ဈောင်းပြီးသော်တည့်၊ ရွှေလှော်ဆင်းဝါ၊ မောင့်ကြင်ရာငယ်၊ ကြွပါတော့ရှင်၊ ခုလျှင်လျှင်ဟု၊ ပန်းသွင်ထွေငေါ်၊ တိုးတိုးခေါ်သည်၊ ။**မြေဖျော်ပိုက်တည့်-ပိုက်ချင်တည်း။** ။

၂၂၂။ **အရည်ကောင်းကင်၊** မိုးလောက်ဖြင်သည်၊ မင်းရှင်သူဇာ၊ ကြွတည့်ပျော်သော်၊ နန်းလျာ ထိပ်တင်၊ အိမ်ရွှေရှင်ကား၊ အလျှင်



စုံမက်၊ ဆီးတည့်ဘက်လျှင်၊ ဖြူညက်နုရွ၊ စသည်နုဖူး၊ ဆံလျှင်ကျူးက၊ စ၍မထွါ၊ ရောက်ခဲ့လှာ၍၊ ဝင်းဝါမိုမောက်၊ အိမ်သို့ရောက်အောင်၊ ကြိုင်ပေါက်ဧးကြူ၊ ရှုပ်ခဲ့ရှုသော်၊ နုအူဖြိုးလွေ့၊ စေ့သည်ရွှေသား၊ နှလုံးကြားမှာ၊ အပ်ထားနှာခေါင်း၊ စံပြောင်းဘယ်ညာ၊ ချပ်တိုင်းသာလျှင်၊ သွယ်ဖြာဖြောဖြော၊ ခြောက်ချက်ဇောနှင့်၊ မိန်းမောညွှတ်ခွေပျောက်ကင်းလေ၏၊ လက်ခြေပျော့ပျော့၊ ပြော့ပြော့အိအိ၊ ႏုကြာတောင်းရှိမှ၊ သတိရသော်၊ ရှင်ကြပျော်မြူး၊ အထူးထူးလျှင်၊ ဝေးကျူးမြေရှည်၊ စစ်ချီသည်မှ၊ မတည်ပုပျောင်း၊ လွမ်းသည့်ကြောင်းနှင့်၊ ထပ်လောင်းထပ်ကဲး၊ လွန်ဆင်းရဲးဟန်၊ ကြိမ်ဖန်ဆင့်ကာ၊ ပြော၍သာလျှင်၊ မျက်နှာမလှည့်၊ မကြည့်မကွက်၊ မလွှတ်ရက်ကြ၊ ယုယထပ်ဆင့်၊ တက်သည်နှင့်ပင်၊ မြပွင့်သိင်္ဂါ၊ မင်းသူဇာလည်း၊ ညစာစားမြီး၊ မုံ့ပဲးထမင်း၊ အလျှင်းစင်စစ်၊ မစားဖြစ်ပြီ၊ ရောင်နီဝင်းဝင်း၊ လားလားလင်း၏၊ ကြည်ရွှင်းစိတ်လက်၊ ပျံ့ပျူးချက်ကို၊ နှိုင်းဘက်စရာ၊ ပုံပြင်ရှာသော်၊ ဒေဝါလောက၊ သကာမထက်၊ အဆအသိန်း၊ တွက်ကိန်းမရ၊ လွန်မကဟု၊ နှစ်ပါးစိတ်တော်၊ ထင်မှတ်ပျော်သည်။ ။**ကျူးကျော်မြိုင်ဘက်လွတ်စင်းတည်း။** ။

၂၂၃။ **ယင်းသို့ရွှင်ပျော်၊** မွေ့လျော်မကွေ၊ နေလည်းမခြား၊ သွားလည်းမကွာ၊ စက်ရာမကွဲး၊ နွဲ့းကြုတူပင်၊ လွန်းကြင်ငှက်ယဉ်၊ လည်ချင်းယှဉ်သို့၊ လစဉ်သဘင်၊ ပျော်ရွှင်ပျံ့ပျူး၊ သဘင်ထူးနှင့်၊ လွန်ကျူးတင့်တယ်၊ ပင်သွယ်ရိပ်စဉ်၊ ဥယျာဉ်ရေကန်၊ တသွန်ရေကြည်း၊ အနည်းနည်းနှင့်၊ ဖြင်ပည်းမှူးမတ်၊ ဝန်းပတ်ကိုယ်လုပ်၊ ညွှတ်တုပ်ရှိသေ၊ ချစ်ကြောက်ထွေဖြင့်၊ တွက်ရေမရ၊ ဒိဗ္ဗသမှတ်၊ စည်းစိမ်မြတ်ကို၊ မပြတ်လင်းပွင့်၊ စံပယ်တင့်၏၊ သို့နှင့်ရှည်တာ၊ များမကြာခင်၊ သူဇာမည်ဟု၊ မင်းဖြူဖြူ၏၊ သူဇာတိုက်ဇွမ်း၊ လျှသည်ဝမ်းဝယ်၊ သာချမ်းပဋိ၊ သန္ဓေရှိ၏၊ သိရိဖြိုးလွေ့၊ နေ့လစေ့သော်၊ ယဉ်မြေလက္ခဏာ၊ ညီညွှတ်စွာလျှင်၊ ရတနာမုတ္တ၊ မူးမကသို့၊ အလှဆန်းကြယ်၊ လွန်တင့်တယ်သည်၊ နနယ်ထွတ်ရွှတ်၊ သမီးမြတ်ကို၊ ရုံပတ်ဝန်းလျား၊ ချမ်းသာဘွား၏။ ထွတ်ထားမယ်တော်၊ ကြိုင်ဘော်ဘက်ရှုံး၊ ဘွားစံးစဲးဝယ်၊ ဝမ်းဆွဲးတို့မှာ၊ ထိပ်ဖြင့်သာလျှင်၊ ငိုက်ကာညွှတ်ကြည်၊ ခံနှင့်သည်ကို၊ ရည်၍တချက်၊ အထက် ကောင်းကင်၊



www.burmeseclassic.com

www.burmeseclassic.com



ရောင်ထင်ဝင်းဝါ၊ ရတနာဖြိုးဖြိုး၊ ပန်းမိုယ်းတူးလည်၊ ရွှာလှာသည်ကို၊ ရည်၍တချက်၊ ချစ်သက်စုရာ၊ မြတ်မိတာကို၊ ရတနာပုပ္ပ၊ မည့်မှည့်ကြ၍၊ မာဂဓအလို၊ ထိုကိုမြန်မာ၊ ယဉ်ရာရှာရွေး၊ အနက်ပေးသော်၊ ပုံ့မွေးချီသာ၊ ရတနာထိပ်ပန်း၊ မည့်မှန်းကျူးရင့်၊ ခေါ်ဆိုသင့်သည်။ ။**သက်နှင့်တူမျှချစ်ခင်တည်း။** ။

၂၂၄။ **သက်နှင့်တူပင်၊** ချစ်ခင်မခြား၊ ထိပ်ဝယ်သားသား၊ တင်ထားဘက်ယမ်း၊ နမ်း၍စတေ၊ နေစရာလျှောင်၊ လွန်ပင်ကောင်းလှ၊ သိင်္ဂအစစ်၊ ပွတ်သစ်ကြည်စင်၊ ကြေးမုံပြင်သို့၊ ရှပ်သွင်ဆင်းဝါ၊ သန့်ရှင်းစွာသည်၊ ရတနာထိပ်ပန်း၊ လှတုကျွန်းကို၊ ဘုန်းရှန်းထွတ်ထား၊ ချစ်ဘွား-နတ်ဖြိုး၊ ချစ်ဘိုး-နတ်ရှင်၊ ထွတ်တင်မိပတိ၊ ချစ်မိမြတ်လှ၊ ချစ်ဘ-ဘုန်းဝှန်၊ ချစ်ဟန်တွေထူး၊ ချစ်ကျူးလွန်ကြ၊ အဆဆပင်၊ ဇေယျခေါ်မည်၊ ပူရပြည်ဝယ်၊ တွင်သည်သာယာ၊ ရတနာစု၊ နသည်ရွှရွှ၊ သားတော်လှအား၊ ကျင်းပဆောင်ရွက်၊ ပုခက်တင်ရည်း၊ တင်သည့်နည်းဖြင့်၊ ဖြင်ပည်းထူးပြား၊ မင်းခမ်းနားတိ၊ များသည့်စုံအောင်၊ ကျင်းဆောင်ယောင်လျက်၊ စီမြောင်မျက်ရှင်၊ ပုခက်တင်၍၊ ပုံယင်ဖြိုးမျှ၊ ချီရအထိန်း၊ တွက်ကိန်းများစွာ၊ ငြိရိကာလျက်၊ ကညာနရွှ၊ ယုယရှက်သစ်၊ နွဲ့မျစ်မူရာ၊ ဘယ်ညာအုပ်တွေ၊ စဉ်နေစေပြီး၊ အကြီးရင်လောက်၊ တယောက်စီသာ၊ ခေါင်းတည်ပါလျက်၊ လက်ာစီလျဉ်၊ ဇးချင်းယဉ်ဖြင့်၊ အစဉ်နေ့ရေ၊ ကျူးလွှဲစေသည်။ ။ **သံခြေယဉ်နွဲ့လေးငင်တည်း။** ။

၂၂၅။ **စန္ဒာသောမာ၊** သော်တာထွန်းစည့်၊ ဝန်းပြည့်ဖြိုးမျှမိုးကလေ။ ။ပုခက်ရတနာ၊ သည်မှာကျနား၊ ထွန်းလှာဖြားသို့၊ အများညီညာ၊ ချစ်စရာသား၊ ရတနာထိပ်ပန်း၊ နုရွှန်းသည်၊ တုကျွန်းလွတ်ကွာ၊ ဆင်းသိင်္ဂါကို၊ သာယာပျော်ရွှင်၊ စက်စေချင်၍၊ သို့ပင်ယုယ၊ ကျွန်တော်မတို့၊ ချီချသာသာ၊ ကျူးလွှဲပါရှင့်၊ ထိပ်ချာသလေး၊ နုမွေးမွေးသည်၊ ကွေးလွေးရှင်မှာ၊ မစက်ပါသည်။ ။လွန့်ကာတည့် မဲ့၍မဲ့၍သာ၊ ဆိတ်စာတည့် ပျော်ရေး၊ စက်မမွေး။ ။ ညီရေးစုဝေး၊ နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွေးချိုပျောင်းငေး။** ။

၂၂၆။ ။**သိင်္ဂါထိန်ဖြာ၊** ဂိဝါနှင့်ခြူ၊ မနောမယ၊ ဇောတလေ။ ။ ကြိုးကြွသန္တာ၊ ရှက်ဖြာအခက်၊ အနွယ်ဖက်သည်၊ ပုခက်ညွှင်သာ၊



ရတနာထက်၊ မုတ္တာဘိုးကဲ၊ ပုလဲးဖြူနု၊ တုရှပ်တုသို့၊ ရှု၍မငြိး၊ ပုံဖြိုးမေတ္တာ၊ စုစရာသည်၊ မွဲ့ကာရွဲ့ငို၊ မစက်လိုခဲ့၊ ဘုန်းမိုမောက်ဖြိုးအိမ်ရှေ့စိုးသည်၊ ယဉ်မိုးသည့်ရှင်၊ ထိပ်တင်ဘုရား၊ ထိပ်ထားပွင့်လျှာ၊ မိန့်ပါသည့်ရှင်၊ မစက်ချင်သည်။ ။နေပင်တည့် နေဘဲးဆော့တော့သာ၊ နိတျာတည့်တွေးတွေး၊လက်သလေး။ ။ညီရေးစုဝေး၊နွဲ့ရင်လေးသည်၊ **ယဉ်ကျေးနုမွေးချိုပျောင်းငေး။** ။

၂၂၇။ **ထိပ်တင်နူရှ၊** မင်းလှခြောက်ပါး၊ နှောင်းဘွားယဉ်နု၊ ရွှေဥပလေ။ ။အလှစုံညီ၊ ရွှေသိင်္ဂီသို့၊ ကွေးလီကွေးလွေး၊ မင်းသလေးမှာ၊ ပျော်ရေးစိတ်စောင့်၊ မရောင့်မရဲ၊ စက်လိုဘဲးနှင့်၊ လွန်ကဲးလှုပ်လှုက်၊ လက်လည်းမနေ၊ ခြေလည်းဖန်များ၊ ဆော့တော့သားကို၊ ထိပ်ထားမိန့်မှာ၊ ထိန်ထိန်ဖြာသည်၊ ရတနာပြိုးပြက်၊ ပုခက်ထက်မှာ၊ ဖြူညက်နုနု၊ ဝါဂွမ်းစုသို့၊ ဖြိုင်တုမထင်၊ လှဆင်းမြင်နှင့်၊ မရွှင်မဲ့ငို၊ မစက်လိုသည်။ ။ဘယ်ကိုတည့် စိတ်မသာရလေ၊ တွေတွေတည့် ကြံတွေး၊ မသိရေး။ ။ညီရေးစုဝေး၊ နွဲ့ရင်လေးသည်၊ **ယဉ်ကျေးနုမွေးချိုပျောင်းငေး။** ။

၂၂၈။ **ယဉ်မျိုးနုမျိုး၊** ဘက်လွတ်မိုးသည်၊ ဖြိုးဖြိုးပွပွ၊ရွှရွှလေ။ ။ ကိုယ်ရောင်လျှံစီး၊ ဝင်းဝင်းညီးသည်၊ မိကြီးတော်မင်း၊ အရင်းခြောက်ပါး၊ ထွတ်ဘုရားတို့၊ ရွှေသားပင်ကို၊ ဆိုလည်းမတန်၊ ဝသဝဏ္ဏ၊ ဝေဠုမြလည်း၊ မကရောင်ထွန်း၊ လွတ်တုကျွန်းသည်၊ ထိပ်ပန်းသလေး၊ မင်းကွေးလွေးမှာ၊ ဆေးလေးငြိမ်သက်၊ မြပုခက်တွင်၊ အိပ်စက်မနေ၊ ဆော့တော့စေကို၊ နေအောင်ကြွလှာ၊ ငေါက်ပါဘုရား၊ ထိပ်ဖူးတင်ကာ၊ နမ်းစရာပင်၊ နွဲ့ဖင်လိုလို၊ ဆော့ပြီဆိုလျှင်၊ မျက်မိုဒေါ်သ၊ ရှိုက်တတ်လှချည့်၊ ဇောတရောင်ဖုံး၊ နီလာကုံးသို့၊ ဆံထုံးထိပ်မှာ၊ တင်စရာသည်၊ ကောင်းပါသည်ပင်၊ ထိပ်တင်ကွေးလွေး၊ မင်းသလေးသည်။ ။ ဆေးလေးတည့် စက်တော်ခေါ်ပရှင်၊ ညာတင်တည့်ဘုန်းမွေး၊ ဘွားတော်ခြေး။ ။ညီရေးစုဝေး၊နွဲ့ရင်လေးသည်၊ **ယဉ်ကျေးနုမွေးချိုပျောင်းငေး။** ။

၂၂၉။ **သို့ကိုမဲ့ကို၊** စက်လိုဘဲးမ၊ နွဲ့ယဆော့လှ၊ မြန်ကာလေ။ ။ ဟေမာမည်မှတ်၊ ဝိရိထွတ်ဝယ်၊ နတ်ကိုအုပ်စိုး၊ အခေါင်မိုးလျက်၊

www.burmeseclassic.com

www.burmeseclassic.com



တန်းခိုးရောင်ထိန်၊ နေ့နှယ်ရှိန်၍၊ ဒေဝိန္ဒရာဇာ၊ မည်သာလှံ့ပေါ်၊ ထိန့်ထိန့်ကျော်သည်၊ ဘိုးတော်ဘုရား၊ နတ်ထွတ်ဖျားကို၊ ရွှေနားကြားအောင်၊ ထိပ်ခေါင်ဖျားမှာ၊ ထားစရာသည်၊ ထိပ်ချာသလေး၊ ကွေးလွေးပျံ့ပျူး၊ စက်လိုဘူးဟု၊ စူးစူးသွားရောက်၊ ပြေးတည့်လျောက်လျှင်၊ ရွှေမှောက်ထွတ်တင်၊ ဘိုးရှင်ပင်သည်။ ။နာကျင်တည့်ရိုက်မည့်အကာယ်သာ၊ စက်ပါတည့်လျှင်ရေး၊ ဘိုးရှင်မြေး။ ။ညီရေးစုဝေး၊ နွဲ့ရင်လေးသည်၊ **ယဉ်ကျေးနုမွှေးချိုပျောင်းဧး။** ။

၂၃၀။ **အောင်ပျက်ကယ်ဆို**၊ ရွှေကိုယ်ဘန်ပြု၊ ရုပ်တုယဉ်နု၊ ပြိုင်မှုလေ။ ။မတုနိုင်ဘူး၊ လှမျိုးကျူးသည်၊ ထိပ်ဦးတင်ကာ၊ ထားစရာကို၊ ဘယ်မှာဘယ်သူ၊ မဖြူစိတ်လက်၊ ရိုက်ရက်ပါမည်၊ ဖြိုးစည်ဖြိုးဖြိုး၊ အချစ်မျိုးကို၊ မောက်မိုးဆင့်ကာ၊ ရှင့်မှာသာလျှင်၊ သချာသချေ၊ တွက်ရေမရ၊ ပုံထပ်ကျရှင့်၊ ဒီပလေးကျွန်း၊ စတုရန်းကို၊ မြန်းမည့်ထိပ်ပေါ်၊ ခမည်းတော်နှင့်၊ ရွှေလှော်ရောင်ဆင်း၊ မယ်တော်မင်းမှာ၊ ချစ်ချင်းလွန်လှ၊ သက်မကသည်။ ။နေကြတည့်လည်မှာဆွဲးမပြေ၊ ရစ်ခွေတည့်မြတ်လေး၊ နွဲ့ပိုက်တွေး။ ။ညီရေးစုဝေး၊နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွှေးချိုပျောင်းဧး။** ။

၂၃၁။ **ထွန်းပြောင်ရွှန်းပြောင်**၊ ကိုယ်ရောင်ဝင်းမှည့်၊ ရွှင်းမည့်လင်းစည့်၊ ဖြိုးဖြည့်လေ။ ။မြင်သူအံ့ချီး၊ ရှုမငြီးသည်၊ မိကြီးတော်နတ်၊ ခြောက်ပါးမြတ်လည်း၊ ပွင့်ဝတ်ပန်းသွင်၊ မွေးဖွားစင်သည်၊ ထိပ်တင်သလေး၊ ကွေးလွေးသိဂ်ါ၊ မေတ္တာထုးမြတ်၊ မျိုမတတ်ပင်၊ သက်မှတ်နှိုင်းလျော်၊ ရှုမျက်ဖျော်၍၊ ချစ်တော်မူလှ၊ သနားကြ၏၊ ဇာတကုံးနှယ်၊ ပန်ချင်ဘွယ်ကို၊ ဘယ့်နှယ်ဘယ်သူ၊ မဖြူစိတ်ထဲး၊ ချစ်အဲးရှိမည်၊ ပျံ့ကြည်ကြူကြူ၊ မွှေးနံ့လှူသည်။ ။မဥ္ဇူမျှမကလှိုင်၍ညီ၊ နှင်းဆီမျှတူရေး၊ မကသေး။ ။ညီရေးစုဝေး၊ နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွှေးချိုပျောင်းဧး။** ။

၂၃၂။ **မြိုင်တူပုံယူ**၊ ဘယ်လူဘယ်မှ၊ မရမမျှ၊ မကလေ။ ။သည်ကြောင့်နေကြ၊ အတုလနှင့်၊ ဒေဝမိတာ၊ ရတနာရွှေဘွဲ့၊ ချိန့်မည်ခေါ်၊ အနှံ့ကျော်သည်၊ ဘွားတော်မြတ်မင်း၊ တိုထိပ်နင်းလည်း၊ ပြောင်ဝင်းတောက်ပ၊ ဝေပုလ္လက၊ ဇောတရတနာ၊ ပျံ့သက်လှာ၍၊ နီလာကြိုး



ကြူ၊ အစပင်ရှက်၊ သည်ပုခက်မှာ၊ လက်လက်ထွန်းစည့်၊နားဘိ၏သို့၊ ကြည့်၍မငြီး၊ အံ့ချီးပျော်ရွှင်၊ ထိပ်ပန်းရှုပ်ကို၊ မိုးပင်ကဘူး၊ ချစ်မျိုးကျူး၍၊ ရူးသည့်နှယ်ပင်၊ အဆုံးကြင်သည်။ ။သက်ခင်ပြတ်လှုမျှချစ်မျိုးပုံ၊ ချစ်ကုံတည့်ထပ်တွေး၊ ချစ်မြတ်လေး။ ။ညီရေးစုဝေး၊ နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွှေးချိုပျောင်းဧး။** ။

၂၃၃။ **နတ်တို့ထိပ်မိုး**၊နှိပ်ဖြိုချီးလွှင့်၊မိုးမြင့်စိုးဆင့်၊ ဖြိုးတင့်လေ။ ။အခေါင်ချုပ်ရွှေ၊ တန်းခိုးလွှေ့ကြောင့်၊ ဘုန်းဟော့ရောင်ရှိန်၊ ဒေဝိန္ဒရာဇာ၊ မည်သာကျော်ကြား၊ လွှံ့ထင်ရှားသည်၊ နတ်များသနင်း၊ဘိုးနတ်မင်းလည်း၊ ပြောင်ဝင်းလိုက်ဂူ၊ နန္ဒမူဝယ်၊ မဥ္ဇူပန်းမြတ်၊ ညာကလွှတ်၍၊ လတ်လတ်ရွှရွှ၊ သည်မှာကျသို့၊ လှသည်ကျူးကျော်၊ တို့မျက်ဖျော်ကို၊ ချစ်တော်မူလျက်၊ လေးလှနှက်၍၊ အသက်နှင့်ပင်၊မှတ်တော့ထင်ရှင့်၊ ပါးတွင်မပြတ်၊ ငုံမတတ်သည်။ ။ရှုမှတ်တည့်ကသိုဏ်းပျော်ရိပ်မြုံ၊ အာရုံတည့်ဇောပြေး၊ မနှောင့်နှေး။ ။ညီရေးစုဝေး၊ နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွှေးချိုပျောင်းဧး။** ။

၂၃၄။ **ချစ်ဘွယ်တင့်တယ်**၊ နုနယ်ဝဝ၊ လှလှပပ၊ ရွှရွှလေ။ ။ဇမ္ဗူသိဂ်၊ နှိုင်းမမှီသည်၊ ကွေးလီကွေးလွေး၊ မင်းသလေးကို၊ ပျံ့မွှေးချီသာ၊ လျောက်စရာမှာ၊ အချာယဉ်မျိုး၊ ချုပ်ကိုင်မိုးသည်၊ တန်းခိုးဖွန်သည်း၊ ခမည်းတော်ဘ၊ ဧယျပူရာ၊ မည်သာကျော်ဟိုး၊ ထိပ်တင်ဘိုးလျှင်၊ လှမျိုးထွတ်တင်၊ ရှင့်ရုပ်သွင်ကို၊ မြင်တပြိုးကား၊ ရွှေသားရွှေခဲး၊ ပုလဲးမြနှစ်၊ငါ့မြေးချစ်ဟု၊ ထပ်ရစ်မေတ္တာ၊ မြူးလှစွာသည်။ ။ရှုကာတည့်မငြိုးငွေလေပြီ၊ ချစ်ညီတည့်တူရေး၊ ပြိုင်ဘက်ဝေး။ ။ညီရေးစုဝေး၊နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွှေးချိုပျောင်းဧး။** ။

၂၃၅။ **ပျံ့ကြိုင်နံ့လှိုင်**၊ တံ့ခိုင်သီလ၊ စာဂပုည၊ ဂုဏလေ။ ။ဇာတိမျိုးမည်၊ ရုပ်ရည်ဆင်းဝါ၊ မြတ်လှစွာသည်၊ နရိန္ဒာဒေဝီ၊ မဟေသီဟု၊ ခေါ်ညီနာမ၊ ကျော်ပေါက်ပြသည်၊ နန်းမဟုရား၊ ထိပ်တင်ထားနှင့်၊ နုထွားသန့်စွာ၊ ရှင့်ရုပ်ဝါကို၊ စွေ့ရှာမျက်စီ၊ မြင်တပြိုးကား၊ သိရီရောင်ပြေး၊ ပန်းနှယ်မွှေးသည်၊ ငါ့မြေးရွှေဥ၊ ငါ့သက်စုဟု၊ မျိုလှူမတတ်၊သက်ပြတ်ဘွယ်ချင်၊ ချစ်အင်ခြိုးလွှေ့၊ နမ်း၍ဖြိုးသည်၊ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မည်လား၊ ထပ်ပွါးလေလေ၊ တိုးတွေ့တွေ့သည်။ ။ရစ်ခွေတည့်ဆွဲး ခြိုးလှလည်တွင်၊ သက်ပင်မျှမှတ်တွေး၊မကသေး။ ။ညီရေးစုဝေး၊ နွဲ့ ရင်လေးသည်။ ။**ယဉ်ကျေးနုမွေးချိုပျောင်းဧး။** ။

၂၃၆။ **မဥ္စူလိုင်ကြူ**၊ ရည်တူမမျှ၊ ထူးလှကျူးလှလေ။ ။နှမ်း၍ စေသာ၊ မျက်နှာမပြောင်း၊နှာခေါင်းကြပ်ကြပ်၊ အပ်၍နေဘို့၊ နုတ်တို့ ပြုပြင်၊ ဘန်စီရင်သို့၊ သွယ်ပြင်နုနယ်၊ ဝှမ်းနှယ်ညှို့တောင်း၊ အကျူး ကောင်းသည်၊ပျံ့လျှောင်းဧးရှင်၊ ထိပ်တင်သလေး၊ ကွေးလွေးဆိတ်စာ၊ စက်ပါတော့လား၊မြသားဂိရိ၊ ညှိရောင်ညီသည်၊ မျက်စီသလေး၊ ကျဉ်း ကျဉ်းသေးကို၊ မမြေးမရှက်၊ တလက်လက်သား၊ မစက်လိုပါ၊ ရတနာ ထိပ်ပန်း၊ စံကျွန်းရွှေတုံး၊ နန်းလုံးထိပ်ပေါ်၊ တို့မျက်ဖျော်သည်။ ။ မျက်တော်တည့်ရှိလှချစ်စရာ၊ မေတ္တာတည့်ပျုံး၊ အားလုံးမွှေး။ ။ညီ ရေးစုဝေး၊နွဲ့ရင်လေးသည်။ ။**ယဉ်ကျေးနုမွေးချိုပျောင်းဧး။** ။

(ရတနာထိပ်ပန်းဧးချင်းပြီး၏။)

၂၃၇။ **ယင်းသိုးချင်း**၊ သံညင်းပျံ့ပျူး၊ ဖွဲ့နွဲ့ကျူးလျက်၊ဘုန်းမြူး သည့်ရှင်၊ ထိပ်တင်မွေးဘ၊ ယဉ်လှကျူးကျော်၊ မယ်တော်နဝင်း၊ ဘိုးနတ်မင်းနှင့်၊ ဘွားရင်းမြတ်ကျူး၊ ခြောက်ဦးမိကြီး၊ ပုံဖြိုးစုံရှုံး၊ နန်းလုံးကြီးငယ်၊ ရင်ဝယ်ထိပ်ပြင်၊ ထားတင်ယုယ၊ နေကြမပြီး၊ မငြီးရှုလျက်၊ လုယက်ချီပိုး၊ လွန်မြတ်နိုး၏၊ လှမျိုးမက၊ မင်းလှထိပ် ပန်း၊ နှိမြန်းတွေးတွေး၊ နှုတ်သံလေးနှင့်၊ မွေးသည့်ကြိုင်ရှား၊ စကား ဆိုစ၊ တော့တ တော့တီ၊ လှမ်းချီသွားကာ၊ ထိုအခါဝယ်၊ ပွင့်လျာ မှန်၍၊ ဘုန်းဖြိုးလွှေ့သည်၊အိမ်ရွှေဘုရား၊ ထွတ်ထိပ်ထားကား၊သိုးပါး စရိယ၊ မြတ်ဟိတကို၊ နေကျမြဲးပင်၊ ဖြည့်ဆောင်ချင်၍၊ ပြည်ထင်ဇေ ယျ၊ ရွှေပုရကို၊ ဆွတ်မျှဝမ်းဝယ်၊ လွမ်းမျိုးကြွယ်၍၊ နွဲ့သွယ်ဖြူဝါ၊ မင်းသူဇာကို၊ တွေ့သာပျံ့ချီ၊ ယင်းသိုဆို၏၊ သမ်းညှိရိန္ဓမ်း၊ ပုသည့် ဝမ်းကို၊သာချမ်းပြီးတိုင်၊ ငြိမ်းစေနိုင်သည်၊ ဘက်ပြိုင်မဆွယ်၊ မင်းလှ ငယ်။ ။ဝေးကျယ်မြေတာ၊ သည်တောင်မှာသို့၊ အာသာဆန်းထူး၊ လာမူးမူးတွင်၊ ကျေးဇူးလွန်လှ၊ နိုင်းမရသည်၊ နန်းမသခင်၊ အထွတ် တင်နှင့်၊ နုတ်ရှင်လူဖျား၊ ဘ-ဘုရားကို၊ သနားကြင်နာ၊ ပန်းကြီး



စွာပင်၊ မြစ်ထာလျက်ကို၊ ငြင်းဆိုလွှေ့ဇည်၊ ဆန့်လွန်သည်နှင့်၊ ချစ် ကြည်ယက်ထင်၊ မိလှရှင်ကို၊ အလျှင်မကြာ၊ ခေါ်၍လာမည်၊ ရှိကြာ ထိပ်ရွက်၊လျှောက်ခဲ့မြွက်သည်။ ။**မြဲးချက်မပျောက်ကြသတည်း။** ။

၂၃၈။ **သိုပင်လျှောက်ချက်**၊ ဟမြွက် တွေငေါ်၊ မရှိသော်လည်း၊ ရှုမြော်သာရွှင်၊ ချစ်ခင်မလောက်၊ သားတယောက်သာ၊ မှန်စွာဖြစ်၍၊ အောက်မေ့ညှိုးလှ၊ တ-တတလျှင်၊ စွတ်မျှမျက်ရည်၊ လွမ်းလိမ့်မည်ကို၊ ကြံစည်မိတိုင်း၊ ပုံလှိုင်းလောင်းဆင့်၊စိုးရိမ်မြင့်ခဲ့၊ ညှိုးနှင့်ထပ်ကာ၊ ရတ နာစု၊ မုလုကွေးလွေး၊ ငယ်မွေးငယ်ရည်၊ ရှိရစ်သည်လေ၊ မျက်ဖြေရှု ပျော်၊ သားတော်ကိုလည်း၊ အူသည်းပြတ်မျှ၊ မြင်ချင်လှခဲ့၊ သည်ပ သည်လျှင်၊ ဖြင်မည်ပတ်ဝန်း၊ ထီးနန်းတိုင်းခြေ၊ မိဘမွေကို၊ မသွေစဉ် ရှိုး၊ စံအုပ်စိုး၍၊ ဆွေမျိုးကိစ္စ၊ လူမျှားစီးပွါး၊ ဘုရားဖြစ်မှု၊ ကျင့်သုံး စုကို၊ ကြီးထုလုံ့လ၊ ဆောင်ပါရမည်၊ ဖြစ်ပါသည်ကြောင့်၊ ရွှေပြည် ရပ်ဟောင်း၊ ပြန်ရကြောင်းကို၊ နွဲ့ပျောင်းရှုန်းရွှင်၊ မင်းလှရှင်သည်၊ အလျှင်မပေါ့၊ကြံပါတော့ဟု၊ သာပြော့ပျံ့ကြူ၊ မိန့်တော်မူသော်၊ ဖြူအူ နုဝါ၊ လျှောက်သည့်မှာကား၊ ထိပ်ချာလှကျင်၊ ထိပ်ထားတင်။ ။ လှတွင်ထိပ်ပေါ်၊ ခမည်းတော်နှင့်၊ စံပျော်တကွ၊ နန်းမဖုရား၊ ရှင့် သားရတနာ၊ မြင်စမှာကို၊ ဘုန်းဖြာဝေဆင့်၊ လန်းလန်းပွင့်သည်၊ ထိပ်တင့်ချည်းသာ၊ ဗျာပါထပ်မွှမ်း၊ လွမ်းတော်သည်လား၊ အူများ သည်းများ၊ လားလားပြတ်ကျ၊ သေလှမျှပင်၊ ကျွန်မကလည်း၊ သည်း မျှပူဆာ၊ လွမ်းပါတော့ပ၊ နေကျမှန်စင်၊သိုပင်ညှိုးနွမ်း၊မလွမ်းစေတော့၊ လွမ်းစေတော့ရှင်၊ထိပ်တင်မင်းပျို၊ကြွမည်ဆိုသော်၊ဘယ်သူကိုအဲး၊မလွဲး ကျွန်မ၊လိုက်ရမည့်မှန်၊မြဲးဧကန်သည်။ ။**သွေလှန်မငြင်းဆန်ရာတည်း။** ။

၂၃၉။ **သိုလျှောက်ပြီးမှ**၊ ဒေဝဇန္ဒာ၊ ရာဇာလွှံထင်၊ဘ-နတ်ရှင်သို့၊ ကြည်လင်ရှိသေ၊ ချဉ်းကပ်လေ၍၊ ဘုန်းနေရောင်ဖြာ၊ ဥပရာလည်း၊ အောင်ချာဇေယျ၊ ပြည်ပုရသို့၊ ပြန်ကြွသွားမည်၊ မိန့်ရှိသည်ကို၊ တွေ လည်မကောက်၊ ဟုတ်တိုင်းလျှောက်သော်၊ ရွှေမှောက်ထွတ်ချာ၊ မိန့် သည်မှာကား၊ သည်းချာနုနယ်၊ မင်းပုငယ်။ ။ပစ်ပယ်ခွါရှဲး၊ ရွှေဒဲး ကြက်သရေ၊ မယ်သွားလေလျှင်၊ ရင်ခွေဗျာပါ၊ ဘ-မှာ ထပ်စည်၊လွမ်း ရမည်လည်း၊ မြဲးတည်ဧကန်၊ စင်စစ်မှန်၏၊ လွမ်းဝှန်ထပ်ပွား၊ သို့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြားလည်း၊ သူ့အားနှစ်သက်၊ ဘ-နှုတ်ပွက်၍၊ နှစ်ချက်မဟူ၊မြဲးယူတည့်တည့်၊ နှင်းချေသည့်ကြောင့်၊ ပတ်လှည့်တွေပြား၊ လျှပ်ရှားမနိုင်၊ မြဲးခိုင်နေကျ၊ သူစိုးရနဲ၊ ပိုင်သသသူ၊ ခေါ်ယူသွားရာ၊သည်းချာမျက်ဖြေ၊ မယ်လိုက်ပေတော့၊ လိုက်လေ၍လျှင်၊ သူရပ်ဝှင်သို့၊ ဘ-ရှင်မျက်ဖျော်၊ ရောက်လေသော်မှ၊ ထင်ပေါ်အတွတ်၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်ကျေးဇူး၊ အထူးထူးကို၊ ကြည်နူးစိုက်စိုက်၊ ဘ-မှာလိုက်မည်၊ မှတ်ပိုက်ရွက်ဆောင်၊ မယ်နားထောင်လော့၊ တောက်လောင်တတ်သည်၊ မီးသုံးမည်ကို၊ ရှေးရည်ရှေးဦး၊ မယ်ပုပေါ့စား၊ မမှတ်သားနှင့်၊ ခန့်ညားလှစေ၊ ရှိ့ကြောက်တွေဖြင့်။ ။**ရှိသေညွှတ်တုပ်ကွလေလော့**။ ။

၂၄၀။ **ထိုမှတပါး**၊ဝတ်ခြောက်ပါးကို၊ သည်းကြားမယ်လှ၊ မြဲးလို့လလော့၊ နိစ္စမြဲးမှတ်၊ မပြတ်နေ့တိုင်း၊ ထုံးပိုင်းမှန်အောင်၊ ခင့်မောင်မင်းလှ၊ မထမီခင်၊ အလျှင်ရှေးရှိုး၊ စောစောနိုး၍၊ ကွမ်းရိုးဒန်ပူ၊ မွှေးကြူထုံစစ်၊ မျက်သစ်ရေကြည်၊ ဖြူသည့်ချောသုံ့၊ မွှေးပုံ့မျက်သုတ်၊ သင်ပုတ်တော်ရေ၊ ကွမ်းရွှေဝါရွက်၊ လက်ဘက်ဆန်းကြွယ်၊ စားဘွယ်အသင့်၊ စီရင်နှင့်ခြင်း၊ စင်းလျှင်းမှန်ဟုတ်၊ ပုဗ္ဗုဋ္ဌာယိနီ၊ ခေါ်သိကျင့်ဝတ်၊ မှတ်လော့ထိုမှ၊ မောင်လှဘုန်းတောက်၊ အိပ်ချိမ်ရောက်လျှင်၊ ကြိုင်ပေါက်မွှေးစွာ၊ မွှေရာအသင့်၊ ခင်းနှင့်ကောင်းစွာ၊ စက်သောအါလည်း၊ သာယာစုံမက်၊ ခြေလက်ဆုပ်သပ်၊ ရှေယပ်ခပ်နေ၊ ရှိသေကော်ရော်၊ သူအိပ်ပျော်မှ၊ ဖြေဖျော်လို့လ၊ နောက်ကျအိပ်ခြင်း၊ မယွင်းမှန်လှ၊ဤသို့စသည်၊ ဒနကျကျင့်ရာ၊ပစ္ဆာနိပါတိ၊ ထိုပြီ့းတစု၊ နှုတ်ယာဉ်နှုနှင့်၊ ယခုကိစ္စ၊ မည်မျှမရှိ၊ နေမီအရာ၊ ချမ်းသာရယ်ဟာ၊ လပ်လွှတ်လှသည်၊ ကျွန်မဘယ်ဘယ်၊ မှုကြီးငယ်ကို၊ မအွယ်မင့်၊ဆောင်ရအံ့ဟု၊ သာညှိ့ပျို့မွှေး၊ တောင်းပန်ပေး၍၊ မနေးလို့လ၊ ထကြွပေါ်ပါး၊ နေနားမဲ့လျှင်း၊ မယွင်းမတည်၊ ဆောင်ကြဉ်းမည်သာ၊ ဆောက်တည်မှတ်မိ၊ ပဋိသာဝီ၊ ခေါ်ညီမည်မှတ်၊ဤကျင့်ဝတ်သည်။ ။**မြဲးမှတ်ကြိုးလို့လလေလော့**။ ။

၂၄၁။ **ထိုမှတထွေ**၊အနေအသွား၊ စကားစမြည်၊ ပြောရည်ဟောနည်း၊ တင့်ရည်းပျော်ပါး၊ ဝတ်စားဆင်ယင်၊ ကျွမ်းဝင်ပေါင်းဘက်၊ ဆောင်ရွက်ပသ၊ သီလအာစာ၊မှုရာယဉ်မြေ၊ ဟူသရွေ့လျှင်၊ အိမ်ရှေ့နှစ်ခြိုက်၊ ချစ်ကြိုက်ရာရာ၊ ဘွေရှာမယွင်း၊ ကျင့်ဆောင်ခြင်းဟု၊ ခင်းကျင်း



မှန်စွာ၊ မနာပစာရီ၊ ဤမှတုံသော်၊ ခင့်မောင်တော်သည်၊ ဖျော်ဖျော်ရွှရွှ၊ သည်ကာလတွင်၊ ဟာတည့်စိုက်စိုက်၊ ထင်ထင်ကြိုက်၍၊ အလိုက်သင့်စွာ၊ သည်အခါမှု၊သာသာညှို့ညှို့၊ ပျို့ပျို့ချိချိ၊ နုနုလိုက်၍၊ ထိုထိုခုပင်၊ ရှည်စဝင်ခုလျော်၊ ကွေးသော်ခုရာ၊ ဖြောင့်စွာခုရည်၊ သူကြိုက်မည်ဟု၊ ရိပ်ခြည်သိရေး၊ ကြံစည်တွေး၍၊ မြတ်လေးရည်စောင်၊ ခင့်မောင်နှစ်ခြိုက်၊ ကြိုက်ရာရည်ရွယ်၊ ချစ်ဘွယ်ကိုသာ၊ ဩဇာပျို့ကြူ၊ လျှောက်ခြင်းဟူသား၊ ကြည်ဖြူရွှင်ပြ၊ ပိယဝါဒီ၊ ဤမျှတုံလျှင်၊ ခင့်မောင်မြင်ကို၊ ချားဖြင်ပြောထူ၊ယောက်ကျားဟူက၊ကြည်ဖြူရွှင်လန်း၊ တပ်စွန်းမည်ကို၊ မဆိုထားဘိ၊ မျက်စိစောင်းလှည့်၊ မျှမကြည့်ခြင်း၊ မယွင်းမှန်မော၊ နေအတိစာရီ၊ ရှိသည်၍သို့၊မိန်းမတို့၏၊ ကျင့်ဘွိုတရား၊ ဝတ်ခြောက်ပါးကို၊ သည်းကြားရှေးဦး၊ ဘ-သက်စုသည်။ ။**ကျင့်မှုမြဲးမှန်လှလေလော့**။ ။

၂၄၂။ **သည်မှတုံမှု**၊သည်လုတ္တိဂယ်၊ လေးသွယ်သားသား၊ အိမ်ထောင်ပြား၏၊ လေးပါးသည်မှု၊ ဘယ်နည်းဟူသော်၊ မြဲးယူစေ့ရေ၊ မယ်မှတ်လေလော့၊ သူသေယောက်ျား၊ တယောက်သားသည်၊ မပြားမကွေ၊ သူသေမိန်းမ၊ သွမ်းမှုလနှင့်၊ တကွမြဲးနှောင်၊အိမ်ရာထောင်၍၊ မိုက်ခေါင်သူသေ၊ ယောက်ျားလေသည်၊ သရေရောင်ညီး၊ နတ်သမီးနှင့်၊ ယှဉ်မှီးတကွ၊ အိမ်ထောင်ကျ၏၊ ထွန်းပထင်ရှား၊ နတ်ယောက်ျားသည်၊ ပြစ်သားယုတ်လှ၊ သူသေမနှင့်၊ တကွမကွေ၊ အိမ်ထောင်နေ၏၊ ကောင်းတွေကျင့်ဝတ်၊ နတ်သားမြတ်သည်၊ လျှောက်ပတ်မူလ၊ နတ်မိန်းမနှင့်၊ တကွချစ်ကြည်၊ အိမ်ထောင်ချည်၏၊ ဘယ်သည်မြဲးနေ၊ သူသေယောက်ျား၊ မည်ငြားသနည်း၊ သာဖြည်းဘွေဖေါ်၊ ဆိုသော်တမှု၊ သည်သူနိုက်တွင်၊ အကြင်လင်သည်၊ မကြင်ရက်စက်၊ သူ့သက်သတ်ခြင်း၊ ချွတ်ယွင်းယုတ်မာ၊ သူ့ဥစ္စာကို၊ ညာတာမမူ၊ ခိုးယူတတ်စွာ၊ သူ့အိမ်ရာကို၊ သာယာပျော်ပါး၊ ပြစ်မှားတတ်မော၊ ချောပစ်သွေလှန်၊ မမှန်စကား၊ မူသားသုံးသည်၊ သေရည်သေရက်၊ နှစ်သက်သောက်စား၊ သွိငါးပါးဖြင့်၊ ပျော်ပါးလေ့လာ၊ ကျင်လည်စွာ၏၊ မြတ်ရာမှန်လှ၊ သီလမရှိ၊ ညစ်ကိုလေလွှင့်၊ မကောင်းကျင့်၏၊ မသင့်ထုံးသို၊ ဝန်တိုညစ်ကြေး၊ ထိုးကျင့်မြေးလျက်၊ မြင့်ဝေးရှည်ခေါင်၊ လှုတ္တိဘောင်ဝယ်၊မြဲးနှောင်မကွေ၊ အိမ်ထောင်နေသည်၊ မြတ်ဆွေပုဏ္ဏား၊

H 451—18 [ဟံသာဝတီ]

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းများကို၊ ပြစ်မှားရေရွတ်၊ဆင်းရဲတတ်သည်။ ။**မပြတ်ကျင့်ဘွယ် ယုတ်မာတည်း။** ။

၂၄၃။ **မပြတ်မူထား၊** ထိုသူကိုကား၊ ယုတ်အိုစတေ၊ သူသေ ယောက်ကျားမပြားတကွ၊ သူသေမတို့၊ပြောကြကျင်လည်၊ အိမ်ထောင် မည်၏၊ ဘယ်သည်သူသေ၊ ယောက်ကျားလေနှင့်၊ သရေထွန်းပ၊နတ် မိန်းမသည်၊ ပျော်ကြမြိုးနှောင်၊ အိမ်ထောင်ရစ်ချည်၊ မည်သည်နည်းဟူ၊ ဆိုသော်မူကား၊ ထိုယောကျ်ားသည်၊ မူထားသွမ်းပျက်၊ သူ့သက် သတ်ခြင်း၊ မကင်းဦးတည်၊ စရိုသည်ကို၊ ကျင်လည်များစွာ၊ လေ့လာ သဖြင့်၊ မကောင်းကျင့်၏၊ ချင်းနှင့်မကွာ၊ မယားမှာကား၊ ပါဏာတိ ပါတ်၊ သတ်ခတ်ရှောင်ခွါ၊ သူ့ဥစ္စာကို၊ လိုရာမပြု၊ ကာမေသုနိုက်၊မှား မှုရှောင်ဖည်၊ မမှန်သည်ကို၊ ဆိုမည်မမြွက်၊ သေရည်ရက်ကို၊ လျှာ ထက်မတင်၊ သန့်စင်သီလ၊ မြဲမြဲလှ၏၊ ကလျာယဉ်မြွေ၊ ကောင်းကျင့် လေ့ဖြင့်၊ ညစ်ငွေ့ဝန်တို၊ ထဲးသိုမရှိ၊ မြွေးငြိပျောက်ကွာ၊ လူတို့ရွာနိုက်၊ ခန္ဓာမယွန်း၊ရှည်ပြေထွန်း၏၊ ရဟန်းအရိယာ၊ ပုဏ္ဏားမှာကို၊ သဒ္ဓါ လန်းပွင့်၊ ရှိသေကျင့်၏၊ သင့်တင့်သည်မူ၊ ထိုသသူကိုအတူမကင်း၊ အိမ်ထောင်ခြင်းကား၊မယွင်းမသွေ၊ သူသေယောက်ကျား၊ထူးရားထူးရီး၊ နတ်သမီးနှင့်၊ ဇနီးချစ်ကြည်၊ အိမ်ထောင်မည်သည်။ ။**ဖြစ်ရည်မဘွယ် မရာတည်း။** ။

၂၄၄။ **ဘယ်သည်နတ်သား၊**၊ မူထားယုတ်ရှာ၊ သူသေမနှင့်၊တကွ ရစ်နှောင်၊ အိမ်ထောင်**သ**နည်း၊ သာဖြည်းထွေခေါ်၊ ဆိုသော်မူကား၊ လင်ယောက်ကျားသည်၊ ဖြောင့်သားမြဲချက်၊ သူ့အသက်ကို၊ ရက်စက် မကြည်၊ သတ်ညှစ်သည်မှ၊ ကြဉ်ခြင်းစသည်၊ ပါပညစ်ကျူ၊ မကောင်း မှုကို၊ ယှဉ်ပြုသာပျော်၊ ကျင့်မွေ့လျော်၏၊ မည်ခေါ်တန္တုု၊ မရှုဝေး စွာ၊ ညစ်ကြေးခွါ၏၊ ယုတ်မာဖြစ်သား၊ မယားသည်မှာ၊ ပါဏာ တိပါတ၊ စသည်ဆိုးတောင်း၊ ကျင့်မကောင်းကို၊ ယှဉ်ပေါင်းသာဖျော်၊ ကျင့်မွေ့လျော်၏၊ မည်ခေါ်တထူး၊ ထိုနှစ်ဦးကား၊ နတ်သားဒေဝ၊ မာတာဝနှင့်၊ မိန္ဒးမသူသေ၊ နေသည်မည်၏၊ မည်မှည့်ဘယ်လျှင်၊ နတ်လုလင်နှင့်၊ ရုပ်သွင်ထွန်းညီး၊ နတ်သမီးသည်၊ ယှဉ်မှီးအိမ်ထောင်၊ နှောင်သည်ဖြစ်မည်၊ ဆိုသည်ရှိသော်၊ ထင်ပေါ်လူတွင်၊ လင်းလည်း မှန်စွာ၊ ပါဏာတိပါတ်၊ သက်သတ်ခြင်းမှ၊ ကျင့်ယွင်းစသား၊ ပါပ



ညစ်ကျူ၊ မကောင်းမှုကို၊ လွတ်မှုဝေးစွာ၊ ရှောင်ကြဉ်ခွါ၏၊ မေတ္တာ ရစ်ချည်၊ မယားသည်လည်း၊ စင်ကြည်သီလ၊ ငါးပါးစသည်၊ များ လှထူးမြတ်၊ ကောင်းကျင့်ဝတ်ကို၊ မချွတ်ဖြောင့်ဖြောင့်၊ မြဲစွာစောင့် ၏၊ ထို့ကြောင့်ထင်ရှား၊ ထိုနှစ်ပါးကို၊ နတ်သားယှဉ်မှီး၊ နတ်သမီး တို့၊ ဇနီးမကင်း၊ အိမ်ထောင်ခြင်းဟု၊ ကျော်ထင်းဗုန်းဝါ၊ မည်အပ် စွာသည်။ ။**မှတ်ရာလေးပါးသွယ်ဖြာတည်း။** ။

၂၄၅။ **အိမ်ထောင်လေးပါး၊** ထိုအပြားတွင်၊ နတ်သားယှဉ်မှီး၊ နတ်သမီးတို့၊ ဇနီးချစ်ရည်း၊ အိမ်ထောင်နည်းကား၊ သိပ်သည်းယဉ် နှု၊ ဘ-သက်စုသည်၊ ရွှေဥသည်းချာ၊ မှတ်ယူရာ၏၊ ယခင်ခါလျှင်၊အ လျှင် သောခါ၊ ရှိန်ဝါတောက်ပွါး၊ မီးသုံးပါးကို၊ ဝပ်တွားညွတ် ပျောင်း၊ ရှိသေကောင်းဟု၊ သံညောင်းပျံ့ချီ၊ ဘကြီးဆိုသား၊ထိုစကား ဝယ်၊အဓိပ္ပါယ်လည်း၊ ဆန်းကြယ်ထွေပြား၊ တပါးမူတ်ဘူး၊ ဘုန်းမြူး ထိန်ပြောင်၊ ခင့်မောင်ရှိညွတ်၊ လေးမြတ်ကော်ရော်၊ ညွှတ်ပူဇော်သည်၊ မယ်တော်မွေးဘ၊ သီလပျံ့မွှန်း၊ ရဟန်းပင်ကို၊ မီးဟုဆို၏၊ထိုသည့်မယ် တော်၊ ခမည်းတော်ကို၊ ခေါ်ဝေါ်မှတ်သား၊ တပါးတည်းဟူ၊ ယူရှု့မှု လည်း၊ ဇမ္ဗူနန်းဆောင်၊ ခင့်မောင်တပါး၊လောင်းပြန်ငြားရှု့၊ သုံးပါး ညီးညီး၊ လူဝယ်မီးလည်း၊ ပူရှီးပြင်းပြ၊ လောင်တတ်စွတည့်၊ကြောက်လှ သောထွေ၊ ရှိသေကိုင်းညွှတ်၊ လေးမြတ်ယဉ်မြွေ၊ပူဇော်လေ့လော့၊ စုံစေ့ လုပ်ရေး၊ **သား**မွေးဒေါင်းမွေး၊ ချောသေးထူးလည်၊ ပိုးချည်ဝါချည်၊ ရွှေချည်ငွေချည်၊ သည်စသည်ဖြင့်၊ အထည်အလိပ်၊ ပါးသိပ်ယက်မျိုး၊ ပုဆိုးဗောင်းဖျင်၊ ဖြူစင်သန့်စွာ၊ သုတ်ပုဝါက၊ ဆံစာပရိတ်ချည်၊ **စ**သည် ဘန်ဆင်း၊ ရွှေနန်းတွင်းဝယ်၊ စီခင်းရင်ဘွယ်၊ အသွယ်သွယ်ကို။ ။ **ညာဘုယ်စေ့စပ်လှုစေတော့။** ။

၂၄၆။ **ထိုနှင့်တူသာ၊** စီပံရာသည်၊ များစွာမကျန်၊ ပန်းပြန် ပန်းညက်၊ မွှေးလျက်ပျံ့ကြွယ်၊ စံပယ်နှင်းသတ်၊ ဆီပွတ်တထွေ၊ မျက်နှာချေနှင့်၊ သပြေညွှန့်က၊ **စ**သည်တသွန့်၊ ပန်းမန်ဖယောင်း၊ ရုံးပေါင်းမကြွင်း၊ လုပ်ဆောင်ခြင်းနိုက်၊ မပျင်းမရိ၊ အဓိကိုယ်တိုင်၊ ကိုင်ကောင်းသည့်ရာ၊ ရစေပါကို၊ သေချာပြောပ၊ မှုကိစ္စနိုက်၊ လုံ့လ မြဲနေ၊ ကြပ်တည်းစေလော့၊ ပရမေထွန်းဝင်း၊ ခင့်မောင်ရင်းနှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထံရင်းစေပါ၊ ရံကာဝန်းချုပ်၊ ကိုယ်လုပ်အများ၊ မြို့စားမည်ရ၊ မကျ နေရာ၊ ကျနေရာနှင့်၊ နှုတ်သာမည်ထ၊တွဲမရလည်း၊ ထွန်းပရောင်လက်၊ ကွမ်းခွက်ရှစ်မြောင့်၊ လောင်းထောင့်ခိုနန်း၊ အဆန်းအကြယ်၊ ကျောက် ချယ်မှန်ပါ၊ဖေါက်ဇာရောင်ချက်၊ ဆောင်ရွက်ရခြား၊ ဝတ်စားထူးထွေ၊ ရွှေငွေကျောက်စီ၊ ပည်းသီသီးခြား၊ မင်းသားတသီး၊ မင်းသမီးမယ်၊ တသွယ်တတည်၊ မောင်းမမည်သား၊ ဖြိုးစည်အုပ်တွေ၊ တလတ်စေနှင့်၊ တရွှေပြောတူ၊ မိသံဟူသည်၊ မတူထားတည်၊ မြင်သည်သမီး၊ အကြီး အငယ်၊ အရွယ်အလတ်၊ မြီးမှတ်ထိုထို၊ **နန်းရိပ်ခိုသည်၊** မည်ဆို သီးခြား၊ ရှိသည်အားလည်း၊ လျောက်လျားထိုက်တန်၊ ဝေဘန် ပေးကမ်း၊ ပျူပြာဆမ်း၍၊ မေးစမ်းဖျားနာ၊ စေပါကိုယ်တွေး၊ ယဉ်ကျေးနှုတ်ဆိုး၊ ဖြူနှလုံးနှင့်၊ ချစ်ထုံးချစ်နှောင်၊ မြီးမှတ်အောင်ကို။ ။ **ရည်စောင်မယ့်စိတ်ကျစေလော့။** ။

၂၄၇။ **ဝင်းမြင်က သော်၊** ကတော်မယား၊ ထံပါးညွတ်ခေါက်၊ ဝင်လှာရောက်သည့်၊ ထိုက်လျောက်လျော်အောင်၊ လက်ဆောင်ပန္နာ၊ ပါသည်ဖြစ်စေ၊ ထွေထွေရာရာ၊မဖြစ်ပါစေ၊ ရှာဘွေရာရာ၊ ပန္နာထွေပြား၊ များစေနည်းစေ၊ အထွေစိတ်က၊ မရှုံ့တွနှင့်၊ မယ်လှစိတ်နေ၊ ဖြူစင် ထွေဖြင့်၊ ချေချေလက်လက်၊ ပြောနှုတ်ဆက်၍၊ နှစ်သက်နှစ်မြိုက်၊ အထိုက်အတန်၊ ဝေဘန်ရမ်းလွှ၊ ပေးကမ်းလေ့လော့၊ ယဉ်မြေ့ ပျူပြာ၊ သူနာသာအောင်၊နေရာညွန်ပြ၊ ကြီးမည်ရလတ်၊ လျောက်ပတ် အနေ၊ သင့်လှစေလော့၊ ရှိသေညွှတ်ခ၊ မြင်ကပန္နာ၊ ဆက်ကပ်လှာ သည်၊ ချီသာစကား၊ မှာထားလိုက်ပါ၊ အနာအဖျား၊ ရှိသည် ကြားလည်း၊ ချီပျားသာယာ၊ မေးမြန်းမှာ၍၊ စေပါသဖြင့်၊ ချစ်ပွင့် လမ်းတွေ၊ ညီကြလေလော့၊ တထွေ သည်က၊ လောကထိပ်ပေါ်၊ ခင့်မောင်တော်သည်၊ မျက်ကျော်ထွေထွေ၊ ရွှေငွေပုဆိုး၊ အုပ်မျိုး ထည်လွှား၊ ဝတ်စားစသည်၊ ထူးလည်ဘဏ္ဍာ၊ သုံးဆောင်ရာကို၊ နောက်ခါမစေ၊ ယူလေမပေး၊ လိုရေးမှတ်သား၊ ၊အပ်နှံထားအံ့၊ ဆံဖျားမြူမျှ၊ပျောက်ရှယွင်းယို၊ လိုလိုလောက်လား၊ သုံးစားသောထွေ၊ မလျော့စေနှင့်၊ ဝှက်ခွေသေချာ၊ထိန်းသိမ်းရာသည်။ ။**မြီးစွာမှတ်သားရ စေလော့။** ။



၂၄၈။ **ယင်းသို့ထွေပြား၊** ကျင့်တရားကို၊ မမှားမြီးယူ၊ ကျင့်သ သူကား၊ သည်လူဘဝ၊ သည်ကစုတော့၊ ခန္ဓာရွှေသော်၊ ယဉ်မြေ့ ချမ်းသာ၊ လွှန်မြတ်စွာသား၊ နိမ္မာနရတိ၊ မည်ရှိခေါ်မှတ်၊ နတ်ပြည်မြတ်သို့၊ မလွတ်မှန်စွာ၊ လားရာ၏၊ သည်းချာမယ်လှ၊ ဘ-သက်မျှသည်၊ သည်မှတပါး၊ ကျင့်ရာများကို၊ ထွေပြားတစ၊ မပြပြီဘူး၊ ကျေးဇူး ထင်ပေါ်၊ ခင့်မယ်တော်၏၊ ရွှေလှော်နှလုံး၊ ကျင့်နည်းတုံးကို၊ ယူကျုံး မှတ်သား၊ ကြည်စိတ်စား၍၊ သည်းကြားရိပ်မြို့၊ ကျင့်ဝတ်ကုံအောင်၊ လုံခြုံမလျော့၊ မပေါ့သေချာ၊ ဆောက်တည်ပါတော့၊ ဘ-မှာထားသည်၊ စကားကြည်ကို၊ ရွှေရည်ရွှေဥ၊ နှလုံးမြုပ်ဟု၊ မြင်ရှုကျိုးကြောင်း၊ မြပြီး နှောင်းမှ၊ ပွင့်လောင်းရည်ထင်၊ အိမ်ရွှေရှင်ကို၊ အလျင်မနေ၊ခေါ်လေ စေ၍၊ ရှိသေညွှတ်ခေါက်၊ ရွှေတော်ရောက်သော်၊ ရွှေမှောက်ထိပ်မို၊ ဤသို့ဆို၏၊ မောင့်ကိုသားတူ၊ ငါစိတ်ယူလျက်၊ ကြည်ဖြူသာယာ၊ ငါ့ရိုက် ရာကို၊ အချာထွတ်တည်၊ စိုးလိမ့်မည်ဟု၊ မှတ်ရည်ဝမ်းမှာ၊ အောက်မေ့ ပါလျက်၊ နန်းလျာရွယ်ပျို၊ မပျော်လိုသော်၊ နဂိုရ်ရပ်မြေ၊ မောင်ကြွ လေလော့၊ ချက်ကြွေပြည်ထင်၊ ရောက်လေလျှင်ကား၊ နတ်ရှင်ဘုန်း သည်း၊ မောင့်ခမည်းသည်၊ ပွင့်ရည်းရည်ထင်၊ မောင့်ကိုမြင်သော်၊ အလျင်လက်ငင်း၊ ပြည်ခပင်းကို။ ။**နှင်းလိမ့်မသွေဖည်သတည်း။** ။

၂၄၉။ **ရွှေပြည်တိုင်းခန်း၊** အုပ်စိုး မြန်းသော်၊ ပြဋ္ဌာန်းကွပ်နှင်း၊ မင်းတို့ကျင့်မှတ်၊ ဆယ်ပါးဝတ်မှ၊ စသည်ထူးပြား၊ လေးပါးဥပါယ်၊ လေးသွယ်ပင်ကို၊ သဂြိုဟ်နှစ်ရပ်၊ နှံ့စပ်များစွာ၊ ရှစ်ဖြာ မြကတော့၊ ယဉ်မြေ့မြီးမှတ်၊ ကျင့်မြတ်ဆဲ့နှစ်၊ ရန်စစ်အောင်ရာ၊ လေးဖြာမှတ်သား၊ သုံးပါးသတ္တိ၊ အပရိဟာနီယ၊ ခမ္မနှစ်ဖြာ၊ ကျင့်ဆောင်ရာနှင့်၊ အချာ မင်းတို့၊ နှစ်လို့ဝမ်းသာ၊ လိုအပ်စွာသည်၊ မှတ်ပါ လေးယောက်၊ ချီးမြှောက်သာယာ၊ ပြုစုရာသည်၊ မှတ်စွာမှတ်ရေး၊ တကျိပ်လေးတည့်၊ မဝေးဘက်ထစ်၊ မပစ်ပယ်သာ၊ သိမ်းပိုက်ရာသည်၊ မှန်စွာသုံးဦး၊ အထူးခြားတောင်း၊ ကျွန်ကောင်းလက္ခဏာ၊ အင်္ဂါခြောက်မည်၊ ခဲ့ခက် သည်ကို၊ ထူးလည်အရာ၊ပေးလှာပြုစု၊ ခဲ့မှုသည်းခံ၊ မြီးမြဲတို့တို့၊ ဝှက်လျှို့ တသွယ်၊ သူဝှက်ကွယ်ကို၊ သိလွယ်စေပါ၊ ဘေးရှိခါနှိုက်၊ ရှောင်ခွါ မသွေ၊ မြဲနေစေတနာ၊ တို့မှာခဲ့ခက်၊ စည်းစိမ်ပျက်သော်၊ မသက် မသာ၊ စိုးရိမ်စွာသည်၊ ပေါင်းရာဖြောင့်တန်း၊ ခပ်ပွန်းခုနစ်ပါး၊ သည်

www.burmeseclassic.com

www.burmeseclassic.com



သည်များကို၊ သည်းကြားမောင်ပု၊ နှလုံးပြု၍၊ ပြုစုသိမ်းမွေး၊ မြတ်လေးနီးစွာ၊ ပေါင်းဘက်ရာ၏၊ မေတ္တာကျွမ်းဝင်၊ တိုင်ပင်သမှု၊ မပြုရသား၊ သူငါးပါးက၊ တခြားရှစ်ဦး၊ တထူးကိုးမည်၊ တတည်ဆယ့်တစ်၊ ဖြစ်သည်ထင်ရှား၊ လူတို့အားကို၊ ထောက်ထား ညာတာ၊ ရှောင်ကြဉ်ရာသည်။ ။ပညာဆွေးနွေးကြံစည်တည်း။ ။

၂၅၀။ **ဤသို့ဟောမှာ**၊ ကျမ်းလာစကား၊ ရှိသည်များကို၊ မှတ်သားလွယ်လှ အကျဉ်းပြုရှင့်၊ မောင်လှရွှယ်ပျို၊ ထိုထိုမှတ်သား၊ အကျယ်အားဖြင့်၊ ထောက်ထားမြော်မြင်၊ ဆင်ခြင်ဘွေဖေါ်၊ တွေးခေါ်သတိ၊ ကြွင်းမဲ့သိမှ၊ ထို့ပြီးအပ၊ ခုကာလသည်၊ ဘုရားသာသနာ၊ ကြိုကြိုက်ပါလျက်၊ အသက်တိုများ၊ ဆုပ်ကပ်ငြား၍၊ နာဖျားများစွာ၊ ပညာနည်းလှ၊ လောဘဒေါသ၊ မောဟသာလျှင်၊ များဖြင်တိုးပွါး၊ လွန်သောအားဖြင့်၊ ကောင်းငြားပေါ်ထင်၊ ဆောလျင်ပွင့်လန်း၊ ချစ်ကြလွန်း၍၊ လုံးပန်းကြီးစွာ၊ သူ့ထက်ငါဟု၊ လိမ္မာသမှု၊ ပြု၍လည်းကောင်း၊ ထပ်လောင်းတတန်၊ အလွန်အကျူး၊ အထူးအပြား၊ ဝတ်စားကဲ့တက်၊ ဆောင်ရွက်ပသ၊ ကြ၍လည်းကောင်း၊ မနှောင်းကြာတင်၊ အလျင်အလျင်၊ ပေါ်ထင်ပေါက်မြောက်၊ ကြီးရာရောက်သော်၊ လျော်လောက်သင့်ရန်၊ ရာနှင့်တန်အောင်၊ အမွန်ဥစ္စာ၊ ရတနာအရင်း၊ မရှိလျှင်း၍၊ သီတင်းတော်ဖြောင့်၊ မစောင့်ရပ်နိုင်၊ များအိုင်လောဘ၊ သို့လိုက်ကြ၏၊ ပြည်မရပ်နေ၊ ဗိုလ်ခြေအများ၊ ဆင်းရဲသားလည်း၊ ထို့လားတူဘိ၊ အားမရှိဘဲ၊ လွန်ကဲနှစ်သက်၊ ဆားလျက်ရင်ဆာ၊ ထို့ပမာသို့၊ အဝါအကား၊ လွန်ပလွား၍၊ ကျေထွားသိသိ၊ ကုန်ခန်းရှိသည်။ ။မိမိအမှုအနည်းတည်း။ ။

၂၅၁။ **သို့လျှင်ထဲနက်**၊ ပျောက်ပျက်မကြာ၊ အစဉ်ခါ၍၊ ရရာမဲ့လျှင်း၊ လိမ်တင်းစဉ်းလဲ၊ ဘောက်လှဲ ဘောက်ပြန်၊ မမှန်စကား၊ လျပ်စားနိုးဝှက်၊ လုကြယက်၍၊ နှောင့်ရှက်ပြည်ရွာ၊ မသာအရေး၊ ရန်မြေးမလင်း၊ မကင်းထောင့်ထောင့်၊ ထွေထွေမှောင့်၏၊ ထို့ကြောင့်မောင်ပု၊ များထုရေသော်၊ ကျွန်တော်မျိုးများ၊ အခြားခြားကို၊ သနားကြည်ရှု၊ ချစ်စွာမှုလည်း၊ ဆူဆူဖြိုးဖြိုး၊ လန်းဖြိုးအားအင်၊ မရှိခင်ကို၊ အလျင်အလျင်၊ မြောက်တင်မကြာ၊ အရာမြင့်အောင်၊ ဆောင်ယောင်



ကြီးကျယ်၊ မပေးလွယ်နှင့်၊ မဆွယ်မငုံ့၊ အနှံ့အပြား၊ ပေးလွန်ငြားအုံ၊ မြင်များသော်ငယ်၊ နမ်းများပြယ်ဟု၊ လူဝယ်စဉ်ရှည်၊ ဆိုသည်နှင့်လျော်၊ တွင်ခေါ်မည်သာ၊ အရာအချက်၊ မင်းဆောင်ရွက်သည်၊ ပေါ့ပျက်သိမ်နွဲ့၊ မှတ်မဲ့လွယ်ကာ၊ ဖြစ်လေရာ၏၊ စဉ်လာမျိုးမည်၊ အရည်အခြင်း၊ အခင်းခင်းကို၊ မြော်တင်းထောက်ချင့်၊ သည်သူသင့်ဟု၊ ဉာဏ်ဖြင့်မြော်သီး၊ ယုံမှတ်ပြီး၍၊ ချုပ်ကြီးကိုင်မ၊ စသည်မြောက်တင်၊ ဒီရင်စိမ့်ဟူ၊ ခန့်သသူကို၊ မဖြူစိတ်တော်၊ မကြည်သော်လည်း၊ သွေချော်မဖွဲ့၊ အာဏာမဲ့အောင်၊ မြစ်ရှောင်ခတ်လွှင့်၊ မပြုသင့်ဘူး၊ အထူးမှတ်သား၊ ထိုသူများသည်၊ ထင်ရှားကြားကျော်၊ ရှိန်စော်မခန့်၊ အာဏာညှိုးမှိန်၊ အလွှဲတိုင်းခွင်၊ စီရင်မတည်၊ မှုများစည်၍၊ ရွှေပြည်စိုးခြင်း၊ မင်းမင်းပူဆာ၊ ပင်ပန်းရာသည်၊ ။ပညာဆင့်ရေးထွေလည်တည်း။ ။

၂၅၂။ **ထို့ကြောင့်မှန်စွာ**၊ ချုပ်ချာမှတ်သား၊ ခန့်သူအားကို၊ ထင်ရှားဝှန်ဝါ၊ အာဏာရှိအောင်၊ ရည်ဆောင်လိမ္မာ၊ မြောက်စားရာ၏၊ အာဏာမွန်ခြောင်း၊ ထင်ရှားကြောင်းကို၊ ရည်ချောင်းကြံရွယ်၊ ပြုရာဝယ်လည်း၊ မြင်ကျယ်ဉာဏ်ဖြင့်၊ တန်ရုံချင့်၍၊ အသင့်ရွယ်လေ၊ မလွန်စေနှင့်၊ လွန်ချေကလျှင်၊ မျက်မြင်နာဂတ်၊ ရာဇဝတ်ဝယ်၊ ကတ်ကတ်စင်စစ်၊ မသင့်ဖြစ်၍၊ ပစ်လည်းမကောင်း၊ ပေါင်းလည်းမသာ၊ ကြံကာထိုးထိတ်၊ စိတ်အလိုလို့၊ သမ်းမို့ဝမ်းမှာ၊ စိုးရိမ်လှာ၏၊ နန်းလျာမောင်ပု၊ သတိပြုလော့၊ ပြည်သူ့ထိပ်ပေါ်၊ မောင်ကိုယ်တော်သည်၊ မွေ့လျော်သမှု၊ ဝတ္ထုကာမ၊ ကိလေသကာမာ၊ မင်းချမ်းသာကို၊ မြတ်စွာတင့်တယ်၊ စံရာဝယ်လည်း၊ တကယ်မှန်ဟု၊ တပ်ယုတ်ခုသည်၊ မစည်မပွါး၊ ခြားချေသည်ကို၊ ရှယ်ပျိုမောင်လှ၊ ကြံထောက်ဆ၍၊ စံပလိုသီး၊ အကြီးအကျယ်၊ အံ့ဘွယ်ဆန်းပြား၊ အပွါးအများ၊ စိတ်အားလွန်စွာ၊ မကြိုက်ပါနှင့်၊ ညာတာသဖြင့်၊ သင့်တင့်တော်ရုံ၊ ကြိုက်ကြံစိတ်ဖြေ၊ ရောင့်ရဲလေလော့၊ ဘုံရွှေလျှံဝင်း၊ နန်းတွင်းနန်းပြင်၊ စီရင်ပသ၊ နေကြစဉ်လမ်း၊ ပေးကမ်းသုံးစွဲ၊ အမြဲကိုကား၊ စီးပွါးမထင်၊ ကျိုးမမြင်ဟု၊ ဆင်ခြင်ညာတာ၊ မပြုရာသည်။ ။မှန်စွာအမြဲဆောက်တည်တည်း။ ။

၂၅၃။ **ယင်းသို့သံညင်း**၊ ဘုန်းဝင်းရောင်ထိန်၊ ဒေဝိန္ဒ်ရာဇ်၊ နတ်မင်းစစ်လျှင်၊ ပျိုမျစ်ရွှန်းရွှင်၊ ဘိမ်ရွှေရှင်ကို၊ ကြည်လင်ညှို့ပျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုးမနှောင်းဝယ်၊ ရှစ်သောင်းစိုးရ၊ အတုလဟု၊ ဒေဝမိတာ၊ ဆိုသည်မှာကား၊ မေတ္တာကြင်ဆာ၊ သားနှင့်မျှသည်၊ မောင်လှနှံနယ်၊ မွေးဘငယ်။ ။တကယ်မြှီးပင်၊ ထိုရပ်ခွင်ဝယ်၊ ကြီးအင်ချမ်းသာ၊ တို့ရိုက်ရာကို၊ စိုးပါမည်ပင်၊ တို့ထိပ်တင်၍၊ ကြည်လင်ဆောက်တည်၊ နေပါသည်ကို၊ မရှည်ကာလ၊ မောင်လှရွှယ်ပျို၊ သွားမည်ဆိုသော်၊ ကွဲပြိုမည်ဖြစ်၊ အောက်မေ့လစ်၍၊ ခွေရစ်ညှိုးချုံး၊ နှလုံးသည်းအူ၊ ကိုနုတ်ယူသို့၊ ဆာပူလောင်လင်၊ မီးစိတ်ထင်၏၊ သို့ပင်ဖြစ်စေ၊ မနေလှည့်လို၊ ရွှယ်ပျိုဘုန်းဟဲ့၊ သွားလိုခဲ့လျှင်၊ ယဉ်နွဲ့တိမ်းပါး၊ ချောက်ချားအချာ၊ တို့ကံသာပေ၊ ချစ်ခွေရစ်ဆင့်၊ မောင်နှင့်မယ်ကို၊ လွမ်းလိုသမျှ၊ လွမ်းရတော့မည်၊ နေပြည်ရပ်ခွင်၊ ရောက်လေလျှင်သာ၊ မ-ရှင်သည်းကြား၊ မောင့်မြောက်သားမှာ၊ ဆွေဝါးသားချင်း၊ အရင်းအချာ၊ ဘွေရှာထူးလည်၊ တယောက်မည်မျှ၊ မောင့်ပြည်ရပ်ဝယ်၊ ကိုးကွယ်ရမည်၊ မရှိသည်ကို၊ ရှေ့ရည်ရတနာ၊ ထောက်ထား ညာ၍၊ ကြင်နာသနား၊ များများချစ်ပါ၊ မိ-သည်းချာသည်။ ။**လိမ္မာနည်းလှခဲ့သည်တည်း။** ။

၁၅၄။ **ကြင်နာစလောက်**၊ သားနှစ်ယောက်ပင်၊ ဆင့်ထောက်ဘွားမြော်၊ မြင်ပြွားသော်လည်း၊ မြော်ခေါ်ရေးရာ၊ မည်သည်မှာမျှ၊ သိရှာပါဘူး၊ အရူးတိုင်းပင်၊ မမြင်ထောက်ငဲ့၊ ဖြစ်ခဲ့သည်မောင်၊ ကုန်အောင်မကြွင်း၊ သားချင်းအမ၊ တို့မိဘကို၊ ဒေါသမျက်ပါ၊ ငယ်ရှုပ်ဝါနှင့်၊ လိုရာဖြစ်စေ၊ ထွေထွေဆိုးနွဲ့၊ ဆိုသကဲ့သို့၊ မငဲ့မညှာ၊ မနာအားပါး၊ ဆိုမိပြားလည်း၊ ဘုရားဆုယူ၊ နှလုံးမူ၍၊ ကြည်ဖြူထဲးသံ၊ သီးခံပါလေ၊ ဆူဝေပြင်းပြ၊ ဒေါသစမ်းမှာ၊ မယူပါနှင့်၊ ရတနာထိပ်ပန်း၊ မည်မှန်းခေါ်ဆို၊ တို့မြေးကိုလည်း၊ မွေးချီးရှင်၊ ပန်းနှယ်ဆင်လျက်၊ တို့တွင်မကွာ၊ ထားချင်ပါ၏၊တို့မှာတူကွ၊ မထားရ၍၊ ဇေယျခေါ်မည်၊ ပူရပြည်သို့၊ ရှေ့ရည်ဆောင်ခေါ်၊ပါလေသော်လည်း၊ရွှင်ပျော်မြတ်လေး၊ တို့မှမွေးသို့၊ နာဆေးဖျားတာ၊အရာတစ၊မလစ်ရအောင်၊ ယုယထွေထူး၊ ပျှံပျူးသာယာ၊ မွေးပါဘငယ်၊ တိုင်းကျယ်ပတ်ကုံး၊ နိုင်ငံလုံးကို၊ ယူကျုံးမကြွင်း၊ မင်းတို့ကျင့်ရာ၊ စဉ်လာမှာဆို၊ တရားကိုလည်း၊ ရွှယ်ပျိုဘုန်းလွှေ့၊ မမေ့သေချာ မလျော့ပါနှင့်၊ မကွာနေကျ၊ ခါနိုစ္စသည်။ ။**မြီးလှပါစေ-ခိုင်ကျဲ့ည်တည်း။** ။



၂၅၅။ **အတုလဒေဝမိတာ**၊ ရှစ်သောင်းချာလျှင်၊ တွေသာပျံ့ချီ၊ ယင်းသို့ဆိုသော်၊ မြင်းမိုရ်လက်ယာ၊ သောင်းဒီပါကို၊ အချာချုပ်ရိုး၊ စိုးယူကျုံးမည်၊ လက်ရုံးအရည်၊ ဘုန်းရောင်ခြည်တည့်၊ လျှံလည်ပတ်ဝေ့၊ ဖြိုးဖြိုးလွှေ့သည်၊ အိမ်ရှေ့ထွတ်ထား၊ ဘုရားပွင့်လျာ၊ လျှောက်သည်မှာကား၊ မြတ်အာစာရ၊ ကျင့်သီလနှင့်၊ မူလမျိုးနွယ်၊ စင်ကြယ်သန့်မြတ်၊ နိုင်းတုလွတ်သည်၊ ခေါင်ထွတ်ညွှတ်တင်၊ ရှစ်သောင်းရှင်။ ။ရပ်ခွင်ရှုပျော်၊ သမီးတော်ကို၊ ကျူးကျော်လွန်လှ၊ သက်မကပင်၊ဘုရားကျွန်တော်၊ မူးမော်မိုက်မှု၊ ချစ်ပါလှ၍၊ ကာလရှည်တာ၊ ရှေးရှေးခါက၊ စုံရာအထူး၊ မရောက်ဘူးကို၊ အကျူးလွန်မိုး၊ ရောက်အောင်ကြိုး၍၊ ရန်မျိုးမညှာ၊ သည်တောင်ချာသို့၊ ရေးရာခဲးခက်၊ ရောက်သည့်ချက်သည်၊ ထဲးနက်ရုံးပေါင်း၊ ချစ်ကြောင်းသိအောင်၊ တမ်းခွန်ဆောင်သို့၊ မိုးခေါင်မြင့်ဖျား၊ ရောက်ထင်ရှား၍၊ တွေပြားလျှောက်ငင်း၊ ကျယ်ဝင်းဘွေရှာ၊ မရှိပါပြီ၊ သိင်္ဂီရည်ကျော်၊ ဆယ်မီးလော်သို့၊ မြေးတော်ရတနာ၊ ထိပ်ပန်းမှာကို၊ ဘွေရှာကြောင့်ကြ၊ တွေးဆပြတွယ်၊ မှာရာဝယ်ကား၊ ထွတ်ဘုရားလည်း၊ ရွှေသားနှုရွ၊ မြေးတော်လှကို၊ မရနှုန်းအင်၊ ချစ်သည်ထင်၏၊ သို့ပင်ထပ်ဖို့၊ ကျွန်တော်တို့သည်း၊ နှစ်လိုကြည်ဖြူ၊ ဖြိုင်တူလွတ်စင်၊ အလွန်ကြင်သည်၊ထင်ကြစိတ်ရည်၊ တူကြသည့်ကို၊ ဘုန်းစည်မြတ်ကျူး၊ အထူးမှာရာ၊ မရှိပါသည်။ ။**မေတ္တာထပ်ဆင့်-ရစ်ချည်တည်း။** ။

၂၅၆၊ **ယင်းသို့ဘုန်းဟော့**၊ ရွှန်းယဉ်မြွေသည်၊ အိမ်ရှေ့မဟာ၊ ဥပရာလျှင်၊ ရှိကြာလက်မြောက်၊ လျှောက်သည့်နောက်ဝယ်၊ မြောက်ယောက်လှကျော်၊ သမီးတော်ကို၊ နှောင်းမြော်နုမျစ်၊ ယဉ်မျိုးစစ်၍၊ အနှစ်ကျယူ၊ ပွပွအူသည်၊ ရောင်ဖြူဝင်းဝါ၊ မင်းသူဇာကို၊ ရံကာအုပ်တွေ၊ စိုးကြွေကား၊ ရွှေကိုပုံချ၊မြကိုပုံသွင်း၊ နုတ်ဘန်ဆင်းသည်၊ နှုန်းနန်းစရာ၊ မရသာဟု၊ မေတ္တာကြီးအင်၊ တို့စိတ်ထင်သည်၊ မင်းရှင်နနယ်၊ လူလှငယ်။ ။နက်ကျယ်သာလွန်၊ သီတာကန်ဝယ်၊ သဉ္ဇာခန်ဆိုးဝါး၊ မူဆိုးသားသည်၊ ဘမ်းပြားရစ်ခွေ၊ ယူလေသည်မှ၊ ဗျာပါဝ၍။ ။အစ်မတို့များ၊ လွမ်းသည်သားနှင့်၊ ချောက်ချားမူဆာ၊ သေရပါ၍၊ ပယ်ရွာလေးတည်၊ လားတော့မည်ဟု၊ မကြည်မသာ၊ စိုးရိမ်ရာတွင်၊ သူဇာမယ်ပုံ၊ ရွှေဥကြက်သရေ၊ ရောက်လှာပေ၍၊ ချမ်းရေအာကာ၊ သင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ ထိပ်ချာကစ၊ မွှမ်းမျှကိုယ်လုံး၊ ပတ်ကုံးလည်လှည့်၊ သွန်းလှာ၏သို့၊ လျှမ်းပြည့်ဇးမြ၊ ငြိမ်းပါမှကို၊ ခုပတာခါ၊ ပုဆာရှာ၍၊ သူဇာမင်းပု၊ ဆင်းရှေ့ဥသည်၊ ယဉ်နုံမင်းပျို၊ သွားမည်ဆိုသော်၊ သမ်းညိုဗျာပါ၊ တို့များစွာမှာ၊ ပုဆာလွမ်းမြိုး၊ တလဲးလဲ့းသည်။ ။**လိုက်လှဲ့းလွမ်းရ-တော့မည်နည်း။** ။

၂၅၇။ ။**သို့ပင်နေကျ**၊ အစ်မတို့များ၊ ချောက်ချားဝမ်းမှာ၊မခံသာအောင်၊ ပုဆာပြင်းပြုတတ တလျှင်၊ လွမ်းရတော့မည်၊ ဆောက်တည်တွေငေါ်၊ မှန်ငြားသော်လည်း၊ ရွှေလှော်သိင်္ဂ၊ မင်းရှင်လှမှာ၊ စိုးရပိုင်သူ၊ ခေါ်ယူသွားရာ၊ မလွဲးသာသည်၊ မှန်စွာမြဲးတည်၊ ဖြစ်ပေသည်ကို၊ ရွှေရည်ရွှေခဲ၊ တို့လည်ရှဲးသည်၊ မလွဲးမသွေ၊လိုက်ပါချေလော့၊ လိုက်လေ၍လျှင်၊ ပြည့်ထင်အောင်မျိုး၊ မောင်တော်မြို့သို့၊ ပျို့ပျို့အုအု၊ မင်းဖြူဖြူသည်၊ လွယ်ကူသံ့ယာ၊ ရောက်လေခါမူ၊ မေတ္တာထပ်ဖို့၊ **အစ်မတို့**ကို၊ ပျို့ပျို့ပွပွ၊ မင်းရှင်လှငယ်၊ စိတ်ချဆေျာ့ကာ၊ မမေ့ပါနှင့်၊ မကြာနေ့ရက်၊ ကိုယ်လက်ကျန်းကြောင်း၊ မကျန်းကြောင်းက၊ လဲ့းပြောင်းတွေသည်၊ ထိုပြည်ရပ်မှာ၊ သုံးဆောင်ရာလျှင်၊ ခန္ဓာစုံစေ့၊ လိုသရွေ့နှင့်၊ ညဉ့်နေ့မကင်း၊ အခင်းကိစ္စ၊ ရှိသမျှကို၊ တီးတွမည္ဘာ၊ ရွှေပေစာနှင့်၊ ကြားမှာသတင်း၊ ကြောင်းခြင်းကြိမ်ခေါက်၊ ရောက်ပါစေရှင်၊ အလျှင်နိုးထ၊ နောက်မှအိပ်လေ့၊ မေး၍ မူဆောင်၊ ချစ်အောင် ကျင့်ရှယ်၊ ချစ်ဘွယ်ဆိုမှတ်၊ လက်လွတ်တခြား၊ မြင်ယောက်ျားကို၊ မျက်ပါးစောင်းလှည့်၊ မကြည့်စေချင်၊ စဉ်လျှင်မှတ်သား၊ ဝတ်ခြောက်ပါးကို၊ ရွှေသားရတနာ၊ မင်းသူဇာသည်။ ။**မြဲးပါလှစေ-ဆောက်တည်တည်း။** ။

၂၅၈။ **မောင်တော်မင်းပျို**၊ ချစ်သူကိုလည်း၊ ကြည်ညိုသာယာ၊ လွန်၍သာလျှင်၊ ချစ်ပါမင်းလှ၊ လောကထိပ်နင်း၊ မင်းဆိုသည်လျှင်၊ တိုင်းခွင်ပတ်ကုံး၊ အားလုံးပိုင်သ၊ သူစိုးရ၍၊ စိတ်ကလိုရာ၊ သူဇာမင်းပု၊ ရွှေဥထက်ကျူး၊ အထူးထင်ပေါ်၊ နီးမြောက်သော်လည်း၊ တွေငေါ်မသာ၊ ဖြူရုပါနှင့်၊ ကွယ်ရာမျက်မှောက်၊ ဝမ်းမြောက်ကြည်နူး၊ ကျေးဇူးကိုသာ၊ ဘွေရှာသံချို၊ နီးမြောက်ဆိုပါ သည်သာမက၊ တွင်းပကုန်အောင်၊ နန်းဆောင်ဆောင်တွင်၊ မျှားမြောင်ပတ်ခြံ့၊ အညံ့အလက်၊ အမြတ်သီးခြား၊ မင်းသားမယ်တော်၊ ထင်ပေါ်တသီး၊



မင်းသမီးမယ်၊ ကြီးငယ်အရာ၊ မင်းမျှုဟာနှင့်၊ သချာခန့်ပိုင်း၊အတိုင်းမသိ၊ ရှိရှိသမျှ၊ မျှားလှပြောတူ၊ နန်းလုံးသူတို့၊ ကြည်ဖြူစကြ၊ မေတ္တာမျှအောင်၊ မင်းလှမြဲးမှတ်၊ ကျင့်ဝတ်ပါစေ၊ ဆုဝေပြင်းထန်၊ စောင်မာန်ကိုလည်း၊ ချုပ်တည်းပါရှင်၊ သူ့ရပ်ခွင်ဝယ်၊ မျှားဖြင်ထူးထွေ၊ သူစိမ်းစေကို၊ စေ့ရေကြီးငယ်၊ မျိုးနွယ်မင့်၊ တို့မှာကဲ့သို့၊ တိုင်းရှဲ့မျှရာ၊ မမှတ်ပါနှင့်၊ မေတ္တာကြည်ညို၊ ချစ်စေလိုလည်း၊ သံချိုနှုတ်ကြောင့်၊ ရန်မှောင့်ရန်စည်၊ မကြည်မညို၊ မုန်းစေလိုသည်၊ အဆိုနှုတ်ကြောင့်၊ ရှက်နှောင့်တွေလည်၊ ဖြစ်လေသည်ကို၊ ရွှေရည်ရွှေခဲ၊ တို့လည်ရှဲးသည်၊ ။**မြဲးမြဲးမှတ်ပါအရှည်တည်း။** ။

၂၅၉။ **ယင်းသို့သာဖြား**၊ မင်းခြောက်ပါးတို့၊ မှာထားစေ့ရှာ၊ ဆိုသောခါနိုက်၊ သူဇာမည်ခေါ်၊ လှလွတ်ကျော်သည်၊ ရွှေလှော်တမျှ၊ မင်းလှဖြူအူ၊လျှောက်သည်မှုကား၊ မဋ္ဌုဆင်းရည်၊ ဝါဝင်းကြည်သည်၊ စံတည်ထွတ်ထား၊ ရှင်ဘုရားတို့။ ။ဆပွားချစ်ကြည်၊ ကျွန်မသည်လည်း၊ ငြိးစည်သားချင်း၊ အရင်းကျွမ်းဝင်၊ ဘ-ရှင်ပင်နှင့်၊ မ-ရှင်ဘုရား၊ ခြောက်ပါးမင်းလှ၊ တကွတူပင်၊ သခင်မကွာ၊ သည်းချာပုလု၊ တစုတရုံး၊ ချစ်ကုံးရစ်သီ၊ ချစ်ညီမျှလျက်၊ နေရချက်သည်၊ အဘက်မရ၊ ချမ်းသာလှဟု၊ နေကျစိတ်ရည်၊ ထင်ပါသည်ကို၊ မရှည်ကြာပင်၊ သခင်တခါ၊ ပြည်သာနဂိုရ်၊ ကြွမည်ဆိုသော်၊ ကြည်ညိုမေတ္တာ၊ ထပ်ကာပွားဖို့၊ ထိပ်ထားတို့ကို၊ သမ်းမို့ပျောင်းပျ၊ သေလှူမျှပင်၊ လွမ်းရမည်ဖြစ်၊ ကြံစိစစ်၍၊ ခွေရစ်ပြိုက်သွယ်၊ ဝမ်းဝယ်လောင်ဆာ၊စိုးရိမ်ပါ၍၊ ဘယ်မှာကျွန်မ၊ ထိပ်တင်လှတို့၊ အစ်မသခင်၊ ကျေးဇူးရှင်ကို၊ ပျော်ရွှင်စိတ်ချ၊ မေ့ရက်ပမည်၊ ကိစ္စကြီးငယ်၊ လိုမယ်လိုရေး၊ နာဆေးဖျားတာ၊ ရှိသောခါလည်း၊ ထိပ်ချာတို့ပ၊ ကျွန်မဘယ်မှာ၊ ကိုးရာရမည်၊ သာကြည်စေ့ရေ၊ စာရွှေပေနှင့်၊ ရှိသေနှိမ့်ချ၊ မပြတ်ရအောင်၊ လျှောက်ပမည်ရှင်၊ သားလင်တို့ဝယ်၊ ပြုဘွယ်ဝတ်နှင့်၊ ကြီးမြင့်ယုတ်လတ်၊ ဝန်းပတ်ရံခါ၊ လူတကာတို့၊ မေတ္တာရှိအောင်၊ ရည်ဆောင်မိန့်မှာ၊ သည်ချက်မှာလည်း၊ ချီသာပုံမှန်း၊ မိန့်တော်ခွန်းကို၊ ဦးစွန်းထိပ်မှာ၊ တင်ရွက်ပါသည်။ ။**မြဲးစွာမသွေမဖည်တည်း။** ။

၂၆၀။ **ယင်းသို့သီးသီး**၊ စောမီးနတ်မြတ်၊ နတ်မိဖုရား၊ ခြောက်ပါးပေါက်ဖော်၊ သာပျော်ပေါင်းရုံး၊ မှာထားဆုံးမှ၊ ဇေယျပူရ၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်မသို့၊ ပါရမည့်သူ၊ ရွေးယူလောက်လုံ၊ ရွှေပုံမယွင်း၊ မင်းထိပ်ပန်းမှာ၊ ရံဝန်းနေကြ၊ ထိန်းယတခြား၊ ထူးပြားရတနာ၊ သုံးဆောင်ရာနှင့်၊ တန်ဆာဝတ်စား၊ အပါးပါးကို၊ ထွတ်ထားမယ်တော်၊ ခြောက်ဘော်အစ်မ၊ စီရင်ကြပြီး၊ စောဓိးဒေဝ၊ ဒေဝိန္ဒကား၊ သဗ္ဗသိဒ္ဓါ၊ သေနာပတိ၊ မည်ရှိထင်ရှား၊ ဝန်ကြီးအားကို၊ ထံပါးခေါ်တော်၊ မူပြီးသော်တည့်၊ နှစ်ဘော်မပြား၊ ငါ့သည်းကြားနှင့်၊ ငါ့သားပွင့်လျှာ၊ ဥပရာကို၊ ရတနာလျှံပတ်၊ ဝေါပြာသာဒ်နှင့်၊ မည်မှတ်ဇေယျ၊ ပြည်ပူရသို့၊ ထွန်းပလင်းပျောက်၊ သန်းကောင်လောက်ကို၊ အရောက်ကိုယ်တို့၊ ဆောင်ပို့ချေကြ၊ ရောက်လေကမူ၊ မည်မျှလူမျိုး၊ မနိုးစေရ၊ မသိကြအောင်၊ သိဂ်ဥကင်၊ နန်းယင်ပြင်ဝယ်၊ မထင်မရှား၊ တည်ခဲ့ထား၍၊ လျင်လျားခဏ၊ လာခဲ့ကြဟု၊ မိန့်ဟခန့်ရန်၊ စီဘန်ကိစ္စ၊ ပြီးစီးကလျင်၊ ဒီပဒေါင်ချာ၊ စိုးမည့်လျာလျင်၊ သူဇာမင်းလှ၊ မင်းအူရှကား၊ ဇေယျရွှေပြည်၊ သွားတော့မည်ဟု၊ ဘုန်းစည်လွှံပေါ်၊ ဘမင်းကျော်နှင့်၊ ပေါက်ဘော်ရွှေဘွား၊ မင်းခြောက်ပါးကို၊ မြှုတ္တားစေတနာ၊ ဝုဏ္ဏာပစာယိ၊ တရားသိ၍၊ သိရိလျှံတောက်၊ ပေါက်ပေါက်မုတ္တာ၊ရတနာနှင့်၊ ပန်ထွာလေးမြတ်၊ ပူဇော်ညွှတ်သည်။ ။ **ထိပ်ထွတ်ရှိဦးဆင်၏တည်း။** ။

၂၆၁။ **ထိုခါသရေခ်**၊ မယ်တော်ထွတ်ထား၊ ရှစ်သောင်းဖျားကား၊ သည်းကြားသူဇာ၊ ရတနာရောင်ထွန်း၊ မြေးထိပ်ပန်းကို၊ ကြိုင်မွှန်းနံ့သာ၊ ဂန္ဓမာသို့၊ ခွဲးကာရင်ခွင်၊ ထားတင်ဘက်ယမ်း၊ မျက်ရည်လျှမ်းနှင့်၊နမ်းသည်ခုခု၊ ပုလုကွေးလွေး၊ ငါ့မြေး ငါ့မြေး၊ ရင်သွေးသည်းကြား၊ ငါ့သား ငါ့သား၊ ငါ့သက်ထားဟု၊ ဖန်များနှုတ်လွတ်၊ တတွတ်တွတ်နှင့်၊ နန်းထွတ်တင့်လျှာ၊ ဥပရာကို၊ ထပ်ကာသံချို၊ ဆိုသည်ဖန်များ၊ ရှင့်သားရှင့်သား၊ ကားကားမောင်မင်း၊ မြော်တင်းရေးရာ၊ မည်သည်မှာချေ၊ လိမ်မာမွဲ့ယှ၊ အရူးမကို၊ ကြင်ဆလွှန်ကဲ၊ မြိုးမြိုးချစ်ပါ၊ ထပ်ထပ်မှာသည်၊ ပူဆာပန်းကြီး၊ ရင်တီးလက်ခတ်၊ ဘတ်ဘတ်မောချေ၊ ပင်ပန်းလှ၏၊ ဒေဝိန္ဒရာဇာ၊ နတ်များချာလည်း၊ တရာသက်ရှည်၊ ဘုန်းစည်ဘက်ပွါး၊ ကြီးစေသားဟု၊ သားဖြားမင်္လာ၊ စကားသာကို၊ မေတ္တာဖြိုးတွေ၊ မိန့်တုံပေ၏၊ သရေတောက်ပ၊ အစ်မတော်များ၊ မင်းခြောက်ပါးလည်း၊ ရွှေသားရွှေစင်၊ ကြွတော့ရှင်ဟု၊ ချစ်အင်



လွန်ကဲ၊ လက်တွဲချီးပ၊ ပို့လိုက်ကြ၏၊ မငချစ်စရာ၊ ရတနာထိပ်ပန်း၊ မည်မှန်းပျံ့မွှေး၊ ရင်သွေးတကွ၊ မင်းလှသူဇာ၊ မဟာဥပရာဇ်၊ ဘုန်းတက်သစ်လည်း၊ လျှပ်စစ်သို့လျှပ်၊ သုံးထပ်ယွန်းဆက်၊ ကြမ်းထက်ဆင့်ကြွတ်၊စမုတ်တော်ဦး၊ ဝေါယှဉ်ကျူးဝယ်၊ ရောင်မြူးရတနာ၊ ဝေါယှဉ်ရာသို့၊မကွာအတူ၊တက်တော်မူသည်။ ။**ဘုန်းလူတင့်ရှန်းရှင်၏တည်း။**

၂၆၂။ **ဒေဝိန္ဒရာဇာ**၊ ကိုယ်ဝါထွန်းပ၊ နန်းမထွတ်ထား၊ မိဖုရားလတ်၊ ဘက်လွတ်စံထား၊ မိဖုရားငယ်၊ ကြီးကျယ်ရာက၊ စသည်ကုန်အောင်၊ တောင်ဆောင်နန်းလုံး၊ ရှိကုံးတင်ရွက်၊ မျက်ရည်စက်နှင့်၊ ရှုပ်ရှက်ထပ်ပျဉ်၊ မြော်လိုက်စဉ်ဝယ်၊ ညင်ယာဉ်တုလွတ်၊ ဝေါပြာသာဒ်နှင့်၊ ရံပတ်ဖြိုးလှိုင်၊ လက်နက်ကိုင်ချည်း၊ သည်းမျှအသံ၊ ခြောက်သန်းရံလျက်၊ မိုးယံတိမ်ဖျား၊ ပျံလေသွားသော်၊ လေးပါးကုလ၊ စည်ပင်လှသည်၊ ဇေယျပူရာ၊ ပြည့်တော်သာသို့၊ စကြာယူဆောင်၊ သန်းကောင်ကျော်လောက်၊ ရောက်လေသောခါ၊ ရာဇပလ္လင်၊ ဥကင်တော်ပတ်၊ ပြာသာဒ်ခိုက်မြုတ်၊ စမုတ်တော်ရှေ့၊ သဲးမွှေဖြူးကာ၊ မြေပြင်သာထက်၊ ရတနာနည်း၊ ဝေါတော်ချ၍၊ သဗ္ဗသိဒ္ဓါ၊ သေနာပတိ၊ ဦးရှိစုမြှောက်၊ သွားခွင့်လျှောက်သော်၊ ဘုန်းတောက်ဝေဆာ၊ ဥပရာနှင့်၊ သူဇာမည်ရ၊ မင်းရှင်လှလည်း၊ နန်းမဘုရား၊ မြတ်ဖျားထွတ်တင်၊ ဘနတ်ရှင်တို့၊ ကြီးအင်တေဇ၊ ဘုန်းတော်မ၍၊ မည်မျှတွန့်တို့၊ သမ်းမို့မရှိ၊ ပကတိသာ၊ ခံ့ကျန်းပါလျက်၊ သည်မှာလျှင်တောင်း၊ ရောက်စေကြောင်းကို၊ သံညောင်းစွေ့ရှာ၊ လျှောက်လေပါဟု၊ သာယာသံခြေ၊ မှာပေပြီးသော်၊ထိုမတ်ကျော်လည်း၊ထိပ်ပေါ်လက်ထား၊ပြန်လေသွားသည်။ ။ **ဝန်းလျားခြောက်သန်းပင်၏တည်း။** ။

၂၆၃။ **ရောင်နီ ဝင်းဝါ**၊ အရုဏ်လာ၍၊ မဟာဥပရာဇ်၊ ဘုန်းသစ်ပွင့်ဝါ၊ ဗောဓိလျာကို၊ လက်ယာလက်ဝဲ၊ မြေနန်းမြဲက၊ သင်းကွဲမည်မှတ်၊သေနတ်လုလင်၊များဖြင်သီးသီး၊ သွေးသောက်ကြီးနှင့်၊ ကျော်ချီးဂုဏ်ထင်၊ စီရင်အိပ်ဖန်၊ မြေနန်းဝန်တို့၊ ချိန်တန်နိုးလျှင်၊ ထကြွမြင်သော်၊ ရယ်ရှင်သီးသီး၊ အံ့ကြချီးတီ၊ ဘုန်းကြီးသည့်ရှင်၊ တို့သခင်ကား၊ လူတွင်လူမင်း၊ များဦးကင်းသို့၊ နိုပ်နင်းပြီးလျှင်၊ နတ်ကိုပင်တည့်၊ လိုအင်စိတ်အား၊ စိုးပိုင်ကား၍၊ ဘ-ဘုရားမြတ်၊သက်မှတ်ရှု

www.burmeseclassic.com

www.burmeseclassic.com



ရှဲ့၊ မင်းယဉ်နှံ့ကို၊ ယူခဲ့မကြာ၊ ပြန်ရောက်လှာသည်၊ အံ့ရာဖြိုးစွ၊ ဤသို့စသည်၊ များလှရှိုးကြွေး၊ အထူးထူးပင်၊ အံ့မှုးသဲးသောင်း၊ ထိန့်ထိန့်မြောင်းချ၊ ညွတ်ပျောင်းဦးချ၊ ဖူးမြင်ကြ၏၊ သည်ကာဆင့်ပွဲ၊ မင်းသားလုလင်၊ ဝန်းကျင်တော်မြဲး၊ တကွဲးတသွယ်၊ လေးဆယ်တော်များ၊ ငါးဆယ်သားတို့၊ ထင်ရှားသိကြ၊ ထိုမှဆောင်ဆောင်၊ ကုန်အောင်သိမြော်၊ သံတော်ဆင့်နား၊ ကြားလျှင်လျှင်တန်၊ တွင်းဝန်သို့ရောက်၊ ထုတ်ချောက်သံတော်၊ ဦးတင်သော်လည်း၊ နှစ်ဘော်တူပင်၊ နန်းမရှင်နှင့်၊ ဘုရင်များဘ၊ ရာဇိန္ဒကား၊ ရွှင်ပြုံပီတိ၊ တိုင်းမသိဖြင့်၊ သိရိသယန၊ ရောက်လေကလျှင်၊ ထတည့်ဆောလျှင်၊ ဖင်ဖင်ခုန်မှူး၊ သွား၍ဖူးသည်။ ။**ချစ်ကျူးလွန်စွာကြင်၏တည်း။** ။

၂၆၄။ **နန်းမသခင်**၊ မြင်လျှင်ချစ်ကျူး၊ အရှူးပါမျှ၊ ချစ်ချွေးမကို၊ ဘယ်ကလက်ကိုင်၊ တွတ်တိုင်ပွင့်လျှာ၊ ဥပရာကို၊ ညာကလက်ဆွဲ၊ လွန်ကဲးမြတ်လေး၊ မြေးကိုချီချင်၊ ခေါင်ငင်လျင်ပြင်း၊ နန်းတော်တွင်းသို့၊ သွင်း၍မကြာ၊ နေရာဘုံရွှေ၊ အသရေထက်၊ နေစေတုံပြီး၊ သမီးနှင့်သား၊ နှစ်ပါးကိုပ၊ ငါတော်ဝင့်တသည်၊ မြေးလှထပ်ဆင့်၊ မျက်ပွင့်စုံရွှေ၊ ပါပြန်ပေဟု၊ သံခြေပုံရှား၊ သားကိုတခါ၊ မြေးမှာခဏ၊ ချွေးမကိုနမ်း၊ ပြည့်လျှမ်းပီတိ၊ မရှိဝမ်းပန်း၊ သာလှလွန်း၍၊ မပန်းရှုဇော၊ မိန်းပြန်မော၏၊ မင်းစောသူ့တ၊ ရာဇိန္ဒလည်း၊ သက်မျှနှိုင်းရာ၊ ဘသည်းချာ၏၊ အံ့ရာအထူး၊ ဂုဏ်ကျေးဇူးကို၊ ကြည်နူးမျှရွယ်၊ ပူဇော်ဘွယ်သည်၊ ငါ့ဝယ်အခြား၊ ရှာသော်ရှားခဲ့၊ တိုင်းကားပတ်လည်၊ သည်ရွှေပြည်နှင့်၊ ညွတ်ကြည်ကော်ရော်၊ ငါပူဇော်၏၊ သာပျော်သိမ်းယူ၊ မောင်မင်းမူဟု၊ ကိုယ်တူမယွင်း၊ ပြည်လုံးနှင်းသော်၊ ထွန်းဝင်းတေဇာ၊ ဇောမိလျှာလည်း၊ ရာဇာမျှော့ဖျား၊ ဘုရားဘုန်းဗုန်၊ တသန္တာန်တွင်၊ ဗိမာန်ဥကင်၊ ပလ္လင်ဗွေထိပ်၊ မြိုရိပ်မဆောင်း၊ ရမည့်ကြောင်းကို၊ ညွတ်ပျောင်းကျိုးနွံ၊ သနားခံ၏၊ ဘုန်းလျှံထွန်းပေါ်၊ ခမည်းတော်လည်း၊ သို့သော်ရှစ်ဆူ၊ ထီးရိပ်ဖြူကို၊ မယူနှင့်တော့၊ ငါလျှော့တော့မည်၊ ယင်းသည်အပ၊ ကျန်သမျှကို၊ မောင်လှအလုံး၊ သိမ်းကျုံးလေကာ၊ မလွှဲးသာဟု၊ မေတ္တာမြတ်လေး၊ မြတ်ခွင့်ပေးက၊ ချီးကြွေးနတ်လူ၊ သဘောတူသည်။ ။**စိတ်ပြုံညွတ်ကြည်လင်၏တည်း။** ။



၂၆၅။ **ထိုနှင့်မချာ**၊ ရာဇာဒိဗ္ဗ၊ ရာဇိန္ဒကား၊ သက်မျှမေတ္တာ၊ ဇောမိလျှာကား၊ လောကာဒိဗ္ဗ၊ နရိန္ဒရာဇာ၊ မည်သာပုံ့ကြုံ၊ မှည့်တော်ဆူ၍၊ သက်တူရှုမြော်၊ ချွေးမတော်ကို၊ ပြိုင်ဘော်မရ၊ ပဝရ ရတနာဒေဝီ၊ ကျော်ညီပုံမွေး၊ မည်သာပေး၏၊ နီးဝေးကြေညာ၊ ဘုန်းရောင်ဖြာသည်၊ လောကာဒိဗ္ဗ၊ နရိန္ဒရာဇာ၊ ပွင့်လောင်းလျှာကား၊ အချာချုပ်ကိုင်၊ မြတ်ခွင့်ပိုင်သော်၊ ဘုန်းလှိုင်သတင်း၊ ကျော်ဘောက်ထွင်း၏၊ ယင်းသို့သာစံ၊ ချမ်းသာခံလျက်၊ ဒါနံသီလံပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ၊ အကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ၊ ဟူသည်ဂါထာ၊ နှင့်ညီစွာလျှင်၊ ဆယ်ဖြာမင်းကျင့်၊ ထပ်ဆင့်ထိုပ၊ ဒါနံပိယဝါစာ အတ္တာ၊ စရိယာ သမာနတ္တတာ၊ စတုရော သင်္ဂဟာ ဧတေ၊ ရာဇူဟိ ပရိစာရိယာ၊ လေးဖြာလည်းကောင်း၊ တကြောင်းထိုပ၊ အဿမေဓော ပုရိသ၊ မေဓော စေဝ နိရဂ္ဂဠော၊ သမ္မာ ပါသော ဝါဇပေယျ၊ မိတိ ယာဂါ မဟာ ဠမေ၊ လေးတွေနှစ်ဆ၊ သင်္ဂဟမည်မှတ်၊ မင်းကျင့်ဝတ်ကို၊ မချွတ်မကျေ၊ ကျင့်မြဲးနေ၍၊ အဿဗ္ဗေန အဒန္တေန၊ ဓမ္မရာဇာ ဓမ္မေ ဝသေ၊ ဓမ္မိကော ရဋ္ဌံ ကာရေသိ၊ ပါဠိတော်နှင့်၊ အသင့်လျော်အောင်၊ စံပျော်စကာ၊ ပြည်ရွာထဲးရေး၊ နီးဝေးနိစ္စ၊ မလစ်ရအောင်၊ သာမျှာမစွေသခါကောသော၊ ဒုဂ္ဂစ ဗိဇိတံဗလံ၊ ရဋ္ဌင်္ဂနိုတိသဗ္ဗေတေ၊ သိယုံပကတိယောဗိစ၊ ဟူသည်ဂါထာ၊ ညီစွာတရှည့်၊ မြို့၏အင်္ဂါ၊ ခုနစ်ဖြာကို၊ စုံစွာမြဲးနေ၊ ခိုင်ခံ့စေလျက်၊ ယွင်းသွေမခွ၊ ဟတ္ထိသရထပတ္တိတု၊ သေနာဟိစတုရင်္ဂိနီ၊ ရှိသည်ဂါထာ၊ လျော်စွာတရှည့်၊ စစ်၏အင်္ဂါ၊ လေးဖြာကိုလည်း၊ ဖြင်ပည်းများထွေ၊ လောက်စေပကတိ၊ သတိဏကဠ္ဌောဒကံ၊ သစ်ညပရိပူရိတံ၊ ဟူသည်ဂါထာ၊ လျော်စွာမြက်ထင်း၊ ပြည့်လင်းရေများ၊ စပါးဂျီပြည့်၊ မြို့၏အစာ၊ လေးဖြာကိုလည်း၊ ဖြင်ပည်းလောက်ထွေ၊ ပြည့်စုံစေသည်။ ။**နေ့ရေအများဖြင်၏တည်း။** ။

၂၆၆။ **ခပ်သိမ်းများထု**၊ ပြည်သူမှုကို၊ စေ့ငုံစီရင်၊ မှာရာလျှင်လည်း၊ *[ဆင်မြင်မသွေ၊ ယောဇ္ဇိယာသေ အနိသမ္မကာရိနော၊ ပဏောန္တိဒဏ္ဍံ

* [ဆင်ခြင်တည့်တွ၊ နိသမ္မ ကိရိယာ ရာဇာ၊ မာနိသမ္မ ဒိသံပတိ၊ နိသမ္မ ကရတော ရညော၊ ရဒေတာ ကိတ္တိဥ္စ ပဍ္ဍတိ၊ ရှိသည်ဂါထာ။]

www.burmeseclassic.com

www.burmeseclassic.com



သဟာသာ ပမုဋ္ဌိတာ၊ အဝဏ္ဏာယုတ္တာဝ ဇဟန္တိ ဇီဝိတံ၊ ဇာတောဝိမုတ္တာ ဝိစရန္တိ ဒုဂ္ဂတိ၊ မွေ့သိမ်ဂါထာ၊] ကျမ်းလာအသင့်၊ သိသဖြင့်လျှင်၊ ထောက်ချင့်မြော်မြင်၊ဆင်ခြင်ကြောင်းလမ်း၊ စုံစမ်း၍သာ၊ အရာရာကို၊ တွယ်တာနှိုင်းရှည်၊ စီရင်သည်ကြောင့်၊ ပတ်လည်ကျွန်းလုံး၊ ဆုံးမအောင် ထုတ်ချင်း၊ကျော်သတင်းနှင့်၊မင်း၏ကြက်သရေ၊မြဲတေဘဏ္ဍာ၊ ရတနာ မြင်းဆင်၊စည်ပင်တိုင်းကား၊လွန်ပုံ့ပွါး၏၊မမှား၍သို့၊မချို့မည်မျှ၊ခမ္မ လောကာ၊ ရာဇာတို့ဝတ်၊ မချွတ်ပြည့်စုံ၊ လုံသောအားဖြင့်၊ တွေပြား သမ်းမို့၊ ခွန်းညို့မရှိ၊ ခမ္ဘိကာနံရာဇူနံ ကာလေ အနုဒသာဟံ အနု ပဇ္ဇာဟံ ဒေဝေါဝဿတိ၊ ရဋ္ဌံ ဇာဒံ ဖိတံ တံ ဝေပုလ္လံ ပောတိ၊ ပါဠိပါဌ်နှင့်၊ အသင့်လျော်လျက်၊ ငါးရက် တခါ၊ မှန်စွာမပျက်၊ ဆယ်ရက်တကြိမ်၊ ချမ်းငြိမ်မလွဲ၊ လခွဲတခါ၊ မိုးတိ ရွာ၏၊ ကြေညာ ပတ်ကုံး၊ တိုင်းလုံးနိုင်ငံ၊ ကြက်ပုံ့မကျ၊ ချမ်းသာလှ၏၊ ပြောဝစည်ပင်၊ ကျယ်ဝန်းဖြင်၏၊ကြီးအင်လွန်ကျူး၊ရှင့်ကျေးဇူးသည်။ **။နပူးလက်သာ တင်၏တည်း။** ။

၂၆၇။ **ဤသို့နှင်နှင်၊** နှစ်ဖြင် ရှည်တာ၊ မြင့်မြိုး ကြာသော်၊ သာသနာတော်၊ ထွန်းပေါ်တက်ကိုး၊ စည်ဖြိုးစိမ့်ကြောင်း၊ အပေါင်း ပြည်သူ၊ သူတို့ချမ်းသာ၊ စီးပွါးရှာ၍၊ ဖြိုဝါလျှံမောင်း၊ ထီးဆောင်း ဥကင်၊ အစီရင်ဖြင့်၊ ကျွန်းခွင်တသောင်း၊ မင်းပေါင်းကျိုးနွံ၊ ပူဇော် ခံပြီး၊ သားကြီးမဟာ၊ မြတ်လှစွာကို၊ ရတနာစုံ၊ ဇမ္ဗူ့ထိပ်ချာ၊ စိုးဆက် လျာနှင့်၊ ရတနာထိပ်ပန်း၊ မည်မှန်းလှကျော်၊ သမီးတော်ကို၊ ဘုန်းမော် ရာဇာ၊ ဥက္ကာမုခ၊ သာကီယမှ၊ စသည်စင်ကြယ်၊ မြတ်နွယ်မပျက်၊ ကျင့်စဉ်ဆက်၍၊ ဆောင်ရွက်ခမ်းနား၊ အပါးပါးလျှင်၊ ကြီးမား မြတ်စွာ၊ မင်းပျူဟာဖြင့်၊ မင်္ဂလာထိမ်းမြား၊ စုလျားပတ်ရှက်၊ ယှဉ်စုံ ဘက်၍၊ နန်းဆက်ရည်ခွင်း၊ အိမ်ရှေ့နှင်း၏၊ ထိုယင်းအိမ်ရှေ့၊ စုံစေ့ ပည်းဖြင်၊ စီရင်သီးသီး၊ စာတမ်းကြီးကို၊ နည်းမှီး နောင်လာ၊ မှတ်စိမ့် ငှါလျှင်၊ လက်ာအကျယ်၊ စီကုံးသွယ်ပိမ့်၊ မကွယ်မလျှို၊ နောက်သား တို့ဝယ်။ **။နောင်ဘို့သုံးလွယ်လျှင်၏တည်း။** ။

၂၆၈။ **ရတနာစုံ၊** ရွှယ်နပျိုထွတ်၊ သားတော်မြတ်ကို၊ ပြစ်လွတ် စင်ရှေ့၊ ကောင်းကျော်နွေ့ဝယ်၊ အိမ်ရှေ့ရာခင်း၊ နှင်းတော်မူသည်၊ ယင်းသည်၏နောက်၊ ကျော်ချောက်ထင်ပေါ်၊ အိမ်တော်တက်မည်၊



သည်ကို ထောက်၍၊ အိမ်ရှေ့ စံပျော်၊ အိမ်တော် လက်ဆောင်၊ ထိုက်အောင်လျော်လှ၊ ဆက်ရမည်ကို၊ တိုတိုမင်းများ၊ စော်ဘွား မြို့စား၊ မပြားထပ်လောင်း၊ တပ်ပေါင်းစစ်ကဲ၊ သင်းကွဲတတန်၊မြို့ဝန် စစ်ကဲ၊ သင်းကွဲတခြား၊မြို့စားရွာစား၊ရာခြားတထူး၊ တပ်မှူးမြို့ကိုင်၊ ဖြည်းလှိုင်တဝေး၊ စာရေးတို့သို့၊ ထုံးသို့မှတ်သား၊ စာတမ်းများကို၊ ထောက်ထားစွေငုံ၊ ကြည့်ရှုရွေးစေ၊ ထူးတွေသွယ်သွယ်၊ စီရင်ဘွယ် မကင်း၊ စီရင်ခင်းကိစ္စ၊ ရှိသမျှကို၊ ကျန်ရမလပ်၊ စွေ့စပ်ကုန်တွင်၊ အောင်စီရင်ဟု၊ ဘုရင်မျှော့ချာ၊ မိန့်သောခါဝယ်၊သေနာပတိ၊ ဝန်ရည် ရှိတို့၊ ပီတိရွှင်ပျော်၊ မိန့်တော်ထိပ်မှာ၊ တင်ရွက်ကာလျှင်၊ ဟံသာပူရ၊ ဌာနကျော်ဇုန်၊မြို့ဝန်တို့သို့၊ ပို့သည်ခြင်းရာ၊ ပေးသည့်စာကား၊ မဟာ သီဟကျော်ထင်၊ တုရင်သီဟကျော်သူ၊ ကြည်ဖြူဝမ်းမြောက်၊ မှာကြား လျှောက်သည်၊ ကျော်ချောက် ထိန့်သဲ၊မင်းရဲ မင်းပျိုကျော်၊ ကြံဘော် မကွဲ၊ စစ်ကဲ ဒိဗ္ဗသာရ၊ ဒိဗ္ဗဇလကျော်၊ ဘုန်းတော်အလွန်၊ ကြီးဇွန် မြတ်လှ၊ ဘဝသခင်၊ အရှင်မင်းတရား၊ ဘုရားမင်းကျော်၊ ဘေးလောင်း တော်အထွတ်၊ မင်းမြတ်တို့သည်၊ ဘုန်းစည်ပောမှာ၊ သာသနာ ပွင့်လင်း၊ ထွန်းဝင်းစိမ့်ရော်၊ ကိုယ်တော်စီးပွါး၊ သားတော်အစဉ်၊ မြေးလျဉ်မြစ်ဆက်၊ကျိုးဆက်ပွါးကြောင်း၊ အပေါင်းပြည်သူ၊ လူတို့စီး ပွါး၊ များအောင်ညီညာ၊ ဆောင်စိမ့်ငှါလျှင်၊ ရတနာသည်းကြား၊ သား တော်အားကို။ကိုယ်စားခန့်၍၊အိမ်ရှေ့ထွတ်ကဲ၊ နှင်းမြဲမယွင်း၊အိမ်ရှေ့ မင်းတို့၊ ထွန်းဝင်းတင့်တယ်၊ စံပယ်စေခြင်း၊ လိုးရင်းမြင်းဆင်၊များဖြင် ဗိုလ်ပါ၊ ခြံရံကာနှင့်၊ ရတနာရွှေငွေ၊တွက်ရေမဲ့လျှင်း၊ မင်းတို့ဘဏ္ဍာ၊ သုံးဆောင်ရာနှင့်၊ ရတနာမည်ခေါ်၊ သားတော် ကျော်ချီး၊ဘုန်းကြီး သည့်ရှင်၊ ထွဋ်ထိပ်တင်ကို၊ ညွန့်ရှင်မင်္ဂလာ၊ ကောင်းမြတ်ခါနိုက်၊ နန်းလျာခန့်၍၊ အိမ်ရှေ့အရာ၊ ရောင်ဝါထွန်းဝင်း၊ ထားဆောက်နှင်း မည်၊ ပြစ်ကင်းလွတ်ကျော်၊ နတ်တော်မာသ၊ ခါတော်ရသည်၊ ရှေ့က မကွဲ၊ ဆက်မြဲပူဇော်၊ လက်ဆောင်တော်ကို၊ ထိုက်လျော်ပည်းဖြင်၊ ခန့်စီရင်၍၊ ဦးတင်ရှိကြ၊ ဆက်လှာရောက်စေ၊ ရပ်မြေသာယာ၊ ဟံသာပူရ၊ မြို့မအဝင်၊ နွယ်ပင်စဉ်ရိုး၊ ပြည်စိုးသူကြီး၊ ဝေးနီးထိုထို၊ ရှိသည်ကိုလည်း၊ ပြောဆိုကြောင်းလျှား၊ ဆော်ဘန်ကြား၍။ ။ **ဝပ်တွားရှိသေ ဆက်လှာစေ။** ။



www.burmeseclassic.com

www.burmeseclassic.com



၂၆၉။ **ဤသို့သာယာ**၊ ကုံးသီစာနှင့်၊ ဟံသာပုရ၊ နှင့်တကွလျှင်၊ ကြီးမှုထင်ရှား၊မင်းသားဝန်ရှိ၊ စုဘိအင်္ဂါ၊ မြို့တရာသို့၊ မကြာလျှင်ထွေ၊ မြင်းသည်စေ၍၊ တထွေတသွယ်၊ စော်ဘွားငယ်တို့၊ အနွယ်စဉ်ရိုး၊ စိုးသည့်တရာ၊ မြို့များမှာလည်း၊ မှာစာချီတွင်၊ သာရှင်ပုံ့ကြည်၊ ကြား ရောက်သည်ကို၊ ထူးလည်တခြား၊ ကြားလိုက်သည်ပ၊ မကွဲကြဘူး၊ ထိုမှတတန်၊ မြို့ဝန်အမတ်၊ ဝန်းပတ်ဒိသာ၊ စိုးချုပ်ချာသည်၊ တရာ လောက်စဉ်၊ အင်ခွင်ကြီးစွာ၊ မြို့များမှာကား၊ မင်းမဟာ သီဟ ကျော်ထင်၊ မင်းတုရင် သီဟကျော်သူ၊ ကြည်ဖြူသာကြည်၊ မှာလိုက် သည်ဟု၊ အမည်သာလွှန်၊ မြို့ဝန်မည်သူ၊ အတူမကွဲ၊ စစ်ကဲမည်ဟူ၊ ချီးတူပြီးလျှင်၊ နည်းတူပင်တည့်၊ အဝင်မြို့စား၊ ရွာစားတို့ကို၊ မြွက်ဆို ကြောင်းလျား၊ဆော်တန်ကြား၍၊ညွတ်တွားပျပ်ပျပ်၊ ဆက်ကပ်စေသာ၊ ပေးလိုက်မှာ၍၊ အချာချုပ်မှန်၊ မြို့ဝန်မကွဲ၊ စစ်ကဲတို့ကို၊ မိန့်ဆို သံခြေ၊ဆက်စေမိန့်မှာ၊ သချာရာမှ၊ပြောဝစည်ပွါး၊ မြို့စားများမှာ၊စကား သာကြည်၊မှာလိုက်သည်ဟု၊ မျိုးမည်ပေါ်ကြွား၊မြို့စားစစ်ကဲ၊ ကျော်သဲ ထင်ပေါ်၊ ဘုန်းတော်အလွှန်၊ ကြီးဖွန်မြတ်လှ၊ ဘဝသခင်၊ အရှင်မင်း တရား၊ ဘုရားသားတော်၊ တေဇော်တက်မီး၊ ဘုန်းကြီးသည့်ရှင်၊ ထွတ်ထိပ်တင်ကို၊ ကောင်းအင်မင်္ဂလာ၊ မြတ်သည့်ခါဝယ်၊ နန်းလျှာ ခန့်၍၊ အိမ်ရှေ့ရာခင်း၊နှင်းတော်မူမည်၊ ပြစ်ခြည်လွတ်ကျော်၊နတ်တော် မာသ၊ ခါတော်ရသည်၊ ဆက်သမြဲတိုင်း၊ ပည်းလျှိုင်းစုံအင်၊ ခန့်စီ ရင်၍။ ။**ဦးတင်ရှိသေဆက်လာစေ။** ။

၂၇၀။ **ဤသို့နှင်နှင်**၊ များဖြင်မရှား၊မြို့စားငါးရာ၊ ရှိနေရာသို့၊မှာစာ သံခြေပေးပို့စေ၍၊ တွက်ရေမှည့်မည်၊ ဤယင်းသည်ကား၊ ရှမ်းပြည် ယွမ်းပြည်၊ ဂုံးပြည်ပတ်ချုပ်၊ တရုတ်တရက်၊ သက်ကုလားမှ၊ စသည် သီးသီး၊မြို့ကြီးအငယ်၊ အထင်အရှား၊ မြို့စားများသို့၊ မှာထားသည်ကို၊ ဆိုစသည်တည်း၊ တနည်းတခြား၊ ရှေ့ဘွားတော်အောက်က၊ သွားနေ ရသည်၊ များလှဖြင်ပည်း၊ ရေကြည်းတန်တန်၊ ဝန်အစီရင်၊ တို့မှာလျှင် လည်း၊ တူပင်ထို့နည်း၊ မှတ်သိမ်းဆည်းလေ့၊ ကျော်သည်းဝေးနီး၊ စော်ဘွားကြီးတို့၊စိုးသီးတရာ၊ မြို့မှာတိုးသော်၊ ဘုန်းတော်အလွှန်၊ကြီးဖွန် မြတ်လှ၊ ဘဝသခင်၊ အရှင်မင်းတရား၊ ဘုရားရှေ့စက်၊ စုံနှစ်ဘက်ကို၊ ဦးထက်ရွက်ခါ၊မြိုးစွဲရသည်၊ အဂ္ဂမဟာ၊ သေနာပတိ၊ နှံ့သိကျော်ထင်၊



ဝန်ရှင်တော်မင်းများ၊ စကားသာကြည်၊ မှာလိုက်သည်ဟု၊ ဦးတည် အာဒိ၊ အချို့ရှိ၍၊ ထိုပြို့စဉ်လျား၊ စကားများမူ၊ စော်ဘွားငယ်တို့၊ မြို့သို့မိန့်မှာ၊ ပေးသည်စာနှင့်၊ ခြင်းရာတူနည်း၊ တချက်တည်းပင်၊ထို့ပြင် အဝေး၊ အမှာရေးက၊စာပေးသ၍၊ ဆော်ရသည်တည်း၊ ပေါင်းစည်း များစွာ၊သို့မှာစာကို၊စေပါကျင်လည်း၊ မြင်းသည်မှာမြန်း၊ ရှေ့ပန်းပင်စု၊ သွေးသောက်စုအား၊ လျင်လျားလျှပ်လျှပ်၊ ပေးအပ်ဆောင်စေ၊ သွားရ လေ၍၊ စက်ရှေ့တော်ရင်း၊ မကင်းရှိခြား၊ မင်းသားမြင်းမှူး၊ ရာထူး တထွေ၊ ငါးသွယ်နေက၊ စွဲးဝေအသင့်၊ ကွန်စင့်လက်တွင်း၊ မြော်တင်း ဘန်ရင်၊လက်ပြင်မနေရ၊ နှီးခေါက်မှာနှင့်၊ စဉ်လာမျိုးနွယ်၊ လေးဆယ် ငါးဆယ်၊ တသွယ်အနေ၊ ကွမ်းရေတော်ကိုင်၊ ရှိုင်ရှိုင်သဲးသဲး၊ တွင်းမြိုး ကျေးစား၊တခြားဆင်သည်၊ တတည်များဖြင်၊မာရဘင်သင်းမှူး၊ ရာထူး ပေါ်ထင်၊ ဝန်းကျင်တွင်းတန်း၊ မြေနန်းမလွတ်၊ သေနတ်သွေးကြီး၊ ထံနီးမဝေး၊ သေဌေးရာသင့်၊ သံဆင့်သံခံ၊ ကုံထံကြီးဝယ်၊ ငါးသွယ် မရောက်၊ နှီးခေါက်မကျ၊ မည်ရတထောက်၊ နှီးခေါက်မနေ၊ ဖြိုးထွေ မြင်းခေါင်း၊တကြောင်းဒိုင်းမှူး၊ သင်းမှူးမည်မှတ်၊ သေနတ်သွေးကြီး၊ မြောက်ပြီးတတန်၊ တပ်ကောင်ဟန်မှူး၊အမြောက်မှူးနှင့်၊ ရာထူးမကွဲ၊ သူရဲတပ်မှူး၊ ထူးထူးခြားဝေး၊ စာရေးစာချီ၊ တိုက်ကျိကျော်ဟိုး၊ အစိုး စာရေး၊ မဝေးထံပါး၊ ထိုသူများက၊ ထွတ်ထားဘုန်းကျော်၊အိမ်တော် တက်ခါ၊ ဆက်ရာလက်ဆောင်၊ လျော်အောင်မြော်တင်း၊ မြင်းရှေ့ ဖလား၊ နည်းများညွှာတာ၊ ခါသာသာလူ၊ ပုဆိုးဖြူက၊ စသည်များစွာ၊ ရတနာတိ၊ အရာအင်နှင့်၊လိုက်သင့်ရုံ၍၊ စုံစေ့ဖြိုးစည်၊ ပြဆော်မည်ဟု၊ ရှိရည်ခေါက်ခေါက်၊ စီကုံးလျှောက်သည်။ ။**အံ့လောက်တွက်ရေများ စွာတည်း။** ။

၂၇၁။ **အဝေးရပ်ဌာန်**၊ မြို့ဝန်စစ်ကဲ၊ သင်းကွဲစော်ဘွား၊ မြို့စား ကစ၊ကျန်ရမည်သီး၊ သူကြီးတိုင်အောင်၊ လက်ဆောင်တော်ဆက်၊ ရှေ့ စက်တော်အောက်၊ လာရောက်ညီပြီး၊ သီးသီးကုန်အောင်၊ လက်ဆောင် စာရေး၊ တို့တဝေးမှာ၊ မကွာရှိသည်၊ မှန်အိမယွင်း၊ စာရင်းဟောင်း တိုင်း၊ ထုံးပိုင်းမသွေ၊ ဆက်စေဆော်မည်၊ အကြောင်းရည်ကို၊ ဦး တည်လက်မြောက်၊စာနှင့်လျှောက်၍၊ ထို့နောက်ဆင်သည်၊ မျိုးမည်

www.burmeseclassic.com

www.burmeseclassic.com



လျှော်သင့်၊ သံဆင့်ရည်သံ၊ သံခံရန်ပြား၊ မှူးသားမတ်သား၊ လူလွတ်များကို၊ ထင်ရှားလျှံပေါ်၊ရွှေလွှက်တော်မှာ၊ သာပျော်တက်နေ၊ မြီးစွဲးစေဟု၊ ပရမေသီရီ၊ ဗျာဒိတ်ရှိ၍၊ ထိုပြို့းလွတ်တွင်၊ စီရင်သည်မှာ၊ မဂ်လာဖြိုးလွေ့၊ အိမ်ရှေ့နန်းလျာ၊ နှင်းမည့်စာနှင့်၊ များစွာတိုင်းမဲ့၊ လက်ဖွဲ့ပေးနှင်း၊ အင်းစာရင်းကို၊ မယွင်းစုဝေး၊ မိန့်တော်ရေးတို့၊ ချင့်ရွေးအရောင်၊ ယွန်းပေါင်ခြုံးဂိုက်၊ ပရပိုက်တွင်၊ အင်းလိုက်သင့်ထွေ၊ ရေးစေပြီးသော်၊ နာခံတော်ကို၊ သာပျော်ရှိသေ၊ အပ်ပေဓဏာ၊ ဆက်သွင်းရ၍၊ ချိုမြချမ်းမြေ၊ အိမ်ရှေ့နန်းလျာ၊ နှင်းမည့်စာကား၊ သမ္မာရင့်ထွတ်၊ ကြီးမြတ်လှစွာ၊ ဘုန်းပါရမီ၊ စုံညီပြည့်ဖြိုး၊ လက်ရုံးမိုး၍၊ တန်းခိုးအာဏာ၊ လွန်ကဲးစွာသည်၊ ရာဇာများနတ်၊ ဘေးလောင်းမြတ်တို့၊ ဘုန်းထွတ်သာသနာ၊ ရောင်ဝါပလင်း၊ ထွန်းဝင်းစိမ့်ရော်၊ ကိုယ်တော်စီးပွါး၊ တိုင်းကားပြည်သူ၊ လူတို့အပေါင်း၊ ချမ်းငြိမ်းကြောင်းကို၊ စုံပေါင်းညီညာ၊ ဆောင်စိမ့်ငှါလျှင်၊ ရတနာသည်းပွတ်၊ သားတော်မြတ်ကို၊ အထွတ်ဘုန်းဟေ့၊ အိမ်ရှေ့ရာစင်း၊ နှင်းမြီးဖြစ်သည်၊ ငါသည်လကောင်း၊ ဘေးလောင်းရာဇာ၊ ဥက္ကာမှာ၊ မင်းမှစ၍၊ သာကီယမျိုးဘော်၊ သားတော်မြေးဆက်၊ နန်းထက်အုပ်စိုး၊ မင်းရိုးမင်းသား၊ ဖြစ်သောအားဖြင့်၊ တိုင်းကားနိုင်ငံ၊ သာစံပတ်ဝန်း၊ ထီးနန်းတကွ၊ မြတ်လှချမ်းသာ၊ မွေရိက်ရာကို၊ သချာဆယ်ပါး၊ တရားညီစွာ၊ အချာထိပ်ခေါင်၊ အုပ်စိုးဆောင်လျက်၊ ထွန်းပြောင်သာသနာ၊ စည်ဖြာစိမ့်ကြောင်း၊ နှစ်ပေါင်းရာကျော်၊ ကိုယ်တော်စီးပွါး၊ များ၍ခိုင်ခန့်၊ တည်တန့်မြဲကြောင်း၊ အပေါင်းပြည်သူ၊ လူတို့စီးပွါး၊ များ၍ထပ်လောင်း၊ ဝပြောကြောင်းကို၊ မပြောင်းမလွှဲ၊ အမြဲးကောန်၊ မိဋ္ဌာန်ဆောင်သည်၊ ဘုန်းစည်ထင်ပေါ်၊ သားတော်အစဉ်၊ မြေးလျဉ်အဆက်၊ နန်းထက်နှင်နှင်၊ ထွတ်တင်ဧကရာဇ်၊ မင်းသားဖြစ်၍၊ ရှင်ချစ်သာသနာ၊ ရှည်စွာဆောင်လျက်၊ ရေတွက်မနိုင်၊ များလှိုင်ပြောထူ၊ လူတို့ကိုးရာ၊ ဖြစ်စိမ့်ငှါလျှင်၊ ဓမ္မရာဇ၊ လောကဝတ်နှင့်၊ အသင့်ညီညွတ်၊ သားတော်မြတ်ကို၊ အထွတ်ရန်နှင်း၊ အိမ်ရှေ့မင်းတို့၊ တင်ခြင်းဆောင်ယောင်၊ ပေါက်ပြောင်ဆင်မြင်း၊ သင်းပင်းရံကာ၊ များမြတ်စွာနှင့်၊ မင်္ဂလာမြို့ကျော်၊ အခါတော်ဝယ်၊ ထွန်းပေါ်ဘုန်းဟေ့၊ အိမ်ရှေ့ညွှန့်ရည်၊ နန်းလျာတည်သည်။ ။**ယင်းသည်အိမ်ရှေ့နှင်းခါတည်း။** ။



၂၇၂။ **လက်ဖွဲ့တော်စာ၊** ရေးသည်မှာကား၊ အာဏာလွှံ့ကျော်၊ ဘုန်းတော်အလွန်၊ ကြီးဌာန်မြတ်လှ၊ ဘဝသခင်၊ အရှင်မင်းဖျားဘုရား ရွှေမှောက်၊ဆင်ပေါက်ခြောက်စီး၊ ယှဉ်မှီးတကွ၊ ဆင်မလေးစီး၊ သီးသီးမကြွင်း၊ မြင်းခုနစ်စီး၊ ပုံပြီးများစည်၊ ဆင်သည်ထားလိုက်၊ တတိုက်ဆောင်ကိုင်၊ ဆီဆိုင်ကြောင်းသင့်၊ သံဆင့်သံခံ၊ ကုံထံများလောက်၊ သွေးသောက်စုမှူး၊ ရည်တူအထူး၊ အစုနှစ်ဆယ်၊ များကြွယ်ဖြင့်ညီး၊မှူးကြီးကျေးစား၊ ရွာစားသားမြေး၊ သွေးသောက်စုလူပျို၊ ရေဆိုတိုင်းရှိ၊ နှစ်ဆဲ့နှစ်စု၊ အထုများစွာ၊ ရွှေကာဒိုင်းလွှား၊ ရွှေသားမွမ်းမံ၊ ရွှေလှံပြောင်ပတ်၊ သေနတ်အမြောက်၊ များလောက်စုဝေး၊ ရွှေတော်ပြေးတတည်၊ ပညာသည်စု၊ များထုရွှေငွေ၊ ထွေထွေအုပ်မျိုး၊ ထည်မျိုးတိုင်းရှိ၊ လက်ဖွဲ့တော်မူ၊ ဖြိုးထူဘုရား၊ သည်ကားအဖြောင့်၊နာသောင့်နာသာ၊ ရုပ်ကာမပွင့်၊ သည်နှင့်တဲ့းကာ၊ အရင်းမှာကား၊ အရာရှေးဦး၊ ဝန်ဝင်းမှူးက၊ ရာထူးသင့်ဝန်၊ တွင်းဝန်နောက်ဝန်၊ တတန်ဆင်မှူး၊ မျိုလူးဆင်းရောင်၊ အဆောင်တော်ကိုင်၊ ဆီဆိုင်လိုက်ဘက်၊ ဓားလက်သုံးထမ်း၊ ရဲးစွမ်းရုပ်ရည်၊ ဆင်သည်တတိုက်၊ ထားလိုက်သံဆင့်၊ အသင့်သံခံ၊ စီမံမှူးသီး၊ စာရေးကြီးနှင့်၊ သီးသီးစုညီ၊ ဝင်းစာချီနာခံ၊ ကုံထံထွေထူး၊ ဝေါမှူးဝင်းစာချီ၊ စုံစီပည်းလှိုင်၊ ထွေးအင်ကိုင်က၊ ဆီဆိုင်သင့်ညီ၊ ဆောင်နီသွောက်ကြီး၊ ဖြင့်ညီးတဝေး၊ ခြေဆေးအင်ကိုင်၊ ဂုဏ်လှိုင်ထင်ရှား၊ ဆေးသမားဆေးတတ်၊ ပရိတ်ရွတ်နှင့်၊ညီညွတ်သင့်လျော်၊ ရွှေတော်ပြေးမှူး၊ မြင်းမှူးရည်ထင်၊ ဇေဒင်တတ်ခေါင်၊ လက်ဆောင်ယူမှူး၊ စုံပူးမြို့စာရေး၊ မဝေးတူပင်၊ မြင်လက်ဆောင်ရေး၊ ရောထွေးမရှက်၊ လက်နက်တိုက်စိုး၊ မြင်တိုက်စိုးနှင့်၊ စဉ်ရိုးမဘောက်၊ အနောက်တိုက်စိုး၊ သင့်နိုးရည်ရွေး၊ စာရေးနှင့်ချည်း၊ စောင့်စည်းသိမ်းမြဲး၊ စားတော်ကဲးနှင့်၊ မလွဲးစောင့်ရှောက်၊အနောက်တံခါးမှူး၊ တထူးတတန်၊နောက်ဝန်စာရေး၊ရည်ရွေးတတည်၊ အသည်သူရဲး၊ ဒိုင်းစွဲးကောင်ဟန်၊ လေးလှံဓားရေး၊ ဝင်းစာရေးဝင်းဆော်၊ ခေါ်ဝေါ်များထွေ၊ ဦးရေယောက်ကျားကြီး၊ တသီးယောက်ကျားငယ်၊ တသွယ်မိန်းမကြီး၊ တသီးမိန်းမငယ်၊ ကျယ်ကျယ်ဝန်းဝန်း၊ မှန်စာရင်းနှင့်၊ များခြင်းအထု၊ သွောက်စုဖြင်ပည်း၊ မြင်းလည်းတကြောင်း၊ မြင်းကောင်းတကွ၊ များလှရေရွတ်၊ သေနတ်တသီး၊ သွေးသောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ဖြင်ညီးသောင်းသဲး၊ သူရဲးနှင့်ပိုင်း၊လမိုင်းအမြောက်၊ များလောက်ကောင်ဟန်၊ သင့်ရန်စုံပူး၊ အမူးတကွ၊ များလှချင့်ပိုင်း၊ ဝေါကျိုင်းပုံဖြိုး၊ သွေးသောက်ကြီးနှင့်၊ တသီးတဝေး၊ ရှေတော်ပြေးစု၊ အထုဖြိုးလှိုင်၊ အဆောင်နီကိုင်ဘဏ္ဍာ၊ သချာများမြောင်၊ လက်ဆောင်ယူတဆန်း၊ အဖွန်းငယ်သား၊ များပြားကုံထံ၊ မြင်းခံတရွယ်၊ သူငယ်အကြီး၊ ပတ်တီးကချေ၊ ပြစ်ပြေမွေသိမ်၊ ပန်းထိမ်ဗိဿုကာ၊ များစွာအထု၊ ပန်းပုလက်သွား၊ မျက်ပါးမလွတ်၊ သေနတ်အိမ်လုပ်၊ အချုပ်မကျန်၊ ပန်းရံမင်ရေး၊ ရောဝွေးမဲ့ပဲး၊ ပန်းဘဲးစားတော်သည်၊ ဖြိုးစည်များစွာ၊ ကုဟာဝင်သီး၊ ဖြင်ညီးတဆန်း၊ ယက်ကန်းပိုင်းတာ၊ ပုဝါထိုးသည်၊ ပရိတ်ချည်စိတ်၊ ညိတ်ညိတ်မွမ်းမျ၊ များလှတအုပ်၊ မှုံလုပ်ဆင်စာမြက်၊ ရေတွက်တံခါးသား၊ တိုက်သားတရိုင်၊ နောက်တော်ထိုင်မကြွင်း၊ အတွင်းရေခပ်၊ များထပ်ဖြိုးလှောက်၊ အနောက်ဝန်မှာ၊ များစွာတရွေ၊ အကြမ်းနေနှင့်၊ ခြားနေ့တဘော်၊ စားတော်ကံကျွေး၊ နီးဝေးရုံးစေ၊ လေသာအောက်စောင့်၊ ရှက်နှောင့်မင်းလျဉ်၊ ဥယျာဉ်ဆင်မြင်း၊ များခြင်းတွက်ရေ၊ ရွှေငွေမုဆိုး၊ အုပ်မျိုးထည်လွှာ၊ သကြာရေပ်၊ မွေးစုတ်နှံ့သာ၊ ပရိပ်နာဆက်၊ စပ်ရှက်ယှဉ်တာ၊ လေသာတကွဲး၊ ချောင်းဦးမြိုးက၊ ကွင်းရာမဲ့ပါ၊ သိဿာသန့်ရှင်း၊ အင်းစာရင်းနှင့်၊ကျယ်ဝန်းပိသ၊ရေးစေရသည်။ ။**များလှတွက်ရေသချာတည်း။**

၂၇၃။ **မင်္ဂလာအိမ်ရှေ**၊ နှင်းမည့်နေ့ကို၊ ချမ်းမြေ့သာဖျော်၊ ဖြိုးတိုက်တော်သို့၊ ဆော်၍ဝင်စေ၊ ပရမေသီရိ၊ မိန့်တော်ရှိ၍၊ ဦးထိစိတ်ကြည်၊ဝင်ရသည်ကား၊ မင်းသားစုံရာ၊ သေနာပတိ၊ ရည်ရှိတော်နေ၊ ပြစ်ပြေသင့်ရန်၊ မြင်းဝန်ဆင်ဝန်၊ မြို့ဝန်ဝန်ထောက်၊ ရွှေးကောက်ရာထူး၊ ဒူးစနည်းနေ၊ ဝင်စေတို့နှင့်၊ သံဆင့်သံခံ၊ နာခံစာရေးကြီး၊ တသီးမကြွင်း၊ဝင်းစာချီမည်ဟူ၊ ရံသသူကို၊ရွှမြိုနားဒွောင်း၊ဝတ်ကောင်းဝတ်၍၊ ချမ်းမြေ့နံနက်၊ လေးချက်တီးကျော်၊ ကိုရုံးတော်သို့၊ ဆော်၍ရောက်စေ၊ တထွေထိုပ၊ မည်ရထွေထူး၊ ဝန်ဝင်းမှူးက၊ စသည်တွင်းဝန်၊ နောက်ဝန်ဆင်မှူး၊ တထူးခေါ်မည်၊ ဆင်သည်တတိုက်၊ ထားလိုက်ခန့်မည်၊ရည်သူတို့အား၊ထူးပြားဝတ်ကောင်း၊နားဒွောင်းဝတ်ကာ၊သိင်္ဂါဘုံကျော်၊ ဖြိုးတိုက်တော်သို့၊ ဆော်၍ဝင်စေ၊ မှတ်နေအသင့်၊ သံဆင့်မှစ၊ မျာလှခန့်ပိုင်း၊ လမိုင်းစာရေး၊ ရည်ရွှေးတိုင်အောင်၊ များမြောင်



စီဘန်၊ ခန့်ထားရန်ကို၊ **အ**မှန်လျဉ်လျဉ်၊ အစဉ်အတိုင်း၊ ထုံးပိုင်းချီငေါ်၊ မည်ချည်ဖေါ်၍၊ သင့်လျော်လျောက်လျား၊ သန့်ဝတ်စားနှင့်၊ အသင့်မကွေ၊ ရုံးတွင်နေစေ၊ တွက်ရေးကြွင်းမဲ့၊ လက်ပွဲမည်ရန်၊ မကျန်စုံပေါင်း၊ မြင်းခေါင်းတထူး၊ အမှူးအကြီး၊ တသီးမည်မှန်း၊ ခေါင်းအဖွန်းက၊ ရာမှန်းကြပြီး၊ သွေးသောက်ကြီးက၊ အသီးအသီး၊ အိုးစကြီးကို၊ ဝေးနီးချီငေါ်၊ ဆော်၍တက်စေ၊ ဦးရေမဟူ၊ လွယ်ကူရုံးကာ၊ထွေသာဟမြွက်၊ မိန့်တော်ထွက်သည်။ ။**စဉ်ဆက်မှတ်သားစုရာတည်း။** ။

၂၇၄။ **ယင်းသို့စေ့စုံ**၊ လုံခြုံသီးသီး၊ရံတားပြီးသော်၊ ပြည်ကြီးစိုးရာ၊ အလျာအိမ်ရှေ၊ နှင်းမည်နေ့ဝယ်၊ စုံစေ့ထင်ရှား၊ မင်းသားမှူးမတ်၊ ခွင့်မြတ်ပိုင်ဖြိုး၊ ဝန်ကြီးဝန်ထောက်၊ သည်နောက်နာခံ၊ စီမံကြောင်းသင့်၊ သံတော်ဆင့်နှင့်၊ မမြင့်ရာလျော်၊ သံတော်ခံမည်၊ စဉ်စီသည်လျောက်၊ ဝင်ပြီးနောက်မှ၊ ဘုန်းတောက်လျှံဝင်း၊ အိမ်ရှေမင်းမှာ၊ ဝန့်ဝင်းမှူးရန်၊ တွင်းဝန်နောက်ဝန်၊ မကျန်ဆင်မှူး၊ ရာထူးသင့်ရည်၊ ဆင်သည်တတိုက်၊ ထားလိုက်ခန့်မည်၊ မှတ်ရည်မှန်းထား၊ထိုသူများကို၊ ကျော်ကြားထင်ပေါ်၊ နာခံတော်လျှင်၊ ခေါ်ဝေါ်မကြွင်း၊ ဝင်စေသွင်း၍၊ မင်းသားတို့မှ၊ စဉ်စုသင့်လိုက်၊ ဖြိုးတိုက်သဘင်၊ လက်တင်ရောင်လင်း၊ နှစ်ထပ်တွင်းဝယ်၊ ခင်းနေရာထက်၊ အနောက်ဘက်က၊ စဉ်လျက်ညွှတ်ခ၊ နေစေရ၏၊ သည်ပတထွေ၊ တော်နေမည်သီး၊ ဝန်ကြီးတို့မှာ၊ နေရာခင်းလျက်၊ သည်ရှေဘက်က၊ နောက်ခပ်ကျတွင်၊ ညွှတ်ခသင့်ထွေ၊ စဉ်စီနေ၏၊ တထွေသည့်နောက်၊ အောက်ဆီတည့်တွင်၊ လက်တင်ရောင်လင်း၊ တထပ်တွင်းဝယ်၊ ပြစ်ကင်းလျော်လျောက်၊ ဝန်ထောက်ဆင်ဝန်၊ တူတန်ကျစေ၊ လေးသွယ်နေတို့၊ ရှိသေညွှတ်ခ၊ ခစားရ၏၊ သည်ပအနောက်၊ တံခါးပေါက်ဝ၊ သာလှဆန်းပြား၊ နှစ်ဘက်နားတွင်၊ ဝပ်တွားကျိုးနွံ၊ သံခံသံဆင့်၊ တဆင့်တုပ်ကွ၊ ခစားရ၏၊ သည်ပအနောက်၊ တော်လျောက်သင့်စွာ၊ အတန်ကွာတွင်။စဉ်ကာမကွေ၊ သံခံနေ၏၊ တထွေသည့်အောက်၊ နောက်ကသံလွှင်၊ လက်တင်ပြင်မှာ၊ ဆင်သည်မျိုးမှန်၊ ထားလိုက်ရန်တို့၊ နေဟန်သင့်လှ၊ စဉ်ကာချ၏၊ သည်ကခြား၍၊ တံခါးရှေဝယ်၊ အိမ်ရှေရန်၊ တွင်းဝန်ဝင်းမှူး၊ရာထူးသန့်ရန်၊ နောက်ဝန်မကျန်၊ ဆင်မှူးရန်ကို၊

www.burmeseclassic.com

www.burmeseclassic.com



စီဖန်သင့်လှ၊ နေရာချ၍၊ ဤမျှစဉ်ပြီး၊ ခင်းကျင်းပြီးသော်၊ ဘုန်းမီးရှိန်ငွေ့၊ အိမ်ရှေ့နှင်းရော၊ လက်ဖွဲ့စာဟု၊ ချီသာပုံ့ကြွ၊ နှစ်ဆူညီမြှိုက်၊ ပုရပိုက်ယွန်းပေါင်၊ နီရောင်ရွှင်းရွှင်း၊ ချင်ရွေးဆင်းကို၊ အတွင်းသံဆင့်၊ လျော်သင့်မည်ရ၊ ဒိဗ္ဗသိင်္ဂါ၊ ကိုင်ကာယယု၊ ရွှေစနုက၊ သက်ခဲ့မှလျှင်၊ များလှအုတ်ကျက်၊ ဘွားဘက်ကျော်တန်း၊ သာတုကျွန်းနှင့်၊ ထူးအန်းသာယဉ်၊ ဝေါယှဉ်စီရင်၊ အုဋ္ဌပလ္လင်ကြား၊ ကိုလာပြားမူ၊ ရွှေသားရောင်တောက်၊ မြီးတိုက်မြောက်သို့၊ ခေါက်လျှောင်အလျင်၊ ဆီထည့်ဝင်၍၊ လက်တင်ရောင်လင်း၊ နှစ်ထပ်တွင်းဝယ်၊ သာညင်းရွှင်ပျော်၊ ထုတ်ပြီးသော်လည်း၊ ကော်ရော်ညွတ်နူး၊ ရှိခိုးဦးသည်။ ။**စူးစူးမင်းဖျားရှိရာတည်း။** ။

၂၇၅။ **သိမ္မတဘော်**၊ ဘုန်းတော်အလွန်၊ ကြီးဖွန်မြတ်လှ၊ ဘဝသခင်၊ အရှင်ထွတ်ဖျား၊ ဘုရားမင်းကျော်၊ မိန့်တော်ရှိသည်၊ ဘုန်းစည်ညွန့်ပျို၊ မောင့်ကိုအိမ်ရှေ့၊ ကြီးလေ့အရာ၊ နှင်းမည့်စာကို၊ မဟာသီဟကျော်ထင်၊ ဦးတင်လက်မြှောက်၊ ဘတ်လျှောက်ပြီးလျှင်၊ ကြည်လင်စုံမက်၊ မောင့်ကိုဆက်ဟု၊ ဟမြွက်မိန့်တော်၊ ပြန်ပြီးသော်တည့်၊ ရွှင်ပျော်သာယာ၊ တစောင်စာကို၊ မဟာသီဟကျော်ထင်၊ ခေါ်တွင်မည်မှတ်၊ ဝန်ကြီးမတ်အား၊ အပ်ပေပြား၍၊ မခြားထို့နောက်၊ တထောက်စဉ်စီ၊ အချီနည်းတူ၊ ဟူပြီးတုံသော်၊ မိန့်တော်ရှိသည်၊ ဘုန်းစည်ညွန့်ပျို၊ မောင့်ကိုလက်ဖွဲ့၊ တိုင်းရှဲ့များစွာ၊ ရေတွက်စာကို၊ မည်သာနာမ၊ ဒိဗ္ဗနရာ၊ သံသာကျူးမြှောက်၊ ဘတ်လျှောက်ပြီးလျှင်၊ ရည်တင်ခန့်ရန်၊ မောင့်ဝန်ကိုအပ်၊ တည်းကြပ်မိန့်တော်၊ ပြန်ပြီးသော်တည့်၊ တွင်ခေါ်မည်ရ၊ ဒိဗ္ဗနရာ၊ ကြေညာထင်ပေါ်၊ ဝန်ထောက်ကျော်အား၊ ခေါ်ပြားပြီးသော်၊ ထိုရော်အခါ၊ မဟာသီဟကျော်ထင်၊ ကျွန်းခွင် လွှဲပတ်၊ ဝန်ကြီးမတ်အား၊ ချီမြတ်ပြဇာ၊ မိန့်တော်စာကို၊ အသာစုံပြိုင်၊ မြှောက်ချီကိုင်၍၊ ထွတ်တိုင်နန်းရန်၊ ဘုန်းဖွန်နတ်ရှည့်၊ နေမည့် ရှေ့မှောက်၊ လျှံတောက်ရွှေစင်၊ ကွန်းစင်ရောင်ဝင်း၊ တိုင်လက်တွင်းတွင်၊ သာညင်းယုယ၊ နေနှင့်ခ၍၊ ဒိဗ္ဗနရာ၊ မည်သာထင်ပေါ်၊ ဝန်ထောက်ကျော်လည်း၊ ချီးခေါ်သာယာ၊ လက်ဖွဲ့စာကို၊ အသာကိုင်ပြီး၊ မတ်ကြီးတစေ၊ တော်နေတို့သာ၊ စီကာပြီးစည်။ နေသည်အနောက်၊ လှမ်းမိ



လောက်တွင်၊ ညွတ်ခေါက်ရှိသော၊ ခနှင့်နေသည်။ ။**မြင်ချေရှုသောင့်ရှုသာတည်း။** ။

၂၇၆။ **ရတနာခုစု**၊ ယဉ်နုမည်ခေါ်၊ လှကျော်ရောင်ဆင်း၊ ထွန်းဝင်းတေဇာ၊ နန်းပွင့်လျှာကား၊ မင်္ဂလာကောင်းမြီး၊ ခါတော်နီးသော်၊ ညီးညီးပြောင်ပတ်၊ မင်းဝတ်ရှန်းရှင်၊ တန်ဆာဆင်လျက်၊ ရွှေစင်ရောင်ထွန်း၊ ရွှေနန်းပုံလှ၊ ရှေ့စနက၊ သာလှဆန်းယဉ်၊ ဝေါယှဉ်စီရင်၊ အုဋ္ဌပလ္လင်ထက်၊ တက်ခဲ့လာ၍၊ ပြိုင်ရာမထိုက်၊ မြီးတိုက်တော်မြောက်၊ အလယ်ပေါက်ဖြင့်၊ သာလျှောက်တူရူ၊ ဝင်တော်မူ၍၊ လျှံလူရောင်လွှင့်၊ ထက်မြင့်ညာဆန်၊ သလွန်တော်ရင်း၊ ပြတင်းကြီးမြောက်၊ အနောက်ဘက်တွင်၊ ကွန်းစင်ရောင်လင်း၊ တိုင်မြောက်ရင်းတွင်၊ ခင်းသည်ကောင်းစွာ၊ မြတ်နေရာထက်၊ ရောင်ဝါနတ်တူ၊ နေတော်မူ၍၊ ညွန့်လှမင်္ဂလာ၊ အခါလျော်သင့်၊ နေလင့်အစ်မ၊ ရွှယ်မျှပျိုလှူး၊ မတ်နှစ်ဦးလည်း၊ စုံပူးမကွာ၊ နောက်တော်ပါလျက်၊ သိင်္ဂါရောင်ထင်၊ လက်တင်သလင်း၊ နှစ်ထပ်တွင်းဝယ်၊ သာညင်းယုယ၊ တုပ်ပြီးမှလျှင်၊ ထ၍အလျင်၊ လက်တင်ပွတ်တပ်၊ နှစ်ထပ်အကြား၊ အနောက်နားတွင်၊ နှစ်ပါးမကွေ၊ ယှဉ်ကာနေ၍၊ ကိုးထွေချယ်မျက်၊ ကွမ်းခွက်သောက်ရေ၊ စံရွှေပြီးပြက်၊ လက်ဘက်အိုးကိုင်၊ ကြောင်းဆိုင်လျော်လှ၊ ရညမန္တ၊ မည်ရမတ်ကျော်၊ နောက်တော်မကွာ၊ အတူပါလျက်၊ သိင်္ဂါရောင်မြူး၊ မြီးတိုက်ဦးမှာ၊ သို့ရောက်ခါဝယ်၊ သာသည်ယဉ်လှ၊ နောက်ပေါက်ဝတွင်၊ ရညမန္တ၊ မည်ရမတ်ကျော်၊ နောက်တော်မကွေ၊ သောက်ရေရောင်ဖြိုး၊ လက်ဘက်အိုးကိုင်၊ တူပြိုင်တမျှ၊ တုပ်နေကြ၍၊ ထွန်းပရောင်ဆိုင်၊ ကွမ်းခွက်ကိုင်ကာ၊ ထွတ်တိုင်ပွင့်လျှာ၊ ကြရာလမ်းတိုင်း၊ ညွတ်ကိုင်းလျက်ပင်၊ သွားလေဝင်၍။ ထွတ်တင်ဘုန်းဟေ့၊ နေရာရှေ့ဝယ်၊ ယဉ်မြွေကျူးကျော်၊ ကွမ်းခွက်တော်ကို၊ သင့်လျော်ဝေးနီး၊ တည်ခဲ့ပြီးလျှင်၊ ဝင်သည့်တိုင်းသာ၊ ထွက်ခဲ့လာမှ၊ ရညမန္တ၊ တကွလေးယောက်၊ အနောက်မြောက်ခွင်၊ လက်တင်နားရင်း၊ တထပ်တွင်းဝယ်၊ စဉ်ခင်းကျင်းမှ၊ နေကုန်ကြသည်။ ။**တင့်လှစုံစေ့ညီညာတည်း။**

၂၇၇၊ **မင်္ဂလာကျော်**၊ ဒါနီးသော်ဘည့်၊ ဘုန်းတော်တက်နေ၊ ထွန်းရှိန်ဝေ၍၊ လူ့မြေနတ်ပြည်၊ စိုးစံဘည်သည်၊ နိဗ်သည်ရန်ဖြတ်၊ မင်းမင်းထွတ်ကား၊ မျက်မြတ်စုံအင်၊ တန်ဆာဆင်လျက်၊ ရှေ့ခင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ၊ လောကစာမှ၊ မှောင်လွှာပယ်ဖျက်၊ နေမင်းထွက်သို့၊ လက်လက်ရောင်လှူ၊ ထွက်တော်မူ၍၊ ဇမ္ဗူရောင်ထင်၊ မာရဘင်တံခါး၊ ဝင်ရောက်ခြားသော်၊ မတ်သားလုလင်၊ ရွက်ရှင်လှစ်လင်း၊ နန်းပြူတင်းကို၊ လျပ်ပြင်းရွှတ်ရွှတ်၊ ချင်ချင်ခတ်၍၊ နှုတ်လွှတ်သံကျော်၊ ထွက်တော်မူပြီး၊ ကျူးချီးသံချီ၊ ဟစ်၍ဆိုက၊ မင်းပျိုထွတ်ချာ၊ နန်းပွင့်လျှာက၊ စသည်ထင်ရှား၊ မှူးမတ်များတို့၊ လှုပ်ရှားခြောင်းသံ၊ ဆိတ်ဆိတ်ညံ၍၊ ဘုန်းလျှံရောင်ဝင်း၊ မင်းမင်းထိပ်ပန်၊ ဇေတဝန်က၊ ဗိမာန်ဘုံကျော်၊ မြိုးတိုက်တော်သို့၊ သာပျော်ကြည်ဖြူ၊ ကူးတော်မူ၍၊ ဇမ္ဗူမျက်ပြွန်၊ သလွန်တော်ထက်၊ တက်တော်မူပြီး၊ ညီးညီးရောင်ဘိတ်၊ ကရဝိက်ကွမ်းအုပ်၊ မျက်ချုပ်စီခြည်၊ ရွှေတော်တည်လျက်၊ နှိုင်းရှည်နတ်နှယ်၊ နေစံပယ်လျက်၊ ထိုဝယ်ကာလ၊ တခဏတွင်၊ ဇေယျ နော်ရထာ၊ မည်သာကျော်ဗ္ဗန်း၊ တွင်းဝန်အမတ်၊ လွန်ရိုညွတ်လျက်၊ ကောင်းမြတ်ညွှန့်ဖြာ၊ မင်္ဂလာကျော်၊ ခါတော်ယှဉ်ညီ၊ စုံပြီဘုရား၊ ထိပ်ထားရှိကြာ၊ လျှောက်သော ခါနိုက်၊ မဟာသီဟ ကျော်ထင်၊ ညွှန့်ရှင် ဘုန်းမို၊ မောင့်ကိုအိမ်ရှေ့၊ စုံစေ့အင်္ဂါ၊ နှင်းမည့်စာကို၊ သာယာကျူးမြွက်၊ ဘတ်၍လျှောက်ဟု၊ ရွှေမှောက်ဘုန်းတူ၊ မိန့်တော်မူသည်။ ။**ပျို့ကြူမွေးမျှသြဇာတည်း။** ။

၂၇၀။ **မဟာသီဟကျော်ထင်၊** မည်ပင်တွင်ခေါ်၊ ဝန်ကြီးကျော်လည်း၊ သံတော်ထိပ်ဆီ၊ ဦးတင်ပြီဟု၊ မြွက်ချီသံကျူး၊ ဆိုဦးပြီးမှ၊ အသာထ၍၊ ဒိဗ္ဗခေါင်ချာ၊ စိုးလျှာဘုန်းဝေ၊ နေသည်အခင်း၊ အရှေ့ရင်းဝယ်၊ သာညင်းတုပ်ကွ၊ ရှိဦးချ၍၊ အိမ်ရှေ့နှင်းရာ၊ ယခင့်စာကို၊ သံဝါကျူးမြွက်၊ ဘတ်၍ လျှောက်၏၊ ထွန်းတောက် တေဇာ၊ နန်းပွင့်လျှာလည်း၊ လွန်စွာညွတ်ခ၊ ရှိဦးချ၍၊ ယုယညွတ်တုပ်၊ လက်အုပ်ချီကာ၊ ရှိသေနာ၏၊ စာလျှောက် ပြီးသော်၊ မတ်ကြီး ကျော်လည်း၊ ဘုန်းတော်ကြီးလှ၊ ဘုရား့သီရည်၊ ညွတ်ကြည်ဦးချ၊ ငိုက်ပြီးမှလျှင်၊ ငုံစပွင့်လျှာ၊ ဥပရာသို့၊ စာကိုစုံမက်၊ ရှိသေဆက်၏၊ ပွင့်ဆက်နန်းပိုင်၊ ဘုန်းလောက်လုံသည်၊ လက်စုံနှဖူး၊ ဦးချဦးမှ၊ ရှင်မြူးကြည်ဖြူ၊ စာကိုယူ၍၊ လျှိုလူထွန်းပေါ်၊ ကွမ်းခွက်တော်ထက်၊ သာပျော်ရှုမြား၊ တင်ကာထား၏၊ မတ်များခေါင်ထိ၊ ဝန်ရည်ရှိလည်း၊ သတိမကွာ၊ ထခဲ့လာမှ၊ နေရာတလျှဉ်၊ တော်နေစဉ်ဝယ်၊ ယှဉ်ကာမကွေ၊ ခနှင့်



လေ၏၊ သို့နေပြီးမှ၊ ဒိဗ္ဗနရာ၊ ပွင့်လျှာရွှယ်ပျို၊ မောင့်ကိုတိုင်းရှဲ့၊ လက်ဖွဲ့တော်မူ၊ ဖြိုးထူများလောက်၊ စာကိုလျှောက်ဟု၊ ရွှေမှောက်မင်းကျော်၊ မိန့်ရှိသော်တည့်၊ သံတော်ထိပ်စွန်၊ ဦးတင်ပန်ပြီး၊ ထံနီးခဏ၊ အသာထ၍၊ တည်စနန်းလျှာ၊ ဥပရာ၏၊ နေရာတော်နား၊ မြောက်ရွှေပါးမှာ၊ လေးတောင်ကွာတွင်၊ အသာထိုင်မှ၊ ဦးချပြီးမြောက်၊ ဘတ်လျှောက်မကြာ၊ ထခဲ့လာ၍၊အိမ်ရှေ့မင်းဝန်၊ရည်မွန်ရွေးသန့်၊ ခန့်တော်မူသည်၊ ရွှေပြည်စိုးချာ၊ ငါဇကရာဇ်၊ မင်းစစ်မင်းဖျား၊မင့်းစီးပွါးနှင့်၊ မမှားမလပ်၊စပ်သည်အရာ၊ နန်းလျှာဘုန်းဟော့၊ အိမ်ရှေ့ရာထား၊ မောင့်စီးပွါးနှင့်၊ မမှားတူပြိုင်၊ ဆိုင်သည့်အရေး၊ နီးဝေးတွင်းပြင်၊ အတင်တင်ကို၊ ကျိုးအင်ကြီးထု၊ လုံ့လပြု၍၊ စေ့ငုကုန်တွင်၊ ခန့်စီရင်ဟု၊ ထွတ်တင်ဒိဗ္ဗ၊ ဗျာဒိတ်ဟ၏၊ ထိုမှတယောက်၊ ဝန်တယောက်အား၊ မပြားထို့တူ၊ မိန့်တော်မူ၏၊ မိန့်ဟူပြီးငြား၊ မည်သူ့အားကို၊ လျှောက်လျှားထိုက်တန်၊ တွင်းဝန်ရွေးသန့်၊ ခန့်တော်မူသည်၊ ဘွေနှည်မကျန်၊ တွင်းဝန်တို့ဝယ်၊ စီရင်ဘွယ်တိ၊ ကြီးငယ်မှုကုံ၊ အလုံးစုံကို၊ ကုန်အောင်လုံ့လ၊ နေကျမမေ့၊ ကြိုး၍မြဲပင်၊ ခန့်စီရင်ဟု၊ ဘုရင်မိပတိ၊ ဗျာဒိတ်ရှိ၏၊ ထိုပြီ့းနောက်ဝန်၊ ခန့်မည့်ရန်ကို၊ မိန့်ဟန်တူနည်း၊ တချက်တည်းပင်၊ သာဖြည်းပျို့ကြူ၊ မည်သသူအား၊ မှတ်သားတတန်၊ ဆင်ဝန်ရွေးသန့်၊ ခန့်တော်မူသည်၊ မိန့်ရည်သာဖြည်း၊ ဤသို့နည်းဖြင့်၊ ထပ်ဆင့်တည်တည်၊ ဆင်သည်တတိုက်၊ ထားလိုက်တို့ကို၊ စဉ်တိုင်းဆို၏၊ ထိုပြီးစဉ်သင့်၊ သံဆင့်သံခံ၊ လောက်ငံဖြင်ညီး၊ စုသီးသင့်ရွေး၊ စုရေးတိုင်အောင်၊ များခြောင်ရံရာ၊ ပါပါသရွှေ၊ စုံစေ့မည်သော်၊ မိန့်တော်မြွက်ကာ၊ ခန့်သည်မှာကား၊ အရာခြားနား၊ ထိုသူများသည်၊ ရွှေသားရောင်မြူး၊ မြိုးတိုက်ဦးသို့၊ စုံပူးတကွ၊ မဝင်ရဘူး၊ ဂုဏ်ထူးကျော်ချီး၊ ဝန်ကြီးတို့သာ၊ သြဇာပျို့မွန်း၊ မိန့်တော်ညွှန်းသည်။ ။**ပြဋ္ဌာန်းစဉ်သင့်စီကာတည်း။** ။

၂၇၁။ **ထို့နောက်ခဏ၊** ကြာပြီးမှတည့်၊ စကြဝ္ဂသနင်း၊ ရှေးမင်းတို့ဝယ်၊ ဂုဏ်ကြွယ်စည်ဖြိုး၊ သားကြီးမြတ်စွာ၊ ရတနာသို့၊ ငါလည်းယှဉ်မိုး၊သားကြီးရတနာ၊ နန်းပွင့်လျှာနှင့်၊ ချို့ရာမထင်၊ပြည့်စုံလင်လျက်၊ သာရွှင်စိတ်ကြည်၊ တင့်တယ်သည်ကို၊ ရှုရည်မရျို့၊ ဝန်တို့ဝမ်းသာ၊ ရှုကုန်ပါဟု၊ ယဉ်နှုံချီမြဲ၊ ရွှေနှုတ်ဟသော်၊ စကြဝ္ဂသနင်း၊ ရှေးမင်းတို

www.burmeseclassic.com

www.burmeseclassic.com



ဝယ်၊ ဂုဏ်ကြွယ်စည်ဖြိုး၊ သားကြီးမြတ်စွာ၊ ရတနာနှင့်၊ အရာထူးလည်း၊ ပြည့်စုံသည်ကို၊ ဘုန်းစည်ဘုရား၊ ပြည့်စုံငြား၍၊ ပျိုထွားနုထွတ်၊ သားတော်မြတ်အား၊ အထွတ်နန်းရည်၊ တည်ထားသည်ကို၊ သာကြည်တကွ၊ မြင်ပေရ၍၊ ဘုရား့ကျွန်တော်၊ တိုတဘော်လျှင်၊ ရွှင်ပျော်လွန်စွာ၊ ဝမ်းမြောက်ပါဟု၊ မဟာသီဟကျော်ထင်၊ ဦးတင်ရှိမြောက်၊ စုံချက်လျှောက်၏၊ ထို့နောက်ခဏ၊ ပတ်မျကြာလျှင်၊ ထွတ်တင်မင်းကျော်၊ ဝင်တော်မူက၊ ရည်မန္တ၊ တွင်မည်ရသည်၊ ထ၍မကြာ၊ သိင်္ဂါမျက်ကျော်၊ ကွမ်းခွက်တော်ကို၊ နီငေါ်ယဉ်မြေ၊ အိမ်ရှေ့အရာ၊ နှင်းမည့်စာကို၊ ဦးသာချလျက်၊ ယနုထွက်၏၊ ကွမ်းခွက်တော်ကိုင်၊ ကြောင်းဆိုင်ခန့်ထား၊ မတ်ကြီးသားလည်း၊ ခရှသား စံပေါ်၊ ကွမ်းခွက်တော်ကို၊ သာပျော်ကြည်ဖြူ၊ ဝင်၍ယူ၏၊ ဖြိုင်တူထပ်ဆင့်၊ နေသင့်အမတ်၊ မျက်မြတ်လျှံဖြိုး၊ လက်ဘက်အိုးရွှေ သောက်ရေတော်ကိုင်၊ ရာဆိုင်လျှောက်လျား၊ မှူးမတ်သားတို့၊ မမှား နေရာ၊ သင့်ရာဆီဆ၊ တုပ်နှင့်ကြမ်၊ တည်စနန်းလျှာ၊ တေဇာညွန့်လူ၊ ထတော်မူ၍၊ ကြည်ဖြူရွှင်ဝမ်း၊ လာသည့်လမ်းဖြင့်၊ ရိပ်ချမ်းဘုံကျော်၊ ရွှေနန်းတော်သို့၊ သာပျော်စံပ၊ ဝင်လေကြွ၏၊ သို့မှမကြာ၊ သေနာပတိ၊ အစရှိငြား၊ မှူးမတ်များနှင့်၊ မင်းသားမင်းမြေး၊ ရောထွေးမရှက်၊ စဉ့်တိုင်းထွက်သည်။ **။ငြိမ်သက်ရှုအိဘွယ်သာတည်း။ ။**

၂၀၀၊ **ဝင်တော်မူပြီး**၊ ဖြင်ညီးဖြိုးစည်၊ ဆင်သည်တတိုက်၊ ထား လိုက်မှစ၊ များလှသီးသီး၊ အိုးစကြီးကိုင်၊ ကြောင်းဆိုင်များထု၊ လက်ဖွဲ့စုကို၊ စွေ့ငုမကျန်၊ ဝန်နှင့်ဝင်းမှူး၊ ရာထူးသင့်ရန်၊ အတွင်း ဝန်နှင့်၊ နောက်ဝန်တို့အား၊ မှတ်သားထက်ကြပ်၊ ဆိုင်ရာအပ်၍၊ လျှပ်လျှပ်ရှေ့လော့်၊ နောက်ရုံးတော်မှာ၊ ချိန်လျော်ခါသင့်၊ မြီးစေ နှင့်ဟု၊ ဘုန်းပွင့်**လျှံ**ဝေ၊ မိန့်ရှိပေ၏၊ ကွမ်းရေတော်ကိုင်၊ ရာဆိုင် သင့်လျှောက်၊ ခြောက်ယောက်တို့မှာ၊ သေနာပတိ၊ ကျော်သိသတင်း၊ ဝန်မင်းများက၊ ဟပြီးဆော်လျှော်၊ မခေါ်မကြား၊ မခန့်ထားရ၊ ခဏတိုင်းရှဲ့၊ လက်ဖွဲ့တော်စာ၊ အင်းစောက်မှာသာ၊ သေချာစွာလှ၊ မှတ်သားရ၏၊ ရည်မန္တ၊ မည်ရထင်စွာ၊ အမတ်မှာကား၊ သေချာ မယွင်း၊ စာရင်းမှာမှ၊ မမှတ်ရဘူး၊ တွေထူးဘန်ဆင်း၊ အတွင်းတွင်သာ၊ ခြင်းရာမြွက်ဖေါ်၊ ဖေါ်ဝေါ်မှတ်သား၊ မိန့်ခန့်ထား၏၊ မတ်ဖျား



မတ်ကျော်၊ ဝန်ရှင်တော်လည်း၊ ဆော်လျှော်သီးသီး၊ စာရေးကြီးက၊ စသည်တသွန်၊ ခန့်ထားရန်ကို၊ မကျန်ဖြင်ညီး၊ ခန့်ထားပြီးမှ၊ များလှ လှုပုံ၊ အလုံးစုံကို၊ လောက်လုံစွေ့ငါ၊ ကြွင်းရမလပ်၊ ဆိုင်ရာအပ်၍၊ ဆင့်ထပ်တွေငေါ်၊ နောက်ရုံးတော်မှာ၊ ညီညာတသွန်၊ မြီးနှင့်ပြန်၏၊ သာလွန်ချမ်းမြေ့၊ ယင်းသည့်ခန့်ပင်၊ စုံစွေ့တုတ်ခွန်၊ မကျန်လိုရာ၊ မြိုတရာကို၊ နန်းလျာရည်ခင်း၊ အိမ်ရှေ့မင်းမှာ၊ မကင်းစေ့ရေ၊ သုံးခံစေဟု၊ ပရမေထွတ်ထား၊ ပေးသနားသည်။ **။စိတ်အားသုံးတို ဆောင်ရာတည်း။ ။**

၂၀၁။ **အိမ်ရှေ့ဘုရား**၊ ထွတ်ထားပွင့်ဆက်၊ အိမ်တော်တက်မည့်၊ စဉ်ဆက်ကုံးမြောင်၊ လက်ဆောင်စာရေး၊ တိုတဝေးတို့၊ မထွေးသိသာ၊ ပေးမှတ်စာကား၊ သေချာဆက်ချက်၊ အိမ်တက်ဒါကျော်၊ လက်ဆောင် တော်ဆက်၊ အုတ်ကျက်ချောက်ချောက်၊ များစွာရောက်သော်၊ လက် ဆောင်တော်ကို၊ သင့်လျော်မယွင်း၊ ရုံးမြောက်ရင်းတွင်၊ ခင်းကျင်း စဉ်ကာ၊ ကောင်းစွာရှိသေ၊ ကိုင်လျက်နေစေ၊ ကျယ်ထွေရိပ်သာ၊ ရုံးတော်မှာနှိုက်၊ သချာအများ၊ မင်းသားမြင်းမှူး၊ ရာထူးလျှောက်ပတ်၊ မှူးမတ်တို့အား၊ ခေါ်ငြားအလျှင်၊ ဝင်ကြလှည့်ရာ၊ ထပ်ကာဝင်ထွေ၊ မလိုက်စေနှင့်၊ ဘုန်းနေတက်သစ်၊ ဥပရာဇ်ညွန့်လူ၊ ထွက်တော်မူ၍၊ ဇမ္ဗူရောင်ဆိုင်၊ ဖဆိုင်တော်ထက်၊ တက်တော်မူမည်၊ ရိပ်ခြည်သိမှ၊ ဒွါရလင်းပွင့်၊ နှစ်ထပ်ဘွင့်ဟု၊ အသင့်ရှေးဦး၊ တံခါးမှူးကို၊ ဟမြွက်ဆို၏၊ အလိုဘွင့်ကာ၊ စာကိုသင့်အောင်၊ လက်ဆောင်စာရေး၊ မနှေးအလျှင်၊ ရှေတည့်ဝင်လော့၊ သို့လျှင်စဉ့်မြောင်၊ လက်ဆောင် ဝင်မြောက်၊ ရောက်တုံပါကြ၊ သို့မှသံခံ၊ ကျိုးနွံလက်မြောက်၊ စာကို လျှောက်၍၊ သင့်လျှောက်ချိန်လျော်၊ လက်ဆောင်တော်ကောက်၊ ပြီးမြောက်သောခါ၊ များစွာရေတွက်၊ လက်ဆောင်ဆက်တို့၊ ရှေထွက် ကြစေ၊ ပြစ်ပြေလှအောင်၊ လက်ဆောင်ရေးတို့၊ ညွှတ်ရှို့တုပ်ကွ၊ ရှိဦးချသည်။ **။နောက်ကလိုက်ထွက်ရမည်တည်း။ ။**

(လက်ဆောင်ယူက စာရေးတို့ကိုပေးသည့်မှတ်စာ။)

၂၀၂။ **မြေ့ကြီးမှူးနှင့်**၊ မထူးမှူးဆောင်၊ စမြောင်မှူးကို၊ မှာဆို မှတ်စာ၊ ပေးသည်မှာကား၊ မင်းသားမြင်းမှူး၊ ရာထူးကြီးငယ်၊ ငါးသွယ်နေရာ၊ နေတို့မှာကို၊ စီရာအသင့်၊ မြင်းနှင့်ဝတ်ကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နားချောင်းလက်ကြပ်၊ အင်္ကျီလှပ်နှင့်၊ လျှပ်လျှပ်ရောင်ထွန်း၊ ရွှေနန်းရွှေရုံး၊ သာလွန်ဆုံးသို့၊ ဆော်ရုံးရောက်စေ၊ နေရာလွတ်ရာ၊အရာသီးခြား၊ စော်ဘွားမြို့စား၊ တိုင်မြေးသားနှင့်၊ တခြားထို့နောက်၊ နှီးခေါက်နေသည်၊ အမည်ရပြီး၊ မြင်းစီးမြင်းခေါင်း၊ တကြောင်းရာသင့်၊ သံတော်ဆင့်နှင့်၊ ကောင်းမြင့်မြဲးမြံ၊ သံခံတို့အား၊ မြင်းကိုထား၍၊ ဝတ်စားရေးနည်း၊ ဆော်ရုံးစည်းလောက်၊ ဖြင်ပည်းထိန်ရှိုက်၊ နောက်တော်လိုက်ကို၊ ပတ်ပိုတ်စဉ်ကျင်း၊ ခင်းရမည်မှာ၊ သိင်္ဂါပြောင်ပတ်၊ ပြာသာဒ်တော်မြောက်၊ ခန့်ထောက်ဆယ်တာ၊ မျှလောက်ကွာတွင်၊ရွှေကာရွှေဒိုင်း၊ စဉ်တိုင်းမလွဲ၊ သည်ရွှေမြီးမှတ်၊ သေနတ်လုလင်၊သည်ရွှေတွင်မူ၊ ဆင်ယဉ်ယဉ်မြွေ၊ အိမ်ရှေ့တွင်မြီး၊ ဆင်ကဲးစဉ်စီ၊ မင်းဆောင်နီနှင့်၊ စုံညီသင့်လျော်၊ အဆောင်တော်ကို၊ ရှုမြော်သာလှ၊ စဉ်တိုင်းချလော့၊ သည်ပတုံသော်၊ ဝေါတော်ကျိုင်းတော်၊ သင့်လျော်စဉ်စိုက်၊ ထားလိုက်တွင်းဝန်၊ မျိုးမှန်ရှည်ကျူး၊ ဝန်ဝင်းမှူးနှင့်၊ အထူးထိန်းတော်၊ ချီတော်ဆင်သည်၊ တတည်သံဆင့်၊ အသင့်သံခံ၊ နာခံတို့အား၊ ရှည်လျားစီစဉ်၊ စီလျဉ်သွယ်၍၊ ရှေ့ဝင်းတံခါး၊ဆိုက်ရောက်ငြားအောင်၊ မမှားထားပေ၊ ခင်းကျင်းစေလော့။ ။**မြဲနေသတီမကွာတည်း။** ။

၂၀၃။ **တံခါးတော်ပြင်**၊ လမ်းလယ်တွင်ကား၊ စော်ဘွားမြို့စား၊ တိုမြေးသားက၊ တခြားရှေ့ထောက်၊ နှီးခေါက်နေငြား၊ ရွာစားများလောက်၊ နှီးခေါက်မနေ၊ မြင်းခေါင်းတွေနှင့်၊ တထွေသည့်ရှေ့၊ အိမ်ရှေ့မြင်းခေါင်း၊ တပေါင်းတဝေး၊ သေချွေးမလွတ်၊ သေနတ်သွေ့ာက်ကြီး၊ ဖြင်ညီးပုံလှိုင်း၊ တပ်ဒိုင်းဒိုင်းမှူး၊ သူရဲမှူးနှင့်၊ ရာထူးစုံစေ့၊အိမ်ရှေ့မှူးကြီး၊ ပုံဖြိုးများဖြင်၊ လုလင်သွေ့ာက်ကြီး၊ တသီးယဉ်နှ၊ သွေ့ာက်စုလှူပျို၊ ကုလားပျို ဝင်းစချီ၊ ပည်းသီမလွတ်၊ သေနတ်ဝတ်ဖြူ၊ ဖြိုးထူရှည်လျား၊ သည်သည်များမှာ၊ ချပ်ကာစဉ်ထား၊ ရှေ့ဖျားရည်သန့်၊ ကောင်းညွှန့်လူလူ၊ ဝတ်ဖြူဝတ်သား၊ ညာဘယ်ထားလော့၊ တခြားနောက်တော်၊ ခင်းစုသော်ကား၊ မှတ်သားသိသာ၊ ဆယ်တာခွါ၍၊ ရတနာမြင်းတော်၊ သည့်နောက်သော်မူ၊ ရွှေလှော်ချယ်သန်း၊ပေါင်းဝန်းဆင်မ၊ သည်မှနောက်သော်၊ စီးတော်ပလာ၊ သည့်နောက်မှာကား၊ မကွာစဉ်ဆိုက်၊ ဆင်လိုက်ရွှေလှံ၊ ရွှေလျှံဝင်းဝါ၊ ဒိုင်းကာသူရဲ၊ စုံအဲးနေစေ၊ ဘုန်းဝေညွှန့်ဖြာ၊ ထွက်နီးခါဝယ်၊ များစွာအုပ်တွေ၊ ရုံးမှာနေ



သည်၊ ပြစ်မြေမှုထား၊ မင်းသားမြင်းမှူး၊ ရာထူးသင့်တွေ၊ ငါးသွယ်နေကို၊ တူရွှေရုံးက၊ သက်ကြွစေပြီး၊ မနီးဝေးမြော်၊ ဝင်းတော်တောင်က၊ စ၍စဉ်တွေ၊ ကွယ်လျက်နေစေ၊ ဘုန်းဝေညွှန့်လူ၊ ထွက်တော်မူလျှင်၊ ဖြိုးထူများမြတ်၊ နေရာလွတ်က၊ စသည်ရွှေဖျား၊ ဝတ်ဖြူသားကို၊ တန်းသွားလာမ်းဘောင်၊ ပြည့်အောင်လိုက်စေ၊ ခွဲးဝေစီမံ၊ နာခံသုံးဦး၊ရာထူးမရ၊နေရာချများ၊ ပြေ့တော်သားတို့၊ ကြည့်သွားဘယ်ညာ၊ မူရာထူးလည်၊ မသင့်သည်ကို၊ ဆိုမည်ရမည်၊ နှုတ်ခြည်ပေါ်လျှပ်၊ ဆိုင်းရပ်ဟူတွေ၊ မဆိုစေနှင့်၊ သံခြေမင်္ဂလာ၊ တိုးသာတိုးစေ၊ မှတ်နေစွဲးသုံး၊ ကြိမ်လုံးလက်မှာ၊ မပါစေနှင့်၊ ဘုန်းပွင့်ညွှန့်လူ၊ ထွက်တော်မူ၍၊ ထိန့်ဆူဝမ်းမြောက်၊ ဝင်ပြီးရောက်သော်၊ များလောက်သောင်းသဲး၊ တွင်းမြီးထို့နောက်၊ ကျော်ချောက်ထင်ပေါ်၊ မြင်းတော်မကွေ၊ လိုက်စေရမည်၊ ယင်းသည်မြင်းနောက်၊ ဆက်ထောက်မည်မှတ်၊ သေနတ်လုလင်၊ ဆင်ပေါင်ဝန်းပါ၊ ပလာစီးတော်၊ သည့်နောက်သော်မူ၊ ထိန့်ဆူသောင်းသောင်း၊ အပေါင်းပည်းလှိုင်း၊ ရွှေဒိုင်းရွှေကာ၊ များစွာရွှေလှံ၊ မြဲးမြံမငြွေ၊ အိမ်ရှေ့မင်းမှာ၊ မကွာမကွဲး၊ ဒိုင်းသူရဲကို။ ။ **သဲ့သဲ့လိုက်စေဖြိုးစည်တည်း။** ။

၂၀၄။ **သည်နောက်အတာ**၊ နှစ်ဆယ်ကွာတွင်၊ အရာထင်ရှား၊ မင်းသားမြင်းမှူး၊ ရာထူးတထွေ၊ ငါးသွယ်နေတို့၊ ခြွေရွှေများစွာ၊မြင်းစီးကာလျှင်၊ ရောင်ဝါဖြူဆွတ်၊ နားချောင်းဝတ်လျက်၊ စဉ်ဆက်လိုက်စေ၊ တင့်နေခြုံရုံ၊ ဝတ်လုံထူးတွေ၊မဝတ်စေနှင့်၊ထွေထွေပည်းဖြင်၊လုလင်စဉ်ဆက်၊ငြိမ်သက်သာယာ၊ ကောင်းစွာလိုက်စေ၊အုပ်တွေအများ၊ စဉ်တိုင်းသွား၍၊ ထင်ရှားဘုန်းကျော်၊ အိမ်တော်တံခါး၊သို့ရောက်ငြားလျှင်၊ ဝင်းတွင်ဝင်၍၊ရောင်ထင်လျှံမြူး၊ လျှောင်းတော်ဦးတောင်၊ ပျဉ်တောင်နီစင်၊ မာရဘင်သာလှ၊ ထောင့်ချီးကသည်၊ ဒက္ခိဏနာဂ၊ သာလှဆီဆောင်၊ များမြောင်စုဝေး၊ပုံရေးသည့်တိုင်း၊ထုံးပိုင်းမသွေ၊ နေစေမရွှေ၊ အိမ်ရှေ့သံဆင့်၊ ကျော်သင့်စီမံ၊ သံခံမှာသော်၊ ဝင်းတော်တံခါး၊ ဝင်းနောက်ပါးမှာ၊ အကွာတမျှ၊ ပုံပြသည်မှတ်၊ နှိုင်းမှတ်လှအောင်၊သည့်တောင်မချွတ်၊ သေနတ်လုလင်၊ စီရင်စိုးသီး၊ သွေးသောက်ကြီးတို့၊ ယှဉ်မိုးနေရာ၊ သည့်တောင်မှာမူ၊ ရွှေကာရွှေဒိုင်း၊ ပည်းလှိုင်း များလွန်၊ ရွှေဝန်တန်းက၊ စသည်လက်ယာ၊ မာရဘင်တောင်ရောက်၊ တလျှောက်

www.burmeseclassic.com

www.burmeseclassic.com



တာရှည့်၊ ယင်းသည်၏ တောင်၊ ပေါက်ပြောင်ဆင်မ၊ မြင်းနတ်သကို၊
ပုံပြတိုင်းထား၊ မင်းသားမြင်းမှူး၊ ရာထူးမြတ်တွေ၊ နေရာနေတို့၊
ဘုံရွှေသာကျော်၊ ဝင်းတော်တောင်ပါး၊ တန့်နားစဉ်လျက်၊ မြင်းက
သက်၍၊ ရုံးဘက်ဖျူဖျူး၊ စမြောင်မှူးနှင့်၊ စုံပူးတကွ၊ နေကြစေဦး၊
မြေ့ကြီးမှူးနှင့်၊ ရာထူးမြောက်ပြီး၊ စာရေးကြီးမှူ၊ ကာဆီးကျယ်ဝင်း၊
ဝင်းတော်တွင်းဝယ်၊နေခင်းထိုင်ရည်၊ကြည့်ဆိုမြည်လော့၊ ဘုန်းစည်နန်း
ဆက်၊ အိမ်တော်တက်၍၊ ငြိမ်သက်သောခါ၊ လျောင်းဦးမှာ၌၊ နေရာ
သင်ဖြူး၊ မြေ့ကြီးမှူးခင်း၊ မယွင်းမမှား၊ မင်းသားမြင်းမှူး၊ ရာထူးမြတ်
တွေ၊နေရာနေတို့၊ဆက်စေဆော်သော်၊ရုံးမှာခေါ်လော့၊ပရိတ်တော်ရွတ်၊
မျိုးမြတ်ပုဏ္ဏား၊ ရှစ်ပါးရုံးမှာ၊ လာစေသည်နှင့်၊ ဖြီးစည်များမြတ်၊
နေရာလွတ်တရွေ၊ နှီးခေါက်နေက၊ တတွေထပ်ဆင့်၊ သံတော်ဆင့်ကို၊
ခေါ်ပင့်ဝင်စေ၊ ခွဲးခြမ်းလေသည်။ ။**တက်နေထိုင်ရာထားတည်တည်း။**

၂၀၅။ **မင်းသားရာထူး**၊မြင်းမှူးတို့မှာ၊အင်္ကျီပြောင်ပြောင်၊အဆောင်
ကွမ်းရေ၊မတင်စေနှင့်၊ တွက်ရေရှစ်ပါး၊ ပုဏ္ဏားမကျန်၊ ညွန့်သန်လန်း
လန်း၊ ပရိတ်ပန်းနှင့်၊ တဆန်းထူးလည်၊ ပရိတ်ချည်က၊ ဝါသည်ရွှေ
ရွက်၊ ကွမ်းလက်ဘက်လည်း၊ နှစ်သက်ရွှင်ပျော်၊ တည်တော်မူသည်၊
ယင်းသည်လက်ဘက်၊ ကွမ်းရွှေရွက်ကို၊ လိုက်ဘက်နေပြား၊ မင်းသား
မြင်းမှူး၊ သင်ဖြူးနေရာ၊ နေတို့မှာမူ၊ လူတယောက်စီ၊ အညီဝင်လေ၊
တက်ယူစေလော့၊ တတွေသည်ပ၊ နှီးခေါက်ရမှာ၊ သာလှဆန်းထူး၊
လျောင်းဦးဘုံရွှေ၊ မတက်စေနှင့်၊ လှေကားကသာ၊ ဆီးဆယူစေ၊ခွဲးဝေ
သီးသီး၊ ကွမ်းထည့်ပြီးသော်၊မြေ့ကြီးမည်ထူး၊ စမြောင်မှူးတို့၊ လျောင်း
ဦးကြမ်းပြင်၊ မြောက်ဆင်ကပ်က၊ ဆင့်လျောက်ရမည်၊ မိန့်ဟာသံခြေ၊
ထွက်စေသို့လျှင်၊ ဆောလျင်ရှတ်ရက်၊ ထွက်မဆိုနှင့်၊အခွင့်လုံခြုံ၊ ပြည့်
စုံပြီးသာ၊ ဆိုကာပွက်ဟ၊မျက်နှာပြ၍၊ သက်ကြွတက်မြောက်၊မြောက်
သို့ရောက်မှာ၊ အောက်ကဝတ်ဖြူ၊ လိုက်သူထွက်စေ၊ အုပ်တွေသောင်း
သဲး၊ သည်ပွဲးပြီးလတ်၊ လေနတ်လုလင်၊ များဖြင်ပုံဖြိုး၊ သွေးသောက်
ကြီးနှင့်၊ ဖြင်ညီးပည်းလှိုင်း၊ရွှေဒိုင်းရွှေကာ၊ဗန်ဝါခြားခြား၊ မှူးငယ်သား
တို့၊ ထွက်သွားစေတုံ၊ လုံခြုံနောက်တော်၊ လိုက်ဆော်ရာမှာ၊ အရာ
ကြီးထူး၊ ဝင်းမှူးလေးသွယ်၊ လေးဆယ်ငါးဆယ်၊ ကြီးငယ်ရာရောက်၊
ရွှေနောက်တွင်ခြီး၊ စားတော်ကဲနှင့်၊ အထဲးသင်းမှူး၊ ဆင်မှူးဆင်ဝန်၊



မျိုးမှန်သင့်မြတ်၊ ပတ်လည်ခေထာင်မှူး၊ လေးဦးမကင်း၊ ဆင်မြင်းစချီ၊
ဤသည်များမှာ၊ မဆော်တာသည်။ ။**မှတ်ရာမသွေမဖည်တည်း။** ။

(မြေ့ကြီးမှူးစမြောင်မှူးတို့ကိုပေးသည့်စာ။)

၂၀၆။ **မှန်ကန်မျိုးမည်**၊ဆင်သည်ထားလိုက်၊အထိုက်အသင့်၊သံဆင့်
သံခံ၊လောက်ငံဖြင့်ပဲး၊ ထွင်းမြီးကစ၊ ကျန်ရမဲ့ရှောင်း၊ သန့်ဝတ်ကောင်း
နှင့်၊နားမခြာင်းဝတ်လျက်၊ နံနက်စောလှ၊ သိဂ်ဘုံကျော်၊ ရွှေရုံးတော်
သို့၊ ရောက်ဆော်ပြီးလျှင်၊ များဖြင်ယောက်ငံ၊ သံခံသံဆင့်၊ ကြောင်း
သင့်ဆင်သည်၊ မျိုးမည်သင့်လျော်၊ ထိန်းတော်ချီတော်၊- မတ်ကျော်တ
သွန်၊ဝန်နှင့်ဝင်းမှူး၊ ရည်ကျူးတွင်းဝန်၊ ခန့်ရန်လျော်ထိုက်၊ ထားလိုက်
တို့အား၊ စဉ်လျားနှစ်ဆွယ်၊ သာကျယ်သန့်ရှင်း၊ ရွှေဝင်းတော်ဝ၊
တံခါးမတွင်၊ ချ၍နေစေ၊ အုပ်တွေသောင်းသဲး၊ တွင်းမြီးတို့ကို၊ ရောင်
ပျိုလျံတွန်း၊ ရွှေနန်းဘုံရွှေ၊ မြောက်လှေခါးမြောက်၊ ကုန်းမောက်
မိုးမြင့်၊ ဘုရင့်တွင်းမြီး၊ သဲးသဲးဗျားလောက်၊ နေသည်နောက်တွင်၊
သင့်လျောက်နေစေ၊ ထိုနေသည်ရွှေ၊ ယဉ်မြေတရွေ၊ ကွမ်းရေ
တော်ခြောက်၊ သင့်လျောက်စဉ်စီ၊ မင်းဆောင်နီနှင့်၊ အညီမယွင်း၊
စီးတော်မြင်းကို၊ ရွှေဝင်းတံခါး၊ မြင်တော်ပါးမှာ၊ ဆယ်တာခွါ၍၊
ကသာယဉ်ကျော်၊ စီးတော်ပလာ၊ ရံကာရွှေလှံ၊ ကုံထံများစွာ၊
ဒိုင်းကာသူရဲး၊ လှံစွဲးဖြင်မျှ၊ စဉ်တိုင်းချလော့၊ သည်ပတကြောင်း၊
မြင်းခေါင်းမှူးကြီး၊ ဖြင်ညီးအုံလောက်၊ သွေးသောက်လူပျို၊ ကုလား
ပျိုနှင့်၊ ခေါ်ဆိုပည်းသီ၊ စာချီလည်းရွှေး၊ စာရေးမလွတ်၊ ဝတ်
ဖြူဝတ်နှင့်၊ သေနတ်လုလင်၊ ထိုပုံပြင်အား၊ ရွှေတံခါးက၊ ဆ၍ဆီး
ခေါ်၊ ဘုန်းတော်ကြီးလှ၊ ဘုရားကျွန်တော်၊ မျိုးတော်များချာ၊ ရှိသည်
မှာတွင်၊ တိမ်းပါမယွင်း၊ စုချင်းလည်းကောင်း၊ တူရာပေါင်း၍၊
မနှောင်းစေရ၊ ရှေးရှေးချလော့၊ ဒီပစိုးလျာ၊ ထွတ်လှာဝင်းပြင်၊ သို့
ရောက်လျှင်မူ၊ ပြစ်စင်မြင်းတော်၊ ယှဉ်မြတ်ကျော်ကို၊ တွင်းတော်မြီး
နောက်၊ ဖြီးမျောက်များမြတ်၊ သေနတ်လုလင်၊ တို့ရွှေတွင်လည်း၊ ဝင်
၍စုံပူး၊ မြင်းမှူးတကွ၊ လိုက်စေပြလော့၊ သည်ပတုံသော်၊ ဆင်တော်
နှစ်စီး၊ ပါးနှီးစဉ်စိုက်၊ ဆင်လိုက်ဝန်းရံ။ ရွှေလှံများမှာ၊ ရွှေကာ
ရောင်တောက်၊ ရွှေဒိုင်းနောက်တွင်၊ သာလျောက်စဉ်စီ၊ ဆင်စာချီ
နှင့်။ ။**တူပြိုလိုက်စေတကွတည်း။** ။



www.burmeseclassic.com

www.burmeseclassic.com



၂၀၇။ **ကြွချီလျှံလင်း၊** ဝင်းတော်တွင်းသို့၊ ဝင်ကျင်းမိလျှင်၊ သာရှင်ငြိမ်သက်၊ ဝေါတင်ထက်တွင်၊ ပြိုးပြက်ရောင်ထင်၊ ဝေါတော်တင်လျက်၊ အောင်မြင်လင်းပွင့်၊ ဒါတော်သင့်သော်၊ ရည်နှင့်တန်လျောက်၊ ဝန်နှစ်ယောက်တို့၊ ရှိမြှောက်စုံကာ၊ လက်ယာလက်ဝဲ၊ ခွဲ၍နေချ၊ သည်ပတထူး၊ ဝေါမှူးဝေါသား၊ လက်သုံးထားနှင့်၊ တခြားဆင်သည်၊ တတည်ထားလိုက်၊ တတိုက်ကွမ်းရေ၊ တတွေဆောင်နီ၊ ပည်းသီသောင်းသဲ၊ တွင်းခြံးတို့မှာ၊ သိသာစေလှ၊ ပြသည့်အတိုင်း၊ ထုံးပိုင်းမသွေ၊ နေစေအသင့်၊ သံဆင့်ရည်ငံ၊ သံခံမှာသော်၊ ဝင်းတော်တံခါး၊ တွင်းပေါက်ပါးမှာ၊ တတာခန့်ပိုင်း၊ ပြတိုင်းနေစေ၊ ယွင်းသွေမဘောက်၊ သည့်နောက်တော်မှာ၊ ရတနာမြင်းတော်၊ သည့်တောင်သော်မူ၊ ကျူးကျော်များမြတ်၊ သေနတ်လုလင်၊ ပုံယင်ဖြိုးလောက်၊ သွေးသောက်ကြီးများ၊ သည့်တောင်နားမှာ၊ ခန့်ပိုင်းများလှ၊ တန်းရှေ့ကပင်၊ မာရဘင်အကာ၊ ထောင့်ချိုးမှာသို့၊ ဆိုက်လှာရောက်စေ၊ နေရလိခ့်မည်၊ ယင်းသည်မှာတောင်၊ ပေါက်ပြောင်ကသာ၊ လှံရှေ့ပါသည်၊ အဝါပြောင်ပြောင်၊ လောင်သည်ခန့်ပိုင်း၊ ကာဒိုင်းသူရဲ၊ လှံစွဲဖြင်မျှ၊ ပြသတိုင်းခင်း၊ ကောင်းခြင်းမင်္ဂလာ၊ ဒါနီးစွာ၍၊ သာယာကျယ်ဆုံး၊ အိမ်တော်လုံးကို၊ ပတ်ကုံးလက်ယာ၊ လှည့်သောခါမှ၊ ဦးစွာရှေ့တည်၊ ဆင်သည်ထားလိုက်၊ အထိုက်အတန်၊ ဝန်ဝင်းမှူးနှင့်၊ ကျော်သင့်ယာဉ်ဆုံး၊ လက်သုံးတော်ထား၊ တခြားနေသင့်၊ ဝေါနှင့်ဝေါမှူး၊ ထူးထူးတွေတွေ၊ ကွမ်းရေဆောင်နီ၊ ပည်းသီသောင်းသဲ၊ တွင်းခြံးတတွေ၊ မျှားအင်တွေသည်။ ။**လိုက်စေမယွင်းမခွတည်း။** ။

၂၀၈။ **လှည့်ရစ်ပျံ့ပျူး၊** စံပယ်ကြူး၍၊ လျောင်းဦးသာမြွေ၊ လှေကားရှေ့သို့၊ ဘုန်းလွှေ့ညွှန့်လှူ၊ ရောက်တော်မူလျှင်၊ ဇမ္ဗူရောင်ကြော၊ စီးတော်ဝေါကို၊ အဆောတလျှင်၊ လက်ကွေးတင်လျက်၊ လေးဖင်ရှိသေ၊ ယှဉ်စေကောင်းစွာ၊ ပွင့်လျှာနန်းဆက်၊ အိမ်တော်ထက်သို့၊ တက်တော်မူပြီး၊ ရောင်ညီးရှေ့လျှော်၊ ဝေါကျိုင်းတော်ကို၊ သင့်လျော်စုံအင်၊ ဝေါတင်တွင်ထား၊ မင်းသားမြင်းမှူး၊ ရာထူးယုတ်မြတ်၊ မှူးမတ်ကစ၊ များလှရေသော်၊ နောက်တော်လိုက်တို့၊ နှစ်လိုရှင်လျက်၊ ပြန်ကြထွက်၍။ ငြိမ်သက်စေမှ၊ သိင်္ဂစံတော်၊ ဝေါတော်ကျိုင်းတော်၊ မြင်းကျော်ရကနာ၊ မင်္ဂလာမှတ်သား၊ ဆင်တော်များကို၊ နံလျားကျယ်



စွာ၊ မသာစကောင်း၊ တန်ဆောင်းရိပ်ဝှဲး၊ တင်းကုပ်ထဲးသို့၊ ကွဲးကွဲးခြားခြား၊ သွင်းထားချည်စေ၊ မြဲးနေသိရေး၊ မှတ်စာပေး၏၊ ဘုန်းမွှေးလှိုင်းကျော်၊ အိမ်တော်နန်းခွင်၊ မတက်ခင်က၊ မာရဘင်ဆန်းထူး၊ လျောင်းဦးသင်းဝှဲး၊ လက်ဝဲလက်ယာ၊ တန်းများမှာရှိုက်၊ များစွာလောက်ငံ၊ ကိုယ်ရံတော်အား၊ နေထားမြဲးတည်၊ ချမည်ကိုလည်း၊ သိပ်သည်းဂုဏ်ထူး၊ ဝန်ဝင်းမှူးအား၊ မှတ်သားစေစပ်၊ စာရင်းအပ်သည်။ ။ **မလပ်မကျန်တစတည်း။** ။

(အိမ်ရှေ့ဝန်တို့ကို ပေးသည့်မှတ်စာ။)

၂၀၉။ **ယင်းသို့မှတ်စာ၊** ပေးမှာသွန့်သင်၊ စီရင်ခန့်ထား၊ မည့်ကြောင်းများကို၊ ထိပ်ထားတင်မြှောက်၊ ဝန်တို့လျှောက်သော်၊ ဝမ်းမြောက်ကြည်ဖြူ၊ သင့်ပြီဟူ၍၊ ဘုန်းလူမိပတိ၊ ဈာဒိတ်ရှိ၏၊ ထိုပြီးတုံသော်၊ အိမ်တော်ဆေးကြော၊ ချော်မောစင်စေ၊ စောင့်နေခန့်ထား၊ ကြွသွားလမ်းပြင်၊ စီရင်ခန့်ရန်၊ ဆိုင်ရာပြန်လော့၊ ပွင့်ရန့်နန်းဆက်၊ အိမ်တက်ဒါတော်၊ ထွန်းပေါ်ကောင်းမြွေ၊ မည်သည်နေ့ပင်၊ အိမ်ရှေ့မင်းဝေါ၊ ရောင်ကြောရှေ့လျှော်၊ ကျိုင်းတော်မြင်းဆင်၊ ဆင်ယင်ထူးပြား၊ တန်ဆာများကို၊ ဝေါသားဝေါမှူး၊ ဆင်မြင်းမှူးတို့၊ ထူးထူးဆိုင်ရာ၊ တိုက်မှာယူငင်၊ တန်ဆာဆင်၍၊ စုံလင်စွဲဆို၊ ရောင်ဖျိုပန်းရောင်၊ မင်းဆောင်တော်နီ၊ ကတ္တီပါရင့်၊ အိတ်နှင့်သွတ်ပြီး၊ သွေးသောက်ကြီးနှင့်၊ ထံနီးကိုင်သူ၊ အတူစုံပင်၊ မာရဘင်တံခါး၊ မြှောက်ကန္နားသို့၊ ဝပ်ငြားနေစေ၊ မိန့်တွေမကျန်၊ တွင်းဝန်တခြား၊ မြှောက်ကန္နားမှာ၊ မှတ်စာယူစေ၊ ပြစ်ပြေဖျိုလူး၊ အမှူးနှစ်ယောက်၊ စောင့်ရှောက်မြဲးမြဲ၊ လွှတ်နာခံသည်၊ ရွေးသံထိုက်တန်၊ အိမ်ရှေ့ဝန်ကို၊ ပြန်ဆိုရမည်၊ မည်သည်နေ့ရက်၊ အိမ်တော်တက်မည်၊ ဆက်လက်ဆောင်တော်၊ ရေသော်အများ၊ မင်းသားကစ၊ ပည်းမျိုနီးဝေး၊ စာရေးမကျန်၊ အမှန်ဖေါ်ခြွက်၊ နောက်တရက်မှာ၊ နန်းဆက်ဘုန်းဖော့၊ အိမ်ရှေ့မင်းကျွန်၊ မကျန်အားလုံး၊ ပေါင်းရုံးဆက်စေ၊ ခွဲးဝေစုံစွဲ၊ အိမ်ရှေ့နာခံ၊ သံခံအသင့်၊ သံဆင့်တို့သည်၊ မကျင်လည်လေ၊ ဖြစ်သောတွေကြောင့်၊ အနေကျပြီး၊ ပြောကြီးရည်ကျူး၊ စမြှောင်မှူးနှင့်၊ ဆင့်ထူးနေကျ၊ ထိုကသံဆင့်၊ ကျူးရင့်အသံ၊ သံခံတို့အား၊ လျှောက်ထားဆင့်ကဲး၊ လျှောက်မြဲးဟောင်းစာ၊ စဉ်လာရှိတိုင်း၊ ထုံးပိုင်းမသွေ၊ လျှောက်စေပြေအောင်၊

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တော်ကောက်၊ သင့်လျှောက်ဝင်ထွက်၊ ပြင်လက်ဆောင်ရေး၊ မဝေးထံရင်း၊ တွင်းလက်ဆောင်ယူ၊ မည်ဟူစာရေး၊ စုဝေးမပြား၊ ဝန်ငယ်သားတို့၊ မမှားမသွေ၊ ကောက်စေပြီး၍၊ နောက်တနေ့မှာ၊ ညွှာတာဆုံးဆ၊ ထိုကသံခံ၊ ခြွေရံတဝက်၊ လူဟောင်းဆက်၍၊ အိမ်ရှေ့သံခံ၊ ကျိုးနွံလျှောက်စေ၊ မှတ်နေအသင့်၊ သံဆင့်မှာမူ၊ နှစ်ယူမပေ့၊ အိမ်ရှေ့ကသာ၊ မှန်စွာဆင့်လျှောက်၊ လက်ဆောင်ကောက်မူ၊ တို့ကလူနှင့်၊ အတူပေါင်း၍၊ အိမ်ရှေ့မင်းလူ၊ လက်ဆောင်ယူမှူး၊ မကျူးရာအင်၊ တွင်းပြင်စာရေး၊ တဝေးမပြား၊ ဝန်ငယ်သားကို၊ မမှားမသွေ၊ ကောက်ယူခစေလော့၊ ရဝေဘုံကျော်၊ အိမ်တော်တက်စာ၊ မင်္ဂလာကို၊ ဗိဿုကာမည်ရ၊ စိတ္တရကဝေ၊ ကိုင်စေမြဲမြဲ၊ သံတော်ခံ မည်ခေါ်၊ နန္ဒကျော်လျှောက်စေ၊ ပရမေဦးစွန်း၊ မိန့်ရှေ့ခွန်းသည်။ ။

**မည်မှန်းစေ့စေ့ရေရေတည်း။** ။

၂၉၀။ **အိမ်တော်တက်စာ**၊ လျှောက်မည့်ခါကား၊ မင်္ဂလာကောင်းကျော်၊ မြတ်ဒါတော်နှိုက်၊ ရှင်ပျော်မွေ့လျော်၊ အိမ်တော်ညွှန့်လူ၊ တက်တော်မူသည်၊ ဆာပူပျောက်ငြိမ်း၊ ခပ်သိမ်းဘေးဒဏ်၊ ရန်မာန်ကင်းလျက်၊ အသက်မြင့်ရှည်၊ ရာကျော်တည်လျက်၊ ဖြိုးစည်အလှိုင်း၊ ကြီတိုင်းပြည့်စုံ၊ ကုံမည်အမှန်၊ ဗုန်သည်တေဇော်၊ ခမည်းတော်ရင်း၊ မင်းမင်းဒိဋ္ဌ၊ ဘုရားစီးပွါး၊ တရားဆယ်ဖြာ၊ ညီစွာမချွတ်၊ လောကနတ်တို့၊ လျှံပတ်ထွန်းဝင်း၊ စံစားခြင်းကို၊ မယွင်းမခွ၊ စံရမည်ကြောင်း၊ ရောင်မောင်းဝင်းဝါ၊ သာသနာတော်၊ ထွန်းပေါ်နီးဝေး၊ တိုးတက်ရေးကို၊ ပျံ့မွှေးဘုန်းလှိုင်၊ ဆောင်နိုင်တော့မည်၊ ရှေ့သို့ရှည်လည်း၊ ဘုန်းစည်စကြာ၊ သာသနာကို၊ ရှည်စွာတရား၊ ညီမမှားဘဲ၊ အမြဲမသွေ၊ ဆောင်နိုင်တွေ့ဖြင့်၊ တက်နေပမာ၊ ဘုန်းပညာနှင့်၊ အာဏာလှိုက်ပွက်၊ နှစ်သက်ကြီတိုင်း၊ ပြည့်စုံလှိုင်း၍၊ အတိုင်းတိုင်းစည်၊ အပြည်ပြည်သူ၊ ရှင်လူတကာ၊ သတ္တဝါတို့၊ ကိုးရာမြဲတည်၊ ဖြစ်မည်ဘုရား၊ သည်ကားမင်္ဂလာ၊ အိမ်တက်စာသည်၊ သိသာလှအောင်၊ လက်ဆောင်ဆက်စာ၊ လျှောက်ချက် မှာကား၊ အာဏာစက်မီး၊ ဘုန်းကြီးသည့်ဘုရား၊ ထွတ်ထားထိပ်ပေါ်၊ အိမ်တော်သာစည်၊ တက်စမည်က၊ ရှိရည်ညွတ်ခ၊ ဘုရားကျွန်တော်၊ ရေသော်အများ၊ မင်းသားမင်းမြေး၊ နီးဝေးထင်ပေါ်၊ မှူးတော်မတ်မည်၊ ဆင်သည်တသီး၊ မြင်း



ကြီးမြင်းခေါင်း၊ အပေါင်းတွေထူး၊ ဆင်မှူး ဒိုင်းမှူး၊ လေးမှူးကျေးစား၊ ရွာစားမလွတ်၊ သေနတ်စုသီး၊ သွေးသောက်ကြီးနှင့်၊ ပုံဖြိုးသောင်းသဲ၊ သူရဲတပ်မှူး၊ ကောင်းဟန်မှူးက၊ ကြည်နူးရှိဦး၊ အမြောက်မှူးလည်း၊ လူးလူးများလှ၊ ဘုရားကျွန်တော်၊ တို့တဘော်လျှင်၊ ပူဇော်နှစ်သက်၊ ဆက်သည် လက်ဆောင်၊ များမြောင် အနန်းအင်း၊ မြင်းရှေ့ပလား၊ ချိန်များလှစွာ၊ သာခါဖျင်ထူ၊ သာလူဘုရား၊ မှတ်သား သိအောင်၊ စာစောင်မှာသော်၊ နီးဝေါ်တမျှ၊ ဘုရားကျွန်တော်၊ ထင်ပေါ်စော်တွား၊ မြှီစားမြေးသား၊ များသည့်အထူ၊ လူပျိုစုနှင့်၊ ရေမှုမတွေး၊ သေချေးသူကြွယ်၊ သွယ်သွယ်စဉ်ရိုး၊ တိုက်စိုးမဝေး၊ စာရေးစာချီ၊ မည်းသီများလှ၊ ဘုရားကျွန်တော်၊ တို့တဘော်က၊ ထိပ်ပေါ်တင်ရွက်၊ ဆက်သည့်လက်ဆောင်၊ များမြောင်ဖြိုးထူ၊ သာလူနှင့်ဖျင်၊ မြင်စဉ်မညှိုး၊ ပုဆိုးဘုရား၊ ရေးသားညွှန့်ရှည်၊ ဤသည်နှစ်စောင်၊ ကုံးမြောင်ချီသာ၊ ထန်းရွက်စာလည်း၊ မှတ်ရာစုံတွေ့၊ အိမ်ရှေ့တရိုး၊ ကျွန်တော်မျိုးကို၊ ညွတ်ကျိုးစုံမက်၊ ဆက်လက်ဆောင်စာ၊ တစောင်မှာသော်၊ ဘုန်းတော်ကြီးလှ၊ ဘုရားသားတော်၊ အိမ်တော်ညွှန့်ရှည်၊ တက်စံသည်ကို၊ ဖြိုးစည်များလှ၊ ဘုရားကျွန်တော်၊ ထိပ်ပေါ်ရှိပန်၊ ဝင်းဝန်မှူးသည်၊ ဆင်တော်သည်နှင့်၊ တတည်သင်းကွဲ၊ လက်ဝဲတော်သား၊ လက်ယာသားက၊ တခြားဝေါ်မှူး၊ တထူးတဘော်၊ စားတော်ကွမ်းရေ၊ ကိုင်နေတသီး၊ မြင်းကြီးမြင်းခေါင်း၊ တကြောင်းသင်းမှူး၊ ဒိုင်းမှူးမလွတ်၊ သေနတ်စုသီး၊ သွေးသောက်ကြီးနှင့်၊ ပုံဖြိုးသောင်းသဲ၊ သူရဲတပ်မှူး၊ ဥယျာဉ်မှူးတိုက်စိုး၊ မည်မျိုးသင့်ရွေး၊ စာရေးစာချီ၊ မည်းသီများလှ၊ ဘုရားကျွန်တော်၊ တို့တဘော်လျှင်၊ ထိပ်ပေါ်တင်ရွက်၊ ဆက်လက်ဆောင်တော်၊ ရေသော်များစွာ၊ သာခါသာလှ၊ ပုဆိုးကြူနှင့်၊ ဖျင်ထူဘုရား၊ ဤသို့အားဖြင့်၊ သုံးပါးစုံကာ၊ ထန်းရွက်စာသည်။ ။**သိသာသေသေ ခွေခွေတည်း။** ။

၂၉၁။ **အိမ်ရှေ့မင်းမှာ**၊ လက်ဖွဲ့ရာဟု၊ မှတ်စာသာပျော်၊ မိန့်တော်ဝေက။ ရှေ့သားဓမ္မ၊ ရှုကနန်းတွင်း၊ သို့သွင်းဆက်၍၊ အိမ်ရှေ့မင်းကျွန်၊ တွင်းဝန်မတ်မှာ၊ အပ်သည့်စာကား၊ ပရိတ်နာဆက်၊ လျှောင်းဦးတက်၍၊ ငြိမ်သက်ပျံ့ပျူး၊ ဝန်ဝင်းမှူးအား၊ ခေါ်ပြားရောက်ခါ၊ ပဇာပဇာ၊ ရေးရာတိုရှည်၊ စီရင်သည်ဟု၊ နှုတ်ကြည်သာလေး၊ မေးလျှင်ဝန်က၊ လျှောက်ချက်ရနှင့်၊ အသင့်ဖြေကာ၊ ဆိုရာမည်ကို၊ မိန့်မြွက်

www.burmeseclassic.com

ဆိုသော်၊ နဂိုရ်ဘုံဆန်း၊ ရွှေနန်းတော်မှာ၊ ပျော်သင့်ရာလည်း၊ ကြောင်းခြာပြသ၊ ပျော်ရမည်သာ၊ ဝင်းမှူးမှာသော်၊ ဝင်းတော်နိုက်ဝယ်၊ သွယ်သွယ်ထူးဆန်း၊ မှူးခေါင်ဖွန်းနှင့်၊ များလွန်းဖြိုင်ညီး၊ သွေးသောက်ကြီးကို၊ ယှဉ်မှီးမြီးချက်၊ ဝင်ထွက်ကြစို့၊ ဖြည်းညှံ့မိန့်ဟ၊ မေးရမည့်နောက်၊ ဝင်းမှူးပျော်ပြီး၊ ထိန်းထိပါး၊ နာသူ့အားကို၊ သမားအပ်၍၊ စောင့်ကြပ်ကုစေ၊ ပျောက်ပြေဆာပူ၊ ကျန်းသသူကို၊ မေးမြူအိပ်ဖန်၊ တည်ဦးပြန်လော့၊ မပေါ့စေ့ငုံ၊ မီးမှူထင်းရာ၊ လုံမြဲစွာအောင်၊ စိုက်ချွန်ထောင်လော၊ ဖြင်ပေါ်တည်အိုး၊ ပြည့်ဖြိုးအကြား၊ လှေကားဆင့်ဆင့်၊ အသင့်ရှိစေ၊ သံခြေသံအိန္ဒ၊ ဆိုမိန့်ရမည်၊ လေးတည်မျက်နှာ၊ ဝင်းတော်မှာကား၊ များစွာရေသော်၊ ကိုယ်ရံတော်တို့၊ ရှင်ပျော်စုံမှတ်၊ ဝါကျွတ်ပွဲဆင်၊ မရောက်လျှင်မူ၊ အလျင်ရောက်ဦး၊ ရှင်မြူးသဘင်၊ ရွှေစင်ဝင်းစေ၊ သံမြေမိန့်နောက်၊ ဝင်ရောက်ပြလှာ၊ ငြိမ်သက်စွာလျှင်၊ ရွှေဆင်လုပ်သည်၊ ဘယ်သူမည်ဟု၊ နှုတ်ကြည်သာလေး၊ မေးပြီးတထပ်၊ ဆင်ရပ်မည်မျှ၊ တိုင်းရသည်ဟူ၊ မေးမြူတတည်၊ ရွှေ့မည်မဆိုင်း၊ ထုံးပိုင်းမှတ်ထင်၊ ဝင်သည့်နည်းမေး၊ ကျူးဧးသာညင်း၊ သီချင်းသီစေ၊ မိန့်ပေသိပြီး၊ မှတ်တီးကစေ၊ သံခြေမိန့်ဟ၊ သည်ပတထွေ၊ ရန်စေတော့ဟူ၊ ပုံ့ကြူထွေငေါ်၊ ဝင်းတော် လေးရပ်၊ များထပ် လောက်ငံ၊ ကိုယ်ရံတို့အား၊ ရှိန်များကြေးခွက်၊ လက်ဘက်ပေးစေ၊ သံခြေပုံ့ကြည်၊ မိန့်ရမည်သည်။ ။**မြဲးတည်မမေ့မမှားတည်း။** ။

၂၈၂။ **တပေါင်းလမြတ်**၊ သီတင်းကျွတ်လ၊ ရှုပြလေသာ၊ ထွက်သော့ခါဝယ်၊ သောက်ရာတကောင်း၊ သင်းပျံ့လှောင်းနှင့်၊ ဆုတောင်းရည်ညွှန်း၊ ရေစက်သွန်းလော့၊ ရိုက်မွှန်းစည်သံ၊ ထိန်ထိန်တွန်မျှ၊ ရည်မွှန်ကျိုးမြော်၊ အရှူတော်ကို၊ သင့်လျော်ချီစောင်၊ သင်းပျံ့အောင်ကို၊ ကြဉ်းဆောင်ရှိသေ၊ ပူဇော်စေလော့၊ ခေတ်မွေ့သကျာ၊ မည်သည်မှာသို့၊ သံသာတီးဖျော်၊ စည်တော်သံခြေ၊ မိန့်လေပြီးလှည့်၊ လပြည့်လကွယ်၊ စားဘွယ်သောက်ရေး၊ **ဆွမ်းတော်ကျွေးမည်**၊ ရှောင်ပြေးလျှံတက်၊ ပရိတ်နာဘိတ်၊ ဆောင်သို့ထွက်၍၊ နှစ်သက်ရှင်ပျော်၊ ဆရာတော်မှ၊ စ၍သယ်ာ၊ အရိယာတို့၊ သာယာကျန်းခံ့၊ လန်းပါစံ့ဟု၊ သာပုံ့သာလေး၊ မေးပြီးစဲဆိတ်၊ ပရိတ်တော်မြတ်၊ ရွတ်တော်မူလော့၊ ပျော်ဟူပြီးသော်၊ ညောင်းတော်မူအံ့၊ ဆွတ်ပျံ့သာကြည်၊



ဆိုရမည်တည့်၊ ထူးလည်းသာတောင်း၊ တပေါင်းဝါကျွတ်၊ ကြိမ်လတ်ရောက်၍၊ လက်ဇော့ကချေ၊ ထွေထွေများများ၊ သဘင်များမှာ၊ ရှည်လျှာဆက်ဆက်၊ အထက်ကသွင်၊ သဘင်စုံဝေး၊ ဆုပေးမှားလည်း၊ ရှေးကနည်းပင်၊ ပုံပြင်တူအောင်၊ လက်ဆောင်ယူမှူး၊ ရာထူးမဝေး၊ စာရေးတို့က၊ ပေးစေရမည်၊ မိန့်ဟဉ်သို့၊ ဝန်တို့ကောက်ငင်၊ ဖြတ်စီရင်သည်၊ ခဲအင်စကား၊ တရားများမှာ၊ နှစ်ပါးမှုသည်၊ စိတ်မကြည်၍၊ ရှေ့ရည်မင်းမှာ၊ စာဆက်လှာလျှင်၊ မေတ္တာမြဲးမြဲ၊ သံခံတို့ကောက်၊ ပျောက်စေဆိုလျှင်၊ သံခံဝင်၍၊ စီရင်တည်စေ၊ စီရင်ထွေကို၊ မနာလို၍၊ ငြင်းဆိုတဖန်၊ စာသွင်းပြန်လျှင်၊ တွင်းဝန်တကွ၊ ရည်မန္တကြီးမတို့နှင့်၊ လီစယ်ချင့်၍၊ ခဲအင့်မှုဆန်း၊ ရွှေနန်းတော်မှာ၊ ပျော်ဆင်ရာလည်း၊ တွင်းမှာထုတ်ချောက်၊ ဝင်ရောက်ပေးဟူ၊ လက်ဆောင်ယူတိုက်၊ မှာနိုက်ရွှေငွေ၊ ထွေထွေအလုပ်၊ အချုပ်ရှိလျှင်၊ ဆောင်မြဲးတွင်းသား၊ ကြပ်ခန့်ထား၍၊ ထွေပြားလုပ်စေ၊ ချုပ်စေအမြဲး၊ မိန့်မလွဲးနှင့်၊ ဝတ်လဲးတော်မှ၊ စပ်သမျှကို၊ ချုပ်ရမည်လျှင်၊ ပျောင်းဦးတွင်သာ၊ အရာကြောင်းဆိုင်၊ ကွမ်းရေကိုင်က၊ ကြပ်မစောင့်နေ၊ ချုပ်ခပ်စေဟု။ ။**သံခြေမိန့်ရေးမှတ်သားတည်း။** ။

၂၈၃။ **ခြောက်ဆောင်ယွန်းဆက်**၊ မိန်းမတက်လှေကား၊ တံခါးလုံအောင်၊ မြောက်ဆောင်စိုးသီး၊ အကြီးတို့က၊ ညလေးချက်တီး၊ ချိန်ရောက်ပြီးလျှင်၊ ပိတ်ဆီးရွက်ဆင်၊ တံကျင်လျှိစေ၊ တွက်ရေဝင်းဝန်၊ ချိန်တန်ကိုလှစ်၊ နှုမျစ်ဆင်းရှပ်၊ ကိုယ်လုပ်သတည်၊ မြင်းသည်တို့မှာ၊ ချိန်ခါမလွဲး၊ တက်သက်မြဲးသာ၊ ချိန်ခါမဲ့လျက်၊ တက်သက်ကြထွေ၊ မပြုစေနှင့်၊ တိုင်းနေသီးခြား၊ မိန်းမများနှင့်၊ ယောက်ျားတို့ကို၊ ပြောဆိုတူနေ၊ မပေါင်းစေနှင့်၊ မနေထားစု၊ မင်းမှုမှာသာ၊ မျက်နှာမလွဲး၊ ဆင့်ကဲးသံချို၊ ပြောစေဆိုလော့၊ ပျိုအိုတအုပ်၊ ကိုယ်လုပ်တတည်၊ မြင်းသည်တို့ကို၊ ငြင်းဆိုထွေပြား၊ ခိုက်ရန်ပွားး၍၊ မကြားကောင်းစွာ၊ မနေသာကို၊ မျက်ပါသော့ထွေ၊ မဆိုစေနှင့်၊ ရဝေဘုံကျော်၊ အိမ်တော်စံခင်း၊ တောင်ဝင်းမြောက်ဝင်း၊ မကြွင်းပတ်ချုပ်၊ ကိုယ်လုပ်အိမ်ဆောင်၊ ကုန်အောင်များဝယ်၊ စင်ကြယ်စွာဘိ၊ မှုံမရှိအောင်၊ မှူဆောင်ထိုထို၊ နောက်ဝန်ကိုနှင့်၊ ခေါ်ဆိုရှုံးစု၊ ဝင်ကြည့်ရှု၍၊ စေ့ငုကောင်းစွာ၊ လှည့်ကာစေဟူ၊ မြီးထုများလောက်၊ အနောက်

www.burmeseclassic.com



အရှေ့၊ ညဥ့်နေ့မခြားငြား၊ အတွင်းသားတို့၊ တရားမရ၊ သောက်ယစ်ဝ
နှင့်၊ဝင်ရသော့ထွေ၊ မပြုစေနှင့်၊ လေလွင့်စိတ်ကြိုက်၊ကြက်တိုက်လောင်း
စား၊ ပြုငြားသော့ထွေ၊ မရှိစေနှင့်၊ စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာ
နှင့်၊ သာသည်သီချင်း၊ အဲစောင်းငြင်းနှင့်၊ မကင်းမပြတ်၊ ဘတ်ရွတ်
လေ့ကျက်၊ တီးမှုတ်လျက်သာ ကောင်းစွာနေဟူ၊ လန်းလူဖြိုးဖြိုး
ကျွန်တော်မျိုးတို့၊ သမ်းညှိုးလူပါး၊ ခင်းနုံးသားကို၊ သနားမဲ့လျက်၊
နှိပ်စက်ကြောင်းများ၊ ကြားလျှောင်စစ်၍၊ အပြစ်လျော်ချင့်၊ ကွပ်သင့်
လည်းကွပ်၊ တည်ကြပ်စေဆန်း၊ ရွှေနန်းတော်မှာ၊ လျှောက်ရာလည်း
လျှောက်၊ ထက်အောက်ဈေးနှာ၊ ဆိပ်လှေမှာနှိုက်၊ အာဏာဖိ၍၊
အိမ်ရှေ့ဝယ်တော်၊ ချီးငေါ်ပလွှား၊ ပိုင်ကားသမျှ၊ မပြုစေနှင့်၊ ကြေးငွေ
နှင့်သာ၊ဈေးနှုန်းလာတည့်၊သာယာဝယ်စေ၊ သံခြေမိန့်ဘိ၊ စွန်းငြိပဏ္ဍာ၊
မဆိုရာဝယ်၊ အရာကြီးမြတ်၊ မည်သည့်မှတ်သို့၊ ကပ်သည်အစု၊ မည်
သည့်မှုကို၊ ညှံ့နုဘင်းမဝ၊ မိန့်ရှိပါဟု၊သာယာလှည့်ဖြား၊ လျှောက်ထား
ငြားလည်း၊ နားမှုမထောင်၊ နောင်မတွံ့ကြောင်း၊ ထောင်းထောင်း
မျက်ခြည်၊ မိန့်ရမည်သည်။ ။**အရှည်နေ့ရေမှတ်ကြာ၊တည်း။ ။**

၂၉၄။ **အိမ်ရှေ့မင်းသို့** ပေးနှင်းတော်မူ၊ စုံမှတ်သူတို့၊ ကြည်ဖြူ
ညွှတ်သ၊ ပေးစုကြနှင့်၊ ဆွေစမျိုးထပ်၊ သားချင်းစပ်ဟု၊ မှီကင်ဘော်
ဝင်၊ လျှောက်ထားလျှင်လည်း၊ နာကျင်ကြောက်ရွံ့၊ နောက်မတွံ့ကြောင်း၊
ခြိမ်းမောင်းမိန့်ဟူ၊ မဆိုင်သူတို့၊ ကြီးတူဝယ်နှ၊ မည်သည့်မှုကို၊ စေ့ငု
ကုန်အောင်၊ ဆောင်မည်လျှောက်ထား၊ ဆိုလှည့်ငြားလည်း၊ ဟန့်
တားပြင်းစွာ၊ လွှင့်လိုက်ခါလော့၊ ပတ်သာကချေ၊ စံနေသဘင်၊ ပျော်
လိုလျှင်လည်း၊ စီရင်ခန့်ရန်၊ တွင်းဝန်နောက်က၊ သွင်းစေမှလျှင်၊ သာ
လှဒဝယ်၊ ဆောင်ကျယ်မြေပြင်၊ သင့်ရာတွင်နှိုက်၊ သဘင်ပျော်မူ၊ ခံစံရှု
လော့၊ ဝေစုကျဝယ်၊ ဆန်းကြယ်စည်ပတ်၊ ကတတ်သသူ၊ ရှိလျှင်းမူ
လည်း၊ ခေါ်ယူကောက်သွင်း၊ စောင်းငြင်းပျော်ရွှင်၊ တီးမှုတ်ချင်လည်း၊
များဖြင်သောင်းသဲ၊ တွင်းမြီးတို့ဝယ်၊ ရွေးချယ်မဘိတ်၊ ပရိတ်နာ
ဆက်၊ ဆောင်ထက်ဖြစ်စေ၊ ရေဝေဘုံသာ၊ သင့်ရာစုနေ၊ တီးမှုတ်စေ
လော့၊ ရေမြေသိမ်းဆည်း၊ ခမည်းတော်နတ်၊ မင်းမြတ်လက်ထက်၊
နန်းဆင့်ပွင့်လျာ၊ ငါအိမ်ရှေ့တည်၊ စံသည်ကာလ၊ ဘဝသခင်၊ နတ်ရှင်
စိတ်တော်၊ နှင့်သိပျော်စွာ၊ ရာဇဝတ်နှင့်၊ သင့်အောင်သာရည်၊ စီရင်



သည်ကြောင့်၊ အနှောင့်အရှက်၊ မတွက်ရှိသည်၊ သာကြည်ငြိမ်စွာ၊ ငါ
အိမ်ရှေ့မြန်း၊ ဘုန်းရှန်းညွန့်ရှင်၊ စံရာတွင်နှိုက်၊ စီရင်ခန့်ထား၊ ထုံးစံ
များကို၊ မှတ်သားနည်းရှေး၊ မြန်းမေးသဖြင့်၊ စီရင်သင့်လည်း၊ တွက်
ချင့်ခန့်မြန်း၊ စီရင်ညွန်းလော့၊ ရွှေနန်းတို့မှာ၊ လျှောက်သင့်ရာလည်း၊
ဝင်လာလျှောက်စေ၊ မြေးသေလျှောက်ဆို၊ ထုံးကိုသတိ၊ တပ်မသိလည်း၊
စိစိမှတ်ရာ၊ ရွှေနန်းမှာသို့၊ သေချာသိစေ၊ လျှောက်ထားချေဟု။ ။
**မိန့်ပေမရှောင်မငြားတည်း။ ။**

၂၉၅။ **သည်ပတတွေ့** မျက်နှာချေမှု၊ မွေးကြုကြိုင်ဆိုး၊ နံ့သာတိုး
ကို၊ အသုံးလောက်ရန်၊ နောက်ဝန်ကသွင်း၊ ကျယ်ဝင်းနောက်ဆက်၊
ဆောင်တော်ထက်ဝယ်၊ အုတ်ကျက်ဖြိုးစည်၊ မြင်းသည်ကသွေး၊ စုဝေး
ရုံအုပ်၊ ကိုယ်လုပ်ကမ်းလှမ်း၊ ကြိုင်မွှမ်းမွှေးကျော်၊ ပျိုတော်ကြိတ်ရေ၊
မိန့်လေမှန်စွာ၊ ဆုံးစွာကိုယ်တော်၊ ကိုယ်လုပ်တော်တို့၊ သာဖျော်ယုယ၊
ချစေအညီ၊ လိမ်းဆီကိုမူ၊ စင်ဖြူဆွတ်ဆွတ်၊ နှမ်းချွတ်လိုလျှောက်၊ အ
နောက်ဝန်က၊ သွင်းစေရပြီး၊ ထိန်းရုံအုပ်၊ ကိုယ်လုပ်တို့ဝယ်၊ စံပယ်
သတ်မှတ်၊ ဆုံးဖြတ်စေအောင်၊ ရွှက်ဆောင်စိုးကဲ၊ နောက်တိုက်မြေးက၊
ကြပ်မခံ၍၊ ဖြည်းမွှေရှိသေ၊ ဆီပွတ်စေလော့၊ ပင့်ချေစရာ၊ ဘယောင်း
မှာကား၊ကောင်းစွာမွှေးသိမ်၊ စားတော်အိမ်ဝယ်၊ ကာကွယ်ဆီးကန့်၊
သန့်ပြန့်ရှိသေ၊ စက်စေကြာနွေး၊ အမွှေးသန့်စင်၊ လက်လုပ်လျှင်လည်း၊
ဧရွှင်ပျိုလွှင့်၊ သဇင်ပွင့်ကို၊ ထပ်ဆင့်ကြိမ်ခါ၊ ဆေးတိုက်မှာက၊ ညက်
စွာထောင်းလျက်၊ ထိုမှုန့်ညက်ကို၊ ထက်ပေါ်သို့တင်၊ သို့လျှင်ပိတ်စ၊ ဖြူ
ရွှရွှနှင့်၊ ဆင်းလှနုတ်မှုပ်၊ ကိုယ်လုပ်ကဆင်၊ ကြိုင်ရွှင်မွှေးပျူ၊ စံပယ်စ
သည်၊ ဂန္ဓရည်ဖျော်၊ ပျိုတော်ကနယ်၊ တသွယ်တတည်၊ မြင်းသည်သ
မီး၊ မကြီးနုအာ၊ ဖြူဖြူတို့ကြိတ်၊ နိမိတ်စကား၊ ပြည့်နှံကြားလော့၊ ဆေး
ဝါးခါးချို၊ လိုလျှင်တိုက်မှာ၊ ရသာငြိမ့်နွေး၊ ဘော်ပြုံးဆေးကို၊ စုဝေးမ
ကွဲ၊ ဆေးတိုက်မြေးတို့၊ မွှေသဲဖြူဝင်း၊ လှေကားရင်းက၊ ရပ်တင်းနေ
လျက်၊ ဆင်း၍ဆက်စေ၊ တက်နေစေချင်၊ စိတ်ရှိလျှင်လည်း၊ ဆင်ကပ်
တွင်ရှေ့၊ တက်၍ဆက်စေ၊ သောက်တော်ရေမှာ၊ သန့်စွာကြည်လင်၊
ခပ်ပြီးလျှင်မူ၊ရေစင်ဝယ်ထား၊ လိုငြားသောခါ၊ညီညာမကွဲ၊ ဆေးတိုက်
မြေးများ၊လှေကားကတက်၊ အထက်တထပ်၊ ဆင်ကပ်တွင်ရှေ့၊ ထမ်း၍
တင်လျှင်၊ ပျိုစင်ဖြိုးစည်၊ မြင်းသည်ကယူ၊ ဖြူအုနတ်ရှုပ်၊ ကိုယ်လုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကမ်း၊လှမ်း၍ညွှတ်ကျိုး၊သောက်တော်အိုးမှာ၊ ပြည့်ဖြိုးလောင်းစေ၊ ချိုး ရေတော်လည်း၊ တို့နည်းတူဝယ်၊ ရိပ်ကျယ်အိမ်သာ၊ ချီးမည်မှာနှိုက်၊ သင့်စွာလောက်စေ၊ မိန့်သံခြေသည်။ ။ဟပေနှုတ်ထွက်စကားတည်း။ ။

၂၉၆။ **ကိုယ်လုပ်တတည်**၊ မြင်းသည်ပျိုတော်၊ နာဖျားသော်မူ၊မြွက် ပေါ်သိအောင်၊ ကြောင်းလျှားဆောင်၍၊ မြောက်ယောင်အကြီး၊ သိပြီး ဆင့်ပွား၊ ဆေးသမားမှာ၊ ဆေးဝါးတောင်းပေး၊ မသင့်သေးဘဲ၊ နာရေးရှည်တာ၊ လေးလံစွာသော်။ အိမ်ရာမိဘ၊တို့ကဘန်ဆင်း၊ ယာဉ် သံကျင်းနှင့်၊ ဖြည်းညင်းယူစေ၊ နေ့ရေနှစ်ရက်၊ သုံးရက်တခါ၊ ပိုင်း တာမျှား၊ အကြီးအားကို၊ ကြားစေသိအောင်၊ မြောက်ယောင်အကြီး၊ သိပြီးသည့်လျောက်၊ ဆင့်လျှောက်အကြောင်း၊ မထောင်းမဘာ၊ သက် သာကျန်းလျှင်၊ အလျင်ဝင်စေ၊ ပျောက်ပြေရောဂါ၊ အိမ်မှာကြာသော်၊ အချာချုပ်သိး၊ အကြီးတို့များ၊ နှစ်ပါးထူးထွေ၊ အခြေရှိမည်၊ အမှတ် တည်နှင့်၊ မျက်ခြည်ရိပ်ပြ၊ ဆိုမိန့်ဟလော့၊ ခယညွှတ်တုပ်၊ ကိုယ်လုပ် ကစ၊ မြင်းသည်မတို့၊ မိဘဝရီး၊ မိကြီးမိထွေး၊ မဝေးသမျှ၊ အစ်မမောင် ဘား၊ ဘိုးဘွားရင်းချာ၊ လွှန်ရင်းမှာကား၊ ချကာနီးမှ၊ ပိုင်းတာမနှင့်၊ တကွမပြား၊ တံခါးသားတို့၊ ဆောင်သွားကြစေ၊ စောင့်နေမြဲလှ၊ အိမ် ကမသာ၊ ချပြီးခါသော်၊ မကြာဝင်စေ၊ နေ့ရေကြာလျှင်၊ စီရင်ရပြီး၊ အကြီးတို့သည်၊ ထူးလည်နှစ်ထွေ၊ အခြေရှိမည်၊ မမှတ်တည်နှင့်၊ မျက် ခြည်ပေါ်မြင်း၊ မိန့်ဘန်ဆင်းလော့၊ အတွင်းရိပ်ငြိမ်၊ အောက်အိမ်ထဲး တွင်၊ မွေးမြင်သည့်သား၊ သမီးများနှင့်၊ တို့သားတို့မိ၊ မကျန်းရှိလျှင်၊ ပျောင်းရိရောဂါ၊ ကျန်းမာလွယ်အောင်၊ မြောက်ဆောင်စိုးသိး၊ အကြီး သမား၊ တံခါးသားတို့၊ မပြားသုံးယောက်၊ စောင့်ရှောက်အိပ်နေ၊ ကုမစေဟု၊ ဖြိုးထူရှံအုပ်၊ ကိုယ်လုပ်တတည်၊ မြင်းသည်တို့ကျွန်၊ သည်းထန်ပြင်းစွာ၊ ဖိဖိနာမူ၊ အချာချုပ်သိး၊ အကြီးကြည့်ရှု၊ စေ့ငုံ မြင်ငြား၊ တံခါးသားက၊ ကြပ်မထုတ်ခေ၊ မိန့်ပေထင်ရှား၊ နောက် တံခါးကို၊ ပိုင်းခြားခန့်လျက်၊ နေဝန်းထွက်၍၊ လေးချက်ကျော်ပြီး၊ နှစ်မောင်းတီးလျှင်၊ ထိန်းရံအုပ်၊ ကိုယ်လုပ်တတည်၊ မြင်းသည်တို့ မှာ၊ စေပါသွားလား၊ ကျေးကျွန်များကို၊ မှတ်သားနှစ်ကျိပ်၊ သုံး ကျိပ်မျှသာ၊ ဝင်လာထွက်စေ၊ ညနေချမ်းပြီး၊ သုံးချက်တီးကျော်၊ လေး မောင်းပေါ်လျှင်၊ ထွက်ဝင်စိုးစေ၊ မိန့်ပေသံညင်း၊ နောက်တွင်းမြီး



များ၊ ယောက်ျားတို့မှာ၊ ဆည်းဆာရောင်တောက်၊ သုံးမောင်းလောက် တွင်၊ ရွှေသာလျှင်လည်း၊ ထွက်ဝင်စေကြ၊ ချိန်လွဲးမှုကို၊ မည်မျှဝင် ထွက်၊ နှောက်ရှက်ထူးထွေ၊ မဖြစ်စေနှင့်၊ ထွက်ရေမှတ်သား၊ မည်သူ့ အားကို၊ ထွက်သွားဝင်စေ၊ သံခြေမွေးပျ၊ မိန့်တော်ရမှ၊ ထွက်ကြ ဝင်စေ၊ မှိုင်းဝေမိုက်မှောင်၊ သန်ခေါင်သန်လွဲ၊ လျှောက်လဲ့စရာ၊ ခင်း ရှိပါသည်၊ ဝင်မည်ဆိုလျှင်၊ အလျှင်အလျှင်၊ မဝင်စေနှင့်၊ မဘွင့်ပိတ် ထား၊ တံခါးသားတို့၊ ဆင့်ကြားလျှောက်ဦး၊ အထူးအထွေ၊ ဝင်စေမြွက် ဟ၊ မိန့်တော်ကျမှ၊ ဝင်ရမည်ဟု၊ သေခွေမှုကို။ ။စေ့ငုံမိန့်ပေထင်ရှား တည်း။ ။

၂၉၇။ **ကွမ်းသီးရှားစေး**၊ ထုံမွှေးကြိုင်ပျံ၊ ကွမ်းရှုဝါလွှန်၊ စားတော် ရန်ကို၊ နောက်ဝန်စိုးမှာ၊ ငါ့တိုက်မှာက၊ ပို့လှာနောက်တွင်း၊ တိုက် သို့သွင်းမှ၊ အတွင်းမြဲနေ၊ သူငယ်စေတို့၊ ဆင့်ပေမနှေး၊ ကွမ်းဆေး မြောက်အောင်၊ သို့တင်ဆောင်ပြီး၊ ဆင်းရောင်လှကျော်၊ စားတော် ကွမ်းစည်း၊ ရှင်တင့်ရည်းကို၊ သင်ဖြည်းညှံ့သက်၊ စဉ်ယာလက်တွင်၊ ကွမ်းခွက်တော်ပြင်၊ နတ်သွင်ဆင်းရုပ်၊ ကိုယ်လုပ်တို့အား၊ အပ်ငြားပြင် စေ၊ မိန့်ပေထွေပေါ်၊ ပူဇော်ပွဲးပြင်၊ များဖြင်ထွေပြား၊ သုံးကွမ်းများ ကို၊ ခန့်ထားလောက်တန်၊ နောက်ဝန်ကသွင်း၊ နောက်တွင်းကျော်ဟိုး၊ တိုက်စိုးတို့လက်၊ ရေတွက်ချိန်တွယ်၊ သူငယ်ကိုပေး၊ ကွမ်းဆေး ဆောင်သို့၊ ဝင်ပို့အမြဲး၊ ပူဇော်ပွဲးကို၊ စုသဲးဝန်းလည်၊ မြင်းသည် တို့ပြင်၊ ငြိးလျှင်အတွင်း၊ ပြသွင်းညွှတ်ပျောင်း၊ ဆုတောင်းလိုက်လျက်၊ ရွှေဆက်ဆောင်ဝယ်၊ သူငယ်ဆင့်ကာ၊ လေသာကချ၊ ကာလမနှေး၊ ကံကျေးကိုအပ်၊ အကြပ်ရှိသေ၊ ပူဇော်စေဟု၊ မိန့်ပေသာချော်၊ စား တော်အိမ်မှာ၊ နေကာမှန်ချက်၊ ညနံနက်လျှင်၊ အချက်အကြော်၊ အလျော်စသည်၊ ထူးလည်လုပ်ရန်၊ ကြက်သွန်ချင်းဖိး၊ ဟင်းသီးဟင်း ရွက်၊ ငါးဝက်သားမျိုး၊ ဆားပျားအိုးကို၊ ရိုးရိုးမှတ်လျက်၊ သုံးလ တွက်၍၊ မပျက်ခုယူ၊ မွှေးကြူနံ့ကျော်၊ ပူဇော်ထမင်း၊ ကြိုင်သင်းစံပ၊ တကွဘန်ဆင်း၊ လက်သုပ်ဟင်းနှင့်၊ မကင်းစေဘဲ၊ ပေါင်းသုံးပွဲးကို၊ လွန်ကဲးကောင်းအောင်၊ လုပ်ဆောင်ထူးဆန်း၊ လင်ပန်းရွှေလွှန်၊ ရွှေပု ကန်တွင်၊ ပြင်ပြီးသည်နောင်၊ ဒေါင်းပေါင်ထူးဆန်း၊ ဖက်ဝန်းစိမ်း မောင်း၊အုပ်ဆောင်းရွှေပါ၊ထုပ်ပုဝါမှ၊ ကတ္တီပါပန်းရောင်၊ကြက်တော

www.burmeseclassic.com

www.burmeseclassic.com



စည်းချည်၊ စားတော်သည်မူ၊ အင်္ဂါဖြိုနှင့်၊ ညွန့်လူဖောင်းထုစ်၊ ပေါင်း
တုပ်ထံမြီး၊ စားတော်ကဲးလည်း၊ မလွဲးလိုက်ကြပ်၊ ဆင်ကပ်ကတင်၊
များဖြပ်ဖြိုးစည်၊ ခြင်းသည်မိန်းမ၊ ယုယလှမ်းစေ၊ ချင်းရေဆန့်တက်၊
စားတော်ချက်မှာ၊ နံနက်-မည်ရွှေ၊နေ့ကား-မည်မျှ၊ ညကား-မည်သည်၊
စိတ်ဖည်မယုတ်၊ သင်ပုတ်ချက်သည်၊ မုံ့လျှက်မုံ့ကြော်၊ နောက်တိုက်
တော်က၊ နေကျပေးစေ၊ ထူးထွေသစ်သီး၊ ငှက်ပျောဖီးကြီ၊ ကုံထံလို
ကြိုက်၊ မြောက်တိုက်မှာတောင်း၊ ညွှတ်ပျောင်းကော်ရော်၊ဆွမ်းတော်ဦး
ဝတ်၊ မချွတ်စီရင်၊ ကောင်းအောင်ပြင်၍၊ ကြည်လင်ရှိကျိုး၊ နောက်
တိုက်စိုးအား၊ အပ်ငြားလှူစေ၊ သံခြေပုံကြည်၊ မိန့်ရမည်သည်။ ။
**ဆောက်တည် အမြဲးစိတ်ထားတည်း။** ။

၂၉၀။ **နေ့တိုင်းမှန်ချက်**၊ ညနံနက်လျှင်၊ မြိန်ရှက်ကောင်းစွာ၊ လှု
လင်စာဟု၊ ပရိတ်နာဆက်၊ ထုတ်ရန်ထွက်သည်၊ အထက်တော်သို့၊
တင်ပို့စေဟူ၊ လိုဂူမစိုး၊ နောက်တိုက်စိုးက၊ မှန်နေကြပင်၊ တင်ရ
မည်သော်၊ စားတော်ကွမ်းခွက်၊ လက်ဘက်ကွမ်းသီး၊ ချိန်ပြီးမည်မျှ၊
မှန်လှအဟုတ်၊ သင်ပုတ်တော်ရန်၊ ချိန်မှန်မည်ရွှေ၊ တနေ့တခြား၊
သုံးရပ်များမှာ၊ ခါကာလပျောက်၊ အင်ကိုထောက်၍၊ နောက်ဝန်
မှာတောင်း၊ ကြိုင်လှောင်းမွှန်မြတ်၊ ဆွမ်းဝတ်တော်ရန်၊ အမှန်ခန့်ရာ၊
ကွမ်းစည်းမှာမူ၊ ကောင်းစွာလှအောင်၊ သင့်အောင်တန်ရန်၊ နောက်
ဝန်မှာတောင်း၊ တကြောင်းတထွေ၊ သုံးရန်ရေမှာ၊ ခံနေကြလူ၊ ခပ်
ယူပြီးနောက်၊ အိမ်သာမြောက်ဝယ်၊ သူငယ်တပါး၊ ထားစေအသင့်၊
သူငယ်ဆင့်၍၊ ရိပ်မြင့်သာဇေါင်၊ မြောက်ဇဆောင်သို့တင်၊ စီရင်မိန့်
ဆို၊ ဝယ်ဖျိုဆင်းရုပ်၊ ကိုယ်လုပ်တို့မှာ၊ ကျောက်ပါနားဒွောင်း၊ ရောင်
မောင်းကောင်းဆုံး၊ ပန်းကုံးပုလဲ၊ သန္တာဆွဲးလျက်၊ ယှဉ်တွဲးသော
နှယ်၊ ဆန်းကြယ်ညီးညီး၊ ပုတီးထူးလည်၊ ပိုးရည်တောင်ဇာ၊ စိမ်း
ပြာရောင်ပြား၊ ချယ်သည်များကို၊ ဝတ်စားတင့်နေ၊ မဆင်စေနှင့်၊
ထွေထွေတုပ၊ ဆင်ဝတ်ရသော်၊ ကြီးမတို့သည်၊ ထူးလည်နှစ်ခွ၊ ချေ
ရမည်လျှင်၊ မပုတ်ထင်နှင့်၊ များဖြင့်ရုံအုပ်၊ ကိုယ်လုပ်တော်တိ၊
သားရှိတို့မှာ၊ စေပါကျေးကျွန်၊ များလွန်လှစွ၊ ခြောက်ယောက်မျှ
သာ၊ မဒ္ဒမည်ခေါ်၊ ကိုယ်လုပ်တော်မှာ၊ နှစ်ယောက်သာတည့်၊ များ
စွာဖြိုးစည်၊ ခြင်းသည်တို့မူ၊ စေသူပါသား၊ တယောက်ထားစေ၊ ပွါး



များသော့ထွေ၊ မသွင်းစေနှင့်၊ သံခြေပုံကြည်၊ မိန့်ရမည်သည်။ ။
**ထူးလည်ထွေထွေပြားပြားတည်း။** ။

၂၉၁။ **ရညမန္တ**၊ နာမတွင်မည်၊ မတ်ကြီးရည်ကို၊ ပေးသည့်မှတ်
စာ၊ မိန့်တော်မှာကား၊ မည်သာရည၊ မန္တတွင်ခေါ်၊ အမတ်ကျော်
ကို၊ သားတော်ရန်နင်း၊ အိမ်ရှေ့မင်းမှာ၊ အခင်းကိစ္စ၊ တော်ဝင့်တ
လိုစိုး၊ အရာမျိုးကို၊ ရိုးရိုးမြဲးမြဲး၊ ဆင့်ကဲးကြောင်းလျား၊ လျှောက်
ထားစိမ့်ဟူ၊ ခန့်တော်မူသည်၊ လူတို့ထိပ်ပေါ်၊ ခမည်းတော်ရင်း၊
မင်းမင်းထွတ်ထား၊ ဘုရားလက်ထက်၊ နန်းဆက်ရွှေလျှာ၊ ငါအိမ်
ရှေ့မှာ၊ စံပယ်ရာတွင်၊ စိတ်ဖြာခွဲးခြမ်း၊ စာတမ်းပေတမ်း၊ ထုံးစံ
လမ်းကို၊ စုံစမ်းမှတ်သား၊ ဝမ်းဝယ်ထား၍၊ ငါ့သားဘုန်းဖော့၊အိမ်
ရှေ့မင်းအား၊ သနားတော်မူ၊ စုကြလူတို့၊ မြွက်ဟူကြောင်းခြင်း၊
မည်သည့်ခင်းကို၊ ဝပ်စင်းယို့ယို့၊ မည်သို့တထွေ၊ ဖြစ်ပါစေဟု၊ ရှိ
သေပန္နာ၊ လက်ဆောင်ပါလျက်၊ ပျူပြာဖြည်းဖျော်၊ ဆိုလှာသော်
လည်း၊ မလျော်ထွေလည်၊ မသင့်သည်ကို၊ မူနည်မျက်နှာ၊ ပန္နာသို
လိုက်၊ လည်ပိုက်ထွေပြား၊ မလျှောက်ထားနှင့်၊ တခြားသူသည်၊
နန်းရည်ရာခင်း၊ အိမ်ရှေ့မင်းမှာ၊ စေးနှင်းတော်မူ၊ လူကျလူ
နှင့်၊ ဆွေတူသားချင်း၊ အရင်းအချာ၊ မျိုးစပ်ကာဟု၊ ဆိုင်ရာမှုကို၊
မထမ်းလို၍၊ လှည့်ဆိုထွေပြား၊ ကပ်မှီငြားလည်း၊ လျှောက်ထား
မှီရာ၊ မခံနာနှင့်၊ မာယာပတ်လှည့်၊ မည်သည့်မှုတော်၊ မတ်
တော်တို့ဆီ၊ သည်၍ကြောင်းခြာ၊ သည်ခြင်းရာကို၊ နန်းလျာဘုန်း
ဖော့၊ အိမ်ရှေ့မင်းက၊ မိန့်ဟန်ပြ၍၊ ညွှတ်ခစေပါ၊ ဆိုငြားလာ
လည်း၊ လိုက်နာသည်ဟူ၊ မပြုမှုနှင့်၊ အယူအငင်၊ ထင်မြင်သရွေ့
အိမ်ရှေ့ဝန်များ၊ တရားကြံစည်၊ စီရင်သည်ကို၊ မူသည်တဘက်၊ မနှစ်
သက်၍၊ သွင်းဆက်လိုမူ၊စာကိုခံစေ၊ ကျိုးနွံကောက်၍၊ လျှောက်လျှင်
ဆောလျှင်၊ သံခံပင်တည့်၊ စီရင်စစ်ဆေး၊ စီရင်ထွေးကို၊ မမေးပြန်မူ၊
တွင်းဝန်တကွ၊ ရညမန္တ၊ ကောက်ခွဲးချ၍၊တရားအလျှောက်၊ မောင့်ကို
လျှောက်လော့၊ စက်အောက်ငါ့မှာ၊ လျှောက်သင့်ရာလည်း၊ လျှောက်
လှာရမည်၊ ဘုန်းစည်တက်ဖြိုး၊ မောင့်ကျွန်မျိုးတို့၊ နွယ်ရိုးတခြား၊
ဆင်းရဲးသားကို၊ တရားမရ၊ နှိပ်စက်ကြသည်၊ ဈေးမဈေးပယ်
အသွယ်သွယ်မှာ၊ ပိုင်ဝယ်ပိုင်ကား၊ ယူကောက်စားသည်၊ ကြားချင်

www.burmeseclassic.com

www.burmeseclassic.com



ရှုံးမှာ၊ အကြာမနေ၊ စစ်ကြောစေဟု၊ မှန်တွေ့မှန်လျှောက်၊ မောင့်ကို လျှောက်၍၊ ကြောက်အောင်ဆုံးမ၊ ကွပ်ညှပ်ရမည်၊ ငါ့ကိုသံတော်၊ ထိပ်ပေါ်ထားမြင့်၊ ဦးတင်သင့်လည်း၊ လင်းပွင့်ရှိရည်၊ တင်ရမည်သည်။ ။**မွေးကြည်မဉ္ဇူအဟန်တည်း။** ။

၂၀၀။ **အိမ်တော်ကျယ်ဝင်း၊** ဝင်းတော်တွင်းတွင်၊ ငြင်းခုံတွေ့ပြား၊ သောက်စားယစ်ဝ၊ ရန်ဖြစ်ကြ၍၊ ဆုံးမဆိုခက်၊ ကြွက်ကြွက်ဆူဝေ၊ မရှိစေနှင့်၊ စိတ်နေလိုလိုက်၊ ကြက်တိုက်လောင်းမှု၊ မပြုနှင့်ဆို၊ စိတ်လိုတိုင်းသာ၊ ရာဇဝတ်နှင့်၊ မလျော်သင့်ကို၊ မကျင့်နှင့်တား၊ ဆိုစကားကို၊ မှတ်သားမထင်၊ ပြုကျင့်လျှင်မူ၊ ထွတ်တင်ဘုန်းတောက်၊ မောင့်ကို လျှောက်၍၊ ပြစ်လျှောက်လျော်ချင့်၊ ကွပ်ညှပ်သင့်လည်း၊ မမြင့်ကာလ၊ ကွပ်ညှပ်ရမည်၊ ငါ့ကိုတဆင့်၊ လျှောက်ထားသင့်လည်း၊ ကြောင်းနှင့်တကွ၊ လျှောက်ထားရမည်၊ လောကထိပ်ပေါ်၊ ဘေးတော်ဘုရား၊ ဘိုးမင်းဖျားတို့၊ ထင်ရှားဘုန်းဟော့၊ အိမ်ရှေ့အရာ၊ စံသောခါနိုက်၊ လူးလာနေကျ၊ လျှောက်ထားရမည်၊ ပွက်ဟမိန့်တူ၊ ခံသသူကို၊ စားယူကြေးငွေ၊ အထွေအပြား၊ ကျင့်သောအားဖြင့်၊ ထင်ရှားတည်းကြပ်၊ ကွပ်ညှပ်မကြည်၊ ခံရသည်ကို၊ ဆောက်တည်မှတ်သား၊ နှလုံးထား၍၊ မြတ်ဖျားထွတ်တင်၊ ငါ့ရှင်ဧကရာဇ်၊ မင်းစစ်ကျိုးတော်၊ တောဇော်ဘုန်းလွှ့၊ အိမ်ရှေ့ခန့်ရော်၊ သားတော်စီးပွါး၊ နှစ်ပါးစုံပေါင်း၊ သင့်ညီကြောင်းကို၊ ရှေးနှောင်းစေ့ငု၊ သတိပြု၍၊ မြော်ရှုတီတွ၊ လျှောက်ထားရမည်၊ တတည်မှတ်ရာ၊ တွင်းဝန်မှာနိုက်၊ များစွာသွယ်သွယ်၊ စီဘွယ်မကင်း၊ ရင်ခင်းကိုလည်း၊ ရှုံးစည်းညီညွတ်၊ တိုင်ပင်မှတ်ဖြင့်၊ နန်းထွတ်တင့်လျှာ၊ မောင့်မှာလျှောက်ကြား၊ ခန့်ထားစီရင်၊ ရွှေနန်းခွင်သို့၊ ဝင်၍မကြာ၊ လျှောက်သင့်ရာလည်း၊ လျှောက်လွှာရမည်၊ မှတ်တည်စမ်းထဲ၊ မြီးစွဲမည်မှာ၊ လေသာဆောင်တွင်၊ တူပင်အမှန်၊ တွင်းဝန်တို့နှင့်၊ နှုန်းသင့်တမျှ၊ မြီးစွဲရမည်၊ တက်စဘုန်းဟော့၊ အိမ်ရှေ့သခင်၊ ခေါ်လျှင်မကြာ၊ ပရိတ်နာဆက်၊ ရိပ်ရှက်သာလူး၊ ဆောင်သို့ကူး၍၊ ကြည်နူးကြောက်ရွံ့၊ မိန့်တော်ခံလေ့၊ ဝင်းလျှံရောင်ထွန်း၊ ရွှေနန်းတော်မှာ၊ တွေ့ရာလျှောက်ခင်း၊ ရှိလျှင်းသော်၊ ပြောင်ဝင်းရွှေလျှော်၊ မြီးတိုက်တော်ဝယ်၊ မှူးကျော်မတ်လွှန်၊ တွင်းဝန်တို့အား၊ အကြောင်းကြား၍၊ လျှောက်ထားဆက်စေ၊ တွေ့တွေ့မြွက်ဖော်၊ သို့မိန့်တော်ကို၊ ထိပ်ပေါ်အမြဲ၊ မရွက်ဘဲနှင့်၊ ချွတ်လွဲယွင်းသွေ၊



ကြေးငွေပန္နာ၊ သို့လိုက်ပါ၍၊ တွေ့ရာဆိုမည်၊ မူနည်းမကောင်း၊ ပြုကျင့်ကြောင်းကို၊ ရှုံးပေါင်းနားတော်၊ ကြားလျှောက်သော်မူ၊ တွေ့ပေါ်နှစ်ခွ၊ ချေပရမည်၊ မမှတ်သည်နှင့်၊ ကြီးသည်ထင်ပေါ်၊ အကျွက်တော်ကို၊ သွေချော်မခွ၊ ခံရလိမ့်မည်၊ တဖန်လည်းသည်။ ။**မြဲတည်နေ့ကျအမှန်တည်း။** ။

(ရညမန္တကိုပေးသည့်မှတ်စာ။)

၂၀၁။ **ဤသို့မှတ်စာ၊** သေချာစာရင်း၊ မယွင်းတွေ့ငေါ်၊ မိန့်တော်သီးသီး၊ ပြန်ဆိုပြီး၍၊ အိမ်ရှေ့အိမ်တော်၊ ထင်ပေါ်လိုက်ပွက်၊ မတက်မီခင်၊ အချင်တာနေ့၊ ချမ်းမြွေ့သာလှ၊ နေငြိမ်းညတွင်၊ ငြိမ့်မျှပတ်ဝိုက်၊ နောက်တော်လိုက်တို့၊ အထိုက်သင့်တွေ၊ ထိုင်နေခင်းကျင်း။ တုပ်ပျပ်ခင်းကို၊ သတင်းဗွန်ချောက်၊ ဝန်ထောက်တသီး၊ ပြော့ကြီးရည်ကျူး၊ စမြောင်မှူးနှင့်၊ မည်ထူးကျော်ချီး၊ စာရေးကြီးတို့၊ တသီးသွင်းရန်၊ အိမ်ရှေ့ဝန်နှင့်၊ ထပ်ဆင့်မထူး၊ ဝင်းမှူးရည်မိုး၊ စာရေးကြီးမြင်းမှူး၊ စုံပူးတညီ၊ ဝင်းစာချီက၊ စသည်တတည်၊ သာကြည်အသံ၊ သံခံမည်ခေါ်၊ နန္ဒကျော်တကွ၊ စိတ္တရကဝေ၊ မည်တွေ့သာယာ၊ ဗိသုကာတို့၊ မည်သာဆန်းထူး၊ လျောင်းဦးလျှော့အား၊ ကတောင်ပါးဝယ်၊ နေပြေားစိန့်ငှါ၊ သိသာမချွတ်၊ ပန္နက်မှတ်၍၊ စုံစေ့မကြွင်း၊ ပြပေလျှင်း၍၊ ယင်းသို့ကသည်၊ နေခြည်ပျောက်၍၊ မိုးသောက်နေ့ဝယ်၊ ချမ်းမြွေ့သာလှ၊ နေထွက်စ၍၊ ဂုဏချည်ငံ၊ သံခံမည်ခေါ်၊ နန္ဒကျော်နှင့်၊ ထင်ပေါ်ပညာ၊ ဗိသုကာတို့၊ ဖြူစွာနားဒေါင်း၊ ဝတ်ကောင်းဝတ်၍၊ အိမ်ရှေ့အိမ်တော်၊ ဘုံကျော်သာဖျား၊ သို့သွားလေမြောက်၊ ရောက်လေပြီးသော်၊ လျောင်းတော်ဦးမြောက်၊ ပျော်လောက်သာယာ၊ ကန္တားမှာနိုက်၊ မကွာမကွေ၊ နေနှင့်လေ၏၊ သံမြေချီးငေါ်၊ အိမ်တော်တက်စာ၊ မင်္ဂလာကို၊ အရာသင့်လျော်၊ အမိန့်တော်ရေး၊ မနှေးလျှင်လျား၊ ဆောင်ယူသွား၍၊ ကန္တားတွင်းမှာ၊ ဗိသုကာအား၊ အပ်ပေငြား၏၊ ကိုးပါးစီပေါ်၊ ရွှေနန်းတော်ဝယ်၊ ဆော်လျော်ယောင်းသဲ၊ လက်ဝဲမာရဘင်၊ တံခါးပြင်ပါး၊ တောင်ကန္တားမှာ၊ များများမခွါ၊ ရှစ်တောင်ကွာဝယ်၊ ရွှေကာလျှပ်နှိုင်း၊ ရွှေဒိုင်းကာဝင်း၊ ခင်းသည်မှစ၊ များလှစဥ်ရှည်၊ ဂူစဥ်သည်ကား၊ ထူးလည်သီးစီး၊

www.burmeseclassic.com

www.burmeseclassic.com



ပြော့ကြီးရာထူး၊ စမြောင်မှူးအား၊ ပေးပြောင်း၍သို့၊ မှာစာတို့ကို၊ နှစ်လို့ဝမ်းသာ၊ ကြည်စကာလျှင်၊ သိသာလေပြီ၊ လိုင်ညီဘုန်းပန်း၊ ငုံအာရှန်းသည်၊ ရွှေနန်းပွင့်လျှာ၊ ဥပရာကား၊ နေဝါခပ်မြင့်၊ ခါတော်သင့်သော်၊ တင့်သည်နတ်သွင်၊ တန့်ဆာဆင်လျက်၊ နောက်တွင်တရွေ၊ ကွမ်းရေတော်ကိုင်၊ ကြောင်းဆိုင်သင့်လှ၊ ရညမန္တ၊ မည်ရတွင်မှတ်၊ အမတ်နေသင့်၊ ရာမြင့်ရှည်လွန်၊ တွင်းဝန်ရဲကာ၊ အတူပါလျက်၊ ရတနာဘုံကျော်၊ မြေးတိုက်တော်က၊ သက်လှာကြွသည်။ ။**ထွန်းပသရေဝင်းဝှန့်တည်း။** ။

၃၀၂။ **သက်ကြွလှာ၍**၊ သိင်္ဂါရောင်လင်း၊ ဝေါတော်ရင်းသို့၊ တက်ကာင်းပြိုင်တူ၊ ရောက်တော်မူသော်၊ ဇမ္ဗူ့စိုးရ၊ မွေးချစ်ဘနှင့်၊ နန်းမစိုးချာ၊ မိမြတ်စွာတို့၊ ရှိရာညွတ်ခ၊ ရှိဦးချပြီး၊ ရွှေဝေါစီးလျက်၊ ညီးညီးထွန်းပ၊ ထွက်လှာကြသော်၊ သာလှလွန်မင်း၊ အိမ်တော်တွင်းသို့၊ ပြိုင်ကင်းမထင်၊ ရောက်လေဝင်၍၊ သဘင်သာတူး၊ လျောင်းတော်ဦးရွှေ၊ ချောမြေစီရင်၊ ဝေါတော်တင်ထက်၊ နှန်းအင်မမြော်၊ ခါတော်ငုံထွေ၊ ဝေါနှင့်နေ၏၊ ဆောင်လေသာမြောက်၊ တံခါးပေါက်က၊ တယောက်တည်းသာ၊ ပုဏ္ဏားလာ၍၊ မြတ်ခါတော်ညီ၊ ပြည့်စုံပြီဟု၊ မြွက်ချီကျူးမြောက်၊ လျှောက်ခြင်းလက်ယာ၊ လှည့်စဉ်ခါဝယ်၊ ဗိသုကာဂုဏ်ငံ၊ သံတော်ခံတို့၊ ရည်သံစူးစူး၊ လျောင်းဦးတော်ဆောင်၊ လှေကားတောင်သို့၊ ရောက်အောင်အသင့်၊ ပြောင်းနေနှင့်၏၊ နန်းပွင့်မည့်လျှာ၊ လှည့်လက်ယာဖြင့်၊ အသာရွှေစက်၊ ဝေါကသက်၍၊ သဲညက်ဖြူခင်း၊ လှေကားရင်းသို့၊ ဝင်းဝင်းရွှေလှော်၊ ပူဇော်ပွဲစင်၊ ရှိရာခွင်သို့၊ သာရှင်ကြည်ဖြူ၊ ချဉ်းတော်မူ၍၊ သုံးဆူမြတ်စွာ၊ ရတနာအား၊ သဒ္ဓါကော်ရော်၊ ပူဇော်ညွတ်ခ၊ စဉ်ခဏဝယ်၊ စိတ္တရကဝေ၊ ခေါ်ထွေမည်သာ၊ ဗိသုကာမှာ၊ စာကိုလွယ်ကူ၊ သံခံယူ၍၊ ညွန့်လူမင်္ဂလာ၊ ထန်းရွက်စာကို၊ သံဝါကျူးမြှောက်၊ ဘတ်လျှောက်ပြီးလျှင်၊ ထွတ်တင်နန်းဆက်၊ အိမ်တော်ထက်သို့၊ တက်ရောက်ပြီးသော်၊ နေ့ဇက်တော်ကပါ၊ မင်္ဂလာမြင်းကျော်၊ ဆင်ခတော်သေနတ်၊ ပြောင်ပတ်လျှပ်နှိုင်း၊ ရွှေဒိုင်းရွှေဓား၊ များမြောင်စွာစကို၊ ဆိုသချာခဲ့လှော်၊ ဝင်းတော်တံခါး၊ လှစ်ဘွင့်ရှား၍၊ မပြားအုပ်တွေ၊ ဝင်စေမကြွင်း၊ ချခင်းကျင်းသည်၊ ။**မြရင်းပုံကမလွှန်တည်း။** ။



၃၀၃။ **အိမ်တော်တက်၍**၊ ငြိမ်သက်သာယာ၊ အတန်ကြာလျှင်၊ အရာအထူး၊ ပြော့ကြီးမှူးသည်၊ လျောင်းဦးသို့တက်၊ စဉ်ဆက်မှန်းထား၊ မင်းသားမြတ်နွယ်၊ ငါးသွယ်နေရာ၊ လျော်စွာတပ်မှတ်၊ နေရာလွတ်အလျောက်၊ နှီးခေါက်နေရာ၊ အဖြာဖြာကို၊ မကြာလျှင်ပြင်း၊ ခင်းစေပြီးမှ၊ ရုံးကနေပြား၊ ပုဏ္ဏားမင်းသား၊ အခြားမြင်းမှူး၊ ရာထူးမှူးမတ်၊ တလတ်နှီးဇာခေါက်၊ အလျောက်အပတ်၊ နေရာလွတ်နေ၊ တထွေထူးဆန်း၊ ရှမ်းယွန်းသံဆင့်၊ နိမ့်မြင့်ရာနေ၊ အထွေထွေကို၊ ခေါ်ချေကော၊ မိန့်ဟာလျှင်ဆော့၊ ပြော့ကြီးမှူးမှု၊ ကုရုမှတ်ဘဲး၊ လက်ဝဲးတော်က၊ သာလှပျံ့ပျူး၊ နှီးခေါက်ဦးဝယ်၊ တထူးသည့်တောင်၊ စမြောင်းမှူးနှင့်၊ ယွန်းသံဆင့်မှာ၊ လက်ယာတော်က၊ ထိုင်နေကြ၍၊ ခဏနေပြီး၊ ပြော့ကြီးရာထူး၊ စမြောင်မှူးအား၊ တံခါးဝမှာ၊ မြောက်လေသာက၊ ခေါ်လှာချဉ်းပြား၊ ရွှေဖလားနှင့်၊ ရွှေသားကွမ်းရွက်၊ လက်ဘက်ထူးလည်၊ ပရိတ်ချည်ကို၊ ပေးသည်ပြစ်ပြေ၊ ဝေသည်စေ့ငါ၊ ထိုပသွယ်သွယ်၊ နေရာဝယ်နှိုက်၊ ဆိုဘွယ်မိန့်ရေး၊ မပေးနေထောက်၊ ထို့နောက်တရက်၊ နတ်ထက်သီးခြား၊ မင်းသားကစ၊ များလှ ရေသော်၊ ဘုန်းတော်ကြီးလှ၊ ဘုရင့်ကျွန်တော်၊ မျိုးဘော်အားလုံး၊ ရှိကုံးဝန်းရွက်၊ အိမ်ထက် လက်ဆောင်၊ များမြောင် တွေလည်၊ ဆက်ရသည်နှင့်၊ တတည်တထောက်၊ ထို့နောက်တနေ့၊ အိမ်ရှေ့ဘုရား၊ ကျွန်တော်မျိုးတို့၊ ညွတ်ကျိုးထိပ်ခေါင်၊ လက်ဆောင် ဖြူးစည်၊ ဆက်ရသည်၏၊ ထွေလည်စေ့စုံ၊ လုံးခြုံရွှေဆို၊ ခြင်းရာကိုကား၊ သံချီကျူးရင်၊ ရှေးယခင်နှိုက်၊ ကျယ်တွင်သီးသီး၊ ဆိုခဲ့ပြီးသည်၊ တမ်းကြီးမှတ်စာ၊ ထိုကဗျာကို၊ လွယ်ကာမှီလျောက်၊ အစဉ်ထောက်၍၊ ထက်အောက်လိုရာ၊ သိမြင်သာပြီ၊ နောင်လာရှည်လျှား၊ အမျိုးသားတို့၊ မှတ်သားကြပါ၊ စာတမ်းမှာသည်၊ သူဇာမည်မှန်း၊ ရှန်းရှန်းဖပ်ပျို၊ မောက်မိုဆန်းပြား၊ ကြီးမားဖြိုးလွှ၊ ပျိုယဉ်မြွေကား၊ ဤရွှေလုံးခြုံ၊ အစုံအလင်၊ ပြီးအောင်မြင်သည်။ ။**မပင်မပူမပန်တည်း။** ။

---

## နိဂုံး

၃၀၄။ **အဖန်ဖန်လျှင်**၊ ဘုန်းဖွန့်မဖြူး၊ ရှင့်ကျေးဇူးကို၊ ချီးကျူးဆိုဘွယ်၊ ဆန်းတကြယ်လျှင်၊ သွယ်သွယ်သစ်သစ်၊ ရောက်သည်ဖြစ်၍၊



www.burmeseclassic.com

www.burmeseclassic.com



ခွေရစ်ကြိုးနှယ်၊ ဝမ်းဝယ်မထား၊ ဟုတ်စကားဇဖြင့်၊ ဖြစ်လားထိုထို၊ စီကုံးဆိုပိမ့်၊ သံချိုပျံ့ကြည်၊ ထူးတလည်လျှင်၊ ယင်းသည် သူဇာ၊ ပျို့ကဗျာတွင်၊ ဦးစွာအစ၊ နိဒါန်းကလည်း၊ တည်ပချီးမြွက်၊ ပြောစလောက်၍၊ ရွှေမှောက်ဘုန်းပေါ်၊ ကျေးဇူးတော်ကို၊ ချီးငေါ်တိုင်းရှဲ့၊ ဆိုစခဲ့ပြီး၊ ယဉ်နွဲ့ကဗျာ၊ ယင်းသည့်စာကို၊ ချိုသာသံညင်း၊ ဆိုစဉ်တွင်းဝယ်၊ သုံးကွင်းလူထွတ်၊တင့်ရာမှတ်သည်၊သိဒ္ဓတ်ကုမာ၊တောထွက်ခါဝယ်၊ ဗိမ္ဗာသည်းရင်း၊ တမ်းယမ်း ချင်းနှင့်၊ မကင်းတတန်၊ ဆန္ဒပြန်၍၊ ဟေမန့်ဖြစ်ကြောင်း၊ သည့်နှောင်းရှင်ချစ်၊ ဘုရားဖြစ်၍၊ပြန်နစ်ပြည်သာ၊ ဝင်ခြင်းရာကို၊ ကဗျာယဉ်ကျူး၊ စီတည့်ဦးဟု၊ ဘုန်းမြူးရောင်ဝါ၊ ထိန်ထိန်ဖြာသည်၊ ရာဇာမျှော်းဘာ၊ ဗျာဒိတ်ဟာ၍၊ ကာလလည်းမှီ၊ ကျမ်းလည်းညီလျက်၊ နာဒီဘွယ်မှု၊ နုလည်းနုရွှင်၊လေးဖင်ချိကျော်၊ ယသော်တမ်းချင်း၊ သာညင်းချိုလွန်၊ ဆေန်ပြန်နှင့်၊ တတန်မည်ပင်၊ ပြည်တော်ဝင်ဟု၊စီရင်ဖန်ဆောင်၊ပျို့သုံးဆောင်ကို၊ကုံးမြောင်လွယ်ကာ၊ မကြာလျှင်လျှား၊ လေးငါးရက်ပ၊ ဒရေးဆက်ရ၏၊ သာလှဆန်းကြယ်၊ ထိုပျို့ဝယ်လည်း၊ သွယ်သွယ်ထူးထူး၊ ရှင့်ကျေးဇူးကို၊ ကျူးကျူးချီးချီး၊ ဆိုပြီးမကြာ၊ ယခုခါဝယ်၊ အံ့ရာမြွက်ဖေါ်၊ ဆိုရေးပေါ်သည်။ ။**ချီးငေါ်ထူးထူးဆန်းဆန်းတည်း။** ။

၃၀၅။ **မကြာမကြာ၊** ဆက်ကာသာလျှင်၊ ထိပ်ချာ ဘုန်းမော်၊ ကျေးဇူးတော်ကို၊ ချီးငေါ်ပျံ့ကြည်၊ ဆိုရေးသည်ကား၊ ချစ်သည်လူပေါင်း၊ အိမ့်ဖျင်ဟောင်းလည်း၊ လှဲ့ပြောင်းရွှေကာ၊ ခန္ဓာတည်မှဲ့၊ ဖြစ်ခဲ့ နောက်ဝယ်၊ တယောက် တည်းသာ၊ ချုပ်ချာ ထင်ပေါ်၊ အမှုတော်ကို၊ သွေချော် မကွက်၊ ထမ်းဆောင် ရွက်၍၊ မြဲချက်မှာပင်၊ နေ့ဝင်ညဝင်၊ ဖင်ဖင်မူးမော်၊ခေါ်တော်ခေါ်တော်၊ ချိန်လျော်မှဲ့သွေ၊ ညနေနံနက်၊ ညဉ့်နက်သန်းကောင်၊ တိုင်အောင်ကြာစောက်၊ မရောက်အိမ်ရာ၊ ရှိသောခါဝယ်၊ ထိပ်ချာထားတင်၊ ကျေးဇူးရှင်ကား၊ ကြည်လင်မေတ္တာ၊ ဝါစာပေယျ၊ သင်္ဂဟကို၊ နေ့ညမဓေ့၊ ဆောင်မြဲလေ့ဖြင့်၊ ချမ်းခမြှသာလှ၊ ရွှေဒွန်းဟ၍၊ဆရာ့အိမ်ဝယ်၊ အလွယ်ဟည်းလည်း၊ သိမ်းဆည်းမည့်သူ၊ ကိုယ်တူမရှိ၊ ဖြစ်ဘိသောအား၊ မပျောက်လျားခဲ့၊ မယားမညီ၊ နိမ့်ဒီလှာကြ၊ ညည့်မလှ၍၊ ဆိုထစဉ်လျား၊ လူ့စကားလည်း၊ မမှားမသွေ၊ မှန်ပချေဟု၊ တူနေပေါင်းရှက်၊ ငါစိုဘက်



မူ၊ ငဲ့ကွက်မခွါ၊ နားထောင်ပါဟု၊ သာယာဖြားဖြား၊ သားကိုမိဘ၊ ဆုံးမတိုက်တွန်း၊ အိမ်ထောင်ညွန်းသို့၊ ရွှေဒွန်းပျံ့ကြည်၊ ဗျာဒိတ်ရည်ကို၊ ကြားသည်မှစ၊ ရက်လမျှားမြောင်၊ ခုတိုင်အောင်ပင်၊ သည်းခေါင်ဆွတ်လွတ်၊ ချစ်မြတ်ကြီးအင်၊ သည်အရှင်သို့၊ တူပင်မျှရာ၊ ကမ္ဘာဘာတိ၊ သချာသချေ၊ ကပ်လွန်လေလည်း၊ တွေ့ချေဘယ်မှာ၊ ကြုံကြိုက်ပါလိမ့်၊ နိုင်းရာမရ၊ အဘသခင်၊ ကျေးဇူးရှင်ဟု၊ မြော်တင်မိုးဖျား၊ ပြောစားသံချို၊ ဆိုလည်းဆိုမြွက်၊ ရှိလက်ထိပ်ပြင်၊ မတင်ဘူးမိ၊ မည်မရှိသည်။ ။**ပီတိရွှင်ပျော်လန်းလန်းတည်း။** ။

၃၀၆။ **အဘိုးဝန်ထောက်၊** ဂုဏ်မြောက်ပြစ်မြေ၊ စနည်းနေ၍၊ ဆုစေထန်ရှား၊ရွှေကြုပ်စား၏၊ မတ်ဖျားမှူးခေါင်၊ ကုန်အောင်ထားတည်၊ မြောက်မည်ရည်ပင်၊ မရှည်ကာလ၊ အသက်လျှခဲ့၊ ဘကြီးတို့တူ၊ ဇမ္ဗူရောင်ချိပ်၊ ရွှေနန်းရိပ်ဝယ်၊ နိုအိပ်မြိုးရ၊ ရာကျအသင့်၊ လင်းပွင့်ချမ်းသာ၊နေရာစနည်း၊ ကျော်သည်းဝန်စု၊ များထုစီးပွါး၊ ရွှေကြမ်းစားသည်၊ သက်မျှားမကြွယ်၊ ၊ရွှေ့ပြောင်းလွယ်သော်၊ ကြီးဝယ်ရာဌာန်၊ ကောင်းဘို့ကျန်၍၊ ယုပြန်မရ၊ ရှုတနမိ၊ နုမြောရှိ၏၊ မိလည်းမျိုးနွယ်၊ စင်ကြယ်သန့်လှ၊ ဘရား့ဘိုးတော်၊ ဘုန်းကျော်ထွတ်မြင့်၊ ရှင်ပင့်ချီတော်၊ မတ်ကတော်ဟု၊ ခေါ်ဝေါ်ရလျက်၊ ဆောင်ရွက်နေရာ၊ ကျေးရွာဆင့်ပြောင်း၊ စဉ်တိုင်းကောင်း၏၊ မြတ်လောင်းမှန်လှ၊ ဘုရား့လက်ထက်၊ကျိုင်းရွှေချက်နှင့်၊ ကွမ်းခွက်လောင်းထောင့်၊ မနှောင့်သမ်းညှိုး၊ မိုးကြိုးလွှေးအင်၊ ရောင်ထင်တောက်ပ၊ မုတ်လှကန္နား၊ ဆန်းမြားလုပ်ဆောင်၊ ပြောင်ပြောင်ထိတ်ထိတ်၊ ခြင်ပိတ်အထွတ်၊ ပြောင်ပတ်ရွှေပြည့်၊ ထွန်းစည့်ရောင်သွယ်၊ အုံးရွှေချယ်နှင့်၊ တင့်တယ်ပသ၊ဆောင်ရွက်ရ၏၊ သင့်လှသည်သာ၊ သို့ကြောင်းခြာကို၊ ထောက်ညာမြော်ခေါ်၊ တို့ထိပ်ပေါ်သည်။ ။**ညဏ်တော်ကျယ်ကျယ်ဝန်းဝန်းတည်း။** ။

၃၀၇။ **အယုတ်အလတ်၊** အမြတ်မည်ခေါ်၊ ကျွန်တော်မျိုးချည်း၊ ပည်းမျှတွက်ရေ၊ အတွေ့တွေ့ကို၊ အစေအပါ၊ ၊အသာအချီ၊ အဆိုအမေး၊ အပေးအကမ်း၊ ရောင်ပြွမ်းရှုံးခွါ၊ ၊အရာရာပင်၊မကွာမလွတ်၊ မြဲမှတ်ထဲးမိုက်၊ အထိုက်အတော်၊ အလျော်အသင့်၊ တော်ချင့်မလွေ့၊ ပြုကတေ့နှင့်၊ လွေ့လွေ့မေတ္တာ၊ သန္တါတော်မူ၊ ကြည်ဖြူမြတ်စိတ်၊ ဗျာ

www.burmeseclassic.com

www.burmeseclassic.com



ဒိတ်တော်တိုင်း၊ တုံးပိုင်းမှန်အောင်၊အိမ်ထောင်ဘက်ချည်၊ စုံဘူးသည်ကား၊ တည်တည်ပပ၊ ပြောလောက်လှ၏၊ အဘမဟာ၊ သေနာပတိ၊ ခေါင်ထိမတ်ကြီး၊ ညီးညီးဆောင်ရွက်၊ ကျိုင်းရွှေချက်နှင့်၊ ကွမ်းခွက်ရှစ်ထောင့်၊ အမြောက်ဘင့်နိုး၊ လက်ဘက်အိုးလည်း၊ ရောင်ဖြိုးလျှံဘိတ်၊ တကောင်းပိတ်မူ၊ ထိတ်ထိတ်ဝင်းဝင်း၊ ပယင်းတစ်စီ၊ သိင်္ဂီရောင်ဆင်း၊ သံချင်းတလဲး၊ ရဲရဲရောင်ဖြိုး၊ မိုးကြိုးထွေးအင်၊ မျက်ရှင်စီချယ်၊ စလွယ်ဘီးစည်၊ ကြိုးအမည်နှင့်၊ တူးလည်တင့်နိုး၊ မြင်းကြိုးကြယ်တာ်၊ လျှပ်လျှပ်ရောင်တောက်၊ ခမောက်ရွှေပေ၊ လျှံဝေကွမ်းလိပ်၊ ရွှေထိပ်ရွှေကုံး၊ တင့်ဆုံးသွယ်ဆိုင်း၊ သင်တိုင်းသရပတ်၊ လှေမှတ်ရွှေမြည့်၊ မှည့်မှည့်ရောင်မောင်း၊ ပေါင်းလေးမျက်နှာ၊ သင်းကျစ်ပါနှင့်၊ ဆိုင်ရာပည်းဖြင့်၊ ဆင်လည်းပေါက်မ၊ က လည်းပေါင်းဝန်း၊ ဆန်းပတ္တမြား၊ ဝါးသဏ္ဍာဒါန်၊ မျက်ပြွန်မုဒရက်၊ ရွှေဆောင်လျက်လျှင်၊ တဘက်တံဒါး၊ ဘွင့်ရရှား၏၊ ခမ်းနားပုံဖြိုး၊ ဘုန်းကြီးသက်ရှည်၊ ချမ်းသာစည်သည်။ ။**မြူခြည်တင်ပြစ်ကျွန်းကျွန်းတည်း။** ။

၃၀၈။ **အမိသော်လည်း၊** ကတော်ခေါင်တွင်၊ လွှံပေါ်ထင်လျက်၊ ထွေးအင်မိုးကြိုး၊ လက်ဘက်အိုးက၊ ရောင်ဖြိုးလျှံဘိတ်၊ တကောင်းပိတ်လည်း၊ ထိက်ထိတ်လက်လက်၊ ကွမ်းခွက်ရှစ်ထောင့်၊ အမြောင့်ခြားနား၊ လှုပ်ဆန်းပြား၏၊ ကန္တားမုတ်လှ၊ ကြိုးကြွငုတ်တက်၊ ထုလုပ်ခက်သည်၊ အခွက်ကုန်အောင်၊ စိန်တောင်ခြင်ပိတ်၊ လျှံထိတ်ပြောင်ပတ်၊ အထွတ်ထွန်းစည်၊ ပန်းတည်နိတုံ၊ အအုံရွှေရေး၊ ရောင်ပြေးလျှံဝေ၊ ကျိုင်းခွက်ရွှေနှင့်၊ သရေထွန်းတောက်၊ ပြောစလောက်၏၊ တူပေါက်အနည်း၊ မောင်လည်းဝန်ကြီး၊ ညီးညီးလက်လက်၊ ကြီးဆောင်ရွက်နှင့်၊ မစက်ဒေါသ၊ စုံညီလှ၏၊ အဘကောင်းသွေး၊ ပြစ်သေးမနှောင်း၊ မိကောင်းသခ်ီး၊ ညီးညီးဆင်းရောင်၊ မောင်ကောင်းနှမ၊ ပျိုငယ်ကမူ၊ မိဘမျိုးရိုး။ တန်းခိုးဥစ္စာ၊အရာခွင့်တူ၊ညီညွတ်သူနှင့်၊ ကြည်ဖြူစကြ၊ မိဘသားချင်း၊စိုးမင်းအရှင်၊ သိထင်လျှောက်ထား၊ ခမ်းနားကြီးကျယ်၊ တင့်တယ်လူရေး၊ အိမ်ထောင်ပေး၏၊ မလေးမြင့်မီ၊ ဘုန်းမညီ၍၊ ရှုအီမဲ့လျှင်း၊ အိမ်ထောင်ရှင်းသော်၊ သီတင်းဥပုသ်၊ ကိုယ်နှုတ်စိတ်ညီ၊ ပဉ္စသီနှင့်၊စုံညီဒါန၊ ဆည်းလုံလလျက်၊ ဘကိုဘုရား၊ မိကားဖြဟ္မာ၊ လွန်စွာညွတ်ရှိ၊ မောင်ကိုနတ်သွင်၊



မှတ်စွဲးထင်လျက်၊ လေးဖင်သိပ်သည်း၊ စောင့်စည်းတည်ကြည်၊ မလည်မလော်၊ မပေါ်မလွင်၊ ကြောင်းမြင်ကျိုးသိ၊ သတိမကင်း၊ အဆင်းအဝါ၊ ကောင်းအင်္ဂါနှင့်၊ ပျော်စွာလှပေ၊ ကျင့်မသွေသည်။ ။**စိတ်နေခိုင်ခိုင်ကျွန်းကျွန်းတည်း။** ။

၃၀၉။ **သူကောင်းမူနည်း၊** မည်သည်မယွင်း၊ ရောင်ဆင်းရှပ်သွင်၊ စုံအင်ညီလှ၊ အာစာရနှင့်၊ မိဘမျိုးပုံ၊ ကျူနှယ်ရှုံလျက်၊ မြည့်စုံဖြိုးစည်၊ နှစ်များရှည်၍၊ မွေးသည်အမိ၊ စုတိခန္ဓာ၊ လွဲးခဲ့ခွါသည်၊ သေနာပတိ၊ ရည်ရှိတွင်ကျယ်၊ မောင်အငယ်နှင့်၊ ကုံကြွယ်ဥစ္စာ၊ ဘဏ္ဍာရွှေငွေ၊ များကျွန်မြေကို၊ ခွဲးဝေမဆို၊ အလိုနည်းကြ၊ ရှုဒါနနှင့်၊ အိမ်မမြောက်ယောင်၊ နှစ်ဆောင်ရဝေ၊ နေမြဲးနေသော်၊ တွက်ရေနည်းလှ၊ သုံးလေးလပ၊ မာသများဖြင့်၊ မကြာခင်ပင်၊ လွန်းကြင်မောင်လှ၊ ဘဝမမြဲး၊ လဲးခဲ့ဘိ၍၊ ငွေ့ငွေ့မောမျှ၊ ပူပြင်းပြလျက်၊ ဘကိုချစ်ဝမ်း၊ လွှမ်းစကျန်ရှိ၊ မိကိုလွမ်းပူ၊ ရှိန်လူမည့်၊ မနံ့မှုးမှောင်၊ မောင်ကိုလွမ်းမိ၊ လောင်ချိပြင်းပြ၊ ရှုတသွေပြား၊ ရှိက်တိမ်းပါးလျက်၊ အိပ်စားမတည်၊ မျက်ရည်သွယ်ဖြိုင်၊ ဆည်နိုင်မဲ့လျှင်း၊ ရှိစဉ်တွင်းဝယ်၊ မင်းမင်းထိပ်ဦး၊ ကျေးဇူးကြီးကျော်၊ တို့ထိပ်ပေါ်ကား၊ စိတ်တော်ညံ့နူး၊ တို့နှစ်ဦးအား၊ အတူးချစ်ကြည်၊ သနားသည်ကို၊ ရွှေတည်စွဲးမှန်၊ စိတ်တော်ရန်၍၊ မောင်လွန်ရာမှာ၊ မွေဥစ္စာသည်၊ အညာထက်မြင့်၊ မဆန်သင့်ဟု၊ လင်းပွင့်ဆတ်ဆတ်၊ ခံမှုသတ်အမှာ၊ ပါသည်နှင့်ညီ၊ ဖြိုးသည်တိုင်းရှ၊ သက်မဲ့သက်ရှိ၊ အကျိုးများမြောင်၊ မောင်ရထိုက်စွာ၊ မွေဥစ္စာကို၊ မင်းရာသို့ချည်း၊ လှည်းနှင့်တိုက်၍၊ သိုက်သိုက်စုံပေါင်း၊ သိမ်းယူကောင်းလျက်၊ ပွင့်လောင်းဘုန်းလျှံ၊ အလုံးစုံကို၊ စုံပုံလွှယ်လှ၊ ပေးဖြီးမှလျှင်၊ ဘယကျော်သူ၊ ဟူသည်မည်သာ၊ မတ်ကြီးစွာနှင့်၊ အိမ်ရာဘက်ချည်၊ ပေးစားမည်ဟု၊ နှုတ်ခြည်ချိုလှ၊ ဗျာဒိတ်ဟာသည်။ ။**မွေးပျကြိုင်ကြိုင် မွှန်းမွှန်းတည်း။** ။

၃၁၀။ **ရွှေခွန်းတံဆိပ်၊** မိန့်တော်ရိပ်ကို၊ ဦးထိပ်ဇွေချက်၊ မရွက်လှည့်ကျင်၊ မရှင်ဗျာပါ၊ မခွါငံ့ရက်၊ လိုက်ပွက်အူချာ၊ ရှိစဉ်ခါဝယ်၊ ရာဇာများရှင်၊ ထွတ်တင်ရွှေမှောက်၊ ကိုယ်တော်လျှောက်သား၊ ရက်ထောက်မဝေး၊ တံခါးရွှေးမှ၊ မနေးလျှင်ထန်၊ နက်ဖြန်ညပင်၊ တွင်းသို့ဝင်ဟု၊ ကြည်လင်စိတ်ဖြူ၊ ခေါ်တော်မူ၍၊ အတူဘွားပေါက်၊ မောင်သွန်

www.burmeseclassic.com

www.burmeseclassic.com



နောက်သည်၊ ရက်လည်နှစ်ခါ၊ မျှကျူးကာပင်၊ သိင်္ဂါရောင်ဝင်း၊ ရွှေနန်းတွင်းတို့၊ စက်ရင်းထံနီး၊ဝင်ရပြီးမှ၊ သီးသီးခန့်ထား၊ ပုဏ္ဏားမှူးမတ်၊အမြတ်ရည်မှန်း၊ရွှေနန်းတော်သူ၊ များလူအုပ်တွေ၊ဝန်းရံစေလျက်၊ စံရွှေပြိုးပြက်၊ ကွမ်းခွက်ပြောင်ထိပ်၊ တကောင်းပိတ်နှင့်၊ ဘိတ်ဘိတ်ရောင်ထင်၊ ထွေးအင်ဆောင်ရွက်၊ အုတ်အုတ်ကျက်မျှ၊ ထွက်လှာရ၍၊ ကျင်းပစဉ်လျှား၊ စုံဖမ်းနားဖြင့်၊ ထိမ်းမြားတော်မူ၊ ညွန့်လူမျိုးကောင်း၊ ကျော်ထိန့်သောင်း၏၊ စုံပေါင်းမင်္ဂလာ၊ ထိုရောခါဝယ်၊ အရာကြီးမြင့်၊ အခွင့်ပျော်စွာ၊ ကျွန်ုပ်မှာလည်း၊ ထွတ်ချာမင်းကျော်၊ ရှင့်ဘုန်းတော်ကို၊ သာဖျော်ဖွေ့စုံ၊ နေ့တိုင်းလှုံ၍၊ ကုံလုံလောက်ဖြင်၊ ရှိရာတွင်ကို၊ အိမ့်ရှင်ဥစ္စာ၊ လောင်းပြန်လှာ၍၊ ပမာပုံဆ၊ အဟန်ပြသော်၊ ရှေးကသောခါ၊ ဝိသာခါသည်၊ မိဂါရအိမ်၊ ရိပ်ငြိမ်ရံထင်၊ ပြောင်းဝင်နေသို့၊ တွက်ရေမလွယ်၊ များကြွယ်ကုံလောက်၊ အိမ့်အောက်အိမ့်ထက်၊ အဆက်အကူး၊ အိမ်ဦးတပျင်း၊ ဝဲလင်းရိပ်ကြီး၊ ဆောင်သီးအိမ်မ၊ လပ်ရမမြင်၊ စင်လည်းဆင့်ဆင့်၊ မြင့်ပြန်ထုတ်ဆီ၊ မဒ္ဒီလက်လှမ်း၊ သင်းအောကြမ်းလည်း၊ ပြည့်မွမ်းဘဏ္ဍာ၊ ထားရာမဲ့ဘူး၊ အထူးဖြိုးမျှ၊ များလှကျွန်ခြေ၊ အိမ်နေစရာ၊ မြေတာမလပ်၊ ချုပ်ကိုင်ကြပ်သည်။ ။**အရပ်ချနေမသာတည်း။** ။

၃၁၁။ **စုံဘက်တော်မူ**၊ အတူတကွ၊ ပေါင်းနေရသော်၊ နေကြစိတ်ရှိ၊ အမိတခါ၊ ပေါ်ပြန်လှာသို့၊ မေတ္တာခွေရစ်၊ ရှိသေချစ်၏၊ မညစ်မညူး၊ လွန်ကျူးကြည်ဖြူ၊ လူလည်းချစ်နေ၊ ရှိသေတုပ်ကွ မယာ့အပြား၊ ခုနှစ်ပါးတွင်၊ မြတ်ဖျားထားသည်၊ ဒါသီမည်ဟု၊ ဆောက်တည်သဖြင့်၊ ကောင်းကျင့်မြတ်မှတ်၊ လင်နှိုက်ဝတ်လည်း၊ မချွတ်ရထွေ၊ ကုံလှပေစွ၊ ဘုန်းနေပမြူး၊ ရှင့်ကျေးဇူးသည်၊ ချီးကျူးဆင့်ဆင့်၊ မိုးရှိမြင့်၏၊ သို့နှင့်မကြာ၊ ထပ်ဆင့်ကာပင်၊ ဆရာတို့သည်၊ မည်မည်မဟုတ်၊ မယုတ်မကျ၊ ကြီးမချုပ်ချာ၊ စီရင်ရာနှင့်၊ ဝင်းဝါဆောင်ယောင်၊ ပြောင်ပြောင်ညီးညီး၊ မှူးကြီးမတ်ရာ၊ ဗှန့်ဝါသရေ၊ တော်နေဖြစ်သည်၊ သည်အမည်နှင့်၊ မလျော်သင့်ဘူး၊ တော်သင့်အောင်သည်၊ မှည့်ဆင့်မည်ဟု၊ ထူးလည်ထင်ပေါ်၊ [အေးတော်လက်ထက်၊ နန်းမညာတင်၊] အရှင်မိဖုရား၊ ထွက်ထားသည့်မောင်၊ ဆောင်ယောင်ကြီးစွာ၊ တယောက်သာလျှင်၊ အရာခြားလှ၊ ခယဘူးသည်၊ ကြီးမည်ပျို့ရှင်၊ မင်းကျော်ထင်ဟု၊ မြန်ခွင်



တလွှား၊ ကျော်ကြားပတ်လည်၊ ရွှေဘွဲ့မည်ကို၊ ရောင်ခြည်ပက်ဖျန်း၊ လေးကျွန်းထိပ်မိုး၊ ကျော်ဟိုးပေါက်ပြ၊ လောကထိပ်မိုး၊ တန်းခိုးဘုန်းလျှံ၊နှစ်ဆူထွန်းပေါ်၊စေတီတော်ကို၊မျက်ဖျော်စီဆင်၊ရွှေထီးတင်၍၊ကြည်လင်စိတ်ပျော်၊ သာခုခေါ်မှ၊ ထွက်တော်မူသော်၊ ပွဲတော်သဘင်၊ ယင်ပြင်ရွှေရင်း၊ ဝင်းတော်တွင်းဝယ်၊ ဝင်းဝင်းရောင်ခြည်၊ ရွှေဘွဲ့ချည်၍၊ မည်မှည့်တော်မူ၊ ဆန်းလတူသည်။ ။**လူလူရှန်းရှန်းဝေဆာတည်း။** ။

၃၁၂။ **သည့်နောက်မကြာ**၊ အရာထူးလှ၊ တွင်းဝန်မျှသာ၊မကလွှန်မင်း၊ အခင်းခင်းကို၊ အတွင်းတော်တွင်၊ ချုပ်စီရင်ဟု၊ မြောက်တင်ရာကျ၊ မြတ်ခွင်ရ၍၊ သည်ပဆက်ကာ၊ မကြာလျင်လှ၊ မြင်းရွှေကနှင့်၊ တကွရောထွေး၊ ရွှေရေးကတောင်၊ လှအောင်တသွယ်၊ဆေးစိမ်းချယ်၍၊ ရှိုးနွယ်ကြာပွင့်၊ နီရင့်တွတ်တွတ်၊ သက္ကလတ်တင်ရန်း၊စက်ရှန်းထူးပြား၊ ဓားမုဒရက်၊ အမျက်ရတနာ၊ စီမွာပတ္တမြား၊ သနားတော်မူ၊ လန်းလှူပသ၊ ဆောင်ရွက်ရ၏၊ ကာလချိန်တင့်၊ လှေ့ကျင့်စွမ်းအင်၊ စစ်ရေးဆင်၍၊ ပျော်ရွှင်တင့်တယ်၊ စံပယ်တချက်၊ နှိုင်းဘက်တမျှ၊ သိကြဲ့ဗိမာန်၊ ဝေယန်သဘင်၊ နန်းယင်ပြင်သို့၊ ရွှေစင်ရောင်တောက်၊ အနောက်သဘင်၊ နန်းယင်ပြင်ဝယ်၊ မြင်းဆင်လှည့်ကျ၊ စီးနင်းရသော်၊ လှသည်အဆင်း၊ အခြင်းကောင်းစွာ၊ မင်းနှင့်ရာသည်၊ ဗွေလာသန့်ရှင်း၊ စီးတော်မြင်းကို၊ မယွင်းထုံးပိုင်း၊ လှည့်တိုင်းအိမ်သို့၊ ပို့လှာရမှ၊ ကြီးကရွှေပါ၊ တန်ဆာစုံအင်၊ တင့်တယ်ဆင်မူ၊ ကိုယ်တွင်ခြုံသည်၊ ဝတ်လုံရွှေဖျင်၊ ဘိုးအင်ကြီးမြတ်၊ ဝန်းပတ်ထူးလည်၊ ရွှေချည်ဖြင့်ထိုး၊ ပုဆိုးဖောင်းထုပ်၊ တွန့်တုပ်နီစင်၊ ဝတ်စားဆင်လျက်၊ ကြီးအင်ရာခြား၊ မင်းသားမင်းမြေး၊ သင်းရွှေးခွဲးခြား၊ မှူးမတ်များနှင့်၊ သွတ်ထားထိပ်ပေါ်၊ ကိုယ်တော်တကွ၊ရှင်ပျတင့်တယ်၊ ပျော်ပါးဘွယ်လျှင်၊ တို့လှယ်လူးလာ၊ စီနင်းရာတွင်၊ ဘုရင်များမှူး၊ ဘုန်းမြူးရောင်လူ၊ မြင်တော်မူသော်၊ ကြည်ဖြူနှလုံး၊ ရယ်ပြုံးမေတ္တာ၊ ဆရာမြင်းကြီး၊ နားရှိုးကွပ်သည်၊ သတောင်းလည်ကို၊ ပိုးချည်သတ်တွန့်၊ ကွေ့ရှန့်ဘိကာ၊ ချုပ်ပါလော့ဟု၊ ချီနမွေးပျ၊ ရွှေခွန်းဟ၏၊ သည်ပမကြာ၊ သိင်္ဂါရောင်တောက်၊ ခမောက်ရွှေပေ၊ လှူဝေပသ၊ ဆောင်ရွက်ရ၏၊ ကြီးလှကျူးကျော်၊ ကျေးဇူးတော်ကြောင့်၊ ထိပ်ပေါ်မှာသား၊ ရွှေဘဝါးကို၊ တင်ထားမတတ်၊ ရှိညွှတ်သည်။ ။**မြဲးမှတ်စိတ်နေမှန်စွာတည်း။** ။

www.burmeseclassic.com

www.burmeseclassic.com



၃၁၃။ **သည်ပတတန်၊** ဆိုရေးကျန်ခဲ့၊ ကြီးလွန်အံ့ရာ၊ အကြောင်းမှာကား၊ နေရာသင့်လှ၊ တော်ထွေးကသည်၊ စဉ်ကျတော်ဦး၊ ကိုလွန်ကျူး၍၊ အသူးစီသန့်၊ နေရာချွန့်ဟု၊ တတန့်မှတ်သား၊ တမိုင်ခြား၍၊ ခစားစေဟူ၊ လန်းလူရွှင်မျှ၊ ဝါကျွတ်ကသည်၊ မာသစဉ်ဆက်၊ လကိုတွက်သော်၊ ခြောက်ချက်မကာ၊ **သတ္တအမှန်၊** လည်ပြန်စက်ကူး၊ နှစ်ကျူးကာမျှ၊ ကဆုန်လပင်၊ ရာကျအထူး၊ မြင်းမူးနေရာ၊ထို့နောက်မှာနှိုက်၊ လက်ယာကနေ၊ ခစားစေဟူ၊ ချတော်မူ၍၊ လူလူညွန့်ရှင်၊ ထမ်းစင်ခတ်လတ်၊ ပြောင်ပတ်အမျက်၊ ခေးသတ္တဒါနို၊ အလွန်ကျူးကျော်၊ သနားတော်ကို၊ ထင်ပေါ်ပေါက်မြ၊ ခံစားရ၏၊ မြတ်လှထူးပြား၊ ကျေးဇူးစားကို၊ ထင်ရှားပြင်လွယ်၊ ဘယ့်နှယ်ခံ့ခံ့၊ ဆပ်ရအံ့ဟု၊ ဆွတ်ပျံ့ရည်လှိုင်း၊ နေ့တိုင်းကြံကာ၊ မတတ်သာသော်၊ တရားအလျော်၊ သက်တော်မြင့်ရှည်၊ ဘုန်းတော်တည်၍၊ ကြံစည်ရာရာ၊ မကြာလျင်လျှား၊ အောင်စေသားဟု၊ ထိပ်ဖျားဆယ်ချောင်း၊ စုံကာပေါင်းလျက်၊ ဆုတောင်းမေတ္တာ၊ ပွါးသည်သာလျင်၊ ထိပ်ချာဘုန်းမော်၊ ကျေးဇူးတော်ကို၊ သင့်လျော်ဆပ်ရာ၊ မထောင်းတာဟု၊ စိတ်မှာယူဆ၊ ကောင်းမှတ်ရ၏၊ ဘဝသည်ဝယ်၊ ယခုနှယ်လျင်၊ များကြွယ်သံသာ၊ နောင်သောခါလည်း၊ မကွာဆင့်ဆင့်၊ ရှင်နှင့်ကျွန်သာ၊ ဆက်ကာကာလျင်၊ ဖြစ်ပါရကြောင်း၊ ကျွန်ုပ်တောင်းသည်။ **။ရည်ချောင်းမြိုးမြိုးသေချာတည်း။** ။

၃၁၄။ **ပျို့တော်သူဇာ၊** သည်ကဗျာကို၊ သာယာသံချို၊ စီကုံးဆို၍၊ မင်းပျိုရန်နင်း၊ အိမ်ရှေ့မင်းနှင့်၊ ထွန်းဝင်းကိုယ်ဝါ၊ မင်းသူဇာကို၊ မဟာဂိရိ၊ ထွန်းညီပြောင်ပတ်၊ ရွှေတောင်ထွတ်က၊ ပြာသာဒ်လျံညီး၊ ဝေါပျံစီး၍၊ တိမ်နီးအာကာ၊ ပြန်ခဲ့လာသော်၊ အောင်ချာဇေယျပူရကျော်ချောက်၊ ပြည်တော်ရောက်၍၊ ရွှေမှောက်မွေးဘ၊ ရာဇိန္ဒလျင်၊ အတုလဒေဝီ၊ သညီထင်ပေါ်၊ မယ်တော်တကွ၊ ဖူးကြတိုင်အောင်၊ ကုံးမြောင်ကျူးချီ၊ ကုံးစီပြီးသော်၊ ဘုန်းကြီးသည့်သူ၊ ဟူသည့်တို့ထက်၊ ထွတ်ထိပ်ချက်ကား၊ နှစ်သက်တော်မူ၊ မဟူနှစ်ထွေ၊ မှတ်မဲ့နေ၍၊ လနေများဖြင့်၊ နှစ်စင်မက၊ ကြာပြီးမှလျင်၊ နာမမည်သာ၊ ရတနာစု၊ ယဉ်နုဆင်းဝါ၊ ရတနာထိပ်ပန်း၊ မည်မှန်းသာလှ၊ မောင်နှမအား၊ ထိမ်းမြားပြီး၍၊ အိမ်ရှေ့နန်းရန်၊ နှင်းစဟန်ကို၊



မှန်ကန်စည်းလမ်း၊ စာတမ်းရှိတိုင်း၊ ထုံးပိုင်းလိုခြံ၊ ကုံအောင်ဆိုဆုံး၊ နိဂုံးနောက်အုပ်၊ ချုပ်ရမည်ဟူ၊ ဘုန်းလူရောင်ဇွန်၊ ဓိန္နဟပြန်၍၊ အလွန်ရှိညွှတ်၊ ဗျာဒိတ်မြွတ်ကို၊ ထိတ်ထွတ်တင်ကာ၊ စီကုံးပါသည်၊ သည်စာချီရွှန်း၊ နိဒါန်းစသည်၊ စဉ်ရှည်ပေါင်းရုံး၊ နိဂုံး ပြီးလစ်၊ သတ္တရာဇ်မှာ၊ ထောင်နှင့်ရာသုံး၊ သာအုံးမာသ၊ လကားကဆုန်၊ တိမ်မှုန်ကွိုင်းလျက်၊ ရှစ်ရက်ဆန်း၍၊ နေ့ကားစနေ၊ ထိန်ဝေထွန်းဝါ၊ နေတက်ခါဝယ်၊ လင်္ကာတန်ဆောင်၊ ပြီးစီး ထောင်သည်။ **။ကုန်အောင်ယဉ်နုကဗျာတည်း။** ။

## သူဇာပျို့ပြီး၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီစာအုပ်တိုက်
၃၅၄-ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့။

www.burmeseclassic.com